ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

# ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU1201

# ပညာရေးဘာသာ

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆–၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင်ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ ပါသည်။

မြန်မာနိုင်ငံပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးကောလိပ် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုး ညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆသဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန် အလှန်လှန် လေ့လာကြရမည်ဖြစ်သည်။ ထိုသို့ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည်ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင်ပညာရေးကောလိပ်သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြား သတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ်နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ်နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည်ဖြစ်သည်။ သို့မှသာ ပညာရေးကောလိပ်

ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆသဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သောအပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည်သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှု အခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာအသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကိုအသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီးချိန်တွင်လည်း ပညာရေးကောလိပ်ဘွဲ့ရ ကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ် မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ် ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များပါဝင်သော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ် တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှု ပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - UNESCO) ၏ 'မြန်မာနိုင်ငံလုပ်ငန်းခွင် အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်' မှ တစ်ဆင့်ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်း ရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက်မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်း လုပ်ငန်း စဉ်တွင် အစဉ်တစိုက် ပံ့ပိုးကူညီခဲ့သည်။

# မာတိကာ


နိဒါန်း ..... က
မာတိကာ ..... ဃ
ဤဆရာလမ်းညွှန်ကို မည်သို့ အသုံးပြုရမည်နည်း။ ..... ၁
အခန်း ၆။ မြန်မာနိုင်ငံပညာရေးစနစ်များ၊ မူဝါဒများနှင့် အလားအလာများအကြောင်း
ခြုံငုံသုံးသပ်ချက် ..... ၇၅
၆.၁။ မြန်မာနိုင်ငံပညာရေးစနစ်အကြောင်း ခြုံငုံသုံးသပ်ချက် ..... ၇၉
၆.၁.၁။ မြန်မာနိုင်ငံပညာရေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံ ..... ၇၉
၆.၁.၂။ ပညာရေး၏ ရည်ရွယ်ချက် ..... ၈၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ .. ၉၈
၆.၂။ ပညာသင်ယူခွင့် ..... ၁၀၀
၆.၂.၁။ ပညာရေးစတင်ပေါ်ပေါက်လာပုံ ..... ၁၀၀
၆.၂.၂။ ကျွန်ုပ်တို့၏ ကမ္ဘာကိုအသွင်ပြောင်းလဲခြင်း - သက္ကရာဇ် ၂၀၃၀ ၌
ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ရရှိစေရေး လုပ်ငန်းအစီအစဉ် ..... ၁၀၆
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ..... ၁၁၃
၆.၃။ ကလေးငယ်များ၏ ရေးဦးအရွယ်အရေးပါပုံ ..... ၁၁၄
၆.၃.၁။ ကလေးငယ်ဘဝ ကစားခြင်းနည်းဖြင့် သင်ယူခြင်း ..... ၁၁၅
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ..... ၁၂၂
၆.၄။ သူငယ်တန်းအဆင့်နှင့် အခြေခံပညာသင်ရိုးညွှန်းတမ်းမူဘောင်များ ..... ၁၂၃
၆.၄.၁။ သူငယ်တန်းအဆင့် သင်ရိုးညွှန်းတမ်း မိတ်ဆက်နှင့်
ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှု ..... ၁၂၃
၆.၄.၂။ ဘက်စုံပေါင်းစပ်ချဉ်းကပ်နည်းဖြင့် ရေးဆွဲထားသော သူငယ်တန်း
သင်ခန်းစာများကို လေ့လာခြင်း ..... ၁၂၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ..... ၁၃၅
၆.၅။ နှစ်ဆယ့်တစ်ရာစု သင်ယူသူများ သင်ကြားသူများနှင့်
ဆရာအတတ်သင်ပညာရေး ..... ၁၃၆
၆.၅.၁။ နှစ်ဆယ့်တစ်ရာစုကျွမ်းကျင်မှုများနှင့် ယင်းတို့၏ အရေးပါပုံ ..... ၁၃၇

၆.၅.၂။ နှစ်ဆယ့်တစ်ရာစုကျွမ်းကျင်မှုများ - ဆရာတို့အတွက် ရင်းမြစ်ပစ္စည်းများ .. ၁၄၃
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၅၀
အခန်းဆုံးအနှစ်ချုပ် ........................................................................ ၁၅၂
အဓိကအချက်များ ........................................................................ ၁၅၂
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................ ၁၅၃
ဆက်လက်ဖတ်မှတ်စရာများ.................................................................. ၁၅၄
အခန်း ၇။ ပညာရေး သဘောတရား အတွေးအခေါ် ........................................ ၁၅၅
၇.၁။ ပညာရေးသဘောတရားနှင့် သင်ကြားရေး၌ ၎င်း၏ အသုံးဝင်ပုံများ ................ ၁၅၈
၇.၁.၁။ ပညာရေးသဘောတရားဆိုသည်မှာ အဘယ်နည်း။.......................... ၁၅၈
၇.၁.၂။ မိမိကိုယ်ပိုင် သင်ကြားရေးအတွေးအခေါ်ကို ပြုစုပုံဖော်ခြင်း/ဖွံ့ဖြိုးစေခြင်း . ၁၆၄
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၇၁
၇.၂။ မြန်မာ့ပညာရေး ခေတ်အဆက်ဆက်အကြောင်း ........................................ ၁၇၃
၇.၂.၁။ ကျောင်းသင်ပညာရေး ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း.......................... ၁၇၃
၇.၂.၂။ မြန်မာ့ပညာရေးသမိုင်းကြောင်း အကျဉ်း ........................................ ၁၇၇
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၈၂
၇.၃။ သင်ကြားခြင်းအနုပညာနှင့် သင်ကြားခြင်းအတတ်ပညာ ............................ ၁၈၄
၇.၃.၁။ တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲသင်ယူမှုသည် ကျောင်းသားများအတွက်
သင်ယူမှု လှေကားထစ်များဖြစ်ခြင်း ................................................ ၁၈၄
၇.၃.၂။ ကျောင်းသားများ၏ ယခင်ရှိရင်းစွဲ စိတ်ကူးအယူအဆများနှင့်
စိတ်ကူးပုံရိပ်များကို အသုံးပြု၍ သင်ကြားပေးခြင်း ............................ ၁၉၀
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၉၈
အခန်းဆုံးအနှစ်ချုပ် ........................................................................ ၂၀၀
အဓိကအချက်များ ........................................................................ ၂၀၀
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................ ၂၀၁
ဆက်လက်ဖတ်မှတ်စရာများ.................................................................. ၂၀၂
အခန်း ၈။ ပညာရေးစိတ်ပညာ ................................................................ ၂၀၃
၈.၁။ ပညာရေးစိတ်ပညာအကြောင်းနှင့် သင်ကြားရေး၌ ပညာရေးစိတ်ပညာကို
အသုံးချနိုင်ပုံအကြောင်း သိရှိနားလည်ခြင်း........................................ ၂၀၆

၈.၁.၁။ ပညာရေးစိတ်ပညာဆိုသည်မှာ အဘယ်နည်း။................................. ၂၀၆
၈.၁.၂။ 'နားလည်ခြင်း' ဖြစ်ပေါ်လာပုံကို သဘောပေါက်နားလည်ခြင်း ............... ၂၁၁
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၂၂၂
၈.၂။ ပညာရေးစိတ်ပညာ ယခင်နှင့် ယခု ....................................................... ၂၂၃
၈.၂.၁။ ပညာရေးစိတ်ပညာ၏ အဓိကကျသော အတွေးအမြင်/ရှုထောင့်များ........ ၂၂၃
၈.၂.၂။ ပညာရေးလုပ်ငန်းတွင်တွေ့ရသော စိတ်ပညာဆိုင်ရာ
အတွေးအမြင်/ရှုထောင့်များ အကြောင်း ဆွေးနွေးခြင်း........................ ၂၂၆
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၂၃၂
၈.၃။ စကင်နာနှင့် ပီယာဂျေး........................................................................ ၂၃၅
၈.၃.၁။ အပြုအမူ ပုံသွင်းခြင်း ပဓာနအယူအဆနှင့် သိမှုဖွံ့ဖြိုးခြင်း ပဓာနအယူအဆ. ၂၃၅
၈.၃.၂။ ပီယာဂျေး၏ သိမှုဖွံ့ဖြိုးလာပုံ အဆင့် (၄) ဆင့် ................................ ၂၄၀
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၂၄၆
၈.၄။ စေ့ဆော်မှု .......................................................................................... ၂၄၇
၈.၄.၁။ လူတို့၏ အပြုအမူကို တွန်းအားပေးနေသည့်စေ့ဆော်မှု....................... ၂၄၇
၈.၄.၂။ စိတ်တွင်းစေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှု.......................................... ၂၅၀
၈.၄.၃။ Ciskszentimihalyi နှင့် 'စီးမျောမွေ့လျော်ခြင်း' စိတ်ပိုင်းဆိုင်ရာ အခြေအနေ.. ၂၅၇
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၂၆၄
၈.၅။ လူမှုဆက်ဆံရေးနယ်ပယ်၌ စိတ်လှုပ်ရှားခံစားမှုကောင်းမွန်ခြင်းနှင့်
စိတ်ကျန်းမာရေး ပြည့်စုံခြင်းတို့က သင်ယူမှုအပေါ် သက်ရောက်လွှမ်းမိုးပုံ ....... ၂၆၆
၈.၅.၁။ မာ့စ်လို၏ လူတို့လိုအင်အဆင့်ဆင့် သီအိုရီ...................................... ၂၆၆
၈.၅.၂။ ရုပ်ပိုင်းကြံ့ခိုင်မှု + ပေါင်းသင်းဆက်ဆံရေး၌ ဝင်ဆံ့သော
စိတ်ဓာတ်ရင့်ကျက်မှု =သင်ယူမှု၏ အခြေခံ အုတ်မြစ် ........................ ၂၇၃
၈.၅.၃။ အနာဂတ်တွင်ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့်ထားသည့်အမြင် ............. ၂၇၈
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၂၈၂
၈.၆။ ဉာဏ်ရည်အထွေထွေ ........................................................................ ၂၈၄
၈.၆.၁။ ဉာဏ်ရည်တိုင်းတာစစ်ဆေးခြင်း ..................................................... ၂၈၄
၈.၆.၂။ ဟောင်းဝါးဒ်ဂါးဒ်နာ၏ ဉာဏ်ရည်အထွေထွေယူဆချက်....................... ၂၉၀
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၂၉၄

အခန်းဆုံးအနှစ်ချုပ် ........................................ ၂၉၅
အဓိကအချက်များ ........................................ ၂၉၅
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................ ၃၀၁
ဆက်လက်ဖတ်မှတ်စရာများ ........................................ ၃၀၃
အခန်း ၉။ သင်ယူမှုပတ်ဝန်းကျင် ဖန်တီးခြင်း ........................................ ၃၀၄
၉.၁။ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးခြင်း .......... ၃၀၉
၉.၁.၁။ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခု၏ အရေးပါမှု ... ၃၀၉
၉.၁.၂။ မည်သည်တို့က သင်ယူမှုဝန်းကျင်ကို ဘေးကင်းလုံခြုံစိတ်ချမှုရှိ
စေသနည်း။ ........................................ ၃၁၇
၉.၁.၃။ ဘေးကင်းလုံခြုံစိတ်ချရသောသင်ယူမှုပတ်ဝန်းကျင်တစ်ခုကို
မိမိအနေနှင့် ဖန်တီးခြင်း ........................................ ၃၂၆
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၃၃၄
၉.၂။ ကျောင်းသားများ စိတ်အားထက်သန်စွာ နှင့် လွယ်ကူချောမွေ့စွာ
သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးခြင်း ........................................ ၃၃၅
၉.၂.၁။ ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်မည့်
သင်ယူမှုပတ်ဝန်းကျင် ........................................ ၃၃၆
၉.၂.၂။ ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့်
သင်ယူမှုပတ်ဝန်းကျင် ........................................ ၃၄၄
၉.၂.၃။ သရုပ်ဆောင်သင်ယူနည်းကို အသုံးပြု၍ ကျောင်းသားများအား
စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့်
သင်ယူမှုပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်ပေးခြင်း ........................................ ၃၅၁
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၃၅၇
၉.၃။ လူတိုင်းအကျုံးဝင်ပညာရေး........................................ ၃၅၈
၉.၃.၁။ စာသင်ခန်းထဲတွင်ဖော်ဆောင်မည့် လူတိုင်းအကျုံးဝင်ပညာရေး ............ ၃၅၉
၉.၃.၂။ အထူးပညာရေး ........................................ ၃၆၈
၉.၃.၃။ လူတိုင်းအကျုံးဝင်ပညာရေးအတွက် အစီအစဉ်ရေးဆွဲခြင်း.................. ၃၇၅
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၃၈၇
၉.၄။ ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး ........................................ ၃၉၀

၉.၄.၁။ ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး မိတ်ဆက်/နိဒါန်း .......... ၃၉၁
၉.၄.၂။ စာသင်ခန်းတွင်း၌ ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှုပညာရေးကို
ဆောင်ရွက်ရန် အစီအစဉ် ရေးဆွဲခြင်း .......................................... ၄၀၅
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၄၁၃
၉.၅။ စာသင်ခန်းတွင်း နေ့စဉ်ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း
စည်းစနစ်များကို ချမှတ်ပေးခြင်း ........................................................ ၄၁၅
၉.၅.၁။ စာသင်ခန်းအတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း
စည်းစနစ်များ ချမှတ်ပေးခြင်း၏ အရေးပါပုံ ...................................... ၄၁၆
၉.၅.၂။ စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း
နည်းစနစ်များ စီစဉ်ရေးဆွဲခြင်း ...................................................... ၄၂၅
၉.၅.၃။ စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း
စည်းစနစ်များကို သင်ကြားပေးခြင်း ................................................ ၄၃၁
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၄၃၈
၉.၆။ သင်ယူမှုပတ်ဝန်းကျင် ဖန်တီးရာတွင် ပညာရေးအသုံးချနည်းပညာ၏
အခန်းကဏ္ဍ.......................................................................... ၄၄၀
၉.၆.၁။ သာယာကောင်းမွန်သော စာသင်ခန်းအခြေအနေတစ်ခုကို
ဖန်တီးရာတွင် ပညာရေးအသုံးချနည်းပညာ၏ အခန်းကဏ္ဍ ................. ၄၄၁
၉.၆.၂။ စာသင်ခန်း အဆင့်မြင့်မားတိုးတက်လာစေရန် ပညာရေးအသုံးချ
နည်းပညာကိုသုံးစွဲခြင်း............................................................. ၄၄၈
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၄၅၃
၉.၇။ ကျောင်းသားတို့၏ အပြုအမူကို ကိုင်တွယ်ထိန်းသိမ်းခြင်း............................ ၄၅၅
၉.၇.၁။ ကိုင်တွယ်ထိန်းသိမ်းရန်ခက်ခဲသော အပြုအမူများ............................ ၄၅၆
၉.၇.၂။ ကျောင်းသားတို့၏ အပြုအမူများကို ကိုင်တွယ်ထိန်းသိမ်းရာတွင်
အပြုသဘောဆောင်သည့် နည်းလမ်းများသုံး၍ဆောင်ရွက်ခြင်း ............. ၄၆၂
၉.၇.၃။ သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးခြင်းအကြောင်းကို ပြန်လှန်လေ့လာခြင်း ၄၇၀
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၄၇၄
အခန်းဆုံးအနှစ်ချုပ် ............................................................................ ၄၇၆
အဓိကအချက်များ ....................................................................... ၄၇၆

အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................ ၄၇၈
ဆက်လက်ဖတ်မှတ်စရာများ........................................................................ ၄၈၂
အခန်း ၁၀။ ဆရာအတတ်ပညာ ကျွမ်းကျင်မှု ........................................................ ၄၈၆
၁၀.၁။ ဆရာအတတ်ပညာပိုင်းဆိုင်ရာ လုပ်ငန်းကျင့်ဝတ်နှင့် ဆရာ့ကျင့်ဝတ် ........... ၄၈၉
၁၀.၁.၁။ မြန်မာလူမျိုး ဆရာတစ်ဦးအတွက် ဆရာအတတ်ပညာရပ်ပိုင်းဆိုင်ရာ ကျင့်ဝတ်များ ........................................................................ ၄၉၀
၁၀.၁.၂။ မြန်မာနိုင်ငံမှ ဆရာတစ်ဦးအနေဖြင့် ကျင့်ဝတ်များနှင့်အညီ နေထိုင်ပြုမူဆောင်ရွက်ခြင်း ........................................................ ၄၉၅
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၅၀၁
၁၀.၂။ ဆရာသည် ပြန်လည်တွေးတော သုံးသပ်တတ်သူဖြစ်ရန်လိုအပ်ခြင်း ............ ၅၀၃
၁၀.၂.၁။ ပြန်လည်သုံးသပ်မှုသည် အလေ့အထများကို တိုးတက်ကောင်းမွန်စေခြင်း ၅၀၃
၁၀.၂.၂။ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေးလုပ်ငန်းတွင် သုတေသန ဆောင်ရွက်ချက်များကို အသုံးပြုခြင်း ............................................ ၅၀၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၅၁၉
၁၀.၃။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်အပေါ် ပြန်လည်သုံးသပ်ခြင်း........................................................................ ၅၂၁
၁၀.၃.၁။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)........................................................................ ၅၂၁
၁၀.၃.၂။ ဆရာအတတ်ပညာဖွံ့ဖြိုးရေးအတွက် လမ်းညွှန်အဖြစ် မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) ကို အသုံးပြုခြင်း........................................................................ ၅၂၆
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၅၃၂
၁၀.၄။ ဆရာများကို အဘယ်ကြောင့် ပညာပေးရန် လိုအပ်သနည်း။ ...................... ၅၃၃
၁၀.၄.၁။ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက်နေရန် လိုအပ်ခြင်း ........................................... ၅၃၃
၁၀.၄.၂။ ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်နည်းဗေဒဆိုင်ရာ အသိပညာတို့ကို ဖွံ့ဖြိုးစေခြင်း ........................................................................ ၅၃၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၅၄၉

၁၀.၅။ ဆရာအတတ်ပညာ ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး........................ ၅၅၁
၁၀.၅.၁။ သင်ယူမှုအသိုက်အဝန်းများ ထူထောင်ဖွဲ့စည်းခြင်း ......................... ၅၅၁
၁၀.၅.၂။ ကျောင်းသားများအတွက် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးကွန်ရက်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ခြင်း ............................................................ ၅၅၆
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၅၆၃
၁၀.၆။ ဆရာများ၏ ဆရာအတတ်ပညာကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်း၏ အရေးပါပုံ..................................................... ၅၆၄
၁၀.၆.၁။ မိမိကိုယ်ပိုင် သင်ကြားရေးအလေ့အကျင့်ကို သုတေသနပြုခြင်း - ကိုယ်တိုင် လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ပြုစုခြင်း (Action-research).... ၅၆၅
၁၀.၆.၂။ မိမိကိုယ်ပိုင်သင်ကြားရေးအတွေးအခေါ်ကို ပုံစံချတည်ဆောက်ခြင်း...... ၅၆၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၅၇၃
အခန်းဆုံးအနှစ်ချုပ် ..................................................................... ၅၇၅
အဓိကအချက်များ ................................................................... ၅၇၅
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ............................................. ၅၇၇
ဆက်လက်ဖတ်မှတ်စရာများ....................................................... ၅၈၀
ခက်ဆစ်အဘိဓာန်........................................................................ ၅၈၁
ကျမ်းကိုးစာရင်း........................................................................ ၅၈၇
နောက်ဆက်တွဲများ ..................................................................... ၅၉၈
လက်ကမ်းစာစောင် (၁) ဘေးကင်း၍ လုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးတည်ဆောက်ခြင်း...................................................... ၅၉၉
လက်ကမ်းစာစောင် (၂) ဒုတိယတန်း သချ်ာဘာသာရပ်သင်ပြမှု ပုံစံငယ်မူကြမ်း........ ၆၀၁
လက်ကမ်းစာစောင် (၃) လူတိုင်းအကျုံးဝင်ပညာရေးအတွက် သင်ပြမှုပုံစံငယ် အကဲဖြတ်သုံးသပ်မှုမေးခွန်းများ..................................................... ၆၀၄
လက်ကမ်းစာစောင် (၄) အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ................................ ၆၀၅
လက်ကမ်းစာစောင် (၅) သင်ယူမှုအတွက်ကစားနည်းများ .................................. ၆၀၆

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## ဤပညာရေးဘာသာရပ် ဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

ဤပညာရေးဘာသာရပ် ဆရာလမ်းညွှန်ကို ပထမနှစ်ပညာရေးဘာသာရပ်ကို သင်ယူနေသော ကျောင်းသား[၁]များ၏ သင်ယူမှုကို အဆင်ပြေအောင် သင်ကကူညီလမ်းညွှန်မှု ပြုနိုင်အောင် စီစဉ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ဆရာ[၂]အတတ်ပညာပေးသူဖြစ်သည့် သင့်အတွက်လည်း ပညာရေးဘာသာရပ် သင်ကြားနေစဉ်အတွင်း ကျောင်းသားကိုင်စာအုပ်နှင့်အတူ ဆက်စပ် အသုံးပြုသင့်ပါသည်။ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ အခန်းတစ်ခုစီအတွက် သင်ယူမှု ရလဒ်များကို ရရှိအောင် ဆောင်ရွက်ရာတွင် သင့်အတန်းတွင်းရှိ ကျောင်းသားများအား လမ်းညွှန် ကူညီနိုင်ရန် ဤပညာရေးဘာသာရပ်ဆရာလမ်းညွှန်တွင် ညွှန်ကြားချက်များ အဆင့်ဆင့် ပါဝင်ပါသည်။

## ပညာရေးဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် လေ့လာမည်နည်း။

လေးနှစ်သင် ပညာရေးကောလိပ်သင်တန်း၏ စာသင်နှစ်တစ်နှစ်စီတိုင်းအတွက် ပညာရေး ဘာသာရပ် သင်ယူမှုနယ်ပယ်အတွက် သင်ကြားချိန် (၂၄၀) ခွဲဝေထားပြီး ဖြစ်ပါသည်။ အတန်းများကို ပညာရေးကောလိပ် ပရိဝုဏ်အတွင်း ကျင်းပပါမည်။

## ပညာရေးဘာသာရပ်ဆရာလမ်းညွှန် ပထမနှစ်တွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။

ကျောင်းသားကိုင်နှင့် ဆရာလမ်းညွှန်နှစ်ခုလုံးတွင် ပါဝင်သည့် အကြောင်းအရာနှင့် ဖွဲ့စည်းပုံသည် လေးနှစ်သင် ပညာရေးကောလိပ် ပညာရေးဘာသာရပ် သင်ရိုးညွှန်းတမ်း၏ သင်ရိုးမာတိကာနှင့် အညီဖြစ်ပါသည်။

ပညာရေးကောလိပ် ပထမနှစ် ပညာရေးဘာသာရပ် သင်ရိုးညွှန်းတမ်း ကျောင်းသားကိုင်စာအုပ် နှင့် ဆရာလမ်းညွှန်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

---

[၁] ဤ ဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။
[၂] ဤ ဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

- ပညာရေး ဘာသာရပ်ကိုမိတ်ဆက်ခြင်း
- သင်ကြားနည်းဆိုင်ရာ သဘောတရားနှင့် လက်တွေ့
- ထိရောက်သော (သို့) ရည်ရွယ်ချက်သို့ ရောက်ရှိစေနိုင်သော သင်ယူမှုနည်းလမ်းများ
- သင်ကြားရန်စီစဉ်ခြင်းနှင့် ပြင်ဆင်ခြင်း
- စစ်ဆေးအကဲဖြတ်ခြင်း
- မြန်မာနိုင်ငံပညာရေးစနစ်များ၊ မူဝါဒများနှင့် အလားအလာများအကြောင်း ခြုံငုံသုံးသပ်ချက်
- ပညာရေးသဘောတရား
- ပညာရေးစိတ်ပညာ
- သင်ယူမှုဝန်းကျင် ဖန်တီးခြင်း
- ဆရာအတတ်ပညာကျွမ်းကျင်မှု

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံတူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

သင်ခန်းစာ တစ်ခုချင်းစီအတွက် ဆရာလမ်းညွှန်တွင် ပါဝင်သည်မှာ -

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework - TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာ စာသင်ချိန်များဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများတွင် အသုံးပြုသော သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတရင်းမြစ်များအတွက် မှီငြမ်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသော ဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် မှီငြမ်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ စာရွက်ကြီးများ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုဒ်လင့်ခ်များ၊ ဗီဒီယိုများ၊ အကုန်အကျ နည်းသော/လုံးဝ ကုန်ကျစရိတ်မရှိသော ရင်းမြစ်များ၊ လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသောအချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော အကြံပြုထားသည့် သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းသည် ဘာသာရပ်နှင့် ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ သို့မဟုတ် စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စသင့်သည်။ သင်ယူမှုလုပ်ငန်း အမျိုးမျိုးသည် သင်ယူမှုတွင် တတ်ကျွမ်းမှုအခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ရပ်တန့်ပါ။ စဉ်းစားပါ။** သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း သင်ခန်းစာ၏ အဓိကအချက်ကို သေချာစေရန်နှင့် စီစဉ်ထားသည့်အတိုင်း သင်ခန်းစာကို အဆင်ပြေစွာသင်ကြား၊ သင်ယူနေခြင်း ရှိ/မရှိ စစ်ဆေးရန် သို့မဟုတ် ရှေ့မဆက်မီ အလေးထားရမည့် အချက်များကို ကျောင်းသားများ ထိရောက်စွာ သင်ယူခြင်း ရှိ/မရှိ သေချာစေရန် **'ရပ်တန့်ပါ။ စဉ်းစားပါ' ကို ညွှန်ကြားချက် ဇယားကွက် (instruction box) တွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။**

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင်ရှိသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားရန် အတွက် လုပ်ငန်းစဉ်တစ်ခုချင်းအပေါ်တွင် သင်ကြားနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း

ပုံစံအား အသုံးပြုထားသည်ကို ရှင်းလင်းပြသခြင်း သို့မဟုတ် အနှစ်ချုပ်ဖော်ပြထားခြင်း မျိုး ဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို မည်သို့ အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ် ချဉ်းကပ်မှုများ အတွက် စုစည်းမှု (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ။** သင်ယူမှုလုပ်ငန်းတစ်ခုချင်းစီ၏ စစ်ဆေးအကဲဖြတ်မှုနှင့်ပတ်သက်သည့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအား ခြုံငုံခြင်း ဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် သင်ယူမှုရည်ရွယ်ချက်များ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများ၊ သင်ယူမှုရလဒ်များအား အနှစ်ချုပ်ပေးပြီး မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း သုံးသပ်ခြင်းဖြစ်သည်။ ဆရာတတ်ကျွမ်းမှုစံ အညွှန်းကိန်းများသည် သင်ခန်းစာအကြောင်းအရာတွင် မည်သို့ပါဝင်ပတ်သက် နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့် အကြောင်းအရာကို မည်သို့ သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါ သည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ။** ဤဆရာ လမ်းညွှန်ရှိ သင်ခန်းစာတစ်ခုချင်းစီတွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။ ထိုအကြံပြုချက်များသည် သင်ယူတတ်မြောက်လွယ်သော ကျောင်းသားများအတွက် ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများပေးရန်နှင့် သင်ယူမှုအားနည်းသော ကျောင်းသား သို့မဟုတ် ကွဲပြားသော သင်ယူမှုလိုအပ်ချက် (different learning needs) ရှိသည့် ကျောင်းသားများကို လိုအပ်ချက်အလိုက် ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများပေးရန် အတွက် အကြံပြုချက်များ ပါဝင်ပါသည်။


**ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ ပါဝင်ပါသည်-**

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လည်ဆန်းစစ်ရန်မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေနှင့်ပတ်သက်ပြီး မှန်/မမှန် အတည်ပြုပေးရန် ပညာရေးကောလိပ် ဆရာများ အသိပညာရရှိရန်အတွက်လည်း ပံ့ပိုးပေးပါသည်။ (ဤအပိုင်းသည် သင်ခန်းစာ သင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။)

**ဆရာလမ်းညွှန်စာအုပ်တွင် အခန်းတစ်ခုချင်းစီအတွက် အောက်ပါတို့ ပါဝင်ပါသည် -**



**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။



**အခန်းဆုံးပြန်လည် သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည့်အရာများမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်ထဲတွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင့်အားအသိပေးရန် ဤနေရာတွင် ထပ်မံဖော်ပြထားပါသည်။ သင်၏တာဝန်မှာ ကျောင်းသားများကို ဤအပိုင်းအား ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန်အချက်နှင့် သင်ယူခဲ့ပြီးသောသင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။



**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သော အခန်းများအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် သို့မဟုတ် ကျောင်းသားများကို ဤရင်းမြစ်များအား

စာကြည့်တိုက်၊ အင်တာနက် သို့မဟုတ် ပညာရေးကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် မိမိဘာသာမိမိ တစ်ဦးချင်းစီ လေ့လာနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံ ကျောင်းသားကိုင်စာအုပ်မှ တစ်ဦးချင်း သင်ယူမှုလုပ်ငန်းများသည် ဆရာလမ်းညွှန်တွင် အကြမ်းဖျင်း ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ်အဖြစ် သို့မဟုတ် ကျောင်းသားများသည် ၎င်းတို့ ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် သင့်အနေဖြင့် တိုက်တွန်းပေးနိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများ အသေးစိတ်သည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏စာသင်ခန်းအတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ ရှိပေလိမ့်မည်။ ပညာရေးကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

**တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။**

ပညာရေးကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှု အခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင်ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တို့တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုဆိုသည်မှာ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည်မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့

ဘဝအခြေအနေတွင် ပြန်လည်၍ အသုံးချရန် အလေးထားခြင်း ဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြုဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲ ဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။ ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်း ထားပါသည်။[၁]

- **နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း (Contextualisation)။** သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများကို ကျောင်းသားများ၏ နေ့စဉ်ဘဝအခြေ အနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြု လျက် ပြင်ဆင်ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ယူမှုလုပ်ငန်း (Flipped classroom)။** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချ သင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူ ပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင် လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာ သင်ယူထားသည်များကို ဆရာ၏ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည်သဘောပေါက်လာကြမည် ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည် သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်း သော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် တက်ကြွစွာထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများမှတစ်ဆင့် ဖြစ်ပေါ်သည်။

[၁] Adapted from the Glossary of Curriculum Terminology (2013), International Bureau of Education (IBE), UNESCO

ပူးပေါင်းဆောင်ရွက် သင်ယူခြင်း၏ အဓိက ဝိသေသလက္ခဏာများမှာ - တူညီသောအလုပ် သို့မဟုတ် လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မှီခိုဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း စသည်တို့ ဖြစ်သည်။[၂]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေး အစီအစဉ်သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည် ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

**ဇယား (က)။ ပညာရေးဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှုစံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က) ၁။ ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။ | (က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) ၁.၁.၁။ ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာများဖြင့် ဖော်ပြသည်။ |
| | | (က) ၁.၁.၂။ ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှု လုပ်ငန်းများကို ပြင်ဆင်သည်။ |

[၂] Lejenue's Collaborative Learning for Educational Achievement (1999)

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က) ၂။ ရရှိ အသုံးပြု နိုင်မည့် ပညာရေးဆိုင်ရာ နည်းပညာများအား ဆီလျော်စွာ အသုံးပြု နိုင်မှုကို သိသည်။ | (က) ၂.၁။ သင်ကြား သင်ယူမှု ဆိုင်ရာ နည်းဗျူဟာ အမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကိုဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) ၂.၁.၁။ ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်လမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။ |
| | | (က) ၂.၁.၂။ ကျောင်းသားများ သင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ် များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊သင်ကြား သင်ယူမှုအထောက် အကူပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။ |
| (က) ၃။ ကျောင်းသားများ နှင့် ၎င်းတို့၏ မိသားစု များကို မည်ကဲ့သို့ ဆက်ဆံရမည်ကို သိသည်။ | (က) ၃.၁။ မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) ၃.၁.၁။ မြန်မာ့ လူ့ဘောင်အသိုက် အဝန်းတွင် လက်ခံထားသည့် ဆရာများ အတွက်စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅)သွယ် နှင့် ဆရာအခန်း ကဏ္ဍကို ဖော်ပြသည်။ |
| (က) ၄။ သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။ | (က) ၄.၁။ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှု ရလဒ်များကို နားလည်သဘော ပေါက်ကြောင်း ပြသသည်။ | (က) ၄.၁.၂။ သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်စီစဉ်ရေးဆွဲသည်။<br><br>(က) ၄.၁.၃။ မူလတန်းပညာ သင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာမှုများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က) ၅။ ဘာသာရပ် အကြောင်းအရာကို သိသည်။ | (က) ၅.၁။ အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) ၅.၁.၁။ အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| (ခ) ၁။ သင်ကြားမှု နည်းပျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို သင်ကြားသည်။ | (ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) ၁.၁.၁။ ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။<br><br>(ခ) ၁.၁.၂။ ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ရွေးချယ်သည်။<br><br>(ခ) ၁.၁.၃။ နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အတွေး အခေါ်များကို သတိပြုမိရန် အားပေးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) ၁.၂။ သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) ၁.၂.၁။ အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်း အမျိုးအစားတို့ အတွက် သင့်လျော်ကိုက်ညီသော သင်ကြား နည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။<br><br>(ခ) ၁.၂.၂။ ဘာသာရပ် နယ်ပယ်အသီးသီးတွင် ကျောင်းသားများ သင်ယူမှုကို အထောက် အကူပြုစေမည့် အရေးအဖတ်နှင့် အခြေခံ အတွက်အချက်ကို တတ်မြောက်စေမည့် သင်ကြားနည်း နည်းဗျူဟာများဆိုင်ရာ အသိပညာများကို အသုံးပြုသည်။<br><br>(ခ) ၁.၂.၃။ ကျောင်းသားများအတွက် လက်တွေ့ လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးသည်။ |
| (ခ) ၂။ ကျောင်းသား များ၏ သင်ယူမှုကို စစ်ဆေး အကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း | (ခ) ၂.၁။ ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) ၂.၁.၁။ ကျောင်းသားများ၏ သင်ယူမှု ရလဒ်များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူ ပေးရန်အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေး အကဲဖြတ်နည်းများကို သုံးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ခ) ၃။ ကျောင်းသား များ၏ သင်ယူမှုကို အထောက်အကူ ပြုသော ဘေးကင်း လုံခြုံစိတ်ချမှု ရှိသော သင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ | (ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှု ဝန်းကျင်ကို ဖန်တီးနိုင်စွမ်း ရှိကြောင်း ပြသသည်။ | (ခ) ၃.၁.၁။ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားအားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင်ခန်း နေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။<br><br>(ခ) ၃.၁.၂။ တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော်လည်းကောင်း၊ အသင်း အဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။<br><br>(ခ) ၃.၁.၃။ စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာ ရှိစေရန် ကျန်းမာရေး အလေ့အကျင့် ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့် ဆောင်ရွက်သည်။ |
| (ခ) ၄။ အခြားဆရာများ မိဘများ၊ ရပ်ရွာ လူထု တို့နှင့် အတူတကွ ပူးပေါင်း ဆောင်ရွက် သည်။ | (ခ) ၄.၁။ ကျောင်းသားများ အတွက် သင်ယူမှုပတ်ဝန်းကျင် ကောင်းတိုးတက်ဖြစ်ပေါ်လာ စေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထု အဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများ ကို အသုံးပြုနိုင်စွမ်းရှိကြောင်း ပြသသည်။ | (ခ) ၄.၁.၃။ သင်ယူမှုအခက်အခဲများကို တုံ့ပြန်ရန်နှင့် သုံးသပ် အကြံပြုချက်များကို အပြုသဘောနှင့် လက်ခံရန် ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်နှင့် သဘောထားများကို ကြိုးပမ်းသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ဂ) ၁။ ဆရာ အတတ်ပညာ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်း အတွက် အကျိုးပြုတာဝန် ထမ်းဆောင်သည်။ | (ဂ) ၁.၁။ မြန်မာတို့၏ ထုံးထမ်း စဉ်လာအရ စံနမူနာပြပုဂ္ဂိုလ် ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံ ကျင့်သုံးနိုင်ကြောင်း ပြသနိုင် သည်။ | (ဂ) ၁.၁.၁။ မြန်မာနိုင်ငံရှိ ဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ်(၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာသည်။ |
| (ဂ) ၂။ ရပ်ရွာအရေး ဦးဆောင်ပါဝင် ဆောင်ရွက်သည်။ | (ဂ) ၂.၁။ ကျောင်းနှင့် ရပ်ရွာ ကိစ္စများ၌ ဆရာ့အတတ်ပညာအ သိုင်းအဝိုင်းဝင်ဆရာတစ်ဦး အနေဖြင့် တာဝန်ခံဆောင်ရွက် နိုင်ကြောင်း ပြသသည်။ | (ဂ) ၂.၁.၁ ။ ကျောင်းနှင့် ရပ်ရွာ၏ လုပ်ငန်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။ |
| (ဂ) ၃။ ကျောင်းသား အားလုံး ပညာရေးအရည် အသွေး မြင့်မားစေရန်နှင့် ပညာ သင်ယူခွင့် မျှတမှု ရှိစေရန် မြှင့်တင် ဆောင် ရွက်သည်။ | (ဂ) ၃.၁။ ကျောင်းသားတစ်ဦး ချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့် အရေးများကို အလေးအနက် ထားကြောင်းနှင့် ကျောင်းသား များအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံ ကြောင်း ပြသသည်။ | (ဂ) ၃.၁.၁။ ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုကြောင်း ပြသည်။ |
| (ဃ) ၁။ မိမိ၏ သင်ကြား ရေး လက်တွေ့ ဆောင်ရွက်မှုများကို ပြန်လည် ထင်ဟပ် သုံးသပ်သည်။ | (ဃ) ၁.၁။ မိမိ၏ လက်တွေ့ သင်ကြားမှု နှင့် ကျောင်းသားများ ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ် သည်။ | (ဃ) ၁.၁.၃။ ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်း ဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ် သုံးသပ်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ဃ) ၂။ သင်ကြားရေး လက်တွေ့ကျင့်သုံးမှုများ တိုးတက် မြင့်မားရေး အတွက် လုပ်ဖော်ကိုင် ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်သည်။ | (ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာ ဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေ သည်။ | (ဃ) ၂.၁.၁။ လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှု များကို ဆွေးနွေးသည်။ အပြုသဘောဆောင် သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒ ထက်သန်စွာ လက်ခံရယူသည်။<br><br>(ဃ) ၂.၁.၃။ ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။<br><br>(ဃ) ၂.၁.၄။ အသိအမှတ်ပြုထားသော ဆရာ အတတ်ပညာ အဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။ |
| (ဃ) ၃။ သင်ကြားရေး လက်တွေ့ ဆောင်ရွက်မှုများ တိုးတက် မြင့်မား ရေးအတွက် လုပ်ငန်းအတတ် ပညာဆိုင်ရာ သင်ယူ လေ့လာမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သည်။ | (ဃ) ၃.၁။ လက်တွေ့သင်ကြားမှု လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်းပြသည်။ | (ဃ) ၃.၁.၁။ မိမိ၏ လက်တွေ့ သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် ဆီလျော် သင့်တော်သည့် ဆရာ့လုပ်ငန်းအတတ်ပညာ ဆိုင်ရာ သင်ယူမှုပစ္စည်းများကို သတ်မှတ် ဖော်ထုတ်သည်။<br><br>(ဃ) ၃.၁.၂။ အကြောင်းအရာဆိုင်ရာ ဗဟုသုတ အချက် အလက်များနှင့် မိမိ၏ လက်တွေ့သင်ကြားမှုများ တိုးတက် ကောင်းမွန်စေရန် မူလတန်း ပညာရေးနှင့် သင်ကြားရမည့် သီးသန့် ဘာသာရပ်များ အတွက် လက်ရှိရေးရှုရာ လမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှု များနှင့် သက်ဆိုင်သည့် online (သို့မဟုတ်) offline သတင်း အချက်အလက်များကို ရှာဖွေရယူခွဲခြမ်းစိတ်ဖြာသည်။ |

*ရင်းမြစ်။* မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင် တာဝန် ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာမူကြမ်း (၃.၂)။ (၂၀၁၉၊ မေလ) (စာ ၃၀ မှ ၃၆)

## အရွယ်ရောက်သူ လူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူ လူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင်တက်ကြွစွာ ပါဝင်ရန် အခွင့်အလမ်းရသောအခါ နှင့်
- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာစဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသောအခါ တို့တွင်ဖြစ်သည်။

သင်ယူရမည့် အကြောင်းအရာများကို အမျိုးမျိုးသော သင်ကြားသည့်ပုံစံများ၊ သင်ယူနည်းများသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ 'အလေ့အကျင့်ကောင်း' များကို ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည်။

### ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက် ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင်အဘယ်ကဲ့သို့ အရေးပါကြမည် ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခုသင်ယူနေသည်များသည် သို့မဟုတ်

တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာ ပြောပြရပါမည်။

**၂။ သင့်ကျောင်းသားများ၏နောက်ခံဘဝအခြေအနေများကိုသိပါ။**

သင်၏ကျောင်းသားများသည် အနည်းဆုံး(၁၈)နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိ လာကြမည်ဖြစ်သည်။ ဘာသာရပ်ပါ အကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူ လူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

**၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကိုအားပေးပါ**

အရွယ်ရောက်သူ လူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းလိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့်အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကိုသင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးအနေဖြင့်ထက် ပံ့ပိုးကူညီသူ တစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသော အရာကိုရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု

စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ သင်ယူမှု နည်းလမ်းများနှင့် အထောက်အကူပေးသော ရင်းမြစ်များကိုစဉ်းစားရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ကျောင်းသားအားလုံး၏ စိတ်ထဲတွင် ကျား၊ မ ခွဲခြားမှုမရှိဘဲ မိမိတို့၏ လုပ်ဆောင်မှုများကို တန်းတူညီမျှ တန်ဖိုးထားခံရသည်၊ မိမိတို့သည် သင်ယူမှုအခွင့်အလမ်းများကို ညီမျှစွာရကြသည်ဟူသော ခံစားချက်များကို ပေးနိုင်သည့် အပြုသဘောဆောင်ပြီး လုံခြုံစိတ်ချ ရသော သင်ယူမှုဝန်းကျင်ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။

ပညာရေးကောလိပ်ဆရာတစ်ဦးအနေဖြင့် မိမိတို့ကျောင်းသားများ၏ သင်ယူမှု အခွင့်အလမ်းများ ညီတူညီမျှရရှိရေးသာမကဘဲ ၎င်းတို့ကိုယ်တိုင် ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်း၏ အရေးကြီးပုံကို တန်ဖိုးထားတတ်လာပြီး ထိုအသိသဘောထားများကို ၎င်းတို့၏ လေ့ကျင့် သင်ကြားခြင်းများတွင် အသေအချာ ထည့်သွင်းစဉ်းစားကြစေရန်မှာလည်း ပညာရေးကောလိပ် ဆရာများ၏ တာဝန်ပင်ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးလာသော ကျား၊ မ တန်းတူရေးဆိုင်ရာ အသိပညာ၊ စိတ်သဘောထား တန်ဖိုးထားမှုနှင့် ကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ အနာဂတ်အပြုအမူများအပေါ် ရေရှည်သက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ပြင် အောင်မြင်သော ဘဝများဖြင့် ရှင်သန်နိုင်မည့် အရည်အသွေးများအပေါ်ထိ အကျိုးသက်ရောက်မှုများရှိပါသည်။

ဆရာကိုယ်တိုင် မိမိတို့၏ ကျား၊မ ဆိုင်ရာ ဘက်လိုက်မိသော အပြုအမူများ၊ အပြောအဆို စကား အသုံးအနှုန်းများကိုလည်း သတိပြုမိပါစေ။ မိမိ၏ လုပ်ဆောင်မှုများ၊ မိမိအသုံးပြုသော သင်ကြား သင်ယူမှုနည်းလမ်းများကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ။ စာသင်ခန်းအတွင်း ကျား၊မ တန်းတူ ညီမျှမှုနှင့် လူတိုင်းပါဝင်မှု ရှိကြောင်းသေချာစေရန် ဤနည်းလမ်းများကို ထည့်သွင်းစဉ်းစားပါ။

- ကျား၊ မ အမည်တပ်ပြီး ခေါ်ခြင်း၊ ပြောခြင်း ကြိမ်နှုန်း ညီမျှပါစေ။ အမည်မသိသူများ အကြောင်းပြောပါက သူ၊ သူမ ဟူသော နာမ်စားကို တစ်လှည့်စီ သုံးပါ။
- ကိုးကားချက်များသုံးပါက ကျား နှင့် မ နှစ်ဖက်လုံးမှ ပြောကြားသည့် အမြင်နှစ်မျိုးလုံးပါ ပါစေ။

- ရုပ်ပြပုံများ အသုံးပြုပါက ကျား နှင့် မ နှစ်မျိုးလုံး ညီမျှစွာ အသုံးပြုပါ။ လက်ရှိ ကျား၊မ ရေးရာ တရားသေ မှတ်ယူထားသည်များကို အားမပေးမိရန် သတိပြုပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊ မ ရေးရာ သဘောကို သတိပြုမိရန်၊ ကျား၊မ ရေးရာဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် မီးမောင်းထိုးပြပါ။ ကျောင်းသားများအား မိမိတို့၏ အပြုအမူများကို ပြန်လည်သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ ကျောင်းသားများနှင့် ပြောဆို ဆွေးနွေးရာတွင် တန်းတူညီမျှမှု ရှိပါစေ။ ဥပမာ- မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူး အသိအမှတ်ပြု စကားပြောသောအခါ၊ မျက်လုံးချင်းဆုံကြည့်သောအခါ သို့မဟုတ် ကျောင်းသားအမည် များကို မှတ်မိအောင်ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ပို၍ နှုတ်ဆိတ်နေတတ်သော ကျောင်းသားဖြစ်ပါက ကျား၊မ မရွေးဘဲ အားပေးကူညီ ပံ့ပိုးပေးပါ။
- ကျားရော၊ မ ပါ ညီမျှစွာ ပါဝင်လုပ်ဆောင်မှုကို အထောက်အကူဖြစ်စေသော သင်ကြား သင်ယူမှု နည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်နည်းများ ဥပမာ- အုပ်စု လုပ်ငန်း၊ သရုပ်ဆောင် သင်ကြားသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်းများကို အသုံးပြုပါ။ ကျောင်းသား အားလုံး၏ သင်ယူမှုလိုအပ်ချက်များ၊ သင်ယူဟန်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျောင်းသားရော ကျောင်းသူများပါ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်း ပေးပါ။ တစ်ဦးတစ်ယောက်တည်းက လွှမ်းမိုးထားမှု မရှိအောင် လုပ်ငန်းများကို စီမံခန့်ခွဲပေးရပါမည်။
- ဘာသာရပ်တိုင်းတွင် ကျောင်းသားများက မိမိတို့၏ လုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး မျှော်မှန်းချက်များ ချမှတ်ရာတွင် ကျား နှင့် မ တန်းတူ ချမှတ်နိုင်ရန် ပြုလုပ်ပေးပါ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ထိုင်ခုံစီစဉ်ခြင်း၊ အတန်းကို အလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် ပြုမူဆောင်ရွက် ရပါမည်။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများ နှင့် တာဝန်ဝတ္တရားများမှ တစ်ဆင့် ကျား၊ မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့ အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊မအားလုံးပါဝင်သော စာသင်ခန်း ဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာစာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူတို့၏ ကျား၊မ တန်းတူ သာတူညီမျှကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊ မရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်း စဉ်းစားလုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

## သင်ကြားသင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမသိမ်း လိုက်နာလုပ်ဆောင်ရန် မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် လိုအပ်ချက်အရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်စာအုပ်တွင် အသုံးပြုထားပါသည်။ သင်၏သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို အဆင်ပြေအောင် ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြား သင်ယူမှု နည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာ နည်းလမ်းများကို ဉာဏ်ဖွင့် စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools သို့မဟုတ် အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှု အထောက်အထား မှတ်တမ်းများ (Portfolios)၊ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း (ဂျာနယ်)များပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ-ဖတ်ထားသော စာများအပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ- သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင် စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန် မှာကြားခြင်း။

## ဖြစ်ရပ် လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်နှင့် ဝေဖန်သုံးသပ် တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြသည်။ ထိုနောက် ဇာတ်ကွက်နှင့်ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင်တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။

## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)


ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသောလုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ-လက်တွေ့တန်းပြလေ့ကျင့်နေချိန် အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသောလုပ်ငန်းများ

သို့မဟုတ် သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲ အနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်းပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း (ကျူတိုရီရယ်များ)၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း(Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသောလုပ်ငန်း သို့မဟုတ် ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင်ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ဝေဖန်ချက်၊ မေးခွန်း သို့မဟုတ် အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသထားပြီး အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင် ရေးကြသည်။




## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကိုပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခု ဖြစ်သည်။ ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့်သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်စာအုပ်တွင် တွေ့ရပါမည်။


- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)**

  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင် ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန်အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြနိုင်သည်။ ခက်ခဲမှုအဆင့် အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စပြီး ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ သို့မဟုတ် ပိုမိုအသေးစိတ်သော အသိသညာများကို ကွန်ယက်ပုံစံဖြင့် ဆက်သွယ်သည်။ အောက်တွင်ရိုးရှင်းသော စိတ်ကူး ပုံဖော်ခြင်းကို တင်ပြထားပါသည်။



- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**

မတူသော အကြောင်းအရာသို့မဟုတ် စိတ်ကူးနှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn ပုံစံကားချပ်ကိုသုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က)နှင့် (ခ)တို့၏ တူနေသော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသော နေရာများမှာ (က) နှင့် (ခ) တို့၏သီးသန့် ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။




- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**

ဤနည်းလမ်းသည် ယူနစ်တစ်ခု၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲ၊ သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကိုစုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသော အချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives) ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း သို့မဟုတ် တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ သို့မဟုတ် အခန်း(unit) ကို မသင်မီ ကျောင်းသားများအား ပထမကော်လံနှစ်ခုတွင် မိမိတို့သိပြီး သည့် အကြောင်းအရာနှင့် သိလိုသော အကြောင်းအရာများကိုဖြည့်ပါစေ။ သင်ခန်းစာ သို့မဟုတ် အခန်း (unit)ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော<br>အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**

 တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ- ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ သို့မဟုတ် မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် ၁ | ခေါင်းစဉ် ၂ |
| --- | --- |
| | |

**အုပ်စုလုပ်ငန်း (Group work)**

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကိုဆိုလိုသည်။ ဥပမာ - အောက်တွင် ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွစွာသင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ကျွမ်းကျင်မှုများကိုလေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှု လုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြုပ်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ-မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

**ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)**

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းကို ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်း ပြန်လည်သင်ပြပေးရသော

လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို တွေ့မြင်နိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့် အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသောကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန်လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း(Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွား ဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ်အတောအတွင်း သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကိုဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့် လည်းကောင်း သို့မဟုတ် ကျောင်းသားအားအကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း ပါဝင်ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး သို့မဟုတ် ကျောင်းသားအုပ်စုငယ်တစ်ခုသည် ၎င်းတို့အချင်းချင်း သင်ခန်းစာအားလုံး သို့မဟုတ် အစိတ်အပိုင်းကို သင်ကြားကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူတတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာအသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်ထင်ဟပ်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုသည် လက်တွေ့ပြုလုပ်ရန် သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများ

အတွက်ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများအဓိက သင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ- အဖွင့်မေးခွန်းများမေးခြင်း သို့မဟုတ် ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြု သုံးသပ်ချက်များ ပံ့ပိုးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက အသိပညာအသစ် သို့မဟုတ် ချဉ်းကပ်နည်း အသစ်တစ်ခုကို လေ့လာကြည့်ရှုသင်ယူနိုင်ရန် ဆရာက နမူနာ သင်ပြခြင်းဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် သင်နစ်သက်သော သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းတစ်ခုကို နှုတ်ကပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းကို မည်သို့တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်း က သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးကောလိပ် ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့သင်ကြားပို့ချမည့် အခြေခံပညာ ကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည်အချင်းချင်း သို့မဟုတ် ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို အဓိပ္ပာယ်ရှိစေရန် ပုံစံချထား သည့် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့ စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့်

လက်တွေ့အကြား ဆက်စပ်မှုပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင်လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ ဥပမာ- သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုနှင့် ကျောင်းသားများ ဦးဆောင်ခြင်း သို့မဟုတ် ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ ဥပမာ- သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုနှင့် ထိုလုပ်ငန်း ပြုလုပ်ရန်လိုအပ်သော လုပ်ငန်းပေးစာရွက်တို့ ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်း အမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့သင်ယူ တတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာတစ်ပုဒ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား အဓိပ္ပာယ်ဖွင့်ဆိုပြီး ခွဲခြမ်းစိတ်ဖြာလေ့လာသော အုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများ အနေဖြင့် စာဖတ်အုပ်စုသို့မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြသည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရပ်ဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင်ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေးသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု သို့မဟုတ် ရေးသားသည့်နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန် ပြောဆိုဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ရင်း အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့် ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းက ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှု အခက်အခဲများအကြား အလုပ်လုပ်ရန် သို့မဟုတ် တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအားကြီးကြပ်လမ်းညွှန်သူတစ်ဦး အနေဖြင့် သဘောထားလျက် ၎င်းတို့ကိုယ်တိုင် သင်ယူမှုများအတွက် တာဝန်ယူကြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကိုပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်းရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေးအထူးပြု နယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်းပါဝင်သည်။

## နီးနှောဖလှယ်ပွဲများ (Seminars)

နီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ်ဆွေးနွေးကြသည်။ အမြင်များအပေါ် အချေအတင် ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာလေ့လာကြသည်။ ကျောင်းသားများသည်နီးနှောဖလှယ်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် သို့မဟုတ် ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နီးနှောဖလှယ်ပွဲကို

ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန် မျှော်လင့်ထားရပါမည်။ နီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများကို ပိုမိုလေးနက်စွာစဉ်းစားခြင်း ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

### တွေး၊ တွဲ၊ မျှဝေသင်ယူခြင်း (Think-Pair-Share)

တွေး၊ တွဲ၊ မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကိုဖြေရန် သို့မဟုတ် ပြဿနာတစ်ခုကိုဖြေရှင်းရန် အတူတကွဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး၊ တွဲ၊ မျှဝေခြင်းကို အသုံးပြုရန်အောက်ပါအဆင့်များကိုဆောင်ရွက်ပါ။

၁။ တွေးပါ။ ။သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုမေးခွန်းနှင့်ပတ်သက်ပြီး ၎င်းတို့သိထားပြီးသော သို့မဟုတ် သင်ယူခဲ့ပြီးသောအကြောင်းကို စဉ်းစားပါစေ။

၂။ ယှဉ်တွဲပါ။ ။အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ပါစေ။

၃။ မျှဝေပါ။ ။မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်အတွင်းမျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

### အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေး သင်ကြားခြင်းသည် ဆရာနှင့်ကျောင်းသားတစ်ဦးချင်း သို့မဟုတ် ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ်ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု သို့မဟုတ် ပညာရပ်ဆိုင်ရာ ကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာ အကြောင်းအရာနှင့်ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများအသုံးပြုခြင်း (Virtual learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့်ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲ၊ သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန် စာအုပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှုအမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏သင်ယူမှုကို နှုတ်အားဖြင့် သို့မဟုတ် စာအားဖြင့် အကဲဖြတ် သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသော အပိုင်းဖြစ်ကြောင်း သတိထားရန်ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက် ပေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုတိုးတက်လာခြင်းနှင့် အနာဂတ်လုပ်ငန်းအပေါ် ကူညီထောက်ပံ့

နိုင်ခြင်းကို ပေးသည်။ သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း သို့မဟုတ် စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့်စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း မတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

**ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများမှာ- သရုပ်ပြသင်ကြားခြင်း (Demonstration)**

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအား ပြသစေခြင်းဖြစ်သည်။ ဥပမာ- ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့် တစ်ဆင့် သို့မဟုတ် ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှုတိုးတက်စေရန်ကူညီထောက်ပံ့ပေးသည်။

**အိမ်စာအလုပ်ပေးခြင်း (Homework assignments)**

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီးမေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်း ဖတ်စရာများ ဖတ်စေခြင်းစသည့် အိမ်စာလုပ်ငန်းပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ သင်ယူမှုလမ်းကြောင်း မှန်ကန်ခြင်း ရှိ၊ မရှိ ကို ကြီးကြပ်ပေးသော နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ ပေးသောအိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

**နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)**

ကျောင်းသားများက မိမိတို့၏ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း(ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦး

ဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို ထင်ဟပ်သုံးသပ်ခြင်းအားဖြင့် မိမိတို့၏သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်း စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် ထင်ဟပ်သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်ထင်ဟပ် စဉ်းစားခြင်းစာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင်သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် - အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှုရှိပါသလားဆိုသည်ကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏ အဖြေများ သို့မဟုတ် တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ ပုံစံ (Checklist) သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသောစာရင်း/ ပုံစံ (Criteria) ကိုအသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ်အခြေခံပြီး တုံ့ပြန်သုံးသပ်ချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း(Peer Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း သို့မဟုတ် အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းဟုခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များအပေါ်အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန်အချက်များပါသော စာရင်း (Checklist) သို့မဟုတ် အမှတ်ပေးစံများပါသော ဇယား(Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများ အချင်းချင်း အပြန်အလှန်

ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

**တင်ပြခြင်း (Presentation)**

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင်တင်ပြစေခြင်းသည် နားလည်မှုကိုစစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်းဖြစ်သည်။

**စီမံချက်များ (Projects)**

စီမံချက်များသည် ကျောင်းသားများ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများ ဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှတဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု သို့မဟုတ် နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ ပရောဂျက်တစ်ခုပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အမှတ်ပေးစံများပါသောဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ထောက်ပံ့ပေးကြရန် မေတ္တာရပ်ခံပါသည်။

**အမေးအဖြေများ (Question and answer)**

ကျောင်းသားများသည် သင်ယူနေသောအကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည် မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော

အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့်မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်းအနေဖြင့် သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကိုစစ်ဆေး အကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား၎င်းတို့လုပ်ဆောင်ရမည့်လုပ်ငန်း သို့မဟုတ် တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ်စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသ ပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

## ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်ယူရမည်များ (ဘာသာရပ်) ကို သင်ယူနေစဉ်အတွင်း သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများကို ပြန်လည် ထင်ဟပ်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက် အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှု နည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါ သင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည် ဆိုသည်နှင့်ပတ်သက်၍ ဆရာသည် သေချာစွာ ဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

**အောက်ဖော်ပြပါ အချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူဖြစ်စေရန် အကူအညီပေးနိုင်ရေးအတွက် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။**

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကိုလုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကိုရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် ၅၀ စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာသင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများအနေဖြင့် သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှု စွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန်ကို ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။

- အကြောင်းအရာကို မည်သို့သင်ကြားပို့ချပေးမည်ဆိုသည်နှင့် သင်ယူမှုလုပ်ငန်းများကို မည်သို့ဆောင်ရွက်မည်ဆိုသည့်အချက်နှင့်ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်စာအုပ်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် အကြံပြုထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။

- သင်ယူမှု လုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်ပြင်ဆင်၍ဖြစ်စေ၊ လက်ကမ်းစာစောင်အနေဖြင့်ဖြစ်စေ၊ သင်ပုန်းပေါ်တွင် စာဖြင့်ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများ အားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့် ရေးပါ။

- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့် ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည့်အရာအား ပြုလုပ်ရမည်ဆိုသည်ကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို မိတ်ဆွေတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အားတောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအား ကျောင်းသားများ အဖြစ် ပါဝင်စေပြီး အချိန်တို သရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့် အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာတွေ့မြင်နိုင်စေမည်ဖြစ်သည်။

- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခုပြုလုပ် ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့) လုပ်ငန်းအပြီး ရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်း ပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထား သင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက်ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်း တစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို အသုံးပြုနိုင်မည်ဆိုပါက များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

- လုပ်ဆောင်ရန် ညွှန်ကြားထားသော အလုပ်များကို ကျောင်းသားများ လုပ်ဆောင်နိုင်ရန် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။

- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသောညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။

- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တို သရုပ်ဆောင်သင်ကြား သင်ယူခြင်းနည်း (short role-play)ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။

- အတန်းမစမီ သင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။

- သင်ယူမှုလုပ်ငန်းအား မည်သို့ ပြုလုပ်ရမည်ဆိုသောညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့ နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။

- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ သို့မဟုတ် ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ဟု ယူဆရသောလက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန်ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီ ခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။

- စာသင်ခန်း၏နေရာအနှံ့ လှည့်လည်သွားလာပြီး အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါသည်။
  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
  - ကျောင်းသားများတွင် သင်ယူမှု လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံးရှိနေကြောင်း သေချာပါစေ။
  - ကျောင်းသားများသည် သင်ယူမှု လုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ၊ မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်း စုံစမ်းသိရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန်ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။
- သင်ခန်းစာများရှေ့မဆက်မီ "ရပ်တန့်ပါ၊ စဉ်းစားပါ" ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကို ရစေပြီး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ်ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာသင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီ အောင် မည်သို့ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။
- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော သို့မဟုတ် ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။
- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်းအားပေးနိုင်သည်။

- ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်း ပြုလုပ်ချိန်အတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှ ရှင်းလင်းပေးရန်ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့် ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန်ညွှန်ကြားပါ။

- ကျောင်းသား တစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း သို့မဟုတ် အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ဝေမျှပေးလိုက်သော အကြောင်းအရာများမှ အတန်းသို့ အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု သို့မဟုတ် နှစ်ခုကိုရွေးချယ်ပါ။ သင်ရွေးချယ်သောအချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန်ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏ အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့်ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

## ဇယား (ခ)။ ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်၊ ပညာရေးဘာသာရပ် မာတိကာအကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| ၆။ မြန်မာနိုင်ငံ ပညာရေး စနစ်များ၊ မူဝါဒများနှင့် အလားအလာ များအကြောင်း ခြုံငုံသုံးသပ်ချက် | ၆.၁။ မြန်မာနိုင်ငံ ပညာရေးစနစ် အကြောင်း ခြုံငုံသုံးသပ်ချက် | ၆.၁.၁။ မြန်မာနိုင်ငံ ပညာရေးစနစ် ဖွဲ့စည်းတည် ဆောက်ပုံ | • ပညာရေးစနစ်ကို အဓိပ္ပာယ်သတ်မှတ် ဖွင့်ဆိုတတ်မည်။<br>• မြန်မာနိုင်ငံကျောင်း သင်ပညာရေးစနစ်တွင် ဖွဲ့စည်းပါဝင်နေသည့် အစိတ်အပိုင်းများကို ဖော်ပြတတ်မည်။<br>• မြန်မာနိုင်ငံ အမျိုးသား ပညာရေးစနစ်များ တွေ့ကြုံနေရသည့် အဓိက စိန်ခေါ်မှုများကို ဖော်ပြတတ်လာပြီး (NESP) တွင် သတ်မှတ် ဖော်ပြထား သည့် ပညာရေးပြုပြင် ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာများ အကြောင်းကို ရှင်းပြ တတ်မည်။ | က (၁.၁)<br>က (၄.၁)<br>ခ (၄.၁)<br>ဂ (၂.၁)<br>ဂ (၃.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်နှင့် အသွင်ကူးပြောင်းရေး အဆင့် (၉) ဆင့်ကို ဖော်ပြတတ်မည်။<br><br>• သူငယ်တန်း + (၁၂) တန်း အခြေခံပညာရေး စနစ်တွင် လိုအပ်သည့် အသွင်ကူးပြောင်းရေး အဆင့်ဆင့်တို့ကို ပေါ်လွင်သော ဥပမာများပေး၍ ရှင်းပြတတ်မည်။ | | |
| | | ၆.၁.၂။ ပညာရေး၏ ရည်ရွယ်ချက် | • လူမှုဘဝ တိုးတက် မြင့်မားရေး၊ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု စသည်တို့၏ အဓိပ္ပာယ်ကို ရှင်းပြ တတ်မည်။<br><br>• ပညာရေးဖြင့် လူမှုဘဝ တိုးတက်မြင့်မားရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုတည်ဆောက် နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ကြောင်း နှင့်သက္ကရာဇ် ၂၀၂၃ ၌ မြန်မာနိုင်ငံကို ဝင်ငွေ အတန်အသင့် မြင့်မား သော နိုင်ငံတစ်ခု ဖြစ်လာစေရေး | ဂ (၂.၁)<br>ဂ (၃.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • အမျိုးသား ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပညာရေး၏ အရေးပါမှုကို ရှင်းပြတတ်မည်။<br><br>• အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (NESP)ကို အကောင်အထည်ဖော်ရာ၌ ဆရာများအနေနှင့် ပါဝင်အားဖြည့်ဆောင်ရွက်ရန်လိုအပ်သည့် နည်းလမ်းများကို သတ်မှတ်ဖော်ပြတတ်မည်။<br><br>• မိမိရပ်ရွာဒေသ ဝန်းကျင်အလိုက် ပြောင်းလဲရန် လိုအပ်နေသော မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အဓိကကျသည့် အယူအဆ (၃) ရပ် (ပညာသင်ယူရန် လက်လှမ်းမီစေခြင်း၊ ပညာအရည်အသွေး ကောင်းမွန်စေခြင်းနှင့် သာတူညီမျှ ပညာသင်ယူခွင့်ရှိစေခြင်း) တို့အကြောင်း ရှင်းပြတတ်မည်။ | | |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာတတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၌ တက်ကြွစွာပါဝင် အားဖြည့် ဆောင်ရွက်နိုင်ရန်အတွက် သင်ကြားရေးဆိုင်ရာ ရည်မှန်းချက် အနည်းဆုံး (၃)ခုကို မိမိထင်မြင်ချက်အရ ရှာဖွေ သတ်မှတ်တတ်မည်။ | | |
| | ၆.၂။ ပညာသင်ယူခွင့် | ၆.၂.၁။ ပညာရေး စတင် ပေါ်ပေါက်လာပုံ | • 'အားလုံးအတွက် ပညာရေး'ဟူသော အယူအဆမည်သို့ ပေါ်ပေါက်လာကြောင်း ရှင်းပြတတ်မည်။ | ခ (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁) | ၂ |
| | | ၆.၂.၂။ ကျွန်ုပ်တို့၏ ကမ္ဘာကို အသွင် ပြောင်းလဲခြင်း - သက္ကရာဇ်၂၀၃၀ ၌ ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှု ရရှိစေရေး လုပ်ငန်းအစီအစဉ် | • အားလုံးအတွက် ပညာရေးသည် အဘယ်ကြောင့် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်ဖြစ်လာရကြောင်း နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး အတွက်လည်း မည်သို့ ပါဝင်ပံ့ပိုး အားဖြည့်ပေးနိုင်ကြောင်းကိုအခိုင် အမာ အဆိုပြုတင်ပြ တတ်မည်။<br>• ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှုရရှိရေး ရည်မှန်းချက်များ၏ တန်ဖိုးကို သိရှိပြီး မြန်မာနိုင်ငံ၏ ပညာရေး စနစ်က ထိုရည်မှန်းချက်များ ရရှိနိုင်ရန် မည်သို့ အထောက်အပံ့ပြုနိုင် ကြောင်း သုံးသပ် တတ်မည်။ | ခ (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၆.၃။ ကလေးငယ်များ၏ ရှေးဦးအရွယ် အရေးပါပုံ | ၆.၃.၁။ ကလေးငယ်ဘဝ ကစားခြင်းနည်းဖြင့် သင်ယူခြင်း | • သင်ယူမှုသည် သဘာဝအားဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်ကဲ့သို့ ပေါ်ပေါက်လာတတ်ကြောင်း ဥပမာများ ပေးတတ်မည်။<br>• ရှေးဦးအရွယ် ကလေးသူငယ်များ၏ ပညာရေးသည် အဘယ်ကြောင့် အရေးပါကြောင်း ရှင်းပြတတ်မည်။<br>• ကစားခြင်းနှင့် ဆရာ့လမ်းညွှန်မှုဖြင့် စူးစမ်းလေ့လာခြင်းတို့ကို သူငယ်တန်း သင်ကြားရေးနည်းများထဲသို့ မည်သို့ထည့်သွင်း ပါဝင်စေသင့်ပုံကို ဆွေးနွေးတတ်မည်။ | က (၁.၁)<br>က (၄.၁)<br>ခ (၁.၁)<br>ဃ (၁.၁)<br>ဃ (၃.၁) | ၂ |
| | ၆.၄။ သူငယ်တန်း အဆင့်နှင့် အခြေခံပညာ သင်ရိုးညွှန်းတမ်း မူဘောင်များ | ၆.၄.၁။ သူငယ်တန်း အဆင့် သင်ရိုးညွှန်းတမ်း မိတ်ဆက်နှင့် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှု | • သူငယ်တန်း၏ အဓိပ္ပာယ်ကို ဖွင့်ဆို ရှင်းပြတတ်မည်။<br>• သူငယ်တန်း၏ အရေးပါပုံနှင့် သူငယ်တန်း ကျောင်းသား ကလေးငယ်များ၏ ဘက်စုံဖွံ့ဖြိုးမှုအတွက် ဘက်စုံထောင့်စုံမှ ချဉ်းကပ်ထားသော ပေါင်းစပ်သင်ကြားနည်းကို အသုံးပြုကာ မည်သို့ ကူညီလမ်းညွှန်ပေးနိုင်ကြောင်း ရှင်းပြတတ်မည်။ | က (၁.၁)<br>က (၄.၁)<br>ခ (၁.၁)<br>ဃ (၁.၁)<br>ဃ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၆.၄.၂။ ဘက်စုံပေါင်းစပ် ချဉ်းကပ်နည်းဖြင့် ရေးဆွဲထားသော သူငယ်တန်း သင်ခန်းစာများကို လေ့လာခြင်း | • သင်ခန်းစာပြင်ဆင်မှု တစ်ခုတည်းမှ ဘက်စုံ ပေါင်းစပ်ထားသော ချဉ်းကပ် သင်ကြား နည်းကို ပြသသည့် အစိတ်အပိုင်းများကို သတ်မှတ်ဖော်ထုတ် ပြတတ်မည်။ (ဘက်စုံ ပေါင်းစပ်ထားသော ဘာသာရပ်များ၊ ကလေးများကို လက်တွေ့ အတွေ့အကြုံ များမှ သင်ယူစေခြင်း၊ ကလေးငယ်များကို ဘက်စုံဖွံ့ဖြိုးလာ အောင်သင်ကြား ပျိုးထောင်ပေးရမည့် သင်ယူသူများအဖြစ် ရှုမြင်ထားခြင်း) | က (၁.၁)<br>က (၄.၁)<br>ခ (၁.၁)<br>ဃ (၁.၁)<br>ဃ (၃.၁) | ၂ |
| | ၆.၅။ နှစ်ဆယ့်တစ် ရာစု သင်ယူသူ များ၊ သင်ကြား သူများနှင့် ဆရာ အတတ်သင် ပညာရေး | ၆.၅.၁။ နှစ်ဆယ့် တစ်ရာစု ကျွမ်းကျင်မှုများ နှင့် ယင်းတို့၏ အရေးပါပုံ | • (၂၁) ရာစုခေတ် ဆရာ များ၌ ရှိသင့်သည့် ကျွမ်းကျင်မှုများကို ရှင်းပြတတ်လာပြီး ကျွမ်းကျင်မှုနှင့် သိမှုတို့ ကွာခြားပုံကို ရှင်းပြ တတ်မည်။<br>• ယခင်ရာစုနှစ်များတွင် သုံးခဲ့သည့် သင်ယူမှု၊ သင်ကြားမှုပုံစံနှင့် ယခု (၂၁) ရာစုတွင် သုံးနေ သည့် သင်ယူမှု၊ သင်ကြားမှုပုံစံတို့ အဘယ်ကြောင့် ခြားနား ရကြောင်းသိသာစေ မည့် ဥပမာများပေး၍ ရှင်းပြတတ်မည်။ | ခ (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၆.၅.၂။ နှစ်ဆယ့် တစ်ရာစု ကျွမ်းကျင်မှုများ - ဆရာတို့အတွက် ရင်းမြစ်ပစ္စည်းများ | • မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်အကြို ဆရာများနှင့် လုပ်ငန်းခွင်တွင်းမှ တာဝန်ထမ်းဆောင် နေသည့် ဆရာများ အတွက် (၂၁) ရာစု ကျွမ်းကျင်မှုများ ရရှိအောင် မြှင့်တင်ပေး ရာတွင် ရရှိသုံးစွဲနိုင် သော ရင်းမြစ်ပစ္စည်း များ ရှိကြောင်း သတိပြုတတ်မည်။ | ခ (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁) | ၂ |
| ၇။ ပညာရေး သဘောတရား အတွေးအခေါ် | ၇.၁။ ပညာရေး သဘောတရားနှင့် သင်ကြားရေး၌ ၎င်း၏ အသုံးဝင်ပုံများ | ၇.၁.၁။ ပညာရေး သဘောတရား ဆိုသည်မှာ အဘယ်နည်း။ | • ပညာရေး သဘော တရား၏ အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆို တတ်လာပြီး ပညာရေး လုပ်ငန်းအလေ့အကျင့် များအတွက် ပညာရေး သဘောတရားက မည်သို့သော အသိ ပညာများကို ပံ့ပိုးပေး နိုင်ကြောင်း ဖော်ပြ တတ်မည်။ | က (၁.၁)<br>ခ (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • အဓိကကျသော ပညာရေးသဘောတရား(၃) ရပ် အကြောင်း ရှင်းလင်းပြတတ်ပြီး ၎င်းတို့တစ်ခုနှင့် တစ်ခု အကြားတူညီချက်၊ ခြားနားချက်တို့ကို နှိုင်းယှဉ်ဖော်ပြတတ်မည်။ (ကျောင်းသားဗဟိုပြု သဘောတရား၊ ဆရာဗဟိုပြု သဘောတရားနှင့် လူ့အဖွဲ့အစည်းဗဟိုပြု သဘောတရားများ) | | |
| | | ၇.၁.၂။ မိမိကိုယ်ပိုင် သင်ကြားရေးအတွေးအခေါ်ကို ပြုစုပုံဖော်ခြင်း ဖွံ့ဖြိုးစေခြင်း | • ဆရာတစ်ဦးချင်းစီ အနေနှင့် မိမိ၏ သင်ကြားမှု အလေ့အကျင့်များကို ဆက်လက်တိုးတက်ကောင်းမွန်နေစေရန် ပြန်လည်စိစစ်သုံးသပ်ခြင်း အလေ့အကျင့်ကို မွေးမြူကျင့်သုံးတတ်မည်။ | က (၁.၁)<br>ခ (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၃ |
| | ၇.၂။ မြန်မာ့ပညာရေး ခေတ်အဆက်ဆက် အကြောင်း | ၇.၂.၁။ ကျောင်းသင်ပညာရေး ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း | • လူ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်၌ သင်ယူမှုလုပ်ငန်းသည် မည်သည့် နေရာမှစ၍ မည်သို့ ပေါ်ပေါက်လာပုံကို ရှင်းပြတတ်မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • ပညာရေး သမိုင်းကြောင်း (ကမ္ဘာ့ပညာရေးသမိုင်းကြောင်းနှင့် မြန်မာ့ပညာရေး သမိုင်းကြောင်း) တို့မှ အရေးပါသော အဆင့်များကို အနှစ်ချုပ် ဖော်ပြတတ်မည်။<br><br>• ရာစုနှစ်များ တစ်လျှောက် ပေါ် ပေါက်ခဲ့သောပညာရေး လုပ်ငန်းများ၏ ထိရောက်မှုအကြောင်း ကို ကနဦး ထင်မြင် ချက်ပေးတတ်မည်။ | | |
| | | ၇.၂.၂။ မြန်မာ့ ပညာရေး သမိုင်း ကြောင်းအကျဉ်း | • လူ့ယဉ်ကျေးမှု သမိုင်းစဉ် တစ်လျှောက်၌ သင်ယူမှုလုပ်ငန်း သည် မည်သည့် နေရာမှစ၍ မည်သို့ ပေါ်ပေါက်လာပုံကို ရှင်းပြတတ်မည်။<br><br>• ပညာရေး သမိုင်း ကြောင်း (ကမ္ဘာ့ ပညာရေး သမိုင်း ကြောင်းနှင့် မြန်မာ့ ပညာရေး သမိုင်း ကြောင်း) တို့မှ အရေး ပါသော အဆင့်များကို အနှစ်ချုပ် ဖော်ပြတတ် မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • ရာစုနှစ်များတစ်လျှောက် ပေါ်ပေါက်ခဲ့သော ပညာရေးလုပ်ငန်းများ၏ ထိရောက်မှုအကြောင်းကို ကနဦး ထင်မြင်ချက်ပေးတတ်မည်။ | | |
| | ၇.၃။ သင်ကြားခြင်းအနုပညာနှင့် သင်ကြားခြင်းအတတ်ပညာ | ၇.၃.၁။ တစ်ဆင့်ပြီး တစ်ဆင့် ဆင့်ကဲ သင်ယူမှုသည် ကျောင်းသားများအတွက် သင်ယူမှုလှေကားထစ်များ ဖြစ်ခြင်း | • တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲ သင်ယူစေခြင်းအားဖြင့် ကျောင်းသားများ၏ သင်ယူမှုအတွေ့အကြုံများကို တစ်ဆင့်နှင့်တစ်ဆင့် တစ်ခုနှင့်တစ်ခု ငြမ်းဆင် ဆက်စပ်ပေးရန် လိုအပ်ကြောင်း သိရှိနားလည်လာမည်။ | က (၁.၁)<br>ဃ (၁.၁) | ၂ |
| | | ၇.၃.၂။ ကျောင်းသားများ၏ ယခင်ရှိရင်းစွဲစိတ်ကူးအယူအဆများနှင့် စိတ်ကူးပုံရိပ်များကို အသုံးပြု၍ သင်ကြားပေးခြင်း | • အကြောင်းအရာသစ်များကို သင်ကြားရာတွင် ကျောင်းသားများ၏ ယခင်ရှိပြီး စိတ်ကူးစိတ်သန်းများပေါ်၌ အခြေခံကာ ၎င်းတို့နှင့် အကြောင်းအရာသစ်ကို ဆက်စပ်၍ နားလည်အောင် သင်ကြားပေးတတ်မည်။ | က (၁.၁)<br>ဃ (၁.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • ကျောင်းသားများ၏ အတွင်းစိတ်သဏ္ဌာန်၌ စိတ်ကူးပုံရိပ် (Mental Models) ပေါ်ပေါက်လာပုံ ပုံစံအမျိုးမျိုး တို့၏ အရေးပါမှုကို သိရှိနားလည်ပြီး အကြောင်းအရာသစ် တစ်ခုကို သင်ယူရာ၌ ၎င်းတို့သည် မည်ကဲ့သို့ အထောက်အကူဖြစ်စေသည် သို့မဟုတ် အဟန့်အတားပြုစေသည်ကို သိရှိနားလည်လာမည်။ | | |
| ၈။ ပညာရေး စိတ်ပညာ | ၈.၁။ ပညာရေး စိတ်ပညာ အကြောင်းနှင့် သင်ကြားရေး၌ ပညာရေး စိတ်ပညာကို အသုံးချနိုင်ပုံ အကြောင်း သိရှိနားလည်ခြင်း | ၈.၁.၁။ ပညာရေး စိတ်ပညာ ဆိုသည်မှာ အဘယ်နည်း။ | • ပညာရေးစိတ်ပညာ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင် စကားလုံးများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။<br>• ပညာရေး စိတ်ပညာက သင်ယူမှုသင်ကြားမှုနှင့် စပ်လျဉ်းသည့် အသိပညာများကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင်ကြောင်း ရှင်းပြတတ်မည်။<br>• သင်ကြားမှု သင်ယူမှု များ၌ ထင်ဟပ်နေသော ပညာရေးစိတ်ပညာ၏ သဘော သဘာဝကို လေ့လာ၍ ထိုသဘော သဘာဝကို သင်ကြားမှု ထိရောက်အောင်မြင်ရေး၌ မည်ကဲ့သို့ အသုံး ပြုနိုင်ကြောင်း စူးစမ်း လေ့လာတတ်မည်။ | က (၁.၁)<br>ခ (၂.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၈.၁.၂။ 'နားလည်ခြင်း' ဖြစ်ပေါ်လာပုံကို သဘောပေါက် နားလည်ခြင်း | • ပညာရေး စိတ်ပညာ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင် စကားလုံးများဖြင့် အဓိပ္ပာယ် ဖွင့်ဆို တတ်မည်။<br><br>• ပညာရေး စိတ်ပညာက သင်ယူမှုသင်ကြားမှုနှင့် စပ်လျဉ်းသည့် အသိ ပညာများကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင်ကြောင်း ရှင်းပြတတ်မည်။<br><br>• သင်ကြားမှု သင်ယူမှု များ၌ ထင်ဟပ်နေ သော ပညာရေး စိတ်ပညာ၏ သဘော သဘာဝကို လေ့လာ၍ ထိုသဘောသဘာဝကို သင်ကြားမှု ထိရောက် အောင်မြင်ရေး၌ မည်သို့အသုံးပြုနိုင် ကြောင်း စူးစမ်း လေ့လာတတ်မည်။ | က (၁.၁)<br>ခ (၂.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၃ |
| | ၈.၂။ ပညာရေး စိတ်ပညာ ယခင်နှင့် ယခု | ၈.၂.၁။ ပညာရေး စိတ်ပညာ၏ အဓိကကျသော အတွေးအမြင်/ ရှုထောင့်များ | • ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်ကို သိရှိဖော်ပြတတ် မည်။<br><br>• ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်တွင် ပါဝင်သည့် အရေးပါသော စိတ်ကူး စိတ်သန်း အယူအဆ များကို ဖော်ပြတတ်မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၄ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၈.၂.၂။ ပညာရေးလုပ်ငန်းတွင် တွေ့ရသော စိတ်ပညာဆိုင်ရာ အတွေးအမြင်/ ရှုထောင့်များ အကြောင်း ဆွေးနွေးခြင်း | • ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်ကို သိရှိဖော်ပြ တတ်မည်။<br><br>• ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်တွင် ပါဝင်သည့် အရေးပါသော စိတ်ကူး စိတ်သန်း အယူအဆ များကို ဖော်ပြတတ် မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |
| | ၈.၃။ စကင်နာနှင့် ပီယာဂျေး | ၈.၃.၁။ အပြုအမူ ပုံသွင်းခြင်း ပဓာန အယူအဆနှင့် သိမှုဖွံ့ဖြိုးခြင်း ပဓာနအယူအဆ | • စကင်နာ (Skinner) နှင့် ပီယာဂျေး (Piaget) တို့၏ ဆောင်ရွက်ချက်၊ တွေ့ရှိချက်များကို အနှစ်ချုပ် ဖော်ပြ တတ်မည်။<br><br>• စကင်နာနှင့် ပီယာဂျေး တို့၏ သီအိုရီများကို ၎င်းတို့နှစ်ခုကြားရှိ တူညီချက်များနှင့် ခြားနားချက်များအား ရှာဖွေ၍ နှိုင်းယှဉ် လေ့လာပြီး ထိုသီအိုရီ များသည် ယနေ့ခေတ် သင်ယူမှု သင်ကြားမှု များအတွက် ကိုက်ညီ ဆီလျော်မှုရှိကြောင်း ဆွေးနွေးတတ်မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၈.၃.၂။ ပီယာဂျေး၏ သိမှုဖွံ့ဖြိုးလာပုံ အဆင့် (၄) ဆင့် | • ပီယာဂျေး၏ ကလေးတို့၏ သိမှုဖွံ့ဖြိုးလာပုံ အဆင့် (၄) ဆင့် အကြောင်းကို လေ့လာသုံးသပ်ပြီး ၎င်းအယူအဆက အတန်းတစ်ခုတည်း၌ အသက်အရွယ်မတူသော ကလေးများကို ယှဉ်တွဲသင်ကြားရာတွင် လည်းကောင်း၊ အရွယ်ရောက်ပြီးသူများအား သင်ကြားရာတွင် လည်းကောင်း မည်သို့ အထောက်အကူပြုနိုင်ကြောင်း တွေးတောကြံဆတတ်မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |
| | ၈.၄။ စေ့ဆော်မှု | ၈.၄.၁။ လူတို့၏ အပြုအမူကို တွန်းအားပေးနေသည့် စေ့ဆော်မှု | • မူလစေ့ဆော်မှုနှင့် ဒုတိယအဆင့် စေ့ဆော်မှုတို့အကြား၊ စိတ်တွင်း စေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှုတို့အကြား တူညီချက် ခြားနားချက်များကို နှိုင်းယှဉ်လေ့လာတတ်မည်။<br><br>• စေ့ဆော်မှုက သင်ယူမှုအပေါ် မည်သို့သက်ရောက်လွှမ်းမိုးမှု ရှိနိုင်ပုံကို ရှင်းလင်းဖော်ပြတတ်မည်။ | က (၁.၁)<br>ဃ (၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၈.၄.၂။ စိတ်တွင်း စေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှု | • မိမိလက်တွေ့ဘဝနှင့် မိမိအလေ့အထများ ထဲမှ ဥပမာအချို့ကို ပေး၍ စေ့ဆော်မှု သံသရာလည်ပုံကို ရှင်းပြတတ်မည်။<br>• စေ့ဆော်မှုက သင်ယူမှုအပေါ်မည်သို့ သက်ရောက်လွှမ်းမိုးမှု ရှိနိုင်ပုံကို ရှင်းလင်း ဖော်ပြတတ်မည်။ | က (၁.၁)<br>ဃ (၁.၁) | ၂ |
| | | ၈.၄.၃။ Ciskszentimihalyi နှင့် စီးမျော မွေ့လျော်ခြင်း စိတ်ပိုင်းဆိုင်ရာ အခြေအနေ | • အမြင့်မားဆုံးသော အဆုံးစွန် စေ့ဆော်မှု ပေါ်ပေါက်နေသည့် စိတ်အခြေအနေ သို့မဟုတ် စီးမျော မွေ့လျော်ခြင်း (Flow) သဘောတရားကို သိရှိနားလည်ပြီး ထိုစိတ်အခြေအနေမျိုး ဖြစ်ပေါ်စေမည့် ပတ်ဝန်းကျင် အခြေအနေများနှင့် ၎င်းတွင် ပေါင်းစပ်ဖွဲ့ စည်း ပါဝင်နေသည့် အစိတ်အပိုင်းများကို သတ်မှတ်ဖော်ပြ တတ်မည်။ | က (၁.၁)<br>ဃ (၁.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာတတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၈.၅။ လူမှုဆက်ဆံရေး နယ်ပယ်၌ စိတ်လှုပ်ရှား ခံစားမှု ကောင်းမွန်ခြင်းနှင့် စိတ်ကျန်းမာရေး ပြည့်စုံခြင်း တို့က သင်ယူမှုအပေါ် သက်ရောက် လွှမ်းမိုးပုံ | ၈.၅.၁။ မာ့စ်လို၏ လူတို့လိုအင် အဆင့်ဆင့်သီအိုရီ | • မာ့စ်လို၏ လူတို့လိုအင် အဆင့်ဆင့် သီအိုရီကို အနှစ်ချုပ် ဖော်ပြတတ်မည်။<br>• သင်ယူမှုဝန်းကျင် တစ်ခု ဖန်တီးဖော် ဆောင်ရာ၌ လူတို့ လိုအင်အဆင့်ဆင့်ပြ သရုပ်ဖော် ပိရမစ်ပုံစံပါ သဘောတရားများကို အသုံးချတတ်မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |
| | | ၈.၅.၂။ ရုပ်ပိုင်း ကြံ့ခိုင်မှု+ ပေါင်းသင်း ဆက်ဆံရေး၌ ဝင်ဆံ့သော စိတ်ဓာတ် ရင့်ကျက်မှု= သင်ယူမှု၏ အခြေခံအုတ်မြစ် | • စိတ်ကျန်းမာရေး ပြည့်စုံမှုတွင် မည်သည် တို့ ပါဝင်ဖွဲ့စည်း နေကြောင်းနှင့် ထိုစိတ်ကျန်းမာရေး ပြည့်စုံမှု သို့မဟုတ် ချို့ယွင်းမှုက သင်ယူမှု အပေါ် မည်သို့ အကျိုး သက်ရောက်တတ် ကြောင်းကို ကိုယ်ပိုင် စကားလုံးများဖြင့် ရှင်းပြတတ်မည်။<br>• ပေါင်းသင်းဆက်ဆံ ရေးနယ်ပယ်၌ စိတ်လှုပ်ရှားခံစားမှု ကောင်းမွန်ခြင်းသည် သင်ယူမှုအတွက် သာမက လူ့အဖွဲ့ အစည်းအတွက်ပါ အရေးပါကြောင်း ရှင်းပြတတ်မည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၈.၅.၃။ အနာဂတ်တွင် ဖြစ်လာရန် ကိုယ်တိုင် မျှော်လင့်ထားသည့် အမြင် | • အနာဂတ်တွင် ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့်ထားသည့်အမြင် (Self- fulfilling Prophecies) ၏ ခရုပတ်ကွင်းဆက် ကောင်းကျိုးများနှင့် ဆိုးကျိုးများကို နားလည်လာမည်။ | က (၁.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |
| | ၈.၆။ ဉာဏ်ရည် အထွေထွေ | ၈.၆.၁။ ဉာဏ်ရည် တိုင်းတာ စစ်ဆေးခြင်း | • ဉာဏ်ရည်ပြကိန်း စစ်ဆေးလွှာများသည် မည်သည့်အရာကို တိုင်းတာစစ်ဆေးခြင်း ဖြစ်ကြောင်း ရှင်းပြ တတ်မည်။<br>• ဉာဏ်ရည်နှင့် ပတ်သက်၍ သမားရိုး ကျအယူအဆသည် အဘယ်ကြောင့် ကန့်သတ်မှုများကြောင်း ရှင်းပြတတ်မည်။ | က (၁.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ဃ (၁.၁) | ၂ |
| | | ၈.၆.၂။ ဟောင်းဝါဒ်ဂါးဒ်နာ ၏ ဉာဏ်ရည် အထွေထွေ ယူဆချက် | • ပညာရှင်ဂါးဒ်နာ (Gardner) ၏ ဉာဏ် ရည်အထွေထွေ အယူ အဆအကြောင်း သိရှိ နားလည်ပြီးထိုအကြောင်း အရာကို အနှစ်ချုပ် ဖော်ပြတတ်မည်။<br>• သင်ယူမှုလုပ်ငန်း၌ ဤအယူအဆအသစ် ဖြစ်သည့် ဉာဏ်ရည် အမျိုးမျိုးအကြောင်း နားလည်မှုကို မည်သို့ အသုံးချသင့်ကြောင်း ရှင်းပြတတ်မည်။ | က (၁.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ဃ (၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| ၉။ သင်ယူမှုပတ်ဝန်းကျင် ဖန်တီးခြင်း | ၉.၁။ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးခြင်း | ၉.၁.၁။ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခု၏ အရေးပါမှု | • သင်ယူမှု ရလဒ်များအပေါ် သင်ယူမှုပတ်ဝန်းကျင်၏ သက်ရောက် လွှမ်းမိုးမှုအကြောင်းကို ရှင်းပြ ဆွေးနွေးတတ်မည်။<br>• ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် အကြောင်း ရှင်းပြ ဆွေးနွေးပြီး ထိုပတ်ဝန်းကျင်မျိုး ဖန်တီးပေးတတ်မည်။ | က (၁.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | | ၉.၁.၂။ မည်သည်တို့က သင်ယူမှုဝန်းကျင်ကို ဘေးကင်း လုံခြုံစိတ်ချမှု ရရှိစေသနည်း။ | • မည်သည်တို့က ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ကြောင်း ရှာဖွေဖော်ထုတ် သတ်မှတ်ပေးတတ်မည်။<br>• စာသင်ခန်းထဲတွင် ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ရေးအတွက် အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း နိုင်မာသည့်ဥပမာ အချို့ကို ပေးတတ်မည်။ | က (၁.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၉.၁.၃။ ဘေးကင်း လုံခြုံစိတ်ချရမှု ရှိသော သင်ယူမှု ပတ်ဝန်းကျင် တစ်ခုကို မိမိအနေနှင့် ဖန်တီးခြင်း | • အတန်းတူသော်လည်း အသက်အရွယ် ကွာခြားမှုရှိသော ကျောင်းသားများ အတွက် လုံခြုံစိတ်ချရ သော သင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးပေးတတ်မည်။<br>• လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင်နှင့် စပ်လျဉ်းသော အဓိက အကြောင်းအရာ အချက်အလက်များကို အကျဉ်းချုပ် ဖော်ပြ တတ်မည်။ | က (၁.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | ၉.၂။ ကျောင်းသား များ စိတ်အား ထက်သန်စွာနှင့် လွယ်ကူ ချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှု ပတ်ဝန်းကျင် ဖန်တီးပေးခြင်း | ၉.၂.၁။ ကျောင်း သားများ စိတ်အား ထက်သန်စွာ သင်ယူနိုင်မည့် သင်ယူမှု ပတ်ဝန်းကျင် | • ကျောင်းသားများ စိတ်အား ထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှုဝန်းကျင် အကြောင်း ရှင်းပြ တတ်မည်။<br>• ကျောင်းသားများ ပို၍ စိတ်အားထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှု ဝန်းကျင် တစ်ခု ဖန်တီး ပေးတတ်မည်။ | က (၁.၁)<br>က (၃.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာတတ် ကျွမ်းမှုစံ | အချိန် |
| --- | --- | --- | --- | --- | --- |
| | | ၉.၂.၂။ ကျောင်းသားများ လွယ်ကူချောမွေ့ စွာသင်ယူနိုင် စေမည့် သင်ယူမှု ပတ်ဝန်းကျင် | • ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုပတ်ဝန်းကျင် အကြောင်း ရှင်းပြ တတ်မည်။<br>• ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကို ဖြစ်ပေါ် လာစေမည့်အကြောင်း အရာများကို ရှာဖွေ သတ်မှတ်ပေး တတ်မည်။ | က (၁.၁)<br>က (၃.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | | ၉.၂.၃။ သရုပ်ဆောင် သင်ယူနည်းကို အသုံးပြု၍ ကျောင်းသားများ အား စိတ်အား ထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှု ပတ်ဝန်းကျင် ဖန်တီး ဖော်ဆောင် ပေးခြင်း | • သရုပ်ဆောင် သင်ယူ ခြင်းနည်းကို အသုံးပြု ၍ ကျောင်းသားများ စိတ်အားထက်သန်စွာ နှင့် လွယ်ကူ ချောမွေ့စွာ သင်ယူ စေနိုင်မည့် သင်ယူမှု ဝန်းကျင် တစ်ခုကို ဖန်တီးဖော်ဆောင် တတ်မည်။<br>• သရုပ်ဆောင်သင်ယူ နည်းသည် ကျောင်းသား များ၏ သင်ယူမှုကို မည်သို့ ထောက်ကူ ပံ့ပိုးပေးနိုင်ကြောင်း ရှင်းပြတတ်မည်။ | က (၁.၁)<br>က (၃.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၉.၃။ လူတိုင်းအကျုံးဝင်ပညာရေး | ၉.၃.၁။ စာသင်ခန်းထဲတွင် ဖော်ဆောင်မည့် လူတိုင်းအကျုံးဝင် ပညာရေး | • လူတိုင်းအကျုံးဝင် ပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ် ဖွင့်ဆိုတတ်မည်။<br>• လူတိုင်းအကျုံးဝင် ပညာရေးနှင့် သက်ဆိုင်သည့် ဥပမာများကို စာသင်ခန်းအတွင်း စာသင်ကြားနေစဉ်၌ဖြစ်စေ၊ သင်ပြမှုပုံစံ (lesson plan) ရေးဆွဲရာ၌ဖြစ်စေ၊ သတ်မှတ်ဖော်ပြသည့်အခါ ထိုဥပမာများသည် လူတိုင်းအကျုံးဝင် ပညာရေးကို မည်သို့ထင်ဟပ်စေကြောင်း ရှင်းပြတတ်မည်။ | က (၁.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၃ |
| | | ၉.၃.၂။ အထူးပညာရေး | • အထူးပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ် ဖွင့်ဆိုတတ်မည်။<br>• အထူးပညာရေးနှင့် သက်ဆိုင်သည့် ဥပမာများကို စာသင်ခန်းတွင်း စာသင်ကြားနေစဉ်၌ ဖြစ်စေ၊ သင်ပြမှုပုံစံ ရေးဆွဲရာတွင်ဖြစ်စေ သတ်မှတ်ဖော်ပြသည့် အခါ ထိုဥပမာများသည် အထူးပညာရေးကို မည်သို့ထင်ဟပ်စေ ကြောင်း ရှင်းပြတတ် မည်။ | က (၁.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာတတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၉.၃.၃။ လူတိုင်းအကျုံးဝင် ပညာရေးအတွက် အစီအစဉ် ရေးဆွဲခြင်း | • လူတိုင်းအကျုံးဝင် ပညာရေးနှင့် အထူး ပညာရေး အကြောင်း ကို နားလည်သဘော ပေါက်ပြီး ဆွေးနွေး တတ်မည်။<br><br>• ကျောင်းသားများအား သင်ယူမှု၌ မပါဝင်နိုင် အောင် ကန့်သတ် ဟန့်တားထားသည့် (ပထုတ်ထားသည့်) အချက်များအကြောင်း ကို ဆွေးနွေးပြီး ကျောင်းသားအားလုံး တက်ကြွစွာ ပါဝင် ဆောင်ရွက်နိုင်မှုနှင့် ကျောင်း၌ သင်ယူမှု အခွင့်အလမ်းများ တူညီစွာရရှိနိုင်မှု အတွက် အသုံးပြုနိုင် မည့်နည်းလမ်းများကို အဆိုပြုတင်ပြတတ် မည်။<br><br>• အားလုံး အကျုံးဝင် သင်ယူနိုင်သော စာသင်ခန်းတစ်ခုနှင့် ဆီလျော် ကိုက်ညီ စေမည့် သင်ယူပုံ သင်ယူနည်းကို လက်တွေ့ကျင့်သုံး ရာတွင် လိုအပ်မည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။ | က (၁.၁)<br>က (၃.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၄ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာတတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၉.၄။ ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှု ပညာရေး | ၉.၄.၁။ ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှု ပညာရေး မိတ်ဆက်/ နိဒါန်း | • ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှု ပညာရေး၏ အဓိပ္ပာယ်ကို မိမိတို့ကိုယ်ပိုင် စကားလုံးများသုံး၍ ဖွင့်ဆို ရှင်းပြတတ်မည်။<br>• သင်ယူမှုနည်းလမ်းများ၊ သင်ရိုးများနှင့် စစ်ဆေး အကဲဖြတ်ခြင်း နည်းလမ်းများတွင် ပါဝင်နေသည့် ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှု ပညာရေး၏ ဥပမာများကို ဖော်ပြတတ်မည်။ | က (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | | ၉.၄.၂။ စာသင်ခန်းတွင်း၌ ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှု ပညာရေးကို ဆောင်ရွက်ရန် အစီအစဉ် ရေးဆွဲခြင်း | • စာသင်ခန်းတွင်း အသုံးပြုနေသော သင်ကြားမှု နည်းလမ်းများ၊ သင်ရိုးများနှင့် စစ်ဆေးအကဲဖြတ်မှုများတွင် တွေ့ရှိရသော ငြိမ်းချမ်းရေး အနှစ်သာရဖော်ဆောင်မှုပညာရေး အယူအဆကို ဆန်းစစ်လေ့လာပြီး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်တတ်မည်။ | က (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာတတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၉.၅။ စာသင်ခန်းတွင်း နေ့စဉ်ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို ချမှတ်ပေးခြင်း | ၉.၅.၁။ စာသင်ခန်း အတွင်း နေ့စဉ် ပုံမှန် လုပ်ငန်း များနှင့် လုပ်ထုံး လုပ်နည်း စည်းစနစ်များ ချမှတ်ပေးခြင်း၏ အရေးပါပုံ | • စာသင်ခန်းတွင်း နေ့စဉ် ပုံမှန်လုပ်ငန်း များနှင့် လုပ်ထုံး လုပ်နည်း စည်း စနစ်များ ချမှတ် ပေးခြင်း၏ အရေးပါပုံ အကြောင်းကို ရှင်းပြ တတ်မည်။<br><br>• စာသင်ခန်းတွင်း နေ့စဉ်ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ ချမှတ် ရေးဆွဲရာတွင် အခြား ဆရာများ၊ ကျောင်းသားမိဘများ၊ ရပ်ရွာလူထုများနှင့် အတူတကွ ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက် နိုင်ကြောင်း ဥပမာများ သာဓကများ ပေးတတ်မည်။ | က (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | | ၉.၅.၂။ စာသင်ခန်းတွင်း နေ့စဉ် ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံး လုပ်နည်း နည်းစနစ်များ စီစဉ်ရေးဆွဲခြင်း | • စာသင်ခန်းတွင်း နေ့စဉ် ပုံမှန်လုပ်ငန်း များနှင့် လုပ်ထုံးလုပ် နည်း စည်းစနစ်များကို မိမိအတန်းအတွက် စီစဉ်ရေးဆွဲတတ်မည်။ | က (၁.၁)<br>ခ (၃.၁)<br>ခ (၄.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၉.၅.၃။ စာသင်ခန်းတွင်း နေ့စဉ်ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို သင်ကြားပေးခြင်း | • စာသင်ခန်းတွင်း နေ့စဉ် ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို ချမှတ်ရေးဆွဲရာတွင် အခြားဆရာများ ကျောင်းသားမိဘများ နှင့် အတူတကွ ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်နိုင်မည့် စိတ်ကူးအကြံ ဉာဏ်များ ပေးတတ်မည်။ | က (၁.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | ၉.၆။ သင်ယူမှု ပတ်ဝန်းကျင် ဖန်တီးရာတွင် ပညာရေးအသုံးချ နည်းပညာ၏ အခန်းကဏ္ဍ | ၉.၆.၁။ သာယာ ကောင်းမွန်သော စာသင်ခန်း အခြေအနေတစ်ခု ကို ဖန်တီးရာတွင် ပညာရေးအသုံးချ နည်းပညာ၏ အခန်းကဏ္ဍ | • လိုအပ်သလို ပြုပြင် နိုင်သည့် ပညာရေး နည်းပညာ သုံးစွဲနိုင်ရေး SAMR သင်ကြားမှု ပုံစံကို သင်ကြားမှု သင်ယူမှုပစ္စည်းများ အဆင့်မြှင့်တင်ရာ၌ မည်သို့ သုံးစွဲနိုင် ကြောင်း ရှင်းလင်း ဖော်ပြတတ်မည်။ | က (၁.၁)<br>က (၂.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | | ၉.၆.၂။ စာသင်ခန်း အဆင့်မြင့်မား တိုးတက်လာစေရန် ပညာရေးအသုံးချ နည်းပညာကို သုံးစွဲခြင်း | • သင်ကြားမှု သင်ယူမှု ပစ္စည်းများကို ပညာရေး အသုံးချ နည်းပညာဖြင့် အဆင့်မြှင့်တင်ရာတွင် SAMR သင်ကြားမှု ပုံစံကို လိုအပ်သလို ပြုပြင်သုံးစွဲတတ်မည်။ | က (၁.၁)<br>က (၃.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၉.၇။ ကျောင်းသားတို့၏ အပြုအမူကို ကိုင်တွယ်ထိန်းသိမ်းခြင်း | ၉.၇.၁။ ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသော အပြုအမူများ | • ကျောင်းသားတို့၏ ခြားနားသောအပြုအမူ အမျိုးမျိုးတို့ကို သတ်မှတ်ဖော်ပြတတ်မည်။<br>• ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသော အပြုအမူကို ဖြစ်ပေါ်စေနိုင်သည့် အရာများကို ရှင်းပြတတ်မည်။ | က (၁.၁)<br>က (၂.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၂ |
| | | ၉.၇.၂။ ကျောင်းသားတို့၏ အပြုအမူများကို ကိုင်တွယ်ထိန်းသိမ်းရာတွင် အပြုသဘောဆောင်သည့် နည်းလမ်းများ သုံး၍ ဆောင်ရွက်ခြင်း | • တပည့် ကျောင်းသားများ အားလုံးနှင့် ဆရာများကြား ချစ်ခင်လေးစားမှုနှင့် ရင်းနှီးဖော်ရွေမှုရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်မည့် နည်းဗျူဟာများကို စိစစ်ရှာဖွေတတ်မည်။<br>• ကျောင်းသား၏ အပြုအမူကို ကိုင်တွယ်ထိန်းသိမ်းရာတွင် အသုံးပြုနိုင်မည့် နည်းဗျူဟာများကို ဖော်ပြတတ်မည်။<br>• ကျောင်းသားများ၏ သင်ယူတတ်မြောက်လိုမှုကို စေ့ဆော်ရာတွင် အထောက်အကူဖြစ်စေမည့် စာသင်ခန်းတွင်း လုပ်ထုံးလုပ်နည်း စနစ်များအကြောင်း ရှင်းပြတတ်မည်။ | က (၁.၁)<br>က (၂.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၉.၇.၃။ သင်ယူမှု ပတ်ဝန်းကျင် ဖန်တီးပေးခြင်း အကြောင်းကို ပြန်လှန်လေ့လာခြင်း | • ကျောင်းသားများ အနေနှင့် မိမိတို့ သင်ယူ လေ့လာပြီးသည့် အခန်း (၉) ထဲမှ အကြောင်းအရာ များကို ရှင်းလင်း ဆွေးနွေးတတ်မည်။ | က (၁.၁)<br>က (၂.၁)<br>ခ (၃.၁)<br>ဂ (၃.၁)<br>ဃ (၂.၁) | ၁ |
| ၁၀။ ဆရာ အတတ်ပညာ ကျွမ်းကျင်မှု | ၁၀.၁။ ဆရာ အတတ်ပညာပိုင်း ဆိုင်ရာ လုပ်ငန်း ကျင့်ဝတ်နှင့် ဆရာ့ ကျင့်ဝတ် | ၁၀.၁.၁။ မြန်မာ လူမျိုး ဆရာတစ်ဦး အတွက် ဆရာ အတတ်ပညာရပ် ပိုင်းဆိုင်ရာ ကျင့်ဝတ်များ | • ဆရာသည် ကျောင်းသားများ အတွက် အတုယူစရာ စံနမူနာပြပုဂ္ဂိုလ် ဆိုသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း မြန်မာမှုနယ်ပယ် ရှုထောင့်မှ ရှင်းပြ တတ်မည်။<br><br>• စာသင်ခန်း ပြင်ပ လက်တွေ့ဘဝတွင် မြန်မာလူထုက ဆရာများထံမှ မျှော်မှန်းထားသည့် အမူအကျင့် အလေ့ အထများနှင့် ဆရာများ ၏ တာဝန်ဝတ္တရားများ အကြောင်းကို ဆွေးနွေးတတ်မည်။ | က (၃.၁)<br>ခ (၄.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၁၀.၁.၂။ မြန်မာနိုင်ငံမှ ဆရာတစ်ဦး အနေဖြင့် ကျင့်ဝတ်နှင့်အညီ နေထိုင်ပြုမူ ဆောင်ရွက်ခြင်း | • စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် မြန်မာလူထုက ဆရာများထံမှ မျှော်မှန်းထားသည့် အမူအကျင့် အလေ့ အထများနှင့် ဆရာများ ၏ တာဝန်ဝတ္တရားများ အကြောင်းကို ဆွေးနွေး တတ်လာမည့်အပြင် ထိုမျှော်မှန်းထားသည် တို့ကို ပြည့်စုံစေရန် မည်ကဲ့သို့ ကြိုတင် ပြင်ဆင်ရမည် ဖြစ်ကြောင်းကိုလည်း ဆွေးနွေးတတ်မည်။ | က (၃.၁)<br>ခ (၄.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |
| | ၁၀.၂။ ဆရာသည် ပြန်လည် တွေးတော သုံးသပ်တတ်သူ ဖြစ်ရန် လိုအပ်ခြင်း | ၁၀.၂.၁။ ပြန်လည် သုံးသပ်မှုသည် အလေ့အထများ ကို တိုးတက် ကောင်းမွန်စေခြင်း | • ပြန်လည်တွေးတော သုံးသပ်တတ်သူ ဆရာတစ်ဦးအနေနှင့် မိမိ၏ သင်ကြားမှု လုပ်ငန်း အလေ့ အကျင့်ကို မည်ကဲ့သို့ တိုးတက်ကောင်းမွန် အောင် ဆောင်ရွက် နိုင်ကြောင်း ဆွေးနွေး တတ်မည်။ | ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၁၀.၂.၂။ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေး လုပ်ငန်းတွင် သုတေသနဆောင်ရွက်ချက်များကိုအသုံးပြုခြင်း | • ဆရာအတတ်ပညာဖွံ့ဖြိုးမှု လုပ်ငန်းတွင် သုတေသနဆောင်ရွက်ချက်များကို မည်သို့ ဆက်စပ် အသုံးချနိုင်ကြောင်း လက်တွေ့ကျသော စိတ်ကူးအယူအဆများ ပေါ်ပေါက်လာမည်။<br><br>• သုတေသနဆောင်ရွက်ချက်များနှင့် ဆက်စပ်အသုံးချခြင်းဖြင့် ဆရာ၏ ပြန်လည်တွေးတောစဉ်းစားသုံးသပ်တတ်ခြင်း အလေ့အထအတွက် ပံ့ပိုးမှုဖြစ်စေပြီး မိမိ၏ သင်ကြားမှုအလေ့အကျင့်တို့ကို ပိုမို တိုးတက်ကောင်းမွန်စေကြောင်း ဆွေးနွေးတတ်မည်။ | က (၁.၁)<br>က (၂.၁)<br>ခ (၁.၁)<br>ခ (၄.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၃ |
| | ၁၀.၃။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် အပေါ် ပြန်လည် သုံးသပ်ခြင်း | ၁၀.၃.၁။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) | • မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်၏ အရေးပါသော ကဏ္ဍကို ရှင်းပြတတ်မည်။ | ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၁၀.၃.၂။ ဆရာ အတတ်ပညာ ဖွံ့ဖြိုးရေးအတွက် လမ်းညွှန်အဖြစ် မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ကို အသုံးပြုခြင်း | • သင်ကြားရေး လုပ်ငန်းသည် တတ်ကျွမ်းမှု လိုအပ်သော လုပ်ငန်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆရာများ အတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ကို အသုံးပြုလျက် ပြန်လည် သုံးသပ်တတ်မည်။ | ခ (၃.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |
| | ၁၀.၄။ ဆရာများကို အဘယ်ကြောင့် ပညာပေးရန် လိုအပ်သနည်း။ | ၁၀.၄.၁။ ဆရာ အတတ်ပညာ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက် နေရန်လိုအပ်ခြင်း | • ပညာရေးကောလိပ် တက်ရောက်နေဆဲ ကျောင်းသားများ၊ အလုပ်ဝင်စ ဆရာအသစ်များနှင့် ဝါရင့်ဆရာများအကြား အမျိုးအစား တစ်ခုနှင့် တစ်ခု ခြားနားပြီး ဆရာ အတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး လိုအပ်ချက်ချင်းလည်း မတူညီကြောင်း ရှင်းပြတတ်မည်။<br><br>• ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်နည်းဗေဒဆိုင်ရာ အသိပညာတို့ အကြား ကွဲပြားခြားနားမှုကို ရှင်းပြတတ်မည်။ | ခ (၁.၁)<br>ခ (၄.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • မြန်မာ့ပညာရေး အညွှန်းဘောင်များကို ဖတ်ရှုလေ့လာ ကိုးကားပြီး ယင်းတို့က စဉ်ဆက်မပြတ် ဆရာအတတ်ပညာ လိုအပ်ချက်များကို မည်သို့ ကူညီဖြည့်ဆည်းပေး နိုင်ကြောင်း ရှင်းပြ တတ်မည်။ | | |
| | | ၁၀.၄.၂။ ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်နည်းဗေဒ ဆိုင်ရာ အသိပညာ တို့ကိုဖွံ့ဖြိုးစေခြင်း | • ပညာရေးကောလိပ် တက်ရောက်နေဆဲ ကျောင်းသားများ၊ အလုပ်ဝင်စ ဆရာအသစ်များနှင့် ဝါရင့်ဆရာများအကြား အမျိုးအစား တစ်ခုနှင့် တစ်ခု ခြားနားပြီး ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး လိုအပ်ချက်ချင်းလည်း မတူညီကြောင်း ရှင်းပြတတ်မည်။<br><br>• ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်နည်းဗေဒဆိုင်ရာ အသိပညာတို့အကြား ကွဲပြားခြားနားမှုကို ရှင်းပြတတ်မည်။ | ခ (၁.၁)<br>ခ (၄.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | | • မြန်မာ့ပညာရေး အညွှန်းဘောင်များကို ဖတ်ရှုလေ့လာ ကိုးကားပြီး ယင်းတို့က စဉ်ဆက်မပြတ် ဆရာအတတ်ပညာ လိုအပ် ချက်များကို မည်သို့ ကူညီဖြည့်ဆည်းပေး နိုင်ကြောင်း ရှင်းပြ တတ်မည်။ | | |
| | ၁၀.၅။ ဆရာ အတတ်ပညာ ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး | ၁၀.၅.၁။ သင်ယူမှု အသိုက်အဝန်းများ ထူထောင် ဖွဲ့စည်းခြင်း | • ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး အတွက် ပညာရေး ကွန်ရက်များ အသုံးပြု ခြင်း၏ ကောင်းကျိုး/ ဆိုးကျိုးများကို ဆွေးနွေးတတ်မည်။<br>• ကျောင်းသားများ အတွက် ဆရာအတတ် ပညာ သင်ယူလေ့လာ ရာ၌ ကွန်ရက်ဖွဲ့စည်း ဆောင်ရွက်ရေး အစီအစဉ်တစ်ခု ရေးဆွဲတတ်မည်။ | ခ (၄.၁)<br>ဂ (၃.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၁၀.၅.၂။ ကျောင်းသားများ အတွက် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးကွန်ရက် ဖွဲ့စည်းရန် စီစဉ် ဆောင်ရွက်ခြင်း | • ကျောင်းသားများ အနေနှင့် ကွန်ရက် အတွင်း ပါဝင်လေ့လာ ဆွေးနွေးခြင်းဖြင့် ၎င်းတို့၏ တာဝန်များကို မည်သို့ ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးတတ်မည်။<br><br>• မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ် မှတ်ချက် အညွှန်း ဘောင် (TCSF) ကို ကိရိယာတစ်ခု သဖွယ် အသုံးပြု၍ ပညာရည် ပြည့်ဝရေးအတွက် စဉ်ဆက်မပြတ် ပညာ ဆည်းပူးလေ့လာမှု ပြုတတ်မည်။<br><br>• ပညာရေး ဘွဲ့သင်တန်း တက်ရောက်ဆဲ ကာလအတွင်းမှာပင် ကျောင်းသားများ အနေနှင့် ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို ခိုင်မာတောင့်တင်း စေမည့် အစီအစဉ်များ သတ်မှတ်ဆောင်ရွက် နိုင်ရေးအတွက် လိုအပ် သော နည်းဗျူဟာ များကို ပြုစုတတ်မည်။ | ခ (၄.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၁၀.၆။ ဆရာများ၏ ဆရာ အတတ်ပညာ ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး အတွက် သုတေသန လုပ်ငန်း၏ အရေးပါပုံ | ၁၀.၆.၁။ မိမိကိုယ်ပိုင် သင်ကြားရေး အလေ့အကျင့်ကို သုတေသနပြုခြင်း - ကိုယ်တိုင် လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် ပြုစုခြင်း (Action-research) | • ကိုယ်တိုင် လုပ်ဆောင်သည့် သုတေသန စာတမ်း ငယ်ကိုသုံး၍ မိမိ၏ သင်ကြားရေး အလေ့ အကျင့်ကို မိမိကိုယ်တိုင် စနစ်တကျ ပြန်လည် သုံးသပ်တတ်စေမည့် အစီအစဉ်များကို ရေးဆွဲတတ်မည်။ | ခ (၄.၁)<br>ဃ (၁.၁)<br>ဃ (၂.၁)<br>ဃ (၃.၁) | ၂ |
| | | ၁၀.၆.၂။ မိမိကိုယ်ပိုင် သင်ကြားရေး အတွေးအခေါ်ကို ပုံစံချ တည်ဆောက်ခြင်း | • ကျောင်းသားများ အနေနှင့် မိမိတို့၏ ကိုယ်ပိုင် သင်ကြားရေး အတွေးအခေါ်တို့ကို ရှင်းလင်းစွာ ဖော်ထုတ် တင်ပြတတ်မည်။<br><br>• မိမိ၏ ကိုယ်ပိုင် သင်ကြားမှု အလေ့ အကျင့်များကို စဉ်ဆက်မပြတ် ဆက်လက် တိုးတက်ကောင်းမွန် စေနိုင်မည့် ပြန်လည် သုံးသပ်ခြင်း အလေ့ အကျင့်ကို တည် ဆောက်ကျင့်သုံး တတ်မည်။ | က (၁.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ဃ (၁.၁) | ၂ |
| စုစုပေါင်း စာသင်ချိန် | | | | | ၁၂၀ |

## အခန်း ၄

# မြန်မာနိုင်ငံပညာရေး စနစ်များ၊ မူဝါဒများနှင့် အလားအလာများ အကြောင်း ခြုံငုံသုံးသပ်ချက်

ဤဒုတိယစာသင်နှစ်ဝက်အစတွင် ကျောင်းသားများအား မြန်မာနိုင်ငံနှင့် ဆီလျော်ကိုက်ညီသည့် ပညာရေးနယ်ပယ် အများအပြားနှင့် မိတ်ဆက်ပေးမည်ဖြစ်သည်။ ဤအခန်းတွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်များ၊ ပညာရေးမူဝါဒများနှင့် မျက်မှောက်အနေအထား အလားအလာတို့ကို အလွန်အရေးကြီးသော ရှုမြင်သုံးသပ်ချက်ဖြင့် အစပျိုးထားသည်။

ကျောင်းသားများသည် ယခင်က ပညာရေးစနစ် အနေအထား အလားအလာပုံစံနှင့် ပညာရေးစနစ်အသစ် အကောင်အထည်ဖော်မည့် အနေအထား အစီအမံတို့အကြောင်းကို လေ့လာရမည်ဖြစ်သည်။ သူတို့သည် မြန်မာနိုင်ငံ၏ ပညာရေးစနစ်များတွင် တွေ့ရှိရသည့် မျက်မှောက်စိန်ခေါ်မှုများ အခက်အခဲများကို လေ့လာရမည်ဖြစ်ပြီး ၎င်းတို့အား မည်သို့ဖြေရှင်းကျော်လွှားရန် လိုအပ်ကြောင်းကိုလည်း လေ့လာရမည်။ ကျောင်းသားများသည် ဤအခန်းတစ်ခုလုံး အစမှအဆုံးတိုင်အောင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) (၂၀၁၆–၂၀၂၁)[၄] နှင့် နီးစပ်စွာ လုပ်ကိုင်ဆောင်ရွက် လေ့လာရမည်ဖြစ်သည်။ ဒုတိယစာသင်နှစ်ဝက် ပြီးဆုံးချိန်တွင် ကျောင်းသားများအားလုံးသည် ဤစီမံကိန်းကို ကျွမ်းကျင်နှံ့စပ်စွာ သိနားလည်သွားသင့်သည်။ သို့မှသာ ဤမေးခွန်းများကို ဖြေဆိုနိုင်မည်ဖြစ်ပြီး ၅ နှစ်စီမံကိန်း (၂၀၁၆–၂၀၂၁) အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကူညီဆောင်ရွက်နိုင်မည် ဖြစ်သည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှု အပြောင်းအလဲများနှင့် သင်ကြားရေး အင်အားစုအသစ်တို့ ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုလိုအပ်သည်။ တက်သစ်စဆရာများ၏ ပါဝင်ကူညီဝိုင်းဝန်းမှု ရှိမှသာလျှင် အမျိုးသားပညာရေးစနစ်ကို

[၄] အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသစ်ကို ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ကြေညာပေးလိမ့်မည်။

ပြုပြင်ပြောင်းလဲရာ၌ အထောက်အကူဖြစ်ပြီး မြန်မာနိုင်ငံရှိ ပညာရေးအဖွဲ့အစည်း အသီးသီးဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းစသည်တို့၌ ကျင့်သုံးမည့် သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းများသည်လည်း မယုံနိုင်ဖွယ်ကောင်းလောက်အောင် ပြောင်းလဲတိုးတက်မှုကို ရရှိလာနိုင်စေမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးစနစ်ကို အဓိပ္ပာယ် သတ်မှတ်ဖွင့်ဆိုတတ်မည်။
- မြန်မာနိုင်ငံ ကျောင်းသင်ပညာရေးစနစ်တွင် ဖွဲ့စည်းပါဝင်နေသည့် အစိတ်အပိုင်းများကို ဖော်ပြတတ်မည်။
- မြန်မာနိုင်ငံ အမျိုးသားပညာရေးစနစ်များ တွေ့ကြုံနေရသည့် အဓိကစိန်ခေါ်မှုများကို ဖော်ပြတတ်လာပြီး (NESP) တွင် သတ်မှတ်ဖော်ပြထားသည့် ပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာများ အကြောင်းကို ရှင်းပြတတ်မည်။
- အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်နှင့် အသွင်ကူးပြောင်းရေး အဆင့် (၉) ဆင့် ကို ဖော်ပြတတ်မည်။
- သူငယ်တန်း + (၁၂) တန်း အခြေခံပညာရေးစနစ်တွင် လိုအပ်သည့် အသွင်ကူးပြောင်းရေး အဆင့်ဆင့်တို့ကို ပေါ်လွင်သော ဥပမာများပေး၍ ရှင်းပြတတ်မည်။
- လူမှုဘဝ တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု စသည်တို့၏ အဓိပ္ပာယ်ကို ရှင်းပြတတ်မည်။
- ပညာရေးဖြင့် လူမှုဘဝတိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု တည်ဆောက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ကြောင်းနှင့် သက္ကရာဇ် ၂၀၂၃ ၌ မြန်မာနိုင်ငံကို ဝင်ငွေ အတန်အသင့်မြင့်မားသော နိုင်ငံတစ်ခု ဖြစ်လာစေရေး၊ အမျိုးသားရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပညာရေး၏ အရေးပါမှုကို ရှင်းပြတတ်မည်။
- အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ကို အကောင်အထည်ဖော်ရာ၌ ဆရာများအနေနှင့် ပါဝင်အားဖြည့်ဆောင်ရွက်ရန် လိုအပ်သည့်နည်းလမ်းများကို သတ်မှတ်ဖော်ပြတတ်မည်။

- မိမိ ရပ်ရွာဒေသဝန်းကျင်အလိုက် ပြောင်းလဲရန် လိုအပ်နေသော မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု ဆိုင်ရာ အဓိကကျသည့် အယူအဆ (၃) ရပ် (ပညာသင်ယူရန် လက်လှမ်းမီစေခြင်း၊ ပညာအရည်အသွေး ကောင်းမွန်စေခြင်းနှင့် သာတူညီမျှ ပညာသင်ခွင့်ရစေခြင်း) တို့အကြောင်း ရှင်းပြတတ်မည်။
- ပညာရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်း၌ တက်ကြွစွာ ပါဝင်အားဖြည့်ဆောင်ရွက်နိုင်ရန် အတွက် သင်ကြားရေးဆိုင်ရာ ရည်မှန်းချက် အနည်းဆုံး (၃) ခုကို မိမိထင်မြင်ချက်အရ ရှာဖွေသတ်မှတ်တတ်မည်။
- 'အားလုံးအတွက် ပညာရေး' ဟူသော အယူအဆ မည်သို့ပေါ်ပေါက်လာကြောင်း ရှင်းပြတတ်မည်။
- အားလုံးအတွက် ပညာရေးသည် အဘယ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ဖြစ်လာရကြောင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း မည်သို့ပါဝင် ပံ့ပိုး အားဖြည့်ပေးနိုင်ကြောင်းကို အခိုင်အမာ အဆိုပြုတင်ပြတတ်မည်။
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိရေး ရည်မှန်းချက်များ၏ တန်ဖိုးကို သိရှိပြီး မြန်မာနိုင်ငံ ပညာရေးစနစ်က ထိုရည်မှန်းချက်များ ရရှိနိုင်ရန် မည်သို့ အထောက်အပံ့ပြုနိုင်ကြောင်း သုံးသပ်တတ်မည်။
- သင်ယူမှုသည် သဘာဝအားဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်ကဲ့သို့ ပေါ်ပေါက်လာတတ်ကြောင်း ဥပမာများ ပေးတတ်မည်။
- ရှေးဦးအရွယ် ကလေးသူငယ်များ၏ ပညာရေးသည် အဘယ်ကြောင့် အရေးပါကြောင်း ရှင်းပြတတ်မည်။
- ကစားခြင်းနှင့် ဆရာ့လမ်းညွှန်မှုဖြင့် စူးစမ်းလေ့လာခြင်းတို့ကို သူငယ်တန်း သင်ကြားရေးနည်းများထဲသို့ မည်သို့ထည့်သွင်းပါဝင်စေသင့်ပုံကို ဆွေးနွေးတတ်မည်။
- သူငယ်တန်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြတတ်မည်။
- သူငယ်တန်း၏ အရေးပါပုံနှင့် သူငယ်တန်း ကျောင်းသားကလေးငယ်များ၏ ဘက်စုံဖွံ့ဖြိုးမှုအတွက် ဘက်စုံထောင့်စုံမှချဉ်းကပ်ထားသော ပေါင်းစပ်သင်ကြားနည်းကို အသုံးပြု၍ မည်သို့ ကူညီလမ်းညွှန်ပေးနိုင်ကြောင်း ရှင်းပြတတ်မည်။

- သင်ခန်းစာပြင်ဆင်မှုတစ်ခုထဲမှ ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်းကို ပြသသည့် အစိတ်အပိုင်းတို့ကို သတ်မှတ်ဖော်ထုတ်ပြတတ်မည်။ (ဘက်စုံ ပေါင်းစပ်ထားသော ဘာသာရပ်များ၊ ကလေးများကို လက် တွေ့ အတွေ့အကြုံ များမှ သင်ယူစေခြင်း၊ ကလေးငယ်များကို ဘက်စုံဖွံ့ဖြိုးလာ အောင်သင်ကြား ပျိုးထောင်ပေးရမည့် သင်ယူသူများအဖြစ် ရှုမြင်ထားခြင်း)
- (၂၁) ရာစုခေတ် ဆရာများ၌ ရှိသင့်သည့် ကျွမ်းကျင်မှုများကို ရှင်းပြတတ်လာပြီး ကျွမ်းကျင်မှုနှင့် သိမှုတို့ ကွာခြားပုံကို ရှင်းပြတတ်မည်။
- ယခင်ရာစုနှစ်များတွင် သုံးခဲ့သည့် သင်ယူမှု၊ သင်ကြားမှုပုံစံနှင့် ယခု (၂၁) ရာစုတွင် သုံးနေသည့် သင်ယူမှု၊ သင်ကြားမှု ပုံစံတို့ အဘယ်ကြောင့် ခြားနားရကြောင်း သိသာစေမည့် ဥပမာများပေး၍ ရှင်းပြတတ်မည်။
- မြန်မာနိုင်ငံရှိ လုပ်ငန်းခွင် အကြိုဆရာများနှင့် လုပ်ငန်းခွင်တွင်းမှ တာဝန်ထမ်းဆောင် နေသည့် ဆရာများအတွက် (၂၁) ရာစု ကျွမ်းကျင်မှုများရရှိအောင် မြှင့်တင်ပေးရာတွင် ရရှိသုံးစွဲနိုင်သော ရင်းမြစ်ပစ္စည်းများရှိကြောင်း သတိပြုတတ်မည်။

# ၆.၁။ မြန်မာနိုင်ငံပညာရေး စနစ်အကြောင်း ခြုံငုံသုံးသပ်ချက်

ဤအခန်းငယ်တွင် ပါဝင်သော သင်ခန်းစာ (၆) ခုကို လေ့လာပြီးချိန်တွင် ကျောင်းသားများသည် မြန်မာနိုင်ငံ၏ ပညာရေးစနစ်အကြောင်းကို ခိုင်မာစွာ သိရှိနားလည်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးစနစ်နှင့် ပတ်သက်သော မေးခွန်းများကို ဖြေဆိုနိုင်လာမည်။ ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးစနစ်ရှိရန် အဘယ်ကြောင့် အရေးကြီးသနည်း။ မြန်မာ့ပညာရေး စနစ်၏ ရည်မှန်းချက်မှာ အဘယ်နည်း။ ထိုရည်မှန်းချက်၏ အဓိကအစိတ်အပိုင်းများမှာ အဘယ်တို့နည်း။ မည်သူတို့က ပညာရေးစနစ်ကို ပုံစံချရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လေ့လာကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ကြသနည်း။ ထိုစနစ်ဖြင့် ဆောင်ရွက်ရာ၌ မည်သည့်လမ်းကြောင်းမှ ချဉ်းကပ်သနည်း စသည့် မေးခွန်းများကို ဖြေဆိုနိုင်မည် ဖြစ်သည်။

## ၆.၁.၁။ မြန်မာနိုင်ငံပညာရေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံ

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးစနစ်ကို အဓိပ္ပာယ် သတ်မှတ်ဖွင့်ဆိုတတ်လာမည်။
- မြန်မာနိုင်ငံ ကျောင်းသင်ပညာရေးစနစ်တွင် ဖွဲ့စည်းပါဝင်နေသည့် အစိတ်အပိုင်းများကို ဖော်ပြတတ်မည်။
- မြန်မာနိုင်ငံ အမျိုးသားပညာရေးစနစ်များ တွေ့ကြုံနေရသည့် အဓိက စိန်ခေါ်မှုများကို ဖော်ပြတတ်လာပြီး (NESP) တွင် သတ်မှတ်ဖော်ပြထားသည့် ပညာရေးပြုပြင် ပြောင်းလဲမှု ဆိုင်ရာ မဟာဗျူဟာများ အကြောင်းကို ရှင်းပြတတ်မည်။
- အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်နှင့် အသွင်ကူးပြောင်းရေးအဆင့် (၉) ဆင့် ကို ဖော်ပြတတ်မည်။
- သူငယ်တန်း + (၁၂) တန်း အခြေခံပညာရေးစနစ်တွင် လိုအပ်သည့် အသွင်ကူးပြောင်းရေး အဆင့်ဆင့်တို့ကို ပေါ်လွင်သော ဥပမာများပေး၍ ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၄.၁။ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက် ဖြစ်ပေါ်လာစေရေးအတွက် အခြား ဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထု အဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန်နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) ၂.၁။ ကျောင်းနှင့် ရပ်ရွာကိစ္စများ၌ ဆရာ့အတတ်ပညာအသိုင်းအဝိုင်းဝင် ဆရာတစ်ဦးအနေဖြင့် တာဝန်ခံ ဆောင်ရွက်နိုင်ကြောင်းပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ တစ်တန်းလုံး စာဖတ်စေခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း တစ်တန်းလုံးဆွေးနွေးခြင်း၊ ယခင်က သင်ယူမှုအတွေ့အကြုံကို ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၁.၁) ကို ဖတ်ရှုလေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** မြန်မာနိုင်ငံအမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) မိတ္တူများ၊ ကားချပ်ကြီးဆွဲရန် စက္ကူချပ်၊ သင်ပုန်းနှင့် မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

#### သင်ယူမှုလုပ်ငန်း ၁။ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (မိနစ် ၅၀)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ 'ပညာရေးစနစ်ဆိုသည်မှာ အဘယ်နည်း' ခေါင်းစဉ်ကို ဖတ်ခိုင်းပါ။ အခန်း (၁) တွင် ဖော်ပြထားသော 'ကျောင်းသင်ပညာရေး' နှင့် 'ကျောင်းပြင်ပ ပညာရေး' အခေါ်အဝေါ်များကို ရှင်းလင်းစွာ သိရှိနိုင်စေရန် ပြန်လည်လေ့လာပါ။

၂။ မြန်မာနိုင်ငံ ကျောင်းသင်ပညာရေးစနစ်တွင် ဖွဲ့စည်းပါဝင်နေသည့် အစိတ်အပိုင်းများ အကြောင်း သင်ယူမှုလုပ်ငန်းကို ကျောင်းသားတစ်ဦးချင်းအားဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ လေ့လာရှာဖွေစေရမည်။ ကျောင်းသားများ လုပ်ငန်းဆောင်ရွက်နေစဉ် ကျောင်းသားကိုင် စာအုပ်ထဲမှ ဇယား - ၆.၁ (မြန်မာ့ကျောင်းသင် ပညာရေးစနစ်၏ အစိတ်အပိုင်းများပြသောပုံ) ကို ဆရာက ကူးယူ၍ ကားချပ်ကြီးပေါ်၌ တင်ထားရမည်။ ဖြစ်နိုင်လျှင် ဇယားပါ ထောင်လိုက်ကွက် တစ်ခုစီအတွက် ကားချပ်ကြီး တစ်ချပ်စီကို သုံးပါ။

၃။ ကျောင်းသားများ၏ တုံ့ပြန်မှု (အဖြေ) များကို ကားချပ်ကြီးများပေါ်တွင် စု၍ ရေးသားထားပါ။ ကျောင်းသားတစ်ဦးစီကို အဖြေတစ်ခုစီသာပေးစေပြီး ထည့်သွင်းပြီးဖြစ်သည့် အဖြေများကို ထပ်မံထည့်ရန် ညွှန်ကြားပါ။ သူတို့အား နက်ရှိုင်းစွာ၊ ကျယ်ပြန့်စွာ တွေးတောစေပြီး ထင်ရှားသိသာသည့် အဖြေများဖြစ်ကြသော ဆရာ၊ ကျောင်းသားနှင့် ကျောင်းသားကိုင် စာအုပ်ဟူသော အဖြေများထက် ပို၍ကျယ်ပြန့်စွာ တွေးခေါ်ရန်အားပေးပါ။ ဥပမာအားဖြင့် ကျောင်းသားတို့ မစဉ်းစားတတ်သော အချက်များမှာ စီမံခန့်ခွဲရေးဝန်ထမ်းများ၊ အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်း၊ သို့မဟုတ် နေသားတကျ ထည့်သွင်းထားသော အညွှန်းဘောင်၊ အမျိုးသားအဆင့် စစ်ဆေးအကဲဖြတ်ခြင်းနှင့် အမျိုးသားအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို စီမံအုပ်ချုပ်၍ အဆင့်သတ်မှတ်ပေးသူနှင့် အခြေခံပညာ အခမဲ့သင်ယူခွင့်ရရန်ဥပဒေပြုခြင်း စသည်တို့ပါဝင်သည်။

၄။ အိမ်စာအလုပ်ပေးခြင်းအတွက် သို့မဟုတ် စာသင်ချိန်အတွင်းမှာပင် အချိန်ရပါက

ကျောင်းသားများအား NESP အပိုင်း (၃) ခေါင်းစဉ်ဖြစ်သည့် 'မြန်မာ့ပညာရေးစနစ်၏ အထွေထွေ နောက်ခံမြင်ကွင်း' အကြောင်း လေ့လာသင်ယူစေပါ။ စာသင်ချိန်အတွင်း သူတို့ယခင်က ဖန်တီးရေးဆွဲထားသည့် ဇယားတွင် နောက်ထပ်တွေ့ရှိလာချက်များ၊ သိရှိလာချက်များကိုလည်း ဇယားတွင် ထပ်မံထည့်သွင်း ရေးသားစေသင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားကိုင်စာအုပ်မှ ဇယား (၆.၁) ကို ဖြည့်သွင်းပြီးစီးရန် ကျောင်းသားများဆောင်ရွက်နေစဉ် ဆရာက စာသင်ခန်းတွင်းသို့လှည့်ပတ်၍ သူတို့လုပ်ဆောင်နေမှု တိုးတက်လာမှုတို့ကို စစ်ဆေးရမည်။ ပညာရေးစနစ်တွင် ပါဝင်ဖွဲ့စည်းနေသည့် အစိတ်အပိုင်းအားလုံးကို သူတို့ဉာဏ်ဖွင့် ဆွေးနွေးနိုင်ကြပါသလား။ အဖြေများကို တစ်တန်းလုံးသို့ မျှဝေသောအခါ ဆရာက သူတို့၏နားလည်မှုကို စစ်ဆေးပါ။ ဆရာက ကျောင်းသားတို့အား မေးမြန်း၍ မျှဝေစေသည့်အခါတွင် ကျောင်းသားအားလုံး ကျား/မ အစုံအလင် ပါဝင်ပါစေ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အထက်ဖော်ပြပါ ညွှန်ကြားချက်များထဲတွင် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ (အဖြေ) ကို ဖော်ပြထားသည်။ ပညာရေးစနစ်တစ်ခုတွင် အလွန်တရာ များပြားသည့် အစိတ်အပိုင်းများ ပါဝင်ဖွဲ့စည်းနေကြသည်။ ပညာရေးစနစ်တစ်ခုကို သတ်မှတ်ပုံဖော်ပေးသည့် ပညာရေးဥပဒေများနှင့် မူဝါဒများမှသည် ပညာရေးဝန်ကြီးဌာနမှ (MOE) အရာထမ်း၊ အမှုထမ်းများ၊ ဆရာများ၊ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြု အဖွဲ့များအပြင် စာသင်ခန်းများနှင့် စာသင်ခန်းအတွင်း သင်ယူမှုဆိုင်ရာ ပစ္စည်းအလုံးစုံတိုင်အောင် များပြားစုံလင်လှပါသည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ ဆွေးနွေးခြင်း (မိနစ် ၂၀)

၁။ ယခင်စာသင်ချိန်အတွင်းက ရေးဆွဲခဲ့သော ဇယားတွင် ထပ်မံဖြည့်သွင်းရန် အချက်အလက်များ ရှိ/မရှိကို ကျောင်းသားများအားမေးပြီး ရှိပါက ထပ်ထည့်စေပါ။ သူတို့အား အိမ်စာအဖြစ် ဖတ်ရှု လေ့လာရန် မှာကြားလိုသော NESP ထဲမှ အပိုင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များ မေးမြန်းလာလျှင် ဆရာကဖြေပေးရမည်။

၂။ အရောင်မတူသော မာကာနှစ်ခုကို ယူလာပြီး ကျောင်းသားများအား ကျောင်းသားကိုင် စာအုပ်ပါ ဇယား (၁) ထဲမှ အစိတ်အပိုင်းများအနက် ကျောင်းသင်ပညာရေးစနစ်၏ အစိတ်အပိုင်းများကို မင်အရောင် တစ်မျိုးသုံး၍ မှတ်သားစေပါ။

၃။ ထို့နောက် ကျောင်းသင်ပညာရေး မဟုတ်သောစနစ် (ကိုယ်တိုင်သင်ယူစနစ်) နှင့်ပတ်သက်သည့် အစိတ်အပိုင်းများအားလုံးကို အခြားမင်အရောင်တစ်မျိုးနှင့် မှတ်သားစေပါ။ ကျောင်းသားများကို ပညာရေးစနစ်များ အမျိုးအစားခွဲခြားမှုအတွက် ဆွေးနွေးငြင်းခုံစေပါ။ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်မှုကို အားပေးခြင်းနှင့် အချေအတင် ဆွေးနွေးစေရခြင်းအားဖြင့် အရာရာတိုင်းကို လေ့နံ့ဓားထစ် အဖြူအမဲ ခွဲခြားမသတ်မှတ်နိုင်ကြောင်းကို နားလည်သိရှိသွားစေပါ။ အခြေအနေ အကြောင်းအရာနှင့် လိုက်လျော ညီထွေစွာ အမျိုးအမည် ခွဲခြားသတ်မှတ်ရကြောင်းကို မှတ်သားစေပါ။ ဆရာက ဖြေရှင်းပေးနိုင်လျှင် အများသဘောတူ လက်ခံချက်ဖြင့် အမျိုးအမည် ခွဲခြားသတ်မှတ်မှုပြုစေမည်။ ဇယား (၆.၁) မှ အစိတ်အပိုင်းများကို အရောင် (၂) မျိုးထဲမှ မည်သည့်အရောင်နှင့်မှ မမှတ်ဘဲနေခြင်း ရှိနိုင်သကဲ့သို့ ယင်းတို့ကို အရောင်နှစ်မျိုးစလုံးနှင့် မှတ်သူများလည်းရှိနိုင်သည်။ ထိုအခြေအနေက အများသဘောတူ လက်ခံနိုင်သည့် သတ်မှတ်ချက်သို့ မရောက်ရှိသေးခြင်းကို ညွှန်းဆိုသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အစိုးရက တာဝန်ယူလုပ်ဆောင်ပေးရမည်ဟု သူတို့ယူဆသော ဇယားကွက်ထဲမှ အကြောင်းအရာအားလုံးကို သတ်မှတ်ထုတ်ဖော်ပေးရန် ကျောင်းသားများအား ရှာဖွေပါစေ။ တစ်ဖန် အစိုးရ၏ မည်သည့်အဆင့် အဖွဲ့အစည်းများက ထိုလုပ်ငန်းတို့ကို တာဝန်ယူဆောင်ရွက်သင့်သည်ဟု ထင်မြင်ကြောင်း ထပ်မံရှာဖွေ လေ့လာစေရပါမည်။ အမျိုးသားအဆင့် သို့မဟုတ် တိုင်းဒေသကြီးအဆင့် သို့မဟုတ် ရပ်ရွာမြို့နယ်အဆင့် အစိုးရအဖွဲ့များ၏ တာဝန်ယူဆောင်ရွက်ရန် အရာများကို စူးစမ်းလေ့လာ ရှာဖွေစေရမည်။ 'မည်သူတို့က ပညာရေးစနစ်၏ မည်သို့သော အစိတ်အပိုင်းအသီးသီးတို့ကို ဆောင်ရွက်ရန်တာဝန်ရှိမည်ဟု ထင်မြင်ယူဆသနည်းနှင့် မည်သူတို့က ထိုလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအထောက်အပံ့ပေးရမည်ဟု ထင်မြင်သနည်း။ အဘယ်ကြောင့်နည်း ' ဆိုသည့် စဉ်းစားဖွယ်မေးခွန်းများကို အဖြေရရှိစေရန် ကျောင်းသားများအား ဆွေးနွေးခွင့် ပေးရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အထက်ပါ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအတွက် ရရှိလာမည့် အဖြေအမျိုးမျိုးရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ ကျောင်းသားများက သူတို့ထင်မြင်ယူဆချက်အတွက် အမြဲရှင်းလင်းချက်ရှိစေရမည်။ ရှင်းလင်းပြသည့် အခါတွင်လည်း သူတို့စိတ်ကူးစိတ်သန်းများကို ကာကွယ်ပေးရန် အသေးစိတ်အချက်အလက်များ ရှာဖွေပြီး ခိုင်မာစွာ ကာကွယ်စေရမည်။ ကျောင်းသားတစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုရှိလျှင်လည်း လက်ခံပေးရမည်။ သို့မဟုတ် အများသဘောဆန္ဒနှင့် ကိုက်ညီသည့်အဖြေ တစ်သမတ်တည်း မရရှိလျှင်လည်း အကြောင်းမဟုတ်ပါ။ အထက်တွင်ဖော်ပြခဲ့သည့် အရောင်နှင့် ခွဲခြားသတ်မှတ်ခြင်းလုပ်ငန်းမှ အဆင့် (၃) တွင် ရှင်းပြခဲ့သည့် အတိုင်းပင်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၃။ ဉာဏ်ဖွင့်စဉ်းစားခြင်း (မိနစ် ၃၀)

၁။ ပညာရေးစနစ်အတွင်း မျက်မှောက်တွေ့ကြုံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲ၍ စာရင်းပြုစုစေရမည်။

၂။ သူတို့ရှာဖွေခွဲခြားသတ်မှတ်ပေးလိုက်သည့် လက်ရှိဖြစ်ပေါ်နေသော ပြဿနာများအတွက် ဖြေရှင်းရန် နည်းလမ်းများကို သူတို့အား စာရင်းပြုစုထားပါစေ။

၃။ ကျောင်းသားတို့၏ အဖြေများ (တုံ့ပြန်မှုများ) ကိုစုဆောင်းပြီး သင်ပုန်းပေါ်တွင် ဒေါင်လိုက်ကွက် (ကော်လံ) ၂ ခု ခွဲခြား၍ ရေးသားပြပါ။ ဒေါင်လိုက်အကွက်များတွင် (က) စိန်ခေါ်မှုများနှင့် (ခ) အဆိုပြုထားသည့် ဖြေရှင်းနည်းတို့ကို ရေးသားပါ။ အကယ်၍ စိန်ခေါ်မှုတစ်ရပ်အတွက် NESP တွင် စာရင်းပြုစုဖော်ပြထားသည့် ဖြေရှင်းနည်းမရှိသေးပါက ကျောင်းသားတို့အား သူတို့ကိုယ်ပိုင် အကြံပြုချက်များ ပေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ အလုပ်လုပ်နေစဉ် ဆရာက သူတို့အုပ်စုများအကြားသို့ လှည့်ပတ်သွားလာကာ မရှင်းလင်းသည်များကို ရှင်းလင်းပြခြင်းနှင့် NESP ထဲမှ အကြောင်းအရာတို့ကို ဖတ်ရှုရာနှင့် အချက်အလက် ထုတ်ယူသုံးစွဲရာတွင် ကျောင်းသားများက မေးရန်ရှိတတ်သော မေးခွန်းများကို ဖြေဆိုပေးခြင်းတို့ပြုရမည်။ တစ်တန်းလုံး ပါဝင်ဆွေးနွေး ဆောင်ရွက်ရာတွင် ကျောင်းသားများအနေနှင့် ပြဿနာများရှာဖွေခွဲခြား သတ်မှတ်နိုင်မှု ရှိ/မရှိနှင့် ဖြေရှင်းနည်းများကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း ပြု/မပြုတို့ကို စစ်ဆေးနိုင်သည်။ ကျောင်းသားအမျိုးအစား အစုံအလင်တို့အား သူတို့အတွေးအမြင် စိတ်ကူးစိတ်သန်းများ မျှဝေနိုင်စေမည့် သင်ယူမှုအခွင့်အလမ်းများပေးရန် မလစ်ဟင်းပါစေနှင့်။ ဤသို့ လူစုံတက်စုံအား သင်ယူမှုအခွင့်အလမ်းပေးခြင်းအားဖြင့် စကားနည်းသော၊ နူတ်ဆိတ်တတ်သော ကျောင်းသားများအား မျက်စိမလျှမ်းစေရန် သတိပြုပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မြန်မာနိုင်ငံပညာရေးစနစ်အတွက် စိန်ခေါ်မှုများနှင့် ဖြေရှင်းနည်းများကို ဆွေးနွေးစေရာတွင် ကျောင်းသားများထံမှ တုံ့ပြန်မှုအမျိုးမျိုးတို့ကို ရရှိနိုင်မည်ဖြစ်သည်။ သူတို့၏ ဆွေးနွေးမှုကို လမ်းညွှန်ပေးရန် ဆရာက NESP ထဲမှ အသွင်ကူးပြောင်းမှု အဆင့် (၉) ဆင့်ကို အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံပညာရေး အကြောင်းကို ဆွေးနွေးရာတွင် NESP ထဲတွင်ဖော်ပြထားသော အကြောင်းအရာများ၊ ရည်မှန်းချက်များနှင့် ပစ်မှတ်/ ဦးတည်ချက်များနှင့် ချိတ်ဆက်စဉ်းစား စေသင့်သည်။

## တတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၄။ ဆွေးနွေးခြင်း (မိနစ် ၅၀)

၁။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျောင်းသားတိုင်း၌ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍရှိကြောင်း သတိပေးနှိုးဆော်မှုပြုပါ။ ပြည့်စုံအောင် ဖြည့်သွင်းရေးသားပြီးသော ဇယားကွက်ကို ပြန်လည်လေ့လာကြည့်ရှုပါ။ ထို့နောက် ဤသို့ မေးခွန်းမေးနိုင်သည်။ 'ဒီဇယားထဲက ဘယ်အစိတ်အပိုင်းတွေကို အမျိုးသားဆင့် (ဗဟို) အစိုးရတာဝန်ယူရမယ်လို့ထင်သလဲ။ ဘယ်အပိုင်းတွေကိုတော့ သက်ဆိုင်ရာ တိုင်း/ဒေသကြီး/ ပြည်နယ်အစိုးရတွေက တာဝန်ယူသင့်တယ်လို့ထင်သလဲ'ဟု မေးပါ။ ကျောင်းသားများက သူတို့ထင်မြင်ချက်များကို ပေးပြီး ရှင်းလင်းပြသင့်သည်။

၂။ ပုံ ၉.၁ ပါ NESP ရည်မှန်းချက်နှင့် အသွင်ကူးပြောင်းမှုအဆင့် (၉) ဆင့်အကြောင်းကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ လေ့လာစေပြီး သင်ခန်းစာကို ပြန်လှန်လေ့လာသုံးသပ်စေရမည်။ အဆင့်တစ်ဆင့်ချင်းကို လေ့လာစေပြီး ကျောင်းသားများအနေနှင့် ထိုသင်ခန်းစာပါ အစိတ်အပိုင်းအားလုံးကို နားလည်မှုရှိအောင် ဆောင်ရွက်ပါ။

၃။ ကျောင်းသားများအား ဤသုံးသပ်ချက်အရ မည်သည့်အခန်းကဏ္ဍတွင် သူတို့ပါဝင်ဆောင်ရွက်ရန် ကိုက်ညီသည်ကို မေးမြန်းပါ။ မဟာဗျူဟာစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရာတွင် သူတို့သည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရန် လိုအပ်ကြောင်းကို ဆွေးနွေးပါ။ မြန်မာနိုင်ငံပညာရေးစနစ် အောင်မြင်စေရန် ဆရာတိုင်းက မိမိကျရာအပိုင်းတွင် တာဝန်ယူ ဆောင်ရွက်တတ်ရန်လိုကြောင်းကို ကျောင်းသားများ သိရှိနားလည်သင့်သည်။ အစိုးရအဖွဲ့ဆိုသည်မှာ ဒြပ်မဲ့ပစ္စည်း သို့မဟုတ် စိတ်ကူးဖြင့်သာ မှန်းဆ၍ သိနားလည်ရသော ဒြပ်မဲ့ဝတ္ထု (abstract entity) တစ်ခုမဟုတ်ပါ။ အစိုးရအဖွဲ့ဆိုသည်မှာ ပြည်သူတို့က ရွေးကောက်တင်မြှောက်ထားသောသူများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လုပ်အားပေးစသည်တို့ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

မြန်မာနိုင်ငံပညာရေး ရှုထောင့်အသီးသီးတို့အတွက် အစိုးရအဖွဲ့အစည်း၏ မည်သည့် အဆင့်တွင် တာဝန်ရှိကြောင်းကို ကျောင်းသားများ သိမြင်နားလည်ပါသလား။ NESP ကို အကောင်အထည်ဖော်ရာ၌ သူတို့တွင်လည်း သူတို့အခန်းကဏ္ဍနှင့်အညီ တာဝန်ရှိကြောင်း သိနားလည်ကြပါသလား။ မြန်မာနိုင်ငံတွင် လက်တွေ့ သင်ကြားနေရသည့် ဆရာများအဖြစ်နှင့် သူတို့ရှုထောင့်မှ ကြည့်ရှုသုံးသပ်လျှင် NESP ကို မည်သို့ သဘောထားမည်နည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားအမျိုးမျိုးက အဖြေအမျိုးမျိုးတို့ကို ပေးကြမည်ဖြစ်သည်။ အကယ်၍ သူတို့အနေနှင့် သူတို့ ပါဝင်ရမည့် အခန်းကဏ္ဍများနှင့် တာဝန်များကို ရှာဖွေထုတ်ဖော်မှုမပြုနိုင်ဘဲ အခက်အခဲတွေ့နေလျှင် ပုံတွင် ပြသထားသည့် အခြေခံပညာရေး၏ အစိတ်အပိုင်းများကို ကိုယ်စားပြုရေးဆွဲထားသော စက်ဝိုင်းများကို အာရုံစူးစိုက် လေ့လာပါစေ။ ထို့နောက် ဆရာက ထိုအကြောင်းအရာများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ဆောင်ရွက်မည်ကို ဆွေးနွေးပါစေ။ ဥပမာအားဖြင့် အပြန်အလှန် ဆက်သွယ်ပြောဆို သင်ယူနိုင်သော သင်ယူမှု အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် ကျောင်းသားများအား အကျိုးဖြစ်ထွန်းစေနိုင်သည်။ အတန်းထဲတွင် အပြန်အလှန် ဆက်သွယ်ပြောဆိုသောနည်းဖြင့် သင်ယူစေလျှင် ၎င်းတို့၏ ပင်ကိုအရည်အသွေးနှင့် ဘဝနောက်ခံအခြေအနေတို့ မည်သို့ပင် ခြားနားသော်လည်း အားလုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

အောက်ပါမေးခွန်းများကို သုံး၍ NESP တွင်ပါဝင်သော အကြောင်းအရာများကို ကျောင်းသားတို့ စိတ်ပါဝင်စားစွာ တွေးခေါ်ခြင်း ရှိ/မရှိကို စစ်ဆေးနိုင်သည်။ ထို့ပြင် NESP သည် ဆရာများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကိုလည်း စဉ်းစားရန်လိုသည်။ ပေးထားသော မေးခွန်းများအတွက် အဖြေများကို ကျောင်းသားများအား မှတ်စုတွင်ရေးသားစေရန် သို့မဟုတ် သူတို့အချင်းချင်းကြား ကပ်လျက် ထိုင်သူနှင့် ဆွေးနွေးစေရန် ပြောပါ။

- NESP (၂၀၁၆–၂၀၂၁) နှင့်ပတ်သက်၍ မည်သည့်အချက်တို့က မိမိတို့ကို စိတ်လှုပ်ရှားစေပါသနည်း။
- မြန်မာနိုင်ငံပညာရေးအတွက် NESP သည် အဘယ်ကြောင့် အရေးပါသောစာရွက်စာတမ်း တစ်ခု ဖြစ်ရသနည်း။
- ဤသင်ခန်းစာတွင် သင်ယူပြီးသည်တို့နှင့် စပ်လျဉ်း၍ မည်သည့်အရာက မိမိအား အံ့အားသင့်စေနည်း။ အဘယ်ကြောင့်နည်း။

### ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကမ္ဘာ့အကြီးဆုံး သင်ယူမှုဆိုင်ရာ အဖွဲ့အစည်းများအနက် တစ်ခုဖြစ်သော ပီယာဆန် (Pearson) ကုမ္ပဏီက ကမ္ဘာပေါ်ရှိ အကောင်းဆုံး ပညာရေးစနစ်များအကြောင်းကို နှစ်စဉ်သုတေသနပြု လေ့ရှိသည်။ သုတေသနများ၏ တွေ့ရှိချက်အရ အကောင်းဆုံးပညာရေးစနစ်များသည် ဗဟိုအစိုးရက ချုပ်ကိုင်ထားသော်လည်း ကိုယ်ပိုင်စီမံခန့်ခွဲမှုပေးထားသော စနစ်များက အဆင့်မြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ဤအဆိုပြုချက်ကို ဆွေးနွေးပါ။ မိမိအနေနှင့် သဘောတူပါသလား။ သဘောထားကွဲလွဲပါသလား။ မိမိ၏ တင်ပြချက်ကို ခိုင်မာစေရန် ဥပမာ ပေးပါ။

## ၆.၁.၂။
## ပညာရေး၏ ရည်ရွယ်ချက်

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လူမှုဘဝ တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု စသည်တို့၏ အဓိပ္ပာယ်ကို ရှင်းပြတတ်မည်။
- ပညာရေးဖြင့် လူမှုဘဝ တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုတို့ကို တည်ဆောက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ကြောင်းနှင့် သက္ကရာဇ် ၂၀၂၃ ၌ မြန်မာနိုင်ငံကို ဝင်ငွေအတန်အသင့်မြင့်မားသော နိုင်ငံတစ်ခု ဖြစ်လာစေရေး အမျိုးသားရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပညာရေး၏ အရေးပါမှုကို ရှင်းပြတတ်မည်။
- အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ကို အကောင်အထည်ဖော်ရာ၌ ဆရာများအနေနှင့် ပါဝင်အားဖြည့်ဆောင်ရွက်ရန် လိုအပ်သည့်နည်းလမ်းများကို သတ်မှတ်ဖော်ပြတတ်မည်။
- မိမိရပ်ရွာ ဒေသဝန်းကျင်အလိုက် ပြောင်းလဲရန် လိုအပ်နေသော မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အဓိကကျသည့် အယူအဆ (၃) ရပ် (ပညာသင်ယူရန် လက်လှမ်းမီစေခြင်း၊ ပညာအရည်အသွေး ကောင်းမွန်စေခြင်းနှင့် သာတူညီမျှ ပညာသင်ယူခွင့်ရှိစေခြင်း) တို့အကြောင်း ရှင်းပြတတ်မည်။
- ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်း၌တက်ကြွစွာပါဝင်အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် သင်ကြားရေးဆိုင်ရာရည်မှန်းချက် အနည်းဆုံး (၃) ခုကို မိမိထင်မြင်ချက်အရ ရှာဖွေ သတ်မှတ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ဂ) ၂.၁။ ကျောင်းနှင့်ရပ်ရွာကိစ္စများ၌ ဆရာ့အတတ်ပညာ အသိုင်းအဝိုင်းဝင်ဆရာတစ်ဦးအနေဖြင့် တာဝန်ခံဆောင်ရွက်နိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေသင်ယူခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ယခင်ရှိပြီး သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၁.၂) ကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** NESP မိတ္တူများ၊ ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ။

**သင်ယူမှုလုပ်ငန်းများ**

**ပထမစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေခြင်း၊ မိနစ် (၂၀)**

၁။ ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာခေါင်းစဉ် 'ပညာရေးသည် လူတစ်ဦးချင်းစီအတွက်သာမက နိုင်ငံအတွက်ပါ အလွန်အရေးပါပြီး ခိုင်ခံ့သည့် အမာခံတည်ဆောက်ရေးပစ္စည်းဟု ခေါ်ဆိုနိုင်ခြင်း' ကို ကျောင်းသားများအား ဖတ်စေရမည်။ သူတို့အား ကုလသမဂ္ဂအဖွဲ့အကြောင်းနှင့် ကုလသမဂ္ဂ၏ ရည်ရွယ်ချက်တို့ကို သိရှိနားလည်အောင် ဆောင်ရွက်ပေးပါ။

၂။ ပေးထားသော မေးခွန်းများကို ဖြေဆိုရန် ကျောင်းသားများအား မေးမြန်းပါ။ ပညာရေး၏ စွမ်းပကားသည် အဘယ်နည်း။ ပညာရေးက လူတို့ဘဝများကို မည်ကဲ့သို့ ထူးခြားတိုးတက်သွားစေသနည်း။ မိမိဘဝနှင့် ဘဝတွင် တွေ့ကြုံဆက်ဆံရသော လူတို့အကြောင်းကို ပြန်လည်စဉ်းစားပါ။ သူတို့ သင်ယူလေ့လာခဲ့သော ပညာရေးအမျိုးအစားကို စဉ်းစားပါ။ ထိုပညာရေး အမျိုးအစားက သူတို့အား မည်သို့ အကျိုးပြုသနည်း။ မည်သည့်နေရာတွင် သင်ယူခဲ့ပြီး မည်သို့ရယူခဲ့သနည်း။ သူတို့သည် ယခုတိုင် သင်ယူလေ့လာနေဆဲ ဖြစ်ပါသလား။

၃။ ကျောင်းသားတို့၏ ပြန်လည်သုံးသပ်မှုကို မျှဝေပါစေ။ အဖြေ/တုံ့ပြန်မှုများများ ရရှိနိုင်အောင် ရည်ရွယ်ထားပါ။ ဤတုံ့ပြန်မှုများသည် ဓမ္မဓိဋ္ဌာန်မကျဘဲ ကျောင်းသားတစ်ဦးစီ၏ ပုဂ္ဂလဓိဋ္ဌာန်ကျသော အတွေးအမြင်များသာ ဖြစ်သည်။ ယင်းတို့ကို အကဲဖြတ်ရန် သို့မဟုတ် ပြင်ပေးရန်မလိုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအနေနှင့် ပညာရေးသည် သူတို့အတွက်ဖြစ်စေ၊ သူတို့သိနေသူများအတွက်ဖြစ်စေ၊ အဘယ်ကြောင့် အရေးပါပုံကို ရှင်းလင်းစွာ ဖော်ပြပြောဆိုနိုင်ခြင်း ရှိပါသလား။ ပညာရေး၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အထက်ပါ ညွှန်ကြားချက်များတွင် ဖော်ပြခဲ့သည့်အတိုင်း ကျောင်းသားတို့၏ တုံ့ပြန်မှုများသည် ပုဂ္ဂလဓိဋ္ဌာန်ကျပြီး သူတို့အားသန်ရာကို သူတို့ထင်မြင်ချက်ပေးမည် ဖြစ်သည်။ ကျောင်းသားတစ်ဦးစီအနေနှင့် ပညာရေး၏ အရေးပါပုံနှင့် ပညာရေး၏ အခန်းကဏ္ဍကို ၎င်း၏ အတွေ့အကြုံများ၊ ထင်မြင်ချက်များအလိုက် လွတ်လပ်စွာ မျှဝေစေသင့်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဆွေးနွေးခြင်း (မိနစ် ၃၀)

၁။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များအလိုက်ဖြစ်စေ ရေရှည်တည်တံ့မှုရှိသော ဖွံ့ဖြိုးမှုရည်မှန်းချက် အမှတ် (၄) (SDG-4) အကြောင်း မိမိတို့ နားလည်မှုကို ဆွေးနွေးစေရမည်။ (SDG-4) ကို နိုင်ငံအတွင်း သို့မဟုတ် ဒေသအတွင်းရရှိစေရေး ကြိုးပမ်းမှုကို မည်သို့ထင်မြင်ယူဆသနည်း။ ချို့ယွင်းအားနည်းချက်များကို တွေ့မြင်ရပါသလား။

၂။ အတန်းတစ်တန်းလုံး ပြန်လည်စုဝေးတွေ့ဆုံပြီး နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်များအလိုက် ကျောင်းသားများက မိမိတို့၏ (SDG-4) အကြောင်း ဆွေးနွေးချက်များကို တစ်တန်းလုံးသို့ ပြန်လည် အစီရင်ခံ တင်ပြစေရမည်။

၃။ ကျောင်းသားဦးရေ သုံးချိုးတစ်ချိုးခန့်ထံမှ တင်ပြချက်ဆွေးနွေးချက်တို့ကို သိရှိနားထောင်ပေးပြီးနောက် သူတို့၏ ဆွေးနွေးမှုစကားဝိုင်းကို ပိုမိုအရှိန်ရအောင် ဆရာက ဖန်တီးပေးရမည်။ ကျောင်းသားများအား ဝေါဟာရအသစ်တို့၏ အဓိပ္ပာယ်နှင့် ယင်းတို့အား သင်ကြားသင်ယူမှု အခြေအနေအရပ်ရပ်တို့တွင် အသုံးပြုပုံတို့ကို မေးမြန်းရမည်။ 'အားလုံးအကျုံးဝင်သော'၊ 'သာတူညီမျှမှုရှိသော'၊ 'အရည်အသွေး'၊ 'ဘဝတစ်သက်တာ' နှင့် 'လူတိုင်းအားလုံး' စသည့် ဝေါဟာရသစ်တို့၏ အဓိပ္ပာယ်ကို အသေးစိတ် ရှင်းလင်းစွာသိရှိအောင် စဉ်းစားစေရမည်။ ဆွေးနွေးမှုများကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဝေဖန်မှတ်ချက်ပြုတတ်စေရန် အားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

(SDG-4) အဘယ်ကြောင့် အရေးပါကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိကို ဆွေးနွေးခြင်းနည်းသုံး၍ စစ်ဆေးပါ။ (SDG-4) အရေးကြီးရခြင်းမှာ ပညာရေးက လူတိုင်းကို အကျိုးပြုနိုင်ခြင်းကြောင့်ဖြစ်ကြောင်းကို ရှင်းလင်းစွာ သိရှိပါစေ။ ရေရှည်တည်တံ့မှုရှိသော ဖွံ့ဖြိုးမှု ဖြစ်ပေါ်စေရန် လိုအပ်သော အခြေအနေများကို ရှင်းလင်းအောင် ဖော်ပြရာတွင် ထိရောက်အောင် သုံးစွဲရသည့် စကားလုံးအချို့မှာ 'အားလုံးအကျုံးဝင်သော'၊ 'သာတူညီမျှမှုရှိသော'၊ 'အရည်အသွေး'၊ 'ဘဝတစ်သက်တာ' နှင့် 'လူတိုင်းအားလုံး' စသည်တို့ဖြစ်သည်။

ထိုစကားလုံးဝေါဟာရတို့ကို ကျောင်းသားများ ပီပီပြင်ပြင် အဓိပ္ပာယ်ခွဲခြားသတ်မှတ်နိုင်မှု ရှိပါသလား။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တုံ့ပြန်မှုအမျိုးမျိုးရှိနိုင်သည့် လူတိုင်းအားလုံးတို့အတွက် ပညာရေးမှ အကျိုးကျေးဇူးရရှိနိုင်မှု (ဆိုလိုသည်မှာ လူတိုင်းအတွက် အရည်အသွေးပြည့်ဝသော ပညာရေးကို ဘဝတစ်သက်တာလုံး လက်လှမ်းမီသင်ယူနိုင်ခွင့်ရှိမှု) နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုတို့အကြား ဆက်နွယ်မှုကို ကျောင်းသားတို့ ရှင်းလင်းစွာသိမြင်လာအောင် အားပေးပါ။

### ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (မိနစ် ၅၀)

၁။ အောက်ဖော်ပြပါ အဓိကကျသည့် စကားလုံး (၃) လုံးကို သင်ပုန်းပေါ်တွင်ဖြစ်စေ၊ ကားချပ်ကြီးပေါ်တွင် ဖြစ်စေ၊ ထင်ရှားစွာရေးသားပြခြင်းဖြင့် ဒုတိယစာသင်ချိန်ကို စတင်ပါ။

- ဆင်းရဲနွမ်းပါးမှု လျှော့ချရေး
- လူမှုဘဝတိုးတက်မြင့်မားရေး
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု

၂။ ထိုဝေါဟာရတို့ကို မှတ်စုထဲတွင်ကူးယူ၍ ထိုဝေါဟာရများ၏ အဓိပ္ပာယ်ကို ဉာဏ်ဖွင့်ဆွေးနွေးရန် ကျောင်းသားတို့အား မှာကြားပါ။ ထိုဝေါဟာရတို့နှင့် ပတ်သက်ဆက်စပ်၍ သူတို့စိတ်ထဲတွင် ပေါ်ပေါက်လာသမျှနှင့် စိတ်ကူးရသမျှ စကားလုံးများနှင့် စိတ်ကူးစိတ်သန်း မှန်သမျှတို့ကို ချရေးစေရမည်။ ထိုဝေါဟာရတို့သည် မည်သို့ အဓိပ္ပာယ်ရသနည်း။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုဘဝတိုးတက်မြင့်မားရေးနှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးသည် အဘယ်ကြောင့် မဖြစ်မနေအရေးပါသော အခြေခံအချက်တစ်ခု ဖြစ်နေရသနည်း။ ကျောင်းသားများအား သူတို့ရရှိသော စိတ်ကူးစိတ်သန်းတို့ကို မျှဝေစေရမည်။

၃။ ညာဏ်ဖွင့်ဆွေးနွေးရာတွင် အခက်အခဲဖြစ်နေသော ကျောင်းသားများအား NESP နိဒါန်းတွင် ဤစကားလုံးများ သုံးစွဲထားပုံကို ကြည့်ရှုစေ၍ အဓိပ္ပာယ်ကို ခန့်မှန်းစေမည်။ အဓိပ္ပာယ်ကို ကျောင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆွေးနွေးစေမည်။

၄။ ကျောင်းသားများအား သူတို့တုံ့ပြန်မှု/အဖြေများကို မျှဝေစေခြင်းဖြင့် အတန်းတစ်တန်းလုံးသို့ ပြန်လည် သတင်းပို့စေရမည်။ သင်ပုန်းပေါ်တွင် ထိုဝေါဟာရတို့ကို အကြောင်းအရာ ဆက်သွယ်ပြပုံတစ်ခု (mind map) အဖြစ် ဆွဲသားပြနိုင်သည်။ (သင်ကြားသင်ယူမှု နည်းလမ်းများအတွက် သင်ထောက်ကူ သေတ္တာထဲတွင် စိတ်ကူးစိတ်သန်းများစုစည်းမှု အတွက် အကြောင်းအရာ ဆက်သွယ်ပြပုံများအကြောင်း အသေးစိတ် ကြည့်ရှုနိုင်သည်။)

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ လုပ်ငန်းဆောင်ရွက်နေစဉ် ဆရာက အခန်းဝန်းကျင်တဝိုက် လှည့်လည်သွားလာပြီး ထိုဝေါဟာရတို့အကြောင်းကို သူတို့ အဓိပ္ပာယ်သတ်မှတ်နိုင်ခြင်း ဖော်ပြနိုင်ခြင်း ရှိ၊ မရှိကို သိရှိရန် အကဲခတ် လေ့လာနိုင်သည်။ ဆွေးနွေးရာတွင်လည်း ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ လူမှုဘဝတိုးတက် မြင့်မားရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိရေးတို့အတွက် ပညာရေးက မည်သို့ဆောင်ရွက် အကျိုးပြုပေးနိုင်ပုံကို ကျောင်းသားများ ရှင်းလင်းစွာ တင်ပြပြောဆိုနိုင်ခြင်း ရှိပါသလား စိစစ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ချေရှိသောအဖြေများ

အဖြေများ၏ စကားလုံးဖွဲ့စည်းမှု အစီအစဉ်နှင့် တိကျစွာဖော်ပြမှုသည် အမျိုးမျိုးကွဲလွဲနိုင်သော်လည်း အခဆိုပါ ဝေါဟာရများ၏ ယေဘုယျ စိတ်ကူးအယူအဆကို ကျောင်းသားများအနေနှင့် ဖော်ပြနိုင်စွမ်း ရှိသင့်သည်။

ဆင်းရဲနွမ်းပါးမှုလျော့ချရေး - ဆင်းရဲနွမ်းပါးမှုဆိုရာတွင် လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အခြေခံအချက်တို့ပါဝင်သည်။ အရှင်းလင်းဆုံးနှင့် အလွယ်ကူဆုံးဆိုရလျှင် ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ လူတို့တွင် သူတို့ကိုယ်ပိုင် အခြေခံလိုအပ်ချက်များ ဖြစ်ကြသည့် စား၊ ဝတ်၊ နေရေး ပြည့်စုံမှုအတွက် နည်းလမ်းများ မရှိခြင်းပင်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး သို့မဟုတ် လျှော့ချရေးသည် SDG အတွက် တွန်းအားတစ်ရပ်ဖြစ်ပြီး ရည်မှန်းချက် အမှတ် (၁) အဖြစ် စူးစိုက်အာရုံထား လုပ်ဆောင်နေသော အချက်လည်း ဖြစ်သည်။

လူမှုဘဝအရွေ့ သို့မဟုတ် လူမှုဘဝတိုးတက်မြင့်မားရေး - 'လူမှုဘဝ အရွေ့' ဆိုသည်မှာ လူတစ်ဦးချင်းစီ၌ဖြစ်စေ၊ အုပ်စုအလိုက်၌ဖြစ်စေ၊ သူတို့ဘဝများတွင် အဆင့်အတန်း အခြေအနေတို့ အပြောင်းအလဲ ဖြစ်သွားနိုင်စွမ်း အသီးသီးရှိကြသည်။ ထိုရွေ့လျားပြောင်းလဲမှုသည် လူမှုဝန်းကျင်နှင့် စီးပွားရေး ဝန်းကျင်များတွင် ပေါ်ပေါက်လေ့ရှိပြီး လူမှုရေး၊ စီးပွားရေး အဆင့်အတန်းများလည်း တိုးတက်မြင့်မားလာနိုင်သည်။ လူတို့၏ စီးပွားရေးအခြေအနေနှင့် လူမှုရေးဆိုင်ရာ အဆင့်အတန်းတို့ကို ပြောင်းလဲစေသည့် စွမ်းရည်ပင်ဖြစ်သည်။

ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု - ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုသည်မှာ မျက်မှောက် လိုအပ်ချက်တို့ကို ပြည့်စုံအောင် ဆောင်ရွက်ရာတွင် အနာဂတ်မျိုးဆက်သစ်တို့၏ ကိုယ်ပိုင်လိုအပ်ချက်တို့ ပြည့်စုံစေရေးအတွက် လိုအပ်သော စွမ်းရည်များကို ထိပါးခြင်းမရှိစေသည့် ဖွံ့ဖြိုးမှု ဖြစ်သည်။ ဆိုလိုသည်မှာ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ကာကွယ် စောင့်ရှောက်နိုင်သည့် လူ့အခွင့်အရေးများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည့် ဖွံ့ဖြိုးမှုများနှင့် အပြောင်းအလဲများကိုဆိုလိုသည်။[၅]

**တတိယစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၄။ တွေး-တွဲ-မျှဝေခြင်း (မိနစ် ၅၀)**

၁။ NESP အခန်း (၄) လတ်တလော ဆောင်ရွက်ထားသည့် အဆင့်မြင့်ပညာရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများအကြောင်း ခြုံငုံသုံးသပ်ချက်ကို ကျောင်းသားများအား ဖတ်ရှု စေရမည်။

၂။ 'SDG 4 နှင့် အလားသဏ္ဍာန်တူသော ဆောင်ရွက်ကြိုးပမ်းမှုများကို မည်သည့်နေရာတွင် တွေ့ရှိရသနည်း' ဆိုသော မေးခွန်းကိုဖြေရန် ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲ၍ ဆောင်ရွက်စေရမည်။ မှတ်စုစာအုပ်တွင် အဖြေများကို မှတ်သားထားသင့်သည်။

၃။ သွက်လက်တက်ကြွသူ ကျောင်းသားများအား (Volunteers) ဖိတ်ခေါ်၍ သူတို့ဆွေးနွေးရရှိချက်များကို အတန်းသို့ ပြန်လည်တင်ပြစေမည်။

---

[၅] Sustainable Development Commission. http://www.sd-commission.org.uk/pages/what-is-sustainable-development.html

၄။ ထို့နောက် တစ်တန်းလုံးအား ဤသို့မေးပါ။ 'ဆရာတွေဟာ ပညာရေးမှာ အရေးပါတဲ့ ပါဝင်ဆောင်ရွက်နေသူတွေဖြစ်နေရတာ အဘယ်ကြောင့်နည်း။ NESP ကို အောင်မြင်ဖို့ အကောင်အထည်ဖော်ရာမှာလည်း ဆရာတွေက ဘယ်အခန်းကဏ္ဍမျိုးမှာ မည်သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း' ဟုမေးမြန်းပါ။ ကျောင်းသားများအား သင်ခန်းစာ (၆.၁.၁) တွင် သင်ယူခဲ့သည်တို့ကို စဉ်းစားရန် အားပေးပါ။

၅။ သွက်လက်တက်ကြွသူ (volunteer) ကျောင်းသားတို့အား ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ၌ ဆရာ့အခန်းကဏ္ဍများအကြောင်း သူတို့အတွေးအခေါ်ကို တစ်တန်းလုံးနှင့် မျှဝေပေးရန် တောင်းဆိုပါ။ ဆရာက သင်ပုန်းပေါ်တွင် ထိုအခန်းကဏ္ဍတို့ကို စာရင်းပြုစုရေးသားပြရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

NESP နှင့် SDG (4) တို့အကြား ဆင်တူမှုရှိသော အဓိကအချက်အလက်များကို ရှာဖွေသတ်မှတ် ထုတ်ဖော်ရန် အထူးအားဖြင့် အရည်အသွေးပြည့်ဝမှု၊ သာတူညီမျှရှိမှု၊ အားလုံးအကျုံးဝင်မှုနှင့် ဘဝတစ်သက်တာပညာရေး ရရှိစေရန် အလေးပေးမှုတွင်တူညီပုံကို ကျောင်းသားတို့ ဆွေးနွေး နေကြသည်ကို ဆရာက နားထောင်ပြီး စစ်ဆေးအကဲဖြတ်မည်။

NESP နှင့် SDG (4) တို့တွင် ပါဝင်သည့် ရည်မှန်းချက်များ အောင်မြင်စွာရရှိရေး ဆောင်ရွက်ခြင်းလုပ်ငန်းတွင် ဆရာအားလုံး ပါဝင်ဆောင်ရွက်ရမည့် အရေးပါသော အခန်းကဏ္ဍရှိကြောင်းကိုလည်း ကျောင်းသားများ နားလည်သဘောပေါက်စေရန် လိုအပ်သည်။ ထို့ကြောင့် ဆရာက ကျောင်းသားများအား ၎င်းတို့ ဆွေးနွေးထားသည့် အဖြေများကို သင်ပုန်းပေါ်၌ စာရင်းပြုစုရေးသားပြစေသော လေ့ကျင့်ခန်းတစ်ခု ပေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

NESP နှင့် SDG (4) တို့အကြားတွင် ဆင်တူမှုကို မေးထားသည့် မေးခွန်းအတွက် ပေးလာမည့် အဖြေအများစုသည် ပညာရေးလက်လှမ်းမီမှု၊ အရည်အသွေးပြည့်ဝသော ပညာရေးဖြစ်စေမှုနှင့် တန်းတူညီမျှ အခွင့်အရေးရှိစေမှုစသည့် အခြေအနေ အကြောင်းအရာဝန်းကျင်တို့နှင့်

ဆက်စပ်နေဖွယ်ရှိသည်။ ကျောင်းသားများ စဉ်းစားရာတွင် ဒေသအလိုက်နှင့် ဒေသခံလူမျိုး၊ ဒေသခံပြည်သူလူထု၏ အနေအထား အကြောင်းအရာအလိုက် စဉ်းစားရန် တိုက်တွန်းပါ။ ကြိုးပမ်းဆောင်ရွက်မှုများသည် နေရာဒေသတိုင်းနှင့် လူတိုင်းအတွက် အကျုံးဝင်ပါသလား။ တစ်ပြေးညီ တူညီပါသလား ဆိုသည်ကို သုံးသပ်စဉ်းစားစေရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

အခန်း (၆.၁) အဆုံးတွင်ပါဝင်သော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို သုံး၍ အရေးပါသော အချက်များကို ကျောင်းသားများ နားလည်မှု ရှိ/မရှိ စစ်ဆေးနိုင်သည်။ အောက်ပါမေးခွန်းများကို ပြန်လည်သုံးသပ်စေခြင်းအားဖြင့်လည်း စစ်ဆေးနိုင်သည်။ အဖြေများကို မှတ်စု၌ရေးစေမည် သို့မဟုတ် အတန်းဖော်တစ်ဦးနှင့် ဆွေးနွေးစေမည်။

- မြန်မာနိုင်ငံ၏ ပညာရေးစနစ်ပြောင်းလဲရေးတွင် ရင်ဆိုင်နေရသော အကြီးမားဆုံး စိန်ခေါ်မှုများမှာ မည်သည်တို့ ဖြစ်သနည်း။ ထင်မြင်ချက်ကို ဖော်ပြပါ။
- ဤသင်ခန်းစာထဲမှ မိမိသင်ယူခဲ့ရသည်များအနက် မည်သည့်အချက်က မိမိကို အံ့အားသင့်စေသနည်း။ အဘယ်ကြောင့်နည်း။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** NESP အခန်း (၆) 'မျက်မှောက်ပညာရေးစနစ်၏ အဓိကကျသော စိန်ခေါ်မှုများ' အကြောင်းကို ဖတ်ရှုလေ့လာပါ။

(က) သူငယ်တန်း + (၁၂) တန်း ပညာရေးစနစ်၏ အဓိကစိန်ခေါ်မှုများကို ဖော်ပြပါ။

(ခ) ထိုအခြေအနေကို တိုးတက်ကောင်းမွန်လာအောင် မည်သည်တို့ကို ဆောင်ရွက်နိုင်သည်ဟု ထင်မြင်ပါသနည်း။

***အဖြေ။*** *ဤမေးခွန်းများအတွက် ပေးလာနိုင်သည့် အဖြေများမှ အမျိုးအစား အများအပြား ရှိမည့်အပြင် လက်ခံနိုင်ဖွယ်ရှိသော အဖြေများကိုလည်း ရလာနိုင်သည်။ ကျောင်းသားများက ဤသို့ဖော်ပြသည်လည်း ရှိနိုင်သည် - (၂၁) ရာစုကျွမ်းကျင်မှုများ ရရှိရေးကို အလေးထားသည့် သင်ရိုးညွှန်းတမ်းတစ်ခုအဖြစ်သို့ ကူးပြောင်းရာတွင် ရင်ဆိုင်ရမည့်စိန်ခေါ်မှု၊ ကျောင်းသားဗဟိုပြုချဉ်းကပ်မှု၊ ပညာရေး အသုံးစရိတ် ရန်ပုံငွေ ရရှိရေးဆိုင်ရာ စိန်ခေါ်မှု၊ ဝေးလံခေါင်းပါးဒေသများသို့ ဆရာများ သွားလိုစိတ်ပေါ်ပေါက်အောင် ဖန်တီးပေးနိုင်မှုများနှင့် စာမေးပွဲစနစ်နှင့် ပတ်သက်သည့် စိန်ခေါ်မှုများ စသည်တို့သည် စိန်ခေါ်မှုပေါင်းများစွာထဲမှ အချို့ဖြစ်သည်။ ဤစိန်ခေါ်မှုများကို ပစ်မှတ်ထားဆောင်ရွက်နေသည့် NESP ၏ကြိုးပမ်းမှုများကိုလည်း ကျောင်းသားများက ချိတ်ဆက်ဖော်ပြနိုင်မည်လည်း ရှိပါသည်။ ဥပမာ - လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ် လေ့ကျင့်သင်ကြားရေး ဘွဲ့ စီမံကိန်းနှင့် အခြေခံပညာသင်ရိုးညွှန်းတမ်း ပြန်လည်ပြင်ဆင်တည်းဖြတ်ခြင်း ဆောင်ရွက်မှုတို့ကို တိုးတက်မှုများအဖြစ် ရှုမြင်နိုင်သည်။*

**မေးခွန်း ၂။** မိမိ၏မွေးရပ်ဒေသနှင့် မိမိ၏နယ်မြေဒေသအကြောင်း စဉ်းစားသုံးသပ်ပါ။ မိမိတို့နေရပ်ဒေသ၌ တွေ့ကြုံရင်ဆိုင်ရသော ပညာရေးဆိုင်ရာ အခက်အခဲစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ခြင်း ရှိပါသလား။ NESP တွင် ဖော်ပြထားသည့် အဓိက စိန်ခေါ်မှုများအတွက် ဖြေရှင်းနည်းများကို အသုံးပြု၍ ထိရောက်လုံလောက်စွာ ဖြေရှင်းနိုင်မှုရှိပါသလား။ အဖြေကို အသေးစိတ်ဥပမာများပေး၍ ဖော်ပြပါ။

**အဖြေ။** *ဤအဖြေများသည် ကျောင်းသားများ၏ အတွေ့အကြုံနှင့် သူတို့လာခဲ့ရာ ဒေသများအလိုက် အမျိုးမျိုး ကွဲပြားနိုင်သည်။ ခံယူချက် ထင်မြင်ချက်များမှာလည်း တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပါ။ သူတို့ ထင်မြင်ချက်များကို ပေးရာတွင် ထင်ရှားစေမည့် ဥပမာများကို ထည့်သွင်းစေသင့်သည်။ NESP အကြောင်း သူတို့ ခိုင်ခိုင်မာမာ သိရှိသင့်ကြောင်းကို ဆရာက ပြောပြသင့်သည်။*

**မေးခွန်း ၃။** မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေမည့် မိမိ၏ သင်ကြားရေးရည်မှန်းချက် (၃) ခုကို ဖော်ပြပါ။

**အဖြေ။** *ဤမေးခွန်း၏ အဖြေများသည်လည်း ကျောင်းသားတစ်ဦးချင်း၏ အယူအဆအလိုက် ကွာခြားမည် ဖြစ်သည်။ အချို့က သူတို့သင်ကြားရာတွင် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းသုံးပြီး လူတိုင်းအကျုံးဝင်မှုရှိသည့် နည်းလမ်းများကို ဖော်ပြလာသည်များလည်း ရှိနိုင်သည်။ သူတို့၏အတတ်ပညာ တတ်ကျွမ်းနှံ့စပ်မှုကို ကြိုးပမ်းအားထုတ်ရန် ကတိကဝတ်ပြုဆောင်ရွက်ရေးကို ရည်မှန်းချက်ထားသည်လည်း ရှိနိုင်သည်။ သူတို့အဖြေများသည် NESP ရှိ အသွင်ကူးပြောင်းရေး အဆင့်များနှင့် ညီညွတ်ဆီလျော်မှုရှိလျှင် လက်ခံနိုင်ရမည်ဖြစ်ပြီး အဖြေမှားဟု မသတ်မှတ်နိုင်ပါ။*

# ၆.၂။ ပညာသင်ယူခွင့်

စာသင်ချိန် (၄) ချိန်စာပါဝင်သော ဤအခန်း (၆) ပထမပိုင်းတွင် လေ့လာခဲ့ပြီးသည်တို့ကို ပြန်လည်ဆက်စပ် လေ့လာရမည်ဖြစ်သည်။ သို့ရာတွင် ဤတစ်ကြိမ်၌ မြန်မာနိုင်ငံတစ်ခုတည်း အတွက်မဟုတ်ဘဲ ပိုမိုကျယ်ပြန့်စွာ ကမ္ဘာ့ရှုထောင့်မှ ရှုမြင်လေ့လာကြရမည် ဖြစ်သည်။ ပညာရေးဆိုင်ရာ လုပ်ငန်းအဝဝတို့သည် မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့ပြီး ယနေ့ခေတ်တွင် ကျွန်ုပ်တို့သည် မည်သည့်နေရာတွင် ရပ်တည်နေသနည်း။

## ၆.၂.၁။
## ပညာရေးစတင်ပေါ်ပေါက်လာပုံ

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- 'အားလုံးအတွက်ပညာရေး' ဟူသော အယူအဆ မည်သို့ပေါ်ပေါက်လာကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထု အဖွဲ့ဝင်များနှင့် အတူတကွအလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ တစ်တန်းလုံး စာဖတ်လေ့လာခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်ကရှိပြီး သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် အခန်း (၆)၊ သင်ခန်းစာ (၆.၂.၁) နှင့် (၆.၂.၂) တို့ကို ဖတ်ရှုလေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး ပြုလုပ်ရန်စက္ကူ၊ သင်ပုန်း၊ မာကာများနှင့် အင်တာနက်အသုံးပြုမှု သို့မဟုတ် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက်များရေးထားသည့် စာရွက်လွှာမိတ္တူများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ အချေအတင်ငြင်းခုံဆွေးနွေးမှု (မိနစ် ၅၀)

၁။ ကျောင်းသားကိုင်စာအုပ်တွင်ပါသော 'ပညာသင်ယူခွင့်နှင့် ပညာရေး စတင် ပေါ်ပေါက်လာပုံ' ခေါင်းစဉ်ကို ကျောင်းသားများအား ဖတ်ရှုစေရမည်။

၂။ အလွတ်သဘော အချေအတင်ဆွေးနွေးမှု (စကားရည်လုပွဲ) တစ်ခုပြုလုပ်ရန်အတွက် အတန်းကို ဝဲယာနှစ်ခြမ်းအဖြစ် ပိုင်းခြားလိုက်ပါ။ တစ်ဖက်ခြမ်းရှိ ကျောင်းသားများကို ဆွေးနွေးစေမည့် ခေါင်းစဉ်မှာ 'ပညာရှင် ကွန်မဲန်နီးယပ်စ် (Commenius) ၏ (၁၆) ရာစုခေတ်မှ ပညာရေးအတွေးအမြင် အယူအဆများသည် ခေတ်မမီတော့ပါ' ဖြစ်သည်။ ထိုကျောင်းသားများက ဤအဆိုမှန်ကန်ကြောင်း အချက်အလက်များ ရှာဖွေကာ မိမိတို့အမြင်ကို ခုခံကာကွယ်မှုပေးရမည်။ အခြားတစ်ဖက်ခြမ်းမှ ကျောင်းသားများကိုမူ 'ပညာရှင် ကွန်မဲန်နီးယပ်စ် (Commenius) ၏ (၁၆) ရာစုခေတ်မှ ပညာရေး အတွေးအမြင် အယူအဆများသည် ယခုထိတိုင် ဆီလျော်နေဆဲဖြစ်သည်' ဆိုသည့် အဆိုကို ဆွေးနွေး စေရမည်။ ထိုကျောင်းသားတို့က ဤအမြင်ကို ခုခံကာကွယ်ပေးရမည်။ မှန်ကြောင်း သက်သေပြရမည်။

၃။ ဤသို့ အဆိုဘက်နှင့် အချေဘက် တစ်ဖက်စီမှ ကျောင်းသားများအား အသင်း (၂) သင်း ခွဲပေးပြီးနောက် တစ်ဖက်စီမှ အဆိုရှင် သို့မဟုတ် အချေရှင် ကျောင်းသားကိုယ်စားလှယ် (၄) ဦးစီကို ရွေးချယ်စေရမည်။ ထိုကိုယ်စားလှယ်တို့က သူတို့အသင်း၏ ရည်ရွယ်ချက် (အဆိုပြုခြင်း/ချေပရခြင်း အကြောင်းရင်း) သို့မဟုတ် မိမိတို့အသင်း၏ ရပ်တည်ချက်တို့ကို တင်ပြရမည်။ မိမိတို့အားတာဝန်ပေးအပ်ခံရသည့်အတိုင်း အဆိုပြုရန် သို့မဟုတ် ချေပငြင်းခုံရန် ဆွေးနွေးတိုင်ပင်ကြပြီး မိမိတို့ အတွေးအမြင်ရှုထောင့်ကို နားထောင်သူပရိသတ်တို့ လက်ခံလာစေနိုင်အောင် အချက်အလက် အကြောင်းအရာ ခိုင်လုံစွာဖြင့် တင်ပြကြရမည်ဖြစ်သည်။ အသင်းတစ်သင်းစီအား အခိုင်အမာပြုမည့် အဆို/အချေ တင်ပြချက်များကို ပြင်ဆင် စုဆောင်းပြုစုနိုင်ရန် ဉာဏ်ဖွင့်ဆွေးနွေးချိန်ပေးပါ။

၄။ အခဆိုအသင်းနှင့် အချေအသင်းတို့မှာ သူတို့ဆောင်ရွက်ရန်ရှိသည်တို့ကို အဆင်သင့် ပြင်ဆင်ပြီးသောအခါ အသင်းတစ်သင်းစီမှ အသင်းကိုယ်စားလှယ် တစ်ဦးစီသည် အတန်းရှေ့သို့ ထွက်လာပြီး သူတို့၏ သက်ဆိုင်ရာ အဆို/အချေ ရှုထောင့်အမြင်များကို တင်ပြရမည်။

၅။ အသင်းတစ်သင်းစီမှ သူတို့အား တာဝန်ပေးဆွေးနွေးစေသည့် ရှုထောင့် အမြင်ဘက်မှ ဆွေးနွေးမှုများ၊ ရှင်းလင်းတင်ဆက်မှုများ ပြီးစီးသွားသောအခါ အခြား ထပ်ဆောင်းတင်ပြလိုသော အချက်များ ရှိသေးပါကလည်း တင်ပြရန် ခွင့်ပြုပေးပါ။ တစ်တန်းလုံးဆွေးနွေးမှုကို ဆရာက ဦးဆောင် ဆွေးနွေးပေးမည် ဖြစ်သည်။ ကွန်မဲန်နီးယပ်စ်၏ ပညာရေးအတွေးအမြင် သဘောတရားများသည် ယနေ့ခေတ် ပညာရေးလောကထဲ၌ပင်လျှင် ယခုတိုင် အရေးပါနေသေးကြောင်း အထူးအားဖြင့် ၎င်းအလေးပေးဖော်ပြခဲ့သည့် ပညာရေးသည် လူတိုင်းအတွက်ဖြစ်သင့်ပြီး အထက်တန်းလွှာ၊ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်တို့အတွက်ချည်းသာ မဖြစ်သင့်ကြောင်း အယူအဆနှင့် အခြားနိုင်ငံ/ လူမျိုးတို့၏ ယဉ်ကျေးမှုများကို သင်ယူခြင်းနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုအတွက် အထောက်အပံ့ဖြစ်စေသော ပညာရေးတို့၏ အရေးပါပုံ အယူအဆတို့သည် ယနေ့ခေတ်ပညာရေးအတွက် အဘယ်ကြောင့် အရေးပါနေပုံတို့ကို ဆရာက ဦးဆောင်ဆွေးနွေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အခဆိုဘက်၊ အချေဘက် နှစ်ဖက်အသင်းတို့က ကွန်မဲန်နီးယပ်စ်၏ ပညာရေးအတွေးအမြင်များကို သေချာလေးနက်စွာ အကောင်းအဆိုး ခွဲခြားဝေဖန်သုံးသပ်၍ စဉ်းစားနိုင်စွမ်း ရှိကြပါသလား။ သူတို့ ဆင်ခြင်စဉ်းစားရာတွင်လည်း ကျိုးကြောင်းဆီလျော်စွာ ဆင်ခြင်စဉ်းစားနိုင်စွမ်း ရှိကြပါသလား။ ယနေ့ခေတ် ပညာရေးကို ကွန်မဲန်နီးယပ်စ်၏ စိတ်ကူးစိတ်သန်းများက မည်ကဲ့သို့ ပုံသွင်းဖန်တီးပေးခဲ့ပုံကို သူတို့ နားလည်နိုင်စွမ်း ရှိကြပါသလား။

အိမ်စာအလုပ် - သင်ယူမှုလုပ်ငန်း (၁) ထဲမှ ဒုတိယမေးခွန်းဖြစ်သည့် 'လက်ရှိဆောင်ရွက်နေသော သင်ရိုးညွှန်းတမ်းဆွေးနွေးပွဲများနှင့် အမျိုးသားပညာရေး စနစ်သစ်များ ပေါ်ပေါက်လာမှုကို တွေ့မြင်ရသောအခါ ကွန်မဲန်နီးယပ်စ်၏ အတွေးအမြင် သဘောတရားများက မိမိအတွေးအမြင်နှင့်

မည်မျှအထိ စပ်ဟပ်တူညီမှု ရှိနေသနည်း’၏ အဖြေကို ရှင်းလင်းဖြေဆိုထားသည့် ကျောင်းသားတို့၏ အတွေးအမြင်များကို ရေးသားစေရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

စကားရည်လုပွဲအသွင်ဖြင့် ဆွေးနွေးခဲ့သော အဆို/အချေအသင်းများက သူတို့၏ သက်ဆိုင်ရာ အတွေးအမြင်ဘက်မှ ခုခံကာကွယ်ရန် အခိုင်အမာအဆိုပြုချက် အမျိုးမျိုးအဖုံဖုံ ပေးကြမည်ဖြစ်သည်။ တစ်ဖက်တွင် ကွန်မဲန်နီးယပ်စ် ပေါ်ပေါက်ထွန်းကားပြီး ရှင်သန်နေထိုင်ခဲ့ရာ ကာလသည် နှစ်ပေါင်း (၄၀၀) ကျော်ကာလက ဖြစ်သည့်အတွက် ယခုကဲ့သို့ ပြောင်းလဲမှု အရှိန်အဟုန်မြင့်မားနေသော ယနေ့ခေတ် ကမ္ဘာနှင့်များစွာ အလှမ်းကွာမည်ဖြစ်၍ သူ၏အတွေးအမြင်များသည် ခေတ်မမီတော့ကြောင်းနှင့် ခေတ်နှင့် မညီညွတ်တော့ကြောင်း တင်ပြလာနိုင်သည်။ အခြားတစ်ဖက်တွင်လည်း သူ၏ လူတိုင်းအကျုံးဝင်ပညာရေးနှင့် အားလုံးအတွက် ပညာရေးအယူအဆသည် ယနေ့ခေတ် ပညာရေးအယူအဆဖြစ်သည့် ကလေးငယ်များအားလုံး အရည်အသွေးပြည့်ဝသည့် ပညာရေးလက်လှမ်းမီစေမှုကို အလေးထား ဆောင်ရွက်ရန်ဆိုသည့် အချက်နှင့် ကိုက်ညီဆီလျော်နေသည်ဟု တင်ပြချက်များလည်း ရှိနိုင်သည်။

### ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ ခွဲခြမ်းစိတ်ဖြာ လေ့လာမှု မိနစ် (၅၀)

၁။ ကျောင်းသားများအတွက် ဆောင်ရွက်ရန် အိမ်စာအဖြစ်ပေးထားသော ကွန်မဲန်နီးယပ်စ်၏ စိတ်ကူးအယူအဆများသည် ယနေ့ခေတ် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးနှင့် ပညာရေး စနစ်သစ်များအတွက် မည်ကဲ့သို့ အံဝင်ခွင်ကျ ကိုက်ညီနေပုံအကြောင်း မေးခွန်းကို ဆွေးနွေးခြင်းဖြင့် အတန်းသင်ကြားမှုကို စတင်ပါ။

၂။ ကွန်မဲန်နီးယပ်စ်၏ အဆိုအမိန့်များ ကိုးကားချက်အပိုင်းထဲမှ အချက်တစ်ခုစီကို တက်ကြွဖျတ်လတ်သူ (Volunteer) များအား အသံထွက်ဖတ်စေခြင်းဖြင့် တစ်တန်းလုံးအာရုံစိုက်မှုကို ရယူနိုင်အောင် ဆောင်ရွက်ပါ။

၃။ ကျောင်းသားများအား ကိုးကားချက်များထဲမှ နှစ်သက်ရာနှစ်ခုကို ရွေးချယ်စေပြီး သူတို့ အတွေးအမြင်နှင့် ထိုကိုးကားချက်တို့ အဘယ်ကြောင့် ဆင်တူနေကြောင်း ပြန်လည်သုံးသပ် စဉ်းစားစေမည်။ 'အနာဂတ်တွင် ဆရာတစ်ဦးဖြစ်လာမည့် မိမိအတွက် ထိုကိုးကားချက်ထဲမှ မည်သို့သော ဉာဏ်အမြော်အမြင်ကို အကြံသစ် ဉာဏ်အသစ်တစ်ခုအဖြစ် ယူဆမည်နည်း'

၄။ ကျောင်းသားများအား သူတို့ရွေးချယ်လိုက်သော အကိုးအကားတစ်ခုစီအတွက် သူတို့၏ အတွေးအမြင်ကို မှတ်စုစာအုပ်၌ ရေးသားစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကွန်မဲန်နီးယပ်စ် လုပ်ငန်းနှင့် စပ်လျဉ်း၍ ကျောင်းသားများ၏ အတွေးအခေါ်ကို ဆရာက ပိုမိုတိကျရေရာစွာ သိလိုလျှင် ကျောင်းသားများထံမှ ရေးသားထားသော အကြောင်းအရာများကို စုဆောင်း၍ စစ်ဆေးအကဲဖြတ်ရမည်။ ကွန်မဲန်နီးယပ်စ်၏ ပညာရေး လက်လှမ်းမီစေမှုတွင် တန်းတူညီတူရရှိစေရေးနှင့် ပညာရေးက ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုစေရေး အလေးပေးမှုတို့ကို ကျောင်းသားတို့ နားလည်သဘောပေါက်ကြောင်း ထင်ရှားသိသာစေမည့် အချက်အလက်တို့အပေါ် မူတည်၍ အကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားတို့တွင် သူတို့ရွေးချယ်လိုက်သော ကိုးကားချက်တို့အတွက် သူတို့၌ ခိုင်လုံသော အကြောင်းပြချက် အမျိုးမျိုးရှိတတ်ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ကွန်မဲန်နီးယပ်စ်၏ အတွေးအမြင်တို့သည် ယနေ့ခေတ် ကမ္ဘာတဝှမ်းလုံးရှိ အစိုးရတို့က ကြိုးပမ်းနေကြသော လူတိုင်းအတွက် ပညာရေးပံ့ပိုးပေးမှုပြုရန် တာဝန်ယူ ကတိကဝတ်ပြုမှုနှင့် ဆက်စပ်ချိတ်ဆက်မှု ရှိနေကြောင်းကိုသိမြင်ရန်သာ အရေးကြီးပါသည်။

## ၆.၂.၂။
## ကျွန်ုပ်တို့၏ ကမ္ဘာကိုအသွင်ပြောင်းလဲခြင်း -သက္ကရာဇ်၂၀၃၀ ၌ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ရရှိစေရေး လုပ်ငန်းအစီအစဉ်

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- အားလုံးအတွက် ပညာရေးသည် အဘယ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ဖြစ်လာရကြောင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း မည်သို့ပါဝင်ပံ့ပိုးအားဖြည့်ပေးနိုင်ကြောင်းကို အခိုင်အမာ အဆိုပြုတင်ပြတတ်မည်။
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိရေး ရည်မှန်းချက်များ၏ တန်ဖိုးကို သိရှိပြီး မြန်မာနိုင်ငံ ပညာရေးစနစ်က ထိုရည်မှန်းချက်များ ရရှိနိုင်ရန် မည်သို့အထောက်အပံ့ပြုနိုင်ကြောင်း သုံးသပ်တတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်။** မိနစ် ၅၀ စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ ဆွေးနွေးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် (၆.၂.၂) သင်ခန်းစာကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ရည်မှန်းချက်များ (SDG) အကြောင်း သုံးသပ်ချက် စာတမ်းမိတ္တူများ သို့မဟုတ် အွန်လိုင်းဝက်ဘ်ဆိုဒ်များ။ အွန်လိုင်း၌ ထိုအချက်အလက်များကို https://www.un.org/sustainabledevelopment/sustainable-development-goals/ တွင် တွေ့ရှိနိုင်သည်။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေခြင်း (မိနစ် ၅၀)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၂.၂) ကို ဖတ်ရှုလေ့လာစေရမည်။

၂။ ကျောင်းသားတစ်ဦးစီအား အောက်ပါမေးခွန်းများကို သူတို့မှတ်စုစာအုပ်ထဲ၌ ဖြေထားစေရမည်။

- ကုလသမဂ္ဂအဖွဲ့ကြီးအကြောင်း မိမိသိသမျှ ဖော်ပြပါ။
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက်များ၏ အလွန်အရေးပါသော ပန်းတိုင်မှာ အဘယ်နည်း။

- ထိုကဲ့သို့သော ကမ္ဘာ့တဝှမ်းလုံးဆိုင်ရာ ရည်မှန်းချက်များထားရှိခြင်းသည် အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါသလား။ မိမိရှုထောင့်မှ ရှင်းပြပါ။
- အထက်ဖော်ပြပါ နိဒါန်းပိုင်းတွင် ပညာရေးအကြောင်း ရှင်းလင်းစွာ ဖော်ပြမထားပါ။ ပညာရေး ကိုယ်တိုင်ကပင် ရည်မှန်းချက်ဖြစ်နေသည်သာမကဘဲ ၎င်းကအခြားရည်မှန်းချက်များအပေါ် လွှမ်းမိုးသက်ရောက်မှု ရှိ/မရှိကို မည်သို့ထင်မြင်သနည်း။ သက်ရောက်မှုရှိသည်ဆိုပါက မည်သို့ သက်ရောက်သနည်း။

၃။ ကျောင်းသားတစ်ဦးချင်းအနေဖြင့် အဖြေများကိုမှတ်တမ်းတင်ပြီးသည့်အခါ အခြား ကျောင်းသားတစ်ဦးနှင့်အတူတွဲ၍ အဖြေများကို ဆွေးနွေးပါ။

၄။ အထက်ဖော်ပြပါမေးခွန်းများကို တစ်တန်းလုံး ဝိုင်းဝန်းအဖြေရှာရန် ဆရာက ဦးဆောင်ဆွေးနွေးလိမ့်မည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းထဲသို့ လှည့်ပတ်လမ်းလျှောက်ရင်း ကျောင်းသားများ ဆွေးနွေးလုပ်ကိုင်နေကြသည်တို့ကို ဆရာက ကြည့်ရှုလေ့လာခြင်းအားဖြင့် သူတို့ဆောင်ရွက်မှု နည်းလမ်းတကျ ရှိ/မရှိကို အကဲဖြတ်ပါ။ (အောက်တွင် ကြည့်ပါ)

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ သိသင့်နားလည်သင့်သည်မှာ ကုလသမဂ္ဂအဖွဲ့ကြီး၏ အရေးကြီးသော အလုပ်တာဝန်တစ်ခုသည် ကမ္ဘာ့တဝှမ်းလုံးဆိုင်ရာ ဖွံ့ဖြိုးမှုရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရာတွင်နှင့် ထိုလုပ်ငန်းများကို စောင့်ကြည့်လေ့လာရာတွင် ကူညီပေးရန်ဖြစ်သည်။ အခြားသိမြင်သင့်သည့် အချက်မှာလည်း SDG များသည် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိရန် သေချာစေရေးကို ရည်ရွယ်ထားခြင်း ဖြစ်သည်။ ပညာရေးသည် ၎င်းကိုယ်တိုင်ကပင် ရည်မှန်းချက်တစ်ခုဖြစ်သည့်အပြင် အခြားရည်မှန်းချက်များ ရရှိစေရေးအတွက် အထောက်အကူပြုပေးသည့် ပစ္စည်းကိရိယာတစ်ခုလည်းဖြစ်သည်။ မေးခွန်း (၃) နှင့် (၄) တို့အတွက် ရရှိလာမည့်အဖြေများသည် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးအမြင်ပေါ် မူတည်၍ ကွာခြားမည် ဖြစ်သည့်အတွက် အကဲဖြတ်ခြင်းမပြုသင့်ပါ။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၅၀)

၁။ ကျောင်းသားများထံတွင် SDG အနှစ်ချုပ်တို့ကို ဖော်ပြထားသည့် ပုံနှိပ်စာရွက်မိတ္တူများ သို့မဟုတ် အွန်လိုင်းစာမျက်နှာများကို ကြည့်ရှုသုံးစွဲနိုင်မှု အခြေအနေတစ်ခုခုရှိရမည်။ SDG အနှစ်ချုပ်ကို ဖတ်ပြီးနောက် SDG-4 အကြောင်းကို အသေးစိတ် ဂရုတစိုက် ဖတ်စေရမည်။ SDG - 4 အရည်အသွေးပြည့်ဝသော ပညာရေးကို ရရှိခြင်းသည် လူတို့၏ဘဝများ အောင်မြင် တိုးတက်မှုအတွက်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုတို့အတွက် ခိုင်မြဲသော အခြေခံအုတ်မြစ်ဖြစ်သည်။[6]

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲဖြစ်စေ၊ တစ်ယောက်ချင်းစီဖြစ်စေ လုပ်ငန်းပေးရမည်။

အောက်ပါမေးခွန်းများအတွက် အဖြေရှာပြီး တုံ့ပြန်မှု (အဖြေများ) ကို မှတ်တမ်းတင်ထားပါ။

- အရည်အသွေးပြည့်ဝသော ပညာရေးကို ကမ္ဘာတဝှမ်းလုံးတွင် မည်သည့်အတိုင်းအတာအထိ ပံ့ပိုးပေးထားနိုင်သနည်း။ မည်သည့်နေရာများတွင် ယခုတိုင် ကွာဟမှုအကြီးမားဆုံး ဖြစ်ပေါ် နေသနည်း။
- ကုလသမဂ္ဂအဖွဲ့ကြီးက အဓိပ္ပာယ်သတ်မှတ် ဖွင့်ဆိုထားသည့်အတိုင်း အရည်အသွေး ပြည့်ဝသော ပညာရေးကို ဖော်ဆောင်ရန် အဆိုပြုသည့် SDG - 4 ၏ အစိတ်အပိုင်းများကို ဖော်ပြပါ။
- မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) တို့ကို ကုလသမဂ္ဂ၏ (၂၀၃၀) လုပ်ငန်းအစီအစဉ်နှင့် နှိုင်းယှဉ်လေ့လာပါ။ မြန်မာနိုင်ငံ၏ ဤအမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းသည် သက္ကရာဇ် ၂၀၃၀ ၌ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက်များ (SDG) ရရှိစေရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအတွက် အသုံးဝင်သော လမ်းသွယ်တစ်ခုအဖြစ် ပံ့ပိုးပေးနိုင်မှု ရှိ/မရှိ သုံးသပ်ပါ။

[6] https://www.un.org/sustainabledevelopment/sustainable-development-goals/

၃။ အထက်ပါ မေးခွန်းများ၏ အဖြေများကို အခြေခံ၍ တစ်တန်းလုံး ပါဝင်ဆွေးနွေးရမည့် ဆွေးနွေးပွဲကို ဆရာက ဦးဆောင်ပါ။

၄။ ပြန်လည်သုံးသပ်ရန် မေးခွန်းများကို အိမ်စာအလုပ်အဖြစ်လည်း ပေးနိုင်သည်။ စာသင်ချိန်အပြီးတွင် စာသင်ခန်းအထွက် လက်မှတ် သို့မဟုတ် လက်ဆောင်အဖြစ် ကျောင်းသားများကို အောက်ပါမေးခွန်း (၂) ခုအတွက် ပြန်လည်သုံးသပ်ချက်အကျဉ်းကို အချိန်တိုတိုအတွင်း ရေးသားစေရမည်။

- SDG များ၏ အကြောင်းအရာထဲတွင် မည်သည့်အချက်က မိမိကို စိတ်လှုပ်ရှားစေသနည်း။
- ယနေ့သင်ယူခဲ့သည်များထဲတွင် မည်သည့်အရာက မိမိကိုအံ့သြစေသနည်း။ အဘယ် ကြောင့်နည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ လုပ်ငန်းဆွေးနွေးဆောင်ရွက်နေစဉ် ဆရာက အတန်းပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုပြီး လေ့လာပါ။ သူတို့ ဆောင်ရွက်မှု နည်းလမ်း ကျ/မကျ အကဲဖြတ်ပါ။ (အောက်တွင် ကြည့်ပါ)

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အချို့မေးခွန်းများကိုဖြေဆိုရန် ကျောင်းသားများအတွက် စာရင်းပြုဖော်ပြထားသော ဝက်ဘ်ဆိုဒ်ပါ အချက်အလက်များ လိုအပ်မည်ဖြစ်သည်။ အဆိုပါ အချက်အလက်များထဲတွင် အောက်ပါတို့ကို တွေ့ရှိနိုင်သည်။

- ပညာရေးလက်လှမ်းမီမှု၌ ကွာဟချက်များ
  - ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မူလတန်းပညာရေးသင်ယူရန် ကျောင်းအပ်နှံမှုသည် ၉၁% ထိ ရှိလာသော်လည်း မူလတန်းကျောင်းနေအရွယ် ကလေးငယ်ဦးရေ (၅၇) သန်းသည် ကျောင်းမနေနိုင်သေးဘဲ ရှိနေသည်။
  - ကျောင်းမနေနိုင်သော ကလေးအရေအတွက် ထက်ဝက်ကျော်ခန့်သည် အာဖရိကတိုက်ရှိ ဆာဟာရသဲကန္တာရ ရပ်ဝန်းတွင် နေထိုင်ကြသော ကလေးများ ဖြစ်ကြသည်။

- မူလတန်းကျောင်းမနေနိုင်ကြသည့် ကလေးငယ်ဦးရေ၏ ၅၀% နီးပါးခန့်သည် အမျိုးမျိုးသော ပဋိပက္ခများ၊ ဝိရောဓိများ စသည်တို့၏ဒဏ်ကို ခံစားနေရသည့် နေရာဒေသများမှ ကလေးများ ဖြစ်ကြသည်။
- ကမ္ဘာတဝှမ်းလုံး အတိုင်းအတာအရ လူငယ်ပေါင်း (၆၁၇) သန်းသည် အခြေခံ အရေး၊ အဖတ်၊ အတွက် ကျွမ်းကျင်မှုမရှိကြောင်း တွေ့ရသည်။[၇]

- အရည်အသွေးပြည့်ဝသော ပညာရေးနှင့်ပတ်သက်၍ ဖော်ပြချက်။
- 'အရည်အသွေးပြည့်ဝသော ပညာရေးချို့တဲ့ရခြင်းမှာ အကြောင်းရင်းများစွာရှိသည်။ ထိုအကြောင်းအရင်းများထဲတွင် အတတ်ပညာပိုင်း၌ ပြည့်ဝစွာ လေ့ကျင့်သင်ကြား ပေးထားသည့် ဆရာများ ရှားပါးခြင်း သို့မဟုတ် မရှိခြင်း၊ ကျောင်းအဂ်ါရပ်နှင့် ပြည့်စုံညီညွတ်မှုမရှိခြင်း ကျေးလက်နေကလေးများအတွက် ပံ့ပိုးပေးသော အခွင့်အလမ်း များနှင့်ပတ်သက်၍ ဆောင်ရွက်မှုတွင် တန်းတူညီမျှဆိုင်ရာပြဿနာများ ရှိနေခြင်းတို့ ပါဝင်နေကြသည်။ ဆင်းရဲနွမ်းပါးသော မိသားစုမှ ကလေးများအတွက် အရည်အသွေး ပြည့်ဝသောပညာရေးပံ့ပိုးရာတွင် ပညာသင်ဆုများ ပေးအပ်နိုင်ရန်၊ ဆရာအတတ် လေ့ကျင့်သင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပနိုင်ရန်၊ ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ရန်နှင့် ကျောင်းများတွင် ရေနှင့်လျှပ်စစ် ရရှိသုံးစွဲနိုင်ရေး စီမံပေးနိုင်ရန် တို့အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ပါသည်။'

နောက်ဆုံးမေးခွန်းအတွက် ရရှိမည့် အဖြေများတွင် ထင်မြင်ချက် အမျိုးမျိုးကွဲပြားနိုင်သည်။ NESP က SDG 4 ရည်မှန်းချက်အတွက် ကူညီဆောင်ရွက်နိုင်သည့် အတိုင်းအတာနှင့်ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုး ကွဲပြားမည် ဖြစ်သည်။ ကျောင်းသားများအနေနှင့် NESP တွင် ပါဝင်သည့် အသွင်ကူးပြောင်းရေးအဆင့်များတွင် အရည်အသွေးပြည့်ဝသော ပညာရေးနှင့် မည်ကဲ့သို့ ဆက်နွယ်သွားပုံကို မြင်အောင်ကြည့်တတ်ရမည်။

[၇] https://www.un.org/sustainabledevelopment/sustainable-development-goals/

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

'အားလုံးအတွက်ပညာရေး' အယူအဆ စတင်ပေါ်ပေါက်လာရာနေရာနှင့် ထိုအယူအဆ၏ အရေးပါပုံကို ကျောင်းသားတို့ နားလည်မှု ရှိ/မရှိ စမ်းသပ်စစ်ဆေးရန်အတွက် အောက်ဖော်ပြပါ ပြန်လည်သုံးသပ်သည့် မေးခွန်းများကို အသုံးပြု၍ စစ်ဆေးနိုင်သည်။ ကျောင်းသားများသည် SDG4 တွင် ပါဝင်သော အခြေခံ အချက်များအကြောင်းနှင့် ၎င်းတို့သည် အဘယ်ကြောင့် အရေးပါကြောင်းတို့ကို ရှင်းလင်းပြနိုင်ရမည်။ ထိုအကြောင်းများကို ကျောင်းသားတို့အား ဆရာက မေးမြန်းပြီး အဖြေများကို သူတို့မှတ်စု၌ မှတ်သားစေရမည်။ သို့မဟုတ် အုပ်စုငယ်တစ်စုနှင့်ဖြစ်စေ၊ တစ်တန်းလုံးနှင့်ဖြစ်စေ ဆွေးနွေးစေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကျောင်းသားများအား SDG များအကြောင်း ပိုမိုနှံ့စပ်စွာ လေ့လာနိုင်ရန် အိမ်စာအလုပ်အဖြစ် ပေးနိုင်သည်။ ထို့ပြင် အရည်အသွေးပြည့်ဝသော ပညာရေး၏ အစိတ်အပိုင်းများအကြောင်းကို အွန်လိုင်းတွင် သုတေသနပြုလုပ်စေသည်။ သို့မဟုတ် ကမ္ဘာပေါ်တွင် ပညာရေးလက်လှမ်းမီမှု ကွာဟချက်အများဆုံး ဖြစ်နေသော နေရာများအကြောင်း သုတေသနပြုလုပ်ရန် လုပ်ငန်းပေးနိုင်သည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပညာရေးအကြောင်းတွေးခေါ်မျှော်မြင်ရာတွင် အထောက်အကူပြုသော ကွန်မဲန်နီးယပ်စ်၏ အတွေးအမြင်တို့ကို ဖော်ပြပါ။

***အဖြေ။*** *ကွန်မဲန်နီးယပ်စ်က ပညာရေးသည် လူတိုင်းအတွက် အားလုံးအတွက်ဖြစ်ပြီး လူ့အဖွဲ့အစည်းထဲမှ လူကုံထံတို့အတွက်ချည်းမျှသာ မဖြစ်သင့်ကြောင်း စိတ်ကူးအယူအဆကို ပထမဦးဆုံး ဖော်ထုတ်ကာ အားပေးမြှင့်တင်ခဲ့သူ ပညာရှင်ဖြစ်သည်။ သူအားပေးမြှင့်တင်ခဲ့သည့် အခြားအယူအဆများမှာ ငြိမ်းချမ်းရေး ဖော်ဆောင်မှုပညာရေးနှင့် ပညာရေးကို ပိုမိုကျယ်ပြန့်သောကမ္ဘာကြီး အကြောင်း နားလည်စေနိုင်သည့် နည်းလမ်းတစ်သွယ်အဖြစ် ရှုမြင်သုံးသပ်သော အယူအဆတို့ ဖြစ်ကြသည်။*

**မေးခွန်း ၂။** ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက်များထဲတွင် မည်သည့် ရည်မှန်းချက်သည် ပညာရေးကို အထူးအာရုံစိုက် အလေးပေးထားသနည်း။ ၂၀၃၀ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ပညာရေးရည်မှန်းချက်၏ အရေးပါသော အစိတ်အပိုင်းများကို ဖော်ပြပါ။

***အဖြေ။*** *SDG - 4 က ပညာရေးအပေါ် အထူးအလေးထားပါသည်။ SDG - 4 က အလေးထားသော အချက်များမှာ ပညာရေးသည် လူသားအားလုံးအတွက် ညီတူညီမျှ အခွင့်အရေး ဖြစ်စေရမည်။ (လူတိုင်းပညာ သင်ယူခွင့်ရှိစေရမည်) အရည်အသွေးပြည့်ဝရမည်။ အားလုံးအတွက် အကျိုးဝင်ပညာရေးဖြစ်ရမည်။ (ကျား/မ မရွေး မသန်စွမ်းကလေးများ အပါအဝင်) နှင့် ဘဝတစ်သက်တာလုံး သင်ယူနိုင်သောပညာရေး ဖြစ်စေရမည်။*

# ၆.၃။ ကလေးငယ်များ၏ ရှေးဦးအရွယ်အရေးပါပုံ

နုနယ်ငယ်ရွယ်သေးသော ကလေးတို့၏ အသိဉာဏ် (စိတ်) သည် စူးစမ်းသိရှိလိုမှု ပြင်းထန်ပြီး ပုံသွင်းပြုပြင်ပေးရန်လည်း အလွန်လွယ်ကူသည်။ နုနယ်သောစိတ်သည် သတင်းအချက်အလက်နှင့် အတွေ့အကြုံတို့ကို ရေမြှုပ်တစ်ခုက ရေကိုစုပ်ယူသည့်ပမာ အလွန်အမင်းသိလိုကြသည်။ ကျောင်းသားကလေးငယ်များ ကျောင်းသို့ စတင်ရောက်ရှိလာရာတွင် အိုးလွတ်တစ်လုံးကဲ့သို့ အသိဉာဏ်ဗလာဖြင့် လာခဲ့ကြသည်မဟုတ်ပါ။ သူတို့စိတ်ကို အိုးလွတ်တစ်လုံးသဖွယ် သဘောထား၍ ဆရာများက ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာများနှင့် ဘာသာရပ် အကြောင်းအရာတို့ကို သူတို့ခေါင်းထဲသို့ အပြည့်ထည့်ပေးရန် ကျောင်းသို့ လာရောက် စောင့်ဆိုင်းကြသူများ မဟုတ်ပါ။ ကလေးငယ်များသည် ကစားခြင်းနှင့် စူးစမ်းလေ့လာခြင်းတို့မှ သင်ယူမှုအတွက် အခြေခံကျသော ကျွမ်းကျင်မှုတို့ကို တည်ဆောက်ပြီးဖြစ်သည်။ သူငယ်တန်းပြဆရာတို့က ကလေးတို့၏ သဘာဝဆန္ဒဖြစ်သည့် သင်ယူသိရှိလိုမှုနှင့် သူတို့နေထိုင်သော ပတ်ဝန်းကျင်အကြောင်း နားလည်ရန် စူးစမ်းရှာဖွေမှုတို့ကို အသာအယာ နှိုးဆွပေးရန် လိုသည်။

ဤအခန်းငယ်တွင် ကလေးငယ်များ၏ ရှေးဦးအရွယ်အရေးပါပုံနှင့် မြန်မာနိုင်ငံမှ သူငယ်တန်း သင်ရိုးများသည် ကလေးများ၏ အနာဂတ်သင်ယူမှုများ အားလုံးအတွက် သင်ယူမှုအခြေခံ အုတ်မြစ်ကို ချပေးရာတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ အဆုံးစွန် အားဖြင့်လည်း ကလေးများ၏ အဖက်ဖက်မှ အောင်မြင်မှုနှင့် တစ်ဦးစီ၏ ကောင်းကျိုးချမ်းသာတို့ ရရှိစေရန်လည်း မျှော်မှန်းထားသည်။

## ၆.၃.၁။
## ကလေးငယ်ဘဝ ကစားခြင်းနည်းဖြင့် သင်ယူခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သင်ယူမှုသည် သဘာဝအားဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာ၌ မည်ကဲ့သို့ ပေါ်ပေါက်လာတတ်ကြောင်း ဥပမာများ ပေးတတ်မည်။
- ရှေးဦးအရွယ် ကလေးသူငယ်များ၏ ပညာရေးသည် အဘယ်ကြောင့် အရေးပါကြောင်း ရှင်းပြတတ်မည်။
- ကစားခြင်းနှင့် ဆရာ့လမ်းညွှန်မှုဖြင့် စူးစမ်းလေ့လာခြင်းတို့ကို သူငယ်တန်းသင်ကြားရေးနည်းများထဲသို့ မည်သို့ထည့်သွင်းပါဝင်စေသင့်ပုံကို ဆွေးနွေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) ၄.၁။ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ တစ်တန်းလုံး ဖတ်ကြားစေခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်ရှိပြီး သင်ယူမှု အတွေ့အကြုံကို ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၃.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးများအတွက် စက္ကူ၊ ရွှေ့ပြောင်း၍ရသော စာရေးခုံနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ။

**သင်ယူမှု လုပ်ငန်းများ**

**ပထမစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၁။ ဆွေးနွေးခြင်း (မိနစ် ၅၀)**

၁။ သင်ခန်းစာခေါင်းစဉ်ကို မိတ်ဆက်ပေးရန် တစ်တန်းလုံး ဆွေးနွေးခြင်းဖြင့် စတင်ပါ။ ဆရာက ကျောင်းသားများအား မေးရန်မှာ 'ခဏလောက် စဉ်းစားကြည့်ရအောင်။ မင်းတို့အနေနဲ့ ကလေးတွေ ဆော့ကစားနေတာကို မြင်ဖူးမှာဘဲ။ အဲသလိုမြင်ဖူးခဲ့တဲ့ အချိန်ကို ပြန်စဉ်းစားကြည့်လိုက်စမ်း။ သူတို့ ဘာတွေလုပ်နေကြတာလဲ။ ကစားရင်းနဲ့ သင်ယူနေကြတယ်လို့ မထင်ဘူးလား။ သူတို့ ဘယ်အရာတွေတတ်သွားလဲ။ မင်းတို့ဘယ်လိုသိနိုင်သလဲ' ဟု မေးပါ။ ကျောင်းသားများက အဆိုပါ ဆရာ့မေးခွန်းများ အတွက် သူတို့အတွေး၊ သူတို့အဖြေအချို့ကို မှတ်စုစာအုပ်ထဲတွင် ရေးသားထားနိုင်သည်။

၂။ ဤလုပ်ငန်းစဉ် (မေးခွန်းဖြေခြင်း) အတွက် အချိန်ယူ၍ ဆရာက ကျောင်းသားများ၏ အတွေးအခေါ်ကို သေချာစွာ စုံစမ်းစစ်ဆေးသင့်သည်။ သူတို့အတွေးကို တစ်တန်းလုံးကို

မျှဝေစေရာတွင် ကျောင်းသားများပေးသည့် အဖြေများသည် မှားသည်/မှန်သည်ဟူ၍ မရှိပါ။ သို့သော် မျှဝေလိုက်သော အတွေးအမြင်တို့သည် သင်ယူမှုကို ဦးတည်အာရုံစူးစိုက်မှု ထားရမည်။ ကျယ်ပြန့်လေးနက်စွာ ဆွေးနွေးနိုင်စေရန်အတွက် ဘယ်လိုသိသလဲ မေးခွန်းဖြင့် ချဲ့ထွင်စဉ်းစားစေပါမည်။ သူတို့၏စိတ်ကူး အယူအဆများ ခိုင်မာစေရန် ကျိုးကြောင်းညီညွတ်မှုရှိစေရန် တွန်းအားပေးပါ။ သူတို့သက်တူရွယ်တူ အုပ်စုမှ အခြားကျောင်းသားများ ကြည့်ရှုလေ့လာမှုနှင့် မိမိ၏ ကြည့်ရှုလေ့လာမှုတို့မှ ရရှိလာသော ဥပမာများ အပြန်အလှန် မျှဝေကြသောအခါ တွေ့ရှိမှုများမှတစ်ဆင့် ကစားနေကြသော ကလေးငယ်များသည် တစ်စုံတစ်ခုကို တတ်မြောက်သွားကြောင်း သဘောတူလက်ခံကြမည် ဖြစ်သည်။ ထိုအခါ ၎င်းတို့စိတ်ကူးများသည် ကျိုးကြောင်းဆီလျော်မှုရှိပြီး ခိုင်မာသွားသည်။ အရေးကြီးသည်မှာ ကျောင်းသားအများအပြားကို သူတို့အချင်းချင်း အတွေ့အကြုံများမှ မျှဝေ ဖလှယ်စေပြီး ဖျတ်လတ်တက်ကြွစွာ အချေအတင်ငြင်းခုန်ခြင်း၊ ဆွေးနွေးခြင်းတို့ ဆောင်ရွက်စေရန် ဖြစ်သည်။ သို့မှသာလျှင် သူတို့ လုပ်ငန်းစဉ်က ကလေးတို့၏ သင်ယူမှု စတင်ဖြစ်ပေါ်လာသည့် နေရာနှင့် ဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်လာနည်းကို အကျယ်တဝင့် သရုပ်ပေါ်လွင်စေမည်ဖြစ်သည်။

၃။ ထို့နောက် ဖျတ်လတ်တက်ကြွသူ ကျောင်းသားအချို့အား ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ ၆.၃.၁ ကို တစ်တန်းလုံး သိရှိရအောင် ဖတ်ပြစေရမည်။ ကျောင်းသားများ သိလိုသောမေးခွန်းများနှင့် သူတို့ပြုလိုသောမှတ်ချက်တို့ကို ဖြေကြားစစ်ဆေးပေးပါ။

၄။ တတိယမေးခွန်းကို ဖြေကြားရန် ဤသင်ယူမှုလုပ်ငန်းမှာပင် ကျောင်းသားများအား အတွဲလိုက် (နှစ်ယောက်တွဲ) ဖြစ်စေ၊ အုပ်စုငယ်လေးများအလိုက်ဖြစ်စေ ဆောင်ရွက်စေမည်။ သူတို့အကြားသို့ မကြာခဏ သွားရောက်ကာ သူတို့စကားဝိုင်းတွင် နားထောင်ပေးရမည်။

၅။ (၁၀) မိနစ် သို့မဟုတ် (၁၅) မိနစ်ခန့် ဆွေးနွေးပြီးသောအခါ အချို့ကျောင်းသားများအား ဤလုပ်ငန်း အပေါ် ပြန်လည်သုံးသပ်စေပြီး သူတို့အဖြေများကို တစ်တန်းလုံးနှင့် မျှဝေပါစေ။ ရရှိလာသော အဖြေများကို မှား/မှန်၊ ကောင်း/ဆိုး ဝေဖန်ရန် မလိုပါ။ တစ်ဦးစီ၏ အယူအဆအလိုက် အမျိုးမျိုးကွဲပြားမည်သာဖြစ်သည်။ အဓိကကျသောအချက်မှာ ဆရာ့အတွက် အဖြေများ တစ်သီတစ်တန်း ရရှိစေရန်သာ ဖြစ်သည်။ ကျောင်းသား တချို့တစ်ဝက်က အတွေးများ မျှဝေပြီးသည့်အခါတွင် 'ပြန်လည် သုံးသပ်ခြင်းမှ ဖြစ်ပေါ်ရရှိလာသော သင်ယူမှု' နှင့် 'အတွေ့အကြုံမှ ဖြစ်ပေါ်ရရှိလာသော သင်ယူမှု' တို့

ကွာခြားပုံကို ကျောင်းသားများအား စဉ်းစားတွေးတောစေရမည်။ ထို့နောက် ခြားနားသော အခြေအနေအမျိုးမျိုးတို့၌ ၎င်းတို့၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ဆွေးနွေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ဆွေးနွေးရာတွင် နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များတွင်ဖြစ်စေ ဆွေးနွေးစေခြင်းအားဖြင့် ဆရာက သူတို့ဆွေးနွေးရာ နေရာများအကြားသို့ သွားရောက်ကာ သူတို့ဆွေးနွေးပွဲ စကားဝိုင်းကို နားထောင်နိုင်သည်။ ထိုအခါ အကဲဖြတ်ရမည့်အချက်မှာ သူတို့သည် ကလေးငယ်များ သင်ယူတတ်သည့် နေရာနှင့် သင်ယူပုံသင်ယူနည်းတို့ကို သေချာစွာ အာရုံစူးစိုက် ဆွေးနွေးခြင်း ပြု/မပြုကို စိစစ်ရမည်။ ကျောင်းသားများ သိနားလည်သင့်သည့်အချက်မှာ ကလေးငယ်များသည် သဘာဝစာသင်သားများ ဖြစ်ကြပြီး သူတို့ ပတ်ဝန်းကျင်လောကကို နားလည်ရန်အတွက် ဆော့ကစားခြင်းနှင့် စူးစမ်းလေ့လာခြင်းတို့ကို ဆောင်ရွက်တတ်ကြကြောင်း ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အထက်ပါညွှန်ကြားချက်များတွင် ဖော်ပြခဲ့သည့်အတိုင်း ဤသင်ယူမှုလုပ်ငန်းစဉ်ပါ မေးခွန်းများမှာ လူတစ်ဦးစီ၏ ကိုယ်ပိုင်အယူအဆနှင့်ဆက်စပ်ပြီး တစ်ဦးစီ၏ နှစ်သက်ရာအလိုက် အဖြေအမျိုးမျိုး ရရှိနိုင်သည်။ တစ်သမတ်ကွက်တိ ဓမ္မဓိဋ္ဌာန်ကျသော အဖြေမရနိုင်ပါ။ 'ပြန်လည် သုံးသပ်ခြင်းမှ သင်ယူမှု' နှင့် 'အတွေ့အကြုံမှ သင်ယူမှု' တို့အကြောင်းကို ကျောင်းသားတို့ စဉ်းစားရာတွင် ဆရာက လမ်းညွှန် ကူညီပေးနိုင်သည်။ အတွေ့အကြုံမှ သင်ယူမှုအကြောင်း သိသာထင်ရှားသော ဥပမာများပေး၍ ရှင်းပြနိုင်သည်။ ဥပမာအားဖြင့် မီးဖိုပေါ် ထိမိသဖြင့် လက်အပူလောင်သွားဖူးသော ကလေးငယ်သည် ပူသောအရာများက လောင်ကျွမ်းစေတတ်ကြောင်း သင်ယူတတ်မြောက် သွားသည်။ သို့မဟုတ် အဒေါ်ထမင်းချက်ရာတွင် ကူညီပေးသော ကလေးငယ်တစ်ဦးသည် ထမင်းချက်နည်းကို သင်ယူတတ်မြောက်သွားသည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှု လုပ်ငန်း ၂။ ပြန်လည်သုံးသပ်ခြင်း (မိနစ် ၅၀)

၁။ ကျောင်းသားများအား စဉ်းစားချိန် (၁၅) မိနစ်ခန့်ပေး၍ သင်ယူမှုလုပ်ငန်း (၁) တွင် ပါသောမေးခွန်းများကို ဖြေစေပြီး သူတို့မှတ်စုများတွင် မှတ်သားထားစေရမည်။ ဤမေးခွန်းများသည် သူတို့ထင်မြင်ချက်နှင့် သူတို့ အတွေ့အကြုံပေါ် အခြေပြုထားသော မေးခွန်းများဖြစ်ကြသည်။ အဖြေများပေးရာတွင် (သူတို့၏အတွေ့အကြုံနှင့် ကြည့်ရှုလေ့လာမှုအချို့ကို အခြေခံ၍) အကြောင်းပြချက်များပါ ထည့်သွင်းရေးသားရန် သတိပေးပါ။

၂။ ကျောင်းသားတစ်ဦးစီက တုံ့ပြန်ရန် အဖြေများရရှိလာသောအခါ ဆရာက ပါဝင်ဆွေးနွေးပြီး သူတို့အဖြေများကို သင်ပုန်းပေါ် သို့မဟုတ် ကားချပ်ကြီးတစ်ခုပေါ်၌ ရေးသားမှတ်တမ်းတင်ပေးခြင်းဖြင့် ကျောင်းသားတိုင်း သိမြင်ရအောင် ဆောင်ရွက်ပါ။ ဖြစ်နိုင်လျှင် စာသင်ခန်းနံရံ၌ ကျောင်းသားအားလုံးတို့၏ အဖြေများ (တုံ့ပြန်မှုများ) ကို မြင်သာအောင် ပြသထားစေမည်။ အခန်း (၆) ကျန်အပိုင်းများ လေ့လာသောအခါ ထိုအချက်တို့ကို လွယ်ကူစွာ သိရှိနိုင်စေရန် ဖြစ်သည်။

၃။ ကျောင်းသားများကို အုပ်စုငယ်လေးများအဖြစ် ခွဲပေးပါ။ (သို့မဟုတ် ကျောင်းသားတစ်ဦးနှင့် သူ့ဘေးမှတစ်ဦးတို့ နှစ်ယောက်တစ်တွဲတွဲစေမည်) တွဲဖက်သင်ယူသူ ကျောင်းသားတစ်ဦးနှင့်ဖြစ်စေ သို့မဟုတ် အုပ်စုငယ်တစ်ခုနှင့်ဖြစ်စေ အတူပူပေါင်း၍ ကလေးများ၏ အမူမဲ့အမှတ်မဲ့ ကစားခြင်းမှတစ်ဆင့် သူငယ်တန်း ကျောင်းသင်ခန်းစာ တစ်ခုအဖြစ်သို့ ဖန်တီးရန် စိတ်ကူးစိတ်သန်းများ ရရှိစေရေးအတွက် ဉာဏ်ဖွင့်ဆွေးနွေးစေရမည်။ အကယ်၍ ကျောင်းသားတို့အတွက် စဉ်းစားရာတွင် အခက်အခဲဖြစ်နေပါက ဆရာက သူငယ်တန်းသင်ရိုးညွှန်းတမ်းမှ ခေါင်းစဉ်များကို သူတို့အား ပေးနိုင်သည်။ သို့မဟုတ် သူငယ်တန်းကျောင်းသားများအတွက် ကျွမ်းကျင်မှုများကို ပြောပြမည်။ ထို့နောက်တွင်မှ သူငယ်တန်းကလေးတို့အား အယူအဆတစ်ရပ် သို့မဟုတ် ကျွမ်းကျင်မှုတစ်ခုအကြောင်းကို သင်ယူစေရာ၌ ကစားခြင်းအခြေပြုသင်ယူမှုလုပ်ငန်းစဉ် တို့က မည်သို့ကူညီပေးနိုင်ပုံကို ပြောပြစေမည်။

၄။ ကျောင်းသားတို့ နှစ်ယောက်တစ်တွဲဖြစ်စေ အုပ်စုငယ်များဖြစ်စေ ဆွေးနွေးပြီးကြလျှင် တစ်တန်းလုံး ဆွေးနွေးကြမည်။ တစ်တန်းလုံးပါဝင်ဆွေးနွေးရာ၌ သူတို့စိတ်ကူး

အတွေးအမြင်များကို အတန်းသို့မျှဝေရမည်။ ထို့ပြင် အသေးစိတ်သင်ယူမှုရလဒ်များ ပေါက်မြောက်အောင် ဦးတည်ချက်ထားသည့်သင်ယူမှုတစ်ခုကို ကလေးများအား သင်ယူစေရာတွင် ကစားခြင်း၏ မည်သည့်အစိတ်အပိုင်းနှင့် မည်သို့သောသင်ယူမှုက ကလေးတို့သင်ယူမှုကို အထောက်အပံ့ဖြစ်စေမည်ဟု ထင်မြင်သနည်း။ ထိုမေးခွန်းကို ဆရာက ကျောင်းသားများအားမေးမြန်း၍ ထပ်မံဆွေးနွေးနိုင်သည်။ ဤသို့သင်ယူစေရာတွင် ကလေးတို့၏ သိလိုစူးစမ်းလိုစိတ်များလည်း မပျောက်ပျက်စေဘဲ ထိန်းသိမ်းနိုင်စေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ခန်းစာပါ အဓိကကျသောအချက်များကို ကျောင်းသားများ နားလည်ခြင်း ရှိ/မရှိ ဆရာက စစ်ဆေးလိုလျှင် အတန်းတွင်းဆွေးနွေးခြင်းအားဖြင့် စစ်ဆေးနိုင်သည်။ အဓိကကျသော အချက်များမှာ ကလေးများသည် သဘာဝအားဖြင့်ပင် သင်ယူလိုစိတ် ပြင်းပြသော ကျောင်းသားများ ဖြစ်ခြင်း၊ သူတို့၏ မွေးရာပါဗီဇမှပါလာသော စူးစမ်းသိရှိလိုမှုနှင့် စူးစမ်းရှာဖွေဆောင်ရွက်လိုမှု၊ ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးက ကျောင်းသားများ၏ ဘဝတစ်သက်တာပညာရေးနှင့် သင်ယူမှုအခွင့်အလမ်းများအတွက် အခြေခံအုတ်မြစ်ချပေးခြင်းနှင့် သူငယ်တန်းသင်ခန်းစာများ သင်ကြားရာတွင် ကလေးတို့၏သင်ယူမှုကို အထောက်အပံ့ဖြစ်စေရန် ကစားခြင်းဖြင့် သင်ယူနည်းကို အသုံးပြုနိုင်ကြောင်းတို့ ဖြစ်ကြသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤသင်ကြားသင်ယူမှုလုပ်ငန်းမှ မေးခွန်းများအတွက် အဖြေများသည် ကျောင်းသားများ၏ ကိုယ်ပိုင် အတွေ့အကြုံနှင့် ထင်မြင်ချက်များအပေါ် အခြေပြု၍ တစ်ဦးစီ၏ အဖြေများသည်လည်း မတူနိုင်ကြပါ။ မည်သို့ပင်ဖြစ်စေ ကလေးငယ်တို့သည် စူးစမ်းမေးမြန်းခြင်း၊ စူးစမ်းရှာဖွေဆောင်ရွက်ခြင်းနှင့် ကစားခြင်း တို့အားဖြင့် သင်ယူလေ့ရှိကြကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်သင့်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကလေးတို့သည် အတွေ့အကြုံမှတစ်ဆင့် သို့မဟုတ် သူတို့ကိုယ်တိုင် လက်တွေ့ပြုလုပ်ကြည့်ခြင်းမှတစ်ဆင့် သင်ယူတတ်ကြသည်။ ထို့ကြောင့် ကလေးငယ်များကို အလွန်ငယ်ရွယ်ချိန်ကတည်းကပင် စတင်၍ သူတို့သိလိုစိတ်ကို

အားပေးခြင်းသည် သူတို့သင်ယူမှုကို အထောက်အပံ့ဖြစ်စေသည့် အကောင်းဆုံး နည်းလမ်းပင် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ဤသင်ခန်းစာသည် ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကို အခြေခံထားသည်။ တစ်တန်းလုံးဆွေးနွေးခြင်း လုပ်ငန်း၌ ကျောင်းသားအားလုံး ပါဝင်ဆွေးနွေးနေစဉ်အတွင်း ဆရာက သူတို့၏နားလည်မှုကို စစ်ဆေးနိုင်သည်။ သူတို့ထင်မြင်ချက်ကို ရှင်းပြစေခြင်းဖြင့် သို့မဟုတ် သူတို့အဖြေများကို ခိုင်မာလာအောင် ပံ့ပိုးနိုင်မည့် ဥပမာများပေးစေခြင်းဖြင့် နားလည်မှုကို စစ်ဆေးနိုင်သည်။ ကျောင်းသားများအား လုပ်ငန်းဆောင်ရွက်စေရာတွင် သို့မဟုတ် မေးခွန်းမေးရာတွင် ကျောင်းသားအမျိုးအစား အစုံအလင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်စေမှုကို သေချာစွာ ဆောင်ရွက်စီမံပါ။ သူတို့၏ အတွေးအခေါ်များကို မျှဝေစေရာတွင် ကျောင်းသား အရေအတွက် များနိုင်သလောက်များများကို မျှဝေနိုင်စေမည့် အခွင့်အလမ်းပေးရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

သိလိုစိတ် ပြင်းပြထက်သန်ခြင်းသည် သင်ယူမှုအတွက် အရေးပါသော လက္ခဏာတစ်ရပ်ဖြစ်ခြင်းမှာ အဘယ်ကြောင့်နည်းဟု ကျောင်းသားတို့ကို မေးမြန်းပါ။ အဲလ်ဘတ်အိုင်းစတိုင်း (Albert Einstein) ၏ အကိုးအကားကို ကြည့်ပါ။ 'သိလိုစိတ် ပြင်းထန်ခြင်းက ကျောင်းသင်ပညာရေးကို ရှင်သန်ရပ်တည်စေခြင်းမှာ အံ့သြဖွယ်ဖြစ်သည်' ဟုရာတွင် အိုင်းစတိုင်းက မည်သည်ကို ဆိုလိုပါသနည်း။ ဤကိုးကားချက်မှ မည်သည့်လမ်းညွှန်ချက်ကို ရရှိနိုင်သနည်း။ အထူးသဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးနှင့်ပတ်သက်၍ ဤအဆိုအမိန့်မှရရှိသော လမ်းညွှန်မှုကို ဖော်ပြပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ရှေးဦးအရွယ် ကလေးသူငယ်နှင့် သူငယ်တန်း (မူလတန်းကြိုပညာရေး) သည် အဘယ်ကြောင့် အရေးကြီးသနည်း။

**အဖြေ။** *ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးက ဘဝတစ်သက်တာ သင်ယူမှု ပညာရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးသည်။ ကလေးတို့သည် သဘာဝပတ်ဝန်းကျင်ကို နားလည်လိုစိတ်နှင့် စူးစမ်းရှာဖွေလိုစိတ်ရှိကြသည်။ သူတို့သည် သဘာဝအားဖြင့်ပင် သင်ယူလိုသူ သဘာဝကျောင်းသားများ ဖြစ်ကြသည်။ ကျောင်းသားများ၏ အနာဂတ်သင်ယူမှုအလုံးစုံအတွက် ကလေးများကို သင်ယူမှုဇာတ်စင်ပေါ်၌ နေရာချ ပို့ဆောင်ပေးသည်များမှာ သူတို့ငယ်ရွယ်နုနယ်စဉ်က ရရှိလာခဲ့သည့် ကျွမ်းကျင်မှုများ၊ တတ်ကျွမ်းမှုများနှင့် အသိပညာများ ဖြစ်ကြသည်။*

**မေးခွန်း ၂။** သင်ယူမှုသည် မည်သည့်အချိန်က စတင်သနည်း။

**အဖြေ။** *သဘာဝဖြစ်စဉ်တစ်ခုဖြစ်သည့် သင်ယူမှုနှင့် နားလည်သဘောပေါက်ခြင်းတို့သည် ကလေးတစ်ဦးထံတွင် အလွန်ငယ်ရွယ် နုနယ်စဉ်ကတည်းကပင်လျှင် စတင်ပေါ်ပေါက်လာသည်။ အမိဝမ်းတွင်း ပဋိသန္ဓေယူနေစဉ် သန္ဓေသားလောင်း ဘဝမှာတင် ပေါ်ပေါက်တတ်သည်။ ပုခက်အတွင်းအရွယ် ကလေးသူငယ်များသည် သူတို့ပတ်ဝန်းကျင်ကို နားလည်အောင် ကြိုးပမ်းရာတွင် သူတို့၏အာရုံ (၅) ပါးကို အသုံးပြု၍ စူးစမ်းလေ့လာကြသည်။*

**မေးခွန်း ၃။** ကလေးငယ်များအား သဘာဝအလျောက် သင်ယူတတ်သူများဖြစ်လာစေသည့် ကိုယ်ရည်ကိုယ်သွေး လက္ခဏာအချို့ကို ဖော်ပြပါ။

**အဖြေ။** *ကလေးများသည် သိလိုစိတ်ပြင်းပြပြီး အမေးအမြန်းသန်ကြသည်။ သူတို့က အရာရာတို့သည် မည်ကဲ့သို့ ဖြစ်သနည်း။ အဘယ်ကြောင့်နည်းတို့ကို သိလိုကြသည်။ သူတို့နားလည် သဘောပေါက်လိုကြသည်။ ရှာဖွေစူးစမ်းလိုကြသည်။*

# ၆.၄။ သူငယ်တန်းအဆင့်နှင့် အခြေခံ ပညာသင်ရိုးညွှန်းတမ်းမူဘောင်များ

အခန်းငယ် (၆.၄) တွင် ကျောင်းသားများသည် ကလေးငယ်တို့၏ သင်ယူပုံသင်ယူနည်းကို အကျေအလည် အသေးစိတ် လေ့လာနိုင်ရန်နှင့် သူငယ်တန်း သင်ရိုးညွှန်းတမ်းတွင် အသုံးပြုထားသော ဘက်ပေါင်းစုံမှ ပေါင်းစပ်ချဉ်းကပ်သင်ကြားနည်း အကြောင်းကို စူးစမ်းရှာဖွေရန် အခွင့်အလမ်းတစ်ခု ရမည်ဖြစ်သည်။

## ၆.၄.၁။ သူငယ်တန်းအဆင့် သင်ရိုးညွှန်းတမ်း မိတ်ဆက်နှင့် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှု

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သူငယ်တန်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြတတ်မည်။
- သူငယ်တန်း၏ အရေးပါပုံနှင့် သူငယ်တန်းကျောင်းသား ကလေးငယ်များ၏ ဘက်စုံဖွံ့ဖြိုးမှုအတွက် ဘက်စုံထောင့်စုံမှ ချဉ်းကပ်ထားသော ပေါင်းစပ်သင်ကြားနည်းကို အသုံးပြုကာ မည်သို့ ကူညီလမ်းညွှန်ပေးနိုင်ကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၄.၁။ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၃.၁။ လက်တွေ့ သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်း လေ့လာမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါပုံကို နားလည် သဘောပေါက်ကြောင်း ပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-စု-မျှဝေခြင်း (Think-group-share)၊ ပို့ချခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်းလုပ်ငန်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** သူငယ်တန်း သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သူငယ်တန်း ကျောင်းသားကိုင်စာအုပ်တို့ကို နှံ့စပ်စွာ လေ့လာထားပါ။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ သူငယ်တန်း ဆရာများအတွက် ဆရာ့လမ်းညွှန်ပါ အမှာစာ သို့မဟုတ် နိဒါန်းနှင့် သင်ပြမှုပုံစံ (Lesson Plan)၊ ပညာရေးဝန်ကြီးဌာနမှ ပြုစုသော သူငယ်တန်း ကျောင်းသားကိုင်စာအုပ် (၂၀၁၅)၊ ကားချပ်ကြီး၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဆွေးနွေးခြင်း (မိနစ် ၅၀)

၁။ အတန်းကို အုပ်စု (၆) စု အဖြစ်ခွဲပါ။ 'ပေါင်းစပ်ချဉ်းကပ် သင်ကြားနည်း၏ သင်ယူမှုနယ်ပယ် (၆) ခု' အကြောင်း စာပိုဒ်ကို ကျောင်းသားများအား အုပ်စုအလိုက် ဖတ်စေရမည်။ သင်ယူမှုနယ်ပယ် တစ်ခုစီတွင် ပါဝင်သော အဓိကဆိုလိုချက်နှင့် အဘယ်ကြောင့် အရေးပါပုံတို့ကို ဆွေးနွေးသင့်သည်။ ထိုသင်ယူမှု နယ်ပယ်တစ်ခုစီအတွင်း ဖြစ်ပေါ်လာမည့် ဖွံ့ဖြိုးမှု သို့မဟုတ် သင်ယူမှုတို့သည် မည်သည့် ပုံစံရှိမည်ကို ဥပမာ တစ်ခု သို့မဟုတ် နှစ်ခု ပေးတတ်ရန် စဉ်းစားပါစေ။

၂။ အုပ်စု (၁) ခု သို့မဟုတ် (၂) ခုမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ သင်ယူမှုနယ်ပယ် (၆) ခုထဲမှ သူတို့ဆွေးနွေးထားသည်တို့ကို အတန်းသို့ မျှဝေစေရမည်။ အခြားအုပ်စုများကလည်း သူတို့ နားလည်ထားသည်တို့ကို ထပ်ဖြည့်မည်။ ထိုအုပ်စုကျန်ခဲ့သည်ဟု ယူဆသော အချက်များကို ထပ်ဖြည့်မည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ဆွေးနွေးနေစဉ် ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုပါ။ သက်ဆိုင်ရာ သင်ယူမှုနယ်ပယ် တစ်ခုစီ၏ အဓိကကျသောအချက်ကို သူတို့ဆွေးနွေးနိုင်ခြင်းရှိပါသလား။ သင်ယူမှုနယ်ပယ် တစ်ခုစီသည် သူငယ်တန်းကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါသနည်း။ သင်ယူနယ်ပယ်တစ်ခုစီတွင် ဖွံ့ဖြိုးမှု မည်သို့ရှိသည်ကို ဖော်ပြသည့် ဥပမာများကို ပေးနိုင်ခြင်းရှိပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤတုံ့ပြန်မှုများသည် အမျိုးမျိုးရှိနိုင်သည်။ သို့သော် သူငယ်တန်း သင်ရိုးညွှန်းတမ်းသည် ကလေးတို့၏ ဘက်စုံဖွံ့ဖြိုးမှုကို ပေါင်းစပ်ချဉ်းကပ်နည်းမှတစ်ဆင့် ရရှိစေရန် အထူးအာရုံစိုက် ရေးရှူထားခြင်းဖြစ်ကြောင်းကို သိရှိသင့်သည်။ ဘက်စုံပေါင်းစပ်ချဉ်းကပ်နည်းက ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေး ဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့ကို တန်ဖိုးထားသည်။

### ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၂။ ဖြတ်ဆက်လုပ်ငန်းပေးခြင်း (မိနစ် ၅၀)

၁။ ဤဖြတ်ဆက်လုပ်ငန်းစဉ်တွင် အုပ်စုတစ်ခုစီကို သူငယ်တန်းသင်ရိုးညွှန်းတမ်းပါ သင်ယူမှုနယ်ပယ် တစ်ခုစီအတွက် အလေးထားဦးတည် ဆောင်ရွက်စေမည်ဖြစ်သည်။ ကျောင်းသားများကို အုပ်စု (၆) ခု ခွဲပါ။ အောက်တွင် ဖော်ပြထားသည့်အတိုင်း အုပ်စုအလိုက် ပေးထားသောမေးခွန်းများကို ဆွေးနွေး၍ သူတို့ စိတ်ကူးအယူအဆများကို ဖော်ပြသည့် နံရံကပ်ကြော်ငြာ (ပိုစတာ) တစ်ခု ပြင်ဆင်ဖန်တီးပါစေ။

**အုပ်စု (၁)** - သူငယ်တန်းကလေးများ၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရေးအတွက် မည်သို့ သင်ကြားပေးမည်နည်း။

(ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်း၏ သင်ယူမှုနယ်ပယ်အမှတ် - ၁)

**အုပ်စု (၂)** - သူငယ်တန်းကလေးများ၏ စာရိတ္တ၊ မိတ္တနှင့် စိတ္တ (စိတ်လှုပ်ရှားခံစားမှု) ဖွံ့ဖြိုးမှုများ တိုးတက်မြင့်မားလာအောင် မည်ကဲ့သို့သင်ကြားပေးမည်နည်း။

(ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်း၏ သင်ယူမှုနယ်ပယ်အမှတ် - ၂)

**အုပ်စု (၃)** - ကျောင်းသားအချင်းချင်း အပြန်အလှန် ပေါင်းသင်းဆက်ဆံရေး တိုးတက်ကောင်းမွန်လာအောင် မည်ကဲ့သို့သင်ကြားပေးမည်နည်း။

(ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်း၏ သင်ယူမှုနယ်ပယ်အမှတ် - ၃)

**အုပ်စု (၄)** - သင်္ချာပညာရပ်အခြေခံအသိပညာ၊ အချက်အလက်များကို သိရှိလာစေရန် မည်ကဲ့သို့သင်ကြားပေးမည်နည်း။

(ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်း၏ သင်ယူမှုနယ်ပယ်အမှတ် - ၄)

**အုပ်စု (၅)** - သူငယ်တန်းကျောင်းသားများအား အနုသုခုမပညာ၊ အနုပညာရသ ခံစားနားလည်တတ်စေရန် မည်ကဲ့သို့ သင်ကြားပေးမည်နည်း။

(ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်း၏ သင်ယူမှုနယ်ပယ်အမှတ် - ၅)

**အုပ်စု (၆)** - ပတ်ဝန်းကျင်လောကအကြောင်း နားလည်သဘောပေါက်လာစေရန် ကြည့်ရှုလေ့လာတတ်ရေးအတွက် မည်ကဲ့သို့ သင်ကြားပေးမည်နည်း။

(ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်း၏ သင်ယူမှုနယ်ပယ်အမှတ် - ၆)

၂။ မိမိတို့၏ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီက သူတို့ပြုစုပြင်ဆင်ထားသော ပိုစတာအကြောင်း တစ်တန်းလုံးသို့ အကျဉ်းချုပ်တင်ပြ ဆွေးနွေးသင့်သည်။ မိမိတို့အုပ်စုမှ လေ့လာရှာဖွေထားသော သူငယ်တန်းကျောင်းသား အသက်အရွယ်ရှိ ကလေးငယ်များ၏ သင်ယူမှုနယ်ပယ်တစ်ခုစီ၌ တတ်ကျွမ်းမှုများ တိုးတက်မြင့်မားလာအောင် မည်သို့သင်ကြားမည်ဆိုသည့် အတွေးအမြင်များကို တစ်တန်းလုံးမှ ကျောင်းသားများအား မျှဝေပါ။

၃။ အကယ်၍ အချိန်လုံလောက်ပါက သူငယ်တန်းသင်ကြားရေးနှင့်ပတ်သက်၍ ကြုံတွေ့နိုင်မည့် စိန်ခေါ်မှုများနှင့် ရရှိနိုင်မည့်အခွင့်အလမ်းများအကြောင်းကို ဆရာက ဦးဆောင်ဆွေးနွေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သူငယ်တန်းကလေးများအတွက် အဓိကကျသော တတ်ကျွမ်းမှုများကို သတ်မှတ်ထားသော သင်ယူမှုနယ်ပယ်တစ်ခုစီတွင် သူတို့အရွယ်နှင့် လိုက်လျောညီထွေစွာ ရရှိသွားနိုင်ရေးအတွက် မည်သို့သင်ကြားပေးနိုင်ကြောင်းကို ကျောင်းသားများအနေနှင့် ကောင်းစွာစိတ်ကူးပုံဖော်နိုင်ခြင်း ရှိ/မရှိကို စစ်ဆေးရန် အုပ်စုတစ်ခုစီမှ ပိုစတာများကို ကြည့်ရှုလေ့လာပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် သူငယ်တန်းကလေးများအား သင်ကြားပုံအကြောင်း စိတ်ကူးများကို အမျိုးမျိုး ဖော်ပြလာမည်ဖြစ်သည်။ ကစားခြင်းနှင့် စူးစမ်းလေ့လာခြင်းတို့ကို အခြေခံ၍ သင်ကြားပေးနိုင်သော သင်နည်းအမျိုးမျိုးကို စဉ်းစားရှာဖွေရန် ကျောင်းသားတို့ကို တိုက်တွန်းအားပေးပါ။ ကျောင်းသားတို့ဖော်ပြလာနိုင်သည့် သင်ယူမှုလုပ်ငန်းများထဲတွင် သရုပ်ဆောင်သင်ကြားခြင်း၊ ပုံပြင်ပြောပြခြင်း၊ ရုပ်သေးရုပ်များသုံး၍ သင်ကြားခြင်း၊ သရုပ်ပြသင်ကြားခြင်း၊ လက်တွေ့လုပ်ဆောင်စေခြင်းနှင့် သိပ္ပံဆိုင်ရာ စမ်းသပ်မှုပြုစေခြင်း၊ သီချင်းဆိုခြင်း၊ ကဗျာရွတ်ခြင်းနှင့်၊ ကစားနည်းများ ကစားခြင်းတို့ ပါဝင်နိုင်သည်။

## ၆.၄.၂။
## ဘက်စုံပေါင်းစပ်ချဉ်းကပ်နည်းဖြင့် ရေးဆွဲထားသော သူငယ်တန်း သင်ခန်းစာများကို လေ့လာခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သင်ခန်းစာပြင်ဆင်မှု တစ်ခုတည်းမှ ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်းကို ပြသသည့် အစိတ်အပိုင်းတို့ကို သတ်မှတ်ဖော်ထုတ်ပြတတ်မည်။ (ဘက်စုံပေါင်းစပ်ထားသော ဘာသာရပ်များ၊ ကလေးများကို လက်တွေ့ အတွေ့အကြုံများမှ သင်ယူစေခြင်း၊ ကလေးငယ်များကို ဘက်စုံဖွံ့ဖြိုးလာအောင် သင်ကြားပျိုးထောင်ပေးရမည့် သင်ယူသူများ အဖြစ် ရှုမြင်ထားခြင်း)

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၄.၁။ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါပုံကို နားလည် သဘောပေါက်ကြောင်း ပြသည်။

**အချိန်။** မိနစ်(၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-စု- မျှဝေခြင်း၊ ပို့ချခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** သူငယ်တန်း သင်ပြမှုပုံစံ (Lesson Plan) အနည်းဆုံး (၁) ခုကို ဥပမာ အဖြစ်သုံး၍ ဆောင်ရွက်ရမည်။ ထိုသင်ပြမှု ပုံစံထဲမှ ပေါင်းစပ်ချဉ်းကပ်နည်းပါဝင်သော အစိတ်အပိုင်းများကို ရှာဖွေသတ်မှတ်ပေးရန် ဖြစ်သည်။ မိမိတို့ နေရပ်ဒေသတွင် သူငယ်တန်း သင်ပြမှုပုံစံများ မရရှိနိုင်ပါက ၂၀၁၅ ခုနှစ်က ထုတ်ဝေသော သူငယ်တန်း ကျောင်းသားကိုင်စာအုပ်ထဲတွင် ဖော်ပြထားသည့် 'ငှက်အကြောင်း' သင်ပြမှုပုံစံကို နမူနာအဖြစ် အသုံးပြုနိုင်သည်။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ သူငယ်တန်းပြ ဆရာများအတွက် ဆရာလမ်းညွှန်တွင် ပါဝင်သော နိဒါန်း/ဆရာ့အတွက် အမှာစာ၊ ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော သူငယ်တန်းကျောင်းသားကိုင်စာအုပ် (၂၀၁၅) (ငှက်အကြောင်း သင်ပြမှုပုံစံ)

## ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၅၀)

၁။ 'ငှက်အကြောင်း' သင်ပြမှုပုံစံကို ကျောင်းသားများနှင့် မျှဝေပါ။ ငှက်အကြောင်း ပုံပြင်ကို ပြောပြပါ။ သင်ခန်းစာပါ အစိတ်အပိုင်းများကို တစ်တန်းလုံးနှင့် ဆွေးနွေးလေ့လာပါ။

၂။ မိမိအနားတွင်ထိုင်သည့် အခြားကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးနှင့်အတူတွဲ၍ ကျောင်းသားများအား လုပ်ငန်းဆောင်ရွက်စေရမည်။ သင်ပြမှုပုံစံထဲတွင် ဘက်စုံပေါင်းစပ်ချဉ်းကပ်နည်း၏ မည်သည့်ရှုထောင့်တို့ ပါဝင်သည်ကို ရှာဖွေသတ်မှတ်စေရမည်။ ဤပုံပြင်ကို နားထောင်စေရင်းက မည်သည့် ဘာသာရပ်နယ်ပယ်ကို ကလေးများ သင်ယူသွားနိုင်သနည်း သို့မဟုတ် မည်သည့်တတ်ကျွမ်းမှုများ ဖွံ့ဖြိုးသွားစေသနည်းကို ဆွေးနွေးပါ။

၃။ သင်ခန်းစာတွင် ပါဝင်နေသော ဘာသာရပ်အမျိုးမျိုး၊ တတ်ကျွမ်းမှုအမျိုးမျိုးနှင့် ဆက်စပ်နေသော အစိတ်အပိုင်းများကို ရှာဖွေဖော်ထုတ်ပြီးသည့်အခါ ကျောင်းသားများအား သင်ခန်းစာတစ်ခုမှတစ်ဆင့် အခြားပေါင်းစပ်နိုင်သည့် ကျွမ်းကျင်မှုများအကြောင်း စဉ်းစားဆွေးနွေးစေရမည်။

၄။ သူတို့အတွေးအမြင်များကို ပြန်လည်သတင်းပို့မျှဝေပေးရန် ဆရာက တစ်တန်းလုံး ဆွေးနွေးခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးရမည်။ အချိန်လုံလောက်ပါက ဤလေ့ကျင့်ခန်းကို အခြားသူငယ်တန်း သင်ပြမှုပုံစံ (Lesson Plan) နောက်တစ်ခုကို သုံး၍ ဆောင်ရွက်စေနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားတို့သည် ဘက်စုံပေါင်းစပ် ချဉ်းကပ်သင်ကြားနည်းအကြောင်း နားလည်ကြောင်း ပြသနိုင်ရန်အတွက် သင်ခန်းစာတစ်ခုကို မည်သည့် ဘာသာရပ်နယ်ပယ်နှင့်ဖြစ်စေ မည်သည့် တတ်ကျွမ်းမှုနှင့်ဖြစ်စေ ဆက်စပ်နေကြောင်း ရှာဖွေသတ်မှတ် ထုတ်ဖော်တတ်ခြင်း ရှိ/မရှိကို စစ်ဆေးအကဲဖြတ်ပါ။ ဤသို့ဖော်ထုတ်ရာတွင် ခက်ခဲနေကြောင်း တွေ့ရလျှင် ဆရာက အခြားသင်ပြမှုပုံစံငယ်တစ်ခုကို ဥပမာအဖြစ်သုံး၍ တစ်တန်းလုံး ဆွေးနွေးခြင်းနည်းဖြင့် ဆွေးနွေးပေးရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ငှက်အကြောင်း သင်ပြမှုပုံစံတွင် ပုံပြင်၏ အောက်ဖော်ပြပါ ရှုထောင့်အသီးသီးတို့က သူငယ်တန်း ကျောင်းသားတို့အား ဘက်စုံပေါင်းစပ်ထားသည့်နည်းအတိုင်း သင်ယူရာ၌ အထောက်အကူ ဖြစ်စေမည်ဟု ကျောင်းသားများက အကြံပြုပေးနိုင်ခြင်းရှိရမည်။

- ပုံပြင်နားထောင်ခြင်းနှင့် ဖတ်ခြင်းတို့မှတစ်ဆင့် နားလည်သဘောပေါက်ရာတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးစေခြင်း။
- တိရစ္ဆာန်များအကြောင်း လေ့လာသင်ယူခြင်း။ (ဇီဝဗေဒဘာသာရပ်)
- တိရစ္ဆာန်များအော်မြည်သံကို ပြုတတ်ခြင်း။ (ကာယပညာ/အနုပညာ)

- တိရစ္ဆာန်အရေအတွက်ကို ရေတွက်တတ်ခြင်း။ (သင်္ချာ)
- ရဲစွမ်းသတ္တိအကြောင်း ပြောပြတတ်ခြင်း။ (ကျင့်ဝတ်၊ ပြည်သူ့နီတိ)

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ သရုပ်ပြသင်ကြားခြင်း (မိနစ် ၅၀)

၁။ သင်ခန်းစာပြင်ဆင်မှုစာအုပ် (စာမျက်နှာ-၆) မှ မိတ်ဆက်သင်ခန်းစာကို ကျောင်းသားများအား သရုပ်ပြသင်ကြားရန် နမူနာအဖြစ် ဆရာက အသုံးပြုပါ။ ကျောင်းသားအချို့ကို သူငယ်တန်း ကျောင်းသားများအဖြစ်လည်းကောင်း၊ အချို့ကို လေ့လာသူများအဖြစ်လည်းကောင်း ဆောင်ရွက်စေမည်။

၂။ ဆရာ၏ သရုပ်ပြသင်ကြားခြင်း ပြီးဆုံးသောအခါ ထိုလုပ်ငန်းအပေါ် ပြန်လည်သုံးသပ်တတ်အောင် ဆရာက ဦးဆောင်၍ ကျောင်းသားများအား မေးခွန်းအချို့ မေးပါ။

- 'သူငယ်တန်းကျောင်းသားတွေ ဒီသင်ခန်းစာထဲက ဘာကိုသင်ယူတတ်မြောက်သွားသလဲ။'
- 'သူတို့ ဘယ်တတ်ကျွမ်းမှုတွေကို လေ့ကျင့်နေကြသလဲ။'
- 'ဒီသင်ခန်းစာအကြောင်း သူတို့ ဘယ်လိုခံစားရမယ်ထင်သလဲ။'

ကျောင်းသားများ၏ အဖြေများကို ဆရာက သင်ပုန်းပေါ်တွင် ရေးသားထားမည်။

၃။ အတန်းရှေ့တွင် သင်ပြမှုနယ်ပယ် (၆) ခုကို ဖော်ပြသည့် ပိုစတာတစ်ခုကို ချိတ်ဆွဲပြသထားပါ။ ရရှိလာသော အဖြေများကို သင်ယူမှုနယ်ပယ် (၆) ခုနှင့် တိုက်ဆိုင်စစ်ဆေးပြီး မည်သည့်နယ်ပယ်၌ ပါဝင်ကြောင်း ဆက်သွယ်ချက်ရှာဖွေရန် ကျောင်းသားများကို အားပေးပါ။

၄။ သင်ပြမှုလုပ်ငန်းစဉ် ပြန်လည်အကျဉ်းချုပ် လေ့လာသည့်အနေဖြင့် သူငယ်တန်းသင်ကြားရေးတွင်သုံးသော ဘက်စုံပေါင်းစပ်ချဉ်းကပ်နည်းက သူငယ်တန်းကျောင်းသားတို့အား သင်ယူမှုနယ်ပယ် (၆) ခုတွင် ဖွံ့ဖြိုးတိုးတက်စေရာတွင် အထောက်အကူ ပြု/မပြု ကို ၎င်းတို့ထင်မြင်ချက်အကြောင်း အကျဉ်းချုံးဆွေးနွေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သရုပ်ပြသင်ကြားသွားသော သင်ခန်းစာတွင် ပါဝင်နေသည့် အဓိကဖြစ်သော သင်ယူမှုအခွင့်အလမ်းတို့ကို ကျောင်းသားများ ရှာဖွေဖော်ထုတ် သတ်မှတ်ပေးနိုင်ခြင်းရှိပါသလား။ သင်ခန်းစာကို သင်ယူမည့် သူငယ်တန်းကလေးတို့သည် သင်ယူရမည့် နယ်ပယ်အလိုက် မည်သည်တို့ကို သင်ယူတတ်မြောက်သွားလိမ့်မည်ဟု ဆက်စပ်တွေးခေါ်တတ်ခြင်းရှိပါသလား။ ပါဝင်ပေါင်းစပ်ထားသော ဘာသာရပ်နယ်ပယ်အသီးသီးရှိ အသိပညာကျွမ်းကျင်မှုနှင့် သဘောထားတို့ကို ကျယ်ပြန့်စွာသင်ယူနိုင်အောင် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်သင်ကြားနည်းက ကလေးငယ်များအတွက် စီစဉ်ပေးထားကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်ခြင်း ရှိ/မရှိကို စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

သူငယ်တန်း ကျောင်းသားများသည် ကစားခြင်း၊ ကဗျာရွတ်ဆိုခြင်းတို့ဖြင့် သင်ယူရသောကြောင့် ပျော်ရွှင်စွာ သင်ယူနိုင်ပြီး အကြောင်းအရာ အများအပြားကိုလည်း သင်ယူနိုင်ကြောင်းကို သရုပ်ပြသင်ကြားသော သင်ခန်းစာမှတစ်ဆင့် ကျောင်းသားတို့ သိမှတ်နားလည်သင့်သည်။ ဤသင်ကြားမှု လုပ်ငန်းစဉ်များသည် ပျော်ရွှင်ဖွယ်ကောင်းပြီး ကလေးတို့အတွက် စိတ်ဝင်စားဖွယ်အာရုံဆွဲဆောင်နိုင်စွမ်းရှိသော လုပ်ငန်းစဉ်များလည်း ဖြစ်သင့်သည်။ သင်ခန်းစာသင်ယူရင်း ကလေးငယ်များသည် လူမှုပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုရလာပြီး ကြိုဆိုနှုတ်ခွန်းဆက် စကားလုံးတို့ကို သိကျွမ်းလာမည်ဖြစ်သည့်အပြင် ကိန်းဂဏန်း (၁) မှ (၃) အထိ ရေတွက်တတ်လာမည်။ အရောင်များကိုလည်း ခွဲခြားပြတတ်လာမည်။

ကျောင်းသင်ဘာသာရပ် အသီးသီးတွင် ပေါင်းစပ်ပါဝင်နေသော အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို သူငယ်တန်းကလေးများထံတွင် ဖွံ့ဖြိုးလာစေရန် ဘက်စုံပေါင်းစပ် ချဉ်းကပ်သင်ကြားနည်းက ကူညီပံ့ပိုးပေးထားကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်သင့်သည်။ ဘက်စုံပေါင်းစပ်ချဉ်းကပ်သင်ကြားနည်းက သူငယ်တန်းကျောင်းသားတို့၏ ဘက်စုံဖွံ့ဖြိုးမှုနှင့် ဘာသာရပ်စုံနှင့် ရှုထောင့်စုံ သိမှတ်ဖွယ်များ ပံ့ပိုးပေးသည့်အပြင် သူတို့အနာဂတ် ကျောင်းသင်ပညာရေးကာလတစ်လျှောက် တွေ့ရမည့်သင်ယူမှုလုပ်ငန်းစဉ်များအတွက် ပြင်ဆင်ပေးသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

သူငယ်တန်း သင်ခန်းစာတစ်ခုထဲတွင် မတူညီသော သင်ယူမှုနယ်ပယ် (၆) ရပ်မှ အကြောင်းအရာများကို မည်ကဲ့သို့ ပေါင်းစပ်ထည့်သွင်းထားပုံကို ကျောင်းသားများ သေချာစွာ နားလည်သဘောပေါက်မှု ရှိ/မရှိ သိအောင် စစ်ဆေးရန်အတွက် သူတို့အား နောက်ထပ်အပို သူငယ်တန်း သင်ပြမှုပုံစံတစ်ခုကို ခွဲခြမ်းစိတ်ဖြာလေ့လာစေမည်။ သို့သော် သင်ခန်းစာတစ်ခုစီတိုင်းတွင် သင်ယူမှုနယ်ပယ် (၆) ခုစလုံးမှ အကြောင်းအရာအားလုံး ပါဝင်ပေါင်းစပ်ထည့်သွင်းရန် မလိုအပ်ကြောင်းကို ကျောင်းသားများ နားလည် သဘောပေါက်ပါစေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ဖြစ်နိုင်ခြေရှိပါက ကျောင်းသားများအား သူငယ်တန်းစာသင်ခန်းတစ်ခုအကြောင်း မြန်မာနိုင်ငံ၌ ဖြစ်စေ၊ အခြားနိုင်ငံတစ်ခု၌ဖြစ်စေ ရိုက်ကူးပြထားသည့် ဗီဒီယိုအပိုင်းတိုတစ်ခုကို ကြည့်ရှုစေရမည်။ ထို့နောက် ထိုဗီဒီယိုထဲတွင် ပါဝင်သောသင်ယူမှုနယ်ပယ်နှင့် သင်ကြားနည်းတို့ကို ထပ်မံအသေးစိတ် ခွဲခြမ်းစိတ်ဖြာလေ့လာစေရမည်။ သင်ကြားလိုက်သော သင်ခန်းစာနှင့် ချိတ်ဆက်နေသည့် သင်ယူမှုနယ်ပယ်ကို လေ့လာစေရမည်။ ကလေးတို့၏ ကစားခြင်း၊ မေးမြန်းစူးစမ်းလိုခြင်း၊ အတွေ့အကြုံသစ်တို့ကို ရှာဖွေသိရှိလိုခြင်းတို့ကို ပံ့ပိုးပေးနိုင်မည့် သင်ကြားနည်းများအကြောင်းကို ထပ်မံအသေးစိတ် ခွဲခြမ်းစိတ်ဖြာလေ့လာစေရမည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** သူငယ်တန်း သင်ရိုးညွှန်းတမ်းတွင် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံကို အဘယ်ကြောင့် အသုံးပြုရသနည်း။

**အဖြေ။** *ဘက်စုံပေါင်းစပ်ချဉ်းကပ်နည်းသည် ကလေးတို့၏ ဘက်ပေါင်းစုံဖွံ့ဖြိုးမှု ရရှိစေရေးကို ရှေးရှု၍ အာရုံစူးစိုက် ဆောင်ရွက်ပေးသောနည်းဖြစ်သည်။ ဤချဉ်းကပ်နည်းသည် (၅) နှစ် (၆) နှစ် အရွယ် ကလေးငယ်များ၏ ဖွံ့ဖြိုးမှုအဆင့်အတွက် သင့်တော်သောနည်းဖြစ်သည်။ ထိုအချိန်ကာလတွင် သူတို့သည် ကျောင်းသင်ပညာရေး အဝန်းအဝိုင်းထဲသို့ စတင်ဝင်ရောက်ရန် ကြိုတင် အားယူပြင်ဆင် နေချိန်ဖြစ်သည်။*

**မေးခွန်း ၂။** သူငယ်တန်းကလေးများ၏ သင်ယူမှုနယ်ပယ် (၆) ခုက လွှမ်းခြုံထားသော ဖွံ့ဖြိုးမှုနှင့် တတ်ကျွမ်းမှုနယ်ပယ်များကို ဖော်ပြပါ။

**အဖြေ။** *ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း (ရုပ်ပိုင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှု)၊ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ အပြန်အလှန်ပြောဆို ဆက်သွယ်တတ်ခြင်း၊ သင်္ချာဆိုင်ရာ အခြေခံများကို စူးစမ်းလေ့လာခြင်း၊ အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း၊ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း။*

# ၆.၅။ နှစ်ဆယ့်တစ်ရာစု သင်ယူသူများ၊ သင်ကြားသူများနှင့် ဆရာအတတ်သင်ပညာရေး

စာသင်ချိန် (၄) ချိန်စာရှိသော ဤအခန်းငယ်တွင် (၂၁) ရာစု ကျွမ်းကျင်မှုများ၏ တန်ဖိုးကို စူးစမ်းလေ့လာရမည် ဖြစ်သည်။ လေ့လာရာတွင် မိမိတို့ဆရာများအတွက်ရော ပညာရေး၊ ကောလိပ်အတွက်ပါ ဤကျွမ်းကျင်မှုများသည် မည်သို့ အဓိပ္ပာယ်ဆောင်ကြောင်း သိရှိနားလည်ရန် ဆောင်ရွက်ကြရမည်။ ကျောင်းသားများအနေနှင့် (၂၁) ရာစု ကျွမ်းကျင်မှုအများအပြားကို သူတို့သင်ယူခဲ့ပြီးသော ‘ပြန်လည် သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ (RPES)’ မော်ဂျူးထဲ၌ တွေ့ရှိ လေ့ကျင့်ခဲ့ကြပြီး ဖြစ်သည်။ ဤကျွမ်းကျင်မှုများသည် ဘဝတွက်တာ ကျွမ်းကျင်စရာများထဲမှ အရေးကြီးသောကျွမ်းကျင်မှုများနှင့်လည်း ဆက်စပ်မှုရှိသည်။ ဤအခန်းငယ်ကို သင်ကြားသောအခါ ဆရာက သင်ခန်းစာပါအကြောင်းအရာများကို အခြားဘာသာရပ် သင်ရိုးများနှင့် ဆက်စပ်ကြည့်မြင်တတ်စေရန် ကျောင်းသားများကို အားပေးပါ။

# ၆.၅.၁။
# နှစ်ဆယ့်တစ်ရာစုကျွမ်းကျင်မှုများနှင့် ယင်းတို့၏ အရေးပါပုံ

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- (၂၁) ရာစုခေတ် ဆရာများ၌ ရှိသင့်သည့် ကျွမ်းကျင်မှုများကို ရှင်းလင်းပြတတ်လာပြီး ကျွမ်းကျင်မှုနှင့် သိမှုတို့ ကွာခြားပုံကို ရှင်းပြတတ်မည်။
- ယခင်ရာစုနှစ်များတွင် သုံးခဲ့သည့် သင်ယူမှု၊ သင်ကြားမှုပုံစံနှင့် ယခု (၂၁) ရာစုတွင် သုံးနေသည့် သင်ယူမှု၊ သင်ကြားမှုပုံစံတို့ အဘယ်ကြောင့် ခြားနားရကြောင်း သိသာစေမည့် ဥပမာများပေး၍ ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်**။ မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံး စာဖတ်စေခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ဆွေးနွေးတင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၆.၅.၁) ကို ဖတ်ရှုလေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** မှတ်စုစာအုပ်များ၊ RPES နှင့် ဘဝတွက်တာ ကျွမ်းကျင်စရာ ကျောင်းသားကိုင်စာအုပ်များ၊ မူလတန်းပြဆရာများအတွက် ဆရာ့လမ်းညွှန်များ၊ ဘာသာရပ်အမျိုးမျိုးအတွက် ကျောင်းသားကိုင်စာအုပ်များ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ပြန်လည်သုံးသပ်ခြင်း (မိနစ် ၅၀)

၁။ ကျောင်းသားကိုင်စာအုပ်ပါ 'နှစ်ဆယ့်တစ်ရာစု ကျွမ်းကျင်မှုများနှင့် ယင်းတို့၏ အရေးပါပုံ' ခေါင်းစဉ်ကို ကျောင်းသားများအား ဖတ်စေရမည်။ လေ့ကျင့်ခန်း မစတင်မီ ကျောင်းသားများက မေးခွန်းမေးလိုသည်များရှိက မေးရန်နှင့် ဆရာကဖြေပေးရန် အချိန် အနည်းငယ်ယူနိုင်သည်။

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်များအဖြစ် ဖွဲ့စည်းပေးမည်။ သူတို့ဆွေးနွေးမှုမှ ရလာသောရလဒ်များကို မှတ်စုစာအုပ်ထဲတွင် ရေးသားစေမည်။ အောက်ပါမေးခွန်းများကို ဖြေစေရမည်။

(က) P 21 အညွှန်းဘောင်ပါ (၂၁) ရာစု သင်ယူမှုရလဒ်များနှင့် အောက်ဖော်ပြပါ ကျွမ်းကျင်မှုများအကြား ဆက်သွယ်မှုများကို ဖော်ပြပါ။

(က.က) 'ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ (RPES) မော်ဂျူးထဲတွင် ပါဝင်နေသော အရေးပါသည့် ကျွမ်းကျင်မှုများ'

(က.ခ) ဘဝတွက်တာ ကျွမ်းကျင်စရာထဲမှ တတ်ကျွမ်းမှုများ။

P 21 အညွှန်းဘောင်သက်တံပုံကို ရေးဆွဲပြီး RPES ထဲမှ အရေးပါသော ကျွမ်းကျင်မှုများနှင့် ဘဝတွက်တာကျွမ်းကျင်စရာထဲမှ တတ်ကျွမ်းမှု (၉) ခုတို့ကို အညွှန်းဘောင်နှင့် ကိုက်ညီသော နေရာများတွင် ရေးသားဖြည့်သွင်းပေးပါ။

(ခ) သက်တံပုံစံ ရေးဆွဲထားသော အညွှန်းဘောင်သည် ဆွဲဆောင်မှုရှိပြီး အထောက်အကူပြုမှု ရှိပါသလား။ အညွှန်းဘောင်ထဲ၌ မိမိသဘောတူသော အချက်များကို ဖော်ပြပါ။ မိမိ သဘောမတူညီသော အချက်များရှိပါကလည်း ဖော်ပြပါ။

(ဂ) မြန်မာနိုင်ငံအတွက် အဓိကကျသော ကျောင်းသင်ဘာသာရပ်များကို ဖော်ပြပါ။ မိမိ ထင်မြင်ချက်များ ရှိပါကလည်း ဖော်ပြပါ။ 'အ' သုံးလုံးကျေ ပညာရေးဆိုသည်မှာ အဘယ်နည်း။

(ဃ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) နှင့် နည်းပညာ (Technology) ဆိုသော ဝေါဟာရများကို မည်သို့ သိရှိနားလည်သနည်း။

(င) ဘဝတွက်တာ ကျွမ်းကျင်စရာနှင့် အသက်မွေးမှုလုပ်ငန်း ကျွမ်းကျင်မှုတို့ကို မည်သို့ထင်မြင် သဘောရပါသနည်း။ ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသော စာရင်းထဲသို့ ထပ်မံ ထည့်သွင်းရန် သို့မဟုတ် ထုတ်ပယ်ရန် တစ်စုံတစ်ခုရှိပါသလား။

(စ) 'C' (၄) လုံး 4C ဆိုသည်မှာ အဘယ်နည်း။ မိမိအနေနှင့် ထပ်မံထည့်သွင်းလိုသော သင်ယူမှုနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ ကျွမ်းကျင်မှုများ ရှိပါသလား။

၃။ အချိန်ရရှိပါက တစ်တန်းလုံး ဆွေးနွေးပြီး ဖျတ်လတ်တက်ကြွသူ ကျောင်းသားအချို့အား သူတို့အဖြေများကို မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုငယ်များနှင့် နှစ်ယောက်တွဲ လုပ်ငန်းဆောင်ရွက်သူများ အလုပ်လုပ်နေစဉ် ဆရာက စာသင်ခန်းတွင်း လှည့်လည်ကာ စစ်ဆေးအကဲဖြတ်မည်။ အချို့ကျောင်းသားများထံမှ သူတို့ရရှိထားသည့် အဖြေများကို ပြောပြစေမည်။ ကျောင်းသားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းနှင့် သူတို့အဖြေများ မှတ်တမ်းရေးခြင်း ရှိ/မရှိ စစ်ဆေးလိုလျှင် သူတို့၏ မှတ်စုစာအုပ်များကို ကောက်ယူပြီး စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

(က) RPES အရေးပါသော ကျွမ်းကျင်မှုများကို ကျောင်းသားများအနေနှင့် အမျိုးအစား ခွဲခြားပေးနိုင်စွမ်း ရှိသင့်သည်။ (အပြန်အလှန် ပြောဆိုဆက်သွယ်တတ်သော ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးတတ်ပြီး လေးနက်စွာ ဝေဖန်ဆန်းစစ်တတ်သော ကျွမ်းကျင်မှု၊ ခေါင်းဆောင်မှုနှင့် သင်ယူမှုအသင်းအဖွဲ့ ဖွဲ့ရာတွင် ကျွမ်းကျင်မှု၊ ဘာသာစကားကျွမ်းကျင်မှု၊ သုတေသနပြုရာတွင် ကျွမ်းကျင်မှုနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အသုံးပြုရာတွင် ကျွမ်းကျင်မှုများ) နှင့် ဘဝတွက်တာ ကျွမ်းကျင်စရာများထဲမှ တတ်ကျွမ်းမှု (၉) ခု (ပြဿနာဖြေရှင်းတတ်ခြင်း၊ လေးနက်စွာ ဝေဖန် ဆန်းစစ်တတ်ခြင်း၊ ဆုံးဖြတ်ချက် ချမှတ်တတ်ခြင်း၊ တီထွင်ဖန်တီးစဉ်းစားတတ်ခြင်း၊ အပြန်အလှန် ဆက်သွယ်ခြင်း၊ အချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ခြင်း၊ မိမိကိုယ်ကို မိမိသတိပြုမှု မိတတ်ခြင်း၊ သူတစ်ပါးတို့၏ ခံစားချက်ကို စာနာကာ မျှဝေခံစားတတ်ခြင်း၊ စိတ်ဖိစီးမှုကို ကိုင်တွယ်ဖြေရှင်းတတ်ခြင်းနှင့် စိတ်လှုပ်ရှားမှုကို နိုင်နင်းစွာထိန်းချုပ်တတ်ခြင်း) တို့ကို P21 သက်တံပုံစံ သရုပ်ဖော်ထားသည့် (၂၁) ရာစု ကျွမ်းကျင်မှုများထဲတွင် အမျိုးအစား ခွဲခြားခြင်း ပြုနိုင်စေရမည်။

(ခ) တစ်ဦးချင်း ထင်မြင်ချက်အပေါ် အခြေခံ၍ အဖြေအမျိုးမျိုး ကွဲပြားနိုင်သည်။

(ဂ) မြန်မာနိုင်ငံအတွက် အဓိကကျသော ကျောင်းသင်ဘာသာရပ်များကို ဖော်ပြရာတွင် ကျောင်းသားတို့၌ ထင်မြင်ချက်အမျိုးမျိုး ရှိနိုင်သည်။ အ - သုံးလုံး ဆိုသည်မှာ 'အရေး၊ အဖတ်နှင့် အတွက်' ဆိုသည့် အခြေခံသင်ယူရမည့်ကျွမ်းကျင်မှုများ ဖြစ်ကြသည်။

(ဃ) သတင်းအချက် ရယူတတ်မှု၊ လူထုဆက်သွယ်ရေး ပြန်ကြားရေး နည်းပညာ တတ်မြောက်မှုနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တတ်မြောက်မှု (RPES အခန်းမှ ICT ကျွမ်းကျင်မှုများအကြောင်း သို့မဟုတ် ICT ကျောင်းသားကိုင်စာအုပ်ကို ကြည့်ရှုလေ့လာ၍ အသေးစိတ် လေ့လာနိုင်သည်။ မည်သည့် တတ်မြောက်မှုအမျိုးအစား၌ မည်သည်တို့ ပါဝင်ကြောင်း လေ့လာနိုင်သည်။)

(င) ကျောင်းသားကိုင်စာအုပ်တွင် ထိုကျွမ်းကျင်မှုများအကြောင်း စာရင်းပြုစုပေးထားသည်။ သို့ရာတွင် ကျောင်းသားများထဲ၌ သူတို့ကိုယ်ပိုင်ဘဝနှင့် အလုပ်ခွင်တို့အတွက် အရေးပါသော ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုဆိုင်ရာ စိတ်ကူးစိတ်သန်းများ ပိုမိုရှိနိုင်သည်။

(စ) 'C' လေးလုံး ဆိုသည်မှာ တီထွင်ဖန်တီးတတ်ခြင်း (Creativity)၊ လေးနက်စွာ ဝေဖန်

ဆန်းစစ်တတ်ခြင်း (Critical Thinking)၊ ဆက်သွယ်ပြောဆိုတတ်ခြင်း (Communication) နှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း (Collaboration) တို့ဖြစ်ကြသည်။ ဤနေရာတွင် ထပ်မံထည့်သွင်း၍ အခြားသင်ယူမှုဆိုင်ရာကျွမ်းကျင်မှုများလည်း ကျောင်းသားတို့၌ ရှိကောင်းရှိနိုင်သည်။

## ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလုပ်ငန်း (မိနစ် ၅၀)

၁။ အတန်းကို ကျောင်းသား (၄) ဦး သို့မဟုတ် (၅) ဦးစီ ပါဝင်သော အုပ်စုငယ်များ အဖြစ်ခွဲပါ။ အုပ်စု တစ်စုလျှင် မူလတန်းကျောင်းသင်ဘာသာရပ် ကျောင်းသားကိုင်စာအုပ် တစ်အုပ်စီနှင့် ဆရာလမ်းညွှန် တစ်အုပ်စီ ပေးထားပါ။ ဤစာအုပ်များသည် မူလတန်းအဆင့် အတန်းစုံမှစာအုပ်၊ ဘာသာရပ် တစ်မျိုးမျိုး ဖြစ်နိုင်ပါသည်။

၂။ အုပ်စုတစ်စုစီအား သူတို့ရရှိထားသော ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာတစ်ခုစီ ရွေးချယ်စေရမည်။ ပထမဦးစွာ ကျောင်းသားကိုင်စာအုပ်ကို လေ့လာရမည်ဖြစ်ပြီး ထို့နောက်မှ ဆရာလမ်းညွှန်ကို လေ့လာစေမည်။

၃။ အုပ်စုတွင်းမှ ကျောင်းသားများအားလုံး ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာနှင့် ဆရာလမ်းညွှန်တို့ကို ဖတ်ရှုလေ့လာပြီးသောအခါ အောက်ပါအချက်များကို ဆွေးနွေးစေရမည်။

- ဤသင်ခန်းစာတွင် (၂၁) ရာစု ကျွမ်းကျင်မှုများ ('ဗလငါးတန်' အညွှန်းဘောင်တွင် ဖော်ပြထားသည့်အတိုင်း သို့မဟုတ် P21 အညွှန်းဘောင်တွင် ဖော်ပြထားသည့်အတိုင်း) အထင်အရှား ပါဝင်ပါသလား။ ပါဝင်သည်ဆိုလျှင် မည်သည့် ကျွမ်းကျင်မှုများကို ဦးတည် အလေးပေးထားသနည်း။ သင်ခန်းစာက ကလေးများအား ဤကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာအောင် မည်သို့ ကူညီပံ့ပိုးထားသနည်း။

- သင်ခန်းစာကို အသုံးပြုပြီး မည်သည့် အခြား (၂၁) ရာစု ကျွမ်းကျင်မှုတစ်ခုခုကို ဖွံ့ဖြိုးအောင် အားပေးနိုင်သနည်း။ နမူနာပေးထားသော သင်ခန်းစာ အကြောင်းအရာအပေါ် အခြေခံ၍ သင်ယူမှုလုပ်ငန်း အနည်းငယ် ရရှိနိုင်ရန် ဉာဏ်ဖွင့်ဆွေးနွေးပါ။ ထိုလုပ်ငန်းစဉ်သည် ကျောင်းသားများအား (၂၁) ရာစုကျွမ်းကျင်မှု တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဖွံ့ဖြိုးသွားစေရမည်။

၄။ ကျောင်းသားအုပ်စုတစ်စုစီမှ ဆွေးနွေးချက် အကျဉ်းချုပ်ကို ဆွေးနွေး တင်ပြကြရန်ဖြစ်သည်။ တင်ပြမှုမစမီ သူတို့အား မှာကြားသင့်သည်မှာ သူတို့၏ ဆွေးနွေးတင်ပြချက်တွင် -

- အတန်းအမည်၊ ဘာသာရပ်အမည်နှင့် သင်ခန်းစာခေါင်းစဉ်
- (၂၁) ရာစုကျွမ်းကျင်မှု အနည်းဆုံးအားဖြင့် တစ်ခုဖွံ့ဖြိုးစေမည့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ် ဥပမာတစ်ခုတို့ ပါဝင်စေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

(၂၁) ရာစု ကျွမ်းကျင်မှုများရရှိရန် အားပေးနိုင်သည့် သင်ကြားသင်ယူမှု နည်းလမ်းများကို မည်မျှ အတိုင်းအတာအထိ မှန်ကန်စွာ ရွေးချယ်နိုင်မှုပေါ် မူတည်၍ ကျောင်းသားများ၏ ဆွေးနွေးတင်ပြခြင်း လုပ်ငန်းကို အကဲဖြတ်သုံးသပ်မည်။ ဤကဲ့သို့ ရွေးချယ်တင်ပြစေခြင်းလုပ်ငန်းသည် ကျောင်းသားများအတွက် အသစ်အဆန်း ဖြစ်နေနိုင်သည်။ တင်ပြဆွေးနွေးတတ်ခြင်းသည် ပညာရေးကောလိပ်သင်တန်း တစ်လျှောက်လုံး၌ လေ့ကျင့်ဆောင်ရွက်သွားရမည်ဖြစ်သော ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မူလတန်းသင်ရိုးတွင် (၂၁) ရာစု ကျွမ်းကျင်မှုများ ရသွားနိုင်စေမည့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များနှင့် သင်ကြားမှုနည်းလမ်း အများအပြားရှိကြသည်။

ဆရာက ကျောင်းသားတို့အား မူလတန်းကျောင်းသားတို့နှင့် သင့်လျော်သော နည်းများကို စဉ်းစားခိုင်းပါ။ အသင်းအဖွဲ့ ဖွဲ့၍ အတူတကွ ဆောင်ရွက်နိုင်သော လုပ်ငန်းများ၊

မေးခွန်းတစ်ခု/ပြဿနာတစ်ခုနှင့် ပတ်သက်၍ ဖြေရှင်းရန်၊ မိမိတို့ကိုယ်ကို မိမိတို့ဖော်ပြရာ၌ တီထွင်ဖန်တီးမှုကိုသုံး၍ ဖော်ပြစေခြင်းများ သို့မဟုတ် ပြဿနာအဖြေကို ရှာစေခြင်းများ သို့မဟုတ် အချက်အလက်ရှာဖွေရန် ICT သုံးနိုင်သော လုပ်ငန်းစဉ်များကို ပေး၍ (၂၁) ရာစု ကျွမ်းကျင်မှုများကို တစ်ခုမဟုတ် တစ်ခု ရသွားစေနိုင်မည်။

## ၆.၅.၂။
## နှစ်ဆယ့်တစ်ရာစုကျွမ်းကျင်မှုများ - ဆရာတို့အတွက် ရင်းမြစ်ပစ္စည်းများ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်အကြိုဆရာများနှင့် လုပ်ငန်းခွင်တွင်းမှ တာဝန်ထမ်းဆောင်နေသည့် ဆရာများအတွက် (၂၁) ရာစု ကျွမ်းကျင်မှုများရရှိအောင် မြှင့်တင်ပေးရာတွင် ရရှိသုံးစွဲနိုင်သော ရင်းမြစ်ပစ္စည်းများရှိကြောင်း သတိပြုတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြား ဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထု အဖွဲ့ဝင်များနှင့် အတူတကွအလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ ဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း၊ ဖြတ်ဆက်လုပ်ငန်းဖြင့် သင်ယူခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** '(၂၁) ရာစု ဆရာတစ်ဦး ဖြစ်လာရေးလမ်းညွှန်' စာအုပ်ကို သေချာစွာ ဖတ်ရှုလေ့လာပါ။ အထူးသဖြင့် အောက်ဖော်ပြပါ သင်ယူမှုလုပ်ငန်းများတွင် သုံးနိုင်မည့် အပိုင်းများကို လေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးလုပ်ရန် စက္ကူ၊ သင်ပုန်း၊ မာကာများ၊ အင်တာနက်သုံးစွဲမှု သို့မဟုတ် '(၂၁) ရာစု ဆရာတစ်ဦး ဖြစ်လာရေးလမ်းညွှန်' - Point B Design & Training (http://www.pointb.is/21csguide#download)

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း (မိနစ် ၅၀)

၁။ '(၂၁) ရာစု ဆရာတစ်ဦး ဖြစ်လာရေးလမ်းညွှန်' စာအုပ်ကို ကျောင်းသားများအား ဖတ်ရှုစေရမည်။ ထိုလမ်းညွှန်တွင်ပါသောအကြောင်းအရာသည် သူတို့အတွက် ရင်းမြစ်ကောင်းတစ်ခု ဖြစ်သည်။ ယခု လေ့လာသင်ယူဆဲ ကျောင်းသားများအတွက်ရော၊ နောင်တစ်ချိန်ဆရာများဖြစ်လာပြီး ကိုယ်ပိုင်သင်ကြားရန် အတန်းများရှိလာသည့်အခါ အတွက်ပါ (၂) မျိုးစလုံးအတွက် အသုံးဝင်သည်။ ကျောင်းသားများ ဆောင်ရွက်သင့်သည် တို့မှာ -

- မာတိကာကို အစမှ အဆုံးထိ ဖတ်ပါ။

- စိတ်နေစိတ်ထား (၇) မျိုးနှင့် လက်တွေ့လေ့ကျင့်ရမည့်အရာများ ခေါင်းစဉ်နှင့် '(၂၁) ရာစု သင်ယူမှု၏ 'C' (၅) လုံး' ခေါင်းစဉ်တို့၌ ပါဝင်သည်တို့ကို အကြမ်းဖျင်း အဓိပ္ပာယ်သိရအောင် ဖတ်ပါ။ လက်တွေ့ကျကျ သုံးနိုင်မည့် လုပ်ငန်းစဉ်အမျိုးအစား ရရှိစေရန်နှင့် ကိုယ်တိုင်သင်ယူမှုနှင့် သင်ကြားမှုတို့ကို အကဲဖြတ်ရာတွင် အသုံးဝင်မည့် တိုက်ဆိုင်စစ်ဆေးရမည့်စာရင်းရရှိစေရန် လိုအပ်သည့်အခါ ဤလမ်းညွှန်ကို ကိုးကားကြည့်ရှုပါ။

၂။ ဤလမ်းညွှန်တွင်ပါသည့် ရင်းမြစ်အမျိုးအစားတစ်ခုကို ဥပမာပေးရန်အတွက် ပါဝင်သော လုပ်ငန်းစဉ်များထဲမှ တစ်ခုကို အတန်းတွင်း၌ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျောင်းသားများကို အသိပေးပါ။ စာမျက်နှာ (၇၀ – ၇၃) တွင်ပါဝင်သည့် သင်ခန်းစာ ခေါင်းစဉ် 'ရည်ရွယ်ချက် ချမှတ်ခြင်း' - မိမိ၏ သင်ကြားရေးရည်ရွယ်ချက်ကို 'ရှာဖွေခြင်း' ကို လေ့လာရန် ဆရာတို့အတွက် အကြံပြုပါသည်။ သို့ရာတွင် ဆရာအနေနှင့် အခြားလုပ်ငန်းတစ်ခုကို ရွေးလိုကရွေးနိုင်ပါသည်။ 'ရည်ရွယ်ချက် ချမှတ်ခြင်း - မိမိ၏ သင်ကြားရေးရည်ရွယ်ချက်ကို ရှာဖွေခြင်း' ကို လေ့လာရန် ဆရာတို့အတွက် အကြံပြုပါသည်။ သို့ရာတွင် ဆရာအနေနှင့် အခြားလုပ်ငန်းတစ်ခုကို ရွေးလိုက ရွေးနိုင်ပါသည်။ 'ရည်ရွယ်ချက် ချမှတ်ခြင်း' သင်ခန်းစာ၏ ရည်မှန်းချက်မှာ ကျောင်းသားတို့အား (၂၁) ရာစု ကျွမ်းကျင်မှုများကို ၎င်းတို့ သင်ယူမှုစနစ်များနှင့် မည်သို့မည်ပုံ ပေါင်းစပ်သင်ယူမည်ကို စတင်စဉ်းစားရာတွင် အထောက်အကူပေးရန် ဖြစ်သည်။

၃။ စာမျက်နှာ (၇၀–၇၃) ရှိ ညွှန်ကြားချက်များကို ကျောင်းသားများအား ဖတ်ရှုစေရမည်။ ထို့နောက် သူတို့ မှတ်စုစာအုပ်များထဲတွင် ဗင်ပုံ (Venn Diagram) များရေးဆွဲ၍ ပြည့်စုံစွာ ဖြည့်ပေးရမည်။ဗင်ပုံတွင် အောက်ပါတို့ပါဝင်သည်။

- သင်ကြားမှုကို အဘယ်ကြောင့် နှစ်သက်မြတ်နိုးသနည်း။ သင်ယူမှုကိုလည်း အဘယ်ကြောင့် နှစ်သက်မြတ်နိုးသနည်း။
- (၂၁) ရာစုတွင် မိမိသင်ကြားရသော ကျောင်းသားများ၏ လက်တွေ့ဘဝလုပ်ငန်းခွင်နှင့် ကျင်လည်ရမည့် အသိုက်အဝန်းတို့တွင် အောင်မြင်စွာဝင်ဆံ့နိုင်ရန် မည်သည့်အရာ တို့ကို ကြိုတင်ပြင်ဆင်ပေးရန် လိုမည်နည်း။

- ပညာရေးသည် မြန်မာနိုင်ငံအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

၄။ ရေးဆွဲထားသော ဗင်ပုံ၏ အလယ်ဗဟိုတွင် ကျောင်းသားတို့၏ သင်ကြားရေး ရည်မှန်းချက်များကို ထည့်သွင်းစေရမည်။ တစ်နည်းအားဖြင့်ဆိုသော် သူတို့ ဆရာဖြစ်လိုရခြင်း အကြောင်းအရင်းကို ဖော်ပြရာတွင် သူတို့၏ စိတ်တွင်းလှုံ့ဆော်မှုနှင့် ရည်ရွယ်ချက်မြင့်မားမှုတို့ကို ထည့်သွင်းပေးရမည်။

၅။ အချိန်လုံလောက်လျှင် ဆရာက ဖျတ်လတ်တက်ကြွသော ကျောင်းသားအချို့အား ဖိတ်ခေါ်၍ သူတို့အတွေးအခေါ်နှင့် သူတို့ရေးဆွဲထားသော ဗင်ပုံကို တစ်တန်းလုံးသို့ မျှဝေစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ လုပ်ငန်းဆောင်ရွက်နေစဉ် ဆရာက စာသင်ခန်းကို လှည့်ပတ်ပြီး ကျောင်းသားများအနေနှင့် လမ်းညွှန်စာအုပ် အသုံးပြုရာတွင် မရှင်းလင်းသည်များရှိက မေးနိုင်သည့်အတွက် ရှင်းလင်းဖြေကြားပေးရန် ကူညီရမည်။ သူတို့အနေနှင့် ဗင်ပုံကိုရေးဆွဲရာတွင် သူတို့ဆရာဖြစ်လိုခြင်းအကြောင်းနှင့် သူတို့ သင်ကြားပေးရမည့် ကျောင်းသားများ၏ အနာဂတ်အတွက် ပြင်ဆင်ရမည့်အကြောင်းတို့ကို ပုံဖြင့်သရုပ်ဖော်ကာ ရှင်းလင်းစွာ ဖော်ပြနိုင်ခြင်း ရှိ/မရှိ အကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤလေ့ကျင့်ခန်းတွင် တစ်ဦးစီ၏ ထင်မြင်ချက်အလိုက် အဖြေအမျိုးမျိုး ကွဲပြားနိုင်သည်။ သို့ရာတွင် ကျောင်းသားများ အနေနှင့် (၂၁) ရာစုတွင် သူတို့သင်ကြားရမည့် တပည့်ကျောင်းသားများ၏ လက်တွေ့ဘဝ၊ လုပ်ငန်းခွင်နှင့် ကျင်လည်ရမည့် အသိုက်အဝန်းတို့တွင် အောင်မြင်စွာ ဝင်ဆံ့နိုင်ရန် မည်သည်တို့ကို ကြိုတင်ပြင်ဆင်ပေးရန် လိုမည်နည်းဟူသော မေးခွန်းကို ‘C’ (၅) လုံး (5Cs) ဟု ဆိုအပ်သော သိလိုစိတ်ပြင်းပြခြင်း (Curiosity)၊ တီထွင်ဖန်တီးတတ်ခြင်း (Creativity)၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း (Critical Thinking)၊ ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration) နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication) တို့နှင့် ဆက်စပ်စဉ်းစားတတ်ရန် လိုအပ်သည်။

သို့မဟုတ် P-21 အညွှန်းဘောင်နှင့် ဆက်စပ်စဉ်းစားတတ်ရမည်။ (၂၁) ရာစု ကျွမ်းကျင်မှုများကို ဖော်ပြရာတွင် သုံးသော အညွှန်းဘောင်အမျိုးမျိုးတို့ကို အချက်အလက်ဆင်တူမှု အများအပြားနှင့် ရေးဆွဲပြုစုထားသည်။ ထို့ကြောင့် မည်သည့်ကျွမ်းကျင်မှုပုံစံကိုမဆို မှန်သည် သို့မဟုတ် အကောင်းဆုံး ဖြစ်သည်ဟု ဆုံးဖြတ်၍မရနိုင်ကြောင်းကို ဆရာက ကျောင်းသားများအား ထောက်ပြနိုင်သည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ ဖြတ်ဆက်လုပ်ငန်း/အုပ်စုလုပ်ငန်း (မိနစ် ၅၀)

၁။ (၂၁) ရာစု ကျွမ်းကျင်မှုများအကြောင်း လေ့လာသင်ယူသော ဤအခန်းကို ခြုံငုံမိစေရန် ကျောင်းသားများသည် အုပ်စုငယ်များအဖြစ် ဖွဲ့စည်းပြီး ‘C’ (၅) လုံး (5 Cs) (Curiosity, Creativity, Critical thinking, Collaboration နှင့် Communication) ထဲမှ နှစ်သက်ရာ C တစ်လုံးအကြောင်းကို လေ့လာသင်ယူရန် ဆရာက ပြောလိမ့်မည်။ C (၅) လုံးမှာ သိလိုစိတ်ပြင်းပြခြင်း (Curiosity)၊ တီထွင်ဖန်တီးတတ်ခြင်း (Creativity)၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း (Critical Thinking)၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ (Collaboration) နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication) တို့ဖြစ်ကြသည်။

၂။ ‘၂၁ ရာစု ဆရာဖြစ်လာရေးလမ်းညွှန်’ စာမျက်နှာ (၉၀) နှင့် (၉၁) တွင်ပါဝင်သော ညွှန်ကြားချက်များကို အုပ်စုတွင်းမှ အခြားကျောင်းသားများနှင့်အတူ ဖတ်ရှုပါ။ ဆရာက အုပ်စုတစ်ခုစီအတွက် ‘C’ တစ်ခုအကြောင်း လုပ်ငန်းပေးရမည်။

၃။ ကားချပ်ကြီးအဖြစ်သုံးမည့် စက္ကူချပ်ကြီးပေါ်တွင် စာမျက်နှာ (၉၂)၊ (၉၃) တွင် ဖော်ပြထားသည့် ကွန်ရက် (ဇယားကွက်) ကိုသုံးပြီး ကျောင်းသားတို့ရရှိထားသည့် ‘C’ နှင့် သက်ဆိုင်သည်များကို ဖြည့်သွင်းစေရမည်။ ထိုသို့ဆောင်ရွက်ရန် အောက်ပါမေးခွန်းများ၏ အဖြေများကိုရအောင် ဉာဏ်ဖွင့်ဆွေးနွေးရန် လိုအပ်သည်။ ယင်းလမ်းညွှန်စာအုပ်တွင် ရေးသားဖော်ပြထားသည့် အရာများကို မှီငြမ်းနိုင်သည်။ ဆရာကလည်း ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးနိုင်ရန် သင်ကြားနည်းနမူနာများနှင့် သင်ယူစဉ်စစ်ဆေးခြင်း နမူနာတို့ကို ပြင်ဆင်ထားသင့်သည်။

- ထို 'C' သည် မည်သည့်အရာနည်း။
- အဘယ်ကြောင့် အရေးပါသနည်း။

## သင်ကြားနည်းစနစ်များ

ကျောင်းသားများက ထိုပိုစတာကားချပ်ကြီးကို လိုအပ်သည်များ ပြည့်စုံအောင် ဖြည့်သွင်းရေးသားပြီးသည့်အခါ အတန်းနံရံပေါ်၌ ချိတ်ဆွဲထားခြင်းဖြင့် သူတို့ သဘောပေါက်နားလည်ကြောင်းကို ပြသနိုင်သည်။ ကျောင်းသားများအား အတန်းတွင်းသို့ လှည့်ပတ်၍ အခြားအုပ်စုများမှ ချိတ်ဆွဲထားသော အခြားပိုစတာများကို လိုက်လံကြည့်ရှု လေ့လာစေရမည်။ အခြားအုပ်စုများမှ ပိုစတာများတွင် အခြား 'C' တစ်ခုခု ခေါင်းစဉ်အောက်၌ ထည့်သွင်းရန် အကြောင်းအရာများနှင့် မိမိ၏ ထပ်ဆောင်းစိတ်ကူးစိတ်သန်းများရှိပါက ပိုစတာတွင် ထပ်မံထည့်သွင်းနိုင်သည်။

အချိန်ရရှိမှုပေါ်မူတည်ပြီး ပြန်လည်အစီရင်ခံခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ဆရာကဦးဆောင်၍ ဆောင်ရွက်စေရမည်။ ပြန်လည်သုံးသပ်ရာတွင် ကျောင်းသားများအနေဖြင့် ဤကျွမ်းကျင်မှုများကို မိမိတို့လက်တွေ့ဘဝများနှင့် မိမိတို့၏ အနာဂတ်ကာလစာသင်ခန်းများတွင် မည်သို့အသုံးပြုနိုင်သည်ကို သုံးသပ်မည်ဖြစ်သည်။ ထိုလမ်းညွှန်စာအုပ်စာမျက်နှာ (၉၁) မှ ပြန်လည်သုံးသပ်သောမေးခွန်းများကိုသုံး၍ ဆွေးနွေးမှုကို ညွှန်ကြားနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ပြည့်စုံစွာ ရေးသားဖြည့်သွင်းထားသော ပိုစတာများသည် (၂၁) ရာစု ကျွမ်းကျင်မှုများအကြောင်း ကျောင်းသားများ၏ နားလည်မှုကို ပြသရာရောက်သည့် အညွှန်းကိန်းများဖြစ်ကြသည်။ သူတို့အနေနှင့် (၂၁) ရာစု ကျွမ်းကျင်မှုများအကြောင်းကိုသာမက ထိုကျွမ်းကျင်မှုများကို မည်သို့သင်ကြားမည်နှင့် ကျောင်းသားများ သင်ယူမှု ရှိ/မရှိ မည်သို့သိနိုင်ကြောင်းတို့ကိုပါ နားလည်လာမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

'၂၁ ရာစု ဆရာဖြစ်လာရေးလမ်းညွှန်' စာမျက်နှာ (၆၂) နှင့် (၆၃) တို့တွင် 'C' ၅ လုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ဤကျွမ်းကျင်မှုများကို ကျောင်းသားများ ရရှိလာစေရန် အားပေးရာ၌ ဆောင်ရွက်သင့်သည်တို့ကို အကြံပြုထားသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ပထမစာသင်ချိန်က ကျောင်းသားများရေးဆွဲခဲ့သော ဗင်ပုံ (Venn Diagram) တို့ကိုစုဆောင်းကောက်ယူပြီး ကျောင်းသားတို့၏ စိတ်ဝင်စားမှုကို သိရှိနိုင်သည်။ အတန်းထဲမှ ကျောင်းသားများဆရာဖြစ်လိုရခြင်း၏ အကြောင်းရင်းနှင့် သူတို့စိတ်ဝင်စားမှုများကို သိလာနိုင်သည်။ ပုံများမှတစ်ဆင့် ကျောင်းသားများ၏ တပည့်များအပေါ်ထားရှိသည့် တာဝန်များကို သိလာနိုင်သည်။ သူတို့ဆရာဖြစ်လာသည့်အခါ သူတို့ကျောင်းသားများ၏ ဘဝ၊ အလုပ်ခွင်နှင့် အသိုက်အဝန်းတို့တွင် လိုအပ်မည့် အဓိကကျသော ကျွမ်းကျင်မှုများကို ရှာဖွေ သတ်မှတ်နိုင်စွမ်းရှိကြောင်းသိလာရမည်။ အုပ်စုလိုက် ဖန်တီးထုတ်လုပ်စေသော ပိုစတာများကလည်း ကျောင်းသား၏ သင်ခန်းစာအကြောင်းနားလည်မှုနှင့် ကြိုးပမ်းအားထုတ်မှုများကို တုံ့ပြန်အကြံပြုချက်များပေးရန် အခွင့်အလမ်းကောင်းတစ်ခု ဖန်တီးပေးသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

(၂၁) ရာစုသင်ကြားရေးကို သရုပ်ဖော်သည့် အညွှန်းဘောင်အမျိုးမျိုးရှိကြောင်းကို ကျောင်းသားများ သိရှိပြီး ဖြစ်ကြသည်။ ထိုအညွှန်းဘောင်များတွင် P-21 အညွှန်းဘောင်၊ ဗလ (၅) တန် အညွှန်းဘောင်နှင့် 'C' ၅ လုံး (5 Cs) အညွှန်းဘောင်တို့ပါဝင်သည်။ ကျောင်းသားများအနေနှင့်လည်း သူတို့ကိုယ်ပိုင်မြင်ထောက်ကူပုံ (Visuals) များ ဖန်တီးနိုင်သည်။ အထက်ပါအညွှန်းဘောင် (၃) ခုထဲမှ အရေးပါဆုံးဖြစ်မည်ဟု သူတို့ထင်မြင်ယူဆသော အချက်များကို ထည့်သွင်း၍ ပေါင်းစပ်ကာ သရုပ်ဖော်နိုင်စေမည့် အညွှန်းဘောင် အသစ်တစ်ခုကို ဖန်တီးနိုင်သည်။ ဤသို့သောပုံမျိုးသည် ဖြည့်စွက်ထပ်ဆောင်း အညွှန်းဘောင်များဖြစ်ကြောင်း ကျောင်းသားများ

သိမြင်လာစေသည်။ အညွှန်းဘောင်သရုပ်ဖော်ပုံများသည် (ကျောင်းသားများ အထူးသဖြင့် ရုပ်ပုံဓာတ်ပုံတို့ကို စွဲမြဲမှတ်မိတတ်သူများ) အား (၂၁) ရာစု သင်ယူမှုတွင် အရေးပါသည့် အစိတ်အပိုင်းတို့ကို စိတ်မှတ်ဖြင့် စုစည်းရန်နှင့် မှတ်မိစေရန် အထောက်အကူပြုသည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** (၂၁) ရာစု ကျွမ်းကျင်မှုများအနက် မည်သည့်ကျွမ်းကျင်မှုသည် အရေးကြီးဆုံး ဖြစ်သည်ဟု သင်ထင်မြင်ပါသနည်း။

***အဖြေ။*** *အဖြေ မှားသည်၊ မှန်သည်ဟူ၍ မရှိပါ။ သို့သော် ကျောင်းသားများ၏ အဖြေသည် P 21 အညွှန်းဘောင် (သို့) ဗလငါးတန် (သို့) 'C' လေးလုံး - လေးနက်စွာ ဆန်းစစ်ဝေဖန်တွေးတောတတ်ခြင်း (Critical thinking)၊ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်တတ်ခြင်း (Communication)၊ ပူးပေါင်း ဆောင်ရွက်သင်ယူတတ်ခြင်း (Collaboration) နှင့် တီထွင်ဖန်တီးတတ်ခြင်း (Creativity) တို့အနက်မှ တစ်ခုခု ထင်ဟပ်ပါဝင်သင့်သည်။*

**မေးခွန်း ၂။** ဆရာတစ်ယောက်အနေဖြင့် အဘယ်ကြောင့် (၂၁) ရာစု ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားရန် အရေးကြီးသနည်း။

***အဖြေ။*** *ကမ္ဘာကြီးပြောင်းလဲလာမှုနှင့်အတူ ပညာရေးကို လိုက်လျောညီထွေအောင် ပြောင်းလဲရန်အတွက် (၂၁) ရာစုခေတ် ဘဝအခြေအနေ၊ လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းတွင် ကျောင်းသားများ အောင်မြင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ပြင်ဆင်ပေးရန် (၂၁) ရာစု ကျွမ်းကျင်မှုများသည် ဆရာများ အတွက် အရေးကြီးပါသည်။ (၂၁) ရာစု ကျွမ်းကျင်မှုများ၊ ဗဟုသုတများ၊*

*စိတ်နေသဘောထားများကို ကျောင်းသားများကို တတ်ကျွမ်းအောင် ပြင်ဆင်သင်ကြားပေးရန် ဤ (၂၁) ရာစု ကျွမ်းကျင်မှုများကို ဆရာများအနေဖြင့် ဦးစွာပထမ ကျွမ်းကျင်မှုရှိထား၊ ရင်းနှီးကျွမ်းဝင်မှုရှိထားရန် လိုအပ်ပါသည်။ သို့မှသာ ဆရာများအနေဖြင့် (၂၁) ရာစုခေတ်တွင် ကျောင်းသားများအနေဖြင့် ပညာရေးဆိုင်ရာ၊ လူမှုစိတ်ခံစားမှုဆိုင်ရာနှင့် အလုပ်အကိုင်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများတွင် အောင်မြင်မှုရရှိဖို့သေချာရန် လမ်းညွှန်ပေးနိုင်လိမ့်မည်။*

**မေးခွန်း ၃။** ကျောင်းသားများအနေဖြင့် (၂၁) ရာစု ကျွမ်းကျင်မှုများပိုင်ဆိုင်ထားရန် အဘယ်ကြောင့် အရေးကြီးသနည်း။

***အဖြေ။*** *ကျွန်ုပ်တို့၏ ကျောင်းသားများသည် စဉ်ဆက်မပြတ်ပြောင်းလဲနေသော၊ အဆုံးမသတ်နိုင်သော သင်ယူနေရမည့်ကမ္ဘာတွင် နေထိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် (၂၁) ရာစု ကျွမ်းကျင်မှုများသည် တစ်ဦးချင်းအဆင့်၊ အဖွဲ့အစည်းအဆင့်၊ နိုင်ငံအဆင့်အတွက် အလွန်တရာမှ အရေးကြီးပါသည်။ ကျောင်းသားများ ဤ (၂၁) ရာစု ကျွမ်းကျင်မှုများကို ပိုင်နိုင်ကျွမ်းကျင်ကြသောအခါ ၎င်းတို့အနေဖြင့် လေးနက်စွာ ဆန်းစစ်ဝေဖန်တွေးတောတတ်ခြင်း၊ ဒစ်ဂျစ်တယ် စာတတ်မြောက်မှု၊ ထိရောက်စွာ အပြန်အလှန် ဆက်သွယ် ဆောင်ရွက်တတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်တတ်ခြင်းနှင့် ကမ္ဘာ့နိုင်ငံသားများ ဖြစ်လာကြမည် ဖြစ်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

ဤအခန်းတွင် အောက်ပါတို့ကို လေ့လာသင်ယူခဲ့ကြသည်။

- နိုင်ငံတစ်ခုအတွက် ထိုနိုင်ငံ၏ပညာရေးစနစ်ကို ကိုင်တွယ်ထိန်းချုပ်စီမံပေးနိုင်သည့် လမ်းပြမြေပုံတစ်ခုရလာအောင် ဖန်တီးနိုင်မည့် ပညာရေးစီမံကိန်းတစ်ရပ်ရှိရန် အရေးပါပုံကို လေ့လာခဲ့ကြသည်။ ဤပညာရေးစီမံကိန်းများကို ချမှတ်ရာတွင် အဆင့်မြင့် ပညာရေးဦးစီးဌာနက ပညာရေးစနစ်တစ်ခုလုံးအတွက် လိုအပ်နေသော ကူညီလမ်းညွှန်မှုများ ပံ့ပိုးပေးပြီး ကလေးအားလုံးပညာသင်ယူနိုင်ရေးအတွက် ရည်မှန်းချက်များကိုလည်း ချမှတ်ပေးသည်။

- အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) တွင် အတိအလင်းဖော်ပြထားသည့် မြန်မာ့ပညာရေးရည်မှန်းချက်များကို ရရှိအောင် ဆရာတစ်ဦးအနေဖြင့် ကူညီဆောင်ရွက်နိုင်ပုံကို လေ့လာခဲ့သည်။

- ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက် အမှတ် (၄) (SDG-4) တွင် ဖော်ပြထားသည့် ကမ္ဘာလုံးဆိုင်ရာ ပညာရေးလုပ်ငန်းအစီအစဉ်က အားလုံးအတွက်အကျုံးဝင်သော၊ သာတူညီမျှမှုရှိသော၊ အရည်အသွေးပြည့်ဝသောပညာရေးနှင့် ဘဝတစ်သက်တာ ပညာရေးတို့ကို ပံ့ပိုးပေးရန် အလေးပေးဖော်ပြထားသည်။

- ကလေးများသည် သဘာဝအားဖြင့် အမေးအမြန်းထူသော၊ သိလိုစိတ်အားကြီးသော သင်ယူသူများဖြစ်ကြသည်ကို လေ့လာခဲ့ရသည်။ ထို့ကြောင့် သူငယ်တန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို သင်ယူမှုနယ်ပယ် (၆) ခုအတွင်း၌ ဘက်စုံပေါင်းစပ်ထားသည့် ချဉ်းကပ်သင်ကြားနည်းကို အခြေပြုရေးဆွဲထား သည်။

- (၂၁) ရာစုကျွမ်းကျင်မှုများသည် ဆရာများနှင့် ကျောင်းသားများအတွက် အဘယ်ကြောင့် အလွန်အရေးပါပုံနှင့် မိမိအနေဖြင့် ဤကျွမ်းကျင်မှုများ မိမိထံတွင်ဖွံ့ဖြိုးလာအောင် မည်သို့ဆောင်ရွက်နိုင်ပုံနှင့် မိမိ၏အနာဂတ်ကျောင်းသားများအတွက် ဤကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာအောင် မည်သို့ဆောင်ရွက်နိုင်ပုံတို့ကို လေ့လာခဲ့ကြသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

- ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက်များ (SDG) သည် အဘယ်ကြောင့် အရေးပါသနည်း။

- ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ရည်မှန်းချက်အမှတ် (SDG4) နှင့် မြန်မာနိုင်ငံ အမျိုးသား ပညာရေး မဟာဗျူဟာစီမံကိန်း (NESP) နှစ်ခုစလုံးတွင် ချမှတ်ပေးထားသည့် ရည်မှန်းချက်များ အောင်မြင်ရရှိစေရေးသို့ ရှေးရှုကြိုးပမ်းရာတွင် ဆရာတစ်ဦးအနေဖြင့် မည်သို့ပါဝင်ဆောင်ရွက်နိုင်မည်နည်း။

- သင်ယူမှုနယ်ပယ် (၆) ခုအတွင်းတွင် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုကို သုံး၍ သူငယ်တန်းသင်ရိုးညွှန်းတမ်းကို သင်ကြားပေးလိုက်ခြင်းကြောင့် ကလေးများအတွက် ရရှိလာမည့် အကျိုးကျေးဇူး အချို့တို့မှာ မည်သည်တို့ဖြစ်ကြသနည်း။

- (၂၁) ရာစုပညာရေးအတွက် လိုအပ်သောကျွမ်းကျင်မှုများအနက် မည်သည့်ကျွမ်းကျင်မှု အတွက် မိမိတွင်အားသာချက်ရှိသည်ဟု ယူဆသနည်း။ မည်သည့်ကျွမ်းကျင်မှုများနှင့် ပြည့်စုံလာအောင် မိမိ အနေနှင့်ကြိုးပမ်းရန် လိုအပ်နေသေးသနည်း။ 'ပြန်လည် သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ' မော်ဂျူး (Module) တွင် ပါဝင်နေသည့် အကြောင်းအရာများကို မိမိ၏ (၂၁) ရာစု ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့ အသုံးပြုနိုင်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ


Battelle for Kids. (2019). *Partnership for 21st Century learning*. Retrieved from Battelle for Kids website: http://www.battelleforkids.org/networks/p21/frameworks-resources

Ministry of Education Myanmar. (2016). *National Education Strategic Plan 2016-2021*. Retrieved from http://www.moe-st.gov.mm/wp-content/uploads/2018/01/NESP_20Summary_20-_20English_20-_20Final_20-_20Feb_2023.pdf

UN. (n.d.). *About the sustainable development goals.* Retrieved from UN website: https://www.un.org/sustainabledevelopment/sustainable-development-goals/

UNICEF Myanmar. (n.d.). *Point B Design and Training: A Guide to Becoming a 21st Century Teacher.* Retrieved from https://static1.squarespace.com/static/5231099ce4b056c05311d4c4/t/5ae0ef1c352f53223e1ea18b/1524690728335/21CSGuide_English.pdf

အခန်း
၇

# ပညာရေး သဘောတရား အတွေးအခေါ်

ဤအခန်းသည် ပညာရေးသဘောတရားအကြောင်းကို နိဒါန်းပျိုးပေးထားခြင်း ဖြစ်သည်။ သဘောတရား/ အတွေးအခေါ်နှင့် ပညာရေးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်နေသောကြောင့် သင်ပြမှု ထူးချွန်သော ဆရာတစ်ဦးဖြစ်စေရန်မှာ ကျောင်းသားတို့သည် သူတို့၏သင်ကြားမှု အလေ့အထများကို ပေါ်ပေါက်စေသည့် သူတို့ကိုယ်ပိုင် ယုံကြည်ချက် ခံယူချက်တို့ကို သိရှိ နားလည်ရန် လိုအပ်သည်။

ဤအခန်းတွင် အစမှအဆုံးတိုင် ကျောင်းသားများသည် ပညာရေးသဘောတရား ဘာသာရပ်ကို စိစစ်သုံးသပ်လေ့လာပြီး ထိုဘာသာရပ်၏ ဘာသာရပ်ခွဲများကို လေ့လာရမည်ဖြစ်သည်။ သို့မှသာ သူတို့ကိုယ်ပိုင် ပညာရေးအတွေးအခေါ်ကို တည်ဆောက်ပုံဖော်သည့်အခါတွင် အဓိကကျသော ပညာရေးသဘောတရားဝါဒများအကြောင်း သိရှိနားလည်စေရန်နှင့် ထိုဝါဒများထဲမှ သူတို့ကိုယ်ပိုင် ပညာရေးအတွေးအခေါ်ထဲသို့ ထည့်သွင်းသင့်သည့် သဘောတရားများကို ရရှိနိုင်စေမည်ဖြစ်သည်။ သူတို့၏ ကိုယ်ပိုင်ပညာရေး အတွေးအခေါ် တည်ဆောက်ပုံဖော်ခြင်း ခရီးစဉ်မှာ အတွေ့အကြုံများနှင့် လက်တွေ့အတွေ့အကြုံများ များစွာလိုအပ်သဖြင့် နှစ်နှင့်ချီ၍ ကြာမြင့်တတ်ပြီး ထိုလုပ်ငန်းသည် ပြီးဆုံးသည် မရှိပါ။ အကြောင်းမှာ သူတို့၏ ချဉ်းကပ်ပုံနည်းလမ်းများကို မွမ်းမံအချောသတ် နေကြရသောကြောင့် ဖြစ်သည်။ ထိုချဉ်းကပ်ပုံနည်းလမ်းများကို မွမ်းမံအချောသတ်မှု လုပ်ငန်းမပြီးမချင်း သူတို့အတွေးအခေါ်သည်လည်း အမြဲပြောင်းလဲနေမည်ဖြစ်သည်။ သို့ရာတွင် သူတို့၏ သင်ကြားမှုအလေ့အကျင့်ကို ပြန်လည်သုံးသပ်ဝေဖန်တတ်လာပြီး ထိုအလေ့အကျင့် ပေါ်ပေါက်လာစေသည့် အခြေခံသဘောတရားတို့ကို သိရှိနားလည်လာမှု မြန်ဆန်လျှင် မြန်ဆန်သည့်အလျောက် သူတို့သည်လည်း ထက်မြက်သော ဆရာများဖြစ်လာနိုင်မည်။

ကျောင်းသားတို့အနေနှင့် မြန်မာ့ပညာရေးသမိုင်းနှင့် ကမ္ဘာ့ပညာရေးသမိုင်းတို့အကြောင်းကို လည်း ပိုမိုသိရှိ လေ့လာနိုင်မည်ဖြစ်သည်။ ရာစုနှစ်များတစ်လျှောက်တွင် မည်သည်တို့က ပြောင်းလဲသွားပြီး မည်သည်တို့က ယခင်ကအတိုင်း တည်ရှိနေဆဲဖြစ်ကြောင်းကို မှတ်သားနိုင်သည်။

ထို့ပြင် အခန်း (၇) က သင်ယူမှု ဆင့်ကဲပြောင်းလဲ တိုးတက်ခြင်းဆိုင်ရာ စိတ်ကူးအတွေးအခေါ်များနှင့် စိတ်ကူးပုံရိပ်များအကြောင်းကို မိတ်ဆက်ပေးလိမ့်မည်။ ထိုစိတ်ကူးပုံရိပ်များက မိမိတို့ သင်ခန်းစာများအား တည်ဆောက်စီစဉ်ရာတွင်နှင့် ပုံသွင်းပြုပြင်ရာတွင် တိုက်ရိုက်လွှမ်းမိုး သက်ရောက်မှုရှိကြသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးသဘောတရား၏အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆိုတတ်ပြီး ပညာရေးလုပ်ငန်း အလေ့အကျင့်များအတွက် ပညာရေးသဘောတရားက မည်သို့သောအသိပညာများကို ပံ့ပိုးပေးနိုင်ကြောင်း ဖော်ပြတတ်မည်။
- အဓိကကျသောပညာရေး သဘောတရား (၃) ရပ်ကို ရှင်းလင်းပြတတ်ပြီး ၎င်းတို့တစ်ခုနှင့် တစ်ခုအကြား တူညီချက်၊ ခြားနားချက်တို့ကို နှိုင်းယှဉ်ဖော်ပြတတ်မည်။ (ကျောင်းသားဗဟိုပြု သဘောတရား၊ ဆရာဗဟိုပြု သဘောတရားနှင့် လူ့အဖွဲ့အစည်း ဗဟိုပြုသဘောတရားများ)
- ဆရာတစ်ဦးချင်းစီအနေနှင့် မိမိ၏သင်ကြားမှု အလေ့အကျင့်များကို ဆက်လက်တိုးတက်ကောင်းမွန်နေစေရန် ပြန်လည်စိစစ်သုံးသပ်ခြင်း အလေ့အထကို မွေးမြူကျင့်သုံးတတ်မည်။
- လူ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်၌ သင်ယူမှုလုပ်ငန်းသည် မည်သည့်နေရာမှစ၍ မည်သို့ ပေါ်ပေါက်လာပုံကို ရှင်းပြတတ်မည်။
- ပညာရေးသမိုင်းကြောင်း (ကမ္ဘာ့ပညာရေး သမိုင်းကြောင်းနှင့် မြန်မာ့ပညာရေး သမိုင်းကြောင်း) တို့မှ အရေးပါသော အဆင့်များကို အနှစ်ချုပ်ဖော်ပြတတ်မည်။
- ရာစုနှစ်များတစ်လျှောက် ပေါ်ပေါက်ခဲ့သည့် ပညာရေးလုပ်ငန်းများ၏ ထိရောက်မှု အကြောင်းကို ကနဦး ထင်မြင်ချက်ပေးတတ်မည်။

- တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲသင်ယူစေခြင်းအားဖြင့် ကျောင်းသားများ၏သင်ယူမှု အတွေ့အကြုံများကို တစ်ဆင့်နှင့်တစ်ဆင့် တစ်ခုနှင့်တစ်ခု ငြိမ်းဆင်ဆက်စပ်ပေးရန် လိုအပ်ကြောင်း သိရှိနားလည်လာမည်။
- အကြောင်းအရာအသစ်များကို သင်ကြားရာတွင် ကျောင်းသားများ၏ ယခင်ရှိပြီး စိတ်ကူးစိတ်သန်းများအပေါ်၌ အခြေခံကာ ၎င်းတို့နှင့် အကြောင်းအရာသစ်ကို ဆက်စပ်၍ နားလည်အောင် သင်ကြားပေးတတ်မည်။
- ကျောင်းသားများ၏ အတွင်းစိတ်သဏ္ဍာန်၌ စိတ်ကူးပုံရိပ် (mental models) ပေါ်ပေါက်လာပုံ ပုံစံအမျိုးမျိုးတို့၏ အရေးပါမှုကို သိရှိနားလည်ပြီး ၎င်းတို့သည် အကြောင်းအရာသစ်တစ်ခုကို သင်ယူရာ၌ မည်ကဲ့သို့အထောက်အကူဖြစ်စေသည် သို့မဟုတ် အဟန့်အတားပြုစေသည်ကို သိရှိနားလည်လာမည်။

# ၇.၁။ ပညာရေးသဘောတရားနှင့် သင်ကြားရေး၌ ၎င်း၏ အသုံးဝင်ပုံများ

## ၇.၁.၁။ ပညာရေးသဘောတရားဆိုသည်မှာ အဘယ်နည်း။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးသဘောတရား၏ အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆိုတတ်လာပြီး ပညာရေးလုပ်ငန်း အလေ့အကျင့်များအတွက် ပညာရေးသဘောတရားက မည်သို့သောအသိပညာများကို ပံ့ပိုးပေးနိုင်ကြောင်း ဖော်ပြတတ်မည်။
- အဓိကကျသော ပညာရေးသဘောတရား (၃) ရပ်အကြောင်း ရှင်းလင်းပြတတ်ပြီး ၎င်းတို့တစ်ခုနှင့် တစ်ခုအကြား တူညီချက်၊ ခြားနားချက်တို့ကို နှိုင်းယှဉ်ဖော်ပြတတ်မည်။ (ကျောင်းသားဗဟိုပြုသဘောတရား၊ ဆရာဗဟိုပြုသဘောတရားနှင့် လူ့အဖွဲ့အစည်း ဗဟိုပြုသဘောတရားများ)

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်း ကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** စာဖတ်ခြင်း အသေးစားပို့ချချက်၊ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၇.၁.၁) ကို ဂရုတစိုက်ဖတ်ရှုပြီး အဓိကကျသော ပညာရေးသဘောတရား (၃) ရပ်၏ ဝိသေသလက္ခဏာများကို ရှင်းလင်းစွာ သိရှိအောင်ပြုပါ။ အတန်းထဲမှ ကျောင်းသားများကို အပြည့်အဝနားလည်အောင် ရှင်းပြရန် ဆရာက ဖြည့်စွက် သုတေသနတစ်ခု လိုအပ်လျှင်လုပ်ဆောင်ထားရမည်။

**လိုအပ်သောရင်းမြစ်များ။** ပညာရေးသဘောတရား ကျောင်းသားကိုင်စာအုပ် (အပို)၊ အင်တာနက် အသုံးပြုမှု၊ ဂရပ်ဖစ်ပုံများ (ကျောင်းသားကိုင်စာအုပ်ထဲမှ) ကျောက်သင်ပုန်း၊ မာကာများ/မြေဖြူ။

**သင်ယူမှုလုပ်ငန်းများ**

**ပထမစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၁။ ပညာရေး သဘောတရားများကို ရှာဖွေတွေ့ရှိခြင်း (မိနစ် ၅၀)**

၁။ ကျောင်းသားကိုင်စာအုပ်ထဲမှ 'ပညာရေးသဘောတရားဆိုသည်မှာ အဘယ်နည်း။' ခေါင်းစဉ်နှင့် 'ပင်မတွေးခေါ်မြော်မြင်ရေး သဘောတရားဝါဒကြီး သုံးရပ်အကြောင်း သုံးသပ်ချက်အကျဉ်း' တို့ကို ကျောင်းသားများအား ဖတ်စေရမည်။

၂။ ကျောင်းသားများအား ပညာရေးသဘောတရား ဘာသာရပ်နှင့် မိတ်ဆက်ပေးပြီး အဓိကအယူအဆသုံးရပ်ကို နားလည်အောင် ဆရာက ကူညီပေးရမည်။ အထူးသဖြင့် ဆရာဗဟိုပြုသဘောတရားနှင့် ကျောင်းသားဗဟိုပြုသဘောတရားတို့ကြား ခြားနားမှုကို ကျောင်းသားများ ရှင်းလင်းစွာနားလည်သဘောပေါက်ပါစေ။

၃။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပြီး ထောင်လိုက်အကွက် (၃) ခုပါသော ဇယားတစ်ခုကို ဖြည့်စေရမည်။ ပညာရေးသဘောတရား အဓိကအယူအဆ (၃) ရပ်၏ ဝိသေသလက္ခဏာများကို ဇယားကွက်တွင် ဖြည့်သွင်းစေရမည်။ ဆရာ့ထံ၌ ကျောင်းသားကိုင်စာအုပ် အပိုများနှင့် ပညာရေး သဘောတရားဆိုင်ရာ အခြားရင်းမြစ်များရှိလျှင် ကျောင်းသားများအား သုံးစွဲခွင့်ပြုပါ။ ကျောင်းသားများအနေနှင့် နောက်ထပ်သတင်းအချက်အလက်များကို ရှာဖွေလိုလျှင် စမတ်ဖုန်းမှဖြစ်စေ၊ ပညာရေး ဘာသာရပ်များ ကျောင်းသားကိုင်စာအုပ်မှ ဆက်စပ်ရာ အခန်းများမှဖြစ်စေ လေ့လာနိုင်သည်။

၄။ အတန်းပြီးချိန်တွင် ကျောင်းသားများအား သူတို့၏ တုံ့ပြန်မှု (အဖြေများ) ကို အတန်းထဲသို့ မျှဝေစေရမည်။ ထိုသို့ မျှဝေဆွေးနွေးရာတွင် သင်ပုန်းပေါ်၌ ဇယားကွက်အကြီးတစ်ခု ရေးဆွဲ၍ ဆောင်ရွက်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအလုပ်လုပ်နေစဉ် ဆရာက အတန်းပတ်လည်သို့ လှည့်လည်သွားလာကာ သူတို့လုပ်ဆောင်မှုတိုးတက်မှုကိုစစ်ဆေးရမည်။ အတန်းအပြီးပြန်လည်ဟောပြောတင်ပြရာ၌လည်း ကျောင်းသားတို့၏ နားလည်မှုကို စစ်ဆေးနိုင်သည်။ ဇယားကွက်ဖြည့်ရာတွင် ကျောင်းသားများ အခက်တွေ့နေလျှင် ဆရာက အိမ်စာအလုပ်အဖြစ် ပေးနိုင်သည်။ အိမ်စာအလုပ်အဖြစ် ဆောင်ရွက်စေလျှင် ကျောင်းသားတို့အတွက် ပညာရေးသဘောတရား နယ်ပယ်တစ်ခုစီကို ပို၍ သုတေသနပြုရန် အချိန်ရစေနိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေများသည် အတန်အသင့် ကွဲပြားခြားနားကြမည်။ သို့ရာတွင် အောက်ပါဇယားက သူတို့အဖြေများတွင် ပါဝင်နိုင်သည့်အမျိုးအစားတို့အတွက် ညွှန်ပြချက်တစ်ခုအဖြစ် အသုံးပြုနိုင်သည်။

### ဇယား ၇.၁။ ပညာရေးသဘောတရားများကို ရှာဖွေတွေ့ရှိခြင်း (ဖြစ်နိုင်ခြေရှိသော အဖြေများ)

| ဆရာဗဟိုပြု သဘောတရားများ | ကျောင်းသားဗဟိုပြု သဘောတရားများ | လူ့အဖွဲ့အစည်းဗဟိုပြု သဘောတရားများ |
|---|---|---|
| သင်ကြားရေး ရည်မှန်းချက်များကို ဆရာက ချမှတ်ပေးပြီး သင်ယူမှု၏ ရည်ရွယ်ချက်များကို ကျောင်းသားတို့ မည်မျှရရှိကြောင်း ဆရာက အကဲဖြတ်သုံးသပ်သည်။ များသောအားဖြင့် စစ်ဆေးမှုကို စာမေးပွဲအသွင်ဖြင့် ဆောင်ရွက်သည့် ဆရာသည် စာသင်ခန်းထဲတွင် အားလုံး၏ အာရုံစူးစိုက်ရာ ဗဟိုဖြစ်သည်။<br><br>အခြေခံကျမှု ပဓာနဝါဒ - အခြေခံကျသော ကျွမ်းကျင်မှုနှင့် လက်တွေ့ကျသော၊ အမာခံဖြစ်သော အသိပညာများကိုသာ သင်ပေးရန် အလေးထားသော ဝါဒဖြစ်သည်။<br><br>ရေရှည်တည်တံ့ရေးပဓာနဝါဒ - ထိုဝါဒက ပညာရေးတွင် နှစ်ရှည်ကြာစွာ တည်တံ့ခဲ့သည်။ ဂန္ထဝင် မြောက်သည့် အသိပညာများ၏ အရေးပါပုံကို အလေးထားသည်။ ဂန္ထဝင်သင်ရိုးများသည် လူ့သမိုင်းစဉ်တစ်လျှောက် ဆက်လက် အရေးပါမြဲဖြစ်သည်။ | အာရုံစူးစိုက်ရာ ဗဟိုချက်သည် သင်ယူသူ ကျောင်းသားအပေါ်၌လည်း ထားသည်။ (ဆရာကိုသာ မဟုတ်ဘဲ) နှစ်ယောက်တွဲ လေ့လာခြင်းနှင့် အုပ်စုလိုက် လေ့လာခြင်းတို့ကို ပို၍အသုံးများသည်။ ကျောင်းသားများအား လွတ်လပ်စွာ သင်ယူနိုင်သော လုပ်ငန်းများ ပေးသည်။ ကျောင်းသားများသည် မိမိတို့ကိုယ်တိုင် မိမိတို့၏ သင်ယူမှုကို အကဲဖြတ်သုံးသပ်နိုင်သည့် အခန်းကဏ္ဍရှိသည်။<br><br>အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေခြင်းဝါဒ - ထိုဝါဒက ယူဆသည်မှာ ပညာရေးက ကလေးအပေါ်၌ အာရုံစူးစိုက် အလေးထားမည်။ (သင်ရန် အကြောင်းအရာနှင့် ဆရာတို့ကို သာမက) ကလေးတို့၏ လက်တွေ့စမ်းသပ်လုပ်ကိုင်မှုကို အားပေးသည်။<br><br>အသိပညာတည်ဆောက်မှု ပဓာနဝါဒ - လူတို့ သည် သူတို့တည်ဆောက်ပြီး ခိုင်မြဲသွားသည့် အရာများကိုသာ နားလည်နိုင်သည် ဆိုသည့် သဘောတရား အခြေပြုသောဝါဒ ဖြစ်သည်။ ထို့ကြောင့် သင်ယူသူတို့သည် သူတို့ ကိုယ်ပိုင်တစ်ဦးချင်း သင်ယူမှု ဖြစ်စဉ်တွင် အလွန် အရေးပါသည်။<br><br>လူသားပဓာနဝါဒ - အတွေ့အကြုံနှင့် ဆောင်ရွက်လုပ်ကိုင်ရင်း သင်ယူမှုကို အားပေးသည်။<br><br>ဖြစ်တည်မှုပဓာနဝါဒ - ထိုဝါဒက လွတ်လပ်မှုနှင့် နှစ်သက်ရာ ရွေးချယ်သင်ယူမှုကို အလေးပေးသည်။ | အာရုံစူးစိုက်ရာ ဗဟိုချက်သည် လူတစ်ဦးစီ/ ကျောင်းသား တစ်ဦးစီထက် လူ့အဖွဲ့အစည်းထဲ၌ ကျောင်းများက ပါဝင်နေသော အခန်းကဏ္ဍကို ဦးစားပေးသည်။<br><br>လူမှုဘဝ ပြန်လည်တည်ဆောက်မှု ပဓာနဝါဒ/ ဝေဖန်ရေးသီအိုရီ - လူမှုရေး ပြဿနာများကို ဖြေရှင်းရန် ကျောင်းများကို ပစ္စည်းကိရိယာတစ်မျိုး အဖြစ် ရှုမြင်သုံးသပ်သော အတွေးအခေါ် ဖြစ်သည်။ |

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ မိမိကိုယ်ပိုင်ပညာရေး အတွေးအခေါ်/သဘောတရားကို ရေးသားဖော်ပြခြင်း - နှစ်ယောက်တစ်တွဲ ဆွေးနွေးခြင်းလုပ်ငန်း (၅၀ မိနစ်)

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ ဆွေးနွေးနိုင်စေရန် မိမိနှင့်ဆွေးနွေးမည့်သူ တစ်ဦးစီကို ရှာဖွေပါစေ။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၇.၁.၁) တွင် ပါဝင်သော ပညာရေးသဘောတရားအမျိုးမျိုးအကြောင်းကို ဖတ်ရှုစေသည်။

၂။ ပညာရေး၏ ရည်ရွယ်ချက်ကို ဆွေးနွေးရာ၌ လမ်းညွှန်မှုပေးရန်အတွက် ကျောင်းသားများအား အောက်ပါမေးခွန်းများကို ပေးထားပါ။ မေးခွန်းများကို ဖြေဆိုရင်း မှတ်စုအချို့ကိုလည်း ရေးချထားသင့်သည်။

- ပညာရေးကို အဘယ်ကြောင့်လိုအပ်သနည်း။
- ကျောင်းသားများက မည်သို့ လေ့လာသင်ယူသင့်သနည်း။
- ကျောင်းသားများသည် မည်သည်တို့ကို ဆောင်ရွက်နိုင်ရမည်နည်း။
- ကျောင်းသားများတွင် မည်ကဲ့သို့သော တန်ဖိုးထားမှုများ၊ အလေ့အထများနှင့် ကိုင်းညွှတ်မှုများ (စိတ်ဝင်စားမှုများ) ရှိသင့်သနည်း။
- မည်သည့်သင်ကြားနည်းများ သို့မဟုတ် မည်သို့သော အကြောင်းအရာများကို သင်ကြားရန် သုံးသင့်သနည်း။

၃။ သူတို့ဆွေးနွေးပြီးသော အကြောင်းအရာများအပေါ်၌ အခြေခံ၍ ကျောင်းသားများက သူတို့၏ ကိုယ်ပိုင် ပညာရေး သဘောတရားများကို ရေးသားဖော်ပြကြလိမ့်မည်။ ၎င်းတို့၏ ရေးသားဖော်ပြချက်များသည် 'ပညာရေးကို မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပုံ' နှင့် 'ထိုဆောင်ရွက်ချက်သည် အတန်းထဲတွင် သင်ယူခဲ့ရသော ပညာရေးသဘောတရားများနှင့် မည်ကဲ့သို့ ညီညွတ်ဆက်စပ်မှုရှိပုံ' တို့နှင့် ပတ်သက်၍ ကျောင်းသားများ၏ ခံယူသဘောပေါက်မှုကို ထင်ဟပ်စေသင့်သည်။

၄။ ထို့နောက် ကျောင်းသားများသည် ၎င်းတို့၏ကိုယ်ပိုင်ပညာရေး သဘောတရားများကို ကားချပ်ကြီးများပေါ်၌ ရေးသားနိုင်သည်။

၅။ နှစ်ယောက်တွဲအုပ်စုအနည်းငယ်တို့အား ဆရာကဖိတ်ခေါ်၍ ၎င်းတို့ကိုယ်ပိုင်ပညာရေးသဘောတရားများ ဖော်ပြချက်များကို အတန်းနှင့် မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ အလုပ်လုပ်နေစဉ် ဆရာက ၎င်းတို့အနီးသို့ လှည့်ပတ်သွားလာကာ ပေးထားသော မေးခွန်းများအပေါ် အဖြေရှာဆွေးနွေးမှုကို သင်ယူစဉ် စစ်ဆေးခြင်းအဖြစ် စစ်ဆေးအကဲဖြတ်နိုင်သည်။ အချို့ကျောင်းသားများက တစ်တန်းလုံးသို့ ၎င်းတို့၏ ဖော်ပြချက်များကို မျှဝေသောအခါတွင်လည်း ဆရာက ၎င်းတို့၏ သင်ခန်းစာအကြောင်း သဘောပေါက်နားလည်မှု ရှိ/မရှိကို စစ်ဆေးအကဲဖြတ်နိုင်သည်။ ထို့အတူ သူတို့ရေးထားသော ပညာရေးသဘောတရား ဖော်ပြချက်ရေးထားသော ကားချပ်ကြီးများကို စစ်ဆေးခြင်းအားဖြင့်လည်း ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် တစ်ခုနှင့်တစ်ခုကြား အတန်အသင့် ကွဲပြားခြားနားနေလိမ့်မည်။ သို့ရာတွင် ကျောင်းသားများအနေနှင့် ၎င်းတို့အဖြေများတွင် ပညာရေးသဘောတရားများအကြောင်း ၎င်းတို့၏ နားလည်သဘောပေါက်မှုနှင့် ၎င်းတို့၏ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးများကို ဖော်ပြရာတွင် ပညာရေး၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဆီလျော်စွာ ဖော်ပြနိုင်စွမ်းရှိသင့်သည်။

# ၇.၁.၂။
# မိမိကိုယ်ပိုင် သင်ကြားရေးအတွေးအခေါ်ကို ပြုစုပုံဖော်ခြင်း/ ဖွံ့ဖြိုးစေခြင်း

## မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆရာတစ်ဦးချင်းစီအနေနှင့် မိမိ၏သင်ကြားမှုအလေ့အကျင့်များကို ဆက်လက်တိုးတက်ကောင်းမွန်နေစေရန် ပြန်လည်စိစစ်သုံးသပ်ခြင်း အလေ့အကျင့်ကို မွေးမြူကျင့်သုံးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့်လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၃) ချိန်။

**သင်ယူမှုနည်းလမ်းများ။** ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ ဆွေးနွေးခြင်း၊ စီမံချက်လုပ်ငန်း/ သုတေသန။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၇.၁.၂) တွင် ပါဝင်သည်များကို ဆရာကဖတ်၍ လေ့လာထားရမည်။ စီမံချက်ရေးရန် လိုအပ်ချက်များကို ရှင်းပြရန် အသင့်ပြင်ထားပါ။ ကျောင်းသားများအတွက် ပံ့ပိုးပေးနိုင်သည့် ရင်းမြစ်အပိုများ ရှိ/မရှိကို စဉ်းစားပါ။ (ဥပမာ) ပညာရေး သဘောတရားဆိုင်ရာ စာအုပ်များ သို့မဟုတ် ကျောင်းသားကိုင်စာအုပ်များ။

**လိုအပ်သောရင်းမြစ်များ။** ပညာရေးသဘောတရား ကျောင်းသားကိုင်စာအုပ်များနှင့် အခြားရင်းမြစ် စာအုပ်များ (အပို)၊ အင်တာနက်သုံးစွဲနိုင်မှု၊ ကားချပ်ကြီးများ၊ သင်ပုန်း၊ မာကာ။

**သင်ယူမှုလုပ်ငန်း ၁။ 'ကျွန်ုပ်၏ သင်ကြားရေး အတွေးအခေါ်' အတွက် စီမံချက်လုပ်ငန်း (မိနစ် ၁၅၀)**

**ပထမစာသင်ချိန်**

၁။ ကျောင်းသားများအား သူတို့လက်တွေ့တန်းပြ သင်ကြားခြင်းဆောင်ရွက်ခဲ့စဉ်က ပြုလုပ်ခဲ့ရသော လေ့ကျင့်ခန်းတစ်ခုအကြောင်း ပြန်လည်အစဖော်ပေးခြင်းဖြင့် အတန်းကို စတင်သင်ကြားပါ။ ထိုစဉ်က ဆရာကောင်းတစ်ဦး၏ ထူးခြားသော လက္ခဏာများကိုသိရှိရန် ဉာဏ်ဖွင့် ဆွေးနွေးခဲ့ကြသည်။ မိမိအနားတွင်ထိုင်သော ကျောင်းသားတစ်ဦးထံသို့လှည့်၍ မျက်နှာမူကာ ထိရောက်စွာ သင်ကြားနိုင်သည့် မူလတန်းပြ ထူးချွန်ဆရာတစ်ဦး၏ အရည်အသွေးများကို ဖော်ပြရန် သုံးသည့် စကားလုံး အသုံးအနှုန်းများကို ရှာဖွေဆွေးနွေးရန် နှစ်ယောက်တစ်တွဲ သင်ယူမှုလုပ်ငန်းကို ဆရာက ပေးမည်။

၂။ ဆွေးနွေးချိန် (၅) မိနစ်ခန့်ကြာပြီးနောက် နှစ်ယောက်တစ်တွဲ ဆွေးနွေးထားသည်များကို အတန်းသို့ မျှဝေပေးရန် ဖျတ်လတ်တက်ကြွသူ ကျောင်းသားများအား ဆရာက ဖိတ်ခေါ်ရမည်။ ရရှိလာသော တုံ့ပြန်မှုများ (အဖြေများ) အားလုံးကို စာရင်းတစ်ခုပြုစုခြင်း သို့မဟုတ် အကြောင်းအရာဆက်သွယ်ပုံပြ ဂရပ်ဖစ်ပုံတစ်ခု သင်ပုန်းပေါ်တွင် ရေးဆွဲခြင်းပြုပါ။

၃။ ဤသင်ခန်းစာတွင် စီမံချက်တစ်ခုကို ရေးသားမှု စတင်ဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် စီမံချက်ရေးခြင်းလုပ်ငန်းကို ဒုတိယစာသင်နှစ်ဝက် အဆုံးအထိ ဖြန့်ကြက် အချိန်ယူ၍ ရေးနိုင်ကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။ ဒုတိယစာသင်နှစ်ဝက်အဆုံးတွင် အခန်းငယ် (၁၀.၆) ကို သင်ယူရမည် ဖြစ်သည်။ အခန်းငယ် (၁၀.၆) ကို လေ့လာရာတွင် ကျောင်းသားများအတွက် ပညာရေးသဘောတရားနှင့် ပတ်သက်၍ သူတို့၏ ကိုယ်ပိုင်အတွေးအခေါ်ကို တင်ပြရန် အခွင့်အလမ်းတစ်ခုရလာမည်။ ကျောင်းသားတို့၏ သင်ကြားရေးအတွေးအခေါ်ကို သူတို့၏ စိတ်ကူးစိတ်သန်းများက ပုံသွင်းဖန်တီးပေးမည်ဖြစ်သည်။ ထိုစိတ်ကူးစိတ်သန်းများကို ပညာရပ်ဆိုင်ရာစာအုပ်များကို ဖတ်ခြင်း၊ သုတေသနပြုခြင်းနှင့် အခြားပညာရေးကောလိပ်အတန်းများ၌တက်ရောက်ခြင်းစသည်တို့မှ ရရှိလာမည်။ ပညာရေးဘာသာရပ်များ ကျောင်းသားကိုင်စာအုပ်တွင် ပါသော အကြောင်းအရာများကို ပိုမိုပြည့်စုံစွာ လေ့လာနိုင်စေရန် သူတို့အား ပညာရေးအကြောင်းနှင့် ပညာရေးသဘောတရားဆိုင်ရာ ကျောင်းသားကိုင်စာအုပ်များ ရရှိသုံးစွဲနိုင်စေရန် ဆရာကစီစဉ်ပေးပါ။ ဖြစ်နိုင်လျှင် အင်တာနက် ရရှိသုံးစွဲနိုင်မှုကို စီစဉ်ပေးပါ။ စီမံချက်လုပ်ငန်းကို ကျောင်းသားတစ်ဦးချင်းစီ ဆောင်ရွက်ရန်လုပ်ငန်း အဖြစ်ပေးသင့်သည်။ ဤစီမံချက်ရေးဆွဲမှုလုပ်ငန်းဆောင်ရွက်ရာတွင် ကျောင်းသား၏အောင်မြင်မှုကို အကဲဖြတ် သုံးသပ်ရန်အတွက် အကဲဖြတ်သတ်မှတ် နမူနာဇယားတစ်ခုကို ကျောင်းသားကိုင် စာအုပ်ထဲတွင် ပေးထားသည်။ ထိုဇယားကို ဆရာကလေ့လာပြီး ထပ်မံ၍လိုအပ်သလို ပြုပြင်ပြောင်းလဲ၍ သုံးနိုင်သည်။

၄။ ပထမစာသင်ချိန်ကို စီမံချက်ပြည့်စုံအောင်ဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ပြန်လည်လေ့လာရန်နှင့် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို ကြည့်ရှုရန်အတွက် အသုံးပြုပါ။

၅။ သင်ကြားထိုက်သော အကြောင်းအရာ၊ သင်ကြားပေးရမည့်သူနှင့် သင်ကြားပုံသင်ကြားနည်းတို့ကို သိရှိလာစေရန် ကျောင်းသားတို့အား ဉာဏ်ဖွင့်ဆွေးနွေးစေရမည်။ ဤသို့ဆောင်ရွက်ရာတွင် အကြံဉာဏ်ကောင်းများ ထွက်ပေါ်လာစေရန် စာအုပ်ထဲပါသည့်ဇယားကို ဦးစွာဖြည့်သွင်းရန် ဆရာက မှာကြားပါ။

## ဒုတိယစာသင်ချိန်

၆။ ပြီးခဲ့သောစာသင်ချိန်က လေ့လာခဲ့သောဇယားကို တစ်ဖန်ပြန်ကြည့်ရန် ဆရာက ကျောင်းသားများကို ပြောရမည်။ ထောင်လိုက်ဇယားကွက် (ကော်လံ) တစ်ခုစီတွင် ဖြည့်ထားသည်တို့ကို ဆရာက ကြည့်ရှုပြီး ဖျတ်လတ်တက်ကြွသူ ကျောင်းသားအချို့အား သူတို့၏ကနဦးအတွေးအခေါ်များကို မျှဝေစေသည်။ ကျောင်းသားများအား ၎င်းတို့အနေနှင့် နှစ်သက်ရာတစ်စုံတစ်ခုကို ကြားနာရလျှင် နေ့စဉ်မှတ်တမ်း စာအုပ်ထဲတွင် မှတ်စုရေးသားထားတတ်စေရန် အားပေးတိုက်တွန်းပါ။ ကျောင်းသားတို့၏ အဖြေများကို ဆရာက ကားချပ်ကြီးတစ်ခုပေါ်၌ သေချာစွာရေးသားပြီး စာသင်ခန်း နံရံတွင် ချိတ်ဆွဲထားပါ။ ဤစာသင်နှစ်ဝက် လက်ကျန်စာသင်ချိန်များတွင်လည်း ဤကားချပ်ကို ကြည့်ရှုနိုင်သည်။

၇။ ကျောင်းသားများ ဟောပြောတင်ပြခြင်းအတွက် လုပ်ဆောင်ရသောအခါ ဤမေးခွန်း (၃) ခု၏ အဖြေများကို စဉ်းစားရန် ဆရာက အလေးပေးမှာကြားပါ။ ထိုမေးခွန်းတို့က သူတို့ မည်သို့ စဉ်းစားသင့်သည်ကို လမ်းညွှန်နိုင်လိမ့်မည်။ အကယ်၍ မိမိသာ ကမ္ဘာပေါ်တွင် အရာရာကို ရွေးချယ်ခွင့်ရခဲ့လျှင် -

(က) မည်သည်တို့ကို သင်ကြားပေးသင့်သည်ဟု ယုံကြည်ထားသနည်း။

(ခ) မည်သူတို့ကို သင်ကြားပေးမည်နည်း။

(ဂ) မည်ကဲ့သို့ သင်ကြားပေးမည်နည်း။

၈။ နောက်တစ်ဆင့်တွင် ဆရာက ကျောင်းသားများအား သင်ခန်းစာ (၇.၁.၁) တွင် မိတ်ဆက်ပေးခဲ့သော ချဉ်းကပ်သင်ကြားနည်း (၃) ခု (ဆရာဗဟိုပြု၊ ကျောင်းသားဗဟိုပြုနှင့် လူ့အဖွဲ့အစည်းဗဟိုပြု) ထဲမှ တစ်ခုကို ရွေးချယ်စေရမည်။ ကျောင်းသားများက ၎င်းတို့၏ မှတ်စုစာအုပ်ထဲတွင် မည်သည့်အရာက ၎င်းတို့အား လေ့လာမှုမြှင့်တင်ရန် ဆွဲဆောင်ထားသနည်းဆိုသည်ကို မှတ်သားထားသင့်သည်။

၉။ ထို့နောက် ကျောင်းသားများက သူတို့ ရွေးချယ်လိုက်သော ပညာရေးသဘောတရား ချဉ်းကပ်မှုအလိုက် ရေးသားထားသော အကြောင်းအရာ စာပေများကို အကျယ်တဝင့် ရှာဖွေဖတ်ရှုလေ့လာသင့်သည်။ သူတို့အယူအဆနှင့်ကိုက်ညီသည့် အကြောင်းအရာများ သူတို့ကိုယ်ပိုင်သင်ကြားရေး၌ အသုံးပြုနိုင်သည့် အကြောင်းအရာများနှင့် ပေါ်ပေါက်လာ

သောမေးခွန်းများတို့ကို မှတ်စုစာအုပ်ထဲ၌ ချရေးထားကြရန် ဆရာက မှာကြားရမည်။ သတင်းအချက်အလက်များ ရှာဖွေသုံးစွဲရာတွင် ယုံကြည်ကိုးစားနိုင်မှုနှင့် ခိုင်လုံမှုရှိသော ရင်းမြစ်များမှသာ ရယူသုံးစွဲရန် ကျောင်းသားများကို ဆရာက သတိပေးထားရမည်။ အထူးသဖြင့် အင်တာနက်သုံး၍ သုတေသနပြုသည့်အခါ အထူးဂရုပြုပါ။ (ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ ကျောင်းသားကိုင်စာအုပ် အခန်း (၈) တွင် သုတေသန ကျွမ်းကျင်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက် အပြည့်အစုံကို ဖတ်နိုင်သည်။)

## တတိယစာသင်ချိန်

၁၀။ လွန်ခဲ့သောစာသင်ချိန်အတွင်းက ကျောင်းသားတို့သည် ပညာရေးသဘောတရားတစ်ခု အကြောင်း သတင်းအချက်အလက်ပြည့်စုံစွာ ရရှိရေးအတွက် ရှာဖွေလေ့လာရေးလုပ်ငန်းကို စတင်ခဲ့ကြသည်။ ဤစာသင်ချိန်တွင် ပညာရှင်များအကြောင်းကို လေ့လာရမည်ဖြစ်ကြောင်း ဆရာကကျောင်းသားများကို ပြောပြပါ။ ဒဿန (အတွေးအခေါ်) ပညာရှင်များထဲမှဖြစ်စေ၊ သင်ကြားသူဆရာများထဲမှဖြစ်စေ၊ စိတ်ပညာရှင်များထဲမှဖြစ်စေ အနည်းဆုံး (၂) ဦးကို ရွေးချယ်၍ သူတို့အကြောင်းကို ကျောင်းသားများအား လေ့လာစေရမည်။ သူတို့ရွေးချယ်လိုက်သော ပညာရှင်များသည် သူတို့ ရွေးချယ်ထားပြီးသော ချဉ်းကပ်မှုပုံစံတစ်ခုခုကို ကျင့်သုံးဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များဖြစ်ရမည်။ လေ့လာပြီးနောက် အရေးပါသော စိတ်ကူးအချို့ကို အကျဉ်းချုပ်ရေးသားစေရမည်။ ထို့နောက်တွင်မှ ဤစိတ်ကူးများသည် သူတို့၏ကိုယ်ပိုင်သင်ကြားရေးနှင့် မည်သို့ဆက်စပ်ပုံနှင့် သင်ကြားရေးတွင်မည်သို့ အသုံးပြုနိုင်ပုံကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

၁၁။ စာသင်ချိန်လက်ကျန်နောက်ဆုံးမိနစ် (၂၀) ခန့်တွင် ကျောင်းသားများအား သူတို့စိတ်ကူးများကို မျှဝေစေရမည့် ကျောင်းသားတစ်ဦးသည် အခြားတစ်ဦးနှင့်ဖြစ်စေ၊ အခြားနှစ်ဦးနှင့်ဖြစ်စေ အတူဆွေးနွေးပြီးနောက် ရလာသောစိတ်ကူးအမြင်များကို မျှဝေရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေးခွန်းများမေးရန် ရှာဖွေတွေ့ရှိလာသည့် အရာများအကြောင်းနှင့် သူတို့အနေနှင့် စိတ်ဝင်စားဖွယ်ကောင်းပြီး အရေးကြီးသည်ဟု ထင်မြင်တွေ့ရှိရသော အရာများအကြောင်းကို မျှဝေရမည်။

၁၂။ စာသင်ချိန်ပြီးဆုံးခါနီးအချိန်တွင် မေးခွန်းများဖြေဆိုရန်အတွက် အချိန်မိနစ်အနည်းငယ်မျှ ချန်ထားပါ။ ဤစာသင်နှစ်ဝက် တစ်လျှောက်လုံးတွင် ကျောင်းသားများသည် ထိုနည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သတိပေးပါ။ သူတို့အနေနှင့် သူတို့၏ ကိုယ်ပိုင်သင်ကြားရေး အတွေးအခေါ်နှင့် ဆက်စပ်သည့် စိတ်ကူးစိတ်သန်းများကို ဖတ်ရသည့်အခါ သို့မဟုတ် ကြားရသည့်အခါ ထိုအရာတို့ကို မှတ်စုစာအုပ်ထဲ၌ ရေးမှတ်ထားသင့်သည်။

၁၃။ လာမည့်သတင်းပတ်များတွင် ဆရာက ကျောင်းသားများ၏ လုပ်ငန်းကို စစ်ဆေးပေးရမည်။ ဆရာက ကျောင်းသားများသည် လုပ်ငန်းလုပ်ရာ၌ တိုးတက်လာမှု ရှိ/မရှိနှင့် သူတို့လုပ်ကိုင်မှုသည် လမ်းကြောင်းမှန်ခြင်း ရှိ/မရှိ စစ်ဆေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤစီမံချက်လုပ်ငန်းကို ဆောင်ရွက်စေရာတွင် ကျောင်းသားများ၏ လုပ်ငန်းတိုးတက်မှုကို ဆရာက စောင့်ကြည့် လေ့လာရန်အရေးကြီးသည်။ သူတို့လုပ်ကိုင်ဆောင်ရွက်နေစဉ်၊ သုတေသနပြုနေစဉ် ဆရာက စာသင်ခန်းတွင်း လှည့်လည်ကာ သူတို့အား မေးခွန်းများမေးရမည်။ ကျောင်းသားတို့၏ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်နှင့် လုပ်ငန်းတိုးတက်မှု အခြေအနေစသည်တို့ကိုသိရှိရန် ဆရာကမေးခွန်းများမေးရမည်။ ကျောင်းသားတို့ နားလည်ထားမည့် အချက်မှာ သူတို့သည် ကိုယ်ပိုင်သင်ကြားရေး အတွေးအခေါ်ကို အဓိပ္ပာယ်သတ်မှတ် ဖော်ထုတ်နေကြကြောင်း သို့သော် ဤလုပ်ငန်းကို ဆောင်ရွက်ရာတွင် အထင်ကရကျော်ကြားသော ပညာရေးဒဿနဆရာများ၏ သီအိုရီများ၊ သဘောတရားများနှင့် သူတို့ရေးသားပြုစုခဲ့သော စာအုပ်စာတမ်းတို့အပေါ် အခြေပြု၍သာ ဆောင်ရွက်သင့်ကြောင်းကို ရှင်းလင်းစွာ သိထားစေရမည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေမှားခြင်း၊ မှန်ခြင်းမရှိပါ။ အဖြေများသည် အမျိုးမျိုးကွဲပြားနိုင်သည်။ သို့ရာတွင် ဤစီမံချက်ကို ရေးသားခြင်းအားဖြင့် ကျောင်းသားများသည် ပညာရေးသဘောတရားနှင့် ပတ်သက်၍ ပိုမိုနက်ရှိုင်းသည့် နားလည်မှုကို ရရှိလာမည်။ ကျောင်းသားများအနေနှင့် သင်ကြားရန် အရေးကြီးသည်ဟု သူတို့ယူဆသော အရာများ၊ သင်ကြားပေးရမည့်သူများနှင့် အသုံးပြုလိုသော

သင်ကြားနည်းတို့ကို သင့်တော်ရာ ပညာရေးသဘောတရားတစ်ရပ်ရပ်နှင့် ဆက်စပ်သိမြင်လာသင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ကျောင်းသားများ၏ မှတ်စုစာအုပ်များကို စစ်ဆေးခြင်းအားဖြင့် သူတို့ပြုလုပ်နေသော သုတေသနနှင့် ပတ်သက်၍ ဖြစ်စေ၊ သူတို့၏ ကိုယ်ပိုင်သင်ကြားရေးအတွေးအခေါ်ကို ပြန်လည်သုံးသပ်မှုနှင့် ပတ်သက်၍ဖြစ်စေ မည်သို့တိုးတက်မှုရှိနေကြောင်းကို ဆရာကသိမြင်နိုင်သည်။ လာမည့် စာသင်ကြားရန် သီတင်းပတ်များတွင် ကျောင်းသားများနှင့် တွေ့ဆုံကာ သူတို့၏ စိတ်ကူးစိတ်သန်းများ ဆက်လက်တိုးပွားနေခြင်း ရှိ/မရှိကို စစ်ဆေးနိုင်မည့် အချိန်ရအောင်စီစဉ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

စီမံချက်လုပ်ငန်းပေးခြင်းသည် ကျောင်းသားတစ်ဦးချင်း လုပ်ငန်းဖြစ်သော်လည်း သုတေသနရှုထောင့်များတွင် အတူတွဲ၍လုပ်ဆောင်နိုင်သည်။ တူညီသောပညာရေးသဘောတရားဆိုင်ရာ ချဉ်းကပ်မှုကို စူးစမ်းလေ့လာနေသူ ကျောင်းသားနှစ်ဦးကို အတူပူးပေါင်းဆောင်ရွက်စေနိုင်သည်။ (ဥပမာ-ဆရာဗဟိုပြု ချဉ်းကပ်မှု) နှစ်ဦး အတူပူးပေါင်း၍ အချက်အလက်များကို ရှာဖွေနိုင်သည်။ ဤသို့ဆောင်ရွက်စေခြင်းက အကြောင်းအရာကို နားမလည်ခြင်းကြောင့်သော်လည်းကောင်း၊ သုတေသနလုပ်ငန်း ကျွမ်းကျင်မှုမရှိ၍သော်လည်းကောင်း၊ အခက်အခဲတွေ့နေသူ ကျောင်းသားများကို ကူညီပံ့ပိုးပေးနိုင်သည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ပညာရေးသဘောတရားဆိုသည်မှာ အဘယ်နည်း။ မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း။

**အဖြေ။** *အဓိပ္ပာယ်ဖွင့်ဆိုချက်များ၏စကားလုံးဖွဲ့စည်းပုံမှာ အခြားနာမည် တူညီတိကျသော စကားလုံးများကို သုံးထားမည် မဟုတ်ပါ။ ပညာရေးသဘောတရားဆိုသည်မှာ ပညာရေး၏သဘာဝ၊ ပညာရေး၏ ရည်မှန်းချက်များနှင့် ပညာရေးပြဿနာများကို တွေးခေါ်မြော်မြင်ရေးရှုထောင့်မှ ပြန်လည်သုံးသပ်ထားခြင်း ဖြစ်သည်။ ပညာရေးသဘောတရားသည် ၎င်း၏မူလပေါက်ဖွားရာ မူလဘာသာရပ် ဖြစ်သည့် ဒဿနိကဗေဒပညာရပ်နှင့် အနှစ်သာရအားဖြင့် နီးစပ်သည့်နည်းတူ ပညာရေး အလေ့အကျင့်များနှင့်လည်း အသွင်သဏ္ဌာန်အားဖြင့် နီးစပ် ဆက်နွှယ်ပါသည်။*

**မေးခွန်း ၂။** အဓိကကျသော ပညာရေးသဘောတရားအယူအဆ (၃) ရပ်ကို ဖော်ပြပါ။

**အဖြေ။** *ဆရာဗဟိုပြု သဘောတရားများ (အခြေခံကျမှု ပဓာနနှင့် နှစ်ရှည်တည်တံ့မှု ပဓာနဝါဒတို့ ပါဝင်သည်)*

- *ကျောင်းသားဗဟိုပြုသဘောတရားများ (အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေခြင်း ဝါဒ၊ အသိပညာ တည်ဆောက်မှုပဓာနဝါဒ၊ လူသားပဓာနဝါဒ၊ ဖြစ်တည်မှု ပဓာနဝါဒတို့ ပါဝင်သည်)*
- *လူသားအဖွဲ့အစည်းဗဟိုပြု သဘောတရားများ (လူမှုဘဝပြန်လည် တည်ဆောက်မှုပဓာနဝါဒ ပါဝင်သည်) ထိုဝါဒက ကျောင်းသားအပေါ် အာရုံစူးစိုက်မှုကိုကျော်လွန်ပြီး လူတစ်စု သို့မဟုတ် လူ့ဦးရေတစ်ခုလုံး တစ်နိုင်ငံလုံးစသည့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ တိုးတက်မှုကို အလေးပေး သည်။*

**မေးခွန်း ၃။** ဤအဓိကကျသော ပညာရေးသဘောတရား အမျိုးအစားတစ်ခုနှင့် တစ်ခုအကြား အဓိက ခြားနားချက်များကို မည်သို့ ဖော်ပြနိုင်သနည်း။

***အဖြေ။*** *ကျောင်းသားများအနေနှင့် သိသင့်သည်မှာ ခြားနားချက်များသည် အလေးပေးမှု သို့မဟုတ် အာရုံစူးစိုက်မှုနှင့်များစွာ သက်ဆိုင်ကြောင်းတို့ဖြစ်သည်။ ဆရာဗဟိုပြု သဘောတရားများက ရည်ရွယ်ချက်များ ချမှတ်ခြင်း၊ အသိပညာဖြန့်ဝေခြင်း၊ သင်ယူမှုကို အကဲဖြတ်ခြင်းသုံးသပ်ခြင်းတို့တွင် ဆရာ၏တက်ကြွသော အခန်းကဏ္ဍကို အလေးပေးထားသည်။ ကျောင်းသားဗဟိုပြုသဘောတရားများက ကျောင်းသားတို့အပေါ် ပိုမိုအာရုံစိုက်ပြီး လွတ်လပ်စွာသင်ယူမှုနှင့် သင်ယူသူ ကိုယ်တိုင်ညွှန်ကြားသောသင်ယူမှုတို့ကို တန်ဖိုးထား သည်။ လူ့အဖွဲ့အစည်းဗဟိုပြု သဘောတရားများကမူ ကျောင်းသားတို့ထက် ကျောင်းကို ပိုမိုအလေးထားသည်။ လူမှုရေးပြဿနာများပေါ်ပေါက်လာပါက ကျောင်း၏ဆောင်ရွက်ဖြေရှင်းမှုကို လိုလားသည်။*

# ၇.၂။ မြန်မာ့ပညာရေး ခေတ်အဆက်ဆက်အကြောင်း

## ၇.၂.၁။ ကျောင်းသင်ပညာရေး ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်၌ သင်ယူမှုလုပ်ငန်းသည် မည်သည့်နေရာမှစ၍ မည်သို့ ပေါ်ပေါက်လာပုံကို ရှင်းပြတတ်မည်။
- ပညာရေးသမိုင်းကြောင်း (ကမ္ဘာ့ပညာရေးသမိုင်းကြောင်းနှင့် မြန်မာ့ပညာရေး သမိုင်းကြောင်း) တို့မှ အရေးပါသောအဆင့်များကို အနှစ်ချုပ် ဖော်ပြတတ်မည်။
- ရာစုနှစ်များတစ်လျှောက် ပေါ်ပေါက်ခဲ့သော ပညာရေးလုပ်ငန်းများ၏ ထိရောက်မှု အကြောင်းကို ကနဦး ထင်မြင်ချက်ပေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့ သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသန အခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း ပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသော စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုငယ်ဖြင့် ဆွေးနွေးခြင်း၊ ပိုစတာဖန်တီးထုတ်လုပ်ခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၇.၂.၁) ကို ဖတ်ပါ။ ဖြစ်နိုင်လျှင် ကျောင်းသားပညာရေး ရှေးဦးခေတ်အကြောင်းကို သုတေသနတစ်ခု ကိုယ်တိုင် လုပ်ထားပါ။ သို့မှသာ ဆွေးနွေးပွဲကို ပိုမိုထိရောက်စွာ လမ်းညွှန်မှုပေးနိုင်မည်။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီးများ၊ မာကာများ။

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလုပ်ငန်း ဆွေးနွေးခြင်း (မိနစ် ၅၀)**

၁။ ကျောင်းသားများအား ဤသင်ခန်းစာနှင့် မိတ်ဆက်ပေးရန်အတွက် 'ကမ္ဘာ့ပညာရေး သမိုင်းအကြောင်း ရှုမြင်သုံးသပ်ချက်အကျဉ်း' ခေါင်းစဉ်ပါ အကြောင်းအရာများကို ဖတ်စေပါ။

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များဖွဲ့၍ဖြစ်စေ အောက်ပါ မေးခွန်းများ၏ အဖြေများကို ဆွေးနွေးကြရန် သတ်မှတ်ပေးရမည်။

- လွန်ခဲ့သောရာစုနှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သည့် သင်ရိုးညွှန်းတမ်းများသည် မည်သို့သောပုံစံများဖြစ်မည်ဟု ယူဆသနည်း။

- မိမိအယူအဆအရ ထိုစဉ်က မည်သည့်အရာတို့ကို သင်ကြားရမည်ဟု မည်သူက ဆုံးဖြတ်ပေးသည်ဟု ထင်ပါသနည်း။ မည်သူတို့က သင်ကြားခြင်းခံရပြီး သူတို့အား သင်ကြားပေးသူမှာ မည်သူတို့ ဖြစ်မည်နည်း။ မည်သည့်နေရာ၌နည်း။
- နိုင်ငံတစ်ခု၏ ပညာရေးစနစ်တွင် လက်တွေ့တန်းပြဆင်းခြင်းလုပ်ငန်းက မည်သို့ အကျိုးပြုစေနိုင်သည်ဟု ထင်မြင်ပါသနည်း။

၃။ ရှေးဦးပေါ်ကျောင်းသင်ပညာရေး၏ပုံစံနှင့်ပတ်သက်ပြီး ကျောင်းသားများ၏ထင်မြင်ချက်ကို မေးပါ။ မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားကမ္ဘာနိုင်ငံတစ်ခုတွင်ဖြစ်စေ ပေါ်ပေါက်ခဲ့သော ရှေးဦးခေတ်ကျောင်းသင်ပညာရေးကို သရုပ်ဖော်ရန် ပိုစတာတစ်ခု ရေးဆွဲစေရမည်။ သူတို့စိတ်ကူးများကို ပေါ်လွင်ထင်ရှားစေမည့် ရုပ်ပုံများနှင့် ထိမိသော စကားလုံးတို့ကို သုံးစွဲစေရမည်။

၄။ တစ်တန်းလုံး ဆွေးနွေးပွဲကျင်းပပြီး အုပ်စုအလိုက် သုံးသပ်ချက်များနှင့် ပိုစတာများကို မျှဝေစေရမည်။ ကျောင်းသားအချို့က သင်ရိုးညွှန်းတမ်းဆိုသည့် စကားလုံးအဓိပ္ပာယ်ကို နားမလည်ခဲ့လျှင် သင်ကြားပေးမည့် အကြောင်းအရာကို စဉ်းစားစေရမည်။

ဤလုပ်ငန်း၌ အဖြေများကို အမှား/အမှန် ခွဲခြားရန် မလိုသော်လည်း ကျောင်းသားများအနေနှင့် ပညာသင်ကြားနည်း အမျိုးမျိုးတို့၏ ဆင်တူမှု၊ ကွဲပြားခြားနားမှုတို့ကို နှိုင်းယှဉ်ပြတတ်သင့်သည်။ ဥပမာအားဖြင့် အလုပ်သင်ဆရာများက တတ်ကျွမ်းသူဆရာနှင့် အတူတွဲ၍ အလုပ်လုပ်ခြင်း (အလုပ်ခွင်တွင်း သင်ကြားလေ့ကျင့်ခြင်း) နည်းဖြင့် သင်ကြားပေးသော ကျောင်းသင်ပညာရေးနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသင်ပညာရေးတို့အကြား ခြားနားမှုများကို ရှာဖွေ ထုတ်ဖော်စေရမည်။ သက်ဆိုင်ရာဘာသာရပ်တို့ကို အသုံးပြုနိုင်ခြင်း ရှိ/မရှိ ရှုထောင့်မှ လေ့လာစေမည်။ ထို့ပြင် သင်ကြားသည့်နေရာ၊ မည်သူက မည်သူတို့ကို မည်သည့်ရည်ရွယ်ချက်ဖြင့် သင်ကြားပေးသနည်းတို့ကိုလည်း ဆွေးနွေးစေရမည်။ ဤအခန်းပြီးဆုံးချိန်တွင် ကလေးများ အားလုံးအတွက် ကျောင်းသင်ပညာရေးပံ့ပိုးပေးရန် အစိုးရက အဘယ်ကြောင့် စိတ်ဝင်စား ရသည်ကို ကျောင်းသားများ ခိုင်မာစွာသဘောပေါက် နားလည်သင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ရှေးဦးခေတ်ကာလများက မည်သည့်ပညာရေးအမျိုးအစားတို့ ပေါ်ပေါက်နိုင်ခဲ့မည်ကို တွေးခေါ်စဉ်းစားရာတွင် ကျောင်းသားများထံ၌ တီထွင်ဖန်တီးတတ်မှုနှင့် လေးနက်စွာ ဝေဖန်ဆန်းစစ်မှုတို့ ရှိ/မရှိကို သူတို့ဖန်တီးထားသော ပိုစတာများအားကြည့်၍ စစ်ဆေး အကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ယနေ့ခေတ်ပညာရေးနှင့် ရှေးဦးခေတ်များက ပညာရေးတို့အကြားတွင် ဆင်တူမှုရှိသော အချက်များ ရှိနေကြောင်းကို ကျောင်းသားတို့ မှတ်သားသင့်သည်။ ဥပမာ - ရှေးယခင် ခေတ်များကနှင့် ယခုခေတ်များ တိုင်အောင် ကျောင်းသားများအား သင်ကြားပေးသည့်အရာတို့မှာ ရေးတတ်၊ ဖတ်တတ်ရန်နှင့် အခြေခံ အတွက်အချက်ပညာတို့ ဖြစ်သည်။ ခြားနားသော အချက်များမှာမူ သင်ရိုးညွှန်းတမ်းများသည် ခေတ်အလိုက်ပြောင်းလဲလာခဲ့ကြသည်။ ယနေ့ခေတ် ကျွန်ုပ်တို့ သိရှိလာရသည့် အကြောင်းအရာအသစ်များအလိုက် ကျောင်းသားသိရန် လိုသောအရာနှင့် ဆောင်ရွက်တတ်နိုင်မည်ဖြစ်သော အရာတို့အလိုက် သင်ကြားပေးသည့် အကြောင်းအရာများလည်း ပြောင်းလဲလာခဲ့ရသည်။ ဥပမာ - သိပ္ပံနှင့် နည်းပညာအကြောင်းကို သင်ကြားရေး၌ ထည့်သွင်း လာရသည်။ ရှေးယခင်က ကျောင်းသားများသည် လူကုံထံအလွှာမှ ဖြစ်လေ့ရှိပြီး များသောအားဖြင့် ယောကျ်ားလေးများသာ ကျောင်းနေရလေ့ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ အလုပ်ခွင်၌ ဆရာနှင့်အတူ လက်တွဲသင်ယူရသော အလုပ်သင်လေ့ကျင့်သင်ကြားရေးက ကျွမ်းကျင်သောလက်မှုပညာရှင်များနှင့် အခြားကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွင် အလုပ် အကိုင်များ ရရှိစေသည်။

# ၇.၂.၂။
# မြန်မာ့ပညာရေး သမိုင်းကြောင်း အကျဉ်း

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်၌ သင်ကြားမှု သင်ယူမှုလုပ်ငန်းသည် မည်သည့်နေရာမှစ၍ မည်သို့ပေါ်ပေါက်လာပုံကို ရှင်းပြတတ်မည်။
- ပညာရေးသမိုင်းကြောင်း (ကမ္ဘာ့ပညာရေးသမိုင်းကြောင်းနှင့် မြန်မာ့ပညာရေး သမိုင်းကြောင်း) တို့မှ အရေးပါသောအဆင့်များကို အနှစ်ချုပ် ဖော်ပြတတ်မည်။
- ရာစုနှစ်များတစ်လျှောက် ပေါ်ပေါက်ခဲ့သော ပညာရေးလုပ်ငန်းများ၏ ထိရောက်မှု အကြောင်းကို ကနဦး ထင်မြင်ချက်ပေးတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်း ပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသော စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုငယ်များအလိုက် ဆွေးနွေးခြင်းနှင့် အချိန်ပြမျဉ်းကြောင်းဆွဲသားခြင်း၊ သုတေသနပြုခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၇.၂.၂) ပါ အကြောင်းအရာများကို ဖတ်ပါ။ ကျောင်းသားများ သုတေသနပြုရာတွင် လိုအပ်သည်တို့ကို ဦးဆောင်စီမံပေးရန် ဆရာက စီစဉ်ထားရမည်။ ဥပမာ - အတန်းထဲသို့ မြန်မာ့ပညာရေးသမိုင်းကြောင်းဆိုင်ရာ စာအုပ်များကို ဆရာက ယူလာမည်။ သို့မဟုတ် ကျောင်းသားများအား ကွန်ပျူတာလုပ်ငန်း လုပ်ဆောင်နိုင်သော လက်ကိုင်ဖုန်းများ ယူဆောင်လာရန်ပြောရမည်။ ကွန်ပျူတာသုံးရန်လိုပါက မြန်မာ့ပညာရေးသမိုင်းကြောင်းဆိုင်ရာ နောက်ထပ်အကြောင်းအရာ အချက်အလက်များကို အတန်းမစမီ ကြိုတင်၍ ရှာဖွေစေရမည်။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင် စာအုပ်များ၊ ကားချပ်ကြီးများ၊ မာကာများ။

**ထပ်ဆောင်းရင်းမြစ်များ။** ဥပမာ - မြန်မာ့ပညာရေးသမိုင်းကြောင်း ပါဝင်သော စာအုပ်များနှင့် ဖြစ်နိုင်လျှင် အင်တာနက် ရရှိသုံးစွဲနိုင်မှုနှင့် လက်ကိုင်ဖုန်း အသုံးပြုနိုင်မှု။

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလုပ်ငန်း (မိနစ် ၅၀)**

၁။ ကျောင်းသားများကို အုပ်စုငယ်များ အဖြစ်သို့ ဖွဲ့ပေးပါ။ မြန်မာ့ပညာရေးသမိုင်းကြောင်းအကျဉ်း သင်ခန်းစာကို ကျောင်းသားတစ်ဦးချင်းစီအား အသံထွက်၍ ဖတ်စေရမည်။

၂။ ကျောင်းသားများ အချိန်ပြမျဉ်းကြောင်း ရေးဆွဲရန်အတွက် လိုအပ်သော ပစ္စည်းများ ပေးထားပါ။ (ကားချပ်ကြီး ပြုလုပ်ရန် စက္ကူချပ်နှင့် မာကာများ) ထိုသတင်းဆောင်းပါးပါ အချက်အလက်များထက် ပိုမိုပြည့်စုံသော အကြောင်းအရာများကို ရရှိစေရန် အွန်လိုင်းမှ သို့မဟုတ် ဆရာယူဆောင်လာသော စာအုပ်များထဲမှ ရှာဖွေလေ့လာနိုင်သည်။

၃။ မြန်မာနိုင်ငံတွင် ပညာရေးလုပ်ငန်း စတင်ဆောင်ရွက်ရာ၌ အရေးပါသော ပညာရှင်တစ်ဦးအား ကျောင်းသားအုပ်စုများက ရွေးချယ်ပေးရန် ညွှန်ကြားပါ။ ထိုပုဂ္ဂိုလ်သည် ရာစုနှစ်ပေါင်းများစွာက ရှေးဟောင်းပညာရှင်တစ်ဦး ဖြစ်နိုင်သကဲ့သို့ နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှ ပုဂ္ဂိုလ်လည်း ဖြစ်နိုင်သည် သို့မဟုတ် မြန်မာနိုင်ငံသား မြန်မာပညာရှင်လည်း ဖြစ်နိုင်သည်။ ထိုပညာရှင်၏ ဘဝနှင့် သူ/သူမ ဆောင်ရွက်ခဲ့သော ပညာရေးလုပ်ငန်းတို့အကြောင်း ထင်ရှားစွာဖော်ပြရန် အချက်အလက်များ ရှာဖွေသုတေသနပြုပြီး အချိန်ပြမျဉ်းကြောင်းအပေါ်၌ ရေးသားစေရမည်။

၄။ အချိန်လုံလောက်ပါက အုပ်စုများအား သူတို့ဆွဲထားသည့် အချိန်ပြမျဉ်းကြောင်းအကြောင်းကို အကျဉ်းမျှ တင်ပြစေရမည်။ တစ်တန်းလုံးဆွေးနွေးစေရာတွင် အာရုံစူးစိုက်ရမည့်အချက်မှာ အုပ်စုအသီးသီးမှ ကျောင်းသားတို့ ထပ်မံထည့်သွင်းရေးသားထားသော အချက်အလက်များအကြား တူညီမှု၊ ခြားနားမှုတို့ကို ရှာဖွေတတ်ရန်ဖြစ်သည်။ သူတို့ထည့်သွင်းထားသော အကြောင်းအရာများကို အဘယ်ကြောင့် ထည့်သွင်းရကြောင်းနှင့် မြန်မာ့ပညာရေးသမိုင်းကြောင်း ပန်းချီကို ဖန်တီးရေးဆွဲရာတွင် ထိုအရာတို့က မည်သို့အထောက်အကူပြုကြောင်း ရှင်းလင်းပြစေရမည်။ အချိန်ပြမျဉ်းကြောင်း၏ ပါဝင်သည့်အစိတ်အပိုင်းတို့မှာ တစ်ခုနှင့်တစ်ခု ခြားနားကြမည်မှာ သဘာဝပင်ဖြစ်၍ ပြဿနာမရှိကြောင်းကို ကျောင်းသားများအား သိရှိစေရမည်။ အချိန်ပြမျဉ်းကြောင်းပေါ်မှ အကြောင်းအရာများသည် ၎င်းကို ဆွဲသားစီစဉ်သူများ၏ ရွေးချယ်မှုများကို ကိုယ်စားပြုသည်။ အုပ်စုအသီးသီးက ဆွဲထားသော အချိန်ပြမျဉ်းကြောင်း ကားချပ်ကြီးများကို စာသင်ခန်းပတ်လည် နံရံတွင် ချိတ်ဆွဲစေခြင်းဖြင့်လည်း အုပ်စုတစ်စု၏ ဆောင်ရွက်မှုကို အခြားအုပ်စုများက ကြည့်ရှု လေ့လာနိုင်မည် ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုငယ်များမှ ကျောင်းသားများ အလုပ်လုပ်နေစဉ် ဆရာက အတန်းတွင်းသို့ လှည့်ပတ်ကြည့်ရှုပါ။ သူတို့ ရေးဆွဲမည့် မြန်မာ့ပညာရေး သမိုင်းကြောင်းအကျဉ်းကို ဖော်ပြသော အချိန်ပြမျဉ်းကြောင်းပေါ်တွင် ထပ်မံထည့်သွင်းရန် ထပ်ဆောင်းသတင်းအချက်အလက်များကို ရှာဖွေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးပါ။ အုပ်စုတွင်း၌ ကျောင်းသားအားလုံးလုပ်ငန်းတွင်ပါဝင်ခြင်း ရှိ/မရှိ၊

တက်ကြွစွာ ဆောင်ရွက်ခြင်း ရှိ/မရှိ ကိုလည်း ဆရာက စစ်ဆေးနိုင်သည်။ အကယ်၍ အုပ်စုလုပ်ငန်း၌ မပါဝင်သူ ကျောင်းသားအချို့ကိုတွေ့ရှိလျှင် သူတို့ မည်သည်ကိုသင်ယူနေသည်နှင့် အုပ်စုလုပ်ငန်းတွင် မည်သို့ပါဝင်ဆောင်ရွက်သည်တို့ကို ခေတ္တအချိန်ယူ၍ မေးမြန်းနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အချိန်ပြမျဉ်းကြောင်းများတွင် အနိမ့်ဆုံးအားဖြင့် ကျောင်းသားကိုင်စာအုပ်က ထည့်ထားသည့် အဖြစ်အပျက်တို့ ပါဝင်ရမည်။ ဆွေးနွေးရာတွင်လည်း မြန်မာ့သမိုင်းကြောင်းတစ်လျှောက် အချို့နေရာများတွင် ပြောင်းလဲလာသည့် အဆစ်၊ အချိုး၊ အကွေ့စသည့် အပြောင်းအလဲဖြစ်သည့် အဆင့်များကို ဖော်ပြနိုင်စွမ်း ရှိသင့်သည်။ ဥပမာ - ဘုန်းတော်ကြီးသင် စာသင်ကျောင်းစနစ်မှ ဗြိတိသျှအုပ်ချုပ်မှုအောက်မှပညာရေးစနစ်အဖြစ်သို့ ပြောင်းလဲသွားခြင်းနှင့် တဖန် လွတ်လပ်ရေးရပြီး ခေတ်ပညာရေးစနစ်အကြောင်း စသည်တို့ကို ဆွေးနွေးတတ်စေရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

အခန်း (၆) တွင် မျက်မှောက်ခေတ် မြန်မာ့ပညာရေးအလားအလာများနှင့် ကမ္ဘာ့ပညာရေး အလားအလာများကို ကျောင်းသားများ စူးစမ်းလေ့လာခဲ့ကြပြီးဖြစ်သည်။ ယခုအခါတွင် ထိုအကြောင်းအရာနှင့် အခန်းငယ် (၇.၂) တွင် သူတို့ သင်ယူလေ့လာခဲ့သော ပညာရေးသမိုင်းကြောင်းတို့ကို ဆရာက ဆက်စပ်၍သင်ကြားပေးနိုင်သည်။ 'နှစ်ကာလ ကြာမြင့်သည်နှင့်အမျှ ပညာရေးသည် မြန်မာနိုင်ငံတွင် သို့မဟုတ် ကမ္ဘာပေါ်တွင် မည်သို့ပြောင်းလဲ လာခဲ့သနည်း' ဆိုသောမေးခွန်းကို ဆရာက ကျောင်းသားတို့အား မေးပါ။ ယခုအခါတွင် ယခင်အချိန်များထက် ပို၍ ပညာရေးကို ဦးစားပေးအလေးထားလာကြသည်ကို ကျောင်းသားတို့ မှတ်သားသိမြင်ထားသင့်သည်။ ကလေးတိုင်း၌ ဘက်စုံဖွံ့ဖြိုးစေသော အရည်အသွေးပြည့်ဝသော ကျောင်းသင်ပညာရေးကို လက်လှမ်းမီရရှိနိုင်မှုရှိရမည်။ ထိုအခွင့်အရေးသည် ကလေးတို့၏ အခွင့်အရေးဖြစ်ကြောင်းကို ကျောင်းသားများအား သိရှိသွားစေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကျောင်းသားများအား အုပ်စုငယ်အလိုက် လုပ်ငန်းဆောင်ရွက်စေရာတွင် အုပ်စုဝင်တို့၏ အားသာချက်များကို စဉ်းစားစေပြီး အုပ်စုဝင်အသီးသီးကိုလည်း သက်ဆိုင်ရာ တာဝန်အသီးသီး ပေးထားနိုင်သည်။ သင်ခန်းစာ (၇.၂.၁) တွင် ပါသော ပိုစတာဖန်တီးထုတ်လုပ်ခြင်းနှင့် (၇.၂.၂) တွင်ပါသော အချိန်ပြမျဉ်းကြောင်း ဆွဲသားခြင်းလုပ်ငန်းများ။ ဥပမာ - အုပ်စုအဖွဲ့ဝင် ကျောင်းသားတစ်ဦးက ပန်းချီထူးချွန်သူဖြစ်လျှင် ထိုကျောင်းသားကို ပန်းချီဆွဲသည့်နေရာ၊ အနုပညာသုံးရသော နေရာ၌ တာဝန်ယူစေမည်။ အခြားတစ်ဦးက သုတေသနပြုရာတွင် သို့မဟုတ် ICT နည်းပညာများသုံးရာတွင်ကျွမ်းကျင်လျှင် ထိုသူကို အင်တာနက်မှ သတင်းအချက်အလက်များ ရှာဖွေရန် တာဝန်ပေးမည်ဖြစ်ပြီး အခြားတစ်ဦးကို ဟောပြောတင်ပြမှုတာဝန်ယူစေမည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ကမ္ဘာတဝှမ်းလုံးဆိုင်ရာ ရှေးဦးအကျဆုံး ပေါ်ပေါက်ခဲ့သည့် ကျောင်းသင်ပညာရေး ဥပမာအချို့ကို ဖော်ပြပါ။

**အဖြေ။** *ဥပမာများထဲတွင် ပါဝင်နိုင်သည်တို့မှာ -*

- *ဆက်စ်ဆွန် (Saxon) လူမျိုးတို့ အင်္ဂလန်နိုင်ငံသို့အခြေစိုက် နေထိုင်ခဲ့ကြသော သက္ကရာဇ် ၅၉၇ အေဒီ နှင့် ၆၀၄ အေဒီတွင် ရှေးဦးအကျဆုံး ကသီဒြယ် (Cathedral) ဘုရားရှိခိုးကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။*
- *ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးနှင့် စဉ်ဆက်မပြတ် အစဉ်တစိုက် ပညာပို့ချပေးနေသော ပညာပေးဌာနမှာ အေဒီ ၈၅၉ ခုနှစ်က စတင် တည်ထောင်ခဲ့သော မော်ရိုကိုနိုင်ငံ ဖက်ဇမြို့မှ ကရူးအိန်း (Karueein) တက္ကသိုလ်ဖြစ်သည်။*
- *မျက်မှောက်ခေတ် စာသင်ကျောင်းများစနစ်ကို စတင်တည်ထောင်သူမှာ အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက် ပြည်နယ်မှ ပညာရေးဝန်ကြီး ဟိုးရေ့စ်မန်း (Horace Mann) ဟု သိမှတ်ကြပါသည်။ ၎င်းက ၁၈၃၇ ခုနှစ်တွင် မျက်မှောက်ခေတ်စာသင်ကျောင်းစနစ်ကို တည်ထောင်ခဲ့သည်။*

**မေးခွန်း ၂။** မြန်မာနိုင်ငံ၏ ရှေးဦးအကျဆုံး ပညာရေးပုံစံသည် မည်သည့်နေရာတွင် ပေါ်ပေါက်ခဲ့ပါသနည်း။ ဤရှေးဦးပုံစံပညာရေးသည် မည်သည့်အချိန်တွင် မည်ကဲ့သို့ အသွင်ပြောင်းလာခဲ့သနည်း။

**အဖြေ။** *ဗြိတိသျှအုပ်ချုပ်မှုမတိုင်မီက မြန်မာနိုင်ငံတွင် ကလေးများ (အထူးသဖြင့် ယောက်ျားလေးများ) ကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၌ တွဲဖက်တည်ထောင်ထားသည့် စာသင်ကျောင်းများအတွင်းတွင် ပညာသင်ယူစေခဲ့ကြသည်။ ၁၈၆၆ ခုနှစ် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ အောက်ပိုင်းတွင် ပညာရေးဌာနတစ်ခု ထူထောင်ပေးခဲ့ပြီးနောက် ဘုန်းတော်ကြီးသင်ပညာရေးစနစ်မှ စာသင်ခန်းအတွင်း သင်ကြားသောပညာရေးအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။*

**မေးခွန်း ၃။** ယခုလက်ရှိကာလတွင် မြန်မာ့ပညာရေးရည်မှန်းချက်များကို မည်သည့်စာရွက်စာတမ်းတွင် ထည့်သွင်းရေးသား၍ လမ်းညွှန်မှုပေးထားသနည်း။

**အဖြေ။** *အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း NESP ( ၂၀၁၆- ၂၀၂၁)။*

# ၇.၃။ သင်ကြားခြင်းအနုပညာနှင့် သင်ကြားခြင်းအတတ်ပညာ

## ၇.၃.၁။ တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲသင်ယူမှုသည် ကျောင်းသားများအတွက် သင်ယူမှု လှေကားထစ်များဖြစ်ခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲသင်ယူစေခြင်းအားဖြင့် ကျောင်းသားများ၏ သင်ယူမှု အတွေ့အကြုံများကို တစ်ဆင့်နှင့်တစ်ဆင့် တစ်ခုနှင့်တစ်ခု ငြိမ်းဆင်ဆက်စပ်ပေးရန် လိုအပ်ကြောင်း သိရှိနားလည်လာမည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိလက်တွေ့ သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** နှစ်ယောက်တစ်တွဲလုပ်ငန်း (ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း)၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ သရုပ်ဆောင်သင်ယူခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၇.၃.၁) ကိုဖတ်ပါ။ ဆရာ့ထံတွင် ဆင့်ကဲဆင့်ကဲသင်ယူမှုကို ထင်ရှားစေမည့် ဥပမာအချို့ ရှိပါစေ။


**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်များ၊ မှတ်စုစာအုပ်များ၊ သင်ပုန်း၊ မာကာများ၊ မူလတန်း ကျောင်းသုံး ကျောင်းသားကိုင်စာအုပ်များ။ (အတန်းမရွေး ဘာသာမရွေး)

**သင်ယူမှုလုပ်ငန်း ၁။ နှစ်ယောက်တစ်တွဲလုပ်ငန်း/ဆွေးနွေးခြင်း (မိနစ် ၅၀)**

၁။ သင်ခန်းစာ (၇.၃.၁) ကို ကျောင်းသားများအား တစ်ဦးချင်း အသံတိတ် ဖတ်စေရမည်။ သို့မဟုတ် ဖျတ်လတ်တက်ကြွမှုရှိသူအချို့အား အတန်းသို့ အသံထွက် ဖတ်ပြစေသင့်သည်။ ကျောင်းသားများအား 'ဆင့်ကဲဆင့်ကဲ ဆက်စပ်သင်ယူခြင်း' ဝေါဟာရ အဓိပ္ပာယ်နှင့် ဆက်စပ်သော အခြားဝေါဟာရများ ဥပမာ - သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ ခရုပတ်ပုံ သင်ရိုးရေးဆွဲခြင်းနှင့် ငြမ်းဆင်ခြင်း စသည်တို့၏ အဓိပ္ပာယ်များကို နားလည်အောင် ဆရာက ရှင်းပြရမည်။

၂။ အောက်ဖော်ပြပါပုံ (၂) ပုံကို သင်ပုန်းပေါ်တွင် ဆွဲပြပါ။ ကျောင်းသားများအား မည်သည့်လမ်းက ရည်မှန်းချက်ရရန် ပို၍လွယ်သည်ဟု ထင်မြင်ရသနည်းဟု မေးပါ။ အခြေအနေ (၁) က ပို၍ လွယ်ကူကြောင်းကို ကျောင်းသားများ သိထားသင့်သည်။ ထို့နောက် ဆရာက အဘယ်ကြောင့် အခြေအနေ (၁) က ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရာတွင် ပိုမိုလွယ်ကူစေသနည်းဟု ထပ်မံ မေးမြန်းနိုင်သည်။ အကြောင်းမှာ ရည်မှန်းချက်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းလုပ်ငန်းကို အသေးစိတ် ထပ်မံပိုင်းခြားကာ တစ်ဆင့်ချင်း၊ တစ်လှမ်းချင်း နိုင်နင်းစွာ လှမ်းတက်နိုင်အောင် စီစဉ်ထားခြင်းကြောင့် ဖြစ်သည်။ ဤကဲ့သို့ အကန့်လိုက်၊ အပိုင်းလိုက်၊ အဆင့်လိုက် တဖြည်းဖြည်းချင်း ဆက်စပ်ကာ လိုရာပန်းတိုင်သို့ ရောက်အောင်စီမံထားခြင်းကို ငြမ်းဆင်ခြင်းဟုခေါ်သည်။

အခြေအနေ ၁ အခြေအနေ ၂




ပုံ ၇.၁၀။ ရည်မှန်းချက်ရရန် နည်းလမ်းအမျိုးမျိုး

၃။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေပြီး ဤအခြေအနေ (၂) ရပ်က ကိုယ်စားပြုသည့် အကြောင်းအရာများကို စဉ်းစားစေရမည်။

၄။ တွဲဖက်သင်ယူသူ ကျောင်းသားတစ်ယောက်နှင့် အတူတွဲ၍ လူတစ်ဦး၏ ကျောင်းသင်ပညာရေး၊ အတတ်ပညာ ကျွမ်းကျင်မှုနှင့် ကိုယ်ရည်ကိုယ်သွေး စသည့် သက်ဆိုင်ရာ လူ့ဘဝအစိတ်အပိုင်း ကဏ္ဍအသီးသီးတို့၌ထားရှိသည့် ရည်မှန်းချက် အသီးသီးတို့ထဲမှ ဥပမာအချို့ကို စဉ်းစားစေသင့်သည်။ ထို့နောက် ထိုရည်မှန်းချက် အသီးသီးရရှိရေးအတွက် ကြိုးပမ်းမှုအဆင့်အသီးသီးတို့ကို လှေကားထစ်အသီးသီးအဖြစ် သရုပ်ဖော်ပုံရေးဆွဲကြည့်စေရမည်။ ဤကဲ့သို့ ကြိုးပမ်းမှုပုံစံသည် ဆင့်ကဲဆင့်ကဲ သင်ယူမှုများ ပေါ်ပေါက်လာပုံကို လက်တွေ့ကျကျ သရုပ်ပေါ်လွင်စေကြောင်း ဆရာက ပြောပြရမည်။

၅။ ဤစိတ်ကူးအယူအဆများကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။ ဆရာက ဤကဲ့သို့ မေးခွန်းမေးနိုင်သည်။ 'တကယ်လို့ လူတစ်ယောက်ဟာ လိုအပ်တဲ့အဆင့်တွေကို အစဉ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် မဖြတ်သန်းဘဲ ရည်မှန်းချက်ရအောင် ကြိုးစားမယ်ဆိုရင် ဘယ်လိုဖြစ်သွားနိုင်မလဲ' ဟုမေးပါ။ ထို့နောက် သူတို့ရေးဆွဲသော လှေကားထစ်သရုပ်ဖော်ပုံများကို အတန်းသို့ပြကာ အတွေးအခေါ်ကို မျှဝေစေရမည်။ အချို့နမူနာပြပုံများကိုလည်း သင်ပုန်းပေါ်တွင် ရေးဆွဲကြနိုင်သည်။

၆။ အတန်းစာသင်ချိန်ကို ပြန်လည်အနှစ်ချုပ်သုံးသပ်သည့်အနေဖြင့် ကျွန်ုပ်တို့ လူသားများသည် ဆင့်ကဲဆင့်ကဲ သင်ယူမှုဖြစ်စဉ်ဖြင့် အရာရာကို သင်ယူတတ်ကြရာတွင် မိမိတို့၏ ရုပ်ပိုင်းလှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု သို့မဟုတ် ဉာဏ်စွမ်းဆောင်ရည် ကျွမ်းကျင်မှုတို့ကို အသုံးပြုကာ သင်ယူတတ်ကြကြောင်းကို ကျောင်းသားများသိရှိစေရန် ဆရာက ထောက်ပြသင့်ပါသည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ သရုပ်ဆောင်သင်ယူခြင်း

၁။ သင်ခန်းစာပြင်ဆင်ရာတွင် ငြမ်းဆင်ပေးခြင်းလုပ်ငန်းသည် အဘယ်ကြောင့် အရေးပါကြောင်းကို ကိုယ်ပိုင်စကားလုံးများသုံး၍ မှတ်စုစာအုပ်ထဲတွင် ရေးသားထားကြရန် ကျောင်းသားများအား မှာကြားပါ။ ဖျတ်လတ်တက်ကြွသူ ကျောင်းသားအချို့အား ဖိတ်ခေါ်၍ သူတို့အတွေးကို မျှဝေပါစေ။

၂။ ကျောင်းသား (၆) ယောက်မှ (၈) ယောက်ထိ ပါဝင်သော အုပ်စုများဖွဲ့ပေးပါ။ အုပ်စုတစ်ခုစီသို့ မူလတန်း ကျောင်းသုံးဘာသာရပ် ကျောင်းသားကိုင် စာအုပ်တစ်အုပ်စီ သို့မဟုတ် တစ်အုပ်ထက်ပို၍ ဝေပေးထားပါ။

၃။ မူလတန်းကျောင်းသုံးဘာသာရပ် ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာတစ်ခုကို ဥပမာအဖြစ် ရွေးချယ်စေရမည်။ ကြိုက်နှစ်သက်ရာ အတန်းတစ်ခုခုတွင် သင်ကြားနေသော ကြိုက်နှစ်သက်ရာ ဘာသာရပ်တစ်ခုခုထဲမှ သင်ခန်းစာတစ်ခုကို ယူနိုင်သည်။ ထို့နောက် သရုပ်ဆောင်သင်ယူနည်းနှင့် သင်ယူနိုင်စေမည့် သင်ခန်းစာအပိုင်းတို (၂) ခုကို ပြင်ဆင်ပါစေ။ သူတို့ရွေးချယ်ထားသော သင်ခန်းစာထဲမှ အကြောင်းအရာဖြစ်ရမည်။ အပိုင်းတို တစ်ခုကို ငြမ်းဆင်ထားမည်။ (သရုပ်ဆောင်မှု - ၁) နှင့် အခြားတစ်ခုကို ငြမ်းမဆင်ဘဲ သင်ယူစေမည်။ (သရုပ်ဆောင်မှု - ၂) ယင်းတို့ တစ်ခုစီကို သရုပ်ဆောင်ရန် ကြာချိန်မှာ (၂) မိနစ်ထက် မပိုစေရပါ။ ဤနည်းအားဖြင့် ငြမ်းဆင်ပေးထားသောသင်ခန်းစာနှင့် ငြမ်းဆင်မထားသောသင်ခန်းစာတို့အကြား ကွာခြားပုံကို သရုပ်ထင်ဟပ်ပေါ်လွင်စေနိုင်သည်။

၄။ အုပ်စုထဲမှ ကျောင်းသားများအား သရုပ်ဆောင်သင်ယူမှုတွင် ပါဝင် သရုပ်ဆောင်စေပြီးနောက် ငြမ်းဆင်ခြင်းလုပ်ငန်းကို မည်သို့ထည့်သွင်းထားကြောင်း ရှာဖွေသတ်မှတ်စေမည်။ ဤကဲ့သို့ ဆောင်ရွက်စေရာတွင် ဆရာသင်ခန်းစာများကို အစိတ်စိတ်အလီလီ ပိုင်းခြားပြပြီး ပို၍သေးသော အပိုင်းများကို တစ်ပိုင်းချင်း တစ်ပိုင်းချင်း ကျောင်းသားများ နိုင်နင်းလောက်သည့် အတိုင်းအတာအလိုက် သင်ပေးသင့်ကြောင်း သိရှိစေသင့်သည်။ ထို့ပြင် လိုအပ်သော အထောက်အကူပြု ကိရိယာများကို ဆရာက ပံ့ပိုးပေးရမည်။ သရုပ်ဆောင်သင်ယူနည်းဖြင့် သင်ယူစေရာတွင် ငြမ်းဆင်ထားခြင်း မရှိသည့် ပြကွက်သရုပ်ဆောင်မှုကို ပိုမိုကောင်းမွန်လာအောင် ကျောင်းသားများအား ပြုပြင်မှုတစ်ခုဆောင်ရွက်စေမည်။ ဆရာ့ပံ့ပိုးမှုမပါဘဲ လုပ်ဆောင်စေရမည်။

၅။ သရုပ်ဆောင်သင်ယူနည်း ပြကွက်များ ဆောင်ရွက်ပြီးသောအခါ ဆရာက အတန်းကို ဤသို့ မေးမည်။ 'ကျောင်းသားများအတွက် ငြမ်းဆင်နည်းသုံးထားလို့ ဖြစ်လာနိုင်တဲ့ အကျိုးသက်ရောက်မှုက ဘာတွေလဲ။ ငြမ်းမဆင်ဘဲထားရင် ဖြစ်လာနိုင်တဲ့ အကျိုးသက်ရောက်မှုကရော ဘာတွေလဲ။' ငြမ်းဆင်ခြင်း (အဆင့်ဆင့် ခွဲခြားစိတ်ပိုင်းခြင်း) က ကျောင်းသားများအား ရည်မှန်းချက်တစ်ခု သို့မဟုတ် ပေးထားသော လုပ်ငန်းတစ်ခု အောင်မြင်ပေါက်မြောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ကဲဆင့်ကဲ တွဲခေါ် ပို့ဆောင်ပေးနိုင်ကြောင်းကို ကျောင်းသားများ နည်းလည်သဘောပေါက်သင့်သည်။ ဤကဲ့သို့ စီမံထားခြင်း မရှိလျှင် ကျောင်းသားတို့စိတ်၌ မချင့်မရဲဖြစ်ခြင်း၊ စိတ်ပျက်ခြင်း၊ ရှုပ်ထွေးခြင်းတို့ ပေါ်ပေါက်လာပြီး ထိုသင်ခန်းစာကိုသင်ယူရာ၌ မျှော်မှန်းထားသော ရလဒ်များကို ရရှိနိုင်မည်မဟုတ်ချေ။

## စစ်ဆေးအကဲဖြတ်ခြင်း

လေ့ကားထစ်မှ သရုပ်ပြပုံကို အသုံးပြု၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည်။ ကျွမ်းကျင်မှုတစ်ခုကို ဖွံ့ဖြိုးစေရန်ဖြစ်စေ၊ ရည်မှန်းချက်တစ်ခုကို ပေါက်မြောက်စေရန်ဖြစ်စေ ထိုရည်မှန်းချက်ကို ပို၍သေးငယ်သော အစိတ်အပိုင်းအသီးသီးအဖြစ်သို့ စိတ်ပိုင်းကာ တစ်ဆင့်ချင်း၊ တစ်ပိုင်းချင်း ဆောင်ရွက်မှသာလျှင် မိမိလိုရာပေါက်မြောက်နိုင်ကြောင်းကို ကျောင်းသားတို့ နားလည်ခြင်းရှိ/မရှိ စစ်ဆေးရမည်။ စာသင်ခန်းထဲ၌ ကလေးများကို စာသင်ရာတွင်လည်း ဤနည်းအတိုင်း ကျင့်သုံးရမည်ဖြစ်သည်။

ငြမ်းဆင်သင်ကြားနည်းကို တကယ့်လက်တွေ့ဘဝတွင် ကျောင်းသားတို့ အသုံးပြုနိုင်ခြင်း ရှိ/မရှိ စစ်ဆေးလိုလျှင် ဆရာကသူတို့အား သရုပ်ဆောင်နည်းဖြင့် သင်ယူစေရမည်။ မူလတန်း သင်ခန်းစာများတွင် ငြမ်းဆင်ဆက်စပ်သင်ကြားခြင်းက အထောက်အကူပြုကြောင်း ဥပမာများကို ပေးရန် ကျောင်းသားများကိုမှာကြားပါ။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ယူမှုလုပ်ငန်းတစ်ခုစီတွင် အချို့တုံ့ပြန်ချက်များကို အကြံပြုခဲ့သည်။ အကယ်၍ ကျောင်းသားများက ဤအယူအဆကို နားမလည်ဘဲဖြစ်နေလျှင် ဆရာက ရိုးရှင်း၍ မြင်သာသော ဥပမာများပေးရမည်။ ဥပမာ - စက်ဘီးစီးသင်ခြင်းကို နမူနာပြောပြပါ။ စက်ဘီးစီးသင်ရာတွင် ပထမဦးစွာ စက်ဘီးပေါ်တွင် ဟန်ချက်ညီသည့် အနေအထားရအောင်စ၍ ကျင့်ရသည်။ ထို့နောက်မှ ဘီး (၂) ခုကို မည်သို့နင်းမည်ဟု ထိန်းသိမ်းနည်း လေ့ကျင့်ရမည်။ နောက်တစ်ဆင့်တွင် ဘေးမှလူတစ်ယောက်က စက်ဘီးကိုကိုင်ထားပေးပြီး စက်ဘီးပေါ်မှ လူလဲမကျအောင် ဘေးမှပြေးလိုက်ကာ ဟန်ချက်ထိန်းပေးရသည်။ ဤသို့တဖြည်းဖြည်းချင်း အဆင့်လိုက် ကျွမ်းကျင်လာပြီးနောက်မှ မိမိဘာသာ စီးတတ်သွားခြင်းဖြစ်သည်။ လိုအပ်သောပထမဆင့်ကို မသင်ယူဘဲ ရည်မှန်းချက်တစ်ခုစီသို့ တိုက်ရိုက်ဦးတည်ကာ ရောက်ရှိအောင် ကြိုးပမ်းခြင်းသည် ကြိုးပမ်းသူအား စိတ်ပျက်အားလျော့စေပြီး လုပ်ငန်းမှာလည်း မအောင်မြင်နိုင်ကြောင်းကို ကျောင်းသားတို့ သိနားလည်ထားသင့်သည်။ ထိုနည်းတူစွာပင် ကျောင်းသားများသည်လည်း စီမံချက်ရေးသားခြင်းလုပ်ငန်းအတွက် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ကြိုတင်ပြင်ဆင်မထားလျှင် သူတို့လည်းအခက်တွေ့ရမည်ဖြစ်ပြီး ရလဒ်ကောင်းများလည်း ထွက်လာမည်မဟုတ်ပါ။

## ၇.၃.၂။ ကျောင်းသားများ၏ ယခင်ရှိရင်းစွဲ စိတ်ကူးအယူအဆများနှင့် စိတ်ကူးပုံရိပ်များကို အသုံးပြု၍ သင်ကြားပေးခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- အကြောင်းအရာသစ်များကို သင်ကြားရာတွင် ကျောင်းသားများ၏ ယခင်ရှိပြီး စိတ်ကူးစိတ်သန်းများပေါ်၌ အခြေခံကာ ၎င်းတို့နှင့် အကြောင်းအရာသစ်ကို ဆက်စပ်၍ နားလည်အောင် သင်ကြားပေးတတ်မည်။
- ကျောင်းသားများ၏ အတွင်းစိတ်သဏ္ဌာန်၌ စိတ်ကူးပုံရိပ် (Mental Models) ပေါ်ပေါက်လာပုံ ပုံစံအမျိုးမျိုးတို့၏ အရေးပါမှုကို သိရှိနားလည်ပြီး အကြောင်းအရာသစ်တစ်ခုကို သင်ယူရာ၌ ၎င်းတို့က မည်ကဲ့သို့အထောက်အကူ ဖြစ်စေသည် သို့မဟုတ် အဟန့်အတားပြုစေသည်တို့ကို သိရှိနားလည်လာမည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိလက်တွေ့ သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

**အချိန်**။ မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**။ တွဲဖက်သင်ယူခြင်း၊ အုပ်စုငယ်ဖွဲ့ခြင်း တစ်တန်းလုံးဆွေးနွေးခြင်း၊ မတ်တတ်ရပ်၍ ထောက်ခံခြင်း လုပ်ငန်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** သင်ခန်းစာ (၇.၃.၂) ပါ အကြောင်းအရာကို ကြိုတင်ဖတ်ပါ။ စိတ်ကူးပုံရိပ်များအကြောင်း ဆွေးနွေးရန်နှင့် မတ်တတ်ရပ်၍ ထောက်ခံခြင်းလုပ်ငန်းတို့ကို ကူညီလမ်းညွှန်ရန် အဆင်သင့်ပြင်ထားပါ။ စိတ်ချယုံကြည်မှုရှိပါစေ။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်များ၊ မှတ်စုစာအုပ်များ

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ လက်တွေ့လုပ်ဆောင်ခြင်း (မိနစ် ၅၀)

၁။ သင်ခန်းစာခေါင်းစဉ် (၇.၃.၁) အစတွင် တွေ့ခဲ့ရသော အခြေအနေ (၂) ရပ်နှင့် ဆင့်ကဲသင်ယူမှုတို့ အကြောင်းကို ပြန်လည်ရည်ညွှန်းပါ။ ကျောင်းသားများအား အောက်ပါမေးခွန်းများကို မေးပါ။ 'ဆင့်ကဲ သင်ယူမှုဖြစ်စဉ်ကို သင်ခန်းစာတစ်ခုရဲ့ ဘယ်နားကစပြီး လုပ်ဆောင်ရမလဲဆိုတာကို ဘယ်လိုသိနိုင်မလဲ။' 'ကျောင်းသားတွေ အသိပညာက ဘယ်နားကစမလဲ။ ကျောင်းသားတွေသိလာဖို့ အစနေရာဟာ ဘာလဲ။'

၂။ ကျောင်းသားများအား သင်ခန်းစာ (၇.၃.၂) ပါ 'ကျောင်းသားများ၏ ရှိရင်းစွဲ အယူအဆများနှင့် စိတ်ကူးပုံရိပ်များကိုသုံး၍ သင်ကြားပေးခြင်း' ခေါင်းစဉ်ပါ စာတို့ကို ဖတ်စေသည်။

၃။ အောက်ဖော်ပြပါစာရင်းထဲမှ အရာတစ်ခုစီကို ဆရာကကျောင်းသားတို့အား အသံကျယ်ကျယ်ဖြင့် ဖတ်ပြရမည်။ ဆရာဖတ်ပြသောအရာများကို ကျောင်းသားများက နားထောင်ပြီး သူတို့စိတ်ထဲပေါ်လာသော အတွေးများကိုချရေးရန် ဆရာကပြောရမည်။ တစ်ကြိမ်ဖတ်ပြပြီးတိုင်း ကျောင်းသားများအား စဉ်းစားချိန် စက္ကန့် (၃၀) မှ စက္ကန့် (၆၀) ထိ ပေးပါ။ 'အောက်ပါတို့အကြောင်းကို စဉ်းစားမိသောအခါ ခေါင်းထဲ၌ မြင်ယောင်လာသည်တို့ကို ဖော်ပြပါ။'

- တစ်လချင်းစီ ပိုင်းခြားထားသော နှစ်တစ်နှစ်

- နေစကြဝဠာအဖွဲ့အစည်း
- နေရောင်ခြည်ဖြင့် အစာချက်ခြင်း
- စိတ်ဝေဒနာ
- အရည်အသွေးထက်မြက်သောဆရာ

၄။ ကျောင်းသားများက သူတို့၏ ပထမဦးဆုံးထင်မြင်ချက် သို့မဟုတ် စိတ်ကူးပုံရိပ်များကို ချရေးပြီးသောအခါ အောက်ပါမေးခွန်းများကို မှတ်စုထဲ၌ဖြေစေရမည်။
- အထက်ပါအရာတို့ကို တွေးလိုက်သောအခါ ခေါင်းထဲ၌ပေါ်လာသော စိတ်ကူးပုံရိပ်ကြောင့် အံ့သြသွားပါသလား။
- မိမိ၏စိတ်ကူးပုံရိပ်နှင့် ရွယ်တူအပေါင်းအသင်းများ၏ စိတ်ကူးပုံရိပ်တူညီပါသလား။ ခြားနားပါသလား။
- လူတို့၏ စိတ်ကူးပုံရိပ်ခြားနားရခြင်းအကြောင်းကို မည်သည့်အရာက ရှင်းလင်းပြနိုင်မည်နည်း။

၅။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးခန့် ပါဝင်စေလျက် အုပ်စုဖွဲ့ပါ။ အုပ်စုအတွင်းတွင် ဆရာဖတ်ပြသော စာရင်းထဲမှ အရာများအတွက် သူတို့ခေါင်းထဲတွင် ပေါ်လာသောပုံရိပ်များကို အချင်းချင်း နှိုင်းယှဉ်ကြည့်စေမည်။ ထို့နောက် မေးခွန်းများကို ဖြေစေမည်။

၆။ တွေ့ရှိချက်များအား ပြန်လည်သတင်းပို့ရန် အုပ်စုများကို အတန်းအဖြစ်သို့ ပြန်လည်ပေါင်းစည်းစေပါ။ ယခင်ကရှိခဲ့ဖူးသော အတွေ့အကြုံအမျိုးမျိုးက ကျွန်ုပ်တို့၏ စိတ်ကူးပုံရိပ်များအပေါ် သက်ရောက်လွှမ်းမိုးမှုရှိကြောင်း သိရှိစေပါ။ ဤတည်ရှိနေသော စိတ်ကူးပုံရိပ်များ (mental models) သည် သင်ယူမှုအတွက် အစပြုသောနေရာများ ဖြစ်ကြသည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ ဆွေးနွေးခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေပြီး ကျောင်းသားကိုင်စာအုပ်ပါ စိတ်ကူးပုံရိပ်များအကြောင်းကို ဖတ်စေသည်။

၂။ အခြားကျောင်းသားတစ်ယောက်နှင့်တွဲ၍ ကျောင်းသားကိုင်စာအုပ် သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (၂) အောက်တွင်ပါသောမေးခွန်း (၃) ခုကို ဖြေပြီး မှတ်စုစာအုပ်ထဲတွင် မှတ်တမ်းတင်ထားစေသည်။

၃။ တစ်တန်းလုံးအဖြစ် ပြန်လည်ပေါင်းစည်းစေပြီး အချို့ဖျတ်လတ်တက်ကြွသူကျောင်းသားများ သူတို့ အတွေးအခေါ်ကို တစ်တန်းလုံးနှင့် မျှဝေစေရမည်။

### သင်ယူမှုလုပ်ငန်း ၃။ လက်တွေ့လုပ်ဆောင်ခြင်း (မိနစ်၂၀)

၁။ ကျောင်းသားကိုင်စာအုပ် သင်ယူမှုလုပ်ငန်း (၃) အပေါ်မှ စာသားများကို တစ်တန်းလုံးအား အသံတိတ်ဖတ်၍ အာရုံစူးစိုက် စဉ်းစားစေမည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲတွင် ဖော်ပြထားသည့်အတိုင်း 'မတ်တတ်ရပ်၍ ထောက်ခံပါ။' လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပြီး မိမိတို့စိတ်တွင်းမှ စိတ်ကူးပုံရိပ်များအကြောင်း စမ်းသပ်စစ်ဆေးမည်ဖြစ်ကြောင်း ဆရာက ကျောင်းသားများအား ပြောပြရမည်။

၃။ ဆရာက သင်ကြားရေးဆိုင်ရာ အကြောင်းအရာများကို တစ်ခုပြီးတစ်ခု စာရင်းထဲပါသည့်အတိုင်း ဖတ်ပြမည်။ ကျောင်းသားများအား ဆရာက ဆရာ့အခန်းကဏ္ဍအကြောင်းနှင့် ကျောင်းသားများ၏ သင်ယူပုံသင်ယူနည်းများ အကြောင်းတို့ကိုဖတ်ပြရာတွင် သူတို့က ထိုဖတ်ပြသောအရာတို့ကို ယုံကြည်လျှင် သို့မဟုတ် သဘောတူလျှင် မတ်တတ်ရပ်ပြရန်ဖြစ်သည်။ မယုံကြည်ပါက သဘောမတူပါက ထိုင်မြဲထိုင်နေစေရမည်။

၄။ ကျောင်းသားများအား မိမိတို့အယူအဆကို အမှန်အတိုင်း ရိုးသားစွာပြရန်နှင့် အခြားသူတို့၏ အယူအဆနှင့်မတူ၍လည်း စိတ်အနှောင့်အယှက် မဖြစ်စေရန် အားပေးစကား ပြောပါ။ ထိုတင်ပြချက်များနှင့်ပတ်သက်၍ အဖြေများကို အမှား/အမှန် သတ်မှတ်၍ မရပါ။ အချို့ ကျောင်းသားများက အချို့ အယူအဆများကို တစ်စိတ်တစ်ပိုင်းမှန်၍ တစ်စိတ်တစ်ပိုင်း

များသည်ဟု ထင်မြင်တတ်ကြမည်။ ထိုအခါမျိုးတွင် 'အများဆုံးသဘောတူမှု'၊ 'လုံးဝဥဿုံ သဘောတူမှု' သို့မဟုတ် 'အများဆုံး သဘောမကျမှု'၊ 'လုံးဝဥဿုံ သဘောမကျမှု' တို့အလိုက် မတ်တတ်ရပ်နိုင်သည် သို့မဟုတ် ထိုင်နေနိုင်သည်။ ဖတ်ပြသောစာရင်းထဲတွင် ဆရာက ထပ်မံထည့်ရန်ရှိသည်ကို ထပ်မံဖြည့်ထည့်နိုင်သည်။

- ဆရာ၏ အဓိက အခန်းကဏ္ဍမှာ ကျောင်းသားများကို လမ်းညွှန်ပေးရန်သာဖြစ်ပြီး သတင်းအချက်အလက်များ ပံ့ပိုးပေးရာ ပင်မရင်းမြစ်အဖြစ် မဆောင်ရွက်သင့်ပါ။
- ကျောင်းသားများအားလုံး၌ သင်ယူတတ်မြောက်နိုင်စွမ်း ရှိကြသည်။
- ဆရာ့ဘဝဆိုသည်မှာ ဘဝတစ်သက်တာလုံး သင်ယူလေ့လာနေသောဘဝ ဖြစ်သည်။
- ကျောင်းသားများသည် အတန်းထဲသို့ သူတို့၏ ကိုယ်ပိုင်ယုံကြည်ချက်များ တန်ဖိုးများနှင့် နောက်ခံအတွေ့အကြုံများကို သူတို့နှင့်အတူ သယ်ဆောင်လာခဲ့ကြပြီး ယင်းတို့က သူတို့ သင်ယူပုံ သင်ယူနည်းအပေါ် ဩဇာလွှမ်းမိုးမှု ရှိသည်။
- ဆရာများသည် အဖြေမှန်အားလုံးကို အမြဲသိနေသင့်သည်။
- ဘာသာရပ်ဆိုင်ရာ သင်ရိုးများက စာရိတ္တ၊ စိတ်လှုပ်ရှားမှုနှင့် လူမှုပေါင်းသင်း ဆက်ဆံရေးဖွံ့ဖြိုးမှု သင်ရိုးတို့ထက် ပို၍အရေးပါသည်။
- သင်ကြားရေးလုပ်ငန်းသည် မွန်မြတ်ပြီး အရေးပါသော အသက်မွေးမှုလုပ်ငန်း ဖြစ်သည်။

၅။ ဤသင်ယူမှု လုပ်ငန်းပြီးဆုံးသောအခါ ကျောင်းသားများအား သူတို့ အတွေ့အကြုံကို တစ်တန်းလုံးနှင့် မျှဝေစေရမည်။

- ထင်မြင်ယူဆချက် ကွာခြားမှုအများအပြားရှိပါသလား။ အတန်းထဲမှ ကျောင်းသား အသီးသီးတို့၏ စိတ်ကူးပုံရိပ်အကြောင်း ယခုလုပ်ငန်းက မည်သို့ပြသလိုက်ပါသလဲ။
- ဤလုပ်ငန်းက ဆရာ့ကဏ္ဍအကြောင်းနှင့် ကလေးများသင်ယူပုံအကြောင်းကို အသစ်သင်ယူ လေ့လာရာတွင် ကျောင်းသားတို့အတွက် ပြင်ဆင်နိုင်အောင် မည်ကဲ့သို့ ကူညီပံ့ပိုးသနည်း။

### ရပ်တန့်ပါ။ စဉ်းစားပါ။

စိတ်ကူးပုံရိပ်၊ ယခင်ရှိရင်းစွဲ ယူဆချက်များနှင့် အယူအဆ အမှားများအကြောင်းကို လေ့လာသုတေသနပြုထားသောသုတေသနပေါင်း မြောက်များစွာရှိကြသည်။ ဤသင်ခန်းစာပါ အကြောင်းအရာသည် အပေါ်ယံရုပ်ပြ ကြည့်မြင်သော အမြင်သာဖြစ်သည်။ သင်ပြမှုပုံစံငယ် (သင်ခန်းစာ ပြင်ဆင်မှု) ရေးသားရန်နှင့် လက်တွေ့တန်းပြသင်ကြားခြင်းအတွက် ပြင်ဆင်ရန်ဆွေးနွေးသည့်အခါတိုင်း ဤအယူအဆများကို ပေါင်းစပ်လေ့လာနိုင်မည့် နည်းလမ်းများကို ရှာဖွေပါ။ ကျောင်းသားများ၏ စိတ်၌ တည်ရှိနေသော ဤစိတ်ကူးပုံရိပ်များအကြောင်း နားလည်ရန် အရေးကြီးသည်။ ကျောင်းသားများ လက်တွေ့သင်ကြားသည့်အခါ ၎င်းကိုသင်ရမည့် တပည့်ကလေးငယ်တို့၌ ယခင်ကရှိနေသော နားလည်မှုနှင့် ယုံကြည်မှုများကို စစ်ဆေးသိရှိနိုင်မည့်နည်းလမ်းများ ရှာဖွေတတ်ရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ရမည့်အချိန်မှာ အခန်းအသစ်တစ်ခု စတင်ချိန် သို့မဟုတ် သင်ခန်းစာအသစ်တစ်ခု စတင်ချိန်တို့တွင် ဖြစ်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျွန်ုပ်တို့၏ စိတ်သန္တာန်၌ တည်ရှိနေသော စိတ်ကူးပုံရိပ်များက ကျွန်ုပ်တို့က ကမ္ဘာလောကအပေါ် ရှုမြင်သုံးသပ်ရာတွင်နှင့် အကြောင်းအရာအသစ်တစ်ခုကို သင်ယူရာတွင် လွှမ်းမိုးသက်ရောက်လေ့ရှိတတ်ကြောင်းကို ကျောင်းသားတို့ နားလည်သင့်သည်။ ထိုနားလည်မှုကို စစ်ဆေးရန် ဆွေးနွေးခြင်းနည်းကို သုံးရမည်။ ကျောင်းသားတို့ နားလည်သင့်သော အခြားအချက်တစ်ခုမှာ စိတ်ကူးပုံရိပ်များအပေါ် အခြေပြုပြီး ဆင့်ကဲသင်ယူမှုကို ဖြစ်ပေါ်စေရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

သင်ယူမှုလုပ်ငန်း (၁) မှ မေးခွန်းများ၏ အဖြေများနှင့် ထင်မြင်ချက်များသည် အမျိုးမျိုးကွဲပြားမည်။ သို့သော် ကျောင်းသားများ သိရှိနားလည်သင့်သည်မှာ ကျွန်ုပ်တို့၏ရှေးက ရှိနှင့်ပြီးအတွေ့အကြုံနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လူတို့ထံမှ ကြားသိရသောသတင်းစကားတို့က ကျွန်ုပ်တို့၏ စိတ်ကူးပုံရိပ်များကို ပုံသွင်ထားကြခြင်းဖြစ်သည်။

သင်ယူမှုလုပ်ငန်း (၂) ရှိ ဆွေးနွေးရန် မေးခွန်းများအတွက်-

- အသိပညာတည်ဆောက်မှု ပဓာနဝါဒ (constructivism) နှင့် စိတ်ကူးပုံရိပ် အယူအဆတို့အကြား တူညီမှုနှင့် ခြားနားမှုတို့ကို ဖော်ပြပါ။ တုံ့ပြန်မှုအမျိုးမျိုး ရှိနိုင်သည်။ ထိုသီအိုရီ (၂) ခုစလုံးက လက်ကိုင်ပြုထားသည်မှာ လူတို့သည် အသိပညာနှင့် အနက်အဓိပ္ပာယ်ကို သူတို့အတွေ့အကြုံမှတစ်ဆင့် တည်ဆောက်ယူကြသည်ဟူ၍ ဖြစ်သည်။ စိတ်ကူးပုံရိပ်သဘောတရားက တစ်ခါတစ်ရံတွင် မကောင်းသော၊ အနုတ်လက္ခဏာဆောင်သော အဓိပ္ပာယ်ရှိသည်။ သို့ရာတွင် သူတို့အထောက်အကူပြုသော နေရာလည်းရှိပါသည်။ တစ်ခါတစ်ရံတွင် သူတို့သည် ကျွန်ုပ်တို့၏ လောကအမြင်ကို ပျက်ပြားစေတတ်သည်။
- စိတ်ကူးပုံရိပ်ချို့ယွင်းနေခြင်းကြောင့် အကြောင်းအရာ အသစ်တစ်ခု လေ့လာရာတွင် အဟန့်အတား ဖြစ်စေသည်။ ဥပမာအချို့ကို စဉ်းစား၍ ရပါသလား။ ထိုဥပမာမျိုး အများအပြားရှိပါသည် ဥပမာအားဖြင့် ကျောင်းသူ မိန်းကလေးတစ်ယောက်သည် အမြဲကြားဖူးနေသည့် အယူအဆတစ်ခုကို စိတ်တွင် စွဲမြဲနေသည်။ သင်္ချာဘာသာရပ်တွင် ယောကျ်ားလေးများက မိန်းကလေးများထက် တော်ကြသည်ဆိုသော အယူအဆဖြစ်သည်။ ထို့ကြောင့် သင်္ချာသင်ယူရာတွင် သူမအနေနှင့်ညံ့သည်ဟု ယူဆနေခဲ့သည်။ သင်္ချာတွက်ရာတွင် မိမိကိုယ်ကို ယုံကြည်စိတ်ခေါင်းပါးစေသည်။ သို့မဟုတ် ကလေး တစ်ဦး၏စိတ်၌ ဆရာများက ကျောင်းသားအဖြေမှားလျှင် အပြစ်ဒဏ်ပေးတတ်ကြသည်ဟု စွဲမှတ်နေလျှင် ထိုကလေးသည် အတန်းထဲ၌ မည်သည့်အခါတွင်မှ တီထွင်ဖန်တီး တတ်သောကျွမ်းကျင်မှု ဖွံ့ဖြိုးလာမည် မဟုတ်ပါ။ ဤဥပမာ (၂) ခုသည် ဥပမာပေါင်း များစွာထဲမှ ထုတ်နုတ်ပြသခြင်းသာဖြစ်ပြီး အခြားဥပမာပေါင်းများစွာ ရှိကြသည်။
- ကျောင်းသားအများစု၌ ဖြစ်ပေါ်တတ်သော အတွေးအခေါ်မှား အယူအဆမှားများကို ဖော်ပြပါ။ ယင်းတို့ကို ဆရာက မည်သို့ရင်ဆိုင်ပေးမည်နည်း။ ထိုမေးခွန်းအတွက် ဥပမာများစွာ ရှိကြသည်။ ကျောင်းသားများအား စဉ်းစားစေ၍ မည်သို့တိုက်ဖျက် ဆောင်ရွက်သည်ကိုလည်း ကြံဆစေရမည်။

သင်ယူမှုလုပ်ငန်း (၃) အတွက် ယုံကြည်မှုများသည် မှန်သည် မှားသည် မဆိုထားပါ။ အချို့ ယုံကြည်ချက်များက နိုင်ငံတကာအဆင့်မီ ပညာရေးတို့တွင် လက်ခံထားသော (၂၁) ရာစု အမြင်နှင့် ပိုမိုနီးစပ်သည် လည်းရှိသည်။ အရေးကြီးသည့်အချက်မှာ မိမိတို့ထံ၌ရှိနေသော စိတ်ကူးပုံရိပ်တို့ အကြောင်းကို သိရှိနားလည်ထားရန်နှင့် မိမိ၏ တပည့်ကလေးများ၏ စိတ်ကူးပုံရိပ်များကို သိရှိနားလည်ထားရန် လိုပါသည်။ သို့မှသာ သင်ယူမှုအသစ်တစ်ခုအတွက် လမ်းပွင့်မည်ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ဤအခန်းတွင် လေ့လာသင်ယူပြီးသည်တို့ကို သင်ခန်းစာ ပြင်ဆင်ရာ၌ မည်သို့ လက်တွေ့ အသုံးပြုမည်နည်းဟု ကျောင်းသားများကို မေးပါ။ သူတို့က အောက်ပါအဖြေတို့ကို ပေးသင့်သည်။

- ကျောင်းသားများ၏ ရှိနှင့်ပြီးအသိ၊ ယုံကြည်မှုနှင့် အတွေ့အကြုံများ (စိတ်ကူးပုံရိပ်များ) ကို ဖော်ထုတ် နှိုးဆွပေးနိုင်သည့် သင်ယူမှုလုပ်ငန်းအတိုတစ်ခု သုံးခြင်းဖြင့် သင်ခန်းစာကို စတင်သင်ကြားခြင်းသည် စိတ်ကူးစိတ်သန်းကောင်းတစ်ရပ် ဖြစ်သည်။
- ကျောင်းသားများက သင်ယူမှုရည်မှန်းချက်များ ရရှိရေးသို့ ရှေးရှုကြိုးပမ်း ဆောင်ရွက်နေချိန်တွင် သူတို့အား အထောက်အပံ့ဖြစ်စေသည့် တစ်ဆင့်ပြီးတစ်ဆင့် ရှေ့သို့တစ်စတစ်စ တိုး၍သိမြင်နားလည်သွားစေသည့် သို့မဟုတ် ငြမ်းဆင်ထားသည့် သင်ယူနည်းကို သင်ခန်းစာအဖြစ် သင်ရာ၌ ထည့်သွင်းစဉ်းစားသင့်သည်။ ဆရာများကလည်း သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ခန်းစာကို ပိုမိုသေးငယ်သော အစိတ်အပိုင်းများအဖြစ်သို့ ခွဲခြားစိတ်ပိုင်း၍ အပိုင်းလိုက် အပိုင်းလိုက် သင်ကြားပေးခြင်း အားဖြင့် ကျောင်းသားများအတွက် ဝန်မပိဘဲ နိုင်နင်းစွာဆောင်ရွက်နိုင်စေမည်။ သင်ယူမှုလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော အထောက်အကူပစ္စည်းများကို ဆရာက ပံ့ပိုးပေးရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ပီတာ ဆင့်ဂျ် (Peter Senge) ရေးသားသည့် 'ပဉ္စမနည်းဥပဒေသ' စာအုပ်နှင့် Howard Gardner ရေးသားသည့် 'လူတို့စိတ်ကို ပြောင်းလဲပေးခြင်း' စာအုပ်များအား ဖတ်ရှုလေ့လာရန် ကျောင်းသားများကို အားပေးတိုက်တွန်းပါ။ ထိုစာအုပ်များထဲတွင်သိမှုနှင့် စိတ်ကူးပုံရိပ်များဆိုင်ရာ အယူအဆများကို ရှင်းလင်းစွာနားလည်သဘောပေါက်စေနိုင်သည့် အကြောင်းအရာများပါဝင်သည်။

### ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** 'ဆင့်ကဲဆင့်ကဲ သင်ယူမှုတိုးတက်ဖြစ်ပေါ်လာခြင်း'နှင့် အောက်ပါ အကြောင်းအရာတို့ ဆက်စပ်မှုကို ဖော်ပြပါ။

- သင်ရိုးညွှန်းတမ်းအညွှန်းဘောင်များ
- ခရုပတ်ပုံ ဖွဲ့စည်းထားခြင်း
- ပြမ်းဆင်ခြင်း

***အဖြေ။*** *တိကျသော စကားလုံး အစီအစဉ်မရှိ အမျိုးမျိုး ခြားနားမည်။*

***သင်ရိုးညွှန်းတမ်းအညွှန်းဘောင်**က သင်ယူမှုနယ်ပယ် အကျယ်အဝန်းနှင့် သင်ယူမှု ဆင့်ကဲတိုးတက်လာမှုကို ရှေ့နောက် အစီအစဉ်တကျ အလျားလိုက် (အတန်းအစမှ အဆုံး) နှင့် ထောင်လိုက် (ကျောင်းသားများ အတန်းတက်လာပုံ) ဖော်ပြသည်။*

***ခရုပတ်ပုံဖွဲ့စည်းခြင်း**သည် သင်ယူမှု တိုးတက်လာပုံ တစ်မျိုးဖြစ်သည်။ ကျောင်းသားများအား တူညီသောအကြောင်းအရာ တစ်ခုကိုပင် အဖန်တလဲလဲ သင်ယူစေရာ၌ လွယ်ရာမှ ခက်ရာသို့ ရိုးရှင်းရာမှ ရှုပ်ထွေးရာသို့ အကြမ်းဖျင်းမှ အသေးစိတ်သို့ တစ်ရစ်ချင်း တစ်ရစ်ချင်း ကွေ့ဝိုက်ဆက်စပ် သင်ယူနိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။*

*ပြေမ်းဆင်ခြင်းဆိုသည်မှာ ဆင့်ကဲဆင့်ကဲ တတ်မြောက်လာခြင်းဖြစ်ပြီး တဖြည်းဖြည်း မှန်မှန်ပေါ်ပေါက်လာပြီး ဘေးမှ ပံ့ပိုးကူညီမှုရှိစေရမည်။ များသောအားဖြင့် ကြီးမားသော လုပ်ငန်းတစ်ခုကို ပို၍သေးငယ်အောင် ခွဲခြမ်း စိတ်ပိုင်းပြီး တစ်ဆင့်ချင်း တစ်ဆင့်ချင်းတွင် အထောက်အကူပြုမှုများနှင့် သင်ယူမှုလုပ်ငန်းများ ပံ့ပိုးကာ လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်စေခြင်းဖြစ်သည်။*

**မေးခွန်း ၂။** စိတ်ကူးပုံရိပ် ဆိုသည်မှာ အဘယ်နည်း။ သင့်ကိုယ်ပိုင် စကားလုံးများကို သုံး၍ အဓိပ္ပာယ်ဖွင့်ဆိုပါ။

***အဖြေ။*** *စာစီပုံ အမျိုးမျိုး ကွဲလွဲနိုင်သည်။ စိတ်ကူးပုံရိပ်များ ဆိုသည်မှာ အရာရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့ တွေးခေါ်စဉ်းစားပုံ၊ ခြယ်လှယ်ပုံသွင်းပေးနေသော သက်ဝင်ယုံကြည်မှုများ၊ တန်ဖိုးထားမှုများနှင့် အတွေးအခေါ်များ ဖြစ်ကြသည် ၎င်းတို့သည် ကိုယ်စားပြုမှုများ သို့မဟုတ် ရုပ်ပုံများအဖြစ် ကျွန်ုပ်တို့ ခေါင်းထဲတွင် ပေါ်လာကြသည်။ ဒြပ်မဲ့အရာတစ်ခုကို စဉ်းစားကြည့်သည့်အခါ ခေါင်းထဲ၌ ပေါ်လာသော ပုံရိပ်တို့ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် သတင်းအချက်အလက် အသစ်တို့ကို တွေ့ရှိသည့်အခါ ဤစိတ်ကူးပုံရိပ်များကို သုံးတတ်ကြသည်။*

**မေးခွန်း ၃။** ကလေးများအား စာသင်ကြားပေးရာတွင် စိတ်ကူးပုံရိပ်များအကြောင်း သိရှိရန် အဘယ်ကြောင့် အရေးကြီးသနည်း။

***အဖြေ။*** *စိတ်ကူးပုံရိပ်များက သတင်းအချက်အလက်အသစ်ကို အနက်အဓိပ္ပာယ်ဖော်ရာတွင် လွှမ်းမိုးသက်ရောက်မှုရှိသည်။ ကလေးများ၌ စိတ်ကူးပုံရိပ်အမှားများ ရှိခဲ့လျှင် ရှာဖွေဖော်ထုတ်၍ ပြုပြင်ပေးရန်လိုသည်။ သို့မှသာ သင်ယူမှုအသစ် ဖြစ်ပေါ်လာနိုင် သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

ဤအခန်းတွင် ကျောင်းသားများသင်ယူခဲ့သည်တို့မှာ -

- ပညာရေးသဘောတရားဆိုသည်မှာ ပညာရေး၏ သဘောသဘာဝ၊ ရည်ရွယ်ချက်များနှင့် အခက်အခဲ ပြဿနာများအကြောင်းကို ဒဿနပညာရှုထောင့်မှ ပြန်လည်သုံးသပ်ပေးခြင်း ဖြစ်ပြီး ပညာရေးသဘောတရားသည် မိမိစတင်ပေါ်ပေါက်လာရာ ပင်ရင်း ဘာသာရပ်ဖြစ်သည့် ဒဿနိကဗေဒနှင့် အတွင်းပိုင်း အနှစ်သာရအားဖြင့်နီးစပ်ပြီး ပညာရေးဆိုင်ရာ အလေ့အကျင့်များနှင့် အပြင်ပိုင်းအသွင်သဏ္ဌာန်အားဖြင့် နီးစပ်မှုရှိပုံ။

- အဓိကကျသော ပညာရေး သဘောတရား (၃) မျိုး။ ဆရာဗဟိုပြု သဘောတရားများ၊ (မဖြစ်မနေလိုအပ်မှု ပဓာနဝါဒနှင့် ရေရှည်ခိုင်မြဲမှုပဓာနဝါဒတို့ ပါဝင်သည်။) ကျောင်းသား ဗဟိုပြု ပညာရေးသဘောတရားများ (အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေခြင်းဝါဒ၊ အသိပညာတည်ဆောက်မှုပဓာနဝါဒ၊ လူသားပဓာနဝါဒ၊ လူမှုဝန်းကျင်ဆိုင်ရာ အသိပညာတည်ဆောက်မှုပဓာနဝါဒနှင့် ဖြစ်တည်မှုပဓာနဝါဒတို့ ပါဝင်သည်။) လူ့အဖွဲ့အစည်းဗဟိုပြု သဘောတရားများ (လူမှုဆက်ဆံရေး ပြန်လည်တည်ဆောက်မှု ပဓာနဝါဒ ပါဝင်သည်။)

- မိမိ၏ ကိုယ်ပိုင်ပညာရေးအတွေးအခေါ်/သဘောတရားက မိမိသင်ကြားပေးလိုက်သည့် ကလေးများအပေါ်၌ မည်ကဲ့သို့သက်ရောက်မှုရှိပုံ။

- ပညာရေးက လူသားတို့အတွက် အမြဲအရေးပါခဲ့ပုံကို ဆိုရာတွင် ကျောင်းသင်ပညာရေး လက်ခံရရှိသူများ (ကျောင်းသားများနှင့်) သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာတို့မှာမူ နှစ်ကာလကြာမြင့်သည်နှင့်အမျှ အပြောင်းအလဲကြီးမားခဲ့ပုံ။

- ဆင့်ကဲဆင့်ကဲ သင်ယူမှုတိုးတက် ဖြစ်ပေါ်လာအောင် ပြင်ဆင်သင်ကြားပေးခြင်း (ငြမ်းဆင် သင်ကြားခြင်း) က ကျောင်းသားများ၏ တတ်ကျွမ်းပိုင်နိုင်မှုကို ပံ့ပိုးပေးနိုင်ပြီး ၎င်းတို့အား ရည်မှန်းချက် ပန်းတိုင် သို့မဟုတ် သင်ယူမှုအသေးစိတ် ရည်ရွယ်ချက်များရရှိအောင် တစ်ဆင့်ချင်းတစ်ဆင့်ချင်း ပို့ဆောင်ခေါ်ယူသွားနိုင်ပုံ။

- စိတ်ကူးပုံရိပ်များအကြောင်းကို သိရှိနားလည်ပြီး အကြောင်းအရာသစ်တစ်ခုကို သင်ယူရာ၌ ထိုစွဲမြဲတည်ရှိနေသော စိတ်ကူးပုံရိပ်များ၏ ထောက်ကူမှု၊ နှောင့်ယှက်မှုတို့ အရေးပါပုံ၊ ယင်းတို့၏ နှောင့်ယှက်ခြင်းမှ ကင်းဝေးစေရန် မည်သို့ ကိုင်တွယ်ဖြေရှင်းနိုင်ပုံ။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

- မိမိ၏ကိုယ်ပိုင်သင်ကြားရေးအတွေးအခေါ် (သဘောတရား) ကို ဆက်လက်ပုံသွင်း ဖန်တီးရန် မည်သည်တို့ကို ဆောင်ရွက်နိုင်သနည်း။

- အချိန်ကာလကြာမြင့်သည်နှင့်အမျှ ကျောင်းသင်ပညာရေး၌ ဆရာ၏အခန်းကဏ္ဍများ သည် မည်သည့်နည်းများအားဖြင့် ပြောင်းလဲလာသနည်း။

- သင်ခန်းစာတစ်ခုကို ပြင်ဆင်ရာ၌ ဆင့်ကဲဆင့်ကဲ သင်ယူမှုဖြစ်စဉ်အကြောင်းနှင့် စိတ်ကူး ပုံရိပ်များအကြောင်းသိရှိမှုကို မည်ကဲ့သို့အသုံးပြုမည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ


Gardner, H. (2006). *Changing people's minds: The art and science of changing our own and other people's minds.* Boston: Harvard Business School Press.

Lynch, M. (2017). *5 Things That Educators Should Know About The Philosophy Of Education.* Retrieved from The Edvocate website: https://www.theedadvocate.org/5-things-that-educators-should-know-about-the-philosophy-of-education/

Ministry of Education. (2018). Heartbeat of the Nation. *Myanmar Times.*

Senge, P. (1990). *The fifth discipline: The art and practice of the learning organization.* NY: Doubleday Currency.

အခန်း
၈

# ပညာရေးစိတ်ပညာ

စာသင်ချိန် (၂၅) ချိန် အတိုင်းအတာရှိသော ဤအခန်းငယ်က ကျောင်းသားများကို ပညာရေးစိတ်ပညာနှင့် မိတ်ဆက်ပေးမည်ဖြစ်သည်။ ပညာရေးစိတ်ပညာဆိုသည်မှာ လူတို့ သင်ယူလေ့လာပုံကို သိပ္ပံနည်းကျလေ့လာသည့် စိတ်ပညာ၏ ဘာသာရပ်ခွဲတစ်ခုဖြစ်သည်။ ထိုဘာသာရပ်သည် အတန်အသင့် အတွေ့အကြုံနုနယ်သေးသည့် လေ့လာမှုနယ်ပယ်တစ်ရပ်ဖြစ်ပြီး ပညာရေးအတွေးအခေါ်ပညာရှင်များက သင်ယူမှုအပေါ် မည်သည်တို့က လွှမ်းမိုးထားသည်ကို အချိန်များစွာပေးပြီး အာရုံစိုက်စူးစမ်းလေ့လာခဲ့ရာမှ (၁၈) ရာစု နှောင်းပိုင်းတွင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ မကြာသေးမီ ဆယ်စုနှစ်ကာလများအတွင်းက ပညာရေး စိတ်ပညာသည် အတိုင်းအတာကြီးမားစွာ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သုတေသန ဆောင်ရွက်မှုများနှင့် ခေတ်မီနည်းပညာများ ပိုမိုတိုးတက်လာသည်နှင့်အမျှ ကျွန်ုပ်တို့အသိပညာများလည်း ပိုမိုကြွယ်ဝလာခဲ့ပါသည်။ အသိပညာကြွယ်ဝသည်နှင့်အမျှလည်း မည်သည်တို့က သင်ယူမှုကို အားပေးမြှင့်တင်နိုင်ကြောင်း သိရှိလာကာ ဆရာများအနေနှင့် သုတေသနတွေ့ရှိချက်များကို သူတို့၏သင်ကြားရေး၌ မည်သို့အသုံးချနိုင်ကြောင်းတို့ကို ပိုမိုနားလည် သိရှိလာကြသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးစိတ်ပညာ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင်စကားလုံးများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။
- ပညာရေးစိတ်ပညာက သင်ယူမှုသင်ကြားမှုနှင့် စပ်လျဉ်းသည့် အသိပညာများကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင်ကြောင်း ရှင်းပြတတ်မည်။
- သင်ကြားမှုသင်ယူမှုများ၌ ထင်ဟပ်နေသော ပညာရေးစိတ်ပညာ၏ သဘောသဘာဝကို လေ့လာ၍ ထိုသဘောသဘာဝကို သင်ကြားမှု ထိရောက်အောင်မြင်ရေး၌ မည်သို့အသုံးပြုနိုင်ကြောင်း စူးစမ်းလေ့လာတတ်မည်။
- ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်ကို သိရှိ ဖော်ပြတတ်မည်။
- ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်တွင် ပါဝင်သည့် အရေးပါသော စိတ်ကူးစိတ်သန်း အယူအဆများကို ဖော်ပြတတ်မည်။
- စကင်နာ (skinner) နှင့် ပီယာဂျေး (piaget) တို့၏ ဆောင်ရွက်ချက် တွေ့ရှိချက်များကို အနှစ်ချုပ် ဖော်ပြတတ်မည်။
- စကင်နာနှင့် ပီယာဂျေးတို့၏ သီအိုရီများကို ၎င်းတို့နှစ်ခုကြားရှိ တူညီချက်များနှင့် ခြားနားချက်များအား ရှာဖွေ၍ နှိုင်းယှဉ်လေ့လာပြီး ထိုသီအိုရီများသည် ယနေ့ခေတ် သင်ယူမှု၊ သင်ကြားမှုများအတွက် ကိုက်ညီဆီလျော်မှုရှိကြောင်း ဆွေးနွေးတတ်မည်။
- ပီယာဂျေး၏ ကလေးတို့၏ သိမှုဖွံ့ဖြိုးလာပုံ အဆင့် (၄) ဆင့် အကြောင်းကို လေ့လာသုံးသပ်ပြီး ၎င်းအယူအဆက အတန်းတစ်ခုတည်း၌ အသက်အရွယ်မတူသော ကလေးများကို ယှဉ်တွဲ သင်ကြားရာတွင်လည်းကောင်း အရွယ်ရောက်ပြီးသူများအား သင်ကြားရာတွင်လည်းကောင်း မည်သို့အထောက်အကူပြုနိုင်ကြောင်း တွေးတော ကြံဆတတ်မည်။
- မူလစေ့ဆော်မှုနှင့် ဒုတိယအဆင့် စေ့ဆော်မှုတို့အကြား၊ စိတ်တွင်းစေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှုတို့အကြား တူညီချက်၊ ခြားနားချက်များကို နှိုင်းယှဉ်လေ့လာတတ်မည်။
- မိမိလက်တွေ့ဘဝနှင့် မိမိအလေ့အထများထဲမှ ဥပမာအချို့ကိုပေး၍ စေ့ဆော်မှု သံသရာလည်ပုံကို ရှင်းပြတတ်မည်။

- အမြင့်မားဆုံးသော၊ အဆုံးစွန်စေ့ဆော်မှုပေါ်ပေါက်နေသည့် စိတ်အခြေအနေ (သို့မဟုတ်) စီးမျောမှု (Flow) သဘောတရားကို သိရှိနားလည်ပြီး ထိုစိတ်အခြေအနေမျိုး ဖြစ်ပေါ်စေမည့် ပတ်ဝန်းကျင်အခြေအနေများနှင့် ၎င်းတွင်ပေါင်းစပ်ဖွဲ့စည်း ပါဝင်နေသည့် အစိတ်အပိုင်းများကို သတ်မှတ်ဖော်ပြတတ်မည်။
- စေ့ဆော်မှုက သင်ယူမှုအပေါ် မည်သို့သက်ရောက်လွှမ်းမိုးမှုရှိနိုင်ပုံကို ရှင်းလင်းဖော်ပြတတ်မည်။
- မာ့စ်လို ၏ လူတို့လိုအင် အဆင့်ဆင့် သီအိုရီကို အနှစ်ချုပ် ဖော်ပြတတ်မည်။
- သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးဖော်ဆောင်ရာ၌ လူတို့လိုအင် အဆင့်ဆင့်ပြ သရုပ်ဖော်ပိရမစ် (Pyramid) ပုံစံပါ သဘောတရားများကို အသုံးချတတ်မည်။
- စိတ်ကျန်းမာရေး ပြည့်စုံမှုအတွက် မည်သည်တို့ ပါဝင်ဖွဲ့စည်းနေကြောင်းနှင့် ထိုစိတ်ကျန်းမာရေး ပြည့်စုံမှု သို့မဟုတ် ချို့ယွင်းမှုက သင်ယူမှုအပေါ် မည်သို့အကျိုးသက်ရောက်တတ်ကြောင်းကို ကိုယ်ပိုင်စကားလုံးများဖြင့် ရှင်းပြတတ်မည်။
- ပေါင်းသင်းဆက်ဆံရေးနယ်ပယ်၌ စိတ်လှုပ်ရှားခံစားမှုကောင်းမွန်ခြင်းသည် သင်ယူမှုအတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ အရေးပါကြောင်း ရှင်းပြတတ်မည်။
- အနာဂတ်တွင် ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့်ထားသည့်အမြင် (Self-fulfilling Prophecies) ၏ ခရုပတ်ကွင်းဆက် ကောင်းကျိုးများနှင့် ဆိုးကျိုးများကို နားလည်သွားမည်။
- ဉာဏ်ရည်ပြကိန်း စစ်ဆေးလွှာများသည် မည်သည့်အရာကို တိုင်းတာစစ်ဆေးခြင်းဖြစ်ကြောင်း ရှင်းပြတတ်မည်။
- ဉာဏ်ရည်နှင့်ပတ်သက်၍ သမားရိုးကျ အယူအဆသည် အဘယ်ကြောင့် ကန့်သတ်မှုများကြောင်း ရှင်းပြတတ်မည်။
- ပညာရှင်ဂါးဒ်နာ (Gardner) ၏ ဉာဏ်ရည်အထွေထွေ အယူအဆအကြောင်း သိရှိနားလည်ပြီး ထိုအကြောင်းအရာကို အနှစ်ချုပ်ဖော်ပြတတ်မည်။
- သင်ယူမှုလုပ်ငန်း၌ ဤအယူအဆအသစ်ဖြစ်သည့် ဉာဏ်ရည်အမျိုးမျိုးအကြောင်း နားလည်မှုကို မည်သို့အသုံးချသင့်ကြောင်း ရှင်းပြတတ်မည်။

# ၈.၁။ ပညာရေးစိတ်ပညာအကြောင်းနှင့် သင်ကြားရေး၌ ပညာရေးစိတ်ပညာကို အသုံးချနိုင်ပုံအကြောင်း သိရှိနားလည်ခြင်း

## ၈.၁.၁။ ပညာရေးစိတ်ပညာဆိုသည်မှာ အဘယ်နည်း။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပညာရေး စိတ်ပညာ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင်စကားလုံးများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။
- ပညာရေးစိတ်ပညာက သင်ယူမှု သင်ကြားမှုနှင့် စပ်လျဉ်းသည့် အသိပညာများကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင်ကြောင်း ရှင်းပြတတ်မည်။
- သင်ကြားမှု သင်ယူမှုများ၌ ထင်ဟပ်နေသော ပညာရေးစိတ်ပညာ၏ သဘောသဘာဝကို လေ့လာ၍ ထိုသဘောသဘာဝကို သင်ကြားမှုထိရောက်အောင်မြင်ရေး၌ မည်ကဲ့သို့ အသုံးပြုနိုင်ကြောင်း စူးစမ်းလေ့လာတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၂.၁။ ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ် ပညာဆိုင်ရာစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှု နှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက် ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသော စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-စု-မျှဝေ သင်ယူခြင်း၊ တစ်တန်းလုံး စာဖတ်စေခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်က သင်ယူမှုအတွေ့အကြုံကို ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၈.၁.၁) နှင့် (၈.၁.၂) ကို ဖတ်ရှုလေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** သင်ယူမှုလုပ်ငန်း (၁) အတွက် လိုအပ်သော သတင်း စကားများ ရေးထားသည့် စာရွက်ပိုင်းမိတ္တူများ၊ ကားချပ်ကြီးဆွဲရန် စက္ကူချပ်၊ သင်ပုန်းနှင့် မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ တွေး - စု - မျှဝေခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားကိုင်စာအုပ်ထဲမှ 'ပညာရေးစိတ်ပညာဆိုသည်မှာ အဘယ်နည်း' ဆိုသည့် ခေါင်းစဉ်ပါ အကြောင်းအရာကို ကျောင်းသားများအား ဖတ်ရှုစေရမည်။

၂။ ကျောင်းသားများအား တစ်ဦးစီဖြစ်စေ၊ နှစ်ယောက်တစ်တွဲ တွဲ၍ ဖြစ်စေ အောက်ပါ မေးခွန်းတို့ကို ဖြေစေမည်။

(က)မိမိ၏ ကိုယ်ပိုင်သင်ယူမှုသင်ကြားမှုတို့ကို တိုးတက်စေရန် ပညာရေး စိတ်ပညာရှင် တစ်ဦးထံမှ မိမိသိလိုသော အရာမှာ အဘယ်နည်း။

(ခ) မည်သည့်အရာကို မည်သို့သင်ရမည်နှင့် အဘယ်ကြောင့် သင်ရမည်တို့ကို သင်ခန်းစာ ပြင်ဆင်ရာတွင် မည်ကဲ့သို့ ဆုံးဖြတ်သနည်း။

၃။ ကျောင်းသားများ သင်ယူလေ့လာနေကြစဉ် ဆရာက ၎င်းတို့အကြားသို့ လှည့်လည် သွားရောက်ရင်း သူတို့မေးခွန်းများမေးလာကလည်း ဖြေပေးရမည်။

၄။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။

၅။ ကျောင်းသားအတွဲ နှစ်တွဲ သို့မဟုတ် သုံးတွဲ ပေါင်းစပ်ပြီး ကျောင်းသားအုပ်စုကြီး တစ်ခုဖွဲ့ပါ။ ထိုအုပ်စုတွင် ကျောင်းသား (၄) ဦး သို့မဟုတ် (၆) ဦး တို့ပါဝင်နိုင်သည်။ အဖြေများကို ဆွေးနွေး မျှဝေစေမည်။ ဤတစ်ကြိမ်တွင် အုပ်စုထဲမှ ကျောင်းသားတစ်ဦးအား အတွင်းရေးမှူးအဖြစ် ဆောင်ရွက်စေမည်။ အတွင်းရေးမှူးက အုပ်စုထဲမှ အဖြေများကို စုပေါင်း၍ နောက်တစ်ဆင့်တွင် အတန်းသို့ သတင်းပို့ တင်ပြရန် မှတ်စုများပြုစုရမည်။

၆။ အတန်းတစ်ခုလုံးကို ပြန်လည်ဖွဲ့စည်းပြီး အုပ်စုတစ်ခုစီမှ အတွင်းရေးမှူးများအား သူတို့ အုပ်စုများမှ အတွေးအမြင်များကို မျှဝေစေရမည်။

၇။ အတွင်းရေးမှူးများ ဆွေးနွေးမှုမှ အဓိကအချက်များကို သင်ပုန်းပေါ်၌ မှတ်တမ်း တင်စေရမည်။

### ရပ်တန့်ပါ။ စဉ်းစားပါ။

အုပ်စုအတွင်းရေးမှူးများသည် မှတ်စုထုတ်ရန်တာဝန်ကိုသာ ယူရမည်။ အုပ်စုဝင်တစ်ဦးစီ ပြောသမျှ စကားလုံးတိုင်းကို လိုက်ရေးရန်မလိုပါ။ အုပ်စု၏ တုံ့ပြန်မှုများထဲမှ ရွေးချယ်စိစစ်ပြီး သူတို့ထင်မြင်ချက်နှင့် အတွေ့အကြုံများအကြား တူညီမှု၊ ခြားနားမှုများကို မှတ်သားစေရမည်။

အတန်းသို့ ပြန်လည်သတင်းပို့ရာတွင် မေးခွန်း၏ သက်ဆိုင်ရာ အပိုင်းကိုသာ ပြောရမည်။ ကျောင်းသားများ မှတ်ထားသမျှအားလုံးကို ဖတ်ပြခိုင်းခြင်းမပြုရပါ။ ဆရာက အုပ်စုတစ်ခုစီမှ အတွင်းရေးမှူးများအား ပြန်လည် သတင်းပို့စေရာတွင် (၃) မိနစ်ထက်ပို၍ မကြာစေသင့်ပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ နောင်တစ်ချိန်တွင် သင်ခန်းစာပြင်ဆင်ရာ၌ ထည့်သွင်း စဉ်းစားရမည့်အချက်များနှင့် သင်ယူမှုကို အထောက်အပံ့ပြုသည့် အချက်များ အကြောင်းကို ၎င်းတို့၏ ကနဦး ထင်မြင်ချက်များကို ဆရာက သင်ယူစဉ်စစ်ဆေးခြင်းအဖြစ် စစ်ဆေးရန်ဖြစ်သည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤအချက်ကို ဆွေးနွေးရာတွင် အသေးစိတ်တိကျသော အဖြေမရှိပါ။ သို့ရာတွင် မည်မျှပင် အမျိုးမျိုးကွဲပြားပါစေ အဖြေများက အောက်ပါအချက်တို့ကို ရည်ညွှန်းရမည်။

(က) အဖြေများသည် ကျောင်းသားကိုင်စာအုပ်နိဒါန်းတွင် ဖော်ပြထားသော ပညာရေး စိတ်ပညာ၏ သတ်မှတ်ထားသော သင်ယူမှုနယ်ပယ်အမျိုးမျိုးကို ရည်ညွှန်းစေရမည်။

(ခ) အဖြေများသည် သင်ခန်းစာပြင်ဆင်ရာ၌သုံးသော စံပြုအလေ့အထများကို ရည်ညွှန်း ရမည်။ ဥပမာ - အားနည်းချက်ကို ရှာဖွေသောစစ်ဆေးမှု၊ လိုအပ်ချက်အလိုက်လုပ်ဆောင်ရန်

စီစဉ်ပြင်ဆင်မှု၊ ရှေးကသင်ပြီးသော သင်ခန်းစာနှင့်ဆက်စပ်မှု ရင်းမြစ်များ၊ ကျောင်းသား ဗဟိုပြု သင်ယူမှုလုပ်ငန်းများ၊ ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု၊ စစ်ဆေးအကဲဖြတ်မှု၊ ပြန်လည်သုံးသပ်ထားသော သင်ကြားမှု စသည့်အရာတို့ကို ရည်ညွှန်းရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ အတွင်းရေးမှူးများ တင်ပြသောအချက်များကို အကျဉ်းချုပ်ပါ။ သင်ပုန်းပေါ်တွင် ရေးသားထားသော စာရင်းကို ရည်ညွှန်းပါ။

၂။ အချက်အလက်တစ်ခုစီကို သင်ယူမှုရလဒ်နှင့်ဖြစ်စေ၊ ထိုရလဒ်ကို ကျောင်းသားများ ရရှိလာပုံနှင့်ဖြစ်စေ ဆက်စပ်တွေးခေါ်စေရမည်။

- ဤနေရာတွင် ပညာရေးစိတ်ပညာ၏အဓိပ္ပာယ်ကို သူတို့နားလည်သလို ဖွင့်ဆို ရှင်းပြခြင်း။
- ပညာရေးစိတ်ပညာက သင်ယူမှုလုပ်ငန်းများအတွက် မည်သို့ ပံ့ပိုးပေးနိုင်သည်ကို နားလည်ခြင်း။
- ပညာရေးစိတ်ပညာကို နားလည်ခြင်း မရှိလျှက်နှင့်ပင် သူတို့ကိုယ်ပိုင် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တို့ကို မည်ကဲ့သို့မြှင့်တင် တိုးတက်အောင်ပြုတတ်ခြင်း။ ဤရည်ရွယ်ချက်များကို ကျောင်းသားပေါက်မြောက်ရရှိလာပုံ ပါဝင်စေရမည်။

၃။ ရှာဖွေတွေ့ရှိထားသော အချက်အလက်များနှင့် အုပ်စုလုပ်ငန်းတို့ကို ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် ဆက်စပ်တတ်စေခြင်း၊ အထူးအားဖြင့် အောက်ပါ တတ်ကျွမ်းမှုတို့ဖြင့် ဆက်စပ်စေမည်။

- (က) ၁.၁ ကျောင်းသားများ၏အသက်အရွယ်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို (ဖော်ပြသောပညာရေးသီအိုရီ အမျိုးမျိုးတို့ကို) နားလည်သဘောပေါက်ကြောင်း ပြသသည်။
- (ဃ) ၂.၁ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ ရရှိလာခြင်းဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်လာစေသည်။

## ၈.၁.၂။
## ‘နားလည်ခြင်း’ ဖြစ်ပေါ်လာပုံကို သဘောပေါက်နားလည်ခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပညာရေးစိတ်ပညာ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင်စကားလုံးများဖြင့် အဓိပ္ပာယ် ဖွင့်ဆိုတတ်မည်။
- ပညာရေးစိတ်ပညာက သင်ယူမှုသင်ကြားမှုနှင့် စပ်လျဉ်းသည့် အသိပညာများကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင်ကြောင်း ရှင်းပြတတ်မည်။
- သင်ကြားမှုသင်ယူမှုများ၌ ထင်ဟပ်နေသော ပညာရေးစိတ်ပညာ၏ သဘောသဘာဝကို လေ့လာ၍ ထိုသဘောသဘာဝကို သင်ကြားမှု ထိရောက်အောင်မြင်ရေး၌ မည်သို့ အသုံးပြုနိုင်ကြောင်း စူးစမ်း လေ့လာတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၂.၁။ ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာ မှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘော ပေါက်ကြောင်းပြသသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-စုံ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်သင်ယူခဲ့သော အတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၈.၁.၁) နှင့် (၈.၁.၂) တို့ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** သင်ယူမှုလုပ်ငန်း (၁) အတွက် အသုံးပြုရန် သတင်းစကားများ ရေးသားထားသော စာရွက်ပိုင်းများ၊ ကားချပ်ကြိုး၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှု လုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ လက်တွေ့လုပ်ဆောင်ခြင်း (၁၅ မိနစ်)**

၁။ ကျောင်းသားကိုင်စာအုပ်ထဲမှ နားလည်မှုဖြစ်ပေါ်လာပုံကို နားလည်ခြင်းသင်ခန်းစာကို ကျောင်းသားများအား ဖတ်စေမည်။

၂။ အတန်းကို အုပ်စုငယ်များအဖြစ်ဖွဲ့ပါ။ တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦး သို့မဟုတ် (၆) ဦး ပါဝင်စေရမည်။ အုပ်စုငယ်များအား အတန်းကျောဘက်နံရံကို မျက်နှာမူစေလျက် ရှေ့နောက် တစ်ဦးစီ တန်းစီရပ်ခိုင်းပါ။ အုပ်စုတစ်ခုသည် အတန်း (တစ်ယောက်တန်း တန်းစီလျက်) တစ်တန်းဖြစ်မည်။

၃။ ထိုအုပ်စုအတန်း (line) တစ်တန်းစီ၏ ထိပ်ဆုံး၌ ရောက်နေသည့် ကျောင်းသား တစ်ဦးစီထံတွင် စာရွက်တစ်ရွက်နှင့် မာကာတို့ ရှိရမည်။ သူတို့ မှတ်စုစာအုပ်ထဲမှ ယူနိုင်သည်။

၄။ အုပ်စုတစ်ခုစီ၏ အုပ်စုတန်းမှ နောက်ဆုံးသို့ ရောက်နေသည့် ကျောင်းသားတစ်ဦးစီအား သတင်းစကား ရေးထားသည့် စာရွက်ပိုင်းတစ်ပိုင်းစီကို ဆရာက ပေးရမည်။ ထိုကျောင်းသားက သူဖတ်ထားသော သတင်းစကားထဲတွင် ပါဝင်သော စကားလုံးများကိုဖတ်ပြီး သူ့ရှေ့ကပ်လျက် ရပ်နေသော ဒုတိယကျောင်းသား၏ နားအနီးသို့ကပ်၍ တီးတိုးပြောစေရမည်။

၅။ ထို့နောက် ထိုကျောင်းသားက ၎င်းရှေ့က ကပ်လျက်ရပ်နေသော တတိယကျောင်းသား၏ နားအနီးသို့ကပ်၍ မိမိကြားထားသည့် သတင်းစကားကို ထပ်ဆင့်ပြောကြားရမည်။ ဤနည်းအားဖြင့် အုပ်စုအတန်းနောက်ဆုံးမှ ကျောင်းသားထဲသို့ သတင်းစကားကို ဆင့်ကဲဆင့်ကဲ နှုတ်တိုက် သယ်ဆောင်စေရမည်။ အတန်းထိပ်ဆုံးမှ ကျောင်းသားထံသို့ သတင်းစကား ရောက်ရှိလာသောအခါ ထိုကျောင်းသားက မိမိကြားရသော သတင်းစကားကို စာရွက်ပေါ်၌ ရေးသားရမည်။

၆။ ကျောင်းသားများအနေနှင့် သတင်းစကားကို နှုတ်တိုက်သယ်ဆောင်ရာတွင် တစ်ဦးထံမှ နောက်တစ်ဦးထံသို့ တီးတိုးပြောရာ၌ တစ်ကြိမ်တည်းသာပြောရမည်။ ကြားရသည်တို့ကို အပြည့်အစုံ နားမလည်လျှင်လည်း ကြားလိုက်သည့်အတိုင်း နောက်တစ်ဦးကို တီးတိုး ပြောစေရမည်။

၇။ အုပ်စုတစ်ခုစီမှ ရေးထားသော သတင်းစကားစာရွက်များကို စုဆောင်းကောက်ယူပါ။

**နမူနာပြသတင်းစကား**

**သတင်းစကားအမှတ် (၁)**

မနက်ဖြန်ကျောင်းလွှတ်ချိန်ကျရင် လူတိုင်းကို ရေခဲမုန့်အလကားကျွေးမယ်။

**သတင်းစကားအမှတ် (၂)**

အရင်တစ်ပတ်တုန်းက ကလေး (၂) ယောက်ပျောက်သွားတယ်။ တစ်ယောက်က (၉) နှစ်၊ နောက်တစ် ယောက်က (၁၁) နှစ်။ သူတို့မပျောက်ခင် ရန်ကုန်က ဒဂုံမြို့ထဲမှာ နောက်ဆုံး မြင်လိုက်သေးတယ်။ သူတို့ကို တွေ့ခဲ့ရင် သက်ဆိုင်ရာ ဒေသခံရဲစခန်းကို အကြောင်းကြားပေးပါ။

## သတင်းစကားအမှတ် (၃)

'မြန်မာနိုင်ငံ ပွင့်လင်းသုတေသန' ဖောင်ဒေးရှင်းက ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ပဋိဇီဝဆေး တစ်မျိုးရဲ့ ကာကွယ်နိုင်စွမ်း သက်ရောက်မှုတွေအပေါ် စမ်းသပ်တဲ့သုတေသန စီမံချက်တစ်ခုကို ငှက်ဖျားရောဂါ အဖြစ်များတဲ့ ဒေသတွေမှာပြုလုပ်ဖို့ ပံ့ပိုးကူညီခဲ့ပါတယ်။ သပိတ်ကျင်းမြို့နယ် ချောင်းကြီးရွာနဲ့ မီလန်ရွာ နှစ်ရွာမှာ ပြုလုပ်ခဲ့တယ်။

ဆရာက ဤသတင်းစကား (၃) မျိုးကို ကျောင်းသားများ၏ ဘဝနောက်ခံ အကြောင်းအရာများနှင့် ဆီလျော်အောင် ပြင်ဆင်ဖြည့်စွက်တည်းဖြတ်၍ အပြောင်းအလဲပြုလုပ်နိုင်သည်။ ဤသို့ပြုလုပ်ရာ ဆရာက သတိပြုသင့်သည်မှာ သတင်းစကားတစ်ခုနှင့်တစ်ခုသည် အတိုအရှည်ကွာခြားသင့်သည်။ ထို့အပြင် ပါဝင်သော အချက်အလက်များ၏ ရှင်းလင်းမှု၊ ရှုပ်ထွေးမှုနှင့် အကြမ်းဖျင်း၊ အသေးစိတ်အကြောင်းအရာများ ထည့်သွင်းမှုမှာ ကွာခြားစေရမည်။ သတင်းစကားအမှတ် (၃) တွင် အသေးစိတ် အချက်အလက်များ၊ မြို့အမည်၊ အဖွဲ့အစည်း အမည်များ၊ ပါဝင်လာရာ မှတ်မိရန်နှင့် သတင်းစကားလုံး ဆက်လက်သယ်ဆောင်ရန် ခက်ခဲနိုင်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းစဉ်ပြီးဆုံးသွားအခါ ကျောင်းသားများ ဆွေးနွေးကြရမည်။ ဆွေးနွေးရာတွင် မိမိကိုယ်တိုင် အကဲဖြတ်စစ်ဆေးခြင်းနှင့် အချင်းချင်းအကဲဖြတ်စစ်ဆေးခြင်းကိုလည်း ဆောင်ရွက်ကြရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤလုပ်ငန်းသည် ပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းတစ်ခုဖြစ်သော်လည်း တစ်ခါတစ်ရံ မကျေနပ်မှု အသံများလည်း ထွက်ပေါ်လာတတ်သည်။ 'ရှင်းအောင်ပြောပါ' သို့မဟုတ် 'အဲဒီစကားကို မကြားလိုက်ဘူး' စသည်တို့ ဖြစ်သည်။

ဤမကျေမနပ်တုံ့ပြန်မှုအားလုံးသည် ဆွေးနွေးရန် အခြေခံအချက်များဖြစ်ကြသည်။ ထိုသို့ ဆွေးနွေးရာမှ သင်ကြားသင်ယူမှုတွင် ဆက်စပ်နေသည့်အရာများကို သိရှိလာမည်ဖြစ်သည်။

ထိုအရာများက သင်ကြား/ သင်ယူမှုနှင့် မည်သို့ဆက်စပ်ပုံကို ဆွေးနွေးရမည်။ ထိုအရာများမှာ အကြောင်းအရာရှင်းလင်းမှု၊ သတင်းစကား၏ ရှေ့နောက်ဆက်စပ်ညီညွတ်မှုနှင့် ပြောဆိုဆက်သွယ်မှုပုံစံ စသည်တို့ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဆွေးနွေးခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားများအား အုပ်စုလိုက်ဝိုင်းထိုင်စေပြီး ကျောင်းသားကိုင်စာအုပ်ထဲမှ မေးခွန်းများကို ရည်ညွှန်း၍ ဆွေးနွေးစေရမည်။

- မူရင်းသတင်းစကားနှင့် မိမိရရှိသောသတင်းစကားတို့ကို နှိုင်းယှဉ်ပါ။ မည်မျှအထိ တိကျစွာ တူညီမှုရှိပါသလဲ။
- တစ်ဦးထံမှ တစ်ဦးထံသို့ ပြောကြားလိုက်ရာတွင် သတင်းစကားပါ အချက်အလက်တို့တွင် အချို့က မပြောင်းလဲဘဲ မူရင်းအတိုင်းရှိမည်။ မည်ကဲ့သို့ မပြောင်းလဲနိုင်အောင် ဆောင်ရွက်ထားသနည်း။ ပြောင်းသွားခဲ့လျှင်လည်း မည်သည့်အချက်က ပြောင်းလဲစေခြင်းဖြစ်သနည်း။
- အုပ်စုတိုင်းမှ ရရှိထားသော နောက်ဆုံးသတင်းစကားသည် မူရင်းအတိုင်း တူညီမှုရှိပါသလား။ မည်သည်တို့က တူညီပြီး မည်သည်တို့က ခြားနားသနည်း။
- မူရင်းသတင်းစကားကို မပြောင်းလဲဘဲ ထပ်တူကျအောင် မည်သည်က အထောက်အကူပြုနိုင်ဖွယ် ရှိသနည်း။

၂။ အုပ်စုတစ်ခုစီတွင် မှတ်စုရေးရန် အတွင်းရေးမှူးတစ်ဦးစီ သတ်မှတ်ရွေးချယ်ထားပါစေ။

၃။ အုပ်စုတစ်ခုစီမှ အတွင်းရေးမှူးတစ်ဦးစီအား ၎င်းတို့တွေ့ရှိဆွေးနွေးချက်များထဲမှ အချို့တို့ကို အတန်းသို့ ပြန်လည်သတင်းပို့ပါစေ။

၄။ အုပ်စုများ၏ အတွေ့အကြုံများနှင့် စိတ်ကူးစိတ်သန်းများကို သင်ပုန်းပေါ်၌ အကျဉ်းချုပ်ရေးသား မှတ်တမ်းတင်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

တွေ့ရှိချက်များ၊ အဖြေနှင့် အဆိုမှုကြမ်း/ယေဘုယျ အဆိုပြုချက်များ (hypotheses) များကို သင်ယူစဉ်စစ်ဆေးခြင်းအဖြစ် စစ်ဆေးအကဲဖြတ်ပါ။ ကျောင်းသားများထံမှ အဆိုပြုချက် အမျိုးမျိုးတို့ ပေးလာလျှင် တန်ဖိုးထားပါ။ ထိုအဆိုပြုချက်များသည် တွေ့ရှိချက်၊ မှန်ကန်ချက်များ အပေါ် အခြေပြုထားပြီး အဓိပ္ပာယ်ပြည့်ဝလျှင် လက်ခံပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သတင်းစကားကို မူရင်းအတိုင်း မပြောင်းလဲဘဲ တည်ရှိစေနိုင်မည့်အခြေအနေ အချက်အလက်တို့ကို ရည်ညွှန်းရန် သတိပြုသင့်သည်။ သတင်းစကားတစ်ခုကို အောင်မြင်စွာသယ်ဆောင်နိုင်ရန် လိုအပ်ချက်တို့ကို ရည်ညွှန်းလေ့လာရမည်။ ထိုအချက်များထဲတွင် ဆူညံမှုအတိုင်းအတာ၊ အာရုံစူးစိုက်မှု၊ အသံကြည်လင် ပြတ်သားမှု၊ ဝေါဟာရအဓိပ္ပာယ်နားလည်မှု ရှေ့နောက်ဝန်းကျင် စပ်ဟပ်ညီညွတ်မှုနှင့် ခန့်မှန်းတွက်ဆနိုင်မှု သို့မဟုတ် ကျိုးကြောင်းဆီလျော်စွာ ခန့်မှန်းတတ်မှု တို့ပါဝင်ပြီး ထိုအချက်များကို ကျောင်းသားများအနေနှင့် ရှာဖွေဖော်ထုတ်နိုင်စွမ်း ရှိသင့်သည်။

အခြားအချက်အလက်များတွင် ညွှန်ကြားမှု (သင်ကြားမှု) အတွက် အသုံးပြုသော ဘာသာစကားကို နားလည်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအချက်သည် အားလုံးအကျုံးဝင်ပညာရေးနှင့် မိခင်ဘာသာစကားအခြေပြု၍ အခြားဘာသာစကားမျိုးစုံသုံးသော ပညာရေးတွင်လည်း အကျုံးဝင်သည်။ ဘာသာစကားမျိုးစုံ သုံးစွဲခြင်းကို ဒေသခံတို့နှင့်ဆီလျော်သော ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်တွင် တွေ့ရှိလေ့လာရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ဘာသာစကားဆိုသည်မှာ သတင်းအချက်အလက်တစ်ခုကို လူတစ်ဦးထံမှ အခြားတစ်ဦး ထံသို့ လက်ဆင့်ကမ်း ပို့ဆောင်ပေးနိုင်သည့် သင်္ကေတတစ်မျိုးဖြစ်ကြောင်းကို ကျောင်းသားတို့သိရှိအောင် ပြောပြပါ။ ဦးနောက်ထဲတွင် သတင်းစကား/ အချက်အလက်တစ်ခုရှိသူ (ပို့ဆောင်သူ) က ထိုသတင်းစကားကို စကားလုံးအသွင်ဖန်တီးပြီး

နှုတ်မှဖွင့်ဟကာစကားလုံးများကို နှုတ်ထွက်စကားအဖြစ် အသံထွက်ပြီး ပြောလိုက်ခြင်းဖြင့် လက်ခံရယူသူ (အခြားတစ်ဦး) က ထိုစကားလုံးများကို နားဖြင့် ကြားရသည်။ လက်ခံသူ၏ နားများက ၎င်းတို့လက်ခံရရှိထားသော အသံလှိုင်းများကို ဦးနှောက်သို့ ပို့ဆောင်ပေးသည်။ ဦးနှောက်က ထိုအသံလှိုင်းတွင်ပါဝင်သည့် သတင်းစကားကို အဓိပ္ပာယ်ဖော်ပေးလိုက်ရာမှ ပီပြင်သော၊ အဓိပ္ပာယ်ပြည့်ဝသော၊ သတင်းစကားတစ်ခု ပေါ်ပေါက်လာရသည်။

၂။ ဤအချက်နှင့် ကျောင်းသားတို့ ပါဝင်ဆောင်ရွက်ခဲ့သော လက်တွေ့လုပ်ဆောင်မှုလုပ်ငန်းသည် ဆရာ့တတ်ကျွမ်းမှုစံသတ်မှတ်ချက်ပါ အချက်အလက်များကို သရုပ်ပေါ်လွင်စေကြောင်းကို မှတ်သားသင့်သည်။

- (က) ၁.၁ ကျောင်းသားများ အသက်အရွယ်အလိုက် မည်သို့သင်ယူတတ်ကြောင်းပြသည့် (သီအိုရီ အမျိုးမျိုး) တို့ကို နားလည်ကြောင်းပြသသည်။
- (ဃ) ၁.၁ မိမိသင်ကြားမှုကို ပြန်လည်သုံးသပ်ရန် ကျောင်းသားများ၏ သင်ယူမှုတိုးတက်ခြင်း/ ဆုတ်ယုတ်ခြင်းတို့ကို သက်သေအဖြစ်အသုံးပြုသည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ စာဖတ်ခြင်းနှင့် ဆွေးနွေးခြင်း (၃၅ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ်ပါ 'ဆင်တစ်ကောင်နှင့် မျက်မမြင်များ' အကြောင်းကို ကျောင်းသားများအား ဖတ်ရှုစေမည်။

၂။ နှစ်ယောက်တစ်တွဲစီဖတ်စေပြီးနောက် စာအုပ်ပိတ်ကာ ပြန်လည်စဉ်းစားရန်အချိန် (၅) မိနစ် ပေးမည်။

၃။ ကျောင်းသား (၂) ဦး၊ (၃) ဦးခန့်ကို အမည်ခေါ်၍ ပုံပြင်ကို အကျဉ်းချုပ်ပြောပြစေမည်။

၄။ နောက်ဆက်တွဲမေးခွန်းများဖြေဆိုရန် ကျောင်းသားများကို မှာကြားပါ။ မိမိတို့အဖြေများကို ပထမဦးစွာ မှတ်စုထုတ်ပါစေ။

၅။ အဖြေများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေရမည်။

၆။ အတန်းထဲ၌ အဖြေအမျိုးမျိုးတို့ကို ဆွေးနွေးပါ။ ကျောင်းသားအရေအတွက် များနိုင်သမျှ များများ ပါဝင်ဆွေးနွေးပါစေ။ ခြားနားသော အတွေးအမြင်များနှင့် အတွေ့အကြုံများကို ဆွေးနွေးနိုင်မည့် သင်ယူမှု အခွင့်အလမ်းကိုအသုံးပြုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ပုံပြင်အကြောင်းနားလည်မှုနှင့် ပုံပြင်ကပေးလိုသော စာရိတ္တဆိုင်ရာ သင်ခန်းစာကို နားလည်မှုတို့ကို ဆရာကအကဲဖြတ်နိုင်စွမ်းရှိရမည်။ ထိုသို့စစ်ဆေးအကဲဖြတ်နိုင်ရန် သူတို့၏ ပုံပြင်အကျဉ်းချုပ် ပြန်လည်ပြောပြမှုကို အကဲဖြတ်ပါ။ ကျောင်းသားအချင်းချင်းလည်း ဤသို့ အကဲဖြတ်နိုင်သည်။

ဆက်လက်ဆွေးနွေးခြင်းသည် မိမိကိုယ်တိုင် စစ်ဆေးအကဲဖြတ်မှုအတွက် အကျိုးပြုသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ သူတို့အား မေးထားသောမေးခွန်းမှာ 'တစ်ခုလုံးကို ခြုံငုံသိမြင်ခြင်း' အတွေ့အကြုံကို စဉ်းစားစေခြင်းဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပုံပြင်အကျဉ်းချုပ် ပြန်လည်တင်ပြခြင်းကို နှစ်ယောက်တစ်တွဲဖြစ်စေ၊ တစ်တန်းလုံးဖြစ်စေ အတိုင်းအတာ (၂) မျိုးအားဖြင့် ကျောင်းသားများအား ဆောင်ရွက်စေရမည်။ နောက်ဆက်တွဲ မေးခွန်းများအတွက် ဖြေကြားပေးသော အဖြေများသည် သူတို့အတွေ့အကြုံပေါ် မူတည်၍ အမျိုးမျိုးကွဲပြားမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ တစ်စုံတစ်ခုကို (ကြည့်ရှု) လေ့လာရန်နှင့် နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့လူသားတို့ ကျွန်ုပ်တို့၏အာရုံခံနိုင်စွမ်းအပေါ် မည်မျှအတိုင်းအတာအထိ အမှီပြုမှုတည်တတ်ကြောင်းကို ကျောင်းသားများနှင့် ဆွေးနွေးပါ။ အမြင်၊ အကြားအာရုံချို့တဲ့သူများနှင့် သင်ယူနိုင်စွမ်း ချို့တဲ့သူများအတွက်ပါ စဉ်းစားစေခြင်းဖြင့် သူတို့စဉ်းစားမှုကို စိန်ခေါ်ပါ။

၂။ လက်တွေ့သင်ကြားရေးတွင် တပည့်ကလေးငယ်များ တွေ့ရှိရင်ဆိုင်ရဖွယ်ရှိသော အခက်အခဲနှင့် စိန်ခေါ်မှုများကိုပြောပြရန် ကျောင်းသားများအားမေးပါ။ ထိုစိန်ခေါ်မှုများကို မည်သို့ ကိုင်တွယ် ဖြေရှင်းပေးမည်နည်း။

၃။ နောက်ဆုံးအဆင့်၌ သင်ခန်းစာပြင်ဆင်မှုအပိုင်းတွင် မိမိကျောင်းသား တပည့်များ၏ လိုအင်အသီးသီးကို ဖြည့်ပေးနိုင်ပြီး သူတို့နားလည်မှုအတွက် အထောက်အပံ့ဖြစ်စေရန် မည်သို့ ပြုပြင် ညှိယူနိုင်မည်ဆိုသည့် အကြံပြုချက်များကို ပေးစေသည်။ ဤနေရာတွင် အသေးစိတ် အချက်အလက်များ ပေးရန်မလိုပါ။ ဤခေါင်းစဉ်ကို အခန်း (၉) တွင် အကျယ်တဝင့် လေ့လာနိုင်သည်။

## တတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၄။ စာဖတ်ခြင်း၊ ဆွေးနွေးခြင်း (မိနစ် ၃၀)

၁။ 'သတင်းစကား သတင်းအချက်အလက်တစ်ခုကို အမြင်အာရုံအားဖြင့် သယ်ဆောင်ခြင်း' အကြောင်းအရာကို ကျောင်းသားများအားဖတ်စေ၍ ပေးထားသောပုံများကို ကြည့်ရှုစေရမည်။ သူတို့မြင်ရသည်တို့ကို မှတ်စု၌ ရေးစေမည်။ ဤလုပ်ငန်းဆောင်ရွက်ရန် အချိန်အနည်းငယ်မျှသာ ပေးရမည်။ စာဖတ်ချိန်မရအောင် တားဆီးရန်ဖြစ်သည်။ သို့မှသာ ပုံကိုကြည့်၍ အမြင်အာရုံသက်သက်ဖြင့် သတင်းစကား/ အချက်အလက်ကို သယ်ဆောင်မှု ပီပြင်စေမည်။

၂။ ပရိုဂျက်တာ (ရုပ်ရှင်ပြစက်) တစ်ခု ရရှိအသုံးပြုနိုင်ပါက ရုပ်ပုံများကို စာအုပ်ထဲတွင် ကြည့်စေမည့်အစား ပရိုဂျက်တာတွင်တင်၍ ပြသနိုင်သည်။

၃။ နောက်ဆက်တွဲမေးခွန်းများကို ဖြေရန်ကျောင်းသားများကို ညွှန်ကြားပါ။ ပထမ သူတို့အဖြေများကို မှတ်စုထုတ်ထားရန် ပြောပါ။

၄။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲစေ၍ သူတို့အဖြေများကို ဆွေးနွေးစေရမည်။

၅။ အဖြေအမျိုးမျိုးတို့ကို အတန်းထဲတွင် ဆွေးနွေးပါ။ ကျောင်းသားအရေအတွက် များနိုင်သမျှ များများကို ပါဝင်ဆွေးနွေးစေသင့်သည်။ ခြားနားသောစိတ်ကူးများနှင့် အတွေ့အကြုံများကို ဆွေးနွေးနိုင်မည့် အခွင့်အလမ်းကိုသုံးတတ်စေရန် ဆရာက ဆောင်ရွက်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

နောက်ဆက်တွဲမေးခွန်းများသည် မူလအားဖြင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း လေ့ကျင့်ခန်း အတွက် ရည်ရွယ်ထားသည်။ ထိုမေးခွန်းများကို ဖြေရာတွင် သူတို့ကိုယ်ပိုင် အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားနိုင်လာသည်။ ရှုထောင့်အမျိုးမျိုးမှ တွေ့လာနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ကျောင်းသားတို့၏ နားလည်မှုနှင့် အတွေ့အကြုံများသည် အရေးပါလှသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အတွေ့အကြုံပေါ်မူတည်၍ အဖြေအမျိုးမျိုးရမည်။ အချို့သောကျောင်းသားများသည် ရှုထောင့် အမျိုးမျိုးမှ စဉ်းစားသုံးသပ်ကာ တွေ့ကြုံလာရသော အခက်အခဲများနှင့် တစ်သီးတစ်ခြားစီ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းအချို့ကိုပင်အကြံပြုတတ်ကြမည် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (မိနစ် ၂၀)

၁။ စာသင်ချိန် (၃) ချိန်စာကြာသော ဤသင်ခန်းစာကို အောက်ပါအချက်အလက်များအား ဆွေးနွေးခြင်းဖြင့် ပြန်လည်တင်ပြနိုင်သည်။

- ဤသင်ခန်းစာမှ ရရှိသော အတွေ့အကြုံများကို သင်ယူမှု သင်ကြားမှုလုပ်ငန်းတွင် မည်သို့ အသုံးချနိုင်ပါသနည်း။
- ဤအတွေ့အကြုံကို အခြေခံ၍ ဆရာတစ်ဦးအနေနှင့် ကျောင်းသားများအား သင်ကြားပေးရာတွင် သင်ကြားပေးလိုက်သော အကြောင်းအရာ အချက်အလက်တို့ကို ကျောင်းသားများ ကောင်းစွာ နားလည်နိုင်စေရေးအတွက် သတင်းအချက်အလက် သယ်ဆောင်ရေးလုပ်ငန်းတွင် အပြောင်းအလဲအချို့ ပြုလုပ်ရန် စဉ်းစားမိခြင်း ရှိပါသလား။

၂။ ကျောင်းသားများ၏ တုံ့ပြန်မှုများ (အဖြေများ) သည် အမျိုးမျိုးကွဲပြားမည့်အပြင် တစ်ဦးစီ၏ အယူအဆအပေါ် ရပ်တည်ချက်အမျိုးမျိုး ရှိကြမည်။ အဖြေများကို မှား/ မှန် မဆုံးဖြတ်ပါနှင့်။ ပြင်ပေးခြင်းလည်း မပြုပါနှင့်။ အဓိကအချက်မှာ ကျောင်းသားများအချင်းချင်းကြား

မတူညီသော အဖြေများကို စိတ်ပါဝင်စားစွာ ဆွေးနွေးရန် အားပေးပါ။ ဤအခန်း သင်ယူပြီးဆုံးချိန်တွင် ကျောင်းသားများသည် ပညာရေးစိတ်ပညာကို သူတို့၏ သင်ကြားရေးလုပ်ငန်း၌ မည်သို့ အသုံးပြုမည်ကို ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုနိုင်သည်အထိ နားလည်သဘောပေါက်မှုများ တိုးပွားလာမည် ဖြစ်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ သတင်းစကား/အချက်အလက် (၃) ခုကို ကျောင်းသားများ၏ စိတ်တွင် မှတ်သားစေပြီး မှတ်မိသမျှကို မှတ်စုစာအုပ်ထဲတွင် ချရေးစေခြင်းဖြင့် ကျောင်းသားတို့၏ မှတ်မိနိုင်စွမ်း အရည်အချင်းကို စမ်းသပ်စစ်ဆေးပါ။ အချို့ကျောင်းသားများသည် အသေးစိတ်အချက်အလက်များကို မှတ်မိနိုင်ရန် ခက်ခဲပြီးအချိန်ပို၍ ယူရသည်။ ဤအချက်ကို အခြေခံပြီး ရေတိုမှတ်ဉာဏ်၊ ရေရှည်မှတ်ဉာဏ်နှင့် အချက်အလက်များကို မှတ်မိအောင် ထိန်းသိမ်းထားနိုင်ခြင်းအကြောင်းတို့ကို အချိန်တိုအတွင်း အကျဉ်းမျှဆွေးနွေးကာ စကားဝိုင်းဖွဲ့ပေးနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ဤပုံပြင်တွင် မူကွဲများစွာရှိပြီး ယင်းတို့ကို အွန်လိုင်း[၆]၌ အချိန်တိုတိုအတွင်း ရှာယူနိုင်သည်။ ကျောင်းသားများအား ထိုပုံပြင်မူကွဲအမျိုးမျိုးကို ရှာဖွေဖတ်ရှုစေပြီး တစ်ခုနှင့်တစ်ခု အကြား တင်ပြပုံ တင်ပြနည်းပုံစံနှင့် အနက်အဓိပ္ပာယ် ကောက်ယူပုံ ကောက်ယူနည်းတို့တွင် ခြားနားကြပုံကို ခွဲခြမ်းစိတ်ဖြာလေ့လာစေမည်။

[၆] https://en.wikipedia.org/wiki/Blind_men_and_an_elephant

### ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပညာရေးစိတ်ပညာ၏အဓိပ္ပာယ် ဖွင့်ဆိုချက်အနှစ်ချုပ်ကို ဖော်ပြပါ။

***အဖြေ။*** *အဖြေအမျိုးမျိုး ကွဲပြားနိုင်မည်။ သို့ရာတွင် အဖြေများ၌ ပညာရေးစိတ်ပညာတွင် လူတို့ မည်သို့ သင်ယူတတ်ကြပုံနှင့် အကြောင်းအရာ/ အချက်အလက်အသစ်တို့ ရရှိလာသောအခါ မည်သို့သိုမှီးထိန်းသိမ်းတတ်ကြပုံတို့ ပါဝင်ကြောင်းကို ထည့်သွင်းဖြေဆိုသင့်သည်။*

**မေးခွန်း ၂။** သင်ခန်းစာ (၈.၁.၂) ၏ စာသင်ချိန် (၃) ချိန်တွင် စူးစမ်းလေ့လာခဲ့သော သင်ယူမှုလုပ်ငန်း (၃) ခု (သတင်းစကား၊ ပုံပြင်နှင့် ရုပ်ပုံများ) တို့၏နောက်ကွယ်မှ ပေးလိုသောအနှစ်သာရ အမှာစကားမှာ အဘယ်နည်း။

***အဖြေ။*** *အနှစ်ချုပ်ပေးလိုသော/ခြုံငုံအမှာစကားမှာ အသိပညာရရှိခြင်းနှင့် ထိုအသိပညာကို လိုအပ်သည့်အခါ၌ အသုံးပြုတတ်ခြင်းတို့သည် အလွန်ရှုပ်ထွေးသော (စိတ်ပိုင်းဆိုင်ရာ) ဖြစ်စဉ်များ ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့ရရှိလာသော အကြောင်းအရာ (သို့မဟုတ်) အချက်အလက်များကိုပင် အခြားသူတို့က ကျွန်ုပ်တို့အမြင်နှင့် ခြားနားစွာ ရှုမြင်တတ်ကြကြောင်းတို့ဖြစ်ပါသည်။*

# ၈.၂။ ပညာရေးစိတ်ပညာ ယခင်နှင့် ယခု

## ၈.၂.၁။ ပညာရေးစိတ်ပညာ၏ အဓိကကျသော အတွေးအမြင်/ရှုထောင့်များ

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်ကို သိရှိဖော်ပြတတ်မည်။
- ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်တွင် ပါဝင်သည့် အရေးပါသော စိတ်ကူးစိတ်သန်း အယူအဆများကို ဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်**။ မိနစ် (၅၀) စီကြာသော စာသင်ချိန် (၄) ချိန်

**သင်ယူမှုနည်းလမ်းများ။** သင်ယူမှုဌာနများ၊ တစ်ဦးချင်းစီ (သို့မဟုတ်) အုပ်စုငယ် သုတေသနပြုမှု တွေး-တွဲ-မျှဝေခြင်း တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး စာဖတ်ခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်ကသင်ယူမှု အတွေ့အကြုံကို ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင် စာအုပ်ထဲမှ သင်ခန်းစာ (၈.၂.၁) နှင့် (၈.၂.၂) တို့ကို ဖတ်ပါ။ ပညာရေးသဘောတရား/ ပညာရေးစိတ်ပညာ ကျောင်းသားကိုင်စာအုပ်များကို ကျောင်းသားများအား ပေးထားပါ။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်များ၊ အင်တာနက်သုံးစွဲနိုင်မှု၊ ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်မှ စတုတ္ထစာသင်ချိန်အထိ

### သင်ယူမှုလုပ်ငန်း ၁။ စီမံချက်လုပ်ငန်း (စာသင်ချိန် ၁ ချိန်မှ ၄ ချိန်အထိ)

၁။ ကျောင်းသားကိုင်စာအုပ်တွင်ပါသော (၈.၂.၁) သင်ခန်းစာမိတ်ဆက်ခြင်းအပိုင်းနှင့် ‘ပညာရေးစိတ်ပညာ ယခင်နှင့် ယခု’ အပိုင်းတို့ကို ကျောင်းသားများအား ဖတ်ရှုလေ့လာစေမည်။

၂။ အတန်းကို အုပ်စု (၄) စု ခွဲပါ။ အုပ်စုတစ်ခုစီကို အောက်ပါ သင်ယူမှုဌာနတစ်ခုစီ၌ လေ့လာစေရမည်။

- အပြုအမူဆိုင်ရာရှုထောင့်
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် ဆိုင်သောရှုထောင့်
- သိမှုဆိုင်ရာရှုထောင့်
- အသိပညာတည်ဆောက်တတ်လာမှု ဆိုင်ရာရှုထောင့်

၃။ အုပ်စုတစ်ခုစီမှ ကျောင်းသားများကို (၃) ဦးတစ်အုပ်စုဖြစ်စေ၊ (၄) ဦးတစ်အုပ်စု ဖြစ်စေ၊ အလုပ်အမှုဆောင် အုပ်စုငယ်များအဖြစ်သို့ အသီးသီးထပ်မံခွဲခြားပါ။

၄။ စာသင်ချိန် (၄) ချိန်အတွင်း ထိုအုပ်စုငယ်များသည် သင်ယူမှုဌာနတစ်ခုစီကို စာသင်ချိန် တစ်ချိန်စာ အသုံးပြု၍ လေ့လာကြရမည်။ စာသင်ချိန် (၄) ချိန်အပြီးတွင် သင်ယူမှုဌာန (၄) ခုစလုံးအကြောင်းကို ကျောင်းသားများအားလုံး လေ့လာပြီးဖြစ်မည်။ သို့ရာတွင် (၈.၂.၂) တွင် တင်ပြဆွေးနွေးရာ၌ မိမိတို့ ဆွေးနွေးရမည့် ရှုထောင့်မှာ မိမိတို့ ပထမဦးဆုံးလေ့လာခဲ့သော ပညာရေးစိတ်ပညာဆိုင်ရာ သင်ယူမှုဌာနမှ ရှုထောင့်အမြင် ကိုသာ တင်ပြဆွေးနွေးရမည်။ ဆွေးနွေးတင်ပြရန်အတွက် ကျောင်းသားများသည် ရရှိထားသော စာအုပ်များအပြင် စာသင်ခန်းပြင်ပ၌ အပိုသုတေသန ဆောင်ရွက်ရန် လိုအပ်သည်။

၅။ အင်တာနက်သုံးစွဲနိုင်ပါက သုံးစွဲပါ။ သို့မဟုတ်ပါကလည်း လုပ်ငန်းပေးစာရွက်များတွင် ပိုမိုပြည့်စုံလာအောင် ကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများကိုပါ ထည့်သွင်း ရေးသားပါ။

၆။ ကျောင်းသားများ အုပ်စုအလိုက်လုပ်ငန်းဆောင်ရွက်နေစဉ် ဆရာက သူတို့ အနီးဝန်းကျင်တစ်ဝိုက်၌ လှည့်ပတ်ကာ သူတို့မေးသော မေးခွန်းများကို ဖြေပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သက်ဆိုင်ရာ စိတ်ပညာရှုထောင့် အသီးသီးအတွက် လုံလောက်ပြည့်စုံသော အကြောင်းအရာများ စုဆောင်းရရှိစေရန် အုပ်စုများနှင့် ကျောင်းသားတစ်ဦးချင်းစီကပါ စိတ်ပါလက်ပါ ဆောင်ရွက် နေခြင်းကို သေချာမှုရှိအောင် စီမံထားပါ။ သူတို့အား ကူညီပံ့ပိုးပေးရန်နှင့် ရှင်းလင်းပြရန်လည်း ဆရာက အသင့်ပြင်ထားပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကြိုတင်ပြင်ဆင်ချိန် (၄) ချိန်အတွင်း ကျောင်းသားများသည် ပညာရေးစိတ်ပညာ၏ အဓိက ရှုထောင့် (၄) ရပ် အကြောင်းကို သဘောပေါက်နားလည်လာပြီး တွေ့ရှိချက်များကို မှတ်တမ်း တင်ထားရမည်။ ဤလုပ်ငန်းတွင် ပါဝင်သည်တို့မှာ ဂရပ်ဖစ်ပုံများအသုံးပြု၍သင်ယူခြင်း

(အကြောင်းအရာဆက်သွယ်ပုံပြ ပုံကြမ်းများစသည်)၊ မှတ်စုထုတ်ခြင်း၊ စာရင်းပြုစုခြင်း၊ ဇယားများရေးဆွဲခြင်း၊ ရုပ်ပုံများသုံးခြင်းတို့ဖြစ်သည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း**

ကျောင်းသား (၃) ဦး သို့မဟုတ် (၄) ဦးပါဝင်ဖွဲ့စည်းထားသော လုပ်သားစုအဖွဲ့ငယ်များကို အရည်အချင်း စမ်းသပ်သည့်အနေဖြင့် ပညာရေးစိတ်ပညာရှုထောင့် အသီးသီးကြား တူညီမှု၊ ခြားနားမှုတို့ကို ရှာဖွေဖော်ထုတ် နိုင်းယှဉ်ပြစေမည်။ ထို့နောက် သူတို့၏ သင်ကြားမှုအလေ့အကျင့်ထဲသို့ မည်သည့်သဘောတရားရှုထောင့်တို့ကို ပေါင်းစပ်ထည့်သွင်းပေးနိုင်ကြောင်းကို ဆွေးနွေးစေရမည်။

## ၈.၂.၂။ ပညာရေးလုပ်ငန်းတွင်တွေ့ရသော စိတ်ပညာဆိုင်ရာ အတွေးအမြင်/ရှုထောင့်များ အကြောင်း ဆွေးနွေးခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်ကို သိရှိဖော်ပြတတ်မည်။
- ပညာရေးစိတ်ပညာ၏ အဓိကရှုထောင့် (၄) ရပ်တွင် ပါဝင်သည့် အရေးပါသော စိတ်ကူးစိတ်သန်း အယူအဆများကို ဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။
(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** သင်ယူမှုဌာနများ၊ တစ်ဦးချင်းစီ သို့မဟုတ် အုပ်စုငယ်အလိုက်ပြုသော သုတေသနဆောင်ရွက်မှု၊ တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုအလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်က သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၈.၂.၁) နှင့် (၈.၂.၂) တို့ကို ဖတ်ပါ။ ပညာရေးစိတ်ပညာ/ သဘောတရား ကျောင်းသားကိုင်စာအုပ်များ ပေးထားပါ။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်များ၊ အင်တာနက်သုံးစွဲနိုင်မှု၊ ကားချပ်ကြီးများ၊ မာကာများ၊ သင်ပုန်းများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။စီမံချက်လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ခြင်း (မိနစ် ၄၀)**

၁။ ပထမစာသင်ချိန်တွင် ကျောင်းသားများအား သူတို့တာဝန်ကျသည့် စိတ်ပညာရှုထောင့်မှ ဆွေးနွေးရန် အချက်အလက်များကို ပြင်ဆင်ချိန်ပေးရမည်။

၂။ ကျောင်းသားများကြိုတင်ပြင်ဆင်ရာတွင် သူတို့၏ သုတေသနတွေ့ရှိချက်များကို ပိုမိုကျစ်လျစ် ခိုင်မာအောင် ပြန်လည်စိစစ်ပြင်ဆင်ရေးသားရန်၊ ဆွေးနွေးတင်ပြမည့် အကြောင်းအရာများကို ပို၍သေးငယ်သော အစိတ်အပိုင်းအသီးသီးအဖြစ်သို့ ထပ်မံပိုင်းခြားရန်၊ ရုပ်မြင်သင်ထောက်ကူ (ကားချပ် စသည်များ) တို့ကို စနစ်တကျ ထားသိုပြင်ဆင်ရန်နှင့် ဟောပြောတင်ပြမှုကို အစမ်းလေ့ကျင့်ရန်တို့ကို ဆောင်ရွက်ကြရမည်။

၃။ လာမည့်စာသင်ချိန်တွင် အုပ်စု (၁) ခုစီက သူတို့ရထားသော စိတ်ပညာရှုထောင့်အကြောင်းကို ဟောပြောဆွေးနွေး တင်ပြရမည်ဖြစ်ကြောင်းကို ကျောင်းသားများအား ဆရာကပြောထားရမည်။ ဟောပြောတင်ပြခြင်းတစ်ခုအတွက် ရရှိမည့်အချိန်မှာ (၅) မိနစ်နှင့် (၁၀) မိနစ်အတွင်းသာ ဖြစ်ရမည်။ (၁၀) မိနစ်ထက်ပို၍ မကြာစေရပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများသည် သူတို့လုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ကာ အုပ်စုလှုပ်ရှားမှု အရှိန်အဟုန် မြင့်မားပြီး အလုပ်တွင်ကျယ် ထိရောက်ရန်အတွက် သေချာစွာစီမံပြင်ဆင်ပေးပါ။ သူတို့၏ ကနဦးသုတေသန ဆောင်ရွက်ပြီးသည့်အခါ သူတို့ဟောပြောတင်ပြမည့် အချက်အလက်တို့ကို စီစဉ်ပြင်ဆင်စေရမည်။ အုပ်စုဝင် ကျောင်းသားများအား အသီးသီး တာဝန်ခွဲဝေပေးရမည်။ ကျောင်းသားများအနေနှင့် သူတို့တင်ပြမှုတွင် ရုပ်မြင်သင်ထောက်ကူများ (ပန်းချီ၊ ရုပ်ပုံစသည်တို့) နှင့် အပြန်အလှန်အမေး/အဖြေပြုသည့် လုပ်ငန်းများကို ထည့်သွင်းရန် ရွေးချယ်တတ်လေ့ရှိသည်။ ဤသို့ဆောင်ရွက်ခြင်းသည် မူလအားဖြင့် ကျောင်းသားအချင်းချင်း အကဲဖြတ်သုံးသပ်မှုကို လေ့ကျင့်ရာရောက်စေသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကြိုတင်ပြင်ဆင်မှုအတွက် ရထားသောအချိန်အတောအတွင်း အုပ်စုများသည် မိမိတို့ တာဝန်ကျရာ ပညာရေးစိတ်ပညာ ရှုထောင့်တစ်ခုနှင့်ပတ်သက်၍ အကြောင်းအရာအပြည့်အစုံတို့ကို ရင်းမြစ်အမျိုးမျိုးတို့မှ ရှာဖွေစုဆောင်းထားပြီးနောက် ဟောပြောတင်ပြခြင်းလုပ်ငန်းအတွက် အဆင်သင့်အနေအထားသို့ ရောက်ရှိနေသင့်သည်။ ကျောင်းသားများအသုံးပြုမည့် တင်ပြပုံ တင်ပြနည်း

များသည် အမျိုးမျိုးကွဲပြားမည်။ မည်သို့ပင်ဖြစ်စေ တင်ပြရာ၌ အုပ်စုအဖွဲ့ဝင်ကျောင်းသားအား လုံးပါဝင်သင့်ပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် နည်းအမျိုးမျိုးတို့ကို သုံးကာ ဟောပြော တင်ပြသင့်သည်။

### ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၁၀) မိနစ်

စာသင်ချိန် အပြီးသတ်ခါနီး မိနစ်အနည်းငယ်အလိုခန့်တွင် အချို့အုပ်စုများမှ ကျောင်းသားများအား သူတို့၏ ရပ်တည်ချက်ကို အကျဉ်းတင်ပြရန် ဆရာကပြောမည်။ တင်ပြရန်အဆင်သင့် ဖြစ်နိုင်ခြေ ရှိပါသလား။ သူတို့အနေနှင့် ပြင်ဆင်ရန် အချိန်ထပ်မံလိုအပ်လာတတ်သည်။ ထိုအခါမျိုးတွင် သူတို့ပြင်ဆင်မှု အပြီးသတ်နိုင်ရန် ကိုယ်တိုင်သင်ယူလေ့လာရန် အချိန်တစ်ခုကို စီစဉ်ဆောင်ရွက် ပေးရမည်။

**ရပ်တန့်ပါ။ စဉ်းစားပါ။**

ကျောင်းသားအုပ်စုများ အားလုံးတို့ လုပ်ငန်းဆောင်ရွက်ရာတွင် အုပ်စုတစ်ခုနှင့်တစ်ခုအကြား လုပ်ကိုင်ပုံအမြန်နှုန်း ခြားနားကြမည်ဖြစ်သည့်အတွက် ဟောပြောတင်ပြခြင်းတစ်ခု၏ အရည်အသွေးများလည်း အတန်အသင့် ကွာခြားမှုရှိနိုင်သည်။ ထို့ကြောင့် ကျောင်းသားများ အနေနှင့် ဟောပြောတင်ပြမှုတစ်ခုကို မည်သို့ ကြိုတင်ပြင်ဆင်ရမည်နှင့် မည်သို့စနစ်တကျ တင်ပြရမည်ဆိုသည့် လမ်းညွှန်မှုများရရှိရန် ပိုမိုလိုအပ်သည်။ အောင်မြင်ပီပြင်သော ဟောပြောတင်ပြခြင်းဆိုသည်မှာ မည်သို့ပုံစံဖြစ်ကြောင်း သိရှိရန် လည်း လိုအပ်သည်။

ထည့်သွင်းစဉ်းစားရန် အချက်များထဲတွင် အချိန်ကိုက်ဆောင်ရွက်တတ်ခြင်းက အဓိက ကျသည်။ တင်းကျပ်သော လုပ်ငန်းဆောင်ရွက်ချိန်သတ်မှတ်မှုနှင့် ကျောင်းသားများအတွက် လိုအပ်မည့် လုံလောက်သော အချိန်တို့အကြား ဟန်ချက်ညီမျှတစေရန် ဆရာက အထူးသတိပြုချင့်ချိန် ညှိနှိုင်းပေးတတ်ရမည်။ ကျောင်းသားများအား လုပ်ငန်းဆောင်ရွက်ချိန် မည်မျှသော အချိန်ယူရမည်ဟူ၍ တိကျရှင်းလင်းစွာ သတ်မှတ်ပေးခြင်းနှင့် နောက်ဆုံးပြီးစီးရမည့် အချိန်တို့ကိုလည်း ရှင်းလင်းစွာ ပြောပြထားရမည်။ စာသင်ချိန်အတွင်း သို့မဟုတ် ဟောပြောတင်ပြနေစဉ်အတွင်း အချိန်မည်မျှသာ ကျန်တော့ကြောင်းကို မကြာမကြာ (၂) ကြိမ် သို့မဟုတ် (၃) ကြိမ်ခန့် ဆရာက သတိပေးရမည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဟောပြောတင်ပြခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားအုပ်စုများကို ပညာရေးစိတ်ပညာရှုထောင့်တစ်ခုစီကို လေ့လာတင်ပြကြမည့် အုပ်စုများအဖြစ် အုပ်စု (၄) ခု ဖွဲ့စည်းပေးရမည်။

၂။ ပညာရေးစိတ်ပညာ၏ အဓိကကျသော ရှုထောင့် (၄) ရပ်အကြောင်းကို ထိုအုပ်စုများအား ဟောပြောတင်ဆက်စေရမည်။

၃။ အုပ်စုတစ်ခုမှ တင်ပြနေချိန် အခြားအုပ်စုမှ အဖွဲ့ဝင်ကျောင်းသားများက တင်ပြချက်များကို ဂရုတစိုက် နားထောင်စေရမည်။ တင်ပြနေသူက မျှဝေပေးသည့် အချက်အလက်များ၏ ခိုင်မာမှုကို အတည်ပြုရန်၊ မေးလိုသည့် မေးခွန်းများမေးရန်နှင့် လိုအပ်လျှင်လိုအပ်သလို ဖြည့်စွက်ဆွေးနွေးနိုင်ရန် သေချာဂရုတစိုက် နားထောင်စေရမည်။

၄။ ဟောပြောတင်ပြခြင်းတစ်ခုအတွက် ကြာချိန်မှာ (၅) မိနစ်နှင့် (၁၀) မိနစ်ကြားသာ ဖြစ်သင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၁၀ မိနစ်)

၁။ အုပ်စုအားလုံးက ဟောပြောတင်ပြခြင်းလုပ်ငန်း ဆောင်ရွက်ပြီးသောအခါ မည်သည့် စိတ်ပညာရှုထောင့် သို့မဟုတ် ထိုရှုထောင့်နှင့်ဆိုင်သော အစိတ်အပိုင်းတစ်ခုခုက ကျောင်းသားများ၏ ထင်မြင်ယူဆချက်နှင့် ကိုက်ညီမှုအများဆုံးရှိကြောင်းကို တစ်တန်းလုံး ဝိုင်းဝန်းဆွေးနွေးစေရမည်။ သူတို့ သင်ကြားရမည့် သင်ခန်းစာများကို ပြင်ဆင်ရာတွင် သူတို့အနေနှင့် မည်သည်တို့ကို ထည့်သွင်းစဉ်းစားရန်နှင့် မည်သည်တို့ကို ပြုပြင်ညှိယူရန် ကြိုးပမ်းမည်နည်း။ မည်သည့်အရာများကို သုံးရာတွင် အခက်အခဲ ဖြစ်စေမည်နည်း။

၂။ ဆရာ့အနေနှင့် တိကျမှန်ကန်သော အဖြေတစ်ခုတည်းကိုသာ ရရှိရန် ရှာဖွေခြင်းမပြုသင့်ပါ။ ကျောင်းသားများအား အကြောင်းအရာများကို ဆွေးနွေးရန်နှင့် မတူညီသော ထင်မြင်ချက်များ ရှုထောင့်များကို အချင်းချင်းကြားမျှဝေရန် အားပေးပါ။ သူတို့၏ ဆွေးနွေးမှုများသည် ယခုအခန်းနှင့် ယခင်အခန်း (ပညာရေးသဘောတရား) တို့တွင် ပါရှိသော အကြောင်းအရာများအပေါ်၌ အခြေခံထားလျှင်လက်ခံပါ။ ဆွေးနွေးမှုကို အားပေးပါ။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ပညာရေး စိတ်ပညာ၏ အဓိကရှုထောင့် လေးခုအနက် မည်သည်တို့ကို သင် လေ့လာသင်ယူပြီးဖြစ်သနည်း။

***အဖြေ။*** *အပြုအမူ ပုံသွင်းခြင်းဆိုင်ရာ ရှုထောင့်၊ သိမှုဖွံ့ဖြိုးလာပုံ အဆင့်ဆင့်ဆိုင်ရာ ရှုထောင့်၊ သိမှုဆိုင်ရာ ရှုထောင့်နှင့် အသိပညာတည်ဆောက်တတ်လာမှုဆိုင်ရာ ရှုထောင့် (တစ်ခုခု)*

**မေးခွန်း ၂။** ရှုထောင့် (၄) ခုထဲမှ တစ်ခုခု၏အကြောင်းကို အနှစ်ချုပ်ဖော်ပြပါ။

***အဖြေ။*** *အဖြေများထဲတွင် အောက်ဖော်ပြပါ အကြောင်းအရာ သို့မဟုတ် အကျဉ်းချုပ်ဖော်ပြချက် တစ်ခုခု ပါဝင်နိုင်သည်။*

***အပြုအမူ (ပုံသွင်းခြင်း) ဆိုင်ရာရှုထောင့်*** *- ဤရှုထောင့်က သင်ယူ၍ တတ်မြောက်လာသော အပြုအမူများ အကြောင်းကို အလေးထားလေ့လာသည်။ ထိုရှုထောင့်က အကြံပြုသည်မှာ အပြုအမူအားလုံးတို့သည် ပုံသွင်းပြုပြင် လေ့ကျင့်ပေးခြင်းမှ တစ်ဆင့်သာ ပေါ်ပေါက်လာရသည်ဟု ဆိုသည်။ ဤရှုထောင့်အမြင်ကို လက်ကိုင်ထားသော စိတ်ပညာရှင်တို့က ခိုင်မြဲသော တုံ့ပြန်မှုကိုရရှိစေသည့် ပုံသွင်းလေ့ကျင့်မှုကို အသုံးပြုကာ သင်ယူမှု ဖြစ်ပေါ်လာပုံကို ရှင်းပြလေ့ရှိကြသည်။ ဥပမာ - ဆရာက အတန်းထဲတွင် သင်ယူမှု လုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သော ကလေးများကို ထိုအပြုအမူကောင်းကို ပြုမူခြင်းအတွက် ဆုချသည့်အနေဖြင့် သကြားလုံး သို့မဟုတ် ကစားစရာ အရုပ်များနှင့် လဲလှယ်ယူ၍ရသော တိုကင်လက်မှတ်များ ပေးသင့်သည်။*

***သိမှုဖွံ့ဖြိုးလာပုံ အဆင့်ဆင့်ဆိုင်ရာ ရှုထောင့်*** *- ထိုရှုထောင့်က ကလေးငယ်များ၏ ကိုယ်ခန္ဓာ တဖြည်းဖြည်း ကြီးထွားဖွံ့ဖြိုးလာသည်နှင့်အမျှ ဖွံ့ဖြိုးမှုအဆင့်ဆင့်တွင် ကျွမ်းကျင်မှုနှင့်အသိပညာများ မည်ကဲ့သို့ တစ်စတစ်စ ဖွံ့ဖြိုးလာပုံကို အာရုံစိုက် လေ့လာသည်။ ဂျန်းပီယာဂျေး၏ ကလေးများသိမှု ဖွံ့ဖြိုးလာပုံအဆင့်များ ဖော်ပြချက်သည် ထင်ရှားကျော်ကြားပြီး ကလေးများ အသိဉာဏ်ဖွံ့ဖြိုးလာပုံကို လေ့လာစူးစမ်းရာတွင် အရေးပါသောသိမှုဖွံ့ဖြိုးခြင်းဆိုင်ရာ သီအိုရီ၏ ဥပမာ တစ်ခုဖြစ်သည်။ ကလေးများ၏ ဖွံ့ဖြိုးမှုအဆင့် အသီးသီး၌ မည်သို့စဉ်းစား တွေးခေါ်တတ်ပုံကို နားလည်သဘောပေါက်လာခြင်းအားဖြင့် သက်ဆိုင်ရာ အဆင့်အသီးသီး၌ ကလေးများအနေနှင့် မည်သည်တို့ကို ဆောင်ရွက်နိုင်စွမ်း ရှိလာပုံကို ပညာရေးစိတ်ပညာရှင်တို့ ပိုမိုနားလည် သိရှိလာကြရသည်။ ဤသို့ သိရှိနားလည်လာခြင်းက သက်ဆိုင်ရာ အသက်အရွယ်အုပ်စုမှ ကလေးငယ်များနှင့် ဆီလျော်ကိုက်ညီမည့် အကောင်းဆုံးသင်ကြားနည်းများနှင့် သင်ကြားရန် သင်ခန်းစာ စသည်တို့ကို ဖန်တီးနိုင်စေရန် ဆရာများအား အထောက်အကူ ပေးခဲ့သည်။*

***သိမှုဆိုင်ရာရှုထောင့်*** *- ထိုရှုထောင့်သည် မကြာသေးမီ ဆယ်စုနှစ်များအတွင်းကမှ ပိုမိုကျယ်ပြန့်စွာ ခေတ်စားလာခဲ့သည်။ ထိုရှုထောင့် ရေပန်းစားလာရခြင်း အကြောင်းရင်းများအနက်မှ အဓိကအချက်မှာ ထိုရှုထောင့်က သင်ယူမှု ဖြစ်စဉ်တစ်ခုထဲတွင် ပါဝင်သည့်အရာအသီးသီး ဥပမာ - မှတ်ဉာဏ်များ၊ သက်ဝင် ယုံကြည်မှုများ၊ စိတ်လှုပ်ရှားမှုများနှင့် စေ့ဆော်မှုများ စသည်တို့ မည်သို့ထောက်ကူ ပါဝင်ဆောင်ရွက်နေကြကြောင်းကို ရှင်းလင်းဖော်ပြနိုင်ခြင်းကြောင့် ဖြစ်သည်။ သိမှုဆိုင်ရာ စိတ်ပညာရှုထောင့်က အထူးအလေးပေးလေ့လာသော အချက်များ ထဲတွင် လူတို့တွေးခေါ် စဉ်းစားကြံဆပုံ၊ မှတ်မိပုံနှင့် သတင်းအချက်အလက်တို့ကို လိုအပ်သလို ထုတ်လုပ်စီမံခန့်ခွဲဆောင်ရွက်ပုံ စသည်တို့ကို နားလည်သဘော ပေါက်အောင် လေ့လာခြင်းတို့ ပါဝင်သည်။ သိမှုဆိုင်ရာ စိတ်ပညာရှုထောင့်ကို လက်ကိုင်ပြုသူ ပညာရေးစိတ်ပညာရှင်တို့က ကလေးများမည်ကဲ့သို့ သင်ယူ လိုစိတ်ပေါ်ပေါက်လာပုံ မည်ကဲ့သို့စေ့ဆော်မှုများက သင်ယူလိုစိတ်*

*ပေါ်ပေါက်လာအောင် တွန်းအားပေးတတ်ပုံ၊ သင်ယူထားသော အကြောင်းအရာများကို မည်ကဲ့သို့ မှတ်မိတတ်လာပုံနှင့် ပြဿနာအရပ်ရပ်ကို မည်ကဲ့သို့ ဖြေရှင်းတတ်လာပုံတို့ကို အထူးအလေးထားကာ စိတ်ဝင်စားကြသည်။*

***အသိပညာတည်ဆောက်တတ်လာမှုဆိုင်ရာရှုထောင့်*-ဤရှုထောင့်သည်လည်း အသစ်လွင်ဆုံး သင်ယူမှုဆိုင်ရာသီအိုရီများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုရှုထောင့်က ကလေးများသည် ပတ်ဝန်းကျင်လောကအကြောင်း သိရှိရန် မည်သို့ စိတ်အားထက်သန်တက်ကြွစွာ စူးစမ်းလေ့လာ၍ အသိပညာကို တည်ဆောက်တတ်ကြောင်း လေ့လာထားသည်။ ကလေးများ၏ သင်ယူမှုပုံစံပေါ်၌ လွှမ်းမိုးခြယ်လှယ်ထားတတ်သော ပေါင်းသင်းဆက်ဆံရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ အကြောင်းအရာ အချက်အလက်များကို ဤရှုထောင့်က အထူးအလေးပေးကာ ရှင်းပြတတ်သည်။ ဤရှုထောင့်ကို စိတ်ပညာရှင် လက်ဗ် ဗီဂေါစကီး (Lev Vygotsky) ၏ ဆောင်ရွက်မှုနှင့် သုတေသနတို့က ကြီးမားစွာ ဩဇာလွှမ်းမိုးထားသည်။ Vygotsky က ဇဟိုကျသော ဖွံ့ဖြိုးမှုချက်မရပ်ဝန်းနှင့် သင်ကြားမှုဆိုင်ရာ ငြမ်းဆင်ခြင်း စသည့် စိတ်ကူးသစ်များကို အဆိုပြုခဲ့သည်။*

# ၈.၃။ စကင်နာနှင့် ပီယာဂျေး

## ၈.၃.၁။
## အပြုအမူ ပုံသွင်းခြင်း ပဓာနအယူအဆနှင့် သိမှုဖွံ့ဖြိုးခြင်း ပဓာနအယူအဆ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စကင်နာ (Skinner) နှင့် ပီယာဂျေး (Piaget) တို့၏ ဆောင်ရွက်ချက်၊ တွေ့ရှိချက်များကို အနှစ်ချုပ် ဖော်ပြတတ်မည်။
- စကင်နာနှင့် ပီယာဂျေးတို့၏ သီအိုရီများကို ၎င်းတို့နှစ်ခုကြားရှိ တူညီချက်များနှင့် ခြားနားချက်များအား ရှာဖွေ၍ နှိုင်းယှဉ်လေ့လာပြီး ထိုသီအိုရီများသည် ယနေ့ခေတ် သင်ယူမှု၊ သင်ကြားမှုများအတွက် ကိုက်ညီဆီလျော်မှုရှိကြောင်း ဆွေးနွေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာမည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏အရေးပါမှုကို နားလည် သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသောစာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် (၈.၃.၁) နှင့် (၈.၃.၂) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်စက္ကူ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ ပို့ချခြင်း (၁၀ မိနစ်)

စကင်နာနှင့် ပီယာဂျေးတို့အကြောင်းနှင့် သူတို့၏ သုတေသနများအပေါ် သုံးသပ်ချက်အကျဉ်းကို ပြောပြခြင်းဖြင့် သင်ခန်းစာကိုစတင်ပါ။ ကျောင်းသားကိုင်စာအုပ်ထဲ၌ပါဝင်သော သူတို့အကြောင်း အတိုချုပ် ဖော်ပြချက်ကို ကျောင်းသားများအား ဖတ်ရှုစေမည်။ သို့မဟုတ် အွန်လိုင်းမှရှာနိုင်သည်။ သို့မဟုတ် ကျောင်းသားကိုင်စာအုပ်များတွင် ကြည့်ရှုနိုင်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

အဓိကအချက်များကို နားလည်မှု ရှိ/မရှိစစ်ဆေးရန် မေးခွန်းများမေးနိုင်သည်။ သင်ယူနေစဉ် စစ်ဆေးခြင်းအဖြစ် စစ်ဆေးနိုင်သည်။ ဤနေရာ၌ ပို့ချချက်သည် သင်ခန်းစာကို မိတ်ဆက်ပေးသည့် အတိုချုပ်ပို့ချချက်သာ ဖြစ်စေရမည်ကို ဆရာက သတိပြုပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် ပညာရေးသဘောတရားပညာရှင်များအကြောင်း အဓိကအချက်များ ရှာဖွေရေးသားရာတွင် ခိုင်မာအောင်ရေးသားနိုင်ရန် ကျောင်းသားကိုင်စာအုပ်ထဲမှ အကြောင်းအရာများကို အသုံးပြုနိုင်သည်။ ကျောင်းသားတို့၏ တုံ့ပြန်မှုများသည် ဆရာက ပို့ချထားသော အကြောင်းအရာနှင့် ဆရာက မေးရန်ဆုံးဖြတ်ထားသော မေးခွန်းများအပေါ် မူတည်သည်။

## သင်ယူမှုလုပ်ငန်း ၂။ တွေး-တွဲ-မျှဝေခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သောမေးခွန်းများကို ကျောင်းသားတို့အား ဖြေရန်ညွှန်ကြားပါ။

- ဆရာပေးသော ဆုကိုရသည့်အခါ ကလေးများသည် အကောင်းဆုံး သင်ယူနိုင်မည်ဟု ထင်မြင်ပါသလား။ ဆုချီးမြှင့်ပေးခြင်းက ကလေးများကို သင်ယူလိုစိတ် တိုးတက်စေပါသလား။ အကယ်၍ ကလေးများ သင်ယူမှုအားနည်းလျှင် သို့မဟုတ် စာမကြိုးစားလျှင် ဒဏ်ပေးမည်ဆိုပါစို့။ ဤသို့ ဒဏ်ပေးခြင်းက သင်ယူမှုကို အားပေးနိုင်မည်ဟု ထင်မြင်ပါသလား။
- မိမိအတွေ့အကြုံမှ ဥပမာအချို့ကို ပေးပါ။ ကျောင်းသားအနေဖြင့် ဖြစ်စေ၊ ဆရာအနေဖြင့် ဖြစ်စေ၊ မိမိသုံးခဲ့သော စကင်နာ၏ ချဉ်းကပ်နည်း (သို့မဟုတ်) ပီယာဂျေး၏ ချဉ်းကပ်နည်းတို့ကိုဖော်ပြပြီး သင်ယူမှုလုပ်ငန်း၌ ၎င်း၏ ထိရောက်မှုမည်မျှရှိကြောင်းကို ဆွေးနွေးပါ။

၂။ ပထမဦးစွာ ကျောင်းသားများအား တစ်ဦးချင်းမှတ်စုထုတ်စေမည်။

၃။ မိနစ်အနည်းငယ်ကြာပြီးနောက် တစ်ဦးစီ၏ အတွေးအခေါ်နှင့် အတွေ့အကြုံတို့ကို နှစ်ယောက်တစ်တွဲ တွဲ၍ ဆွေးနွေးစေမည်။

၄။ နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပြီးနောက် အတန်းတစ်ခုလုံး ပြန်လည်ဖွဲ့စည်းကာ ကျောင်းသား အနည်းငယ်တို့အား အမည်ခေါ်၍ သူတို့ဆွေးနွေးမှုရလဒ်များကို အတန်းသို့ မျှဝေစေရမည်။ စိတ်ဝင်စားဖွယ်အချက်များနှင့် အတွေ့အကြုံများကို သင်ပုန်းပေါ်၌ မှတ်စုရေးပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

နှစ်ယောက်တစ်တွဲ ဆွေးနွေးခြင်းနှင့် အတန်းတစ်တန်းလုံး ဆွေးနွေးခြင်းတို့ ဆောင်ရွက်နေစဉ်အတွင်း ကျောင်းသားများအား သူတို့တွေးတော ကြံဆခြင်းများကို သူတို့လေ့လာ သင်ယူပြီး ယခင်သင်ခန်းစာနှင့် ယခုသင်ခန်းစာထဲတွင်ပါသော သုတေသနများ၊ အတွေးအမြင်များနှင့် ဆက်စပ်စေရမည်။ အထူးအားဖြင့် အခန်းငယ် (၈.၂) တွင် ဟောပြောတင်ပြရာ၌ ပီယာဂျေးနှင့် စကင်နာတို့အကြောင်း သူတို့သိရှိထားသည့် ကနဦးအမြင်များ ပါဝင်စေသင့်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများအနေနှင့် အခက်အခဲရှိနိုင်သည်။ သူတို့အတွက် သင်ကြားနည်းအသစ်ဖြစ်နေမည်။ မိမိတို့ လက်တွေ့လေ့ကျင့်သင်ကြားမှုကို ပြန်လည်သုံးသပ်ရခြင်းနှင့် ပညာရေးစိတ်ပညာဆိုင်ရာ ရှုထောင့်နှင့် တိုက်ဆိုင်၍ တူ/မတူ နှိုင်းယှဉ်ရခြင်းတို့ကို အတွေ့အကြုံအသစ်အဖြစ် ရရှိလာမည်။ ထို့ကြောင့် မိမိ၏ လက်တွေ့သင်ကြားမှုများကို ပြန်လည်သုံးသပ်တတ်ရန်နှင့် ထိုသင်ကြားမှုကို သက်ဆိုင်ရာ စိတ်ပညာ ရှုထောင့်နှင့် ကိုက်ညီမှု ရှိ/မရှိ ဆွေးနွေးတတ်စေရန်အတွက် နမူနာဆောင်ရွက်ပြရန် လိုအပ်သည်။ ကျောင်းသားများအနေနှင့် မျှဝေရန်အကြောင်းအရာများစွာ မရှိသေးသည့်တိုင်အောင် ဆွေးနွေးမှုကို ဆောင်ရွက်စေရမည်။ ဤနည်းအားဖြင့် ကျောင်းသားတို့အား ပို၍ နက်ရှိုင်းစွာ လေ့လာပါစေ။

ကျောင်းသားဘဝက အတွေ့အကြုံများကို ပြန်စဉ်းစားပါစေ။ သူတို့ထပ်မံမွမ်းမံရမည့် သင်ကြားရေးအတွေ့အကြုံတို့ကို ပြန်လည်သုံးသပ် စိစစ်စေရမည်။ ထိုသင်ကြားရေး အတွေ့အကြုံများသည် နှစ်ယောက် တစ်တွဲဖြစ်စေ၊ အုပ်စုငယ်အတွင်း၌ဖြစ်စေ လေ့ကျင့်ရမည်။ အသေးစားသင်ခန်းစာသင်ကြားရေး (micro-teaching) တွင် လိုအပ်ပြီးဘာသာရပ်အမျိုးမျိုးတို့၏ အစိတ်အပိုင်းအဖြစ် ပါဝင်နေသည်။ ဥပမာ - ပန်းချီပညာ ဘာသာရပ် လက်တွေ့လုပ်ဆောင်ခြင်းတစ်ခုကို အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားရာ၌ သုံးနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀) မိနစ်

၁။ ပီယာဂျေးနှင့် စကင်နာတို့ ဆောင်ရွက်မှုလုပ်ငန်းအကျဉ်းနှင့် သက်ဆိုင်သော သင်ယူမှုရလဒ်များနှင့် ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ပြန်လည်ရည်ညွှန်းပါ။ အထူးသဖြင့် သူတို့၏ သင်ကြားမှုကို ပြန်လည်ထင်ဟပ်သုံးသပ်ခြင်းနှင့် သင်ယူမှု ဖြစ်ပေါ်လာပုံကို နားလည်သဘောပေါက်ခြင်းတို့ကို အာရုံစူးစိုက် လေ့လာစေမည်။

၂။ နောက်ဆုံးအဆင့် ဉာဏ်ဖွင့်ဆွေးနွေးမှုကို ကျောင်းသားအချို့အား အမည်ခေါ်ရွေးထုတ်၍ ပီယာဂျေးနှင့် စကင်နာတို့၏ဘဝနှင့် သူတို့လုပ်ဆောင်မှုများနှင့် ပတ်သက်သည်တို့ကို ကြိုက်ရာရှုထောင့်မှ ပြန်လည်တင်ပြစေမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားကိုင်စာအုပ်ထဲမှ အကြောင်းအရာကို ကျောင်းသားများ အသုံးပြုနိုင်သည်။ ဆရာက ကျောင်းသားများနှင့် အပြန်အလှန် မေး/ဖြေသော ပို့ချချက်တစ်ခုကို ပေးမည်။ ဆရာက တိုက်ရိုက်ဖော်ပြခြင်းထက် ကျောင်းသားတို့ထံမှ စိတ်ကူးများ မထွက်ထွက်အောင် ဆွဲထုတ်ယူနည်းကိုသုံး၍ ဆွေးနွေးပို့ချမည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ ဆရာက ချဉ်းကပ်နည်းတစ်ခုစီ၌ ပါဝင်ဖွဲ့စည်းနေသည့် အရာများကို အသေးစိတ် ဥပမာများပေးနိုင်သည်။ ကလေးတို့၏ ဖွံ့ဖြိုးမှုအဆင့်များကို မည်သို့ပြန်လည် သုံးသပ်ပုံကို မူလတန်းပန်းချီဘာသာရပ်တွင် ပေးထားသည်။ ကျောင်းသားများအနေနှင့် ပန်းချီပညာဘာသာရပ်တွင် ဤအချက်ကို တွေ့ရှိပြီးဖြစ်သည်။

## ၈.၃.၂။
## ပီယာဂျေး၏ သိမှုဖွံ့ဖြိုးလာပုံ အဆင့် (၄) ဆင့်

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပီယာဂျေး၏ ကလေးတို့၏ သိမှုဖွံ့ဖြိုးလာပုံ အဆင့် (၄) ဆင့် အကြောင်းကို လေ့လာသုံးသပ်ပြီး ၎င်းအယူအဆက အတန်းတစ်ခုတည်း၌ အသက်အရွယ်မတူသော ကလေးများကို ယှဉ်တွဲ သင်ကြားရာတွင်လည်းကောင်း အရွယ်ရောက်ပြီးသူများအား သင်ကြားရာတွင်လည်းကောင်း မည်သို့ အထောက်အကူပြုနိုင်ကြောင်း တွေးတော ကြံဆတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်းပြသည်။

**အချိန်**။ မိနစ် (၅၀) ကြာသော စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်ရှိပြီး သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စာတွေ့သုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၈.၃.၁) နှင့် (၈.၃.၂) ကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီး စက္ကူ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ပီယာဂျေး၏ သိမှုဖွံ့ဖြိုးမှုဆိုင်ရာ အဆင့် (၄) ဆင့် အကြောင်းကို ဖတ်ရှုစေသည်။

၂။ သူတို့အား နှစ်ယောက်တစ်တွဲနှင့် အုပ်စုငယ်များအဖြစ် စီစဉ်ပေးပြီး ယခင် အခန်းများနှင့် ဖတ်ရှုလေ့လာမှုတို့၌ ရရှိလာသောအချက်များကို ဆွေးနွေးစေရမည်။ မှတ်စုထုတ်စေပြီး အဆင့် (၄) ဆင့် အတွက် ဖော်ပြချက်များကို ဖြည့်စွက်ရေးသားစေသင့်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းကို ပထမဦးစွာ အချင်းချင်းအကဲဖြတ်စေရမည်။ ဇယားကို တိကျမှန်ကန်စွာ ဖြည့်သွင်းထားခြင်း ရှိ/မရှိကို စစ်ဆေးအကဲဖြတ်စေရမည်။ ဖြည့်သွင်းမှုပြည့်စုံခြင်း ရှိ/မရှိကို စစ်ဆေးလိုလျှင် ကျောင်းသားများ ဖြည့်သွင်းထားပြီးဖြစ်သော ဇယားများကို စုဆောင်းကောက်ခံ၍ ဆရာက စစ်ဆေးကြည့်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အောက်တွင်ဖော်ပြထားချက်များသည် နမူနာသာဖြစ်ပြီး တိကျသောအဖြေဟု မယူဆပါနှင့်။

**ဇယား ၈.၁။ ပီယာဂျေး၏ အသိဉာဏ် ဖွံ့ဖြိုးလာပုံအဆင့် (၄) ဆင့်**

| အသိဉာဏ်/သိမှု ဖွံ့ဖြိုးပုံ အဆင့် (၄) ဆင့် | အသက်အရွယ် | ဖော်ပြချက် |
|---|---|---|
| အာရုံကြောကြွက်သား ထိန်းချုပ်မှုဖြင့် ခန္ဓာကိုယ် လှုပ်ရှားနိုင်မှုအဆင့် (sensorimotot stage) | မွေးစမှ (၂) နှစ်အထိ | • ကလေးသူငယ်များက သူတို့ နေထိုင်ရာ ကမ္ဘာ လောကအကြောင်း ခန္ဓာကိုယ်လှုပ်ရှားမှု အသုံးပြု၍ စူးစမ်းရှာဖွေ လေ့လာနေသော အဆင့်။<br>• ကလေးသူငယ်များသည် ကနဦးက သူတို့ ခန္ဓာကိုယ်နှင့် သူတို့ ပတ်ဝန်းကျင်ကို ခွဲခြား သိရှိနိုင်စွမ်း မရှိကြပါ။ |
| အသိဉာဏ်ဖွံ့ဖြိုးရန် အားယူနေဆဲအဆင့်<br><br>(Pre-operational stage) | (၂) နှစ်မှ (၇) နှစ်အထိ | • ကလေးငယ်များအနေနှင့် စည်းမျဉ်းစည်းကမ်း များနှင့် အမျိုးအစား ခွဲခြားခြင်းတို့ကို စတင် သိရှိနားလည်လာသည့် အဆင့် ဖြစ်သည်။<br>• အသိဉာဏ်ကို ခိုင်မာစွာသုံး၍ တွေးတတ်သူများ ဖြစ်လာရန် အစပျိုးနေဆဲ အဆင့်ဖြစ်၍ ကျိုးကြောင်း ဆက်စပ်မှုဖြစ်စဉ်အသစ် အမျိုးမျိုးတို့ကို လေ့လာသင်ယူစ ပြုလာသည်။<br>• အတ္တဆန်သော၊ မိမိကိုယ်ကိုမိမိ ဗဟိုပြု တတ်သော အတွေးအမြင်တို့ ပေါ်ပေါက် လာသော အဆင့်ဖြစ်သည်။ သူတို့ ခန္ဓာ ကိုယ်သည် သူတို့ ပတ်ဝန်းကျင်မှသီးခြား တည်ရှိသောအဖြစ်ကို သတိပြုမိလာကြသည်။ |

| | | |
|---|---|---|
| အသိဉာဏ်ခိုင်မာလာသော အဆင့် | (၇) နှစ်မှ (၁၁) နှစ် အထိ | • ဤအဆင့်တွင် ကလေးများသည် စည်းမျဉ်း စည်းကမ်းနှင့် အမျိုးအစား ခွဲခြားခြင်း တို့ကို နားလည်လာကြသည်။<br>• ကျိုးကြောင်းဆက်စပ်မှုဖြစ်စဉ် အမျိုးမျိုးတို့ကို လေ့လာသင်ယူလာကြသည်။<br>• တစ်ပြိုင်နက်တည်း ပေါင်းစည်း ဖြစ်ပေါ် တတ်မှုတို့ကို သိရှိနားလည်လာသည်။ |
| အသိဉာဏ်ပုံမှန်ဖွံ့ဖြိုး လာသောအဆင့် | အသက် (၁၂) နှစ်မှအထက် | • လူတို့သည် ဤအဆင့်တွင် စိတ်ကူးဖြင့်သာ ဖော်ပြနိုင်သောအရာတို့ကို သင်ယူနားလည် လာကြသည်။<br>• အဆင့်မြင့်တွေးသိခြင်း (meta cognition) (အတွေးတစ်ခု ပေါ်ပေါက်လာစေသည့် ဖြစ်စဉ်) ကို ကိုယ်တိုင်တွေးတောတတ်လာသည်။ |

## ရပ်တန့်ပါ။ စဉ်းစားပါ။

ပီယာဂျေးက သုတေသနဆောင်ရွက်ရာတွင် အခြားသူများကို စမ်းသပ်ခံအုပ်စုအဖြစ် ပါဝင်စေသည်ထက် ၎င်း၏ မိသားစုဝင်များကိုသာ အဓိကထား၍ သုတေသနပြုထားသည့် အတွက် ၎င်း၏သုတေသနပြုနည်းကို သုတေသီတို့က ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ပီယာဂျေး၏ စိတ်ကူးယူဆချက်မှာ ကလေးများသည် တဖြည်းဖြည်း ရင့်ကျက်လာသည့်အခါ သူတို့၏ သိမှုသည်လည်း အလိုအလျောက် ဖွံ့ဖြိုးလာပြီး ဖွံ့ဖြိုးမှု အဆင့်တစ်ဆင့်သို့ ဆက်၍ဆက်၍ တိုးမြင့်သွားသည်ဟု ယူဆခဲ့သည်။ ထိုအယူအဆကို လက်မခံနိုင်သူ သုတေသီတို့က အငြင်းပွားခဲ့ကြသည်။ ယခုနောက်ပိုင်း ခေတ်မီသုတေသနတို့က ဖော်ထုတ်တွေ့ရှိလာရသည်မှာမူ ကလေးငယ်များ၌ သူတို့၏ စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်များ အကြောင်းကို နားလည်မှုတွင် အတန်အသင့် အဆင့်မြင့်ကြောင်း သိရှိလာရသည်။

## သင်ယူမှုလုပ်ငန်း ၂။ ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ယခင်သင်ယူလေ့လာထားသော အခန်းများနှင့် အခြားဘာသာရပ်များထဲမှ သင်ယူပြီးသည့် အကြောင်းအရာတို့ကို ထည့်သွင်းစဉ်းစားလျက် သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့် သီအိုရီ၏ အားသာချက်များနှင့် ချို့ယွင်းအားနည်းချက်များကို ကျောင်းသားများအား ဆွေးနွေးစေရမည်။

၂။ သိပ္ပံပညာနှင့် သုတေသနလုပ်ငန်းတို့သည် တရွေ့ရွေ့နှင့် အဆင့်ဆင့်ပြောင်းလဲတတ်သော သဘောသဘာဝရှိကြောင်းကို ဆရာက ကျောင်းသားတို့သိရှိစေရန် ထောက်ပြရမည်။ ထို့ကြောင့် မိမိတို့ လုပ်ဆောင်သမျှ လုပ်ငန်းအားလုံးတွင် မိမိတို့ရယူသုံးစွဲနေသော အကြောင်းတရားတို့ ခိုင်မာမှု ရှိ/မရှိ ပြန်လည်သုံးသပ်ရန်နှင့် အကျိုးအကြောင်းစိစစ်ဝေဖန်ရန်တို့ လိုအပ်ပါသည်။ ခေတ်မီစိတ်ပညာရှင် ဟောင်းဝဲဒ်ဂါးဒ်နာ၏ သိမှုဆိုင်ရာအယူအဆနှင့် ဉာဏ်ရည်အစုံအလင် အထွေထွေတို့အကြောင်းကို ဆရာက ထောက်ပြနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် ပညာရေးသီအိုရီ အမျိုးမျိုးအဖုံဖုံတို့အကြောင်း ကျောင်းသားများ၏ သိရှိနားလည်မှုကို အကဲဖြတ်နိုင်သော အခွင့်အလမ်းတစ်ခုဖြစ်သည်။ ယခုသင်ရိုးမာတိကာနှင့် အခြားဘာသာရပ်အသီးသီးတွင် ပါဝင်သော သီအိုရီအမျိုးမျိုးတို့အား တူညီရာနှင့် ခြားနားရာတို့ကို နှိုင်းယှဉ်ဖော်ပြနိုင်ခြင်း ရှိ/မရှိကို ဆန်းစစ်နိုင်သည်။ ဆရာ့အနေနှင့် မည်သည့် အတိုင်းအတာအထိ ကျောင်းသားတို့ ဆောင်ရွက်နိုင်စွမ်းရှိကြောင်း အကဲဖြတ်နိုင်ရန် လိုအပ်သည်။ သူတို့သင်ယူရာတွင် အောင်မြင်မှုသည် ဆရာ့အတွက် ပညာရေးဆိုင်ရာသီအိုရီများ သင်ကြားမှု မည်မျှအောင်မြင်ကြောင်း သက်သေသာဓကပင် ဖြစ်သည်။ ထိုအောင်မြင်မှုအတိုင်းအတာက ဆရာအား ဆက်လက်သင်ကြားမည့်လုပ်ငန်းများတွင် လုပ်ဆောင်သင့်သည်တို့ကို သိရှိလာနိုင်စေသည်။ ထပ်ဆောင်းဖတ်ရှုလေ့လာရန် သို့မဟုတ် သုတေသနပြုရန်တို့ကို ကျောင်းသားများအား အိမ်စာအလုပ်အဖြစ်ပေးရန် လိုအပ်လာနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများအနေနှင့် ပီယာဂျေးသီအိုရီ၏ ကောင်းကျိုးနှင့်ဆိုးကျိုးတို့ကို သိရှိထားသင့်သည်။ ဥပမာအားဖြင့် သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့် သီအိုရီသည် ကျောင်းသားများ လုပ်ဆောင်တတ်မည့် အရာကို ဆရာက စဉ်းစားရာတွင် လမ်းညွှန်တစ်ခုအဖြစ် အသုံးဝင်သည်။ ထို့အတူပင် ကျောင်းသား ကလေးငယ်များ၏ အသက်အရွယ်အလိုက် တုံ့ပြန်မှုများနှင့် အခက်အခဲဖြေရှင်းနည်းများ အဘယ်ကြောင့်ဖြစ်လာရသည်ကို ဤသီအိုရီက ရှင်းပြနိုင်သည်။

အခြားတစ်ဖက်တွင်မူ ဤသီအိုရီသည် ပုံသေကားကျ (လှေနံဓါးထစ်) အယူအဆဖြစ်ပြီး ကလေးများ၏ အသိဖွံ့ဖြိုးမှုနှင့် အပြုအမူဆိုင်ရာကိုင်းညွှတ်မှုများ (ဉာဉ်များ) တွင် တစ်ဦးနှင့်တစ်ဦး ခြားနားကြကြောင်း၊ ဖွံ့ဖြိုးမှုအနေး၊ အမြန်စံနှုန်းလည်း မတူကြကြောင်းနှင့် သူတို့ပြုမူသမျှတို့အတွက် ရှင်းပြရန်မှာ အခြားအချက်အလက်များစွာ လိုနေသေးကြောင်းတို့ကို ထည့်သွင်းစဉ်းစားထားခြင်း မရှိခဲ့ပါ။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၁၀ မိနစ်)

ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်ရည်ညွှန်းပါ။အောက်ဖော်ပြပါမေးခွန်းကို ကျောင်းသားများအား နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်တစ်ခုအဖြစ်ဖြစ်စေ ဆွေးနွေးစေ၍ တုံ့ပြန်မှုများထဲမှ ရွေးချယ်ပါ။ မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် နားလည်မှုကို အခြေခံပြီးစဉ်းစားပါ။ ပီယာဂျေး၏ သိမှုဖွံ့ဖြိုးလာပုံအဆင့် (၄) ဆင့် ကို သဘောတူညီမှုရှိပါသလား။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပီယာဂျေး၏ သိမှုဖွံ့ဖြိုးလာပုံအဆင့် (၄) ဆင့်တို့ကို ဖော်ပြပါ။

***အဖြေ။*** *နှာဝ်ကြော ကြွက်သားထိန်းချုပ်မှုဖြင့် ခန္ဓာကိုယ်လှုပ်ရှားနိုင်မှုအဆင့်၊ သိမှုဖွံ့ဖြိုးရန် အားယူနေဆဲအဆင့်၊ သိမှုခိုင်မာလာသောအဆင့်နှင့် သိမှုပုံမှန်ဖွံ့ဖြိုးလာသော အဆင့် တို့ဖြစ်သည်။*

**မေးခွန်း ၂။** သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့်ဆက်စပ်၍ ရှိနိုင်မည်ဖြစ်သော ချို့ယွင်းချက် အားနည်းချက်များကို ဖော်ပြပါ။

***အဖြေ။*** *သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်(သီအိုရီ)ကိုပီယာဂျေးကငင်း၏မိသားစုအပြုအမူအပေါ် အခြေခံလျက် ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဤအယူအဆသည် အကန့်အသတ် တစ်ခုအတွင်း၌သာ မှန်ကန်နိုင်ပြီး အများစုအတွက် ယေဘုယျ ကောက်ချက်ချရန် ဘောင်ကျဉ်းလွန်းသည်။ ကလေးများသည် တစ်ဦးနှင့် တစ်ဦးကြား ဖွံ့ဖြိုးမှုနှုန်းများစွာ ကွာခြားတတ်ခြင်းနှင့် သူတို့၏ သိမှုဖွံ့ဖြိုးခြင်းမှာ လည်း အခြေခံအကြောင်းတရား အချက်အလက်ပေါင်းများစွာတို့အပေါ် မူတည်တတ်ခြင်းတို့ကို ဤသီအိုရီက ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ပါ။*

# ၈.၄။ စေ့ဆော်မှု

## ၈.၄.၁။
## လူတို့၏ အပြုအမူကို တွန်းအားပေးနေသည့်စေ့ဆော်မှု

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလစေ့ဆော်မှုနှင့် ဒုတိယအဆင့် စေ့ဆော်မှုတို့အကြား၊ စိတ်တွင်းစေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှုတို့အကြား တူညီချက်ခြားနားချက်များကို နှိုင်းယှဉ်လေ့လာတတ်မည်။
- စေ့ဆော်မှုက သင်ယူမှုအပေါ် မည်သို့ သက်ရောက်လွှမ်းမိုးမှုရှိနိုင်ပုံကို ရှင်းလင်းဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

**အချိန်**။ မိနစ် ၅၀ ကြာသော စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ**။ တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်က သင်ယူမှုအတွေ့အကြုံ ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသန။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်၊ သင်ခန်းစာ (၈.၄.၁) မှ (၈.၄.၃) ထိ ဖတ်ရှုပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီး အတွက် စက္ကူ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများအား 'လူတို့အပြုအမူကို တွန်းအားပေးနေသည့် စေ့ဆော်မှု' အကြောင်းကို ဖတ်စေခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။

၂။ ဤနေရာတွင် အပြန်အလှန် ပြောဆိုဆွေးနွေးခြင်းဖြင့် သင်ခန်းစာကို မိတ်ဆက်ပေးလိုလျှင် ပေးထားသော မေးခွန်းများကို ဖြေစေရမည်။

၃။ ကျောင်းသားကိုင်စာအုပ်တွင်ပါသော မေးခွန်း (၅) ခုကို ကျောင်းသားတစ်ဦးစီအား ဖြေဆိုစေပြီး မှတ်စု ထုတ်ထားစေရမည်။

၄။ ထို့နောက် ကျောင်းသားနှစ်ယောက်တွဲ၍ဖြစ်စေ၊ အုပ်စုငယ်များဖွဲ့၍ဖြစ်စေ သူတို့ အဖြေများကို ဆွေးနွေးမျှဝေစေရမည်။ ဆွေးနွေးရာတွင် အသေးစိတ် အချက်အလက်များ၊ အကြောင်းပြချက်များနှင့် ကျိုးကြောင်းညီညွတ်မှုဖော်ပြချက်များတို့ ပါဝင်စေရမည်။

၅။ အတန်းတစ်တန်းလုံးကို မူလအတိုင်းပြန်လည်ဖွဲ့စည်းပေးမည်။ မေးခွန်းများအတွက် တုံ့ပြန်မှု အမျိုးမျိုးတို့ကို ဖိတ်ခေါ်ဆွေးနွေးစေရမည်။ ကျောင်းသားများအချင်းချင်းကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆွေးနွေးကြရာတွင် ဆွေးနွေးမှုကို သဘောတူညီနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် ထပ်ဆောင်းထည့်ရန် အချက်အလက် ရှိ/မရှိ တို့ကို ဆွေးနွေး မျှဝေတတ်စေရန် ဆရာက အားပေးပါ။

၆။ ကျောင်းသားတို့၏ တုံ့ပြန်မှုများကို သင်ပုန်းပေါ်တွင် ရေးထားပါ။

### ရပ်တန့်ပါ။ စဉ်းစားပါ။

စိတ်တွင်းစေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှုတို့အကြား ခြားနားချက်ကို ပထမစာသင်နှစ်ဝက် အခန်း (၃) ၌ သင်ယူ လေ့လာပြီးခဲ့ကြောင်းကို ကျောင်းသားများအား သတိပေးပါ။ 'ပြင်ပစေ့ဆော်မှု ဆိုသည်မှာ လူတစ်ဦးအား လုပ်ငန်းတစ်ခုလုပ်ရန် စေ့ဆော်ခြင်းခံရသည့်အခါ ဖြစ်ပေါ်သည်။ ဆုချီးမြှင့်မှုတစ်ခုကို ရရှိရန် သို့မဟုတ် ကျရောက်လာနိုင်မည့် အပြစ်ဒဏ် တစ်ခုမှ ရှောင်ရှားရန် လုပ်ဆောင်သည့်အခါတွင် ပြင်ပစေ့ဆော်မှု ပေါ်ပေါက်လာသည်။ လူတစ်ဦးအား ၎င်း၏ နှစ်သက်ပျော်ရွှင်မှု (ဆု) ရရှိစေရန်နှင့် ထိုလုပ်ငန်းအကျိုးဖြစ်ထွန်း လာစေရန် စေ့ဆော်မှုခံရသည့်အခါ စိတ်တွင်းစေ့ဆော်မှု ပေါ်ပေါက်လာသည်။'

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်း (၁) အတွက်သာ တိကျသောအဖြေများရှိနိုင်မည်။ မူလစေ့ဆော်မှုများထဲတွင် အစာဆာလောင်မွတ် သိပ်ခြင်း၊ ရေဆာလောင်ခြင်း၊ ကာမဂုဏ်အာရုံခံစားလိုခြင်း၊ နာကျင်မှုကို ရှောင်ရှားလိုခြင်း၊ ဒေါသထွက်ခြင်းနှင့် ကြောက်လန့်ခြင်းတို့ ပါဝင်ကြသည်။ ဒုတိယအဆင့် စေ့ဆော်မှုများမှာ များသောအားဖြင့် လူသားတို့ထံတွင်သာ တွေ့ရတတ်သည်။ ၎င်းတို့အထဲတွင် အောင်မြင်ကြီးပွားလိုမှု၊ ဩဇာအာဏာရရှိလိုမှုနှင့် အခြားအမျိုးမျိုးသော သီးခြားစေ့ဆော်မှုများ တို့ပါဝင်ကြသည်။

ကျောင်းသားများ၏ တစ်ဦးချင်း နှစ်သက်မှု၊ ထင်မြင်မှုနှင့် အတွေ့အကြုံများအလိုက် အခြား မေးခွန်းများအတွက် အဖြေများမှာ အမျိုးမျိုးကွဲပြားခြားနားနိုင်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

သင်ပုန်းပေါ်တွင် ရေးပြထားသော စေ့ဆော်မှုအားလုံးကို အမျိုးအစားခွဲခြားပြရန် ကျောင်းသားများကို ပြောရမည်။ မည်သည်တို့သည် စိတ်တွင်းစေ့ဆော်မှုများဖြစ်သနည်းနှင့် မည်သည်တို့သည် ပြင်ပစေ့ဆော်မှုများ ဖြစ်သနည်းဟု သူတို့ထင်မြင်ချက်များအရ အမျိုးအစား ခွဲခြားသတ်မှတ်

ပေးရမည် ဖြစ်သည်။ ရှုထောင့်အမျိုးမျိုး ကွဲပြားနေ၍ စေ့ဆော်မှုအမျိုးအစားတစ်ခုနှင့်တစ်ခုကြား ခွဲခြားနိုင်မှုမျဉ်းကြောင်း မပီမပြင်ဖြစ်ပြီး ဝေဝါးနေခဲ့လျှင် သူတို့အချင်းချင်း ဆွေးနွေးခွင့်ပေးရမည်။

## ၁.၄.၂။ စိတ်တွင်းစေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှု

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မိမိလက်တွေ့ဘဝနှင့် မိမိအလေ့အထများထဲမှ ဥပမာအချို့ကိုပေး၍ စေ့ဆော်မှု သံသရာလည်ပုံ ရှင်းပြတတ်မည်။
- စေ့ဆော်မှုက သင်ယူမှုအပေါ် မည်သို့သက်ရောက်လွှမ်းမိုးမှုရှိနိုင်ပုံကို ရှင်းလင်း ဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

အချိန်။ မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း ယခင်ရှိပြီး သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ ၈.၄.၁ မှ ၈.၄.၃ ထိကို ဖတ်ရှုလေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီး စက္ကူ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

## ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ကို ပိတ်စေမည်။

၂။ နှစ်ယောက်တစ်တွဲ တွဲစေပြီး၊ ကျောင်းသားများအား စိတ်တွင်းစေ့ဆော်မှု အဓိပ္ပာယ်ဖွင့်ဆိုချက် ဝါကျတစ်ကြောင်းနှင့် ပြင်ပစေ့ဆော်မှု အဓိပ္ပာယ်ဖွင့်ဆိုချက် ဝါကျတစ်ကြောင်းကို စဉ်းစားဆုံးဖြတ်စေမည်။

၃။ နှစ်ယောက်တွဲ အတွဲအနည်းငယ်မှ စိတ်ကူးအချို့ကို ယူပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ပြီးခဲ့သော စာသင်ချိန်အတွင်းက စိတ်တွင်းစေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှုတို့၏ အဓိပ္ပာယ်များ အကျဉ်းမျှ ဖွင့်ဆိုထားချက်ကို လေ့လာသင်ယူပြီးဖြစ်၍ ဤလုပ်ငန်းသည် ကျောင်းသားတို့၏ ရှိပြီးအသိပညာကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ခြားနားသော အဖြေတုံ့ပြန်မှု အနည်းငယ်ကို ယူ၍ ကျောင်းသားတို့၏ နားလည်မှုကို ခြုံငုံအကဲဖြတ် စစ်ဆေးနိုင်သည်။ အတန်းတစ်တန်းလုံးကို သူတို့ရေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းအတွက် အသုံးပြုစေသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

စကားလုံးစီကုံးရေးဖွဲ့မှု ကွာခြားနိုင်သော်လည်း ကျောင်းသားများ၏ ဖော်ပြချက်သည် အောက်ပါ အချက်အလက်တို့နှင့် ညီညွတ်စေသင့်သည်။

ဥပမာ (၁) - တစ်စုံတစ်ယောက်သောသူသည် လုပ်ငန်းတစ်ခုကို လုပ်ငန်းကောင်းမွန်ပြီးပြင်မှု ရှိစေရန်နှင့် သူ၏တစ်ကိုယ်ရေဆုလာဘ်တစ်ခု ရရှိရန် သို့မဟုတ် အပြစ်ဒဏ်ပေးခံရခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် လုပ်ဆောင်ရန် စေ့ဆော်မှုပေးခြင်းခံနေရလျှင် ထိုစေ့ဆော်မှုသည် ပြင်ပစေ့ဆော်မှုဖြစ်သည်။

ဥပမာ (၂) - ဤအဓိပ္ပာယ် ဖွင့်ဆိုဖော်ပြချက်တွင် ဥပမာပေးထားသည်။ စိတ်တွင်းစေ့ဆော်မှုသည် လုပ်ငန်း တစ်စုံတစ်ခုကို စိတ်ကျေနပ်ပျော်ရွှင်မှုအတွက် ဆောင်ရွက်သည့်အခါ ပေါ်ပေါက်လာသည်။ ထိုလုပ်ငန်းကို လုပ်ဆောင်ခြင်းမှာလည်း လုပ်သင့်သည် မှန်ကန်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။ ဥပမာ - ဝါသနာလုပ်ငန်းတစ်ခုကို လုပ်ဆောင်ခြင်း သို့မဟုတ် အကြောင်းရင်းခံ တစ်ခုအတွက် ကူညီပေးခြင်းတို့ဖြစ်သည်။ ပြင်ပစေ့ဆော်မှုဆိုသည်မှာ တစ်စုံတစ်ခုသော ပြင်ပမှရရှိလာမည့် ဆုလာဘ်အတွက် ဥပမာ - လုပ်အားခရရှိခြင်း၊ လုပ်ငန်းတစ်ခုကို လုပ်ဆောင်သည့်အခါ ဖြစ်ပေါ်လာသည်။

## သင်ယူမှုလုပ်ငန်း ၂။ ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများအား အောက်ပါမေးခွန်းကို နှစ်ယောက်တစ်တွဲတွဲ၍ ဆွေးနွေးစေမည်။ 'လုပ်ငန်း တစ်စုံတစ်ခုကိုလုပ်ရန် အပြည့်အဝစေ့ဆော်မှုပေးခြင်း ခံရသောကြောင့် ထိုလုပ်ငန်းကို လုပ်ရန်ဆုံးဖြတ်ချက်ချပြီး စတင်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌ မိမိရည်မှန်းချက်သို့ မရောက်ရှိမီ ထိုလုပ်ငန်းကို လက်လွှတ်ပြီး ရပ်တန့်ပစ်ခဲ့ရသည့် အဖြစ်မျိုးကို တွေ့ကြုံခံစားဖူးပါသလား။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။'

၂။ ကျောင်းသားများထံမှ တုံ့ပြန်မှုများရရှိလာသောအခါ ရွေးချယ်မှုပြုပါ။

၃။ အထက်ပါ မေးခွန်းတွင် အသေးစိတ်အချက်အလက်အချို့ လိုအပ်နေသည်။ အတန်းထဲမှ

ကျောင်းသားများအား စိတ်တွင်းစေ့ဆော်မှု သို့မဟုတ် ပြင်ပစေ့ဆော်မှုတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပေါ်လွင်စေမည့် ဇာတ်လမ်းပုံပြင်များကို ဆရာက စဉ်းစားစေရမည်။

## သင်ယူမှုလုပ်ငန်း ၃။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ထဲမှ စေ့ဆော်မှု သံသရာလည်ပုံကို မိတ်ဆက်ပေးပြီး နောက်အဆင့်တစ်ခုချင်းစီ၌ အဓိပ္ပာယ်ကို သိရှိနားလည်လာစေရန် ၎င်းတို့၏ယေဘုယျ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဆရာကပေးမည်။ (သို့မဟုတ်) ကျောင်းသားတို့ထံမှ မေးမြန်းမည်။

- **လိုအင်/လိုအပ်ချက်** - ကျွန်ုပ်တို့၌ မရှိသောအရာ (သို့မဟုတ်) ရှိသော်လည်း မလုံလောက်သောအရာ (လိုအပ်ချက်ဟု ခေါ်သည်။)
- **တွန်းအား** - ကျွန်ုပ်တို့၏ လိုအင်/လိုအပ်ချက်နောက်သို့ လိုက်ရန် (သို့မဟုတ်) လိုအပ်ချက်ရရန်အတွက် ကြိုးပမ်းဆောင်ရွက်ရခြင်း၏ အကြောင်းရင်း။
- **မက်လုံး** - ရည်မှန်းချက်ကိုရရှိလာစေပြီး တွန်းအားကို လျော့ကျသွားစေမည့် အပြုအမူတစ်ခု ပေါ်ပေါက်လာစေရန် ဦးဆောင်သည့်/ဖန်တီးပေးနိုင်သည့် စေ့ဆော်မှုဆိုင်ရာ အကြောင်းအရာ။
- **ရည်မှန်းချက်** - လုပ်ငန်းအောင်မြင်ပေါက်မြောက်ပြီးစီးမှု။
- **လိုအပ်ချက်သို့ တစ်ကျော့ပြန်ခြင်း** - ရည်မှန်းချက်ရရှိပြီးမကြာမီတွင် ကျွန်ုပ်တို့၌ အခြားတစ်စုံတစ်ခု ချို့တဲ့နေဦးမည့်အရာ (သို့မဟုတ်) ထိုအရာကိုပင် ထပ်ဖန်တလဲလဲ ကြိမ်ဖန်များစွာ လိုနေဦးမည့် အရာ။

၂။ ကျောင်းသားများအား 'စားစရာ' ကို ကနဦး လိုအပ်ချက်အဖြစ် ဆရာကပြောပြပြီး ထိုအခြေခံလိုအင် အဖြေထွက်လာအောင် ဆွဲဆောင်မေးမြန်းရမည်။ အထူးအားဖြင့် ရည်မှန်းချက် ရရှိပေါက်မြောက်သွားပြီးချိန်တွင် တစ်ဖန်ပြန်၍ သံသရာလည်ကာ လိုအပ်ချက်အဆင့်သို့ အဘယ်ကြောင့်ပြန်ရောက်သွားရကြောင်း အဖြေကိုရရှိအောင် မေးမြန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤအကြောင်းအရာသည် ကျောင်းသားတို့အတွက် အသစ်အဆန်းအယူအဆ ဖြစ်နိုင်ဖွယ်ရှိသဖြင့် ဤအဆင့်တွင် အပြည့်အဝနားလည်နိုင်ရန် အခက်အခဲရှိမည်ဖြစ်သည်။ သင်ပုန်းပေါ်တွင် အဆင့်တစ်ဆင့်စီ၏ အဓိပ္ပာယ်သတ်မှတ်ချက်အကျဉ်းကို ချရေးပေးခြင်းအားဖြင့် ကျောင်းသားများအတွက် ကနဦးနားလည်သဘောပေါက်မှု ရရှိစေရေးကို ဆောင်ရွက်ပါ။ စားစရာအကြောင်း ဥပမာပေးခြင်းကလည်း အထောက်အကူ ဖြစ်စေနိုင်သည်။ လာမည့်စာသင်ချိန်တွင် ဆရာက ကျောင်းသားများ၏ နားလည်မှုကို ပိုမိုပြည့်စုံစွာ စစ်ဆေး အကဲဖြတ်နိုင်လိမ့်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကနဦး အဓိပ္ပာယ်သတ်မှတ်ချက်များကို အထက်တွင်ပေးထားသည်။ စားစရာကို လိုအပ်ချက်အဖြစ် ပေးထားသော ဥပမာတွင် စေ့ဆော်မှု သံသရာလည်ပုံမှာ အောက်ဖော်ပြပါ ပုံစံမျိုး ဖြစ်နိုင်သည်။[၉]

- **လိုအင်/လိုအပ်ချက်** - အစားအစာ/စားစရာ။
- **တွန်းအား** - ဆာလောင်ခြင်း။ (လိုအပ်ချက်က ထုတ်လုပ်ပေးလိုက်သော အခြေအနေ)
- **မက်လုံး** - စားသောက်ဖွယ်ရာများကို သုံးဆောင်နိုင်မည့် အခွင့်အလမ်း ပေါ်ပေါက်လာပြီး ဆာလောင်မှုကို လျော့ကျ/ပျောက်ကင်းစေနိုင်သည်။ (ရည်မှန်းချက်ကို ရရှိစေမည့် အပြုအမူ)
- **ရည်မှန်းချက်** - ဆာလောင်မွတ်သိပ်မှုကို ကျေနပ်ဖွယ်လျော့ချနိုင်ခြင်း။
- **လိုအပ်ချက်/လိုအင်သို့ တစ်ကျော့ပြန်ခြင်း** - ဆာလောင်မှုသည် တစ်ဖန်ပေါ်လာပြန်လျှင် အစားအစာ/စားစရာလည်း လိုအပ်လာပြန်သည်။ ဤသို့ဖြင့် စေ့ဆော်မှု သံသရာ လည်နေခြင်း ဖြစ်သည်။

[၉] ပြည့်စုံသောနမူနာကို Shrestha, P. (18 November 2017) 'Motivational Cycle' တွင် တွေ့နိုင်သည်။ *Psychestudy.* https://www.psychestudy.com/general/motivation-emotion/motivational-cycle

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၄။ လက်တွေ့လုပ်ဆောင်ခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများအား ဇာတ်လမ်းပုံပြင်တစ်ပုဒ် ရေးစေမည်။ ဖြစ်ရပ်မှန် သို့မဟုတ် စိတ်ကူးယဉ် ဇာတ်လမ်းတစ်ခုဖြစ်မည်။ ထိုဇာတ်လမ်းက အောက်ပါတစ်ခုခုကို သရုပ်ပေါ်လွင်စေမည့် ဇာတ်လမ်း ဖြစ်ရမည်။

(က) စေ့ဆော်မှုသံသရာလည်ပုံကို သရုပ်ဖော်ရန်။ (သို့မဟုတ်)

(ခ) စေ့ဆော်မှုသံသရာသည် မည်ကဲ့သို့ရပ်တန့်သွားပြီး ရည်မှန်းချက်မရရှိတော့ဘဲ ပျောက်ဆုံးသွားခြင်းကို သရုပ်ဖော်ရန်။

၂။ ကျောင်းသားများအား အချိန်မိနစ် (၂၀) ခန့်ပေးပြီး ဇာတ်လမ်းတစ်ပုဒ်ရေးစေမည်။ မှတ်စုပုံစံလည်း ရေးနိုင်သည်။

၃။ နှစ်ယောက်တစ်တွဲ တွဲစေပြီး တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ဇာတ်လမ်း ပြောပြစေရမည်။ ဇာတ်လမ်းထဲမှ အစိတ်အပိုင်းတစ်ခုစီက စေ့ဆော်မှု သံသရာ အယူအဆနှင့် မည်သို့ ဆက်စပ်နေပုံကို ထောက်ပြရမည်။ (ခ) အမျိုးအစား ဇာတ်လမ်းမျိုးရေးရာတွင် လွဲချော်သွားခဲ့ရသော ရည်မှန်းချက်ကို ရရှိနိုင်ခဲ့ရန် မည်သည်တို့ကို ဆောင်ရွက်ခဲ့သင့်ကြောင်း ဆွေးနွေးရမည်။

၄။ ရွေးချယ်မှုတစ်ခုစီမှ နမူနာဇာတ်လမ်းပုံပြင်တစ်ပုဒ်ကိုရွေးပါ။ (ခ) အမျိုးအစား ဇာတ်လမ်းအတွက် အတန်းတွင်း၌ ဉာဏ်ဖွင့်ဆွေးနွေးစေပြီး ရည်မှန်းချက်သို့ ရောက်ရှိနိုင်စေခဲ့မည့် လုပ်ဆောင်ချက်များကို စဉ်းစားပါစေ။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ - မိနစ်)

၁။ စေ့ဆော်မှု သံသရာလည်ပုံမှ အဆင့်များနှင့် နမူနာပြ ဇာတ်လမ်းများထဲတွင် ၎င်းတို့ကို သရုပ်ဖော်ထားပုံများကို ပြန်လည်တင်ပြစေမည်။

၂။ တစ်ခါတစ်ရံတွင် မူရင်းရည်မှန်းချက်တစ်ခုကို စွန့်လွှတ်ပြီး အခြားတစ်ခုကို ပြောင်းလဲ၍ လုပ်ကိုင်ကြိုးပမ်းခြင်းသည် အဆင်ပြေသွားတတ်ကြောင်းကို ဆရာက ကျောင်းသားများအား ထောက်ပြရမည်။ အထူးအားဖြင့် အခြေအနေတစ်ခုက ပြောင်းလဲသွားပြီး ရည်မှန်းချက်

ပန်းတိုင်သည်လည်း လိုလားနှစ်သက်ဖွယ်မက်မောဖွယ် မဟုတ်တော့ကြောင်း တွေ့လာရသည်။

၃။ အိမ်စာအလုပ်ပေးခြင်း - မျှော်မှန်းထားသောသင်ယူမှုရလဒ်များကို အပြည့်အဝ ရရှိနိုင်စေရန်အတွက် ကျောင်းသားများအား သင်ခန်းစာ ((က) နှင့် (ခ) တွင် ဖော်ပြထားသော) ထဲတွင်မပါဝင်သည့် အခြားဇာတ်လမ်းတစ်ခုကို ဖန်တီးရေးသား စေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ စေ့ဆော်မှုပုံစံတစ်မျိုးစီအတွက် နမူနာတစ်ခုစီပေးရန် ကျောင်းသားများအား မေးခြင်းဖြင့် သူတို့သိနားလည်မှုကို စမ်းသပ်နိုင်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ စွန့်လွှတ်ခဲ့ရသော လုပ်ငန်းများနှင့် ထိုလုပ်ငန်းများ စတင်ဆောင်ရွက်ဖြစ်စေရန် ပေးခဲ့သော စေ့ဆော်မှုအမျိုးအစားတို့အကြား ဆက်သွယ်မှု ရှိ/မရှိ ကို ရှာဖွေစေရမည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ဆရာက မိမိကိုယ်ပိုင်နမူနာတစ်ခု သို့မဟုတ် အခြား ခြားနားသော လိုအင်အဆင့် တစ်ခုကို အခြေပြုသည့် နမူနာတစ်ခုကို သုံးလိုကသုံးနိုင်သည်။ စေ့ဆော်မှု သံသရာလည်ပုံ အဆင့်တစ်ဆင့်ချင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်လာစေရန် ထပ်မံ၍ ကူညီလမ်းညွှန်ရန် လိုအပ်ကောင်း လိုအပ်မည်ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခု ဖန်တီးရန် ကျောင်းသားများသည် နှစ်ယောက်တစ်တွဲ တွဲ၍ စဉ်းစားရန်လိုအပ်တတ်သည်။ ပုံပြင်ပြောပြခြင်းကို အခြားနည်းလမ်း၊ တစ်မျိုးဖြင့် တင်ပြနိုင်သည်။ ဥပမာ - သရုပ်ဆောင် သင်ယူသင်ကြားခြင်းနည်း။ မိမိအတန်းက အကောင်းဆုံးတုံ့ပြန်နိုင်မည့် မည်သည့်နည်းကိုမဆို ဆရာကလက်ခံပြီး ကူညီလမ်းညွှန်ပေးရမည်။

## ၈.၄.၃။
## Ciskszentimihalyi နှင့် စီးမျောမွေ့လျော်ခြင်းစိတ်ပိုင်းဆိုင်ရာ အခြေအနေ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- အမြင့်မားဆုံးသော အဆုံးစွန် စေ့ဆော်မှုပေါ်ပေါက်နေသည့် စိတ်အခြေအနေ သို့မဟုတ် စီးမျောမွေ့လျော်ခြင်း (Flow) သဘောတရားကို သိရှိနားလည်ပြီး ထိုစိတ်အခြေအနေမျိုး ဖြစ်ပေါ်စေမည့် ပတ်ဝန်းကျင်အခြေအနေများနှင့် ၎င်းတွင် ပေါင်းစပ်ဖွဲ့စည်းပါဝင်နေသည့် အစိတ်အပိုင်းများကို သတ်မှတ်ဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည်ဆိုသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

**အချိန်**။ မိနစ် (၅၀) ကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**။ တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်သင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ**။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၈.၄.၁) မှ (၈.၄.၃) ထိ ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ စာဖတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၅၀)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ 'အဆုံးစွန်သောစေ့ဆော်မှု-စီးမျော မွေ့လျော်မှု' သင်ခန်းစာကို ဖတ်ရှုလေ့လာစေပြီး မေးခွန်းများ၏ အဖြေများကို မှတ်စုစာအုပ်တွင် မှတ်သားထားစေမည်။

၂။ ကျောင်းသားတစ်ဦး၏ ကနဦးတုံ့ပြန်မှု (အဖြေ) များကို အခြားတစ်ဦးနှင့် မျှဝေစေရမည်။

၃။ အချို့ကျောင်းသားတို့အား ထိုသင်ခန်းစာနှင့်ပတ်သက်၍ တုံ့ပြန်အကြံပြုချက်များကို အတန်းထဲသို့ မျှဝေပေးစေရမည်။ အတန်းထဲမှ အခြားသူများကိုလည်း မိမိတို့ အတွေ့အကြုံများကို မျှဝေပေးရန်ဖိတ်ခေါ်ရမည်။

၄။ ထို့နောက် ကျောင်းသားတို့အား စီးမျောမှု အတွေ့အကြုံတစ်ရပ်ဖြစ်လာစေရန် ပါဝင်ပေါင်းစည်းတည်ရှိနေကြသည့် အချက်များအကြောင်းကို ဖတ်ရှုစေရမည်။

- လက်ရှိတဒင်္ဂအချိန် ပစ္စုပ္ပန်တည့်တည့်ကိုသာ ဦးတည်ရေးရှု၍ လေးနက်စွာ အာရုံစိုက်နေခြင်း။
- မိမိလုပ်ဆောင်သမျှကို မပြတ်သတိကပ်၍ အလုပ်နှင့်သတိမူမှု ပေါင်းစပ်ဆောင်ရွက်နေခြင်း။
- မိမိကိုယ်ကို မိမိတည်ရှိနေခြင်းအဖြစ်ကိုပင် အမှတ်မထားမိဘဲ သတိပြုနိုင်စွမ်း ပျောက်ဆုံးနေခြင်း။
- ဖြစ်ပေါ်နေသော အခြေအနေတစ်ရပ်အပေါ် မိမိဘာသာနိုင်နင်းစွာ ကိုင်တွယ်ထိန်းသိမ်းနိုင်စိတ် ရှိနေခြင်း။
- အချိန်နှင့်ပတ်သက်၍သိမှတ်မှု ကစဉ့်ကလျားဖြစ်ခြင်းနှင့် မိမိထင်မှတ်ထားသော အချိန်သည် ပကတိအချိန်နှင့် မတူညီဘဲ ပြောင်းလဲနေခြင်း။

- အတွေ့အကြုံထဲ၌ စိတ်အားထက်သန်လွန်း၍ အခြားလိုအင်များကို လျစ်လျူရှုထားနိုင်ခြင်း။
- ထိုအလုပ်၌ တွေ့ကြုံရသမျှသည် သာယာနှစ်သက်ဖွယ် အတွေ့အကြုံများအဖြစ် အတွင်းစိတ်က ခံယူထားခြင်းနှင့် မိမိစွမ်းအားဖြင့် ထိုအလုပ်ကို အောင်မြင်စေရမည်ဟု မှတ်ယူခံစားခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ရေးသားထားသည့် ဇာတ်လမ်းပုံပြင်များနှင့် နောက်ဆက်တွဲ တုံ့ပြန်မှုများကို ဆန်းစစ်၍ ဆရာက သူတို့၏ စီးမျောခြင်း၊ အယူအဆအကြောင်း နားလည်မှုကို သင်ယူစဉ် စစ်ဆေးခြင်းအဖြစ် စစ်ဆေးအကဲဖြတ်နိုင်သည့် အချက် (၇) ချက် တို့ကို မိမိကိုယ်ကိုစစ်ဆေး အကဲဖြတ်ရာ၌ စံထားရန် တိုက်ဆိုင်စစ်ဆေးရမည့် စာရင်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကနဦး ဖော်ပြထားသော ဇာတ်လမ်းပုံပြင်တို့သည် စီးမျောခြင်းအခြေအနေအရ ရရှိလာနိုင်စေမည့် လိုအပ်ချက် (၇) မျိုးစလုံးကို ပြည့်စုံစေနိုင်သည်များရှိသကဲ့သို့ မပြည့်စုံစေနိုင်သည့် ဇာတ်လမ်းပုံပြင်များလည်းရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ မိတ်ဆက်နိဒါန်းပိုင်း၌ ဖော်ပြထားသည့်အတိုင်း သူတို့ရရှိလာခဲ့သော အတွေ့အကြုံတို့ကို မှတ်မိနိုင်စွမ်းရှိသင့်သည်။ မိမိ၏ ကနဦး ဇာတ်လမ်းပုံပြင်သည် စီးမျောခြင်းအခြေအနေတစ်ရပ် ပေါ်ပေါက်လာရန် လိုအပ်ချက်များနှင့် ညီ/မညီကို မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုပြုရာတွင် အထက်ပါအချက် (၇) ချက်ကို တိုက်ဆိုင် စစ်ဆေးရန် စာရင်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၄၀)

၁။ စီးမျောခြင်း အယူအဆနှင့် ထိုအခြေအနေပေါ်ပေါက်လာရန် လိုအပ်သည့် အချက် (၇) ချက်တို့ အကြောင်းကို ပြန်လည်အစကောက် ဆွေးနွေးပါ။

၂။ ကျောင်းသားများအား Csikszentmihelyi ၏ စီးမျောခြင်းပုံစံနှင့် သင်ယူမှုခေါင်းစဉ်ပါ အကြောင်းအရာကို ဖတ်ရှုစေမည်။

၃။ စစ်ဆေးအကဲဖြတ်ခြင်းမေးခွန်းများကို တစ်တန်းလုံးနှင့် မဆွေးနွေးမီ သင်ယူရန် အကြောင်းအရာကို ကျောင်းသားတို့ ကောင်းမွန်စွာနားလည်မှု ရှိ/မရှိ သေချာစေရန်အတွက် သူတို့မေးလိုသည်တို့ကို ဆရာက ဖြေကြားပေးရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများကို လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သော အောက်ပါမေးခွန်းများအား ဖြေစေပြီး အဖြေများကို နှစ်ယောက်တစ်တွဲဖြစ်စေ အုပ်စုငယ်များအဖြစ်ဖြစ်စေ ဆွေးနွေးစေရမည်။ မိနစ် (၂၀) ခန့် ကြာပြီးနောက် တစ်တန်းလုံးမှ တုံ့ပြန်အကြံပြုချက်များကို ရယူပါ။

၁။ စီးမျောခြင်း (Flow) အခြေအနေကို 'အောင်မြင်ပေါက်မြောက်မှု အထက်မြက်ဆုံး အတွေ့အကြုံ' ကို ရည်ညွှန်းသည့် အယူအဆတစ်ရပ်အဖြစ် လက်ခံကြသည်။ အထက်ဖော်ပြပါ ဂရပ်ပုံက ထိုအဓိပ္ပာယ်ကို ဖော်ဆောင်သရုပ်ဖော်ပေးသည်။

၂။ ကျွမ်းကျင်မှုနှင့် စိန်ခေါ်မှုတို့ အချိုးမညီညွတ်လျှင် မည်ကဲ့သို့ဖြစ်မည်နည်း။ မိမိကိုယ်တွေ့ အဖြစ်အပျက်တစ်ခုကို မှတ်စုစာအုပ်တွင် ပြန်လည်ချရေးပြီး ထိုစဉ်က မိမိအနေနှင့် ငြီးငွေ့ပျင်းရိခဲ့ရခြင်း သို့မဟုတ် ပူပန်သောကရောက်ခဲ့ရခြင်း တစ်ခုခုတွေ့ကြုံနိုင်သည်ကို ပြန်လည်စဉ်းစားပါ။ အဘယ်ကြောင့်နည်း။ ဆစ်ခ်ဇဲန်တ်မီဟာလ်ရီ၏ ထက်မြက် ပေါက်မြောက်မှု အမြင့်ဆုံးအတွေ့အကြုံကို ဖွင့်ဆိုထားသည့် အဓိပ္ပာယ်သတ်မှတ်ချက်ကို အသုံးပြု၍ ရှင်းပြစေရမည်။

၃။ စီးမျောခြင်းအယူအဆ (သို့မဟုတ်) အောင်မြင်ပေါက်မြောက်မှု အထက်မြက်ဆုံး အတွေ့အကြုံကို စာသင်ခန်းများထဲ၌ အသုံးပြုနိုင်ပါသလား။ မည်သည့်ရည်ရွယ်ချက်နှင့် သုံးမည်နည်း။ မည်သို့အသုံးပြုမည်နည်း။ မိမိစဉ်းစားတွေးခေါ်မှုကို ရှင်းလင်းပြပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

၁။ စီးမျောခြင်း အခြေအနေသည် အတိုင်းအတာတစ်ခုရှိသော ကျွမ်းကျင်မှုနှင့် အတိုင်းအတာ တစ်ခုရှိသော စိန်ခေါ်မှု (လုပ်ငန်း) တို့ ညီညွတ်မျှတသောအခါမှသာလျှင် ဖြစ်ပေါ်လာတတ် ကြောင်းကို ကျောင်းသားများသိမြင်ထားသင့်သည်။ စီးမျောခြင်း အတွေ့အကြုံတစ်ခု ဖြစ်ပေါ်လာစေရန် ထိုအခြေအနေ (၂) ခုသည် အကောင်းဆုံး ဘက်ညီမျှတမှုရှိစေရမည်။

၂။ ကျောင်းသားများ သိရှိသင့်သည့်အချက်မှာ စိန်ခေါ်မှု သို့မဟုတ် လုပ်ငန်းအခက်အခဲသည် တစ်စုံတစ်ခုသော အခြေပြောင်းမှတ်အထက်သို့ ရောက်ရှိခဲ့လျှင် စိတ်ပူပန်သောက ရောက်မှုအဖြစ် ပေါ်လာတတ်သည်။ ထို့အတူပင် လုပ်ငန်းခက်ခဲမှု အတိုင်းအတာသည် ကျွမ်းကျင်မှုအတိုင်းအတာထက် လျော့နည်းနေခဲ့လျှင်လည်း ပျင်းရိငြီးငွေ့မှု ဖြစ်ပေါ်လာလိမ့်မည် ဖြစ်သည်။ အောင်မြင်ပေါက်မြောက်မှု အထက်မြက်ဆုံးဖြစ်ပေါ်စေမည့် အတွေ့အကြုံသည် မည်သည့်အခြေအနေတစ်ရပ်၌ သို့မဟုတ် တိကျသော အတိုင်းအတာမည်မျှ၌ ဖြစ်ပေါ်မည်ကို သတ်မှတ်ဖော်ပြရန်မှာ ပုဂ္ဂလဓိဋ္ဌာန်ကျပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အယူအဆပေါ် မူတည်၍ အမျိုးမျိုး ရှိနိုင်ပါသည်။ တိကျစွာ တစ်သမတ် သတ်မှတ်ထား၍ မရနိုင်ပါ။ ဤအချက်ကို ပေါ်လွင်စေရန် ကျောင်းသားများအား ပြန်လည်သုံးသပ်ချိန်တစ်ခု သတ်မှတ်ပေးပြီး ၎င်းတို့၏ကိုယ်ပိုင်ဇာတ်လမ်းများကို မှတ်စုတွင် ရေးစေရမည်။

၃။ အထက်ပါမေးခွန်းများ၏ အဖြေများသည် အမျိုးမျိုး အပြောင်းအလဲရှိနိုင်သည်။ လူအများစုကမူ စီးမျောခြင်း အယူအဆကို ကျောင်းသင် ပညာရေးလုပ်ငန်းများထဲသို့ အလွယ်တကူ ပေါင်းစပ်သုံးစွဲရန် မဖြစ်နိုင်ဟု အခိုင်အမာ ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအယူအဆသည် ပုဂ္ဂိုလ်ရေး ဆန်လွန်းသည်။ သင်ကြားရေး ကောင်းမွန်စေရန်မှာ သင်ခန်းစာတို့ကို လိုအပ်သလိုအလှည့်အပြောင်း လုပ်နိုင်စွမ်းနှင့် ကျောင်းသားတစ်ဦးချင်းစီ၏ လိုအင်နှင့် ကိုက်ညီဆီလျော်အောင် ဖန်တီးပေးနိုင်စွမ်း တို့ကို ပိုမိုလိုအပ်သည်။ ကျောင်းသင်ပညာရေးတွင် အပြောင်းအလှည့်များနှင့် အံ့ဝင်ခွင်ကျ

ကိုက်ညီစေမှုများကို ဖန်တီးပေးနိုင်ရန် အခွင့်အလမ်းနည်းပါးပါသည်။ မည်သို့ပင်ဖြစ်စေကာမူ 'စီးမျောခြင်း' သဘောတရား အယူအဆတို့ကို ခေတ်မီသင်ကြားနည်းတို့တွင် ဖြစ်နိုင်လျှင် ဖြစ်နိုင်သည့် အတိုင်းအတာအလျောက် ပေါင်းစပ်ထည့်သွင်းလာကြသည်။ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ၊ အထူးပြုပြင်ထားသော အစီအမံများ (ကုထုံးများ) နှင့် ကစားခြင်းနည်း၏ ဩဇာသက်ရောက်မှု စသည်တို့အပေါ် ခေတ်ပေါ်သုတေသန ဆောင်ရွက်ချက်တို့ကို တွေ့ရှိနိုင်သည်။


## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများအား ဆစ်ခ်ဇဲန်တ်မီဟာလ်ရီ၏ ထပ်မံပြုပြင်ထားသော 'စီးမျောခြင်း' (စေ့ဆော်မှု အမြင့်မားဆုံးအခြေအနေ) ပုံစံသစ်နှင့် မိတ်ဆက်ပေးပါ။ ထိုပုံစံအသစ်တွင် စိတ်ပိုင်းဆိုင်ရာအခြေအနေ (၈) ခုကို သရုပ်ဖော်ထားသည်။ ပထမမူရင်းပုံစံပါ ဥပဒေသများသည် ဆက်လက်မှန်ကန်နေသေးသော်လည်း ယခုပုံစံအရမူ 'စီးမျောခြင်း' ဖြစ်စဉ်သည် အဆင့်မြင့်စွမ်းရည်ဟု သတ်မှတ်နိုင်သော စွမ်းရည်များ စုဝေးရာမှ ပေါ်ပေါက်လာသည့် ရလဒ်ဖြစ်သည်။

၂။ ကျောင်းသားများအား လုပ်ငန်းများ (သို့မဟုတ်) စိန်ခေါ်မှုများ (ဖြစ်ရပ်မှန် သို့မဟုတ် စိတ်ကူးယဉ် ဖန်တီးမှုများ) ကို စဉ်းစားစေမည်။ နှစ်ယောက်တစ်တွဲ ဆောင်ရွက်စေရမည်။ ထိုလုပ်ငန်း/စိန်ခေါ်မှု တစ်ခုသည် ပုံတွင်ပြထားသော ဖြစ်နိုင်ခြေတစ်ခုခုနှင့် အံဝင်ကိုက်ညီစေရမည်။ ဥပမာ -

- အဆင့်မြင့်စိန်ခေါ်မှု + သာမန်ကျွမ်းကျင်မှုအဆင့် = တောင်တက်ရန် ကြိုးစားခြင်း (စိတ်ပူပန်ခြင်း)
- သာမန်အောက် စိန်ခေါ်မှု + အဆင့်မြင့်ကျွမ်းကျင်မှု = ရှင်းလင်းလွယ်ကူသော စာအုပ်တစ်အုပ်ကို ဖတ်ခြင်း (စိတ်အပန်းပြေခြင်း)

၃။ တီထွင်ဖန်တီးတတ်သော ဖြစ်နိုင်ခြေအမျိုးမျိုးတို့မှာ အတောမသတ် ရှိနိုင်ပါသည်။




**ဆစ်ခ်ဇဲန်တ်မီဟာရီ၏ 'စီးမျောခြင်း' ပုံစံအသစ်**

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁ နှင့် ၂။** ။ ဤအယူအဆကို ပိုမိုရှင်းလင်း လွယ်ကူစေရန်အတွက် နောက်ထပ်ဥပမာ အများအပြားကို သာမန်လွယ်ကူသော အသုံးအနှုန်းဖြင့်ပေးကာ ရှင်းပြရန် လိုအပ်သည်။ စစ်ဆေးအကဲဖြတ်ခြင်း မေးခွန်းများအနက် ဆရာက ကျောင်းသားများအတွက် အဆင့်မြင့်လွန်းသည်ဟု ထင်မြင်သဘောရသည်တို့ကို မဆွေးနွေးဘဲ ကျော်သွားနိုင်သည် သို့မဟုတ် မေးခွန်းအရေအတွက်လျှော့၍ ဆွေးနွေးနိုင်သည်။

အခြားတစ်ဖက်တွင်လည်း ဤအယူအဆကို ခက်ခဲလွန်းသည်ဟု မယူဆပါက စွေ့ဆော်မှု သီအိုရီများနှင့် ချိတ်ဆက်ပေးနိုင်သည်။ စွေ့ဆော်မှုအမျိုးမျိုးက စီးမျောခြင်းဖြစ်ပေါ်လာစေရန် လိုအပ်သော အချက်အလက်များအပေါ် မည်သို့သက်ရောက်လွှမ်းမိုးနေပုံကို စဉ်းစားရန် ဆရာက ကျောင်းသားများအား ဉာဏ်စမ်းသည့်အနေနှင့် မေးနိုင်သည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** မူလစေ့ဆော်မှုနှင့် ဒုတိယအဆင့် (ဆင့်ပွား) စေ့ဆော်မှုများအကြောင်း အဓိပ္ပာယ် သတ်မှတ်ပေးပြီး ပေါ်လွင်သော ဥပမာများ ဖော်ပြပါ။

**အဖြေ။** *မူလ သို့မဟုတ် အခြေခံကျသော စေ့ဆော်မှုများသည် သင်ယူမထားသည့် သဘာဝစေ့ဆော်မှုများ ဖြစ်ကြသည်။ ထိုစေ့ဆော်မှုများသည် လူသားတို့ အတွက်ရော တိရစ္ဆာန်များအတွက်ပါ ဘုံတူညီကြသည်။ ဒုတိယဆင့် သို့မဟုတ် သင်ယူတတ်မြောက်လာရသော စေ့ဆော်မှုများမှာ တိရစ္ဆာန်တစ်ကောင် (တစ်မျိုး) နှင့် အခြားတစ်ကောင် (တစ်မျိုး) အကြား၌လည်းကောင်း လူတစ်ဦးနှင့် တစ်ဦးအကြား၌လည်းကောင်း ကွဲပြားခြားနားကြသည်။ မူလစေ့ဆော်မှုများထဲတွင် အစာဆာလောင်မွတ်သိပ်ခြင်း၊ ရေဆာလောင်ခြင်း၊ ကာမဂုဏ် အာရုံခံစားလိုခြင်း နာကျင်မှုကိုရှောင်ရှားလိုခြင်း၊ ဒေါသထွက်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ပါဝင်သည်။ ဒုတိယအဆင့် စေ့ဆော်မှုများကို ပုံမှန်အားဖြင့် လူသားတို့ထံ၌သာတွေ့ရတတ်ပြီး ၎င်းတို့အထဲတွင် အောင်မြင်လိုမှု၊ တန်ခိုးသြဇာကြီးမားလိုမှုနှင့် အခြားအထူး စေ့ဆော်မှု အများအပြားပါဝင်သည်။*

**မေးခွန်း ၂။** စေ့ဆော်မှု အမြင့်မားဆုံး အခြေအနေ (စီးမျောမွေ့လျော်ခြင်း အခြေအနေ) တွင် ပါဝင်ဖွဲ့စည်းနေကြသည့် အချက် (၈) ခုမှာ အဘယ်တို့နည်း။

**အဖြေ။**

- *လက်ရှိတဒင်္ဂအချိန် ပစ္စုပ္ပန်တည့်တည့်ကိုသာ ဦးတည်ရေးရှု၍ လေးနက်စွာ အာရုံစိုက်နေခြင်း။*
- *မိမိလုပ်ဆောင်သမျှကို မပြတ်သတိကပ်၍ အလုပ်နှင့်သတိမှုမှု ပေါင်းစပ်ဆောင်ရွက် နေခြင်း။*

- *မိမိကိုယ်ကို မိမိ တည်ရှိနေခြင်းအဖြစ်ကိုပင် အမှတ်မထားမိဘဲ သတိပြုနိုင်စွမ်း ပျောက်ဆုံးနေခြင်း။*
- *ဖြစ်ပေါ်နေသော အခြေအနေတစ်ရပ်အပေါ် မိမိဘာသာ နိုင်နင်းစွာ ကိုင်တွယ် ထိန်းသိမ်းနိုင်စိတ်ရှိနေခြင်း။*
- *အချိန်နှင့်ပတ်သက်၍ သိမှတ်မှု ကစဉ့်ကလျားဖြစ်ခြင်းနှင့် မိမိထင်မှတ်ထားသော အချိန်သည် ပကတိအချိန်နှင့်မတူညီဘဲ ပြောင်းလဲနေခြင်း။*
- *အတွေ့အကြုံထဲ၌ စိတ်အားထက်သန်လွန်း၍ အခြားလိုအင်များကို လျစ်လျူရှု ထားနိုင်ခြင်း။*
- *ထိုအလုပ်၌ တွေ့ကြုံရသမျှသည် သာယာနှစ်သက်ဖွယ် အတွေ့အကြုံများအဖြစ် အတွင်းစိတ်က ခံယူထားခြင်းနှင့် မိမိစွမ်းအားဖြင့် ထိုအလုပ်ကို အောင်မြင်စေရမည်ဟု မှတ်ယူခံစားခြင်း။*

# ၈.၅။ လူမှုဆက်ဆံရေးနယ်ပယ်၌ စိတ်လှုပ်ရှားခံစားမှုကောင်းမွန်ခြင်းနှင့် စိတ်ကျန်းမာရေး ပြည့်စုံခြင်းတို့က သင်ယူမှုအပေါ် သက်ရောက်လွှမ်းမိုးပုံ။

## ၈.၅.၁။
## မာ့စ်လို၏ လူတို့လိုအင်အဆင့်ဆင့် သီအိုရီ

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မာ့စ်လို၏ လူတို့လိုအင် အဆင့်ဆင့်သီအိုရီကို အနှစ်ချုပ်ဖော်ပြတတ်မည်။
- သင်ယူမှုဝန်းကျင်တစ်ခု ဖန်တီးဖော်ဆောင်ရာ၌ လူတို့လိုအင်အဆင့်ဆင့်ပြ သရုပ်ဖော်ပိရမစ်ပုံစံပါ သဘောတရားများကို အသုံးချတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်း လေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်သင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၈.၅.၁) မှ (၈.၅.၃) ထိ ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ။

## ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားများ သိရှိပြီးထားပြီးသည်တို့ကို ဆရာက သိမြင်နိုင်စေရန် သင်ခန်းစာကို ဉာဏ်ဖွင့်ဆွေးနွေးခြင်းဖြင့် စတင်ပါ။ ကျောင်းသားတို့အား လူတို့အသက်ရှင်နေထိုင်နိုင်ရန် လိုအပ်မည့် အရာများကို စဉ်းစားပါစေ။ ဤလိုအပ်ချက်များ မပြည့်စုံလျှင် မည်သို့ဖြစ်မည် နည်း။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းစဉ်က ကျောင်းသားတို့သည် လူတို့လိုအင်ဆိုသည်ကို မည်သို့အနက်အဓိပ္ပာယ် ကောက်ယူတတ်ကြောင်းကို စူးစမ်းစမ်းသပ်သည့် စစ်ဆေးမှုတစ်မျိုးကို ပံ့ပိုးပေးထားခြင်းဖြစ်ပြီး ထိုလိုအင်တို့ မပြည့်စုံလျှင် ဖြစ်လာမည့်နောက်ဆက်တွဲအကျိုးဆက်များကိုပါ စဉ်းစားစေခြင်း ဖြစ်သည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

လိုအင်များကို စဉ်းစားရာတွင် အခြေခံလိုအင်များဖြစ်ကြသည့် လေ၊ အစားအစာ၊ ရေ စသည်တို့အပြင် အခြားလိုအင်များ ဥပမာ - ဘေးကင်းလုံခြုံမှုနှင့် ပိုင်ဆိုင်လိုမှု စသည်တို့ ပါဝင်လာအောင် စဉ်းစားကြရန် ကျောင်းသားများအား ဆရာက အားပေးတိုက်တွန်းရမည်။

### သင်ယူမှုလုပ်ငန်း ၂။ ပို့ချခြင်း/ဆွေးနွေးခြင်း (မိနစ် ၃၀)

#### ရပ်တန့်ပါ။ စဉ်းစားပါ။

ဤလုပ်ငန်းစဉ်က ကျောင်းသားများအား မာ့စ်လို၏ လူတို့လိုအင် အဆင့်ဆင့်သီအိုရီတွင် ပါဝင်သော အရာများကို ခန့်မှန်းတတ်စေရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းသားကိုင် စာအုပ်များကို ပိတ်ထားစေသင့်သည်။ ထိုသို့မဟုတ်ပါက ကျောင်းသားများသည် စိတ်ဝင်စားမှုနည်းပါးပြီး ပိရမစ်တွင် ပါသည့်အရာတို့ကိုပင် အလွယ်တကူဖတ်၍ သိသွားမည်ဖြစ်သည်။ ဤလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကိုယ်ပိုင် တွေးခေါ်မှုကို မြှင့်တင်ပေးရန်ဖြစ်သည်။


၁။ လူတို့လိုအင် အဆင့်ဆင့် သီအိုရီနှင့် ပိရမစ်ပါ အချက်အလက်တို့ကို ကျောင်းသားတို့ နားလည်စေရန်အတွက် ဆရာက ပို့ချချက်အတိုတစ်ခု ပေးမည်။ သို့မဟုတ် အတိုချုပ် ဆွေးနွေးပေးမည်။
၂။ မာ့စ်လိုအကြောင်း မိတ်ဆက်နိဒါန်းကို အကျဉ်းချုံးပြောပြမည်။ မာ့စ်လို၏ သီအိုရီနောက်ကွယ်မှ ယေဘုယျအယူအဆကို ဖော်ပြမည်။
၃။ ပိရမစ်အပိုင်း/အကန့်တစ်ကန့်စီကို အလှည့်ကျလေ့လာ၍ ထိုအပိုင်း (သို့မဟုတ်) အကန့်၏ခေါင်းစဉ်ကို ဆရာက ကျောင်းသားများအား ပေးရမည်။ နှစ်ယောက်တစ်တွဲတွဲ၍ ထိုခေါင်းစဉ်အောက်၌ ထည့်သွင်းရန် အချက်များကို ဆွေးနွေးစေမည်။
၄။ ဆရာက ကျောင်းသားအချို့ကို ရွေးချယ်၍ သူတို့ထံမှ အကြံဉာဏ်ကို တောင်းခံပါ။
၅။ နှစ်ယောက်တစ်တွဲပြန်တွဲစေပြီး လူတို့၏အခြေခံလိုအပ်ချက်များ မပြည့်စုံပါက ဖြစ်လာမည့် နောက်ဆက်တွဲ ရလဒ်များကို ကျောင်းသားများအား ဆွေးနွေးစေရမည်။
၆။ အကြံပြုချက် အချို့ကို ရယူပါ။
၇။ ပိရမစ်၏ အစိတ်အပိုင်း/အကန့်တစ်ခုစီအတွက် အထက်ပါနည်းအတိုင်း ထပ်ကျော့ ဆောင်ရွက်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် ကျောင်းသားများ၏ မာ့စ်လို သီအိုရီနှင့် ပိရမစ်ပုံပါ အကြောင်းအရာတို့ကို နားလည်မှု ရှိ/မရှိ စမ်းသပ်စစ်ဆေးခြင်းဖြစ်သည်။ သင်ယူနေစဉ်စစ်ဆေးခြင်း ပုံစံတစ်မျိုးဖြစ်သည်။ သူတို့နားလည်မှုကို နှစ်ယောက်တွဲလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဆွေးနွေးခြင်းတို့မှတစ်ဆင့် သိလာရသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ယခု ပိရမစ်ပုံနှင့် ကျောင်းသားကိုင်စာအုပ်ထဲမှ ပိရမစ်ပုံတို့တွင် လိုအင်အမျိုးမျိုးနှင့် ပတ်သက်သည့် အဖြေအမျိုးမျိုးတို့ကို ဖော်ပြထားသည်။ ကျောင်းသားများအား မိမိတို့ သိရှိထားသည့် လိုအင်တို့ကို အမျိုးအစား တစ်ခုစီအလိုက် ပုံထဲတွင် ထည့်သွင်းစေရမည်။




**ပုံ ၈.၅။ မာ့စ်လို၏ လိုအင်အဆင့်ဆင့် ပိရမစ်**

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ တွေး - တွဲ - မျှဝေခြင်းနည်းဖြင့် ခွဲခြမ်း၊ စိတ်ဖြာလေ့လာခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများအား ပထမဦးစွာ တစ်ဦးချင်းစီ မှတ်စုထုတ်စေမည်။ ပြီးနောက် နှစ်ယောက်တစ်တွဲ တွဲစေပြီးလျှင် ကျောင်းတစ်ကျောင်း (စနစ်တစ်ခု) က ကျောင်းသားများ၏ အခြေခံအကျဆုံး လိုအင်/လိုအပ်ချက်များကို ပြည့်စုံစေရန် မည်ကဲ့သို့ အာမခံချက်ပေးကာ ဆောင်ရွက်ပေးနိုင်မည်ကို ဆွေးနွေး၍နည်းလမ်းရှာစေမည်။ ကျောင်းသားတို့အား လူတို့၏အခြေခံကျသည့်လိုအင်များကို ပထမစဉ်းစားပြီးမှ လိုအင်အဆင့်ဆင့်အကြောင်း စဉ်းစားရန် သတိပေးပါ။

၂။ ကျောင်းသားများအား (၄) ယောက်တစ်အုပ်စု သို့မဟုတ် (၅) ယောက်တစ်အုပ်စုအဖြစ် အုပ်စုအသီးသီး ဖွဲ့စည်းပေးပါ။ သူတို့ပညာသင်ယူခဲ့ရာ ကျောင်းများ၏ အခြေအနေ အသီးသီးကို စစ်ဆေးအကဲဖြတ်သုံးသပ်စေမည်။ ထိုကျောင်းများ၏ လက်ရှိ ပကတိ အဆင့်အတန်းနှင့် မာ့စ်လို၏ ပိရမစ်ပါ လိုအင်များကို မည်ကဲ့သို့ပြည့်စုံအောင် ဆောင်ရွက်နိုင်ပုံတို့ကို နှိုင်းယှဉ်စေမည်။ ၎င်းတို့သည် ခြားနားသော ကျောင်းအဆင့်အတန်း အမျိုးမျိုးမှ လာခဲ့ကြသူများဖြစ်ကြလျှင် ဥပမာ အမျိုးမျိုးတို့ကို အသုံးပြု၍ ထိုကျောင်းများ၏ အခြေအနေ အဆင့်အတန်းတို့ကို မာ့စ်လိုပိရမစ်ပါ လိုအင်များနှင့် တိုက်ဆိုင်စစ်ဆေးနှိုင်း ယှဉ်နိုင်မည်ဖြစ်၍ အကျိုးထူးရစေနိုင်မည်။

၃။ ပိရမစ်၏ အဆင့်တစ်ဆင့်ချင်းစီအတွက် ရရှိလာသော တုံ့ပြန်အကြံပြုချက်များကို ရယူပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လူတို့လိုအင် အဆင့်ဆင့် သီအိုရီကို လက်တွေ့ဘဝနှင့် လက်တွေ့ တွေ့ရှိချက်တို့တွင် ကျောင်းသားတို့၏ ပြန်လည်အသုံးချနိုင်စွမ်းကို စစ်ဆေးနိုင်ရန်အတွက် ဤလုပ်ငန်းကို သင်ယူစဉ် စစ်ဆေးမှုတစ်ခုအဖြစ် သုံးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများပေးသော အဖြေများတွင် ကျောင်းကပံ့ပိုးပေးနိုင်သည်တို့ ပါဝင်နိုင်သည်။ ကျောင်းတစ်ကျောင်းအနေနှင့် ကျောင်းသားတို့အတွက် အောက်ပါလိုအင်များကို ပံ့ပိုးပေးနိုင်ကြသည်။

- ဇီဝကမ္မဆိုင်ရာလိုအင်များ - ကျောင်းစားသောက်ဆိုင်၊ သောက်ရေရရှိမှု၊ ဘေးကင်းလုံခြုံ၍ စိတ်ချရသော အဆောက်အအုံ၊ သက်တောင့်သက်သာရှိသော နေရာထိုင်ခင်းရှိမှု။ (ကျောင်းအိပ်ကျောင်းစား လက်ခံသောကျောင်းဖြစ်လျှင်)
- ဘေးကင်းလုံခြုံမှုလိုအင်များ - ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်၊ မိဘများနှင့် အပြန်အလှန်ပြောဆိုဆက်ဆံရာ၌ ရည်မွန်ခြင်း၊ ကျောင်းသားများ ၏ ချစ်ကြည်ညီညွတ်မှုကို အားပေးပြီး အနိုင်ကျင့်ခြင်း၊ စိုးမိုးဗိုလ်ကျခြင်းတို့ကို တားဆီးကာကွယ်ပေးနိုင်သော ကျောင်း၏မူဝါဒများ။

- ပိုင်ဆိုင်လိုမှုနှင့် ချစ်ခင်ယုယခံလိုမှုလိုအပ်မှုများ - စာသင်ခန်းတွင်း အသင်းအဖွဲ့ (လူမှုရေး) စိတ်ဓာတ်၊ ကျောင်းတွင်းအသင်းအဖွဲ့စိတ်ဓာတ်၊ ချစ်ကြည်ရင်းနှီးညီညွတ်မှုနှင့် အပြန်အလှန် ဆက်ဆံရေး ကောင်းမွန်မှုတို့ကို သင်ယူနိုင်စေမည့် အခွင့်အလမ်းများ။
- မိမိကို မိမိ တန်ဖိုးထားလေးစားမှုလိုအင် - ကျောင်းသားများ၏ အောင်မြင် ပေါက်မြောက်မှုကို အသိအမှတ်ပြုရန်/ဂုဏ်ပြုရန် အခမ်းအနားအမျိုးမျိုးတို့ကို ကျင်းပ ပေးနိုင်သည့် အခွင့်အလမ်းများ၊ စည်းကမ်းကျနစ္စ ယဉ်ကျေးရည်မွန်သော အပြုအမူရရှိရေး (လိမ္မာရေးခြားရှိရေး) ဆိုင်ရာမူဝါဒများနှင့် စာသင်ခန်းအတွင်း အပြုသဘောဆောင်သည့် တုံ့ပြန်အကြံပြုမှုများ။
- မိမိစွမ်းရည်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်ဆောင်ရွက်လိုသည့်လိုအင် - ကျောင်းသားဗဟိုပြု သင်ကြားမှုအလေ့အထ၊ ကျောင်းသားအားလုံးတို့အား ပင်ကိုယ် ဉာဏ်စွမ်းဉာဏ်စအလိုက် သူ့အတိုင်းအတာနှင့်သူ တိုးတက်သွားစေနိုင်မည့် သင်ကြားမှုသင်ယူမှုစနစ်များ၊ အခြားအဖြေပေါင်းများစွာလည်း ပေးလာနိုင်သည်။

## ကျောင်းသားတို့၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ - မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို သတိပြုမှတ်သားရန်နှင့် မာ့စ်လို သီအိုရီကို ကျောင်းများ၌ သုံးနိုင်ပုံ၊ ယေဘုယျအမြင် သူတို့လက်တွေ့ကြုံခဲ့ရသော ကျောင်းသားဘဝ အတွေ့အကြုံတို့မှတစ်ဆင့် ၎င်းတို့သိရှိနားလည်လာခြင်းအားဖြင့် သင်ယူမှုရလဒ်များ ပြည့်စုံလာမည်ဖြစ်ကြောင်း သတိပြုမိစေရန် ဆရာကပြောပြရမည်။

၂။ ဤသိရှိနားလည်လာမှု (အသိပညာ) ကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပြီး ဤသင်ခန်းစာမှ ရရှိလာသော သင်ယူမှုရလဒ်များဖြစ်သည့် ကျောင်းသားများ မည်သို့မည်ပုံ သင်ယူတတ်ကြောင်း သိရှိလာမှုနှင့် ၎င်းတို့၏ သင်ကြားနည်း အလေ့အကျင့်များကို ပြန်လည်သုံးသပ်ကာ တိုးတက်ကောင်းမွန်အောင် မည်သို့ဆောင်ရွက်နိုင်ကြောင်း သိရှိလာရမှုတို့က ချမှတ်ထားသော ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် မည်သို့ဆက်စပ်နီးနွှယ်နေကြောင်း အကျဉ်းချုပ်ဆွေးနွေးစေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၂။** ။ မိမိအတန်းမှ ကျောင်းသားများအနေနှင့် မှတ်စုလို ခွဲခြားပြထားသော လိုအင်အဆင့်တစ်ခု စီ၌ ထည့်သွင်းရန် လိုအင်ဥပမာများကို စဉ်းစားရခက်နေမည်ဆိုလျှင် ဆရာက ၎င်းတို့ကို တိုက်ဆိုင်စစ်ဆေး၍ အမျိုးအစားခွဲခြားနိုင်မည့် လိုအင်အမျိုးမျိုးတို့ စာရင်းကို ပြုစုပေးနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအင်တို့ကို အစီစဉ်တကျမဟုတ်ဘဲ သင့်လျော်သလို ကြံ့ရာကျပန်းပေးရမည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ လိုအင်အဆင့်ဆင့် သီအိုရီကို အခြားအခြေအနေအမျိုးမျိုး အတွက်လည်း အသုံးပြုနိုင်သည်။ ကျောင်းသားတို့ ပညာသင်ယူခဲ့သော မူလတန်းကျောင်း၊ အလယ်တန်းကျောင်းများ သို့မဟုတ် သူတို့၏ ကိုယ်ပိုင်မိသားစုဘဝနှင့် အိမ်၏ နောက်ခံ အခြေအနေတို့ကို သုံးသပ်ရန်အတွက်လည်း ဤသီအိုရီကို အသုံးပြုနိုင်သည်။

## ၈.၅.၂။ ရုပ်ပိုင်းကြံ့ခိုင်မှု + ပေါင်းသင်းဆက်ဆံရေး၌ ဝင်ဆံ့သော စိတ်ဓာတ်ရင့်ကျက်မှု = သင်ယူမှု၏ အခြေခံ အုတ်မြစ်

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စိတ်ကျန်းမာရေးပြည့်စုံမှုတွင် မည်သည်တို့ပါဝင်ဖွဲ့စည်းနေကြောင်းနှင့် ထိုစိတ်ကျန်းမာရေး ပြည့်စုံမှု သို့မဟုတ် ချို့ယွင်းမှုက သင်ယူမှုအပေါ်မည်သို့ အကျိုးသက်ရောက်တတ်ကြောင်း ကို ကိုယ်ပိုင် စကားလုံးများဖြင့် ရှင်းပြတတ်မည်။
- ပေါင်းသင်းဆက်ဆံရေးနယ်ပယ်၌ စိတ်လှုပ်ရှားခံစားမှုကောင်းမွန်ခြင်းသည် သင်ယူမှု အတွက် သာမက လူ့အဖွဲ့အစည်းအတွက်ပါ အရေးပါကြောင်း ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာမည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။
(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။
(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်း လေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသောစာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၈.၅.၁) မှ (၈.၅.၃) ထိ ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ စာဖတ်ခြင်းနှင့် ဆွေးနွေးခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများသည် လူတို့၏ အခြေခံအကျဆုံးလိုအင်၊ အဓိကအားဖြင့် ရုပ်ပိုင်းဆိုင်ရာ အသက်ရှင်သန်နိုင်မှု လိုအင်များကို ကျွမ်းကျင်နှံ့စပ်စွာ သိရှိသွားပြီဟု ဆရာက ယူဆသောအခါ လူတို့၌ ထိုအခြေခံလိုအင်တို့အပြင် ရှင်သန်နေထိုင်မှု ကောင်းမွန်စေရေး

အတွက် အခြားလိုအင်များ ရှိနိုင်သေးပုံကို ထောက်ပြ၍ ထိုလိုအင်များကို ပြောပြစေမည်။ အဆင့်မြင့်လိုအင်များသည်လည်း လူတို့အတွက် အရေးပါကြောင်း စိတ်ကူးယူဆချက်များကို ဆွေးနွေးစေမည်။

၂။ ကျောင်းသားများအား စိတ်လှုပ်ရှားမှုဆိုင်ရာလိုအင်များနှင့် လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ စိတ်လှုပ်ရှားမှုဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော သင်ယူမှုအကြောင်းတို့ကို ဖတ်ရှုလေ့လာ စေမည်။

၃။ ပေးထားသောမေးခွန်းများကို အဖြေရှာရန် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်များအဖြစ် ဆွေးနွေးစေမည်။

၄။ ကျောင်းသားအချို့ကို ရွေးထုတ်၍ သူတို့အတွေးအမြင်များကို အတန်းနှင့် မျှဝေစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားတို့အား ကျယ်ပြန့်စွာ ဖြန့်ကြက်တွေးတောစဉ်းစားတတ်ရေးကို အားပေးတိုက်တွန်းပါ။ သူတို့ပတ်ဝန်းကျင်၌ တွေ့ရှိလေ့လာထားမှုများကို ထည့်သွင်းဆွေးနွေးရန် အားပေးပါ။ စိတ်ပိုင်းဆိုင်ရာ အခက်အခဲပြဿနာ (စိတ်ဝေဒနာ) များနှင့် သင်ယူနိုင်စွမ်းချို့တဲ့မှုအကြောင်း သူတို့သိရှိထားသမျှကို ဆွေးနွေးစေရမည်။ ဤကဲ့သို့သော ဖြစ်ရပ်များတွင် သက်ဆိုင်ရာ ကျောင်းသား/ပုဂ္ဂိုလ်နှင့် သူတို့မိသားစုများအတွက် မည်ကဲ့သို့ ထိခိုက်နစ်နာ ခံစားရပါသနည်း။ နစ်နာခံစားရသူတို့အတွက် လူ့အဖွဲ့အစည်းက မည်သည်တို့ကို ဆောင်ရွက်ပံ့ပိုး ပေးထားပါသနည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေအမျိုးမျိုး ရရှိလာမည်။ မှားခြင်း၊ မှန်ခြင်းခွဲခြားရန် မလိုပါ။ အဖြေအားလုံးသည် သက်ဆိုင်ရာရှုထောင့်များတွင် မှန်ကြသည်ချည်းဖြစ်သည်။ သတိပြုရန်အချက်မှာ သင်ယူနိုင်စွမ်းချို့တဲ့မှုသည် စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာတစ်ခုမဟုတ်ကြောင်းကို ကောင်းစွာခွဲခြားသိမှတ်ထားရန် ဖြစ်သည်။ သင်ယူနိုင်စွမ်းချို့တဲ့မှုသည် စိတ်ကျန်းမာရေးချို့တဲ့မှု တစ်မျိုးမဟုတ်ပါ။ သင်ယူနိုင်စွမ်းချို့တဲ့မှုသည် နာ့ဗ်ကြောများ၏ဆောင်ရွက်မှု မှုမမှန်ခြင်းကြောင့် ဖြစ်ပေါ်လာရသည်။ ဦးနှောက်အစိတ်အပိုင်းတစ်ခု၌ နျူရွန်များအနေအထား ကစဉ့်ကလျားဖြစ်မှုကြောင့် ပေါ်ပေါက်လာရသည်။

သင်ယူနိုင်စွမ်း ချို့တဲ့မှုသည် အမြဲတမ်းဖြစ်ပေါ်နေသည့် အခြေအနေတစ်ရပ်ဖြစ်ပြီး ရှေးဦး ကလေးသူငယ်ဘဝ နောက်ဆုံးအဆင့်မှ စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုကလေး၏ဘဝ တစ်သက်တာလုံး၌လည်း စွဲမြဲစွာတည်ရှိနေမည့် အခြေအနေ တစ်ရပ်ဖြစ်သည်။ စိတ်ကျန်းမာရေး ချို့တဲ့မှုမှာ လူ့ဘဝ၏ မည်သည့်အရွယ်အပိုင်းအခြား၌မဆို ပေါ်ပေါက်လာနိုင်ပြီး အမြဲဖြစ်နေမည် မဟုတ်။ ပျောက်ကင်းအောင် ကုသနိုင်သည်လည်းရှိသည်။ သင့်တော်သောကုထုံးနှင့် ထောက်ပံ့ကူညီမှုများရလျှင် စိတ်အခြေအနေ ပုံမှန်ပြန်ဖြစ်လာနိုင်ပြီး ကျန်းမာရေးပြဿနာကို ဖြေရှင်းနိုင်သည်။

**ရပ်တန့်ပါ။ စဉ်းစားပါ။**

စိတ်ပိုင်းဆိုင်ရာပြဿနာများနှင့် စိတ်ဝေဒနာများ၏ ဝန်ပိမှုသည် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ကျန်းမာရေး၊ အဓိကကျသော ပေါင်းသင်းဆက်ဆံရေး လူ့အခွင့်အရေးများနှင့် စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲရလဒ်များစသည့် အခန်းကဏ္ဍအသီးသီးတို့တွင် ထင်ရှားသိသာစွာ လွှမ်းမိုးသက်ရောက်နေပြီး ယင်းဝန်ပိမှုသည် ဆက်လက် ကြီးထွားနေပါသည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး (W.H.O) က စာရင်းပြုစု ဖော်ပြထားသော စိတ်ကျန်းမာရေးချို့တဲ့မှုများကို သိရှိသင့်သည်။ အဖြစ်များသော စိတ်ကျန်းမာရေး ချို့တဲ့မှုများ (mental disorder) တွင် စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်လွန်ခြင်းစသည့် အသေးစားစိတ်ဝေဒနာများ ပါဝင်သကဲ့သို့ အပြင်းစားဝေဒနာများ (Psychoses) ဖြစ်ကြသည့် စိတ်ကစဉ့်ကလျားဖြစ်ခြင်းနှင့် စိတ်ကျ၊ စိတ်ကြွဝေဒနာတို့လည်း ပါဝင်သည်။ ထို့ပြင် ဦးနှောက်ထိခိုက် ဒဏ်ရာရ၍ဖြစ်စေ၊ ရောဂါကြောင့်ဖြစ်စေ စိတ်ဖောက်ပြန်သော ဝေဒနာ၊ မူမမှန်စားသောက်ခြင်း စိတ်ဝေဒနာ၊ အရက်နှင့် စိတ်ကို ပြောင်းလဲစေတတ်သော အခြားမူးယစ်ဆေးဝါးများ တလွဲသုံးစွဲခြင်းတို့ ပါဝင်ကြသည်။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက http://www.whoint/topics/mentalhealth/factsheets/len နှင့် http://www.who.int/news-room/factsheet/detail/adolescent.mentalhealth/ တို့တွင် တွေ့ရှိနိုင်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ သင်ယူနိုင်စွမ်းချို့တဲ့မှုနှင့် စိတ်ပိုင်းဆိုင်ရာဝေဒနာတို့အကြား ခြားနားချက်ကိုဆွေးနွေးပါ။

၂။ မိမိကျောင်းနှင့် မိမိရပ်ရွာ အသိုက်အဝန်းတို့တွင် တွေ့ရှိရသော စိတ်ပိုင်းဆိုင်ရာပြဿနာ ရှိသူများနှင့် သင်ယူမှုချို့တဲ့သူတို့အပေါ်ထားရှိသည့် သဘောထားအမြင်တို့ကို ပေါ်လွင်စေမည့် မြင်ကွင်းကျယ်သုံးသပ်ချက်တစ်ခု ရေးသားပြုစုရန် စိတ်ကူးကို ဆရာက ကျောင်းသားများအား မိတ်ဆက်ပေးမည်။ ရေးသားပြုစုချိန် ကာလတစ်ခုပေး၍ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ လက်တွေ့လုပ်ဆောင်စေလျှင် သင့်တော်ပါသည်။ အောက်ပါမေးခွန်းများ၏ အဖြေကိုရရန်အတွက် ကျောင်းသားများအား ရပ်ရွာထဲသို့ သွားရောက်တွေ့ဆုံ မေးမြန်းခြင်းနည်းကိုသုံး၍ သုတေသနပြုစေနိုင်သည်။ နောက်ခံ အချက်အလက်များရရန် သုတေသနတစ်ခုကိုပြုရာ၌ အောက်ပါမေးခွန်းများကို စဉ်းစားပါ။ လူတို့အသိုက်အဝန်းအဖွဲ့အစည်းထဲတွင် မည်ကဲ့သို့သော စိတ်ဝေဒနာ အမျိုးအစားများနှင့် မည်ကဲ့သို့သော သင်ယူနိုင်စွမ်းချို့တဲ့မှုပြဿနာ အမျိုးအစားတို့ကို ရှာဖွေတွေ့ရှိနိုင်သနည်း။ ထိုကဲ့သို့ ဖြစ်နေသူများ၊ နစ်နာသူများအတွက် မည်သည့်ကူညီပံ့ပိုးမှုများ ပေးထားသနည်း။

၃။ ဤကဲ့သို့ပြန်လည်သုံးသပ်ခြင်း၏ အကျိုးရလဒ်သည် မည်သို့ဖြစ်မည်ဟု ထင်မြင်သနည်း။ မှန်းဆခြင်းကို အသုံးပြု၍ ဖြေဆိုပါ။ ဤလုပ်ငန်းကို လက်တွေ့လုပ်ဆောင်နိုင်သည်။ တွေ့ရှိချက်များကို ပိုစတာတစ်ခုအဖြစ်တင်ပြနိုင်သည်။

၄။ ကျောင်းသားများအား အခန်း (၇) သင်ခန်းစာများအဆုံးတွင် (၂၁) ရာစုတွင် ကျွမ်းကျင်မှုများ အကြောင်း ပို၍အကျယ်တဝင့် နက်ရှိုင်းစွာ လေ့လာရမည်ကို အသိပေးပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

မိမိအတန်းတွင်းမှ အုပ်စုတို့၏ တက်ကြွမှုစိတ်ဝင်စားမှုအလိုက် မေးခွန်းများကို ဖြေရန် အချိန်ကို ဆရာက ချိန်ဆ၍ ပေးရမည်။

## ၈.၅.၃။ အနာဂတ်တွင်ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့်ထားသည့်အမြင်

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- အနာဂတ်တွင်ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့်ထားသည့်အမြင် (Self-fulfilling Prophecies) ၏ ခရုပတ်ကွင်းဆက် ကောင်းကျိုးများနှင့် ဆိုးကျိုးများကို နားလည်လာမည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှု နှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက် ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသောစာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်ရှိပြီးသင်ယူမှု အတွေ့အကြုံပေါ် ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၈.၅.၁) မှ (၈.၅.၃) ထိ ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်စက္ကူ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ ဆွေးနွေးခြင်းနှင့် စာဖတ်ခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများတွင် မိမိတို့ ခန့်မှန်းတွက်ဆခဲ့သည့်အတိုင်း အမှန်တကယ်ဖြစ်လာခဲ့သည့် ကိုယ်တွေ့ အတွေ့အကြုံများ ရှိ/မရှိကို မေးပါ။ အထူးစိတ်ပါဝင်စားသူများကို ဖိတ်ခေါ်၍ သူတို့အတွေ့အကြုံကို မျှဝေစေမည်။

၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ အနာဂတ်တွင် ဖြစ်လာရန် ကိုယ်တိုင် မျှော်လင့်ထားသည့် အမြင်အကြောင်းကို ဖတ်စေပြီး အုပ်စုငယ်များဖွဲ့ကာ မေးခွန်းများကို ဆွေးနွေးစေမည်။

၃။ အထူးစိတ်ပါဝင်စားသူ (volunteers) များကို ရွေးချယ် ဖိတ်ခေါ်၍ သူတို့ဆွေးနွေးချက်များကို မျှဝေစေရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ဆရာက အတန်းထဲသို့ လှည့်ပတ်သွားလာရင်း ကျောင်းသားများ ဆွေးနွေးနေသည်ကို စောင့်ကြည့်လေ့လာ နားထောင်ထားရမည်။ မတူညီသောအမြင်များ ပေါ်ပေါက်လာလျှင် ကျောင်းသားတို့ အချင်းချင်း အချေအတင် ငြင်းခုံဆွေးနွေးမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကြိုတ်အနယ် ပညာစမ်းကြမည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေအမျိုးမျိုး ရလာနိုင်သည့် ထိုအဖြေတို့သည် ကျောင်းသားတို့၏ အတွေ့အကြုံနှင့် ထင်မြင်ယူဆချက်ပေါ် မူတည်၍ကွဲပြားခြားနားမည်။ ဆွေးနွေးနေစဉ် သင်ကြားရေးဆိုင်ရာ အမြင်အမျိုးမျိုးတို့ကို တင်ပြနိုင်ဖွယ်ရှိသည်။ သင်ကြားရေးဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ စိတ်ပညာစာပေများတွင် ပညာရှင်တို့၏ ပြစ်တင်ဝေဖန်မှု အမြောက်အမြားကို တွေ့ရှိရသည်။ ဥပမာအားဖြင့် ကလေးများ၏ ဉာဏ်ရည်ပြကိန်းရမှတ်များကို စစ်ဆေးအကဲဖြတ်ရန် တီထွင်ထားသည့် ဉာဏ်ရည်စစ်ဆေးလွှာများ ပြုစုရာတွင်လည်း အပြစ်အနာအဆာများစွာ ရှိသည်ဟု ဆိုပါသည်။ ဝေဖန်ရေးပညာရှင်များထဲတွင် သောန်ဒိုက်ခ် (Thorndike) သည် အပွင့်လင်းဆုံး ဝေဖန်ရေးပညာရှင်အဖြစ် ထင်ရှားသည်။ ခြုံငုံဆိုရလျှင် ထိုပညာရှင်များ၏ လေ့လာချက်အားလုံးကို အသေးစိတ်သိရန် သို့မဟုတ် အမှားဖြစ်လျက် အမှန်ဖြစ်ကြောင်း ဖော်ထုတ်ကြေညာခဲ့ကြောင်း စသည်တို့မှာ အရေးမကြီးပါ။ အရေးကြီးသောအချက်မှာ ဤစူးစမ်းလေ့လာတွေ့ရှိချက်များသည် ပညာရေးသုတေသနတစ်ခု မည်သို့ပေါ်ပေါက်လာပုံကို ဖော်ပြနိုင်သော ဥပမာအဖြစ် ရှုမြင်နိုင်ရန်သာဖြစ်ပါသည်။ ပညာရေးသုတေသနတစ်ခုသည် အချေအတင်ငြင်းခုံမှုများ၊ အချင်းချင်း ပြန်လည်သုံးသပ်ခြင်းများနှင့် အပိုဆောင်း ယေဘုယျအဆို (hypothesis) များ ချမှတ်လေ့လာခြင်း စသည်တို့မှတစ်ဆင့် တရွေ့ရွေ့နှင့် အဆင့်ဆင့် ပြောင်းလဲပေါ်ပေါက်လာပုံကို သိရှိရန်လိုအပ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီ တွဲလျက် အနာဂတ်တွင်ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့်ထားသည့် အမြင်အကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဝါကျတစ်ကြောင်းတည်းဖြင့် ဖော်ပြစေမည်။

၂။ တုံ့ပြန်မှု (၂) ခု (၃) ခုခန့်ကို ယူ၍၎င်းတို့ရေးထားသော အဓိပ္ပာယ်ဖော်ပြချက်များ၏ တိကျမှုမှန်ကန်မှု တို့ကို အကျဉ်းချုံးပြင်ဆင်ပြီး အတည်ပြုပေးပါ။

၃။ ကျောင်းသားများအား အပြုသဘောဆောင်သော ကိုယ်တိုင်မျှော်လင့်ချက် ဥပမာ (၁) ခု (သို့မဟုတ်) (၂) ခုကို ပေးစေရမည်။ အဖျက်သဘောဆောင်သော ကိုယ်တိုင်မျှော်လင့်ချက် ဥပမာ တစ်ခုကိုလည်း ပေးစေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

မေးခွန်းများကို ဖြေဆိုစေ၍ ကျောင်းသားများ တွေး-တွဲ-မျှဝေ လုပ်ငန်းဆောင်ရွက်ရာတွင် ဆရာက ကူညီလမ်းညွှန်ပေးနိုင်သည်။

ကျောင်းသားများအား Robert Rosenthal နှင့် Lenore Jacobsin တို့ရေးသားသော 'စာသင်ခန်းတွင်းမှ ပစ်ဂ်မေလီယမ် - ဆရာမျှော်မှန်းချက်နှင့် ကျောင်းသားများ၏ အသိဉာဏ်ဖွံ့ဖြိုး တိုးတက်မှု' (၂၀၀၃) သုတေသနလုပ်ငန်းကို နှံ့စပ်စွာသိရှိအောင် ဆောင်ရွက်ပါစေ။

ပူပန်စိုးရိမ်မှုကြောင့် မှင်တက်မိခြင်း (anxiety paralysis) သို့မဟုတ် ပူပန်စိုးရိမ်မှုကြောင့် ကယောင်ချောက်ချားဖြစ်ခြင်း အယူအဆကို ကျောင်းသားများအား မိတ်ဆက်ပေးပါ။ ထိုအယူအဆက အချို့ကျောင်းသားများ (သို့မဟုတ်) အချို့လူများသည် အစမ်းစာမေးပွဲ/ စာမေးပွဲများ ဖြေဆိုသည့်အခါ မိမိ အရည်အချင်းရှိသလောက် ကောင်းမွန်ပေါက်မြောက်အောင် မဖြေဆိုနိုင်ခြင်း သို့မဟုတ် ကျောင်းသားများအနေနှင့် စိတ်ဖိစီးမှုများလွန်း၍ မအောင်မြင်ခြင်းတို့ကို ရှင်းလင်းပြနိုင်သည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ စိတ်လှုပ်ရှားမှုဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သော သင်ယူမှုအကြောင်း ဥပမာအချို့ကိုပေးပြီး ထိုသင်ယူမှုသည် အဘယ်ကြောင့် အရေးပါကြောင်း ရှင်းပြပါ။

***အဖြေ။*** *ဆုံးဖြတ်ချက်ကောင်းများ မှန်ကန်စွာ ချမှတ်တတ်ခြင်း၊ သူတစ်ပါးတို့၏ စိတ်ခံစားချက်များကို ထပ်တူညီခံစားတတ်ခြင်း (ကိုယ်ချင်းစာခြင်း)၊ မိမိကိုယ်ကို အားကိုးရပ်တည်ခြင်း၊ ကမ္ဘာမြေမပျက်စီးအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်ခြင်းနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်နှင့်ပြည့်စုံခြင်း စသည့် အချက်အလက်များကို သင်ရိုးညွှန်းတမ်းများ ဆွေးနွေးရာ၌ မကြာသေးမီကမှ ထည့်သွင်းစဉ်းစားလာခဲ့ကြသည်။ ထိုအချက်များကို သင်ရိုးညွှန်းတမ်းများ၌ ထည့်သွင်းရေးဆွဲထားရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အသက် (၁၀) နှစ်မှ (၁၉) နှစ်အတွင်း ဆယ်ကျော်သက် လူငယ်များနှင့် လူငယ်လူရွယ်များသည် ရုပ်ပိုင်း၊ စိတ်လှုပ်ရှားမှုအပိုင်းနှင့် လူမှုအပေါင်းအသင်း ဆက်ဆံရေး ပြောင်းလဲမှုအပိုင်းတို့တွင် လွန်စွာ ထိခိုက် နစ်နာလွယ်သောသူများ ဖြစ်ကြသည်။ ဆင်းရဲနွမ်းပါးမှုဒဏ်ခံရခြင်း၊ ဆေးဝါးတလွဲသုံးခြင်းနှင့် အကြမ်းဖက် လုပ်ရပ်များနှင့် ထိတွေ့ရင်ဆိုင်နိုင်ဖွယ်ရှိခြင်းတို့လည်း ပါဝင်သည်။ သို့ဖြစ်၍ သူတို့၌ စိတ်ပိုင်းဆိုင်ရာပြဿနာ အမြောက်အမြား ရင်ဆိုင်ရဖွယ်ရှိပြီး အထိနာဆုံး သက်ရွယ်အုပ်စုဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေး၌ စိတ်လှုပ်ရှားမှု ကို ကောင်းမွန်စွာ ကိုင်တွယ်ထိန်းသိမ်းနိုင်ပြီး စိတ်ဓာတ်ခိုင်ကြည်ရင့်ကျက်မှု ရှိမှသာ လူငယ်လူရွယ်တို့ လမ်းမှားသို့မရောက်ရအောင် ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်။*

**မေးခွန်း ၂။** 'အနာဂတ်တွင်ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့်ထားသည့်အမြင်' အယူအဆကို အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းပြပါ။

***အဖြေ။*** *တစ်စုံတစ်ဦးသည် မိမိအနာဂတ်အတွက် တစ်စုံတစ်ခုဖြစ်လာမည်ဟု မိမိဘာသာ ယုံကြည်ထားပြီး ဖြစ်လာစေရန် ရည်မှန်းမျှော်လင့်ထားခဲ့သော်လည်း သူ၏ မျှော်မှန်း/မျှော်လင့်ချက်မှာ ဖြစ်နိုင်ခြေ ရှိ/မရှိ လုံးဝ ထည့်သွင်းမစဉ်းစားဘဲ ဖြစ်လိုသည့်ဆန္ဒနှင့် သူ့အမြင်အတိုင်း ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ သို့နှင့် အချိန်တန်၍ အနာဂတ်ကာလတစ်ခုသို့ ရောက်ရှိလာသောအခါ သူ့စိတ်အာရုံ သန်သည့်အတိုင်း အမှန်တကယ် ဖြစ်လာတတ်သည်။ ထိုသို့ မိမိ ခန့်မှန်းချက်က အမှန်တကယ်ဖြစ်လာသောအခါ ၎င်းက မိမိအားထုတ်ကျင့်ကြံ ဆောင်ရွက်မှု များကြောင့် ဖြစ်လာခြင်းဟု မသိမြင်တော့ပဲ မိမိ၏ကနဦး မျှော်လင့်ချက်/ ရည်မှန်းချက်က မှန်ကန်၍သာ အကျိုးထူးရရှိလာသည်ဟု မှတ်ယူယုံကြည် သွားသည်။ ဤအယူအဆကို အနာဂတ်တွင် ဖြစ်လာရန် ကိုယ်တိုင်မျှော်လင့် ထားသည့်အမြင်ဟု ခေါ်သည်။*

# ၈.၆။ ဉာဏ်ရည်အထွေထွေ

## ၈.၆.၁။ ဉာဏ်ရည်တိုင်းတာစစ်ဆေးခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဉာဏ်ရည်ပြက်ကိန်း စစ်ဆေးလွှာများသည် မည်သည့်အရာကို တိုင်းတာစစ်ဆေးခြင်းဖြစ်ကြောင်း ရှင်းပြတတ်မည်။
- ဉာဏ်ရည်နှင့်ပတ်သက်၍ သမားရိုးကျအယူအဆသည် အဘယ်ကြောင့် ကန့်သတ်မှုများရှိကြောင်း ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) ၅.၁။ အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသောဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး - တွဲ - မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်ရှိပြီးသင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၈.၆.၁) နှင့် (၈.၆.၂) တို့ကိုဖတ်ပါ။ ရန်ကုန်ပညာရေးတက္ကသိုလ် B.Ed (ဒုတိယနှစ်) ပညာရေးစိတ်ပညာ အခန်းငယ် (၃.၂) စာမျက်နှာ ၂၄ ကို လေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီးများ၊ သင်ပုန်း၊ မာကာများ၊ ဉာဏ်ရည်စစ်ဆေးလွှာ မိတ္တူစာရွက်များ၊ ရန်ကုန်ပညာရေး တက္ကသိုလ် B.Ed (ဒုတိယနှစ်) ပညာရေး စိတ်ပညာကျောင်းသားကိုင်စာအုပ်။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် - ၄၀)**

၁။ ဤသင်ခန်းစာကို ကျောင်းသားများအား ဉာဏ်ရည်စစ်ဆေးလွှာတစ်ခု ဖြေစေခြင်းဖြင့် စတင်မည်။ အင်တာနက်အွန်လိုင်းတွင် ဉာဏ်ရည်စစ်ဆေးလွှာ အမျိုးမျိုးကို ရရှိသုံးစွဲနိုင်သည်။ သို့မဟုတ် ဆရာထံ၌ ပုံနှိပ်ထားသည့် ဉာဏ်ရည်စစ်ဆေးလွှာ[၁၀] များလည်း ရှိနိုင်သည်။

[၁၀] https://www.mensaiqtest.net/ သည် ဉာဏ်ရည်စစ်ဆေးလွှာတစ်ခုဖြစ်ပြီး မေးခွန်း (၆၀) ပါဝင်သည့် သတ်မှတ် ဝန်ဆောင်ခ ပေးလျှင် ဖြေပြီးမိနစ် (၄၀) အတွင်း အွန်လိုင်းတွင် အလိုအလျောက်စစ်ဆေးပေးကာ ရမှတ်များကို ထုတ်ပေးမည်ဖြစ်သည်။ ပို၍ တိုတောင်းပြီး ဝန်ဆောင်ခအခမဲ့ရနိုင်သည့် ဉာဏ်ရည်စစ်ဆေးလွှာကို အွန်လိုင်းတွင် https://www.123test.com/iq-test/ တွင် တွေ့ရှိနိုင်သည်။ ဤသင်ခန်းစာအတွက်ဆိုလျှင် ညာဘက်မှ ရှေးရိုးသမားရိုးကျပုံစံဉာဏ်ရည်စစ်ဆေးလွှာကို ရွေးချယ်အသုံးပြုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားတို့၏ ဉာဏ်ရည်ပြကိန်း (IQ) သိရှိရန်အတွက် မဟုတ်ပါ။ သို့ရာတွင် ဉာဏ်ရည်စစ်ဆေးလွှာဖြေဆိုခြင်း အတွေ့အကြုံတစ်ခု ရရှိစေရန်ဖြစ်သည်။ နောက်ဆုံးရရှိလာမည့် ရမှတ်လည်းအရေးမကြီးပါ။ နောက်ဆုံးရမှတ်ရသည်အထိ မဖြေသည့်တိုင်အောင် ဤသင်ခန်းစာအတွက် အခက်အခဲမတွေ့စေနိုင်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဉာဏ်ရည်စစ်ဆေးလွှာ ဖြေဆိုခြင်းမှရရှိသော တုံ့ပြန်မှုများက ဒုတိယစာသင်ချိန်တွင်ပါသော ဆွေးနွေးရန် မေးခွန်းများအတွက် လက်ဦးမှုရမည်။ သို့မဟုတ် ကြိုတင်တားဆီးရာ ရောက်မည်။ ကျောင်းသားများက စောဒကတက်နိုင်သည်မှာ သူတို့ဖြေဆိုလိုက်သော မေးခွန်းများက သူတို့၏ဉာဏ်ရည်ကို အဓိပ္ပာယ်ဖွင့်ထားသည့်အတိုင်း တစ်နည်းမဟုတ် တစ်နည်းအားဖြင့် သတ်မှတ်ပေးလိမ့်မည်ဟု ယူဆနေတတ်ကြသည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၁၀ မိနစ်)

ဗြိတိန်စွယ်စုံကျမ်းက ဉာဏ်ရည်ပြကိန်း (IQ) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း ပေးထားကြောင်း အတန်းကို သိရှိစေသည်။ ဗြိတိန်အင်ပါယာထုတ် ဗြိတိန်နှစ်ကာ စွယ်စုံကျမ်း (The Encyclopedia Britannica) က ဉာဏ်ရည်ပြကိန်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ 'ဉာဏ်ရည်ပြကိန်းကို တွက်ချက်ရာ၌ စိတ်ပိုင်းဆိုင်ရာ အသက်အရွယ် (စိတ်သက်) ကို ဇာတာသက်/ပကတိအသက်အရွယ်နှင့် စား၍ (၁၀၀) နှင့် မြှောက်ရသည်။ ဇာတာသက်/ပကတိအသက်အရွယ်ဆိုသည်မှာ လူတစ်ဦး၏ အမှန်တကယ် အသက်အရွယ်ကို ဆိုလိုပြီး စိတ်ပိုင်းဆိုင်ရာ အသက်အရွယ်ဆိုသည်မှာ ထိုအသက်အရွယ်အုပ်စုဝင် တစ်ဦး၌ရှိသင့်သော လုပ်ဆောင်နိုင်စွမ်း ပေါ်မူတည်၍ သတ်မှတ်ထားသော အသက်အရွယ်' ကို ဆိုလိုသည်။ အကယ်၍ အသက် (၁၀) နှစ်အရွယ် ကလေးတစ်ဦးသည် (၁၂) နှစ်သားအရွယ် ကလေးများ ဖြေဆိုနိုင်သည့် အဆင့် စာမေးပွဲတစ်ခုကို ဖြေဆိုနိုင်သည်ဆိုပါက ၎င်း၏စိတ်သက်ကို (၁၂) နှစ်ဟု သတ်မှတ်သည်။ ထို့ကြောင့် အဆိုပါ ကလေး၏ ဉာဏ်ရည်ပြကိန်းကို တွက်ချက်လျှင် ၁၂/၁၀ × ၁၀၀ ဖြစ်သောကြောင့်

အဖြေ ၁၂၀ ရမည် ဖြစ်သည်။ အကယ်၍ ကလေး၏အသက်မှန်မှာ (၁၀) နှစ်ဖြစ်သော်လည်း ၎င်း၏စိတ်ပိုင်းဆိုင်ရာ အသက်အရွယ်မှာ (၈) နှစ်ဖြစ်လျှင် ၎င်း၏ ဉာဏ်ရည်မှာ ၈/၁၀ × ၁၀၀ = ၈၀ ဖြစ်မည်။ ဤတွက်နည်းကို အခြေခံလျှင် ဉာဏ်ရည်ပြကိန်း (၁၀၀) ဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ အသက်အရွယ်နှင့် ပကတိအသက်အရွယ်တို့ ထပ်တူကျခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ဉာဏ်ရည်ပြကိန်း (၁၀၀) ရမှတ်သည် ပျမ်းမျှ (သို့မဟုတ်) သာမန် ဉာဏ်ရည်ကို ဖော်ညွှန်းသည်။ စိတ်ပိုင်းဆိုင်ရာ အသက်အရွယ် တွက်ချက်ခြင်းပါဝင်သည့် ဉာဏ်ရည်စစ်ဆေးလွှာ အနည်းငယ်ခန့် ဆက်လက် ရှိနေပါသေးသည်။

ကျောင်းသားများအား ဤဉာဏ်ရည်ပြကိန်း တွက်ချက်နည်းထဲမှ အဓိကကျသော အချို့စကားလုံးများနှင့် ဖြစ်နိုင်ခြေရှိသော ချို့ယွင်းအားနည်းချက်များကို ရှာဖွေသတ်မှတ်စေမည်။ ဖြစ်နိုင်ခြေရှိသော ချို့ယွင်းအားနည်းချက်များမှာ စိတ်သက်တွက်ချက်ရာ၌ တိကျရေရာမှုမရှိခြင်းနှင့် လူတို့၏ အသိဉာဏ်/ဉာဏ်ရည်ကို စာဖတ်၍ နားလည်နိုင်စွမ်း၊ ကျိုးကြောင်းဆက်စပ်နိုင်စွမ်းနှင့် မှား/မှန် ရောထွေး အမှန်ရွေး (MCQ) စစ်ဆေးခြင်းတို့မှ တိုင်းတာခြင်းဖြစ်၍ ဘောင်ကျဉ်းသော တိုင်းတာနည်းဖြစ်နေကြောင်း တွေ့ရသည်။

**ဒုတိယစာသင်ချိန်**

**သင်ယူမှု လုပ်ငန်း ၂။ တွေး -တွဲ- မျှဝေခြင်း (မိနစ် ၄၀)**

၁။ ကျောင်းသားများအား အောက်ပါမေးခွန်းတို့ကို ဖြေစေ၍ မှတ်စုစာအုပ်တွင် ရေးသား ထားစေမည်။ သူတို့ကိုယ်တိုင် တစ်ဦးစီဖြေစေသင့်သည်။ အကယ်၍ ဉာဏ်ရည် စစ်ဆေးလွှာတစ်ခု ရရှိသုံးစွဲနိုင်ခြင်းမရှိပါက မေးခွန်းအမှတ် (၃) ကို ဖယ်ထားနိုင်သည်။

- ဉာဏ်ရည်ပြကိန်းစစ်ဆေးလွှာကို ဖြေဆိုနေချိန်၌ မည်သို့ခံစားရသနည်း။
- မေးခွန်းပုံစံတွင် မည်သည့်နေရာ၌ အံ့ဩသွားသနည်း။ ရှင်းပြပါ။
- ရမှတ်ကြောင့် မည်သည့်နေရာတွင် အံ့ဩသွားရသနည်း။
- စစ်ဆေးလွှာမှရရှိသော ရမှတ်က မိမိဉာဏ်ရည်ကို မည်သည့်အတိုင်းအတာအထိ တိကျစွာ ထင်ဟပ်တိုင်းတာနိုင်သည်ဟု ထင်မြင်ပါသနည်း။

- ဉာဏ်ရည်ကို မည်သို့အဓိပ္ပာယ် သတ်မှတ်မည်နည်း။
- ထိုကဲ့သို့ ဉာဏ်ရည်ပြကိန်း စစ်ဆေးလွှာတစ်ခု၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။ ယင်း၏ ချို့ယွင်းအားနည်းချက်များမှာ အဘယ်နည်း။ မိမိထင်မြင်ချက်ကို ဖော်ပြပါ။

၂။ အဖြေများဆွေးနွေးရန်နှင့် မျှဝေရန် ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲ၍ ဆောင်ရွက်စေမည်။

၃။ အတွဲ (၂) တွဲ သို့မဟုတ် (၃) တွဲကိုပေါင်း၍ ကျောင်းသား (၅) ယောက် သို့မဟုတ် (၆) ယောက်ပါသော အုပ်စုများအဖြစ်သို့ ဖွဲ့စည်းပေးပါ။ တစ်ယောက်နှင့် တစ်ယောက်ကြား စိတ်ကူးများကို ထပ်မံနှိုင်းယှဉ် ဆွေးနွေးမျှဝေစေရန်ဖြစ်သည်။

၄။ အုပ်စုတစ်ခုစီမှ အုပ်စုအတွင်းရေးမှူးတစ်ဦးရွေးစေပြီး အဓိကအချက်များကို မှတ်စု ထုတ်စေမည်။

၅။ အုပ်စုအသီးသီးမှ အတွင်းရေးမှူးအသီးသီးတို့အား သက်ဆိုင်ရာအုပ်စုမှ တုံ့ပြန်မှုများ၊ ခံယူချက် သဘောထားများနှင့် စိတ်ကူးအတွေးအမြင်များကို စုဆောင်းပြီး အကျဉ်းချုံး ဖော်ပြစေမည်။ မေးခွန်း အားလုံးကို အုပ်စုအားလုံးက ဖြေပေးရန်မလိုပါ။ မေးခွန်းတစ်ခုကို အုပ်စု (၂) ခု သို့မဟုတ် (၃) ခုက ဖြေပေးလျှင် လုံလောက်သည်။ ထို့ပြင် အထူး စိတ်ဝင်စားသူများ ပါဝင်ဆွေးနွေးနိုင်မည့် ထပ်ဆောင်း အခွင့်အလမ်းကိုလည်း ဖွင့်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဉာဏ်ရည်စစ်ဆေးလွှာမှ အဖြေများကို တစ်တန်းလုံးထံ ပြန်လည်တင်ပြဆွေးနွေးပါက ဆွေးနွေးမှုတွင် ကျောင်းသားအများ ပါဝင်လာအောင် ဆရာက ဆောင်ရွက်ပါ။ ကျောင်းသားတို့၏ အတွေးအမြင် အမျိုးမျိုးတို့ကို မျှဝေလာအောင် အားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် ပုဂ္ဂလဓိဋ္ဌာန်ကျပြီး ကျောင်းသားများအား သူတို့၏ တစ်ကိုယ်ရေ အတွေးအမြင်များကိုပေးရန်နှင့် အခြားကျောင်းသားတို့၏ ထင်မြင်ချက်များကို အပြုသဘောဖြင့် ဆွေးနွေးရန် ဆရာကအားပေးပါ။ မေးခွန်း (၅) တွင် 'ဉာဏ်ရည်ကို မည်သို့အဓိပ္ပာယ် သတ်မှတ်

မည်နည်း။'မေးခွန်းကို ဆွေးနွေးစေရာတွင် ကျောင်းသားများအားလုံး အတူတကွ ဆွေးနွေးပြီးနောက် တစ်တန်းလုံးက အတည်ပြုထားသည့် အတန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာရယူသင့်သည်။ အခြားအဓိပ္ပာယ် ဖွင့်ဆိုချက်များအား မလေ့လာမီ ဤအဓိပ္ပာယ်ကို ဦးစွာရှာဖွေပါစေ။ ကျောင်းသား များအား ဖိတ်ခေါ်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးတို့ကြား မည်သို့ကွာခြားကြပုံကို ခွဲခြမ်းစိတ်ဖြာ လေ့လာစေရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

ပြီးခဲ့သော စာသင်ချိန် (၂) ချိန်အတွင်း သင်ယူလေ့လာခဲ့သော သင်ယူမှုလုပ်ငန်းစဉ်များနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုများကို ပြန်လှန်လေ့လာရန် ဆရာက ကျောင်းသားများအား ပြောမည်။ ဆရာများတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ရည်ညွှန်းလျက် ထိုစာသင်ချိန်များမှ သူတို့လေ့လာ သင်ယူခဲ့ရသော အကြောင်းအရာများသည် မူလတန်းကျောင်းမှ ကလေးများ၏ သင်ယူပုံ သင်ယူနည်းနှင့် ဆက်စပ်ပုံနှင့် သူတို့ (မူလတန်းပြ ဆရာများ) ၏ သင်ကြားမှုအပေါ်၌ လွှမ်းမိုးပုံတို့ကို ဆွေးနွေးစေမည်။

တုံ့ပြန်မှုများတွင် မူလတန်းကျောင်းမှ ကျောင်းသားများ၌ သင်ယူပုံသင်ယူနည်း အမျိုးမျိုးရှိကြောင်းကို ရှာဖွေ သတ်မှတ်ဖော်ပြသင့်သည်။ သင်ကြားသင်ယူမှုနည်းလမ်း တစ်ခုစီအတွက် မူလတန်းကျောင်းသားတို့၏ တုံ့ပြန်မှုမှာခြားနားတတ်ကြသည်။ အချို့နည်းလမ်းများအတွက် တုံ့ပြန်မှုကောင်းသော်လည်း အချို့အတွက်မူ တုံ့ပြန်မှုအားနည်းကြောင်း တွေ့ရသည်။ ဤအချက်က ကျောင်းသားဗဟိုပြုသင်ယူမှု၏ အကျိုးကျေးဇူးများကို တွေ့မြင်နိုင်စေသည်။ ကျောင်းသားတို့ ကိုယ်ပိုင်နှစ်သက်သလို သင်ယူနိုင်ခွင့်ပြုပေးသည့်အတွက် ကျောင်းသားများအား ကိုယ်တိုင်စိတ်ကြိုက် သင်ယူနိုင်မှုပုံစံ၏ ကောင်းကျိုးများကို တွေ့မြင်လာစေသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ဉာဏ်ရည်စစ်ဆေးလွှာ ဖြေဆိုမှုမှ ရရှိလာသော ခံစားချက်တို့ကို မှတ်စုလို၏ လူတို့လိုအင် အဆင့်ဆင့် သီအိုရီနှင့် ချိတ်ဆက်ပေးလျှင် စိတ်ဝင်စားဖွယ် လုပ်ငန်းဖြစ်လာမည်။ အထူးအားဖြင့် မှတ်စုလိုပိုရမစ်၏ အပေါ်ဆုံးအလွှာ ၂ ခုနှင့် ဆက်စပ် စဉ်းစားစေသင့်သည်။ ဉာဏ်ရည်စစ်ဆေးလွှာကို မဖြေဆိုမီ ကျောင်းသားတို့အား လားရာ/ဦးတည်ချက် တစ်မျိုးတည်း အတွက် ရည်ရွယ်၍တည်ဆောက်ထားသော ဉာဏ်ရည်စစ်ဆေးလွှာများ၏ အနုတ်လက္ခဏာ ဆောင်သော သက်ရောက်မှုများအကြောင်းကို ကြိုတင်သတိပေးထားရမည်။

## ၈.၆.၂။ ဟောင်းဝါဒ်ဂါးဒ်နာ၏ ဉာဏ်ရည်အထွေထွေယူဆချက်

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပညာရှင်ဂါးဒ်နာ (Gardner) ၏ ဉာဏ်ရည်အထွေထွေ အယူအဆအကြောင်း သိရှိနားလည်ပြီး ထိုအကြောင်းအရာကို အနှစ်ချုပ် ဖော်ပြတတ်မည်။
- သင်ယူမှုလုပ်ငန်း၌ ဤအယူအဆအသစ်ဖြစ်သည့် ဉာဏ်ရည်အမျိုးမျိုးအကြောင်း နားလည်မှုကို မည်သို့အသုံးချသင့်ကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၅.၁။ အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

**အချိန်။** မိနစ် (၅၀) ကြာသောစာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း။ တစ်တန်းလုံး ဆွေးနွေးခြင်း။ ယခင်ရှိပြီး သင်ယူမှုအတွေ့အကြုံကို ပြန်လည်သုံးသပ်ခြင်း၊ စာပေသုတေသန ပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၈.၆.၁) နှင့် (၈.၆.၂) ကို ဖတ်ပါ။ ရန်ကုန် ပညာရေးတက္ကသိုလ် B.Ed (ဒုတိယနှစ်) ပညာရေး စိတ်ပညာစာအုပ် အခန်း (၃.၂) စာမျက်နှာ ၂၄။

**လိုအပ်သော ရင်းမြစ်များ။** အင်တာနက်၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီးများ၊ သင်ပုန်း၊ မာကာများ။

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း ၁။ စာဖတ်ခြင်းနှင့် ဆွေးနွေးခြင်း (မိနစ် ၄၀)**

၁။ ဟောင်းဝဲ့ဒ်ဂါးဒ်နာ၏ဉာဏ်ရည်အထွေထွေအယူအဆအကြောင်း ကျောင်းသားကိုင်စာအုပ်ထဲ ပါသည့် အကြောင်းအရာကို ဖတ်စေရမည်။ ထပ်မံအားဖြည့်ဖတ်မှတ်ခြင်းအတွက် ရန်ကုန်ပညာရေး တက္ကသိုလ် B.Ed ဒုတိယနှစ် ပညာရေး စိတ်ပညာစာအုပ် အခန်း (၃) ကို ဖတ်စေရမည်။

၂။ ကျောင်းသားများအား အုပ်စုငယ်များအဖြစ် ဖွဲ့စည်းစေလျက် မေးခွန်းများကို ဖြေစေရမည်။
၃။ မေးခွန်းများအတွက် ရလာသော အဖြေများအနက် အချို့ကို ရွေးချယ်၍ ဆွေးနွေးပါ။
၄။ ကျောင်းသားကိုင်စာအုပ်ပါ 'စိတ်နယ်နိမိတ်ဘောင်များ' မှ ကောက်နုတ်ချက်ကို ကျောင်းသားများအား ဖတ်ရှုစေပြီး ဉာဏ်ရည် (၈) မျိုး သရုပ်ဖော် ဂရပ်ဖစ်ပုံကို လေ့လာစေမည်။
၅။ အုပ်စုငယ်လေးများအား အုပ်စုအလိုက် မေးခွန်း (၁) မှ (၃) ထိ ဖြေစေရမည်။
၆။ မေးခွန်းများကို အတန်းသို့ ပြန်လည်တင်ပြ၍ တစ်တန်းလုံးနှင့် ဆွေးနွေးစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အိမ်စာအလုပ်အဖြစ် 'ဉာဏ်ရည်အထွေထွေ သီအိုရီကို မိမိ၏ ကိုယ်ပိုင်သင်ကြားသင်ယူမှု လုပ်ငန်းများတွင် မည်သို့အသုံးပြုမည်နည်း' ဟူသော ခေါင်းစဉ်ဖြင့် ရေးသားစေရမည်။ ဤသို့ လုပ်ငန်းပေးခြင်းအားဖြင့် ဤသင်ခန်းစာမှ အကြောင်းအရာကို ကျောင်းသားတို့ မည်မျှနားလည်ပြီး မည်သို့ ပြန်လည်အသုံးချတတ်ပုံကို စစ်ဆေးအကဲဖြတ်နိုင်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မေးခွန်းများကို ဆွေးနွေးစေရာတွင် ဆရာက ကျောင်းသားများအား အဆင့်မြင့်စစ်ဆေး အကဲဖြတ်မှုချည်းသာ ဦးတည်မနေဘဲ ထိုထက်မက ကျော်လွန်၍ တွေးတောစဉ်းစားတတ်စေရန် ဆရာက အားပေးတိုက်တွန်းရမည်။ သင်ရိုးညွှန်းတမ်းများကို ယုတ္တိဗေဒ၊ သင်္ချာနှင့် ဘာသာစကား စသည့် သမားရိုးကျသင်ရိုးများကိုသာမက ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုတို့ကို သင်ပေးရန် လိုအပ်ချက်ကိုပါ ပေါင်းစည်းထည့်သွင်း ပေးရမည်။ ယခင်သင်ခန်းစာဖြစ်သည့် ပေါင်းသင်းဆက်ဆံ ရေးဆိုင်ရာ စိတ်လှုပ်ရှားမှု၊ ဖွံ့ဖြိုးရေးသင်ယူမှု အကြောင်းနှင့် ယခု သင်ခန်းစာတို့ကို ပူးတွဲပေါင်းစပ်လျက် ဉာဏ်ရည်အထွေထွေသီအိုရီသည် ထိုကဲ့သို့သော ပေါင်းစပ်ထားသည့် သင်ကြားနည်း အလေ့အထတို့ကို ပိုမိုခိုင်မာလာစေရန် သိပ္ပံနည်းကျသုတေသနတစ်ခု ပံ့ပိုးပေးကြောင်း သိနိုင်သည်။

ကျောင်းသားများ ရေးသားလာသော အဖြေများသည် အမျိုးမျိုးပြောင်းလဲမည်မှာ သဘာဝဖြစ်သည်။ သင်ခန်းစာများကို ပြင်ဆင်ရာတွင် သင်ယူနိုင်စွမ်း အမျိုးမျိုးကွဲပြားသည့် ကျောင်းသားများအတွက် ထည့်သွင်း စဉ်းစားရန် လိုသည်။ ထို့ပြင် မိမိအလိုရှိရာပြုပြင်ထားသည့် ပညာရေးဝန်းကျင်များ၊ ဘာသာရပ်အမျိုးမျိုး ပေါင်းစပ်ပါဝင်နေသည့် ညွှန့်ပေါင်းသင်ရိုးညွှန်းတမ်း စီမံကိန်းများနှင့် စွမ်းဆောင်နိုင်ရည် အခြေပြု စစ်ဆေးအကဲဖြတ်ခြင်းနည်းများကို အသုံးပြုမှုစသည်တို့ကိုလည်း ထည့်သွင်းရေးသားရန်လိုသည်။ သို့မှသာ ကျောင်းသားတို့၏ တစ်ဦးချင်းတိုးတက်လာမှုကို ပြသနိုင်မည်ဖြစ်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကျောင်းသားများ၏ အိမ်စာအလုပ်ကို ပံ့ပိုးပေးရန် ဆရာက သူတို့အား ရေးသားရမည့် ခေါင်းစဉ် ပေးထားပြီး ဤသင်ခန်းစာအဆုံးတွင် ဉာဏ်ဖွင့်ဆွေးနွေးခြင်းကို ကူညီလမ်းညွှန်ပေးရမည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** Gardner တည်ဆောက်ဖော်ထုတ်ခဲ့သည့် ဉာဏ်ရည်အမျိုးအစား (၈) မျိုးတို့ကို ဖော်ပြပါ။

***အဖြေ။*** *ကိုယ်ခန္ဓာလှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်၊ အပြန်အလှန် ဆက်သွယ်ပြောဆိုတတ်ခြင်း ဉာဏ်ရည်၊ မိမိကိုယ်ကို မိမိဆန်းစစ်ဝေဖန်တတ်ခြင်း ဉာဏ်ရည်၊ ဘာသာစကားဆိုင်ရာ ဉာဏ်ရည်၊ ဂီတဉာဏ်ရည်၊ သဘာဝကို တန်ဖိုးထားတတ်ခြင်း ဉာဏ်ရည်၊ ကြောင်းကျိုးဆက်စပ်မှုနှင့် သင်္ချာဆိုင်ရာ ဉာဏ်ရည်နှင့် ပုံဖော်မှု ဉာဏ်ရည်တို့ ဖြစ်သည်။*

**မေးခွန်း ၂။** ဉာဏ်ရည် အထွေထွေ သီအိုရီကို စာသင်ကျောင်းများတွင် မြှင့်တင် ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

***အဖြေ။*** *ခြားနားကွဲပြားသော ကျောင်းသားတို့၏ သင်ယူနိုင်စွမ်းရည်များကို နားလည်လာမှု၊ မိမိတို့အလိုရှိရာကို ပြုပြင်ထားနိုင်သည့် ပညာရေးဆိုင်ရာဝန်းကျင်များ လိုအပ်မှု၊ ဘာသာရပ်မျိုးစုံ ပေါင်းစပ်ထားသည့် ညွှန့်ပေါင်းသင်ရိုးညွှန်းတမ်းများ ပြုစုရေးဆွဲရေးစီမံကိန်းများလိုအပ်မှု၊ စွမ်းဆောင်ရည် အခြေပြုစစ်ဆေး အကဲဖြတ်နည်းများကို အသုံးပြုမှုတို့ကို အလေးထားဆောင်ရွက်နိုင်မည့် အားထုတ်ကြိုးပမ်းမှုများကို မြှင့်တင်ပေးနိုင်ရန် ဖြစ်သည်။*

# အခန်းဆုံးအနှစ်ချုပ်

### အဓိကအချက်များ

- ပညာရေး စိတ်ပညာဘာသာရပ်သည် အတွေ့အကြုံအားဖြင့် အတန်အသင့် နုနယ်သေးသော လေ့လာမှုနယ်ပယ်တစ်ခုဖြစ်ပြီး ပညာရေးသဘောတရား ဘာသာရပ်ထဲမှ ၁၈ ရာစု အနှောင်းပိုင်းတွင်မှ စတင်ပေါ်ထွန်းလာခဲ့သည်။ ထိုရာစုနောက်မှသာလျှင် ပညာရေးအတွေးခေါ်ပညာရှင်များက သင်ယူမှုကို လွှမ်းမိုးခြယ်လှယ်နေနိုင်မည့် အရာတို့ကို အချိန်များစွာပေးကာ စဉ်းစားကြံဆခဲ့ကြရာမှ ဤဘာသာရပ် ပေါ်ထွန်းလာခဲ့သည်။ လတ်တလော ဆယ်စုနှစ်များအတွင်း ပညာရေးစိတ်ပညာသည် တိုးတက်ဖွံ့ဖြိုးမှု အတိုင်းအတာ ကြီးမားစွာရလာခဲ့သည်။

- ပညာရေး စိတ်ပညာသည် လူတို့မည်သို့သင်ယူပုံနှင့် သင်ယူထားသည့် သတင်းအချက်အလက်တို့ကို မည်သို့ သိမ်းဆည်းထားပုံတို့ကို လေ့လာသည်။

- ပညာရေးစိတ်ပညာ ဘာသာရပ်တွင် ရှေးဦးအရွယ် ကလေးသူငယ်များနှင့် ပျိုဖော်ဝင်ရွယ် ဆယ်ကျော်သက်အရွယ် ကျောင်းသားများ၏ သင်ယူမှုဖြစ်စဉ်များ ပါဝင်သည်။ ထို့အပြင် အပြန်အလှန် ဆက်သွယ် ပေါင်းသင်းဆက်ဆံတတ်မှု စိတ်လှုပ်ရှားမှုနှင့် သိမှုဆိုင်ရာဖြစ်စဉ် အသီးသီးတို့၌ပါဝင်သော သင်ယူမှုဖြစ်စဉ်များကိုလည်း လူတို့ဘဝတစ်သက်တာ ပညာရေး အတွက် လေ့လာထားပါသည်။

- အသိပညာဆည်းပူးရရှိလာမှုနှင့် ၎င်းကို လိုအပ်သည့်အခါ အသုံးချနိုင်မှုတို့သည် အလွန်ရှုပ်ထွေးသောဖြစ်စဉ်တစ်ခုဟု ဆိုနိုင်ပြီး ကျွန်ုပ်တို့မသိရှိသေးသော သင်ယူမှု နယ်ပယ်နှင့် အကြောင်းအရာတို့ ယခုတိုင် ရှိနေသေးသည်။

- အချို့သူတို့က လူ့ဦးနှောက်ကို အလွန်အဆင့်မြင့်သော ကွန်ပျူတာတစ်လုံးနှင့် ခိုင်းနှိုင်း ကြသည်။ သို့ရာတွင် တစ်ခါတစ်ရံတွင် ဤအဆင့်မြင့် ကွန်ပျူတာက တလွဲတချော်များ

ကမောက်ကမများ ဖြစ်သွားတတ်သည်။ လွဲချော်မှု တိမ်းစောင်းမှုတို့သည် တစ်ခါတစ်ရံတွင် မပြောပလောက်သော်လည်း တစ်ခါတစ်ရံတွင်မူ ကြီးမားသောလွဲချော်မှုများ ဖြစ်သွားတတ်သည်။ တစ်ခါတစ်ရံတွင်လည်း ဦးနှောက်က ကျွန်ုပ်တို့အား အများနှင့်မတူ ကွဲပြားခြားနားသော သတင်းအချက်လက်အများကို ပံ့ပိုးတတ်သေးသည်။

- ကျွန်ုပ်တို့၏ ဦးနှောက်များသည် အမြင်အာရုံကို အသုံးချကာ သတင်းအကြောင်းအရာတို့၏ အနက်အဓိပ္ပာယ်ကို အမျိုးမျိုး ဖော်ထုတ်နိုင်သည်။ အရှိကိုအရှိတိုင်း သိမြင်နိုင်ရန်အတွက် မျက်လုံးအားကောင်းမှု၊ ဦးနှောက်၏ဆောင်ရွက်မှုနှင့် အလင်းရောင် လုံလောက်မှုတို့ချည်းမျှသာ လိုအပ်သည် မဟုတ်ပါ။ အပြင်ပန်း အမြင်အာရုံကို စိတ်တွင်းစွဲမြဲသည့် ထိုးထွင်းအမြင် (insight) အဖြစ်သို့ ရောက်ရှိအောင် ပြောင်းလဲပေးရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် မိမိတွင် တက်ကြွ၍ အာရုံစူးစိုက်တတ်သော စိတ်ရှိရမည်။

- စိတ်ကူးစိတ်သန်းများသည် အသစ်ဆိုတိုင်းလည်း ကောင်းမွန်သည်ဟု မဆိုသာပါ။ အချို့ စိတ်ကူးစိတ်သန်းအဟောင်းများနှင့် အယူအဆဟောင်းများကို ယခုထက်တိုင် ကျယ်ပြန့်စွာ သုံးစွဲနေကြရဆဲ ဖြစ်သည်။ အယူအဆအသစ်တို့က အငြင်းပွားဖွယ်များ ရှိတတ်ပြီး အချေအတင် ငြင်းခုံဆွေးနွေး နေရတတ်သည်။ ပညာရေးစိတ်ပညာသည် အတွေ့အကြုံနည်းသေးသော်လည်း လူတို့ မည်သို့ သင်ယူတတ်မြောက်သွားပုံကို သိရှိစိတ်ဝင်စားမှုများ ပိုမိုမြင့်မားလာသည့် အတွက်ကြောင့် ဆက်လက် ဖွံ့ဖြိုးဦးမည့် ဘာသာရပ်တစ်ခုဖြစ်သည်။ လူအများဆွေးနွေးစရာ ရင်းမြစ်တစ်ခုလည်း ဖြစ်လာမည်။

- အပြုအမူဆိုင်ရာ စိတ်ပညာရှုထောင့်က သင်ယူတတ်မြောက်သွားသော အပြုအမူများ ရရှိရေးကို ပဓာနထားသည်။ ထိုရှုထောင့်မှကြည့်လျှင် အပြုအမူမှန်သမျှတို့သည် ပုံသွင်းပြုပြင် လေ့ကျင့်ပေးခြင်းမှ တတ်မြောက်ရရှိလာခြင်း ဖြစ်သည်။

- ဖွံ့ဖြိုးမှုဆိုင်ရာ စိတ်ပညာရှုထောင့်က ကလေးငယ်တို့ တဖြည်းဖြည်း ကြီးပြင်းလာသည့်အခါ ၎င်းတို့အနေနှင့် အသက်အရွယ်အလိုက် တစ်ဆင့်ချင်း တိုးတက်ရရှိ လာမည့် ကျွမ်းကျင်မှု အသစ်များနှင့် အသိပညာအသစ်များအကြောင်းကို အာရုံစူးစိုက် လေ့လာသည်။ ပီယာဂျေး၏ ကလေးများ၏ သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်သီအိုရီက ကလေးများ၏ အသိဉာဏ်ဖွံ့ဖြိုးမှု မည်သို့ရလာကြောင်း တစ်ဆင့်စီ ဖော်ပြထားသည်။

- မကြာသေးသောကာလ ဆယ်စုနှစ်များအတွင်း၌မူ သိမှုဆိုင်ရာ စိတ်ပညာရှုထောင့် သည် ပိုမိုပျံ့နှံ့ ကျယ်ဝန်းလာသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ထိုရှုထောင့်က သိမှုဆိုင်ရာ အကြောင်းအရာ အသီးသီးတို့ကို အသေးစိတ် ရှင်းလင်းလေ့လာမှု ပြုထားသည့် အတွက်ကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် သင်ယူမှုဖြစ်စဉ်တစ်ခုအတွင်း အစိတ်အပိုင်း အသီးသီးတို့ ဖြစ်ကြသည်။ မှတ်ဉာဏ်၊ ယုံကြည်မှုများ၊ စိတ်လှုပ်ရှားမှုများနှင့် စေ့ဆော်မှုများ စသည်တို့က မည်သို့ ဆက်စပ်ပါဝင် ဆောင်ရွက်နေကြပုံကို လေ့လာထားသည်။

- အသိပညာတည်ဆောက်မှု ပဓာနချဉ်းကပ်နည်း ပေါ်ပေါက်လာသည်မှာ မကြာသေးပါ။ ထိုစိတ်ပညာ ရှုထောင့်က ပတ်ဝန်းကျင်ကမ္ဘာလောကအကြောင်းကို ကလေးတို့ စူးစမ်း လေ့လာရာတွင် တက်ကြွစွာ ရှာဖွေစမ်းသပ် လုပ်ဆောင်ခြင်းအားဖြင့် ၎င်းတို့ အသိပညာကို တည်ဆောက်လာတတ်ပုံကို အလေးထားသည်။ ဤစိတ်ပညာရှုထောင့်ကို လက်ဗ် ဗီကော့စကီး (Lev Vygotsky) ၏ လုပ်ဆောင်ချက်များက လွှမ်းမိုးချုပ်ကိုင်ထားသည်။ Vygotsky က ဖွံ့ဖြိုးမှုချက်မဖဟိုရပ်ဝန်းနှင့် သင်ကြားရေးဆိုင်ရာ ငြမ်းဆင်ခြင်းစသည့် ၎င်း၏ စိတ်ကူးစိတ်သန်းတို့ကို ဖော်ထုတ် အဆိုပြုခဲ့သည်။

- စကင်နာ (Skinner) နှင့် ပီယာဂျေး (Piaget) ပညာရှင် (၂) ဦးစလုံးက ကလေးတို့ မည်သို့ သင်ယူတတ်သည်ကို သုတေသနပြုပြီးနောက် မိဘ၊ ဆရာတို့အတွက် လိုအပ်သော လမ်းညွှန်အကြံပြုချက်များ ပံ့ပိုးပေးခဲ့ကြသည်။ သူတို့နှစ်ဦး၏ စိတ်ပညာအတွေးအမြင် ရှုထောင့်တို့က သိမှုဆိုင်ရာသီအိုရီ ကလေးများ ဖွံ့ဖြိုးလာမှုနှင့် စေ့ဆော်တိုက်တွန်းမှုစသည့် လေ့လာမှုနယ်ပယ်များတွင် အဓိကအားဖြင့် ဩဇာလွှမ်းမိုးသည်။

- စကင်နာ (Skinner) နှင့် ပီယာဂျေး (Piaget) တို့သည် မည်သည့်အရာက သင်ယူမှုကို အထောက်အပံ့ပေးမှု ဖြစ်စေသနည်း ဆိုသည့်အချက်ကို စဉ်းစားရာတွင် အခြေခံအားဖြင့် ခြားနားသော ရှုထောင့်နှစ်ခုမှ ရှုမြင်သုံးသပ်ခဲ့ကြသည်။

- စကင်နာ က လူတို့၏ လုပ်ဆောင်မှုတွင် ပုံသွင်းလေ့ကျင့်ပေးခြင်း အယူအဆကို မိတ်ဆက် ပေးခဲ့သည်။ ၎င်း၏ သုတေသနလုပ်ငန်းဖြစ်သော အပြုသဘောအားပေးတိုက်တွန်းမှုနှင့် ပြစ်ဒဏ်ပေးမှု (ဆုပေးဒဏ်ပေး) သဘောတရားများသည် ပညာရေးလုပ်ငန်းများတွင် အရေးပါသောကဏ္ဍ၌ ယနေ့အထိ ပါဝင်နေသေးသည်။

- ပီယာဂျေးသည် သိမှုဆိုင်ရာဖွံ့ဖြိုးလာမှုနှင့်ပတ်သက်၍ အလွန်ဩဇာ လွှမ်းမိုးနိုင်သော စိတ်ပညာရှင် တစ်ဦးဖြစ်သည်။ သူ့ယုံကြည်ချက်မှာ ကလေးတို့သည် ကောင်းမွန်သော သင်ယူမှုဝန်းကျင် တစ်ရပ်ထဲသို့ ထည့်သွင်းထားခြင်းခံရလျှင် လွယ်ကူစွာသင်ယူနိုင်မည်ဟုဖြစ်သည်။

- ကလေးများ၏ တွေးခေါ်စဉ်းစားပုံစဉ်းစားနည်းနှင့် အရွယ်ရောက်ပြီးသား လူကြီးများ၏ တွေးခေါ် စဉ်းစားပုံတို့ မတူညီကြောင်းကို ပီယာဂျေးက ပထမဦးစွာ ရှာဖွေဖော်ထုတ်ခဲ့သည်။ အသိဉာဏ်သည် အဆင့်ဆင့် အစီအရီတည်ရှိနေသော အရွယ်အသီးသီး၌ တစ်စတစ်စ ကြီးထွားဖွံ့ဖြိုးလာရသည်ဟု ၎င်းကဆိုခဲ့ပါသည်။ ကလေးတို့သည် အရွယ်ရောက်ပြီးသူ လူကြီးများထက် အသိဉာဏ်နည်းခြင်း မဟုတ်ဘဲ၊ စဉ်းစားတွေးခေါ်ပုံ တွေးခေါ်နည်းသည် အရွယ်ရောက်ပြီးသူ လူကြီးထက် အသိဉာဏ်နည်းခြင်းမဟုတ်ဘဲ စဉ်းစားတွေးခေါ်ပုံ တွေးခေါ်နည်း၌သာ ကလေးနှင့်လူကြီးကြား ခြားနားကြောင်း ကောက်ချက်ဆွဲခဲ့သည်။

- စေ့ဆော်မှုများကို မူလစေ့ဆော်မှုနှင့် ဒုတိယအဆင့်စေ့ဆော်မှုဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ မူလ သို့မဟုတ် အခြေခံစေ့ဆော်မှုများသည် သင်ယူရန်မလိုသော စေ့ဆော်မှုများ ဖြစ်ကြသည်။ ၎င်းတို့သည် လူသားတို့အတွက်နှင့် တိရစ္ဆာန်တို့အတွက်ပါ (၂) မျိုးစလုံးအတွက် တူညီပါသည်။ ဒုတိယအဆင့် သို့မဟုတ် သင်ယူရသော စေ့ဆော်မှုများသည် တိရစ္ဆာန်တစ်ကောင်နှင့် တစ်ကောင်အကြား လူတစ်ဦးနှင့် တစ်ဦးအကြား ခြားနားကြသည်။

- စိတ်ပညာရှင်များက စေ့ဆော်မှု သံသရာလည်ပုံကို အသုံးပြု၍ လူတစ်ဦး သို့မဟုတ် (တိရစ္ဆာန်တစ်ကောင် သို့မဟုတ် အပင်တစ်ပင်ကိုဖြစ်စေ) ရည်မှန်းချက်ပန်းတိုင်သို့ ရှေးရှု၍ အားသွန်ကြိုးပမ်းနိုင်အောင် တွန်းအားပေးတတ်ကြောင်း ရှင်းပြခဲ့သည်။

- စိတ်ပညာလောကတွင် ထူးခြားသော စိတ်ပိုင်းဆိုင်ရာအခြေအနေတစ်ရပ်ကို စီးမျောမွေ့လျော်ခြင်း (Flow) ဟုခေါ် ဆိုနိုင်သည်။ ထိုအခြေအနေသို့ဆိုက်ရောက်စေရာတွင် လူတစ်ဦးသည် သူဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုထဲ၌ အာရုံအလုံးစုံ နှစ်မြုပ်ထားသဖြင့် မိမိရောက်ရှိနေသော နေရာနှင့် မည်သည့်အချိန် ရောက်နေသည်ကိုပင် မှတ်သားမှုအာရုံ ပျောက်ဆုံးနေတတ်သည်။

- ၁၉၇၅ ခုနှစ်တွင် ဟန်ဂေရီနွယ်ဖွား အမေရိကန်စိတ်ပညာရှင် ဆစ်ခ်ဇဲန်တ် မီဟာရီ (Mihaly Csikszentmihali) က အဆိုပါစိတ်ပိုင်းဆိုင်ရာအခြေအနေကို စီးမျောမွေ့လျော်နေခြင်း (စိတ်မပျံ့လွင့်ဘဲ တစ်ခုတည်းကိုသာ အာရုံစူးစိုက်ဆောင်ရွက်နေခြင်း) ဟု အမည်ပေးခဲ့သည်။

- အမေရိကန်စိတ်ပညာရှင် အေဗရာဟမ် မာ့စ်လို (Abraham Maslow) (၁၉၀၈–၁၉၇၀) က အဆင့် (၅) ဆင့်ပါသော ပိရမစ်ပုံစံသရုပ်ဖော်ပုံတစ်ခုကို တီထွင်တည်ဆောက်ခဲ့သည်။ ထိုပုံက လူတို့၏ လိုအင်အဆင့်ဆင့်ကို သရုပ်ဖော်ထားပြီး ထိုလိုအင်တို့၏ အခြေခံအကျဆုံး လိုအင်များမှတစ်ဆင့် တဖြည်းဖြည်း မြင့်တက်သွားမည့် အဆင့်မြင့် လိုအင်များသို့ ပြောင်းလဲတိုးတက်သွားပုံ၊ ထိုသို့အားဖြင့် လူတို့ဘဝတွင် စိတ်ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် အကျိုးရှိသောဘဝကို ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းလေ့ရှိကြကြောင်း ထိုပိရမစ်က သရုပ်ဖော်ထားသည်။

- လူတို့၏ လုပ်ကိုင်နိုင်စွမ်းသည် ထိုသူတို့၏ မိမိကိုယ်ကို မိမိယုံကြည်မှုအပေါ် မူတည်ကြောင်းကို ပြသရန် စိတ်ပညာရှင်တို့က သုတေသနများစွာ ပြုလုပ်ခဲ့ကြသည်။ လူတို့၏ မိမိတို့ ကျွမ်းကျင်မှုများကို အလေးအနက်ယုံကြည်ခြင်းက သူတို့၏ပင်ကို ကျွမ်းကျင်မှုထက်မက သာလွန်သော အကျိုးဆက်တို့ကို ရရှိနိုင်ကြောင်း ပြသသည့် သုတေသနလုပ်ငန်းတို့ ရှိခဲ့ကြသည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးက ကျောင်းသင်ဘာသာရပ် တစ်ခုခုတွင် မိမိကိုယ်ကို ညံ့သည်ဟု ယူဆယုံကြည်နေခဲ့လျှင် ထိုဘာသာရပ်ကို အကျိုးရှိမည်မဟုတ်ဟု ယူဆကာ ကြိုးစားလေ့လာတော့မည်မဟုတ်ပါ။

- ထိုသဘာဝဖြစ်ရပ်ကို ပစ်ဂမေလီယမ် (Pygmalion) သို့မဟုတ် ရိုဆဲန်သဲလ် သက်ရောက်မှု (Rosenthal Effect) ဟု ခေါ်သည်။

- Howard Gardner သည် အမေရိကန်လူမျိုး သိမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာစိတ်ပညာရှင် တစ်ဦးဖြစ်ပြီး ယခုခေတ်တွင် ပေါ်ထွန်းလာသော စိတ်ပညာရှင်ဖြစ်သည်။ သူ၏ သုတေသန ဆောင်ရွက်ချက်နှင့် ဉာဏ်ရည်အထွေထွေသီအိုရီတို့ကြောင့် ထင်ရှားကျော်ကြားခဲ့သည်။

- စိတ်ပညာရှင် ဟောင်းဝါ့ဒ်ဂါးဒ်နာ (Howard Gardner) က ဉာဏ်ရည်နှင့် ပတ်သက်၍

သမားရိုးကျ အယူအဆသည် အလွန်ကျဉ်းမြောင်းပြီး အကန့်အသတ်များလွန်းသဖြင့် ဉာဏ်ရည်ပြကိန်း ဖော်ပြချက်တို့သည် လူတစ်ဦး၌ရှိနေသော အခြားဉာဏ်ရည် အမျိုးအစားများကို တိုင်းတာစစ်ဆေးရန် ပျက်ကွက်လစ်ဟာမှုရှိခဲ့သည်ဟု ယုံကြည် ထားသည်။

- ဂါးဒ်နာက လူတစ်ဦးစီတိုင်းတွင် ဉာဏ်ရည်အမျိုးအစား အစုံအလင်ရှိရာ အရေအတွက် အားဖြင့် (၈) မျိုး ရှိသည်ဟု ဖော်ထုတ်တင်ပြခဲ့သည်။ ထိုဉာဏ်ရည်တစ်မျိုးစီချင်းသည် လည်း အသီးသီး အရေးပါကြသည့်အတွက် မည်သည်က မည်သည်ထက်ပို၍ အရေးပါသည်ဟု မဆိုနိုင်ပါ။ ထိုသို့ စုံလင်ဝေဆာသော ဉာဏ်ရည်အမျိုးမျိုးတို့တွင် လူတစ်ဦးစီ၏ သိမှုဆိုင်ရာအချက်အလက်များတို့ ပါဝင်နေကြသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စိတ်ပညာဆိုင်ရာအတွေးအမြင် (ရှုထောင့်) အမျိုးမျိုးတို့အကြား တူညီရာ၊ ခြားနားရာတို့ကို နှိုင်းယှဉ်ပြီး ထိုရှုထောင့်များက ကျောင်းသားတို့၏ စိတ်ပိုင်းဆိုင်ရာ ပြဿနာများ (Mental illnesses) နှင့် သင်ယူနိုင်စွမ်း ချို့တဲ့မှုတို့ကို မည်သို့ကိုင်တွယ် ဖြေရှင်းကြောင်း ဖော်ပြပါ။ စိတ်ပညာရှုထောင့် အမျိုးမျိုးတို့က အသုံးပြုသော လက်တွေ့လုပ်ဆောင်သည့် အလေ့အကျင့်များ ထဲမှ အကောင်းဆုံးတို့ကို မှတ်တမ်းတင်ပြီး ၎င်းတို့အား မိမိ၏ ကိုယ်ပိုင် သင်ကြားရေး လုပ်ငန်းထဲသို့ ထည့်သွင်းပေါင်းစပ် အသုံးပြုနိုင်ရန် ရည်ရွယ်ထားပါ။

မိမိအနေနှင့်အားပေးမှု သို့မဟုတ် ဖိအားပေးမှုတို့ကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းပါသနည်း။ အားပေးမှုအတွက် မည်သို့ခံစားရပြီး ဖိအားပေးမှုကို မည်ကဲ့သို့ တွန်းလှန်ခုခံနိုင်သနည်း။ အားပေးထောက်ခံမှုကို ရရှိသောအခါ မိမိအတွက် လုပ်ကိုင်ကြိုးပမ်းလိုစိတ်များ ပေါ်ပေါက်လာသဖြင့် စေ့ဆော်မှုအားကောင်းကြောင်း တွေ့ရှိရပါ သလား။ တစ်စုံတစ်ဦးအား အလွန်အကျွံအားပေးရန် ဖြစ်နိုင်မှုရှိသည်ဟု ထင်မြင်ပါသလား။ အားပေးသင့်ပါသလား။ ငယ်ရွယ်သော ကလေးငယ်များ ကိုသာ အားပေးသင့်သည်ဆိုသော အယူအဆမှာ မှားယွင်းသည်။ ကလေးများ ဆယ်ကျော်သက် အရွယ်သို့ ရောက်ရှိလာချိန်တွင် သူတို့ကိုယ်သူတို့ ဖြစ်ချင်သည်များ ပြုလုပ်ချင်သည်များကို ပိုမိုထင်ရှားစွာ သိမြင်မှတ်သား လာတတ်ကြသည့်အတွက် သူတို့မျှော်လင့်ချက်၊ ရည်မှန်းချက်များကို အားပေးရန် အလွန်အရေးကြီးသည်။ သူတို့ရည်မှန်းချက်ကို ရရှိအောင်ကြိုးပမ်းကြရာတွင် သူတို့ကိုယ်သူတို့ ယုံကြည်မှုနှင့် သူတို့၏ အောင်မြင်မှုစသည်တို့ကို တိုးမြှင့်ပေးရန်အတွက် အားပေးမှုပြုရမည်။ သို့ရာတွင် အလွန်အကျွံအားပေးလျှင် သူတို့အနေနှင့် ကြိုးစားမှု လျော့ပါးနိုင်သဖြင့် အလွန်အကျွံအားပေးလိုက်လျောခြင်းတို့ကို မပြုရပါ။

ဖိအားပေးမှုက မိမိတို့ကို မည်ကဲ့သို့ ရိုက်ခတ်မှုရှိသနည်း။ အချို့လူတို့က သူတို့သည် ဖိအားပေး အခြေအနေ တစ်ရပ်အောက်မှာပင် အလုပ်ကိုကောင်းစွာ ဆောင်ရွက်နိုင်သည်ဟု ဆိုကြသည်။ ထိုအချက်ကို မှန်ကန်သည်ဟု ယူဆပါသလား။ သို့မဟုတ် လူတို့သည် ဖိအားပေးမှု အောက်တွင် အလုပ်ကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ရသည်ဟု ထင်မြင်ပါသလား။ လူအများစုတို့တွင် သတ်မှတ်ထားသော နောက်ဆုံးအချိန်ထိ အလုပ်တစ်ခုကို မလုပ်သေးဘဲ အချိန်ဆွဲကာ ပစ်ထားတတ်ကြသည်။ ပေါ့လျော့စွာ နေထိုင်တတ် ကြသော သဘောရှိသည်။ ဆရာတစ်ဦးအနေနှင့်

မိမိဘဝအပေါ်သို့ ဤသဘောတရားက မည်သို့ လွှမ်းမိုး နေမည်နည်း။ ဆရာဘဝတွင် ရှုထောင့်အစုံမှ ဖိအားပေးမှု အများအပြားအောက်တွင် အလုပ်လုပ်ရဖွယ်ရှိသဖြင့် အချိန်ကို စနစ်တကျ စီမံခန့်ခွဲတတ်မှုသည် အလွန်အရေးပါသည်။

'စေ့ဆော်မှု' နှင့် 'စီးမျောမွေ့လျော်မှု' တို့အကြောင်း သိရှိလာရသည့် နားလည်မှုအသစ်ကို မိမိလက်တွေ့ဘဝတွင် မည်ကဲ့သို့ အသုံးပြုနိုင်သနည်း။ မိမိသင်ကြားပေးရသော ကျောင်းသားတို့အား ဤကဲ့သို့သောအလေ့အကျင့်များကို ရရှိလာအောင် မည်ကဲ့သို့ ဖြန့်ဝေလက်ဆင့်ကမ်းမွေးနိုင်မည်ဟု ထင်သနည်း။.

ပီယာဂျေးနှင့် စကင်နာတို့ကို နှိုင်းယှဉ်ပြီး သူတို့နှစ်ဦး၏ အတွေးအမြင်ခြားနားပုံကို ပြန်လည်သုံးသပ်ပြပါ။ မိမိ၏ စာသင်ခန်းတွင် လက်တွေ့ထည့်သွင်း အသုံးပြုနိုင်ဖွယ်ရှိသော သူတို့၏ သီအိုရီနှင့် သုတေသနပြုချက်များကို ပြန်လည်သုံးသပ်ပြပါ။

မိမိအနေနှင့် ပညာရေးသဘောတရားနှင့် ပညာရေးစိတ်ပညာဘာသာရပ်တို့မှ အခြေခံကျသည့် အချက်အလက် အကြောင်းအရာတို့ကို သိရှိလာရပြီးနောက် မိမိသည် မည်သည့်လေ့လာမှုနယ်ပယ်တွင် အားနည်းမှု ရှိနေသနည်း၊ မည်သည့်လေ့လာမှုနယ်ပယ်၌ ပိုင်နိုင်မှုရှိသနည်း၊ စသည်တို့ကို မှတ်စုစာအုပ်တွင် ရေးမှတ်ထားပြီး လစဉ်မပြတ် ပြန်လည်လေ့လာပါ။ သင်တန်းတွင် အလုပ်များကို တစ်စတစ်စလုပ်ကိုင်ရင်း တစ်ဖက်မှပင် မိမိပြုစုထားသော အားသာချက်နှင့် အားနည်းချက်စာရင်းကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်သည်တို့ကို ပြန်လည်လေ့လာသုံးသပ်ပါ။ ဤနည်းအားဖြင့် စာသင်ခန်းတွင်း အတွေ့အကြုံများ ပိုမိုရရှိလာနိုင်မည် ဖြစ်သည်။

## ဆက်လက်ဖတ်မှတ်စရာများ

Rosenthal, R. & Jacobson, L. (2003). *Pygmalion in the classroom: Teacher expectation and pupils' intellectual development*. Crown House Publishing

Shrestha, P. (18 November 2017) *'Motivational Cycle'. Psychestudy.* Retrieved from https://www.psychestudy.com/general/motivation-emotion/motivational-cycle

Yangon University of Education BEd (Second Year) Educational Psychology, Unit 3

# အခန်း ၉

# သင်ယူမှုပတ်ဝန်းကျင် ဖန်တီးခြင်း

သင်ယူနိုင်စွမ်းရှိသမျှ အတိုင်းအတာရှိသလောက်အထိ သင်ကြားမှု ပေါက်မြောက်သွားစေရန် ဖြစ်သည်။ ထိုအချက်သည် ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်သည်။ ဤသို့သော ရည်မှန်းချက် ပေါက်မြောက်အောင်မြင်စေရန်မှာ ဆရာများအနေဖြင့် ဆရာအတတ်ပညာရပ်နှင့် သက်ဆိုင်သော အသိပညာနှင့် ကျွမ်းကျင်မှု အမျိုးအစားပေါင်းစုံတို့ကို စုံလင်ပြည့်ဝစွာ အသုံးချလျက် ရည်မှန်းချက်ကို ရရှိအောင် အားထုတ်ကြရမည် ဖြစ်ပါသည်။ သင်ယူမှုထိရောက်စေမည့် သင်ယူမှုပတ်ဝန်းကျင် ဖန်တီးခြင်းသည် ထိုလုပ်ငန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

သင်ယူမှုပတ်ဝန်းကျင်ဆိုသည်မှာ ကျယ်ဝန်းသော သဘောတရားကို ဆောင်ပြီး ရှုထောင့်မျိုးစုံတို့ ပါဝင်သည်။ ဤအခန်းတွင် ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော စိတ်အားထက်သန်စွာ သင်ယူလိုစိတ်ကို ဖြစ်ပေါ်စေသော၊ လွယ်ကူချောမွေ့စွာ သင်ယူနိုင်သော၊ လူတိုင်း/ကျောင်းသားတိုင်းနှင့် အကျုံးဝင်သော သင်ယူမှုပတ်ဝန်းကျင်များကို မည်သို့ ဖန်တီးပေးနိုင်ကြောင်း စူးစမ်းရှာဖွေ လေ့လာရမည် ဖြစ်သည်။ သင်ကြားရာ၌ သင်ခန်းစာကို ချောမွေ့စွာသင်ကြားနိုင်စေရန် ကျောင်းသားများအနေနှင့် သင်ယူမှုပေါ်၌ ဦးတည်အာရုံစိုက်မှု ထားနိုင်စေရန် စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို မည်သို့ချမှတ်နိုင်ကြောင်းကိုလည်း သင်ယူရမည်ဖြစ်သည်။ လုပသသပ်ရပ်၍ နေချင်စဖွယ် သာယာသော စာသင်ခန်းတစ်ခု ဖြစ်လာစေရန် စာသင်ခန်းတွင်း သင်ကြားမှု အထောက်အကူပြု ပစ္စည်းများ (ပညာရေးနည်းပညာသုံး ပစ္စည်းများအပါအဝင်) ကို အထူးဂရုပြု အာရုံစိုက်လျက် ရွေးချယ်ဖန်တီး သုံးစွဲရန် လိုပါသည်။ သာယာသော စာသင်ခန်းတွင်း ရာသီဥတုဟုဆိုရာတွင် ကျောင်းသားတို့၏ အသိဉာဏ်သုံးနိုင်စွမ်းကို စေ့ဆော်စိန်ခေါ်နိုင်စေမည့် ကိုယ်စွမ်းဉာဏ်စွမ်း

ပွင့်လန်းတိုးပွား ရှင်သန်ထွန်းကားနိုင်စေမည့် ထိရောက်စွာ သင်ယူနိုင်စေမည့် ပတ်ဝန်းကျင်တစ်ခုကို ဆိုလိုသည်။ ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသည့် ကျောင်းသားတို့အပြုအမူကို အပြုသဘောဆောင်သော နည်းများကိုသုံး၍ မည်သို့ထိန်းသိမ်းပြုပြင်သင့်သည်ကိုလည်း သင်ယူရမည်ဖြစ်သည်။

သင်ယူမှုပတ်ဝန်းကျင် ဖန်တီးရာတွင်ပါဝင်သည့် အကြောင်းအရာများကို သိရှိနားလည်စေရန် အချို့သော အတွေးအခေါ်၊ သီအိုရီများနှင့် သုတေသနများမှ တွေ့ရှိချက်များကို ဖတ်ရှုလေ့လာစေပြီးနောက် မိမိကိုယ်တွေ့ အတွေ့အကြုံများနှင့် နှိုင်းယှဉ်လေ့လာစေရမည်။ နှိုင်းယှဉ်ရာတွင် တူညီချက်၊ ခြားနားချက်တို့ကို ရှာဖွေနှိုင်းယှဉ်ရမည်။ ဤစိတ်ကူးအတွေးအခေါ် အယူအဆများကို မိမိ၏ကိုယ်ပိုင် သင်ယူမှုပတ်ဝန်းကျင်၌ အသုံးချနိုင်လိမ့်မည်။ နောက်ပိုင်း မိမိကိုယ်တိုင် စာသင်ခန်းတွင် ကျောင်းသားများအား လက်တွေ့သင်ကြားရသည့်အခါ ထိုစိတ်ကူးများကို မည်သို့အသုံးချနိုင်မည်ဖြစ်ကြောင်း စဉ်းစားတွေးခေါ်မိလိမ့်မည်။ ဤအတွေးအခေါ် အယူအဆများအား လက်တွေ့လေ့ကျင့်ရန် အခွင့်အရေးကို သရုပ်ဆောင် သင်ယူခြင်းလုပ်ငန်းနှင့် အသေးစား သင်ကြားမှုလုပ်ငန်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ရရှိနိုင်မည်။

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်ယူမှုရလဒ်များအပေါ် သင်ယူမှုပတ်ဝန်းကျင်၏ သက်ရောက်လွှမ်းမိုးမှုရှိကြောင်းကို ရှင်းပြဆွေးနွေးတတ်မည်။
- ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်အကြောင်း ရှင်းပြဆွေးနွေးပြီး ထိုပတ်ဝန်းကျင်မျိုး ဖန်တီးပေးတတ်မည်။
- မည်သည့်တို့က ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ကြောင်း ရှာဖွေဖော်ထုတ် သတ်မှတ်ပေးတတ်မည်။
- စာသင်ခန်းထဲတွင် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီး တည်ဆောက်ရေးအတွက် အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း ခိုင်မာသည့် ဥပမာအချို့ကို ပေးတတ်မည်။

- အတန်းတူသော်လည်း အသက်အရွယ်ကွာခြားမှုရှိသော ကျောင်းသားများအတွက် လုံခြုံစိတ်ချရမှု ရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးတတ်မည်။
- လုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်နှင့် စပ်လျဉ်းသော အဓိကအကြောင်းချင်းရာ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြတတ်မည်။
- ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင် အကြောင်း ရှင်းပြတတ်မည်။
- ကျောင်းသားများပို၍စိတ်အားထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးတတ်မည်။
- ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုပတ်ဝန်းကျင်အကြောင်း ရှင်းပြတတ်မည်။
- ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်လာစေမည့် အကြောင်းအရာများကို ရှာဖွေသတ်မှတ်ပေးတတ်မည်။
- သရုပ်ဆောင်သင်ယူခြင်းနည်းကို အသုံးပြု၍ ကျောင်းသားများ စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီး ဖော်ဆောင်ပေးတတ်မည်။
- သရုပ်ဆောင်သင်ယူနည်းသည် ကျောင်းသားများ၏ သင်ယူမှုကိုမည်သို့ ထောက်ကူပံ့ပိုး ပေးနိုင်ကြောင်း ရှင်းပြတတ်မည်။
- လူတိုင်းအကျုံးဝင်ပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆိုတတ်မည်။
- လူတိုင်းအကျုံးဝင်ပညာရေးနှင့် သက်ဆိုင်သည့် ဥပမာများကို စာသင်ခန်းတွင်း စာသင်ကြားနေစဉ်၌ ဖြစ်စေ၊ သင်ပြမှုပုံစံ (lesson plan) ရေးဆွဲရာ၌ဖြစ်စေ သတ်မှတ် ဖော်ပြသည့်အခါ ထိုဥပမာများသည် လူတိုင်းအကျုံးဝင်ပညာရေးကို မည်သို့ထင်ဟပ် စေကြောင်း ရှင်းပြတတ်မည်။
- အထူးပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆိုတတ်မည်။
- အထူးပညာရေးနှင့် သက်ဆိုင်သည့် ဥပမာများကို စာသင်ခန်းတွင်း စာသင်ကြားနေစဉ်၌ ဖြစ်စေ၊ သင်ပြမှုပုံစံရေးဆွဲရာ၌ဖြစ်စေ ရှာဖွေသတ်မှတ်ဖော်ပြနိုင်သည့်အခါ ထိုဥပမာ များသည် အထူးပညာရေးကို မည်သို့ထင်ဟပ်စေကြောင်း ရှင်းပြတတ်မည်။

- လူတိုင်းအကျုံးဝင် ပညာရေးနှင့် အထူးပညာရေးအကြောင်းကို နားလည်သဘောပေါက်ပြီး ဆွေးနွေးတတ်မည်။
- ကျောင်းသားများအား သင်ယူမှု၌ မပါဝင်နိုင်အောင် ကန့်သတ်ဟန့်တားထားသည့် (ပထုတ်ထားသည့်) အချက်များအကြောင်းကို ဆွေးနွေးပြီး ကျောင်းသားအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် ကျောင်း၌ သင်ယူမှုအခွင့်အလမ်းများ တူညီစွာရရှိနိုင်မှုအတွက် အသုံးပြုနိုင်မည့် နည်းလမ်းများကို အဆိုပြုတင်ပြတတ်မည်။
- အားလုံးအကျုံးဝင် သင်ယူနိုင်သော စာသင်ခန်းတစ်ခုနှင့် ဆီလျော်ကိုက်ညီစေမည့် သင်ယူပုံ သင်ယူနည်းကို လက်တွေ့ကျင့်သုံးရာတွင် လိုအပ်မည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။
- ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှု ပညာရေး၏ အဓိပ္ပာယ်ကို မိမိတို့ကိုယ်ပိုင် စကားလုံးများသုံး၍ ဖွင့်ဆိုရှင်းပြတတ်မည်။
- သင်ယူမှုနည်းလမ်းများ၊ သင်ရိုးများနှင့် စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများတွင် ပါဝင်နေသည့် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး၏ ဥပမာများကို ဖော်ပြတတ်မည်။
- စာသင်ခန်းတွင်း အသုံးပြုနေသော သင်ကြားမှုနည်းလမ်းများ၊ သင်ရိုးများနှင့် စစ်ဆေး အကဲဖြတ်မှုများတွင် တွေ့ရှိရသော ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး အယူအဆကို ဆန်းစစ်လေ့လာပြီး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်တတ်မည်။
- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းစည်းစနစ်များ ချမှတ်ပေးခြင်း၏ အရေးပါပုံအကြောင်းကို ရှင်းပြတတ်မည်။
- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ ချမှတ်ရေးဆွဲရာတွင် အခြားဆရာများ၊ ကျောင်းသားမိဘများ၊ ရပ်ရွာလူထုများနှင့် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်မည့် ဥပမာများ၊ သာဓကများ ပေးတတ်မည်။
- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ မိမိအတန်းအတွက် စီစဉ်ရေးဆွဲတတ်မည်။
- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ ချမှတ်ရေးဆွဲရာတွင် အခြားဆရာများ ကျောင်းသားမိဘများနှင့် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်မည့် စိတ်ကူးအကြံဉာဏ်များ ပေးတတ်မည်။

- လိုအပ်သလို ပြုပြင်နိုင်သည့် ပညာရေးနည်းပညာသုံးစွဲနိုင်ရေး SAMR သင်ကြားမှုပုံစံကို သင်ကြားမှု သင်ယူမှုပစ္စည်းများ အဆင့်မြှင့်တင်ရာ၌ မည်သို့ သုံးစွဲနိုင်ကြောင်း ရှင်းလင်းဖော်ပြတတ်မည်။
- သင်ကြားမှု သင်ယူမှု ပစ္စည်းများကို ပညာရေးအသုံးချနည်းပညာဖြင့် အဆင့်မြှင့်တင်ရာတွင် SAMR သင်ကြားမှုပုံစံကို လိုအပ်သလို ပြုပြင်သုံးစွဲတတ်မည်။
- ကျောင်းသားတို့၏ ခြားနားသောအပြုအမူအမျိုးမျိုးတို့ကို သတ်မှတ်ဖော်ပြတတ်မည်။
- ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသောအပြုအမူကို ဖြစ်ပေါ်စေနိုင်သည့်အရာများကို ရှင်းပြတတ်မည်။
- တပည့်ကျောင်းသားများအားလုံးနှင့် ဆရာများကြား ချစ်ခင်လေးစားမှုနှင့် ရင်းနှီးဖော်ရွေမှုရှိသော ပတ်ဝန်းကျင် တစ်ခုဖန်တီးပေးနိုင်မည့် နည်းဗျူဟာများကို စိစစ်ရှာဖွေတတ်မည်။
- ကျောင်းသားများ၏ အပြုအမူကို ကိုင်တွယ်ထိန်းသိမ်းရာတွင် အသုံးပြုနိုင်မည့် နည်းဗျူဟာများကို ဖော်ပြတတ်မည်။
- ကျောင်းသားများ၏ သင်ယူတတ်မြောက်လိုမှုကို စေ့ဆော်ရာတွင် အထောက်အကူဖြစ်စေမည့် စာသင်ခန်းတွင်း လုပ်ထုံးလုပ်နည်း စည်းစနစ်များအကြောင်း ရှင်းပြတတ်မည်။
- ကျောင်းသားများအနေနှင့် မိမိတို့သင်ယူလေ့လာပြီးသည့် အခန်း(၉)ထဲမှ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးတတ်မည်။

# ၉.၁။ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးခြင်း

စာသင်ချိန် (၆) ချိန်ရှိသော ဤအခန်းငယ်တွင် ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်အကြောင်းကို စူးစမ်းရှာဖွေလေ့လာပြီးနောက် ထိုပတ်ဝန်းကျင်က သင်ယူမှုကို မည်ကဲ့သို့ကူညီပံ့ပိုးပေးနိုင်ပုံကိုပါ လေ့လာရမည်။ သီအိုရီအချို့နှင့် သုတေသနတွေ့ရှိချက်များတို့ကို ဖတ်ရှုလေ့လာပြီး ၎င်းတို့နှင့် မိမိ၏ကိုယ်တွေ့ အတွေ့အကြုံများကြား တူညီချက်၊ ခြားနားချက်များကို နှိုင်းယှဉ်လေ့လာခြင်းဖြင့် ဤခေါင်းစဉ်ကို နားလည် သဘောပေါက်လာနိုင်မည်။ ထို့နောက် ထိုအတွေးအခေါ် စိတ်ကူးစိတ်သန်းတို့ကို ယခုသင်ယူလေ့လာရသည့် သင်ယူမှု ပတ်ဝန်းကျင်၌ လက်တွေ့အသုံးချကြည့်ရမည်။ နောင်တစ်ချိန် မိမိကျောင်းသားများအား စာသင်ခန်း၌ သင်ကြားပေးရသည့်အခါတွင်လည်း ၎င်းအယူအဆတို့ကို မည်သို့ အသုံးပြုမည်နှင့် လက်တွေ့မည်သို့ ပြန်လည်အသုံးချမည်တို့ကို စဉ်းစားရမည်။

## ၉.၁.၁။
## ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခု၏ အရေးပါမှု

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်ယူမှုရလဒ်များအပေါ် သင်ယူမှု ပတ်ဝန်းကျင်၏ သက်ရောက်လွှမ်းမိုးမှု အကြောင်းကို ရှင်းပြဆွေးနွေးတတ်မည်။
- ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်အကြောင်း ရှင်းပြဆွေးနွေးပြီး ထိုပတ်ဝန်းကျင်မျိုး ဖန်တီးပေးတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေး အနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ စာဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောဆွေးနွေး တင်ပြခြင်း၊ ယခင်ရှိပြီး သင်ယူမှုအတွေ့အကြုံပေါ်၌ ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** သင်ခန်းစာ (၉.၁.၁)။ (ကျောင်းသားကိုင်စာအုပ်ထဲမှ ဖတ်ပါ။)

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး၊ စက္ကူ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ မိတ်ဆက်ပေးခြင်း (မိနစ် ၂၀)

၁။ သင်ခန်းစာကို မိတ်ဆက်ရန် ဆရာက ကျောင်းသားများအား နှစ်ယောက်တစ်တွဲ အလုပ်လုပ်စေမည်။ သူတို့ငယ်စဉ် ကျောင်းသားဘဝက သူတို့နေခဲ့သော သင်ယူမှု ပတ်ဝန်းကျင်တွင် ဘေးကင်းလုံခြုံစိတ်ချစွာ ခံစားခဲ့ရပုံတို့ကို ပြန်လည်စဉ်းစားရန် အချိန်ပေးပါ။

၂။ ကျောင်းသားများအနေနှင့် သူတို့သင်ယူခဲ့ရသော ပတ်ဝန်းကျင်တွင် ဘေးကင်း လုံခြုံစိတ်ချရခြင်း မရှိသော၊ စိတ်မလုံမခြုံဖြစ်ခဲ့သော အချိန်များရှိပါကလည်း ပြန်လည် စဉ်းစားစေမည်။

၃။ ကျောင်းသားတစ်ဦးက မိမိအတွေ့အကြုံကို အခြားတစ်ဦးအား ဖော်ပြစေမည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အတွေ့အကြုံကို ပြောပြစေမည်။ ထိုသို့ လုပ်ဆောင်ရန် လုံလောက်သော အချိန်ပေးပါ။

၄။ ကျောင်းသားအနည်းငယ်ကို ဖိတ်ခေါ်၍ တုံ့ပြန်အကြံပြုချက်အချို့ကို ပေးစေမည်။

### သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့် အကျဉ်းချုပ်ဖော်ပြခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၁.၁) မှ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်အကြောင်းကို ဖတ်ရန်အချိန် (၅) မိနစ်ပေးပါ။

၂။ တစ်တန်းလုံးက ထိုခေါင်းစဉ်ပါ အကြောင်းအရာကို အသံထွက်၍ ဖတ်စေမည်။ ထို့နောက် ဆရာက ကျောင်းသားတစ်ဦးစီကို ရွေးထုတ်၍ စာပိုဒ်တစ်ပိုဒ်စီ ဖတ်စေမည်။ ကျောင်းသားများ မေးရန်ရှိသော မေးခွန်းများ ရှိ/မရှိ စစ်ဆေးပါ။ သူတို့ပေးလိုသော မှတ်ချက်များရှိပါကလည်း ပေးစေရမည်။ စာပိုဒ် တစ်ပိုဒ်ချင်းစီကို ဖတ်စေခြင်းနှင့် စာတစ်ပိုဒ်ဖတ်ပြီးတိုင်း မေးခွန်းမေးခြင်း၊ မှတ်ချက်ပေးခြင်းတို့ကို ပြုနိုင်သောကြောင့် လှုပ်ရှားသက်ဝင်မှုရှိသော စာဖတ်လေ့ကျင့်ခန်းအဖြစ် ဖန်တီးနိုင်သည်။ စာအုပ်ဖတ်ခြင်းနှင့် ဆက်စပ်၍ဆောင်ရွက်စေမည်။

၃။ နားလည်မှုကို စစ်ဆေးရန် မေးခွန်းများမေးပါ။
၄။ စာအုပ်ကိုပိတ်စေပြီး စာသားတွင်ပါဝင်သော အဓိကအချက်များကို နှစ်ယောက်တစ်တွဲ ပြန်လည် ပြောပြစေမည်။
၅။ ကျောင်းသားအနည်းငယ်ကို ဆရာက အမည်ခေါ်ရွေးထုတ်ပြီး အဓိကကျသော အချက်များကို ပြန်လည်ပြောပြစေမည်။ ထို့နောက် ထိုဖတ်ထားသောစာပိုဒ်၏ အကျဉ်းချုပ်ကို သင်ပုန်းပေါ်၌ ရေးပြရမည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤသင်ခန်းစာအတွက် ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို အာရုံစူးစိုက်လေ့လာရန် ဆရာက ကျောင်းသားတို့အား ညွှန်ကြားပါ။
၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များအဖြစ်ဖြစ်စေ အောက်ပါ အကြောင်း အရာများကို ဆွေးနွေးစေမည်။

- ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်တို့ မည်သို့ဆက်စပ်နေကြောင်း။
- မူလတန်းကျောင်းများ၌ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်စေမည့် မည်သည့်အချက်တို့ကို ကျောင်းသားတို့က တွေ့မြင်ရန် မျှော်လင့်ထားနိုင်ကြောင်း။

၃။ ကျောင်းသားများ ဘေးကင်းလုံခြုံစိတ်ချရမှုကို ခံစားရသောအခါတွင် သင်ယူမှုပိုမို အောင်မြင်ကြောင်းကို ရှာဖွေသတ်မှတ်ပေးသင့်ကြောင်း တုံ့ပြန်အကြံပြုချက်အချို့ကို ဆရာက ကျောင်းသားများထံမှ ရယူမည်။ (ဆရာ့တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က) ၁.၁ သင်ကြားခြင်းသည် အသိပညာ ရွှေ့ပြောင်း လက်ဆင့်ကမ်းပေးခြင်းဆိုသည်ထက် ဆရာက ကျောင်းသားအားလုံးတို့၏ လိုအင်များကို ထည့်သွင်းစဉ်းစားရန် တာဝန်ရှိကြောင်း (ဂ) ၃.၁ နှင့် သူတို့ကိုယ်ပိုင်သင်ကြားမှု အလေ့အထတွင် ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ပံ့ပိုးပေးရန် လိုအပ်ကြောင်းတို့ကို တုံ့ပြန်အကြံပြုချက်များတွင် ပါဝင်စေသင့်သည်။ ဤသို့ဆောင်ရွက်ရာတွင် အခြားဆရာများထံမှ လေ့လာ သင်ယူခြင်းမှဖြစ်စေ၊ သူတို့၏ အတွေ့အကြုံများဖြစ်သော (ဃ) ၁.၁ နှင့် (ဃ) ၂.၁ ကို ပြန်လည် သုံးသပ်ခြင်းမှဖြစ်စေ စိတ်ကူးအယူအဆများ ရရှိနိုင်သည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ တွေး-တွဲ-မျှဝေခြင်း (၁၅မိနစ်)

၁။ ယခင်အခန်းက သင်ပြီးခဲ့သော အဓိကကျသော အချက်တို့ကို ပြန်ကောက်ပါ။ မည်သည်တို့က ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တွင် ဖွဲ့စည်းပါဝင်နေသနည်း။ သင်ပုန်းပေါ်တွင် ထိုအချက်များကို မှတ်စုရေးပါ။

၂။ ကျောင်းသားများအား အုပ်စုငယ်များအဖြစ် ဖွဲ့စည်း၍ အလုပ်လုပ်စေသည်။

၃။ နားလည်မှုကို စစ်ဆေးရန်မေးခွန်းများ မေးပါ။

၄။ စာအုပ်ကိုဖတ်စေပြီး စာသားတွင်ပါဝင်သော အဓိကအချက်များကို နှစ်ယောက်တစ်တွဲ ပြန်လည် ပြောပြစေမည်။

၅။ ကျောင်းသားအနည်းငယ်ကို ဆရာက အမည်ခေါ်ရွေးထုတ်ပြီး အဓိကကျသော အချက်များကို ပြန်လည်ပြောပြစေမည်။ ထို့နောက် ထိုဖတ်ထားသောစာပိုဒ်၏ အကျဉ်းချုပ်အဖြစ် သင်ပုန်းပေါ်၌ ရေးစေမည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤစာသင်ခန်းအတွက် ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို အာရုံစူးစိုက်လေ့လာရန် ဆရာက ကျောင်းသားတို့အား ညွှန်ကြားပါ။

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များအဖြစ်ဖြစ်စေ အောက်ပါ အကြောင်းအရာများကို ဆွေးနွေးစေမည်။

- ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်တို့ မည်သို့ ဆက်စပ်နေကြောင်း။
- မူလတန်းကျောင်းများ၌ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် ကျောင်းသားတို့က မည်သည်တို့ကိုတွေ့မြင်ရန် မျှော်လင့်ထားကြောင်း။

၃။ ကျောင်းသားများ ဘေးကင်းလုံခြုံစိတ်ချရမှု၏ ခံစားချက်ကို ခံစားရသောအခါတွင် သင်ယူမှု ပိုမိုအောင်မြင်ကြောင်းကို ရှာဖွေသတ်မှတ်ပေးသင့်ကြောင်း တုံ့ပြန်အကြံပြုချက် အချို့ကို ဆရာက ကျောင်းသားများထံမှ ရယူမည်။ (TCSF (က) ၁.၁) သင်ကြားခြင်းသည် အသိပညာရွှေ့ပြောင်း လက်ဆင့်ကမ်းပေးခြင်း ဆိုသည်ထက် ဆရာက ကျောင်းသားအားလုံးတို့၏ လိုအင်များကို ထည့်သွင်းစဉ်းစားရန် တာဝန်ရှိကြောင်း (ဂ) ၃.၁ သူတို့ကိုယ်ပိုင် သင်ကြားမှုအလေ့အထတွင် ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ပံ့ပိုးပေးခြင်းတို့ကို တုံ့ပြန်အကြံပြုချက်များတွင် ထည့်သွင်း သင့်သည်။ ဤသို့ဆောင်ရွက်ရာတွင် အခြားဆရာများထံမှ လေ့လာသင်ယူခြင်းမှဖြစ်စေ၊ သူတို့၏အတွေ့အကြုံများဖြစ်သော (ဃ) ၁.၁ နှင့် (ဃ) ၂.၁ ကို ပြန်လည်သုံးသပ်ခြင်းမှဖြစ်စေ စိတ်ကူးအယူအဆများ ရရှိနိုင်သည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ တွေး-တွဲ-မျှဝေခြင်း (၁၅ မိနစ်)

၁။ ယခင်အခန်းက သင်ပြီးခဲ့သော အဓိကအချက်တို့ကို ပြန်ကောက်ပါ။ မည်သည်တို့က ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တွင် ဖွဲ့စည်းပါဝင်နေသနည်း။ သင်ပုန်းပေါ်တွင် ထိုအချက်များကို မှတ်စုရေးပါ။

၂။ ကျောင်းသားများအား အုပ်စုငယ်များအဖြစ် ဖွဲ့စည်း၍ အလုပ်လုပ်စေမည်။ သူတို့ ကျောင်းနေခဲ့စဉ်က အချိန်ကို ပြန်စဉ်းစားစေမည်။ ထိုစဉ်က ၎င်းတို့အနေနှင့် ဘေးကင်းလုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်တွင် ရှိသည်ဟု ခံစားခဲ့ရဖူးသော အချိန်ကို ပြန်စဉ်းစားပါစေ။ ထို့နောက် အောက်ပါသက်ရောက်မှုများအကြောင်းကို စဉ်းစားစေမည်။

(က) သင်ယူမှုအပေါ်၌ သက်ရောက်မှုမှာ အဘယ်နည်း။

(ခ) ထိုကဲ့သို့သော သင်ယူမှုပတ်ဝန်းကျင်က သူတို့သင်ယူမှုနည်းတွင် မည်သို့ အထောက်အကူ ဖြစ်သနည်း။

(ဂ) သင်ယူမှုပတ်ဝန်းကျင်ကို မည်သို့ဖန်တီးထားသနည်း။

### ရပ်တန့်ပါ။ စဉ်းစားပါ။

ဤလုပ်ငန်းသည် အုပ်စုလုပ်ငန်းဖြစ်သောကြောင့် တစ်ဦးစီ၏ အတွေ့အကြုံများကို မှတ်တမ်းတင်ရန်မလိုပါ။ သူတို့ အတွေ့အကြုံများထဲမှ အကျဉ်းချုပ်နှင့် သူတို့၏ သင်ယူမှု ပတ်ဝန်းကျင်၏ သက်ရောက်မှုများကိုသာ မှတ်တမ်းတင်စေမည်။

၃။ သူတို့စိတ်ကူးများကို မှတ်တမ်းတင်ရာ၌ အကြောင်းအရာဆက်သွယ်ပြပုံ၊ ဇယား၊ ဖြစ်စဉ်အဆင့်ဆင့် ပြပုံ (Flow chart) များ စသည်တို့ကို သုံး၍ အတန်းမှ အခြားကျောင်းသားများနှင့် လွယ်ကူစွာ မျှဝေနိုင်ရန် ဆောင်ရွက်ပါ။ ထိုအချက်အလက်များကို ကြည့်၍ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်က သင်ယူမှုရလဒ်များအပေါ်၌ မည်ကဲ့သို့ လွှမ်းမိုးပုံနှင့် အဘယ်ကြောင့် လွှမ်းမိုးနိုင်ပုံကို ရှင်းလင်းစွာ ပြသနိုင်ရမည်။

၄။ ကျောင်းသားများအား သူတို့အသုံးပြုမည့် မှတ်တမ်းတင်ပုံတင်နည်းကို သူတို့ကိုယ်တိုင် ဆုံးဖြတ်ပါစေ။ ထိုနည်းလမ်း၏ ထိရောက်မှုကို နောက်ပိုင်း၌ ဆွေးနွေးမည်။

### သင်ယူမှုလုပ်ငန်း ၄။ ဆွေးနွေးခြင်းနှင့် တင်ပြခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားတို့၏ စိတ်ကူးများကို တစ်တန်းလုံးနှင့် မျှဝေနိုင်စေရန် အုပ်စုအနည်းငယ်ထံမှ ၎င်းတို့ အုပ်စုအတွင်း စုဆောင်းရရှိထားသော အတွေ့အကြုံများနှင့် သက်ရောက်မှုများကို ပြသရန်နှင့် ရှင်းပြရန် ပြောရမည်။

၂။ အခြားကျောင်းသားများအား ဖိတ်ခေါ်၍ မေးခွန်းမေးစေမည်။ မှတ်ချက်ပြုစေမည်။ မှတ်ချက်ပြုရာတွင် ယဉ်ကျေးစွာပြုရမည်။

၃။ ထို့နောက် အခြားအုပ်စုများမှ သူတို့စိတ်ကူးများ တင်ပြရာတွင် (အလွန်) ခြားနားသော မှတ်တမ်းတင်နည်း နောက်တစ်ခုကို သုံးခြင်း ရှိ/ မရှိ မေးမြန်းပါ။ သုံးပါက သူတို့သုံးသော နည်းလမ်းကို အတန်းသို့ မျှဝေစေရမည်။ ထိုမှတ်တမ်းတင်နည်း (၂) မျိုးအနက် မည်သည့် မှတ်တမ်းတင်နည်းကို သုံးခြင်းအားဖြင့် ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်က သင်ယူမှုရလဒ်အပေါ် မည်သို့သက်ရောက်နိုင်ပုံနှင့် အဘယ်ကြောင့် သက်ရောက်နိုင်ပုံကို ရှင်းလင်းစွာတင်ပြနိုင်ကြောင်းကို ဆွေးနွေးပါ။

၄။ ကျောင်းသားများအား အချိန် (၁၀) မိနစ်ခန့်ပေးပြီး မှတ်တမ်းများကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်စေမည်။ သူတို့ရရှိထားသည့် အချက်အလက်များကို ထပ်မံထည့်သွင်းပါစေ။

၅။ ပြည့်စုံအောင် ဖြည့်ဆည်းပြီးသော တင်ပြမှုများကို စာသင်ခန်းပတ်လည်တွင် ပြသထားမည်။ ထို့နောက် ပြခန်းလှည့်လည် လေ့လာခြင်းလုပ်ငန်းကို ဆရာက ဦးဆောင် ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ သင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်ရည်ညွှန်းပါ။ သင်ခန်းစာခေါင်းစဉ်ပါ အကြောင်းအရာများကို စာသင်ချိန် (၂) ချိန်စာ အချိန်ယူစစ်ဆေးလေ့လာပြီးနောက် ကျောင်းသားများသည် ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု၌ ပါဝင်ဖွဲ့စည်းနေသော အရာများနှင့် ထိုသင်ယူမှုပတ်ဝန်းကျင်ကို မည်ကဲ့သို့ ဖန်တီးတည်ဆောက်နိုင်ပုံကို ရှင်းလင်းစွာသိရှိ နားလည်နေသင့်သည်။

၂။ ကျောင်းသားများကို အောက်ပါမေးခွန်းများ မေးပါ။

- မိမိအတန်းထဲမှ အခြားကျောင်းသားတစ်ဦးက အောက်ပါအဆိုပြုချက်များကိုပြောလာလျှင် မည်သို့ တုံ့ပြန်မည်နည်း။
  - ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်ဆိုသည်မှာ ကျောင်းသားများအား နာကျင်ထိခိုက်စေမည့် ရုပ်ဝတ္ထုများမရှိသော စာသင်ခန်းကို ခေါ်သည်။
  - ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုဝန်းကျင်ရှိရန် အဓိကမကျပါ။ ထိုကဲ့သို့သော သင်ယူမှုပတ်ဝန်းကျင်မရှိလျှင်လည်း ကျောင်းသားများသည် တတ်မြောက်အောင် သင်ယူနိုင်သည်။

၃။ ကျောင်းသားများထံမှ တုံ့ပြန်အကြံပြုချက်အချို့ကို ယူပါ။ ထိုတုံ့ပြန်အကြံပြုချက်များသည် ဤသင်ခန်းစာအကြောင်းနှင့် သူတို့၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် တင်ပြချက်များကို ရည်ညွှန်းစေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

အရွယ်ရောက်ပြီးသူ ကျောင်းသားများ (၁၈ နှစ်အထက်) ၏ သင်ယူမှုရလဒ်များအပေါ်၌ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု၏ သက်ရောက်မှု မည်ကဲ့သို့ရှိပြီး အဘယ်ကြောင့်ရှိရသည်တို့ကို စဉ်းစားစေရမည်။ ကလေးများအတွက် တွေ့ရှိရချက်များနှင့် အရွယ်ရောက်ပြီးသူ စာသင်သားများအတွက် တွေ့ရှိချက်တို့အကြား မည်သည်တို့က တူညီပြီး မည်သည်တို့က ခြားနားကြောင်း စဉ်းစားစေရမည်။

## ၄.၁.၂။ မည်သည်တို့က သင်ယူမှုဝန်းကျင်ကို ဘေးကင်းလုံခြုံစိတ်ချမှု ရရှိစေသနည်း။

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မည်သည်တို့က ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ကြောင်း ရှာဖွေဖော်ထုတ်သတ်မှတ်ပေးတတ်မည်။
- စာသင်ခန်းထဲတွင် ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ရေးအတွက် အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း ခိုင်မာသည့်ဥပမာအချို့ကို ပေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။
(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။
(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။
(ဃ) ၃.၁။ လက်တွေ့သင်ကြားမှု လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း ပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စု/နှစ်ယောက်တစ်တွဲဆွေးနွေးခြင်း/[၁၁] အကြောင်းအရာ ဆက်သွယ်မှုပြသည့် ဂရပ်ဖစ်ပုံများ သုံးခြင်း၊ ဆွေးနွေးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၁.၂) ကိုဖတ်ပါ။

[၁၁] အကြောင်းအရာဆက်သွယ်မှုပုံပြသည့် ဂရပ်ဖစ်ပုံတစ်ခုသည် ခေါင်းစဉ်တစ်ခုအတွင်း ပါဝင်နေသော အကြောင်းအရာအယူအဆများ တစ်ခုနှင့်တစ်ခုကြား ဆက်သွယ်ပုံကို ပြသသည်။ ခေါင်းစဉ်ကြီးကို များသောအားဖြင့် အလယ်တွင် ရေးလေ့ရှိသည်။ ဥပမာ- 'ဘေးကင်း လုံခြုံမှုရှိသော သင်ယူမှုပတ်ဝန်းကျင်' ကို အလယ်တွင်ရေးမည်။ ထိုခေါင်းစဉ်မှတစ်ဆင့် ခွဲဖြာသွားသောမျဉ်းကြောင်းများက ခေါင်းစဉ်ပါ ခြားနားသော ယူဆချက်အမျိုးမျိုးသို့ ဆက်သွယ်ပေးသည်။ ဥပမာ- 'လေးစားမှု'၊ 'စည်းမျဉ်းများ' စသည်တို့နှင့် ဆက်သွယ်ပေးသည်။ အဓိကယူဆချက်များမှ ခွဲဖြာထွက်လာသော ထပ်ပွားယူဆချက်များကို အဓိကယူဆချက်များနှင့် ချိတ်ဆက်ပေးနိုင်သည်။ ဥပမာ- လေးစားမှုဆိုသော ပင်မယူဆချက်မှ ခွဲဖြာလာသော ဆင့်ပွားယူဆချက်များတွင် 'အားလုံးကို တူညီမျှတစွာ ဆက်ဆံခြင်း'၊ 'လူတိုင်းက ယဉ်ကျေးစွာပြုမူခြင်း' စသည်တို့ကို မျဉ်းကြောင်းများဖြင့် ဆက်သွယ်ဖော်ပြမည်။ နောက်ဆုံးဆင့်ပွား ယူဆချက်များထဲမှ နောက်ဆုံးတစ်ခုဖြစ်သည့် 'ကျောင်းသားတစ်ဦးက ၎င်းအယူအဆများကို အတန်းသို့မျှဝေနေချိန်တွင် အခြားသူများက စကားမပြောဘဲ နားထောင်ခြင်း' အထိ မျဉ်းကြောင်းများဖြင့် ဆက်သွယ်ပေးရမည်။ အကြောင်းအရာ ဆက်သွယ်မှုပြ ဂရပ်ဖစ်ပုံများသည် ကျောင်းသား များအတွက် သူတို့၏ ကိုယ်ပိုင်နားလည် သဘောပေါက်မှုကို ရှာဖွေရန်နှင့် ပြန်လည်သုံးသပ်ရန် အထောက်အကူပြုသည်။ ထိုဂရပ်ဖစ်ပုံများကို စစ်ဆေးအကဲဖြတ်ရေး ကိရိယာတစ်ခုအဖြစ်လည်း သုံးနိုင်သည်။ ကျောင်းသားများ သိရှိမှုနှင့် သူတို့၏ယူဆချက်အမှားများကို ဖော်ထုတ်တွေ့ရှိရန်အတွက်လည်း သုံးနိုင်သည်။ mind map နှင့် concept map တို့၏ အသုံးဝင်ပုံရေးဆွဲပုံခြင်းမှာ ဆင်တူသော်လည်း mind map (စိတ်ကူးပြပုံ) များကို ဗဟိုချက်တစ်ခုမှ ခွဲဖြာရေးဆွဲလေ့ရှိသော်လည်း concept map (ယူဆချက်ပြပုံ) များကိုမူ အတန်းလိုက်အလျားလိုက်မျဉ်းများဖြင့် ရေးဆွဲရသည်။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ၊ 'ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော ပတ်ဝန်းကျင် ဖန်တီးတည်ဆောက်ပုံ' ကို ပြသော လက်ကမ်းစာစောင်။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ပြန်လှန်ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများအား နောက်ဆုံးသင်ခဲ့သောသင်ခန်းစာကို ပြန်လေ့လာရန်နှင့် အဘယ်ကြောင့် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်စနစ်ဖြစ်အောင် ဖန်တီးပေးရမည်ကို ပြန်လည် လေ့လာစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ယခင်သင်ခန်းစာကို မှတ်မိခြင်း ရှိ/မရှိနှင့် နားလည်ခြင်း ရှိ/မရှိကို သင်ယူစဉ် စစ်ဆေးခြင်းအဖြစ် စစ်ဆေးအကဲဖြတ်ပါ။ ကျောင်းသားများပြောပြသော အချက်အလက်များကို သင်ပုန်းပေါ်၌ မှတ်တမ်းတင်ပါ။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ တုံ့ပြန်မှုများသည် သင်ခန်းစာ (၉.၁.၁) ကို ရည်ညွှန်းစေသင့်သည်။ သို့မဟုတ် ထိုစာသင်ချိန် နှစ်ချိန် အတွင်းက ကျောင်းသားများဆွေးနွေးခဲ့သော အတွေ့အကြုံများပါဝင်စေရမည်။ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးတည်ဆောက်ပေး ရခြင်းအတွက် အကြောင်းပြချက် ဥပမာများတွင် အောက်ပါအချက်တို့ ပါဝင်စေသင့်သည်။

- ထိုပတ်ဝန်းကျင်မျိုးက ကျောင်းသားများ၏ သင်ယူနိုင်စွမ်းကို အမြင့်မားဆုံးသို့ ရောက်ရှိစေရန် အထောက်အကူပြုသည်။

- ကျောင်းသားများသည် သိရှိလိုစိတ် ပိုမိုရှိလာပြီး ဆရာပြောသည်ကို အာရုံစိုက်လာမည်။ အချင်းချင်း၏ အယူအဆများကိုလည်း လိုလားစွာ နားထောင်ပြီး သူတို့ သိထားသည်ကိုလည်း အခြားသူများနှင့် မျှဝေသည်။
- မေးခွန်းမေးခြင်း၊ တုံ့ပြန်အကြံပြုမှုရယူခြင်း၊ အမှားကို သတင်းပို့ခြင်းနှင့် စိတ်ကူးသစ်တစ်ခုကို အဆိုပြုခြင်း စသည်တို့ကို ဆောင်ရွက်ရာတွင် ပိုမို၍စိတ်ချ ယုံကြည်စွာ ဆောင်ရွက်နိုင်လာမည်။[၁၂]
- ကျောင်းသားများအနေနှင့် သူတို့ပါဝင်ဆောင်ရွက်မှုများကို အသိအမှတ်ပြု တန်ဖိုးထားခြင်း ရှိသဖြင့် ပြောရဲဆိုရဲရှိလာမည်။ သူတို့မေးခွန်းမေးရာ၌ဖြစ်စေ စိတ်ကူးများ ထုတ်ဖော်ပြောပြသည့် အခါ၌ဖြစ်စေ လှောင်ပြောင်ခံရခြင်း ကြောက်ရွံ့နေရခြင်း သို့မဟုတ် အရှက်ရခြင်းတို့ မရှိနိုင်ကြောင်း သေချာစိတ်ချမှုရှိစေသည်။
- ဤပတ်ဝန်းကျင်တွင် ကျောင်းသားများသည် ၎င်းတို့ကိုအလေးထားပြီး ၎င်းတို့လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်သည်ဟု ထင်မြင်ယူဆခံစားနိုင်စေသည်။[၁၃]
- ကျောင်းသင်ယူမှုပတ်ဝန်းကျင်၏ အရည်အသွေးသည် ကျောင်းသားသင်ယူမှု မည်မျှကောင်းမွန်မည်ကို သတ်မှတ်ပေးနိုင်သော အရေးပါသည့် အချက်တစ်ခု ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလုပ်ငန်း (၂၅ မိနစ်)

၁။ အုပ်စုတစ်ခုလျှင် ကျောင်းသား (၄) ဦး သို့မဟုတ် (၅) ဦး ပါဝင်ဖွဲ့စည်းထားသော ကျောင်းသားအုပ်စုများ ဖွဲ့ပေးပါ။ ၎င်းတို့အား ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးနိုင်စေရန်အတွက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သော လုပ်ဆောင်မှု သို့မဟုတ် နည်းလမ်း (၁၀) ခု နီးပါးကို စာရင်းပြုစုစေရမည်။

၂။ သူတို့အား ဥပမာတစ်ခုပေးပါ။ ဥပမာ - သန့်ရှင်းသပ်ရပ်၍ နေသားတကျရှိသော စာသင်ခန်း။

[၁၂] McClelland, D. (1998). Identifying Competencies with Behavioral-Event Interviews. *Psychological Science, 9*(5), 331–339.

[၁၃] Gill, L., Ramsey, P., & Leberman, S. (2005). From Chaos to Safe Transformation: The Emotional Intelligence Learning Environment Model. *Journal of Organisational Transformation & Social Change, 12*(3), 257–286.

၃။ ဤလုပ်ငန်း၌ ကျောင်းသားတို့အားကူညီရန် ဆရာက ၎င်းတို့အား စဉ်းစားရာတွင် ဆရာဆောင်ရွက်နိုင်သော လုပ်ငန်းများ၊ ကျောင်းသားများဆောင်ရွက်နိုင်သော လုပ်ငန်းများနှင့် ကျောင်းက ယေဘုယျအားဖြင့် ဆောင်ရွက်ပေးနိုင်သော လုပ်ငန်းများအဖြစ်သို့ ခွဲခြားစဉ်းစားရန် ပြောပြပါ။

**ရပ်တန့်ပါ။ စဉ်းစားပါ။**

ဤကဲ့သို့ သုံးနိုင်သော အကြောင်းအရာ ပစ္စည်းများအကြောင်းကို ကျောင်းသားကိုင်စာအုပ် လက်ကမ်းစာစောင် (၁) တွင်ပေးထားသည်။ ဤလုပ်ငန်းဆောင်ရွက်စေခြင်း အကြောင်းမှာ ထိုစာရင်းကို ပြန်လည်မှတ်မိစေရန် မဟုတ်ဘဲ ကျောင်းသားများ၏ ကိုယ်ပိုင်စဉ်းစားမှုမှ ရရှိလာသော အရာများကို စာရင်းပြုစုစေလို၍ ဖြစ်သည်။ ထို့ကြောင့် ဤလုပ်ငန်းဆောင်ရွက်နေစဉ်တွင် ကျောင်းသားကိုင် စာအုပ်များကို ပိတ်ထားစေသင့်သည်။ ဤသို့ ဆောင်ရွက်စေခြင်းဖြင့် ရေးထားသည်တို့ကို ဖတ်ရခြင်းထက် ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ပြီး ကိုယ်တိုင်စိတ်ကူးစိတ်သန်းများရရှိနိုင်ကာ မှတ်မိနိုင်စွမ်းလည်း မြင့်မားလာမည်။ ဤစာရင်းက နောက်စာသင်ချိန်တွင် သူတို့ကိုယ်ပိုင် စိတ်ကူးများနှင့် နှိုင်းယှဉ်ရန် ရည်ညွှန်းရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် အယူအဆကို ကျောင်းသားတို့ မည်မျှ ပြန်လည်အသုံးချနိုင်သနည်း ဆိုသည့် စွမ်းရည်အပေါ်မူတည်၍ ဤလုပ်ငန်းကို ကိုယ်တိုင်အကဲဖြတ်ခြင်း သို့မဟုတ် အချင်းချင်း အကဲဖြတ်ခြင်းတို့ ဆောင်ရွက်စေရမည်။

ဤအဆင့်၌ တိကျသောအဖြေများ မရှိနိုင်ပါက ကျောင်းသားများက အကျိုးကြောင်းဆီလျော်ပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်သော သင်ယူမှုပတ်ဝန်းကျင်ဖန်တီးရေး စိတ်ကူးများနှင့် နည်းလမ်းများကို ထုတ်ဖော် ရှာဖွေသတ်မှတ်တတ်လျှင် ဤလုပ်ငန်း၏ ရည်ရွယ်ချက် အောင်မြင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေများသည် အမျိုးမျိုးဖြစ်နိုင်သည်။ ကျိုးကြောင်းညီညွတ်၍ လက်တွေ့လုပ်ဆောင်နိုင်ဖွယ်ရှိသော နည်းလမ်းမှန်သမျှကို လက်ခံပေးရမည်။ ဆရာများ၊ ကျောင်းသားများနှင့် ကျောင်းစနစ်များအတွက် အသုံးချနိုင်သော အဖြေအများအပြားကို မှတ်တမ်းတင်ထားရန် ရည်ရွယ်ပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာတို့သည် သင်ယူမှုရလဒ်ကောင်းမွန်ရေးကို ရည်ညွှန်းလျက် မည်သည်တို့က ကောင်းမွန်၍ ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သနည်းဆိုသည့်ခေါင်းစဉ်နှင့် ဆက်စပ်လျက်ရှိကြောင်းကို ကျောင်းသားများသိရှိစေရန် ဆရာက သတိပေးပါ။ ဤနေရာတွင် ရှာဖွေဖော်ထုတ်သတ်မှတ်ခြင်း အချက်မှာ အရေးကြီးပါသည်။ ဤသို့ ဆောင်ရွက်ခြင်းက ဝါးခွံ့စနစ်ထက် ပိုမိုကောင်းမွန်ပြီး ကျောင်းသားများကိုယ်တိုင် တက်ကြွစွာဆောင်ရွက်စေသည်။

၂။ လက်ကမ်းစာစောင် (၁) 'ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပုံ' စာစောင်ထဲပါ အချက်အလက်များနှင့် ၎င်းတို့အုပ်စုမှ ရှာဖွေတွေ့ရှိထားသော အချက်အလက်များကို နှိုင်းယှဉ်လေ့လာစေမည်။

၃။ ဤအဆင့်တွင် သူတို့က လက်ကမ်းစာစောင်ကို ထပ်ဖြည့်ရန် မလိုအပ်ပါ။ နောက်စာသင်ချိန်တွင်မှ ဆောင်ရွက်ရမည်ဟု ပြောပြပါ။

၄။ လက်ကမ်းစာစောင်ထဲမှ အကြံပြုချက်မည်မျှနှင့် ၎င်းတို့ကိုယ်ပိုင်စာရင်းမှ အကြံပြုချက်တို့ ဆင်တူပါသနည်း။ သူတို့မစဉ်းစားမိသောအချက် မည်မျှ ပါဝင်သနည်း။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလိုက်ဆွေးနွေးခြင်း (မိနစ် ၂၀)

၁။ လက်ကမ်းစာစောင်ကို ရည်ညွှန်းပါ။ ကျောင်းသားများအား လက်ကမ်းစာစောင် အဆုံးတွင် ယခင်စာသင်ချိန်က ၎င်းတို့ရရှိထားသော ကိုယ်ပိုင်စိတ်ကူးများကို ဖြည့်ပါစေ။

၂။ ကျောင်းသားများအား အချက်အလက်များမဖြည့်သွင်းမီ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ၎င်းတို့၏အကြံပြုချက်တစ်ခုစီသည် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးရေးအတွက် အဘယ်ကြောင့်ထိရောက်သည့်နည်းလမ်းများ ဖြစ်ကြောင်းကို ဆွေးနွေးစေရမည်။

၃။ ဆွေးနွေးရုံသာ ဆွေးနွေးရမည်ဖြစ်ပြီး လက်ကမ်းစာစောင်ကို အပြီးထိ ဖြည့်သွင်းရန် မလိုသေးကြောင်း ဆရာက ကျောင်းသားတို့ကို သတိပေးပါ။

၄။ တုံ့ပြန်အကြံပြုချက်များ ရယူပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

အကြံပြုချက်တစ်ခုစီ၏ ထိရောက်မှုကို ကျောင်းသားတို့ ခြုံငုံ နားလည်ခြင်း ရှိ/မရှိ ဆန်းစစ်နိုင်ရန် ဆရာက စောင့်ကြည့်လေ့လာ နားထောင်ရမည်။ သင်ယူနေစဉ် တုံ့ပြန်အကြံပြုချက်ပေးခြင်းက ကျောင်းသားတို့၏ နားလည်မှုကို ကျစ်လျစ်ခိုင်မာစေပြီး အတည်ပြုပေးနိုင်သည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေအမျိုးမျိုး ရရှိမည်။ ကျောင်းသားများ၏ ထင်မြင်ချက်နှင့် အတွေ့အကြုံအရ အမျိုးမျိုး ခြားနားမည်။ အဖြေများတွင် အကြံပြုချက်အားလုံးတို့သည် နည်းအမျိုးမျိုးဖြင့် ထိရောက်မှုရှိကြောင်း ညွှန်ပြနိုင်ရမည်။ အောက်ပါအချက်များ ပါဝင်သင့်သည်။

- ကျောင်းသားများကို ကိုယ်တိုင်ဆောင်ရွက်တတ်မှုကို မြှင့်တင်ခြင်း။
- စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့် အားဖြည့်တွန်းအားပေးခြင်း။
- တိုးတက်မှုရစေရန် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်ပေးခြင်း။

- အမျိုးမျိုးအဖုံဖုံ ကွဲပြားမှုကို လက်ခံခြင်း။
- လိုအပ်ချက်အလိုက် လုပ်ဆောင်သင်ယူမှု အယူအဆကို ထည့်သွင်းခြင်း။
- မျှော်မှန်းထားသော အပြုအမူများကို နမူနာလုပ်ဆောင်ပြသခြင်း။

## သင်ယူမှုလုပ်ငန်း ၄။ အုပ်စုလုပ်ငန်း (မိနစ် ၂၀)

၁။ အကြံပြုချက်တစ်ခုစီနှင့်ပတ်သက်ပြီး ကျောင်းသားများအနေနှင့် ထိုလုပ်ငန်းကို အတန်းထဲ၌ လုပ်ဆောင်ရန် စိတ်ကူး ရှိ/မရှိကို အုပ်စုလိုက်ဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဆွေးနွေးစေရမည်။ ဥပမာများပေးရန် ပြောပါ။

၂။ အကြံပြုချက်တစ်ခုစီအတွက် အနည်းဆုံး ဥပမာတစ်ခုရရှိစေလျှင် တုံ့ပြန်အကြံပြုချက်များကို ကျောင်းသားများထံမှ တောင်းခံပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူနေစဉ်စစ်ဆေးခြင်းအဖြစ် နှုတ်တိုက်တုံ့ပြန်အကြံပြုချက်များကို ရယူနိုင်သကဲ့သို့ ပြည့်စုံအောင်ဖြေဆိုထားသော လက်ကမ်းစာစောင်များကိုလည်း ဆရာအလိုရှိပါက ကောက်ယူစစ်ဆေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေများသည် အကြံပြုချက်တို့ကို လက်တွေ့ဘဝ၌ မည်သို့လုပ်ဆောင်နိုင်မည်ကို ဖော်ပြသော ဥပမာများ ပါဝင်စေရမည်။ ဤလုပ်ငန်းသည် ကျောင်းသားတို့၏ လက်တွေ့ဘဝ အတွေ့အကြုံမှလာသော အကြံပြုချက်များ သို့မဟုတ် ယေဘုယျ အဆိုပြုခြင်းများ ဖြစ်နိုင်သည်။ ကျောင်းသားများ၏ အတွေ့အကြုံအလိုက် အဖြေအမျိုးမျိုးရလာနိုင်သည်။ အချို့ဥပမာများမှာ -

- သန့်ရှင်းသပ်ရပ်၍ စီစဉ်တကျရှိသော စာသင်ခန်းအဖြစ် ဖွဲ့စည်းထားခြင်း - သင်ယူမှုလုပ်ငန်း တစ်ခုပြီးသွားတိုင်း စာသင်ခန်းကို ပြန်လည်သပ်ရပ်စွာ နေရာတကျဖြစ်အောင် ကျောင်းသားများအားလုံး ပါဝင် ဆောင်ရွက်စေရမည်။
- ချီးကျူးမှုနှင့် အပြုသဘောဆောင်သော စကားလုံးများကို သုံးခြင်း - အကျိုးဖြစ်ထွန်းစေသော

အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များက သင်ယူမှုကို တိုးတက်စေသည်။

- ကျောင်းသားများအား လိုက်နာစေလိုသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ဖန်တီးပေးခြင်း - ကျောင်းသားများကိုယ်တိုင် မိမိတို့လိုက်နာသင့်သည့် စည်းကမ်းများကို ကိုယ်တိုင်အသိဖြင့် ဆုံးဖြတ်စေရာတွင် ဆရာက လမ်းညွှန်မှုပြုပေးပါ။ အတန်းစည်းကမ်းများပါရှိသော ပိုစတာ တစ်ခုကို ဖန်တီးစေမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ သင်ခန်းစာ၏ သင်ယူမှုရလဒ်များကို အတိုချုပ်ပြန်လည်လေ့လာပြီး ဤရလဒ်များကို ကြိုတင်မှန်းဆချက်အဆိုမှဖြစ်စေ၊ ကိုယ်တွေ့အတွေ့အကြုံမှဖြစ်စေ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တည်ဆောက်ခြင်း အယူအဆကို စူးစမ်း လေ့လာခြင်းအားဖြင့် မည်သို့ရရှိနိုင်ကြောင်း အကျဉ်းချုပ် ပြန်လည်ရှင်းပြပါ။

၂။ ဤသင်ခန်းစာအတွက် သတ်မှတ်ထားသော ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်နှုန်းများကို ရည်ညွှန်း၍ ကျောင်းသားများအား အောက်ပါတို့ကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေရမည်။

(က) အတန်းထဲတွင် ကျောင်းသားများနှင့်အတူ ဘေးကင်းလုံခြုံ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးရန်ကြိုးစားရာတွင် မည်သည့်စိန်ခေါ်မှုမျိုးကို တွေ့ရမည်နည်း။

(ခ) ထိုအခက်အခဲများကို ကျော်လွှားရန် မိမိအနေဖြင့် မည်သည်တို့ကို လုပ်ဆောင်နိုင်သနည်း။

၃။ ကျောင်းသားများ ဆွေးနွေးရာတွင် ဤသင်ခန်းစာသင်ယူနေစဉ်အတွင်း သူတို့ ဆွေးနွေး ရရှိခဲ့သည့်အချက်များကို ရည်ညွှန်းစေသင့်သည်။

## ၉.၁.၃။ ဘေးကင်းလုံခြုံစိတ်ချရသောသင်ယူမှုပတ်ဝန်းကျင်တစ်ခုကို မိမိအနေနှင့် ဖန်တီးခြင်း

ဤသင်ခန်းစာတွင် ကျောင်းသားများအား ပထမဦးစွာ အုပ်စုအလိုက် စဉ်းစားစေရမည်။ သူတို့ကိုယ်တိုင် ဆရာများအဖြစ် သူတို့ရွယ်တူ အတန်းဖော်များအား ကျောင်းသားများအဖြစ် သဘောထား၍ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီး တည်ဆောက်စေမည်။ ထို့နောက်တွင်မှ မူလတန်းကျောင်းများတွင် အမှန်တကယ် သင်ကြားရသည့်အခါ ထိုတပည့်ကလေးငယ်များအတွက် ဘေးကင်းလုံခြုံ၍ စိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ရရှိလာစေရေးအတွက် အုပ်စုလိုက် လုပ်ငန်းအဖြစ် အစီအစဉ်ရေးဆွဲစေရမည်။

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- အတန်းတူသော်လည်း အသက်အရွယ်ကွာခြားမှုရှိသော ကျောင်းသားများအတွက် လုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးတတ်မည်။
- လုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်နှင့် စပ်လျဉ်းသော အဓိကအကြောင်းအရာ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။
(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ဆွေးနွေး ဟောပြောတင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်မှ (၉.၁) ကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ ယခင်သင်ခန်းစာအကြောင်း ပြန်လည်ဆက်စပ်ခြင်းနှင့် မိတ်ဆက်ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့ ကိုယ်တိုင်အတွက် ၎င်းတို့၏ရွယ်တူ အတန်းဖော်များကို ပညာရေးဘာသာရပ်သင်ကြားမှုအတွက် ဘေးကင်း၍ စိတ်ချလုံခြုံရမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်တစ်ခု ဤသင်ခန်းစာ၌ တည်ဆောက်ဖန်တီးမည်ဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် မူလတန်းကျောင်း တစ်ကျောင်း၌ မူလတန်းကျောင်းသားတို့အတွက် ဘေးကင်းလုံခြုံစိတ်ချမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးရေးအစီအစဉ်ကို အုပ်စုလုပ်ငန်းအဖြစ် ရေးဆွဲစေမည်။

၂။ ကျောင်းသားများအား အချိန် (၅) မိနစ် ခန့်ပေး၍ သင်ခန်းစာ (၉.၁.၂) တွင် ပြုစုဖော်ပြထားသော ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ဖန်တီးရေး အကြံပြုချက်စာရင်းတွင် ပါဝင်သည့် အကြံပြုချက်များကို နှစ်ယောက်တစ်တွဲတွဲ၍ ပြန်လည်မှတ်မိသလောက် ပြန်ပြောစေရမည်။

- သန့်ရှင်းသပ်ရပ်၍ စီစဉ်တကျရှိသော စာသင်ခန်းအဖြစ် ဖန်တီးပါ။
- ချီးကျူးစကားနှင့် အပြုသဘောဆောင်သော စကား အသုံးအနှုန်း (အားပေးမှု) ကို သုံးပါ။
- ကျောင်းသားများအား လိုက်နာစေလိုသော စည်းကမ်းချက်များကို ရေးသားထားပါ။ (ဥပမာ -သရော်လှောင်ပြောင်ခြင်းမပြုရ၊ အနိုင်ကျင့်ခြင်းမပြုရ စသည်များ)
- တည်ငြိမ်စွာ ဆောင်ရွက်ပါ၊ မည်သည့်အရာကို ဆောင်ရွက်သည်ဖြစ်စေ အစဉ်အမြဲ ဆင်ခြင်ထိန်းသိမ်းမှုရှိပါစေ။
- အဖြေမှားသွားခြင်း သို့မဟုတ် အမှားပြောမိခြင်းသည် သင်ယူမှုဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ကြောင်း အလေးထားဖော်ပြပါ။
- အမှားများကို သင်ယူမှုအတွက် အခွင့်အရေးများအဖြစ် အသုံးချရမည်။
- တည်ငြိမ်စွာ ဆောင်ရွက်ပါ။ ဆင်ခြင်ထိန်းသိမ်းမှု အမြဲရှိပါစေ။
- အယူအဆအမျိုးမျိုးတို့ကို ကြိုဆိုပါ။ ဖိတ်ခေါ်ပါ။
- အပြုံးမပျက် စိတ်ရှည်သည်းခံပါ။
- စာသင်ခန်းဝန်းကျင်အနှံ့ လှည့်ပတ်ကြည့်ရှု ကြီးကြပ်ပါ။
- မိမိသင်ရသော ကျောင်းသားတစ်ဦးချင်းစီကို သိရှိ၍ ဆရာတပည့်ကြား ရင်းနှီးစွာ ပြောဆိုဆက်ဆံပါ။
- ဆရာက ကျောင်းသားများနှင့် ဆက်ဆံပြောဆိုသည့်အခါတိုင်း ကြင်နာမှု အပြည့်အဝဖြင့် ပြောဆိုဆက်ဆံပါ။
- ကျောင်းသားအားလုံးတို့အား တစ်ဦးချင်းအလေးထားလျက် ကောင်းမွန်စွာ ပြောဆိုဆက်ဆံခြင်းအားဖြင့် အတုယူဖွယ် စံပြအမူအကျင့်ကို ပြသပါ။
- ကျောင်းသားများ ရွေးချယ်နိုင်သည့် သင်ယူမှုလုပ်ငန်းများကို သုံးပါ။
- မေးခွန်းများမေးခြင်းဖြင့် သင်ယူမှု၌ ကျောင်းသားများ စိတ်ဝင်စားလာအောင် ဆောင်ရွက်ပါ။

၃။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၁.၃) တွင် ပါဝင်သော ချီးကျူးစကားဆိုခြင်းနှင့် ပတ်သက်သည့် အကြံပြုချက်များကို လေ့လာစေရမည်။ ကျောင်းသားကို လုပ်ဆောင်မှုကောင်း၍ ချီးကျူးသည့်အခါ ဆရာက 'မင်းတော်တယ်' ဆိုသည့် သုံးနေကျလက်သုံးစကားကို သုံးစွဲခြင်းထက် အောက်ပါ ဖော်ပြချက်များကို သုံးခြင်းက ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် တည်ဆောက်ရေးအတွက် ပိုမိုသင့်တော်ကြောင်း အဘယ်ကြောင့်ထင်မြင်ရသနည်းဟု စဉ်းစားစေမည်။

- 'ဒီမေးခွန်းဟာ သိပ်ကောင်းတာပဲ'
- 'မင်းမေးပုံမေးနည်းကို ဆရာတကယ်သဘောကျတယ်'
- 'ဒီဖြေထားတာလေးက ဒီလိုဆိုပိုကောင်းတယ်'
- 'မင်းတို့အုပ်စုထဲက ကျောင်းသားတွေကို အသံထွက်ဖတ်ဖို့ မင်းသတိပေးလိုက်တာ အရမ်းကောင်းတယ်'

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလုပ်ငန်းနှင့် ဟောပြောတင်ပြခြင်း (၂၅ မိနစ်)

၁။ အုပ်စုတစ်ခုလျှင် ကျောင်းသား (၄) ဦး သို့မဟုတ် (၅) ဦးတို့ ပါဝင်စေလျက် အုပ်စုဖွဲ့ပေးပါ။ အုပ်စုတစ်ခုစီအတွက် အထက်ပါ အကြံပြုချက်အသီးသီးတို့ထဲမှ (၃) ခုစီခန့်ကို ရွေးနှုတ်၍ စာရင်းပြုစုပါစေ။

၂။ အုပ်စုများအား အောက်ဖော်ပြပါ ပိုစတာတစ်ခု ဖန်တီးရေးဆွဲရမည်ဟု ပြောပါ။

## ဘေးကင်းလုံခြုံ၍ အကျိုးဖြစ်ထွန်းစေသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးခြင်း

| | စာသင်ခန်းတွင်း ဘေးကင်းစိတ်ချရပြီး အကျိုးဖြစ်ထွန်းစေသော သင်ယူမှု ပတ်ဝန်းကျင် ဖန်တီးရန် ကျွန်ုပ်တို့သည် ဤအချက်တို့ကို လုပ်ဆောင်ရန် လိုအပ်ပုံ | စာသင်ခန်းတွင်း၌ ထိုရည်ရွယ်ချက် ရရှိရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်နိုင်ပုံ | ဤဆောင်ရွက်မှုက သင်ယူမှုရလဒ်များအပေါ် ကောင်းစွာ အကျိုးပြုသက်ရောက်နိုင်ခြင်း အကြောင်းရင်းများ |
|---|---|---|---|
| ၁။ | သန့်ရှင်းသပ်ရပ်၍ အစီအစဉ်တကျ ရှိသော စာသင်ခန်းအဖြစ် ဖန်တီးပါ။ | | |
| ၂။ | ချီးကျူးစကားနှင့် နှစ်လိုဖွယ် အကျိုးပြုနိုင်သော စကားတို့ကိုသာ ပြောဆိုပါ | 'မင်းတော်တယ်' ဟုရိုးရိုးပြော ခြင်းထက်<br>'ဒီမေးခွန်းဟာ သိပ်ကောင်းတာပဲ'<br>'မင်းမေးပုံမေးနည်းကို ဆရာတကယ် သဘော ကျတယ်'<br>'ဒီဖြေထားတာလေးက ဒီလိုဆိုပိုကောင်းတယ်'<br>'မင်းတို့အုပ်စုထဲက ကျောင်းသားတွေကို အသံထွက်ဖတ်ဖို့ မင်းသတိ ပေးလိုက်တာ အရမ်း ကောင်းတယ်' | ဝေဖန်ပြစ်တင်ခံရခြင်း (သို့) တိုက်ရိုက် အမှားပြင်ပေးခံရခြင်းထက် ချီးကျူးမှု တစ်စိတ်တစ်ဒေသပါသော ပြုပြင်ပေးမှုကို ရလျှင် ကျောင်းသားများအနေနှင့် စိတ်အေးချမ်းသာ ရှိကြသည်။<br>ချီးကျူးစကားသည် ကျောင်းသား ဆောင်ရွက် ပေးသော လုပ်ငန်းအတွက် ဖြစ်စေသင့်ပြီး ကျောင်းသားကို ပုဂ္ဂိုလ်ရေး ခင်၍ပြောသော စကားမျိုး မဖြစ်သင့်ပါ။ ဆောင်ရွက်မှုကို ချီးကျူးမှုသာ တိုးတက်မှု ရနိုင်သည်။ |
| ၃။ | ကျောင်းသားများအား လိုက်နာစေလိုသော စည်းကမ်းများကို ရေးသား ချမှတ်ပေးရမည်။ (ဥပမာ- သရော် လှောင်ပြောင်ခြင်း မပြုရ၊ အနိုင်မကျင့်ရ စသည်ဖြင့်) | | |
| ၄။ | | | |
| ၅။ | | | |
| ၆။ | | | |

၃။ ပိုစတာများကို စာသင်ခန်းပတ်လည်၌ ပြသထားစေပြီး ပြခန်းလှည့်လည်လေ့လာမှု လုပ်ငန်းကို ဆရာက ဦးစီးဆောင်ရွက်ပါ။

၄။ ပိုစတာပေါ်တွင် တင်ပြထားသော စိတ်ကူးများ၏ တူညီမှု၊ ခြားနားမှုများကို နှိုင်းယှဉ်လေ့လာရန် ကျောင်းသားများအား ညွှန်ကြားပါ။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)**

၁။ သင်ခန်းစာ၏ သင်ယူမှုရလဒ်များနှင့် ပတ်သက်၍ တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ မှတ်ချက်ပြုမှု၊ ပြင်ဆင်မှုများရှိပါက ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်၍ စာသင်ချိန်ကို အဆုံးသတ်ပါ။

၂။ ကျောင်းသားများအနေနှင့် ဆရာဖြစ်လာသောအခါတွင် ဘေးကင်း လုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို သူတို့၏ ကျောင်းသားတပည့်များအတွက် တည်ဆောက်ရာ၌ သေချာစေရေးကို ခွဲခြမ်းစိတ်ဖြာ လေ့လာနေကြခဲဖြစ်သည့်အတွက် ဤသင်ခန်းစာသည် ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် မည်သို့စပ်ဟပ် ညီညွတ်နေကြောင်းကို ရည်ညွှန်းပါ။

**ဒုတိယစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (မိနစ် ၄၀)**

၁။ ယခင်စာသင်ချိန်က ကျောင်းသားတို့၏ အတွေးအခေါ်စိတ်ကူးများကို ပုံဖော် ထုတ်လုပ်ဖန်တီးခဲ့သည့် ပိုစတာများအား လှည့်လည်ကြည့်ရှု လေ့လာစေခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။

၂။ ယခင်စာသင်ချိန်မှ ဖွဲ့ခဲ့သည့်အတိုင်း အုပ်စုအသီးသီး ပြန်ဖွဲ့ပေးပြီး သူတို့ပိုစတာများကို သူတို့အား ပြန်ပေးပါ။

၃။ အချိန် (၁၀) မိနစ်ခန့်ပေးပြီး ပိုစတာများတွင် ထည့်စရာ၊ ပြင်စရာများကို ထည့်ရန်၊ ပြင်ရန် ပြောပါ။

၄။ သူတို့ဖန်တီးထားသော ပိုစတာများသည် ဆရာများအနေနှင့် သူတို့အတွက် ရည်ညွှန်းကိုးကားစရာတစ်ခုအဖြစ် တည်ရှိကြောင်း ဆရာက ကျောင်းသားများကို သတိပေးပါ။ သို့ရာတွင် ဤပိုစတာများသည် မူလတန်းကျောင်းသားလေးများအတွက် နားလည်ရန် ရှုပ်ထွေးကြောင်း ပြောပါ။

၅။ မူလတန်းကျောင်းသား ကလေးများအား သူတို့သင်ယူမှု ပတ်ဝန်းကျင်သည် ဘေးကင်း၍ လုံခြုံစိတ်ချရကြောင်းကို ရှင်းလင်းစွာ သတိပြုမိတတ်ရန် လို/မလို စဉ်းစားပါစေ။ ထို့နောက် အဘယ်ကြောင့် လိုအပ်ကြောင်း မေးပါ။

၆။ ထို့နောက် အလားတူပိုစတာမျိုးကို မူလတန်းကျောင်း စာသင်ခန်းတစ်ခုနှင့် ကိုက်ညီအောင် ဖန်တီးပါစေ။ ရလာသောပိုစတာများကို တစ်ဖန်မျှဝေစေလျက် အသက်အရွယ် အုပ်စုခြားနားသော ကျောင်းသားများအတွက် လိုအပ်ချက်တူညီမှု ခြားနားမှုတို့ကို ဆွေးနွေးပါစေ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအနေနှင့် သိသင့်သည်မှာ မူလတန်းကျောင်းသား ကလေးငယ်များသည် သူတို့ပါဝင်နေသည့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်သည် ဘေးကင်းလုံခြုံ စိတ်ချရမှု မည်သို့ရှိနေပုံကို သိသင့်သည်။ အကြောင်းမှာ ကလေးများက စည်းမျဉ်းစည်းကမ်းများကို သိရှိပြီးလိုက်နာနိုင်စေရန် ဖြစ်သည်။ သူတို့ မသိရှိထားလျှင် ဘေးကင်း၍ စိတ်ချလုံခြုံမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု၏ တည်ဆောက်ပုံနှင့် လိုက်နာရန် စည်းကမ်းများကို သိမည်မဟုတ်ပေ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ ထပ်မံဖန်တီးလိုက်သော ပိုစတာအသစ်များသည်လည်း ပထမ လက်ကမ်းစာစောင်တွင်ပါသော အချက်အလက်များနှင့် တူညီစေသင့်သည်။ သို့ရာတွင် ထိုအချက်များသည် မူလတန်းကျောင်းသားအရွယ် ကလေးငယ်များ ဆောင်ရွက်သော အချက်များသာဖြစ်ရမည်။ ဤကဲ့သို့ ပိုစတာအသစ်များ ရေးသားရာတွင် ယခင်ပိုစတာပါ ရှုပ်ထွေးသော စကားအသုံးအနှုန်းများကို ရှင်းလင်းအောင် ပြင်ဆင်သုံးစွဲခြင်း၊ ကလေးများ လိုက်နာဆောင်ရွက်စေလိုသည့် စည်းမျဉ်းစည်းကမ်းများကို ဂရပ်ဖစ်ပုံများသုံး၍ ပေါ်လွင်အောင်

ဖော်ပြခြင်းတို့ပါဝင်နိုင်သည်။ လိုက်နာရမည့် စည်းကမ်းတစ်ခုစီအတွက် သီးခြားပိုစတာတစ်ခုစီအဖြစ် ရေးသားဖော်ပြသင့်သည်။ မူလတန်း ကျောင်းသားများအား စည်းမျဉ်းစည်းကမ်းအားလုံးကို စုပြုံလျက် ပိုစတာ တစ်ခုတည်းတွင် ထည့်ပေးထားလျှင် မူလတန်းကျောင်းသားကလေးများ ရှင်းလင်းစွာ သဘောမပေါက်နိုင်ပါ။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဘေးကင်း၍ လုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်အကြောင်း လေ့လာသင်ယူပြီး သမျှကို စက္ကန့် (၃၀) အတွင်း ပြောပြရန် ကျောင်းသားတစ်ဦးချင်းစီအား ဖိတ်ခေါ်၍မေးမြန်းပါ။ အချက်အလက် တစ်ခုသည် ကျောင်းသားတစ်ဦးပြောပြသည့်အထဲ၌ ပါဝင်ပြီးဖြစ်လျှင် နောက်တစ်ဦးက ထိုအရာကို ထပ်ကျော့မပြောရန် မှာကြားပါ။ တစ်ဦးနှင့်တစ်ဦး အဖြေ မတူညီစေရပါ။

၂။ ဤသင်ခန်းစာအတွက် ဆရာ့တတ်ကျွမ်းမှုစံသတ်မှတ်ချက်များနှင့် မည်သို့ညီညွတ်ကြောင်း လေ့လာရန် ကျောင်းသားများ၏ အာရုံကို ဆွဲဆောင်ပြောဆိုပါ။ လွန်ခဲ့သော စာသင်ချိန် (၃) ချိန်က ၎င်းတို့လေ့လာခဲ့သော အကြောင်းအရာ (၂) ခု သို့မဟုတ် (၃) ခုအကြောင်းကို ရေးသားစေရမည်။

၃။ နှစ်ယောက်တစ်တွဲ တွဲစေလျက် ၎င်းတို့ပြန်လည်သုံးသပ်ချက်များကို မျှဝေစေခြင်းဖြင့် သင်ခန်းစာကို အပြီးသတ်ပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** မိမိ၏သင်ယူမှုပတ်ဝန်းကျင်သည် ဘေးကင်း၍ လုံခြုံစိတ်ချရမှု ရှိ/မရှိ ဆုံးဖြတ်ရန် မည်သည့် မေးခွန်း (၄) ခုကို မိမိကိုယ်ကို မိမိ မေးနိုင်သနည်း။

***အဖြေ။*** *မိမိအတွက် ဘေးကင်းလုံခြုံမှုရှိပါသလား။ မိမိလိုအပ်ချက်များ ပြည့်စုံစွာရရှိပါသလား။ တစ်ပါးသူတို့အား ယုံကြည်စိတ်ချနိုင်ပါသလား။ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချနိုင်ပါသလား။*

**မေးခွန်း ၂။** ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရေး အတွက် အကြံပြုချက်များကို စဉ်းစား၍ရနိုင်သမျှ အရေအတွက် များများပြောပါ။

***အဖြေ။*** *ပထမလက်ကမ်းစာစောင်ပါ အချက်အလက်များထဲမှ မည်သည့်အချက်ကိုမဆို ပြောပြနိုင်သည်။ ပထမ လက်ကမ်းစာစောင် - 'ဘေးကင်း၍လုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို မည်သို့ဖန်တီးပုံ' ကို ကြည့်ပါ။*

**မေးခွန်း ၃။** ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးရေးအတွက် ချီးကျူးစကားများနှင့် အပြုသဘောဆောင်သော အားပေးစကားများကိုသုံးခြင်းက မည်ကဲ့သို့ အကျိုးဖြစ်ထွန်းစေသနည်း။

***အဖြေ။*** *အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့လူသားများသည် ပြစ်တင်ကဲ့ရဲ့ခံရခြင်း၊ တိုက်ရိုက်အမှားပြင်ခံရခြင်း တို့ရသောအခါ စိတ်နေမွန်းကျပ် ရှက်ကြောက် တတ်ကြပြီး ချီးကျူးခြင်းနှင့် အားပေးခြင်းတို့ ရသောအခါတွင်မူ စိတ်သက်သောင့် သက်သာရှိ၍ စိတ်ချမ်းသာတတ်ကြသောကြောင့် ဖြစ်သည်။*

# ၉.၂။ ကျောင်းသားများ စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာသင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးခြင်း

အခန်းငယ် (၉.၁) တွင် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင်၊ သင်ယူမှုရလဒ်များအပေါ်၌ ၎င်း၏သက်ရောက်မှုနှင့် မိမိစာသင်ခန်းတွင် ဤကဲ့သို့သော ပတ်ဝန်းကျင်ကို မည်သို့ဖန်တီးယူနိုင်ပုံတို့ကို လေ့လာခဲ့ရသည်။ ဤအခန်းတွင်မူ ထိုသင်ယူမှုပတ်ဝန်းကျင် အခြေအနေကို ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်အဖြစ်မှ ကျောင်းသားများ စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် ပတ်ဝန်းကျင်အဖြစ်သို့ တိုးချဲ့အဆင့်မြှင့်တင်ရန် ထည့်သွင်းစဉ်းစားရမည်။ (၉.၁) ကို လေ့လာစေသည့်အတိုင်းပင် သီအိုရီများနှင့် သုတေသနတွေ့ရှိချက်များကိုဖတ်၍ ၎င်းတို့ကို မိမိအတွေ့အကြုံနှင့် တူညီချက်၊ ခြားနားချက်များရှာကာ နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် ဤခေါင်းစဉ်ကို သဘောပေါက်နားလည်လာစေနိုင်သည်။ ထိုစိတ်ကူးအတွေးအမြင်များကို မိမိယခုသင်ယူနေသော သင်ယူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချကြည့်ပြီး နောင်တစ်ချိန် မိမိ ဆရာအဖြစ်သင်ကြားရမည့် လက်တွေ့စာသင်ခန်း၌ ထိုစိတ်ကူးကို မည်သို့ပြန်လည်အသုံးချမည်ကိုသာ စဉ်းစားကြံဆနိုင်သည့် ဤအတွေးအခေါ် စိတ်ကူးများကို သရုပ်ဆောင်သင်ကြားနည်းမှတစ်ဆင့် လက်တွေ့လေ့ကျင့်နိုင်သည်။

# ၉.၂.၁။ ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်မည့် သင်ယူမှုပတ်ဝန်းကျင်

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှုဝန်းကျင်အကြောင်း ရှင်းပြတတ်မည်။
- ကျောင်းသားများ ပို၍ စိတ်အားထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှုဝန်းကျင်တစ်ခု ဖန်တီးပေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၃.၁။ မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာသင်ခွင့်/ပညာရေးဆိုင်ရာ အခွင့်အရေးများကို အထူး အလေးထားပြီး ကျောင်းသားများအား ဆက်ဆံရာတွင် ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ညီတူညီမျှ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုး သက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ရေးသုံး ပစ္စည်းများ/အသုံးအဆောင် ပစ္စည်းများပြုလုပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင် စာအုပ်သင်ခန်းစာ (၉.၂.၁) ကို ဖတ်ရှုပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးအတွက် စက္ကူ၊ သင်ပုန်း၊ မာကာများ၊ နံရံပေါ်တွင် ပြသစရာပစ္စည်းများ တင်နိုင်ရန် လိုအပ်သော အရာများ၊ (ပင်အပ်များ၊ ကြိုးစများ စသည်တို့လည်း ဖြစ်နိုင်သည်။)

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ သင်ခန်းစာကို မိတ်ဆက်ရန်အတွက် ဆရာက ဤသို့မေးခွန်းမေးပါ။ 'ရေဒီယို ထုတ်လွှင့်မှု အစီအစဉ် တစ်ခုအတွက် သင့်ကို တွေ့ဆုံမေးမြန်းခန်းမှာ လာမေးမည် ဆိုပါစို့။ ကျောင်းသားတွေ စိတ်အား ထက်သန်စွာနဲ့ သင်ယူနိုင်မယ့် သင်ယူမှု ပတ်ဝန်းကျင်တစ်ခုဆိုတာ ဘာလဲဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပြရမယ်ဆိုပါတော့။ စက္ကန့် (၆၀) အတွင်းမှာ အဲဒီအဓိပ္ပာယ် ပေါ်လွင်အောင် ရှင်းပြရမယ်ဆိုရင် မင်းဘာတွေပြောမှာလဲ' ဟု မေးပါ။

၂။ ထိုမေးခွန်းအတွက် အဖြေရရန် ကျောင်းသားများအား နှစ်ယောက်တစ်တွဲ အဖြေစဉ်းစားစေမည်။

၃။ ကျောင်းသားအတွဲ သုံးတွဲ၊ လေးတွဲခန့်ထံမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တစ်တန်းလုံးသို့ ပြောပြရန် မှာကြားပါ။

## သင်ယူမှုလုပ်ငန်း ၂။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ ၉.၁.၂ မှ ကျောင်းသားများ စိတ်အား ထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်အကြောင်း ဖတ်စေမည်။

၂။ ဖတ်ပြီး (၅) မိနစ်ခန့်ကြာလျှင် စာအုပ်ကို ပိတ်ထားစေရမည်။ နှစ်ယောက်တစ်တွဲတွဲ၍ သူတို့ ဖတ်ပြီးသမျှထဲမှ အကြောင်းအရာတို့ကို မှတ်မိသမျှ ပြောပြစေမည်။

၃။ ကျောင်းသားကိုင် စာအုပ်ကို ပြန်ကြည့်စေမည်။ ကျောင်းသားအချို့အား ရွေးထုတ်၍ ဝိုက်ထားသော အမှတ်အသား (●) ဖြင့် ပြထားသည့် အပိုင်းထဲမှ စာပိုဒ်တစ်ပိုဒ်စီကို ဖတ်စေမည်။

၄။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်တစ်ခုအဖြစ်ဖြစ်စေ၊ ကျောင်းသားများအား အောက်ပါ မေးခွန်းများပါ အကြောင်းအရာတို့နှင့် ပတ်သက်၍ ဝိုင်းပြထားသော အမှတ်အသား (●) ပြထားသော အချက်တစ်ခုစီကို ဆွေးနွေးစေရမည်။

(က) ဤအချက်သည် သင်ယူမှုကို လှုံ့ဆော်အားပေးရာတွင် အဘယ်ကြောင့် အထောက်အကူ ဖြစ်စေမည်နည်း။

(ခ) မိမိအနေဖြင့် နောက်ထပ်ဥပမာများ ထည့်သွင်းနိုင်မည်လား။

၅။ အုပ်စုများအား တုံ့ပြန်အကြံပြုချက်များ ပေးနိုင်စေရန်အတွက် မှတ်စုထုတ်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဝိုင်းပြထားသော အမှတ်အသား (●) ပါ အချက်အလက်တစ်ခုစီအတွက် တုံ့ပြန်အကြံပြုချက်များကို စုဆောင်းပြီး သင်ပုန်းပေါ်တွင် အကျဉ်းချုပ်မှတ်စုရေးပါ။ ဤလုပ်ငန်း ဆောင်ရွက်ခြင်းအားဖြင့် စာသင်ခန်း တစ်ခုတွင် ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူလိုစိတ် ပေါ်ပေါက်လာစေရန် ရှိရမည့် အချက်အလက်များအကြောင်းကို ဆရာအတတ်သင် ကျောင်းသားများ၏ သိရှိနားလည်မှုကို အကဲဖြတ် စစ်ဆေးမှု အကျဉ်းချုပ်ကို ဆရာက ရယူနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလုပ်ငန်းအတွက် ကျောင်းသားများထံမှ မည်သို့တိကျသော အဖြေရ ရမည်ဟု သတ်မှတ်မထားရန် အရေးကြီးသည်။ ဆရာပေးထားသော စာရင်းထဲမှ အချက်အလက်တို့နှင့် အဖြေတိုက်၊ အဖြေရှာခြင်းထက် ကျောင်းသားများကိုယ်တိုင် သိမြင်နားလည်ပြီး တက်ကြွစွာဆွေးနွေး၍ ရရှိလာမည့် အဖြေများရရန်က အရေးပါသည်။ စာသင်ခန်းတစ်ခုကို ကျောင်းသားများအတွက် စိတ်အားထက်သန်၍ သင်ယူချင်စဖွယ် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးမည့် အရာအမျိုးမျိုးတို့နှင့် ကျောင်းသားတို့အား မိတ်ဆက်ပေးပြီးနောက် ထိုအရာများကို ၎င်းတို့အမှန်တကယ် လေ့လာတတ်မြောက်သွားနိုင်ရန်မှာ ၎င်းတို့ကိုယ်တိုင် ခန့်မှန်းတွေးဆ စေခြင်းဖြင့်သာ ရရှိနိုင်သည်။ သို့ရာတွင် အကြမ်းဖျင်း လမ်းညွှန်မှုအနေဖြင့် ဥပမာအချို့ကို ပေးထားသည်။ ၎င်းတို့ကို ပြီးပြည့်စုံသည်ဟု မယူဆပါနှင့်။

**ရုပ်မြင်ထောက်ကူ (ပိုစတာ၊ ကားချပ်၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ ပန်းချီ စသည်များ)** - ၎င်းတို့သည် ထင်ရှားပေါ်လွင်မှုနှင့် ရေးခြယ်ထားသော အရောင်အသွေး စုံလင်တောက်ပမှုတို့ကြောင့် ကျောင်းသားတို့၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်သည်။ ၎င်းကားချပ်စသည်တို့က အယူအဆများ၊ လုပ်ငန်းများ၊ ရလဒ်များ၊ အောင်မြင်မှုများနှင့် စည်းမျဉ်းစည်းကမ်းများ စသည်တို့ကို စကားလုံးဖော်ပြချက် တစ်ခုမျှမပါဘဲ သရုပ်ဖော်ပြသနိုင်စွမ်းရှိသည်။ ဆိုလိုသည်မှာ ပုံပြကားချပ်များသည် ကျောင်းသားအားလုံးအတွက် လက်လှမ်းမီစေသည်။

**ပရိဘောဂအထားအသို** - ကျောင်းသားများ မျက်နှာမူသော အရပ်မျက်နှာကို စဉ်းစားပါ။ သင်ယူမှုလုပ်ငန်း အလိုက် ထိုမျက်နှာမူရာအရပ်ကို ပြောင်းလဲနိုင်ပါသလား။ သင်ပုန်းပေါ် ရေးထားသည်တို့ကို ကျောင်းသားတိုင်း မြင်နိုင်ပါသလား။ စာသင်ခန်းတွင်း သူတို့ လွယ်ကူစွာသွားလာ၍ အဆင်ပြေမှုရှိ ပါသလား။ ၎င်းတို့ထိုင်သည့် နေရာသို့ အလွယ်တကူ ဝင်/ထွက်၍ အဆင်ပြေပါသလား။ ကျောင်းသား ခုံတန်း တစ်တန်းနှင့်တစ်တန်းကြား အကွာအဝေးမည်မျှ နီးကပ်/ဝေးကွာသနည်း။ ၎င်းတို့စာအုပ်များနှင့် ရင်းမြစ်များချထားရန် နေရာလုံလောက်မှု ရှိပါသလား။ အထက်ပါမေးခွန်းတို့၏ အဖြေမှာမဟုတ်ပါ၊ မရှိပါ စသည်ဖြင့် ဖြစ်နေခဲ့လျှင် ကျောင်းသားများသည် စိတ်ရှုပ်ခြင်း၊ စိတ်ညစ်ခြင်းတို့ဖြစ်လာပြီး သင်ယူမှု၌ အနုတ်လက္ခဏာ ဆောင်သော သက်ရောက်မှုများ ရှိလာနိုင်မည်။

**လက်တွေ့လုပ်ငန်းများ** - ထိုလုပ်ငန်းများက ကျောင်းသားများအား ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်ကြည့်စေခြင်းဖြင့် လုပ်ကိုင်ပုံလုပ်ကိုင်နည်းများကို သိရှိလာစေပြီး ၎င်းတို့၏ လုပ်ဆောင်မှုမှ ရလဒ်ကိုလည်း ၎င်းတို့ကိုယ်တိုင် သိမြင်လာစေသည်။ ကလေးများသည် အမြဲတက်ကြွလှုပ်ရှားနေသော သဘောသဘာဝရှိသည့် အတွက် ဆရာပြောသည်တို့ကို (၁) နာရီခန့်ကြာအောင် နားထောင်နေရလျှင် ပျင်းရိငြီးငွေ့လာကြမည်။ စီစဉ်ထားသည့်အတိုင်း ဖြစ်မလာလျှင်လည်း ပြဿနာဖြေရှင်းနည်းကို သုံးတတ်အောင် လုပ်ဆောင်ပေးရန် လိုအပ်သည်။ သရုပ်ပြမှုတစ်ခုကို ကြည့်ရှုခြင်းနှင့် မည်ကဲ့သို့ပုံစံဟု ဖော်ပြခြင်းတို့သည် အကျိုးရှိသည် မှန်သော်လည်း သင်ယူမှုထိရောက်ရေးအတွက် ထိုမျှဖြင့် မလုံလောက်ပါ။ ကလေးများအား လက်တွေ့ လုပ်ဆောင်စေရမည်။

**ဆရာနှင့် ကျောင်းသားများအကြား အပြန်အလှန် ဆက်သွယ်ပြောကြားနိုင်သည့် သင်ကြားနည်း အမျိုးမျိုးသုံးခြင်း** - ထိုသို့ ဆောင်ရွက်ခြင်းက ဆရာအနေနှင့် ခေါင်းစဉ်တစ်ခုကို သင်ကြားပေးရာတွင် ကျောင်းသားတို့၏ သင်ယူတတ်သည့် ပုံစံအမျိုးမျိုးနှင့် ၎င်းတို့၏ လိုအပ်ချက်အမျိုးမျိုးကို ထည့်သွင်း စဉ်းစားကာ ကျောင်းသား တစ်ဦးမကျန် သင်ယူမှု၌ စိတ်ပါဝင်စားလာအောင် ဆောင်ရွက်စေနိုင်သည်။ သင်ယူမှုပုံစံအမျိုးမျိုးက ကျောင်းသားတို့အား သင်ယူလိုစိတ် ပေါ်ပေါက်မြင့်မားလာအောင် စေ့ဆော်ပေးနိုင်လိမ့်မည်။ ၎င်းတို့အနေနှင့် ပို၍နှစ်သက်သော ပို၍အားသန်သော သင်ယူမှုနှင့် ဆီလျော်သည့် သင်ယူနည်းတစ်ခုပါဝင်လျှင် ၎င်းတို့၏ သင်ယူနိုင်စွမ်းအားကို ပြသခွင့်ရသဖြင့် ကျေနပ်မှုရရှိကြမည်။ ထိုအသိဖြင့်ပင် ကျောင်းသားအသီးသီးသည် တက်ကြွစွာ ပါဝင်သင်ယူလာနိုင်သည်။

**အဆင့်မြင့်တွေးခေါ်ရသော မေးခွန်းများကို မေးခြင်း** - ဤမေးခွန်းများက သင်ယူမှုရလဒ်များ ရရှိစေရေးထက် တစ်ဆင့်ကျော်လွန်၍ ကျောင်းသားများ၏ လေးနက်စွာ ဝေဖန်ဆန်းစစ်တတ်ခြင်းနှင့် ပြဿနာဖြေရှင်း တတ်ခြင်းဆိုင်ရာ စွမ်းရည်များ ရရှိစေရန် အားပေးသည်။ အချို့ကြိယာများ ဥပမာအားဖြင့် 'အကဲဖြတ် သုံးသပ်သည်'၊ 'ထုတ်လုပ်ဖန်တီးသည်' နှင့် 'ကျိုးကြောင်းညီညွတ်မှုကို ဖော်ပြသည်' စသည်တို့ကို အသုံးပြုပြီး အဆင့်မြင့် တွေးခေါ်ရသော မေးခွန်းများနှင့် လုပ်ငန်းများကို ဖန်တီးစေရာ၌ အသုံးပြုစေနိုင်သည်။[၃၄]

[၃၄] http://larryferlazzo.edublogs.org/2009/05/25/the-best-resources-for-helping-teachers-use-blooms-taxonomy-in-the-class-room/

**ကျောင်းသားများ၏ နေ့စဉ်ဘဝနှင့် ကိုက်ညီဆီလျော်သော ဇာတ်ညွှန်း၊ ဇာတ်ကွက်များသုံးခြင်း** - ထိုလုပ်ငန်းက ကျောင်းသားများ၏ သင်ယူမှု၌ စိတ်ဝင်စားမှုကို မြင့်မားတိုးပွားစေသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်း တစ်စုံတစ်ခုကို အဘယ်ကြောင့် လုပ်ဆောင်ရကြောင်း ရှင်းလင်းစွာ သဘောပေါက်လာစေခြင်းကြောင့် ဖြစ်သည်။ မကြာခဏ ဖြစ်တတ်သည်မှာ ကျောင်းသားများသည် ကျောင်းမှသင်ယူမှုလုပ်ငန်းများကို စိတ်ဝင်စားမှု ပျောက်ဆုံးသွားတတ်သည်လည်း ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ငန်းတစ်စုံတစ်ခုကို လုပ်ဆောင်ရသည့် အကြောင်းရင်းကို သူတို့မသိမမြင်နိုင်သောအခါမျိုး၌ဖြစ်စေ နေ့စဉ်ဘဝနှင့် မနီးစပ်သော အကြောင်းအရာမျိုးကို သင်ယူရသည့်အခါမျိုး၌ဖြစ်စေ ဖြစ်ပေါ်တတ်သည်။ 'ဒီသင်ယူမှုမျိုးကို ဘယ်တော့မှ အသုံးချလို့ရမှာ မဟုတ်ဘူး' ဆိုသော စကားမျိုး ကျောင်းသားများက မပြောရအောင် စီစဉ်ဆောင်ရွက်ရမည်။

**အခြားသူများ၏ ရှုထောင့်ကို ထည့်သွင်းစဉ်းစားစေခြင်း** - ဤလုပ်ငန်းသည် ကလေးတစ်ဦးစီ၏ အသိဖွံ့ဖြိုးမှု အားယူနေဆဲ၊ ပုံသွင်းပြုပြင်၍ရနေဆဲ ကာလအတွက် အရေးပါသည်။ ကလေးများအဖို့ ဤကဲ့သို့ ဆောင်ရွက် နိုင်ရန် ခက်ခဲကြောင်းကို ပီယာဂျေးလ်၏ ကလေးတို့အသိ ဖွံ့ဖြိုးလာပုံ သီအိုရီအရ သိခဲ့ရသော်လည်း ကလေးများအနေနှင့် ဤသို့လုပ်ဆောင်တတ်စေရန် အရေးကြီးပါသည်။ သို့ရာတွင် ကျောင်းသားကလေးငယ် များအား 'အခြားသူ' သို့မဟုတ် 'သူတစ်ပါး' ဟု ခေါ်ဆိုသည့် လူတို့၏ အတွေးအမြင် အယူအဆများကို နားလည်စေရမည်။ 'သူတစ်ပါး' သို့မဟုတ် 'အခြားသူ' ဆိုရာတွင် သူငယ်ချင်းများ ညီအစ်ကိုမောင်နှမ အရင်းအချာများ၊ မိဘများ အားလုံးပါဝင်သည်။ ထိုသို့ အသိပွားစေခြင်းဖြင့် ကလေးများအား ပေါင်းသင်း ဆက်ဆံရေးဆိုင်ရာ စိတ်ခံစားချက် ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေပြီး သင်ယူမှု ပတ်ဝန်းကျင် ကိုလည်း လူတိုင်းအကျုံးဝင်စေသည့် သင်ယူမှုပတ်ဝန်းကျင်မျိုးဖြစ်အောင် ဖန်တီး တည်ဆောက်ရာတွင် များစွာ အထောက်အကူပြုသည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ လက်တွေ့လုပ်ဆောင်ခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများအား (၄) ယောက် တစ်အုပ်စု၊ (၅) ယောက်တစ်အုပ်စု စသည်ဖြင့် ဖွဲ့စည်းစေမည်။ ယခု ၎င်းတို့ရောက်ရှိနေသော စာသင်ခန်းတွင် ၎င်းတို့အနေနှင့် ပိုမို၍ တက်ကြွစွာ သင်ယူနိုင်စေရန် သဘာဝကျပြီး လက်တွေ့ကျင့်သုံးနိုင်မည့် စိတ်ကူးများ ရှာကြံတွေးဆစေရမည်။

၂။ အုပ်စုများမှ ရလာသော စိတ်ကူးများကို တစ်တန်းလုံးနှင့် မျှဝေစေရမည်။ ဤသင်ခန်းစာတွင် ယခု လက်ငင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စိတ်ကူးများကို စိစစ်ရွေးချယ်ပါ။ မည်သူက မည်သည်တို့ကို ဆောင်ရွက်စေမည်ဟု ဆရာက ဆုံးဖြတ်ပေးပြီး စာသင်ခန်းကို ပို၍ ကောင်းမွန်လာအောင်နှင့် ကျောင်းသားများအတွက် စိတ်ဝင်စားမှုပိုမြင့်မားလာအောင် ပြောင်းလဲမှုများဆောင်ရွက်ပါစေ။

### စစ်ဆေးအကဲဖြတ်ခြင်း

စာသင်ခန်းတွင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပြီးချိန်တွင် ယခုအခါ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသော သင်ယူမှုပတ်ဝန်းကျင် အဘယ်ကြောင့်ဖြစ်လာရသည်ကို ကျောင်းသားများနှင့် ဆွေးနွေးပါ။ ကျောင်းသားတို့၏ တွေးခေါ်ပုံ မှန်ကန်မှု ရှိ/မရှိ သိရှိစေရန် ကျောင်းသားကိုင်စာအုပ်ထဲမှ ဝိုင်းထားသော အမှတ်အသား (●) ပါ အချက်အလက်များဖြင့် ပေးထားသောစာရင်းကို ရည်ညွှန်းစေရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဝိုင်းထားသော အမှတ်အသား (●) ပါ အကြံပြုချက်များပေါ်၌ အခြေခံ၍ စာသင်ခန်းကို ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်မည့် သင်ယူမှုပတ်ဝန်းကျင်အဖြစ် ဖန်တီးရေးကို ဦးတည်သော စိတ်ကူးများ ဖြစ်သင့်သည်။ ဤလုပ်ငန်းကို လက်တွေ့ဆောင်ရွက်စေလျှင် ကျောင်းသားများက သင်ထောက်ကူ ပစ္စည်းများနှင့် ပရိဘောဂ အနေအထားတို့ကိုချည်းသာ

သိသာထင်ရှားစွာ မြင်နိုင်လိမ့်မည်ဖြစ်ပြီး ကျယ်ပြန့်စွာ သိမြင်နိုင်မည် မဟုတ်ချေ။ ခန့်မှန်းအဆိုပြုရန် လုပ်ငန်းတစ်မျိုးကသာ ကျောင်းသားတို့၏ အဖြေများကို အမျိုးအမည်များပြားစွာ ဆွဲဆောင်ရယူနိုင်စွမ်း ရှိနိုင်မည်။ သို့ရာတွင် ထိုလုပ်ငန်းမျိုးကို လက်တွေ့ပြရန်လည်း မဖြစ်နိုင်ချေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ဤလုပ်ငန်းကို သရုပ်ဆောင်သင်ယူမှုအဖြစ် ဆောင်ရွက်ပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများအား ၎င်းတို့၏စိတ်ကူးများကို သက်ဆိုင်ရာ အတန်းအသီးသီး၌ မည်သို့ မည်ပုံ အလိုက်သင့်ညှိယူပြုပြင်သုံးစွဲမည်ကို အကြံပြုစေခြင်းဖြင့် ၎င်းတို့၏ သင်ယူနိုင်မှုစွမ်းရည်ကို စမ်းသပ်ပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ ဤလုပ်ငန်းကို ခန့်မှန်းအဆိုပြုချက် (hypothetically) တင်သွင်းစေခြင်း အားဖြင့် ဆောင်ရွက်ပါ။ ပညာရေးကောလိပ်သင်ရိုး ဘာသာရပ်တစ်ခုစီကို အုပ်စုတစ်ခုစီ အားပေးထားပြီး ထိုဘာသာရပ်ကိုသင်ယူရာတွင်နှင့် စာသင်ခန်းကို ပိုမိုစိတ်ဝင်စားဖွယ် ကောင်းစေရန် မည်သို့ဆောင်ရွက်နိုင်ကြောင်း အစီအစဉ်တစ်ခု ရေးဆွဲပါစေ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ သင်ယူမှုရလဒ်များနှင့် ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ ဆက်စပ်နေပုံကို အစပြန်ကောက်၍ ပြန်လည်ဆွေးနွေးပါ။

၂။ ကျောင်းသားများ၏ ဦးနှောက်တွင် တတ်မြောက်လိုစိတ်နှင့် သင်ယူလိုစိတ်များ ပိုမိုမြင့်မားလာအောင် စာသင်ခန်းတစ်ခုကို မည်သို့ပြင်ဆင်ဆောင်ရွက်ပေးနိုင်မည် ဆိုသည့် စိတ်ကူးများ၏ ထိရောက်မှုကို ကျောင်းသားအချင်းချင်း အပြန်အလှန် စစ်ဆေးအကဲဖြတ်စေမည်။ ဤစာသင်ခန်း (သို့မဟုတ်) စိတ်ကူးမှန်းဆချက်ဖြင့် ပုံဖော်ထားသော စာသင်ခန်းသည် ယခင်ကထက် ပိုမို စိတ်ဝင်စားဖွယ် ဖြစ်လာရသည်မှာ အဘယ်ကြောင့်နည်း။ အခြားမည်သူတို့ကို ဆောင်ရွက်နိုင်စေသေးသနည်း။

## ၉.၂.၂။ ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်

ဤသင်ခန်းစာတွင် ကျောင်းသားများသည် ရင်းမြစ်စုံလင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရည်တို့က လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင် တစ်ခုဖြစ်ပေါ်စေရန် မည်ကဲ့သို့ အထောက်အကူပြုကြောင်းကို စူးစမ်းလေ့လာရမည်။ အဓိကကျသော အချက်များကို အကျဉ်းချုပ်မှတ်သားနိုင်ရန် ကျောင်းသားများအား သီချင်းတိုတစ်ပုဒ် (သို့မဟုတ်) ကဗျာတစ်ပုဒ်ကို ရေးစပ်စေရမည်။

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှု ပတ်ဝန်းကျင်အကြောင်း ရှင်းပြတတ်မည်။
- ကျောင်းသားများ လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်လာစေမည့် အကြောင်းအရာများကို ရှာဖွေသတ်မှတ်ပေးတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၃.၁။ မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာသင်ခွင့်/ပညာရေးဆိုင်ရာ အခွင့်အရေးများ ကို အထူးအလေးထားပြီး ကျောင်းသားများအား ဆက်ဆံရာတွင် ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ညီတူညီမျှ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့ သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုး သက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။
(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ပိုစတာများ ရေးသားခြင်း၊ ကဗျာရေးစပ်ခြင်း၊ သီချင်းရေးစပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၂.၂) ကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးများ၊ သင်ပုန်း၊ မာကာများနှင့် ပိုစတာများကို နံရံကပ် ပြသနိုင်ရန် လိုအပ်သည့်အရာများ။ (ကြိုးမျှင်စများနှင့် ပင်အပ်များ စသည်)

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ လက်တွေ့လုပ်ဆောင်ခြင်း (၁) (မိနစ် ၄၀)**

၁။ ဤသင်ခန်းစာတွင် ရင်းမြစ်စုံလင်မှုနှင့် ကြုံကြိုက်ခံနိုင်စွမ်းရှိခြင်းက လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန် မည်သို့ထောက်ကူပေးပုံကို စူးစမ်းလေ့လာမည်ဖြစ်သည်။ ပထမဦးစွာ သင်ခန်းစာထဲမှ အဓိကကျသော အချက်တို့ကို အကျဉ်းချုံးသိမှတ်နိုင်စေရန် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်များတွင်

တေးသီချင်းတိုတစ်ပုဒ် (သို့မဟုတ်) ကဗျာတစ်ပုဒ်ကို စပ်ဆိုထားစေရမည်။ ကြံ့ကြံ့ခံနိုင်စွမ်းကို ပေါ်လွင်အောင် သရုပ်ဖော်ထားသော သီချင်း/ကဗျာ ဖြစ်သင့်သည်။

၂။ ကျောင်းသားများအား (၄) ယောက် တစ်အုပ်စု သို့မဟုတ် (၅) ယောက် တစ်အုပ်စုစီ အုပ်စုဖွဲ့ပေးမည်။ အုပ်စုအရေအတွက်ကို ထက်ဝက်စီခွဲပေးမည်။ အုပ်စုများထဲမှ တစ်ဝက်အား ကြံ့ကြံ့ခံနိုင်စွမ်းရည် အကြောင်းကို ရေးစပ်စေ၍ ကျန်အုပ်စုတစ်ဝက်အား ရင်းမြစ်ပြည့်စုံ စုံလင်မှုအကြောင်းကို သီချင်းတို (သို့မဟုတ်) ကဗျာတိုတစ်ပုဒ် ရေးစပ်စေရမည်။

၃။ ကျောင်းသားများ အနီးပတ်ဝန်းကျင်တစ်ဝိုက် လျှောက်သွားရင်း ၎င်းတို့အလုပ်လုပ်နေပုံကို ဆရာက ကြည့်ရှုလေ့လာပါ။ သင့်တော်သလို မေးခွန်းများ မေးပေးခြင်းဖြင့် ၎င်းတို့ မရှင်းလင်းသည်များကို ရှင်းလင်းမှုရအောင် ကူညီပါ။ အုပ်စုအချို့အား ၎င်းတို့ ရေးစပ်ထားသော သီချင်း (သို့မဟုတ်) ကဗျာများကို တစ်တန်းလုံးသို့ မျှဝေစေရမည်။ ထိုကဗျာ သို့မဟုတ် သီချင်းက ရင်းမြစ်ကြွယ်ဝ စုံလင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် အဓိကကျသော စိတ်ကူးများကို အကျဉ်းချုံး ဖော်ပြနိုင်ခြင်း ရှိ/မရှိ ကျောင်းသားများအား မှတ်ချက်ပြုစေသင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤလုပ်ငန်းသည် အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၎င်းတို့ရေးစပ်သော သီချင်းများနှင့် ကဗျာများသည် အမျိုးမျိုးကွဲပြားမည်မှာ သဘာဝဖြစ်သည်။ ၎င်းတို့အနေဖြင့် ကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများကို သုံးနိုင်သလို ၎င်းတို့ကိုယ်ပိုင် ရင်းမြစ်များမှ အကြောင်းအရာများကိုလည်း သုံးနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကြံ့ကြံ့ခံနိုင်စွမ်းရည်ရှိမှု၊ ရင်းမြစ်ကြွယ်ဝမှု၊ ပြန်လည်သုံးသပ်တတ်မှုတို့နှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်တို့အကြား ချိတ်ဆက်မှုအကြောင်းကို ဆရာက တစ်တန်းလုံးနှင့် ဆွေးနွေးပါ။

၂။ စိတ်အားထက်သန်စွာနှင့် ဉာဏ်စွမ်းဉာဏ်စ အမျိုးမျိုးကို အသုံးပြု၍ ဆောင်ရွက်ရန် လိုအပ်သော သင်ယူမှုပတ်ဝန်းကျင်တစ်ခုတွင်ရှိတတ်သည့် စိတ်ဖိစီးမှုကို နိုင်နင်းစွာ ကိုင်တွယ် ဖြေရှင်းနိုင်စေရန်အတွက် ကျောင်းသားများတွင် ကြံ့ကြံ့ခံနိုင်စွမ်းရည်၊ ရင်းမြစ်ကြွယ်ဝမှုနှင့် ပြန်လည်သုံးသပ်တတ်မှုတို့ ဖွံ့ဖြိုးရန်လိုအပ်ကြောင်း ဆရာက အလေးပေးဆွေးနွေးပါ။

၃။ အကြောင်းအရာအပြည့်အစုံကို ဖတ်ရှုနိုင်ရန် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၂.၂) ကို ရည်ညွှန်းပါ။

## ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၂။ လက်တွေ့လုပ်ဆောင်ခြင်း (၂) (မိနစ် ၄၀)

၁။ ကျောင်းသားများအား အုပ်စုလိုက်ဖွဲ့၍ အလုပ်လုပ်စေမည်။ ကျောင်းသားများ၏ ရင်းမြစ်ကြွယ်ဝမှုကို အထောက်အကူပြုရန် ပိုစတာတစ်ခုစီကို ရေးသားစေရမည်။ အုပ်စုအရေအတွက် ထက်ဝက်တို့အား မူလတန်းကျောင်းမှ စတုတ္ထတန်း ကျောင်းသားများအတွက် ပိုစတာတစ်ခု ဖန်တီးစေပြီး ကျန်ထက်ဝက်ကမူ ပညာရေး ဘာသာရပ်များအတွက် ပိုစတာတစ်ခု ဖန်တီးစေရမည်။ ထိုကဲ့သို့သော နမူနာပိုစတာ တစ်ခုကို မျှဝေပေးပြီး ၎င်းတို့ စဉ်းစားရာ၌ အထောက်အကူဖြစ်စေမည်။

## ရင်းမြစ်ကြွယ်ဝမှု

'ဘာလုပ်ရမှန်းမသိလျှင် ဘာလုပ်မလဲ'

မလုပ်တတ်မကိုင်တတ်ဖြစ်နေလျှင် လုပ်နိုင်သောအရာများ

မေးခွန်း - မိမိကိုယ်ကိုမေးပါ။ 'ဘာလုပ်လျှင်ဘာဖြစ်မည်နည်း' 'ဘာကိုသိထားသနည်း'

မိမိသိထားသောအရာ

မိမိဘာသိထားသလဲ

အခြားသူများကို မေးပါ - သူငယ်ချင်းများ၊ ညီ/အစ်ကို၊ ဆိုင်ရှင်၊ ဆရာ၊ ဗဟုသုတကြွယ်ဝသော အဒေါ်။

စိတ်ကူးပါ - အဲဒီပြဿနာကို ပုံဖော်ကြည့်လို့ရသလား။ ဘယ်လိုပုံစံရှိမလဲ။ မိမိသာ မော်ဆရာဖြစ်ခဲ့လျှင် ----??? စသည်ဖြင့်။

ချိတ်ဆက်စဉ်းစားပါ - ဒီလိုမျိုးပြဿနာဖြစ်ခဲ့ဖူးတဲ့ နောက်ဆုံးတစ်ကြိမ်က မိမိဘာလုပ်ခဲ့သလဲ။

ကျိုးကြောင်းဆင်ခြင်ပါ - အဆင့်လိုက်စဉ်းစားပါ။ မည်သည့်အဆင့်တွင် မှားနေသလဲ။

လက်တွေ့စမ်းပြီးလုပ်ကြည့်ပါ - ဖြေရှင်းနည်းအမျိုးမျိုးသုံးကြည့်ပါ။ မှားတတ်မည်။ အမှားများမှ သင်ယူပါ။

၂။ ကျောင်းသားများ အလုပ်လုပ်ရာ ပတ်ဝန်းကျင်တစ်ဝိုက်သွားရင်း သူတို့၏လုပ်ကိုင်ပုံကို ကြည့်ရှု လေ့လာပါ။ သင့်တော်သော မေးခွန်းအချို့ကို မေးပါ။ အုပ်စုများအား ၎င်းတို့၏ ပိုစတာကို တစ်တန်းလုံးနှင့် မျှဝေပါစေ။ ဥပမာ- နံရံ၌ကပ်ခြင်း (သို့မဟုတ်) စားပွဲပေါ်၌ ခင်းကျင်းပြသခြင်း။

၃။ ကျောင်းသားများ၏ ရင်းမြစ်ကြွယ်ဝမှုဖွံ့ဖြိုးရေးအတွက် အဆိုပြုထားသော အကြံများက မည်သို့ ထိရောက်စွာ ကူညီပေးနိုင်မည်ကို တစ်တန်းလုံးနှင့်ဆွေးနွေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ရင်းမြစ်ကြွယ်ဝမှု ဖွံ့ဖြိုးရေးတွင် ၎င်းတို့ဖန်တီး ထုတ်လုပ်ထားသော ပိုစတာများက မည်သို့ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ကြောင်း ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်စေမည်။ ထို့ထက် ပိုမိုကောင်းမွန်အောင် မည်သို့ပြုလုပ်နိုင်သနည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင် ယခင်သင်ခန်းစာဖြစ်သည့် ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်သော သင်ယူမှုပတ်ဝန်းကျင်အကြောင်းကို ပြန်လည် ရည်ညွှန်းထားပါမည်။ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအတွက် ၎င်းတို့ ရေးဆွဲထားသော ပိုစတာများသည် ဆီလျော်မှုရှိပါသလား။ ပိုစတာထဲတွင် စိတ်အားထက်သန်စွာ သင်ယူနိုင်စေသော စာသင်ခန်းတစ်ခု ဖန်တီးရေး အကြံပြုချက်များစာရင်းထဲမှ မည်သည့်အကြံပြုချက်များ ပါဝင်နေသနည်း။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများအတွက် ဘေးကင်းလုံခြုံမှုရှိ၍ သင်ယူရာ၌ လွယ်ကူချောမွေ့ နိုင်စေသော သင်ယူမှု ပတ်ဝန်းကျင် ဖန်တီးပေးရန် လိုအပ်ချက်သည် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ခ) ၃.၁ တစ်ခုဖြစ်ကြောင်း ဆရာက ကျောင်းသားများကို ထောက်ပြပါ။

၂။ အောက်ပါလက်တွေ့ဘဝအခြေအနေတစ်ရပ် သို့မဟုတ် နှစ်ရပ်စလုံးတွင် ရင်းမြစ်

ကြွယ်ဝမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု အယူအဆများကို မည်သို့အသုံးပြုမည်နည်းဟု ကျောင်းသားများအား မေးပါ။

(က) မိမိ၌ ရင်းမြစ်ကြွယ်ဝမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ ပိုမိုပြည့်စုံလျှင် ကောင်းမည်ဟု တောင့်တကာ လိုအပ်ချက် မပြည့်စုံခဲ့ရသော အချိန်တစ်ခုကို ပြန်လည်စဉ်းစားပါ။ ထိုအခြေအနေကို ရှင်းပြပါ။ အကယ်၍သာ ထိုစဉ်က ရင်းမြစ်ပြည့်စုံပြီး ကြံ့ကြံ့ခံနိုင်စွမ်းရည် ပိုရှိခဲ့လျှင် မည်မျှအကျိုးရှိခဲ့၍ အထောက်အကူ ဖြစ်နိုင်ခဲ့ကြောင်း ရှင်းလင်းပြပါ။

(ခ) မိမိ၌ စာစီစာကုံးတစ်ပုဒ်ရေးရန်ရှိသော်လည်း စိတ်ကူးရှာမရ၍ အကြံအိုက်နေသည် ဆိုပါစို့။ မိမိ၏ စာရေးသားရမည့်လုပ်ငန်းကို ဆက်လုပ်နိုင်ရန် မည်သည့် ကြံ့ကြံ့ခံနိုင်စွမ်းရည်တို့ကို သုံးရမည်နည်း။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း ၂။** ။ တစ်တန်းလုံးဆွေးနွေးမှုမှ ရထားသော စိတ်ကူးများကို ပိုစတာများ၌ ထည့်သွင်း ပေါင်းစပ်ပြီး ထပ်မံပြုပြင်မွမ်းမံရန် ကျောင်းသားများအားပြောပါ။

## ၉.၂.၃။
## သရုပ်ဆောင် သင်ယူနည်းကို အသုံးပြု၍ ကျောင်းသားများအား စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်ပေးခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သရုပ်ဆောင်သင်ယူခြင်းနည်းကို အသုံးပြု၍ ကျောင်းသားများ စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူစေနိုင်မည့် သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးဖော်ဆောင်တတ်မည်။
- သရုပ်ဆောင်သင်ယူနည်းသည် ကျောင်းသားများ၏ သင်ယူမှုကို မည်သို့ထောက်ကူပံ့ပိုးပေးနိုင်ကြောင်း ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၃.၁။ မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသောတာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာသင်ခွင့်/ပညာရေးဆိုင်ရာ အခွင့်အရေးများကို အထူးအလေးထားပြီး ကျောင်းသားများအား ဆက်ဆံရာတွင် ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ညီတူညီမျှ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** သရုပ်ဆောင်သင်ယူခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ပိုစတာများ ဖန်တီးရေးသားခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၂.၃) ကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** မူလတန်း ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ (ဘာသာရပ် အသီးသီးမှ)၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ သရုပ်ဆောင်သင်ယူခြင်း

၁။ ကျောင်းသားများ စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှု ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းကို သရုပ်ဆောင်သင်ယူခြင်းမှတစ်ဆင့် လေ့လာသင်ယူရမည် ဖြစ်ကြောင်း ဆရာက ကျောင်းသားများအားပြောပါ။

၂။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၂.၃) ကို ရည်ညွှန်း၍ သရုပ်ဆောင် သင်ယူနည်းကို သုံးကာ ကျောင်းသားများ စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင် ဖန်တီးရေးအတွက် လိုအပ်သည့် စိတ်ကူးအကြံဉာဏ်များကို ရှာဖွေစေရမည်။ အုပ်စုတစ်ခုစီတွင် ဆရာတစ်ဦး၊ တပည့်/ကျောင်းသား (၃) ဦး ပုံစံအသွင်

ဆောင်ယူစေလျက် ယခင် သင်ယူပြီးခဲ့သည့် ထိုပတ်ဝန်းကျင်မျိုး ဖန်တီးပုံအကြောင်းအရာကို ပြန်လည်ဆန်းစစ်လေ့လာရန် အချိန် (၅) မိနစ်နှင့် တုံ့ပြန်အကြံပြုချက် ရယူနိုင်ရန် အချိန် (၅) မိနစ်ခန့် ပေးရမည်။ (ယခင် သင်ခန်းစာများကို ကြည့်ပါ။)

၃။ ထို့နောက် သရုပ်ဆောင်ရန် ဇာတ်ညွှန်းဇာတ်ကွက်တစ်ခုအတွက် အောက်ပါအကြံပြုချက်များကို ဆရာက ပေးရမည်။ ကျောင်းသားများအနေနှင့် ဇာတ်လမ်း၊ ဇာတ်ကွက်ကို ပြုပြင်မွမ်းမံလိုပါက ဆရာက လက်ခံနိုင်ဖွယ်ရှိလျှင် ခွင့်ပြုပေးပါ။ ညှိနှိုင်းစေ့စပ်ပါစေ။ (၅) မိနစ်သာကြာသော ဇာတ်လမ်း ဖြစ်ရမည်။

- ဆရာတစ်ဦး။
- ကျောင်းသား (၃) ဦး - တစ်ဦးမှာ စာကိုစိတ်ဝင်စားသော်လည်း မျက်စိမှုန်သူ ကျောင်းသား (ကောင်းစွာ မမြင်ရ)။
  - နောက်တစ်ဦးမှာ ဉာဏ်ကောင်းသော်လည်း ဖွဲ့မရှိသူ ကျောင်းသား။
  - နောက်တစ်ဦးမှာ ရှက်တတ်သောကျောင်းသား။
- ကျောင်းသားများ၏ အသက်အရွယ်အုပ်စုကို ဆရာက သတ်မှတ်ပေးပါ။
- မူလတန်း ကျောင်းသားကိုင်စာအုပ်/ဆရာလမ်းညွှန်မှ သင်ယူမှုလုပ်ငန်းတစ်ခုကို သုံးခြင်း။
- ဤစာသင်ချိန်အတွင်း အုပ်စုဝင်ကျောင်းသား အားလုံးပါဝင်၍ ဇာတ်လမ်းကို သရုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ အချောသတ်မွမ်းမံခြင်းနှင့် အစမ်းသရုပ်ဆောင်ခြင်းကို ဆောင်ရွက်စေရမည်။
- ကျောင်းသားများအား အချိန်သတ်မှတ်ချက်ကို တိကျစွာပေးထားပါ။ ဤစာသင်ချိန်အတွင်း၌ပင် စီစဉ်ပြင်ဆင်ခြင်း၊ အစမ်းသရုပ်ဆောင်လေ့ကျင့်ခြင်းနှင့် အချောသတ်မွမ်းမံခြင်းကို ပြီးစီးအောင် ဆောင်ရွက်စေရမည်။ နောက်စာသင်ချိန်၌ သရုပ်ဆောင်ရန် အဆင်သင့်ရှိစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သရုပ်ဆောင်သင်ယူခြင်းကို နောက်ထပ်စာသင်ချိန်တွင် ဆောင်ရွက်စေပြီး ဆရာက အကဲဖြတ်စစ်ဆေးရမည်။ အုပ်စုများက ဤအချိန်အတွင်း ၎င်းတို့၏ လုပ်ဆောင်မှုများသည် ပေးထားသော ဇာတ်ညွှန်းအစီအစဉ်နှင့် ကိုက်ညီခြင်း ရှိ/မရှိနှင့် စီစဉ်ထားသည့်အတိုင်း ဖြစ်/မဖြစ်ကို စဉ်ဆက်မပြတ် ကိုယ်တိုင် စစ်ဆေးအကဲဖြတ် စေရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပေးထားသော မူလတန်းကျောင်းသားကိုင်စာအုပ် ဘာသာရပ်တစ်ခုခုမှ ကျောင်းသားများ နှစ်သက်ရာ သင်ယူမှု လုပ်ငန်းတစ်ခုခုကို ရွေးချယ်နိုင်သည်။ သရုပ်ဆောင်နည်းသည် ကြိုတင်သတ်မှတ်ပေးထားသော ဇာတ်လမ်း အစီအစဉ်နှင့် ကိုက်ညီခြင်း၊ စိတ်အားထက်သန်မှု၊ လွယ်ကူချောမွေ့စွာ သင်ယူနိုင်မှုကို ပံ့ပိုးပေးနိုင်ခြင်းစသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရမည်။ သရုပ်ဆောင်ကွက်များသည် ကျောင်းသားများ စိတ်ဝင်စားလာအောင် စေ့ဆော်နိုင်မှု၊ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ စိတ်ခံစားချက် ဖွံ့ဖြိုးရေးတို့ကို ပံ့ပိုးနိုင်စေမှု စသည့် အချက်အလက်များနှင့် ကျောင်းသားစရိုက်အမျိုးမျိုးကို ပေါ်လွင်အောင်ပြသနိုင်ရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

ဤစာသင်ချိန်ပြီးဆုံးခါနီး မိနစ်အနည်းငယ်ခန့်အလိုတွင် အုပ်စုတစ်ခုစီ၏ ဆောင်ရွက်မှုများ တိုးတက်မှုရှိ/မရှိကို စစ်ဆေးပါ။ သင်ခန်းစာအစက ချမှတ်ထားသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ/မရှိကို အချင်းချင်း စစ်ဆေးအကဲဖြတ်ရန် ဖိတ်ခေါ်ပါ။

## ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၂။ သရုပ်ဆောင်သင်ယူခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများအား သရုပ်ဆောင်သင်ယူခြင်း၏ ကောင်းကျိုးများကို ပြန်လည်အစဖော်၍ မှတ်သားရန် သတိပေးပါ။

- ကျောင်းသားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြခြင်း။
- လက်တွေ့ဘဝအခြေအနေများတွင် ဖြစ်ပေါ်တတ်လေ့ရှိသည့် အခြားသူတို့၏ စိတ်ခံစားချက်များကို နားလည်သဘောပေါက်စေရန် စူးစမ်းလေ့လာတတ်ခြင်း။
- ဆုံးဖြတ်ချက်ချမှတ်ရာ၌ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်ခြင်း။
- ကျောင်းသားများအား သင်ယူမှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်စေလျက် တစ်ဦးချင်း တတ်စွမ်း သလောက် ပါဝင်ကူညီဆောင်ရွက်စေခြင်း။

- အဆင့်မြင့်တွေးခေါ်စဉ်းစားမှုကို မြှင့်တင်ပေးနိုင်ခြင်း။

၂။ သက်ဆိုင်ရာအုပ်စုများအား ပရိသတ်ဖြစ်သူ ကျောင်းသားများရှေ့မှောက်၌ ဇာတ်လမ်းတိုများကို သရုပ်ဆောင်စေမည်။

၃။ သဘာဝကျမှု၊ စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်ဖန်တီးရေးကို ဆောင်ရွက်ပံ့ပိုးနိုင်မှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် အကျိုး သက်ရောက်မှုတို့ကို မူတည်၍ သရုပ်ဆောင်သင်ယူမှုကို အကဲဖြတ်သုံးသပ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အထက်ဖော်ပြပါ စံသတ်မှတ်ချက်များနှင့်အညီ အမှတ်ပေး၍ ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။ အုပ်စုဝင် များကိုလည်း စံသတ်မှတ်ချက်များနှင့် တိုက်ဆိုင်၍ ကိုယ်တိုင်စစ်ဆေး အကဲဖြတ်မှုကို ဆောင်ရွက်စေနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဆယ်ကျော်သက်အရွယ်ကျောင်းသားများ သရုပ်ဆောင်ကြသည့်အခါ ပြောစမှတ်ပြုလောက်အောင် ပင် လိုရင်းအချက်များ ထိမိသည့်အခါရှိသကဲ့သို့ လမ်းလွဲတိမ်းချော်သွားတတ်ခြင်းလည်း ရှိတတ်သည်။ သူတို့သည် မူရင်းခေါင်းစဉ်မှ လမ်းလွဲတိမ်းချော်ကာ အကြောင်းအရာ တလွဲတချော် ဖြစ်သွားတတ်သည်။ ထို့အတူ ဖြစ်ကတတ်ဆန်း ဆောင်ရွက်ထားသော မည်ကာမတ္တ ဝတ်ကျေတန်းကျေ ကကွက်ဖြစ်လျှင်လည်း ဖြစ်သွားတတ်သည်။ ဤသင်ခန်းစာတွင် စီစဉ်ထားသည့် ဇာတ်ကွက်ဇာတ်လမ်းမှ တိမ်းချော်ခြင်းမရှိစေရအောင် ဂရုတစိုက် ကိုင်တွယ်ထိန်းသိမ်းပေးရန် လိုအပ်သည်။ ဇာတ်လမ်းပါ သဘာဝရုပ်အကြောင်းအရာ၊ ကျောင်းသားများ၏ စရိုက်သဘာဝနှင့် အချိန်သတ်မှတ်ချက်တို့ကို အစီအစဉ်အတိုင်း ဖြစ်စေရန် တိကျစွာဆောင်ရွက်ပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၂) သရုပ်ဆောင်သင်ယူနည်းကို သင်ယူမှုနည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုခြင်း၏ ကောင်းကျိုးများကို အကျဉ်းချုံးဖော်ပြခိုင်းပါ။ ၎င်းတို့ကိုယ်တိုင် သရုပ်ဆောင်နည်းကို အသုံးပြုစေပြီးနောက် ထိုအချက်များကို လက်ခံသဘောတူညီခြင်း ရှိ/မရှိ ဖြေစေမည်။

နောက်ထပ် သင်ခန်းစာအသစ် မသင်ကြားမီ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၉.၃.၁) ကို ကျောင်းသားများအား ဖတ်ရှုထားစေမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ဘာသာရပ် အနေအထားနှင့် ပါဝင်သူကျောင်းသားများ၏ စရိုက်အလိုက် ကျောင်းသားများအား လွတ်လပ်စွာဆောင်ရွက်မှု အဆင့်ဆင့်ကို ပေးထားရမည်။ သို့ရာတွင် ၎င်းတို့၏ ဆောင်ရွက်မှုအဝဝသည် စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုအဖြစ် ထင်ရှားပြသနိုင်ရမည်။ သရုပ်ဆောင်သင်ယူမှု ဇာတ်လမ်း ဇာတ်ကွက်များ၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာပြီး ပံ့ပိုးပေးခြင်းရှိမှသာ ၎င်းတို့၏ ဆောင်ရွက်မှုများ လမ်းကြောင်းမှန်ပေါ် ရောက်ရှိမည် ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ အုပ်စုအားလုံးကို ဆောင်ရွက်စေမည်ဆိုလျှင် သရုပ်ဆောင်ပြကွက်လုပ်ဆောင်မှုကို အုပ်စု (၂) မျိုး ခွဲခြားရန် လိုအပ်လာမည်။ ဤကဲ့သို့ဖြစ်လာလျှင် ကိုယ်တိုင်အကဲဖြတ်စစ်ဆေးမှု ဆောင်ရွက်ရန် လက်ဆုပ်လက်ကိုင်ပြနိုင်သော ပုံစံအတွက် အလေးအနက် စဉ်းစားရမည်။ သင်ခန်းစာ၏ ညွှန်ကြားချက်တွင် ပါဝင်သော စံသတ်မှတ်ချက်များကို သုံးနိုင်သည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** 'သင်ယူနိုင်မှုစွမ်းရည်' အတွက် လိုအပ်သော ကျွမ်းကျင်မှု (၃) မျိုးမှာ အဘယ်နည်း။

***အဖြေ။*** *ကြံ့ကြံ့ခံနိုင်သော ကျွမ်းကျင်မှု၊ ရင်းမြစ်ကြွယ်ဝမှုနှင့် ပြန်လည်သုံးသပ်တတ်မှု။*

**မေးခွန်း ၂။** 'ကြီးပွားတိုးတက်လိုသော စိတ်နေစိတ်ထား' ဆိုသည်မှာ အဘယ်နည်း။

***အဖြေ။*** *စိန်ခေါ်မှု/အခက်အခဲများကို ကျော်လွှားနိုင်ရန် အလုပ်ကို များများလုပ်ရလေ မိမိအနေနှင့် ပိုမို ကျွမ်းကျင်ပိုင်နိုင်လာလေ ဖြစ်သည်ဟူသော ယုံကြည်ချက် ဖြစ်သည်။*

**မေးခွန်း ၃။** သရုပ်ဆောင်သင်ယူနည်း၏ အကျိုးကျေးဇူးအချို့ကို ဖော်ပြပါ။

***အဖြေ။*** *အောက်ပါတို့ထဲမှ တစ်ခုခုဖြစ်နိုင်သည်။ ဆင်တူသောအဖြေများလည်း ရနိုင်သည်။*

- *လက်တွေ့ဘဝ အခြေအနေများတွင် ဖြစ်ပေါ်တတ်လေ့ရှိသော သူတစ်ပါးတို့၏ စိတ်ခံစားချက်များကိုနားလည်သဘောပေါက်စေရန် စူးစမ်းလေ့လာတတ်ခြင်း။*
- *ဆုံးဖြတ်ချက်ချမှတ်ရာ၌ ကျွမ်းကျင်မှုကိုမြှင့်တင်ပေးခြင်း။*
- *ကျောင်းသားများအား သင်ယူမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေလျက် တစ်ဦးချင်း တတ်စွမ်း သလောက် ပါဝင်ကူညီဆောင်ရွက်စေခြင်း။*
- *အဆင့်မြင့်တွေးခေါ်စဉ်းစားမှုကို မြှင့်တင်ပေးနိုင်ခြင်း။*

# ၉.၃။ လူတိုင်းအကျုံးဝင်ပညာရေး

စာသင်ချိန် (၈) ချိန်ပါဝင်သည့် ဤအခန်းငယ်တွင် ကျောင်းသားအားလုံး ပါဝင်ဆောင်ရွက်နိုင်စေမည့် စာသင်ခန်းတွင်း အလေ့အထတို့ကို တိုးတက်ဖွံ့ဖြိုးစေရန် ဦးတည်လေ့လာမည်။ ဆိုလိုသည်မှာ အတန်းတွင်းရှိ ကျောင်းသားအားလုံးသည် တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ကြပါ။ သူတို့အားလုံးတွင် ကျား/မ ကွဲပြားမှု၊ မျိုးနွယ်စု ကွဲပြားမှု၊ တတ်မြောက်နိုင်စွမ်း ကွဲပြားမှုနှင့် သင်ယူနိုင်စွမ်း ချွတ်ယွင်းချက်ကွဲပြားမှုစသည့် အမျိုးမျိုးသော ကွဲပြားမှုများ ရှိနေနိုင်ကြသည်။ မည်သို့ပင် ကွဲပြားခြားနားမှုမျိုးစုံရှိသော်လည်း သူတို့အားလုံး တက်ညီလက်ညီ စိတ်ပါဝင်စားစွာ သင်ယူမှုလုပ်ငန်းထဲ၌ ပါဝင်ဆောင်ရွက်နိုင်အောင် ဆရာက စီမံဆောင်ရွက်ပေးရမည်။ ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှုပညာရေးက ကျောင်းသားများအား မည်ကဲ့သို့ ဉာဏ်ပွင့်လန်းတိုးတက်စေသည်ကိုလည်း ရှာဖွေလေ့လာရမည် ဖြစ်သည်။ ဤခေါင်းစဉ်ကို နားလည်နိုင်စေရန် သဘောတရားရေးရာများနှင့် သုတေသနတွေ့ရှိချက်တို့ကို ဖတ်ရှုလေ့လာပြီး မိမိကိုယ်ပိုင် အတွေ့အကြုံနှင့် နှိုင်းယှဉ်လေ့လာမည်။ တူညီချက်၊ ခြားနားချက်များကို ရှာဖွေလေ့လာရမည်။ ထို့နောက်မှ ထိုစိတ်ကူးအတွေးအခေါ်တို့ကို မိမိရေးသားမည့် သင်ခန်းစာအစီအစဉ်နှင့် ဆီလျော်ကိုက်ညီအောင် ဖန်တီးပြုပြင်၍ အသုံးချရမည်။ ပြီးမှ သင်ပြမှုပုံစံ ရေးဆွဲရမည်။ ထိုအစီအစဉ်ထဲတွင် မိမိသင်ယူလေ့လာထားပြီးသည့် သဘောတရားနှင့် ကျောင်းသားအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေး အစီအစဉ်တို့ကို ပေါင်းစပ်ရေးသားရမည်။ ထိုစိတ်ကူးအတွေးအခေါ်တို့ကို အုပ်စုအတွင်း ဆွေးနွေးတင်ပြပြီးနောက် တစ်တန်းလုံးသိရှိအောင် ရှင်းလင်းတင်ပြရမည်။ ဤနည်းအားဖြင့် မိမိနှင့် သက်တူရွယ်တူ အပေါင်းအသင်းများထံမှ အချင်းချင်းစစ်ဆေးအကဲဖြတ်မှုကို ရယူနိုင်သည်။

# ၉.၃.၁။ စာသင်ခန်းထဲတွင်ဖော်ဆောင်မည့် လူတိုင်းအကျုံးဝင်ပညာရေး

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူတိုင်းအကျုံးဝင်ပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆိုတတ်မည်။
- လူတိုင်းအကျုံးဝင်ပညာရေးနှင့် သက်ဆိုင်သည့် ဥပမာများကို စာသင်ခန်းအတွင်း စာသင်ကြားနေစဉ်၌ ဖြစ်စေ၊ သင်ပြမှုပုံစံ (lesson plan) ရေးဆွဲရာ၌ဖြစ်စေ သတ်မှတ်ဖော်ပြသည့်အခါ ထိုဥပမာများသည် လူတိုင်းအကျုံးဝင်ပညာရေးကို မည်သို့ထင်ဟပ်စေကြောင်း ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်းပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ သင်ခန်းစာပြင်ဆင်ခြင်း၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၉.၃.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** သင်ပုန်း၊ မာကာများ၊ သင်ပြမှုပုံစံငယ်မူကြမ်း (ဒုတိယတန်း၊ သင်္ချာဘာသာရပ်) တိုင်းတာခြင်းနှင့် ခန့်မှန်းတွက်ချက်ခြင်း (သို့မဟုတ်) မူလတန်းအဆင့်အတန်း တစ်ခုခုမှ အခြားဘာသာရပ် သင်ခန်းစာတစ်ခုခု၊ သင်ပြမှုပုံစံငယ် အကဲဖြတ်သုံးသပ်မှုမေးခွန်းများ (လူတိုင်းအကျုံးဝင်ပညာရေးအတွက်) သင်ခန်းစာ (၉.၃.၁) (ကျောင်းသားကိုင်စာအုပ်)။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၅ မိနစ်)**

၁။ စာသင်ခန်းတွင်း လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ ပြဿနာများကို ဆရာက အဘယ်ကြောင့် ကိုင်တွယ်ဖြေရှင်းပေးသင့်ကြောင်း အကြောင်းပြချက် (၃) ခုကို ကျောင်းသားများအား ရှာဖွေစေရမည်။

၂။ နှစ်ယောက်တစ်တွဲ တွဲစေပြီး စိတ်ကူးရှာဖွေကြံဆရန် အချိန်မိနစ်အနည်းငယ်ပေးပါ။ ထို့နောက် အတန်းထဲရှိ အချို့ကျောင်းသားများထံမှ တုံ့ပြန်အကြံပြုချက် တောင်းခံပါ။ ဤနေရာ၌ သတိပြုရမည်မှာ ပြောနေကျ ကျောင်းသားများချည်းကိုသာ မမေးဘဲ လူစုံတက်စုံ ပါဝင်နိုင်အောင် ဆရာက ရွေးထုတ်မေးမြန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် တစ်စိတ်တစ်ဒေသအားဖြင့် အားနည်းချက်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပြီး တစ်စိတ်တစ်ဒေသအားဖြင့်လည်း သင်ခန်းစာကြိုတင်လေ့လာခြင်းမှ ကျောင်းသားတို့အတွက် အကျိုးတစ်စုံတစ်ရာ ရရှိမှုကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများထံမှ သူတို့ကိုယ်ပိုင်စိတ်ကူးများ သို့မဟုတ် ကျောင်းသားကိုင်စာအုပ်ထဲမှ မှတ်သားထားမှုများကို အဖြေအဖြစ် ရရှိနိုင်မည်။ ဖြစ်နိုင်ခြေရှိသော နမူနာတစ်ခုမှာ -

- ခြားနားမှုများက ကျောင်းသားတစ်ဦးနှင့်တစ်ဦး အပြန်အလှန် သူ့အကြောင်း ကိုယ့်အကြောင်းတို့ကို ပိုမိုသိရှိလာစေပြီး ကျွန်ုပ်တို့လက်လှမ်းမမီသော ကျွန်ုပ်တို့ ကိုယ်တွေ့မတွေ့ကြုံနိုင်သော ကျယ်ပြန့်သည့် ကမ္ဘာကြီးအကြောင်းကို သင်ယူ လေ့လာနိုင်စေမည့် ယာဉ်ရထားတစ်ခုသဖွယ် ဖြစ်လာမည်။
- လူနေမှုအဆင့်အတန်း၊ အရည်အချင်းနှင့် ကျောထောက်နောက်ခံ အခြေအနေ မည်မျှပင် ကွာခြားသော်လည်း ကျောင်းသားအားလုံး၌ ပညာသင်ယူခွင့်နှင့် သင်ယူမှု အခွင့်အလမ်းများ ရှိကြသည်။
- ကျောင်းသားတစ်ဦးချင်းစီကို ကိုယ်ပိုင်အရည်အသွေးနှင့် ကိုယ်ပိုင်စရိုက်လက္ခဏာများ ရှိသည့် လူပုဂ္ဂိုလ်တစ်ဦးစီအဖြစ် အလေးထား အသိအမှတ်ပြုပေးရန်မှာ ဆရာတိုင်း၏ တာဝန်တစ်ရပ် ဖြစ်သည်။
- လူတိုင်းအကျုံးဝင် ပညာရေးသည် ကျောင်းသားများအပေါ် ဘက်လိုက်ခွဲခြားဆက်ဆံမှု မရှိရေးကို အလေးထားသည်။

## သင်ယူမှုလုပ်ငန်း ၂။စာဖတ်ခြင်းနှင့် နှစ်ယောက်တစ်တွဲ လုပ်ငန်းဆောင်ရွက်ခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၉.၃.၁) ကို ဆရာက ကိုင်ထားပြီး ကျောင်းသားအသီးသီးတို့အား သင်ခန်းစာပါ အကြောင်းအရာများကို ဖတ်စေကာ အကျဉ်းချုပ် အချက်အလက်များကို နှစ်ယောက်တစ်တွဲ ရေးသားစေမည်။ ရည်ရွယ်ချက်မှာ သင်ခန်းစာ အနှစ်ချုပ်ကို တစ်တန်းလုံး သိရှိစေရန်ဖြစ်သည်။

၂။ အချိန် (၁၅) မိနစ်ခန့်ကြာပြီးနောက် ကျောင်းသားအချို့ကို ဆရာကရွေးချယ်၍ သင်ကြားနည်း အခြေခံနိယာမနှင့် ချဉ်းကပ်ပုံချဉ်းကပ်နည်း တစ်ခုချင်းစီကို အကျဉ်းချုပ် ဖော်ပြစေမည်။ ဆရာက ခေါင်းစဉ်ခွဲများကို သင်ပုန်းပေါ်၌ ရေးပြပြီး စာရင်းပြုစုထားခြင်းအားဖြင့် သူတို့ပြောရမည့် အဓိက အချက်များကို မှတ်မိစေရန် အထောက်အကူပြုပေးနိုင်သည်။ ('သတိပြုမိတတ်ခြင်း'၊ 'လုံခြုံမှုရှိပြီး နွေးထွေးစွာ ကြိုဆိုတတ်သော သင်ယူမှု ပတ်ဝန်းကျင်ဖန်တီးရန်' စသည်)

## စစ်ဆေးအကဲဖြတ်ခြင်း

နှစ်ယောက်တစ်တွဲလုပ်ငန်းနှင့် တစ်တန်းလုံး တုံ့ပြန်အကြံပြုချက်ပေးခြင်းလုပ်ငန်း (၂) မျိုးကို သုံး၍ ကျောင်းသားတို့၏ အဓိကအချက်အလက်များကို အကျဉ်းချုပ်ဖော်ပြနိုင်မှုအား ကြည့်ရှုစစ်ဆေးကာ ၎င်းတို့၏ နားလည်မှုကို သင်ယူစဉ် စစ်ဆေးခြင်းအဖြစ် စစ်ဆေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

တုံ့ပြန်မှုများကို ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၁) မှ အတိုင်းပေးကြလိမ့်မည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို ရည်ညွှန်းကိုးကားပါ။ ၎င်းတို့ကို ရရှိအောင် လုပ်ဆောင်ရာတွင် စာသင်ခန်းတွင်း လူတိုင်းအကျုံးဝင်နိုင်မှုအတွက် သေချာရေရာစေမည့်

နည်းလမ်း အသွယ်သွယ်တို့ကို ဆွေးနွေးခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ကို မည်ကဲ့သို့ လုပ်ဆောင်ခဲ့ရကြောင်းနှင့် ဤသင်ယူမှုရလဒ်များသည် ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က) (၁.၁)၊ (ခ) (၃.၁) နှင့် (ဂ) (၃.၁) (အထက်တွင်စာရင်းပြုထားသည့် အတိုင်း) တို့နှင့် ချိတ်ဆက်နေကြောင်းကို ဆရာက ထောက်ပြရမည်။

၂။ ဤသင်ခန်းစာမှ သင်ယူခဲ့သော အကြောင်းအရာတို့ကို နောက်စာသင်ချိန်၌ အသုံးချရမည် ဖြစ်ကြောင်း ဆရာက တစ်တန်းလုံးကို ပြောပြပါ။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများကို (၃) ယောက်တစ်အုပ်စု သို့မဟုတ် (၄) ယောက်တစ်အုပ်စုစီ အုပ်စုဖွဲ့ပေးပါ။ လက်ကမ်းစာစောင် (၂) - ဒုတိယတန်း သင်္ချာဘာသာရပ်သင်ပြမှု ပုံစံငယ်မူကြမ်းကို လေ့လာရန် ညွှန်ကြားပါ။

၂။ ကျောင်းသားအားလုံး အကျိုးဝင်လေ့လာနိုင်စေမည့် ကောင်းမွန်သော သင်ပြမှုပုံစံငယ် တစ်ခုဖြစ်လာစေရန် မွမ်းမံပြုပြင်စေမည်။ စိတ်ကူးအကြံဉာဏ်ကောင်းများ ရရှိစေရန် အတွက် ကျောင်းသားကိုင် စာအုပ် သင်ခန်းစာ (၉.၃.၁) ကို ရည်ညွှန်းကိုးကားရန် ပြောပါ။

၃။ အုပ်စု (၂) ခုစီကို ပြန်ပေါင်းပြီး ကျောင်းသားပိုများသော အုပ်စုကြီးများအဖြစ် အုပ်စုဖွဲ့ပေးပါ။ စိတ်ကူးအသီးသီးကို နှိုင်းယှဉ်လေ့လာစေရမည်။

၄။ ရရှိလာသော စိတ်ကူးအယူအဆများကို ပြောပြရန် ကျောင်းသားအများအပြားကို ဆရာက ရွေးချယ်မေးမြန်းပြီး ထိုစိတ်ကူးများကို ကျောင်းသားအားလုံး မြင်နိုင်အောင် သင်ပုန်းပေါ်တွင် ဆရာက ရေးပြရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးစဉ် ဤလုပ်ငန်းကို အချင်းချင်း စစ်ဆေးအကဲဖြတ်စေမည်။ အချို့စိတ်ကူး အယူအဆများကို ရွေးချယ်ကောက်နုတ်ပေးခြင်းဖြင့် ဆရာက သင်ယူစဉ် စစ်ဆေးခြင်းကို လုပ်ဆောင်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တုံ့ပြန်မှုအမျိုးအစားစုံလင်မည့် နေ့စဉ်လူနေမှုဘဝကို ထင်ဟပ်စေသော အရာဝတ္ထုအမျိုးမျိုးကို အသုံးပြုခြင်း ပါဝင်မည်။ ၎င်းတို့အသုံးပြုသော အရာဝတ္ထုများသည် ကျား/မ ဘက်လိုက်မှု သဘောဆောင်သည့် အရာဝတ္ထုများ မဖြစ်စေသင့်ပါ။ ကျောင်းသားများကို အုပ်စုဖွဲ့ပေးရာတွင်လည်း စဉ်းစားပါ။ ကျောင်းသားများအား တိုင်းတာကြည့်စေမည့် အရာဝတ္ထုတိုင်းတာနည်းနှင့် မှတ်တမ်းတင်နည်း အမျိုးမျိုးတို့ထဲမှ ကြိုက်နှစ်သက်ရာကို ရွေးချယ်ခွင့်ပေးပါ။ အခြားအဖြေများစွာလည်း ပါဝင်နိုင်သည်။ လူတိုင်းအကျုံးဝင်မှုကို ဖြစ်ပေါ်လာစေနိုင်မည့် မည်သည့် အဖြေ/တုံ့ပြန်မှုကိုမဆို လက်ခံပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို မူလအုပ်စုပုံစံအတိုင်း ပြန်လည်ဖွဲ့စည်းပေးပါ။ ၎င်းတို့ပြုပြင် ရေးသားပြီးသော သင်ပြမှုပုံစံငယ်များကို အတန်းမှစုဆောင်းရရှိထားသော စိတ်ကူး အယူအဆ အကျဉ်းချုပ်အပေါ် မူတည်ပြီး ပြန်လည်သုံးသပ်လေ့လာစေရမည်။ အတန်းမှရရှိထားသော တုံ့ပြန်အကြံပြုချက်အချို့ကို အသုံးပြုပြီး အုပ်စုများက ၎င်းတို့၏ သင်ပြမှုပုံစံငယ်ရေးရာတွင် ကောင်းမွန်လာအောင် ပြုပြင်ခြင်း သို့မဟုတ် အသစ်ထပ်ထည့်ခြင်းများ ပြုနိုင်ပါသလား။

၂။ ဤသင်ခန်းစာက လူတိုင်းအကျုံးဝင်ပညာရေး သဘောတရားနားလည်စေမှုနှင့် သက်ဆိုင်သော သင်ယူမှုရလဒ်များကို ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ထားပြီး သင်ယူမှု သာတူညီမျှရှိစေခြင်းနှင့် ထိုအချက်ကို မြှင့်တင်ပေးခြင်းနှင့် စပ်လျဉ်းသော ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်များကိုပါ ထည့်သွင်းလေ့လာစူးစမ်းမှုပြုစေကြောင်း ကို ဆရာက ကျောင်းသားများ သိရှိစေရန် ထောက်ပြပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏ သင်ပြမှုပုံစံငယ်များကို နောက်စာသင်ချိန်၌ အကဲဖြတ်ရန် သတ်မှတ်ချက် ဇယားတစ်ခုကို သုံးပြီး ထိုဇယားနှင့်အညီ အကဲဖြတ်သုံးသပ်ပေးရမည် ဖြစ်ကြောင်း ပြောပြပါ။

## တတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၄။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၄၀)

၁။ ယခင်စာသင်ချိန်မှ လုပ်ငန်းကို ဆရာက ပြန်လည်အစဖော်ပြောပြပြီး ထိုအချိန်က လုပ်ဆောင်ခဲ့သော လုပ်ငန်းကို ပြန်လည်သုံးသပ်ပြပါ။ ကျောင်းသားအုပ်စုများ ပြုပြင်မွမ်းမံရေးသားရာတွင် မူလပုံစံငယ်၌ လူတိုင်းအကျုံးဝင်စေမှု သဘောတရားများ ပိုမိုပါဝင်ပေါင်းစပ်ပေးရန် ကြိုးပမ်းခဲ့ကြောင်း သုံးသပ်ပြပါ။

၂။ လက်ကမ်းစာစောင် (၃) - 'လူတိုင်းအကျုံးဝင်ပညာရေးအတွက် သင်ပြမှုပုံစံငယ်ကို အကဲဖြတ် သုံးသပ်မှုပြုရန် မေးခွန်းများ' ကို လေ့လာရန် ညွှန်ကြားပါ။ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော လူတိုင်းအကျုံးဝင်ပညာရေး အခြေခံနိယာမများနှင့် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများကို ရည်ညွှန်းကိုးကား၍ ပြောပြပါ။ ကျောင်းသားများအား ပေးထားသောမေးခွန်းများကို လေ့လာစေပြီး ဤမေးခွန်းများသည် လူတိုင်းအကျုံးဝင်မှု ရှိစေသည့် စာသင်ခန်းတစ်ခုအတွက် သင်ပြမှုပုံစံငယ် တစ်ခုကို အကဲဖြတ်သုံးသပ်ရာ၌ အကျိုးပြု/မပြု၊ သင့်တော်ကောင်းမွန်ခြင်း ရှိ/မရှိ တို့ကို ဆွေးနွေးပါ။

၃။ နောက်ထပ်ဖြည့်စွက်ထည့်သွင်းရန် အကဲဖြတ်မေးခွန်းအချို့အတွက် စိတ်ကူးစိတ်သန်းများ ရှိပါက ကျောင်းသားတို့အား ဖြည့်စွက်ထည့်သွင်းစေမည်။

၄။ ကျောင်းသားများ ယခင်စာသင်ချိန်က ဆောင်ရွက်ပြီးစီးထားသော ပြုပြင်ထားသည့် လက်ကမ်းစာစောင် (၂) ကို နှစ်ယောက်တစ်တွဲ တွဲ၍ အကဲဖြတ်သုံးသပ်စေရမည်။

၅။ ကျောင်းသားအများအပြားကို ၎င်းတို့သုံးသပ်ရာမှ တွေ့ရှိချက်အချို့ကို ပြန်လည်တင်ပြစေပြီး တစ်တန်းလုံးက တုံ့ပြန်အကြံပြုချက်ပေးစေရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာတွင် လူတိုင်းအကျုံးဝင်ပညာရေး၏ အရေးပါသော အခြေခံအချက်အလက်များ ထည့်သွင်း ပေါင်းစပ်ပေးနိုင်သည့် ကျောင်းသားတို့၏ (တစ်တန်းလုံး၏) အရည်အချင်းကို ခြုံငုံစစ်ဆေး အကဲဖြတ်နိုင်ရန်အတွက် တစ်တန်းလုံး အကြံပြုချက်ပေးခြင်းလုပ်ငန်းကို ဆရာက ဆောင်ရွက်စေရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

လက်ကမ်းစာစောင်ပေါ် ရေးသားထားသော စာသားအနေအထားသည် သက်ဆိုင်ရာ ကျောင်းသားအုပ်စုက ပြုပြင်ထားသည်တို့နှင့်အညီ ပြောင်းလဲနိုင်မည်။ သက်သေသာဓကကိုပြသည့် ဒေါင်လိုက်ဇယားကွက်က သင်ခန်းစာ၏ မည်သည့်အပိုင်း သို့မဟုတ် မည်သည့်သင်ယူမှု လုပ်ငန်းတွင် စံသတ်မှတ်ချက်များကို ပြည့်စုံစေကြောင်း ရည်ညွှန်းရမည်။ ဥပမာ -

### သင်ပြမှုပုံစံငယ်တွင်ပါဝင်ရမည့်စံသတ်မှတ်ချက်

| သင်ပြမှုပုံစံငယ်တွင် ပါဝင်ရမည့် စံသတ်မှတ်ချက် | ရှိ | မရှိ | သက်သေသာဓက ဖော်ပြချက် |
|---|---|---|---|
| ကျောင်းသားအားလုံးတို့ လက်လှမ်းမီ ရရှိသုံးစွဲနိုင်သော ပစ္စည်းနှင့် ရင်းမြစ် အမျိုးမျိုးပါဝင်ခြင်း။ | ✓ | | ကြိုတင်ပြင်ဆင်ခြင်း- တိုင်းတာရမည့် အရာဝတ္ထုများသည် ကျောင်းသားတို့ ဘဝနောက်ခံအမျိုးမျိုး၌ သုံးစွဲသော ပစ္စည်းများဖြစ်ခြင်း (ဥပမာ ကျား/မ မရွေး လူမျိုး မရွေး)။ |
| ကျောင်းသားအားလုံးက သင်ခန်းစာ၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းစွာနားလည်ထားခြင်း။ | ✓ | | |
| သတင်းအချက်အလက်နှင့် ပြန်ကြားရေးနည်းပညာ (ICT) ကို ထိရောက်စွာရရှိ သုံးစွဲ လက်လှမ်းမီမှု။ | | × | သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်၌ ရေးထားခြင်း သို့မဟုတ် ဂရပ်ဖစ်ပုံများဖြင့် ရှင်းပြထားခြင်း၊ နှုတ်ဖြင့်ရှင်းပြထားခြင်း။ |

ဤဥပမာက ဖော်ပြထားသည်မှာ စာသင်ခန်းတွင်း နည်းပညာသုံးစွဲရန် ပံ့ပိုးထားမှုများ မပါဝင်ကြောင်း ပြသနေသည်။ ဆရာက ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးရာတွင် အထက်ပါအချက်ကို ထည့်သွင်းစဉ်းစား ဖြေရှင်းသင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ လူတိုင်းအကျုံးဝင်ပညာရေး၏ အခြေခံအချက်အလက်များကို မည်သို့အသုံးပြုရမည်ကို ဤသင်ခန်းစာက အသေးစိတ်စူးစမ်းလေ့လာခဲ့ကြောင်း ဆရာက ကျောင်းသားကို

ပြန်လည်ပြောပြ ဆွေးနွေးပါ။ လက်ကမ်းစာစောင် (၃) တွင် ပါဝင်သော စံသတ်မှတ်ချက် အားလုံး မဟုတ်စေကာမူ အများစုသည် သင်ပြမှုပုံစံငယ်တစ်ခု ရေးသားပြုစုရာတွင် ပါဝင်သင့်သည်။

၂။ ဤလုပ်ငန်းစဉ်/နည်းစနစ်ကို ပြန်လည်အသုံးချနိုင်သော ကျောင်းသားတို့၏ အရည်အချင်းကို စမ်းသပ်ရာတွင် အဆုံးသတ်အနေနှင့် လက်ကမ်းစာစောင် (၃) ပါ စံသတ်မှတ်ချက် အားလုံးကို ၎င်းတို့ ပြင်ဆင်ပြုပြင်ထားသည့် သင်ပြမှုပုံစံငယ်တွင် မည်သို့ထည့်သွင်း၍ ပြည့်စုံအောင် ဆောင်ရွက်နိုင်မည်နည်းဟု စဉ်းစားကြံဆစေရမည်။

၃။ အကယ်၍ သူတို့၌ စံသတ်မှတ်ချက်အလုံးစုံပါဝင်သည့် သင်ပြမှုပုံစံငယ်တစ်ခု ရေးဆွဲပြုစုပြီးသားရှိသည် ဆိုလျှင် လူတိုင်းအကျုံးဝင်စေမည့် နောက်ထပ်ဆီလျော်ရာ တိုးတက်ပြုပြင်မှုတစ်ခုကို ထပ်မံ ဖြည့်စွက်စေမည်။

၄။ နောက်ထပ်သင်ခန်းစာသစ် မစတင်မီ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၂) ကို ကြိုတင်ဖတ်ထားရန် ဆရာက ကျောင်းသားများအား ညွှန်ကြားပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ကျောင်းသားများထံမှရရှိမည့်တုံ့ပြန်မှုများသည်ကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများနှင့် ထပ်တူညီမျှဖြစ်ရန် မလိုအပ်ပါ။ ဤအဆင့်၌ လူတိုင်းအကျုံးဝင် ပညာရေးအယူအဆက ရရှိရန် ရည်ရွယ်ထားသည်တို့အပေါ် တန်ဖိုးထားအလေးထားမှုကို ပြသသည့် မည်သည့်တုံ့ပြန်မှုကိုမဆို လက်ခံပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ သင်ယူမှုနှင့် အကျဉ်းချုပ်ရေးသားမှုတို့ ဆောင်ရွက်ရာတွင် ကိုယ်ခန္ဓာ သွက်လက်စွာ လှုပ်ရှားမှုနည်းလမ်းဖြင့် ဆောင်ရွက်နိုင်စေရန် ကူညီလမ်းညွှန်ပေးပါ။ ဥပမာအားဖြင့် ခေါင်းစဉ်ငယ်များကို သက်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ယှဉ်တွဲပြခြင်း၊ ဤသို့ဆောင်ရွက်ရန် စာသားများကို ခေါင်းစဉ်များ တွဲလျက်တစ်စုံနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ တွဲလျက်တစ်စုံ စသည်အားဖြင့် သီးသန့်စီ ဖြတ်/ညှပ် ထုတ်ကာ ပြန်လည်ယှဉ်တွဲပြရခြင်း ပါဝင်မည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ မူလတန်းကျောင်း စာသင်ခန်းအတွက် ရေးဆွဲထားသည့် မည်သည့် သင်ပြမှုပုံစံငယ်ကိုမဆို အသုံးပြုနိုင်သည်။ ကျောင်းသားများအနေနှင့် ၎င်းတို့လက်တွေ့ တန်းပြဆင်းစဉ်က ရေးဆွဲခဲ့သော ကိုယ်ပိုင်သင်ပြမှုပုံစံငယ် သို့မဟုတ် အခြားမော်ဂျူးများမှ သင်ပြမှုပုံစံငယ် တစ်ခုခုကို သုံးနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ လူတိုင်းအကျုံးဝင်မှုဆိုင်ရာ သင်ခန်းစာတစ်ခုဖြစ်လာစေရန် အသုံးပြုနိုင်မည့် သင်ယူမှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်သတ်မှတ်ပေးရန် ကျောင်းသားတို့ကို ညွှန်ကြားခြင်းဖြင့် သူတို့၏ အရည်အသွေးကို စမ်းသပ်နိုင်သည်။

## ၆.၃.၂။
## အထူးပညာရေး

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အထူးပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆိုတတ်မည်။
- အထူးပညာရေးနှင့် သက်ဆိုင်သည့် ဥပမာများကို စာသင်ခန်းတွင်း စာသင်ကြားနေစဉ်၌ ဖြစ်စေ၊ သင်ပြမှုပုံစံ ရေးဆွဲရာတွင်ဖြစ်စေ သတ်မှတ်ဖော်ပြသည့်အခါ ထိုဥပမာများသည် အထူးပညာရေးကို မည်သို့ထင်ဟပ်စေကြောင်း ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြ သည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်းပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ သင်ခန်းစာ ပြင်ဆင်ခြင်း၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၂) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** သင်ပုန်း၊ မာကာများ၊ လက်ကမ်းစာစောင်အမှတ် (၂)၊ လက်ကမ်းစာစောင်အမှတ် (၃)၊ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၂)။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၅ မိနစ်)**

၁။ အောက်ပါလုပ်ငန်းတို့ကို ဆောင်ရွက်ရန် ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲ၍ ဆွေးနွေးစေရမည်။

(က) အထူးပညာရေး၌ ပါဝင်သည့် အရာတို့ကို ဝါကျတစ်ကြောင်းတည်းဖြင့် ရှင်းပြပါ။

(ခ) မိမိသင်ကြားရမည်ဖြစ်သော ပတ်ဝန်းကျင်၊ လူ့ဘောင်အသိုက်အဝန်းတွင် အထူးပညာရေးက အဘယ်ကြောင့် အကျိုးဖြစ်ထွန်းစေကြောင်း ရှင်းလင်းဖြေဆိုပါ။

၂။ အချို့ကျောင်းသားများထံမှ တုံ့ပြန်အကြံပြုချက်များကို ရယူပြီး သင်ပုန်းပေါ်၌ အကျဉ်းချုပ်ရေးပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ဆွေးနွေးမှုကို နားထောင်ခြင်းနှင့် တုံ့ပြန်အကြံပြုချက်အချို့ကို ရွေးချယ်ကောက်နုတ်ခြင်း အားဖြင့် ဆရာက သင်ယူစဉ်စစ်ဆေးမှုပြုနိုင်သည်။ ကျောင်းသားများကလည်း ၎င်းတို့၏ နားလည်မှုကို မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုပြုနိုင်သည်။ အကျဉ်းချုပ်အချက်များနှင့် တုံ့ပြန်အကြံပြုချက်များမှတစ်ဆင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားကိုင်စာအုပ်ထဲတွင် ပါဝင်သော အကြောင်းအရာများကိုသာ ပေးလာနိုင်ဖွယ်ရှိသည်။ တုံ့ပြန်မှုများတွင် ပါဝင်နိုင်သည်တို့မှာ -

(က) အထူးပညာရေး အယူအဆတွင် ပါဝင်သည်မှာ ပညာရေးဆိုင်ရာ အထူးလိုအပ်ချက်ရှိနေသူ ကျောင်းသားများအတွက် ပံ့ပိုးပေးခြင်းဖြစ်သည်။ ထိုအထူးလိုအပ်ချက်ဆိုသည်မှာလည်း သာမန် (ကျန်းမာရေးပြည့်စုံကောင်းမွန်သူ) ကျောင်းသားများ မတွေ့ရသည့် သီးသန့်စိန်ခေါ်မှုများ အခက်အခဲများကို ဆိုလိုသည်။ အထူးလိုအပ်ချက်ရှိသူကျောင်းသားများဆိုသည်မှာ သင်၍ မတတ်ကျွမ်းနိုင်သူ၊ ပင်ကိုဉာဏ် မထူးချွန်သူ၊ သင်ယူနိုင်စွမ်း မရှိသူများဟု ဆိုလိုခြင်းမဟုတ်ပါ။ အထူးပညာရေး လိုအပ်ချက်များသည် အမြဲတမ်း တည်ရှိနေနိုင်သကဲ့သို့ ခေတ္တမျှသာ ပေါ်ပေါက်ခြင်းလည်း ဖြစ်နိုင်သည်။

(ခ) သင်ယူမှုနည်းစဉ်/လုပ်ငန်းစဉ်တို့တွင် ထိုသို့လိုအပ်ချက်ရှိနေသူ ကျောင်းသားများ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့ကြုံတွေ့ရသော အတားအဆီးများကို

ကျော်လွှားနိုင်စေရန် ကူညီပေး ရမည်မှာ ဆရာတို့၏ တာဝန်ဖြစ်သည်။ အားနည်းချက်ချင်း တူညီမှုရှိသော ကျောင်းသားများကြားမှာပင် လိုအပ်သည့် ပညာရေးဆိုင်ရာ ကူညီထောက်ပံ့ပေးမှုသည် တစ်ဦးနှင့် တစ်ဦး မတူညီနိုင်ချေ။ တစ်ခါတစ်ရံတွင် ပညာရေး လိုအပ်ချက်သည် သိသာထင်ရှားမှု မရှိချေ။ သိသာမြင်သာနိုင်မှု နည်းပါးသည့် အားနည်းချို့ယွင်းချက် အမျိုးမျိုးရှိနိုင်သည်။ အားနည်းချို့ယွင်းချက် သို့မဟုတ် လိုအပ်ချက်အားလုံးကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည့် တစ်မျိုးတည်းသော ဖြေရှင်းနည်း မရှိနိုင်ပါ။ အမျိုးမျိုး ဆီလျော်သလို ဖြေရှင်းဆောင်ရွက်ပေးရမည်။

## သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားကိုင်စာအုပ်ကို ထုတ်စေ၍ သင်ခန်းစာ (၉.၃.၂) အကြောင်းကို ဖတ်ခိုင်းပြီး နှစ်ယောက် တစ်တွဲစီ အကျဉ်းချုပ်ကို ပြောပြစေရမည်။ ဤနည်းဖြင့် အကျဉ်းချုပ်ကို အတန်းသို့ တင်ပြစေမည်။

၂။ (၁၅) မိနစ်ခန့်ကြာလျှင် ကျောင်းသားအများအပြားကို ဆရာက ထုတ်နုတ်ရွေးချယ်၍ ကျောင်းသားများအား အထူးဂရုပြုမှုပေးရန် လိုအပ်သည့် အခြေအနေများကို အကျဉ်းချုံး ပြောပြစေမည်။ ထိုလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် သင်ကြားနည်း အလေ့အကျင့်များကိုလည်း ရှာဖွေမှတ်သားစေမည်။

၃။ ရရှိလာသောအကျဉ်းချုပ် အချက်အလက်များကို ဆရာက သင်ပုန်းပေါ်၌ ရေးပြပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ဤသင်ခန်းစာ သင်ယူမှုရလဒ်များအကြောင်း ပြန်နွေးပေးပါ။ ကျောင်းသားတစ်ဦးစီအား အထူးပညာရေးနှင့် ပတ်သက်၍ ၎င်းသိရှိလာရသည့် အချက်အလက်တစ်ခုကို ၎င်း၏ဘေးမှ ကျောင်းသားအား ပြောပြပါစေ။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (မိနစ် ၄၀)

၁။ ကျောင်းသားများအား (၃) ယောက်တစ်အုပ်စု (သို့မဟုတ်) (၄) ယောက်တစ်အုပ်စု အုပ်စုဖွဲ့စေမည်။ စာသင်ကြားရာတွင် တွေ့ရှိလာနိုင်သော ပညာရေးလိုအပ်ချက်ရှိနေသူ အောက်ဖော်ပြပါ အချက် အမျိုးမျိုးထဲမှ တစ်မျိုးမျိုးရှိနေသူ ကျောင်းသားများအတွက် ဇာတ်ညွှန်းဇာတ်ကွက် ပေးထားရမည်။

(က) ဘီးတပ်ကုလားထိုင်/ထိုင်ခုံ အသုံးပြုရသော ကျောင်းသူ/သားတစ်ဦး။

(ခ) မျက်စိမမြင်သော ကျောင်းသူ/သားတစ်ဦး။

(ဂ) စာလုံးများပေါင်း၍ ဖတ်ရာ၌၊ ရေးရာ၌ အခက်အခဲရှိသည့် ကျောင်းသူ/သားတစ်ဦး။

(ဃ) အာရုံစိုက်နိုင်စွမ်းချို့တဲ့မှု ပြဿနာရှိသူ ကျောင်းသား/သူတစ်ဦး။

(င) သူငယ်တန်းနှင့် ပထမတန်းတို့တွင် သင်ခန်းစာအချို့ကို မကျေညက်ခဲ့၍ ယခုသင်ခန်းစာများကို နားလည်ရန် အခက်အခဲတွေ့နေသော ကျောင်းသူ/သားတစ်ဦး။

၂။ အုပ်စုတစ်ခုစီကို ဇာတ်ညွှန်းဇာတ်ကွက်တစ်ခုစီပေးပြီး ရရှိသော ဇာတ်ညွှန်းခေါင်းစဉ်အလိုက် အုပ်စု (က) မှ (င) ဟု အမည်ပေးပါ။

၃။ ထိုကျောင်းသားများက အောက်ပါတို့ကို ရည်ညွှန်းကိုးကားနိုင်သည်။

(က) ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၂)။

(ခ) ယခင်သင်ခန်းစာတွင် ၎င်းတို့အသုံးပြုခဲ့သော သင်ပြမှုပုံစံငယ် အကဲဖြတ် သုံးသပ်ရန် မေးခွန်း များ (လက်ကမ်းစာစောင်အမှတ် - ၃)။

(ဂ) ယခင်သင်ခန်းစာတွင် ၎င်းတို့ရေးဆွဲပြုစုခဲ့သော သင်ပြမှုပုံစံငယ် (လက်ကမ်းစာစောင်အမှတ် -၂)။

၄။ ၎င်းတို့ကိုပေးထားသည့် ဇာတ်လမ်းဇာတ်ညွှန်းများအရ ပိုမိုကောင်းမွန်သော အထူးပညာရေးဆိုင်ရာ အချက်အလက်များနှင့် ပြည့်စုံသည့် သင်ပြမှုပုံစံငယ် ဖြစ်လာအောင် လိုအပ်သလို ပြင်ဆင်မွမ်းမံ ပြုပြင်စေရမည်။

၅။ အကဲဖြတ်သုံးသပ်ရန်မေးခွန်းများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ပြီး မိမိကိုယ်ကိုစစ်ဆေး အကဲဖြတ်မှု ပြုရန်ပြောပါ။

၆။ အုပ်စုများအနီးသို့ လှည့်လည်သွားလာ စောင့်ကြည့်လေ့လာပါ။ လိုအပ်သည့်အခါ ပိုမိုရှင်းလင်းစေမည့် မေးခွန်းများမေးပေးပါ။

၇။ ဇာတ်ညွှန်းဇာတ်ကွက် တူညီစွာရရှိထားသော အုပ်စုငယ်များကို ပေါင်းစည်းကာ တစ်ဖန်ပြန်၍ အုပ်စုကြီးများဖွဲ့ပါ။ ဥပမာအားဖြင့် (က) အုပ်စုငယ်အားလုံးကို (က) အုပ်စုကြီး တစ်ခု၊ (ခ) အုပ်စုငယ် အားလုံးကို (ခ) အုပ်စုကြီးတစ်ခု စသည်ဖြင့် ဖွဲ့ရမည်။

၈။ ဤအုပ်စုကြီးများထဲတွင် ကျောင်းသားများ ရလာသော စိတ်ကူးအယူအဆများကို အချင်းချင်းကြား မျှဝေခြင်းပြုစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုဖွဲ့ခြင်းနှင့် အုပ်စုပေါင်းစည်းခြင်းတို့ကို ဆောင်ရွက်ရာတွင် မိမိကိုယ်ကိုစစ်ဆေး အကဲဖြတ်ခြင်းနည်းကို သုံးရမည်။ နောက်ထပ်စာသင်ချိန် (၂) ချိန်တွင် ဤလုပ်ငန်းကို ဇာတ်လမ်း ဇာတ်ကွက် ပြောင်းလဲ၍ ထပ်ပြန် ဆောင်ရွက်စေမည်။ အထူးပညာရေး လိုအပ်ချက်များကို ပိုမိုသိရှိရန်နှင့် ပိုမို၍ ပြန်လည်အသုံးချ နိုင်စေရန်အတွက် ကျောင်းသားများအား ကိုယ်တိုင်စစ်ဆေး အကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်စေမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တုံ့ပြန်မှုများမှာ ပုဂ္ဂလဓိဋ္ဌာန်ကျမည် ဖြစ်သော်လည်း ၎င်းတို့ရရှိထားသော ဇာတ်ညွှန်း ဇာတ်ကွက်များအလိုက် ကျောင်းသားများတွေ့ရမည့် အခက်အခဲဖြစ်နိုင်ခြေအမျိုးမျိုးကို ဖြေရှင်းပေးနိုင်စွမ်းရှိစေရမည်။ သူတို့ ရထားသောဇာတ်ညွှန်းကို ပထမသေချာစွာ နားလည်ထား ရမည်။ ထိုဇာတ်ညွှန်းက မည်သည့်စိန်ခေါ်မှု အခက်အခဲကို တင်ပြပေးနိုင်မည်နည်း။ ကျောင်းသားကိုင်စာအုပ်နှင့် လက်ကမ်းစာစောင် အမှတ် (၃) မှ အကြံပြုချက်တို့ကို အသုံးပြုရမည်။ ပြုပြင်ဖြည့်စွက်ခြင်းအချို့ ဆောင်ရွက်ပြီး လက်ကမ်းစာစောင် အမှတ် (၂) မှ သင်ပြမှုပုံစံငယ်တွင် ပေါင်းစပ်ပေးရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ သင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်ဆွေးနွေးပြီး ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် မည်သို့ဆက်စပ်နေပုံကို ပြောပြရမည်။

၂။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီက ၎င်းတို့၏အုပ်စုမှ ဆောင်ရွက်ထားသော ပြုပြင်မှုများကို မျှဝေစေရမည်။ အထူးပညာရေးအယူအဆများနှင့် ကိုက်ညီစေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၂။** ။ သင်ခန်းစာ (၉.၃.၁) နှင့် ဆင်တူသည့် ထိုလုပ်ငန်းကို ဆောင်ရွက်ရာတွင် လှုပ်ရှားမှု ပါဝင်စေရန်အတွက် အထူးပညာရေးလိုအပ်ချက် ဖြစ်ပေါ်စေမည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာစသည့် အခြေအနေများကို သီးခြားကတ်ပြားငယ်တစ်ခုစီပေါ်၌ ခေါင်းစဉ်ငယ်များအဖြစ် ရေးသားစေပြီး ထိုခေါင်းစဉ်ငယ်များပါဝင်သော ကတ်ပြားအစုံတစ်စုံနှင့် အခြေအနေတစ်ခုစီအတွက် ပေးထားသော ဥပမာများကို ကတ်ပြားငယ်တစ်ခုစီပေါ်၌ ရေးသားကာ ထိုဥပမာ ကတ်ပြားငယ်များပါဝင်သော ကတ်ပြားအစုံတစ်စုံအဖြစ် ဖန်တီးစေရမည်။ (ဥပမာ - ခေါင်းစဉ်ငယ်- ရုပ်ပိုင်းဆိုင်ရာအခြေအနေများ - ဥပမာများ - မွေးရာပါ ကြွက်သား အားနည်းရောဂါ၊ အသားမျှင်များ မာကြွပ်ခြင်း၊ နာတာရှည် ပန်းနာရင်ကြပ်ရောဂါ၊ ဝက်ရူးပြန်ရောဂါနှင့် ကိုယ်ဝန်ဆောင်ထားရခြင်း အခြေအနေ) ဤကတ်ပြားအားလုံးကို မွှေနှောက်ရောနှောပေးပြီး မည်သည့် ခေါင်းစဉ်ငယ်နှင့် မည်သည့် ဥပမာက ဆက်စပ်ကြောင်း ကျောင်းသားများကို ယှဉ်တွဲစေခြင်းအားဖြင့် အထူးပညာရေး လိုအပ်ချက်များအကြောင်း သူတို့နားလည်ခြင်း ရှိ/မရှိကို ပြသစေသည်။ ဤကဲ့သို့ တစ်ခုနှင့်တစ်ခု မှန်ကန်စွာ ယှဉ်တွဲပေးစေခြင်းလုပ်ငန်းကို တစ်ခါတစ်ရံ မှတ်မိမှုကို လျှပ်တစ်ပြက် (ဖျတ်ခနဲ) စမ်းသပ်သော ကစားနည်း (palma-mism) ဟုလည်း ခေါ်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ အထူးပညာရေးလိုအပ်ချက် ပါဝင်သည့် မည်သည့်ဇာတ်ညွှန်း၊ ဇာတ်ကွက်ကိုမဆို သုံးနိုင်သည်။ ကျောင်းသားအုပ်စုများတွင် စိတ်ကူးရှိပါက တစ်ခုထက်မကပိုသော ဇာတ်ညွှန်း၊ ဇာတ်လမ်းများ အတွက်လည်း သုံးနိုင်သည်။ သို့ရာတွင် အုပ်စုငယ်များ ပြန်ပေါင်း၍ အုပ်စုကြီးဖွဲ့သောအခါ နှိုင်းယှဉ်ရမည်မှာ အဓိကပေးထားသော ဇာတ်ညွှန်းဇာတ်ကွက်သာ ဖြစ်ရမည်။

## ၉.၃.၃။ လူတိုင်းအကျုံးဝင်ပညာရေးအတွက် အစီအစဉ်ရေးဆွဲခြင်း

ဤသင်ခန်းစာတွင် ဆရာက သို့မဟုတ် ကျောင်းသားများက သင်ခန်းစာခေါင်းစဉ်တစ်ခုကို ရွေးချယ်ဆုံးဖြတ်ပြီး သင်ပြမှုပုံစံငယ်တစ်ခု ရေးသားရန် ကျောင်းသားများအား အုပ်စုလုပ်ငန်းပေးရမည်။ ထိုပုံစံငယ်တွင် လူတိုင်းအကျုံးဝင်ပညာရေးနှင့် အထူးပညာရေး အယူအဆတို့နှင့် စပ်ဟပ်သော အကြောင်းအရာများ ပါဝင်စေရမည်။ သူတို့ရေးပြီးသော သင်ပြမှုပုံစံငယ်ကို အတန်းသို့တင်ပြစေရမည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်စေရမည်။ အကဲဖြတ်ရာတွင် တစ်တန်းလုံး၏ ကြိုတင်သဘောတူညီမှုဖြင့် အတည်ပြုထားသော အကဲဖြတ်သုံးသပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များကို အသုံးပြုရမည်။ ဤလုပ်ငန်းအတွက် ကြာချိန်မိနစ် (၂၀) ခန့် ယူရမည်ဖြစ်သည်။

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လူတိုင်းအကျုံးဝင်ပညာရေးနှင့် အထူးပညာရေးအကြောင်းကို နားလည်သဘောပေါက်ပြီး ဆွေးနွေးတတ်မည်။
- ကျောင်းသားများအား သင်ယူမှု၌မပါဝင်နိုင်အောင် ကန့်သတ်ဟန့်တားထားသည့် (ပထုတ်ထားသည့်) အချက်များအကြောင်းကို ဆွေးနွေးပြီး ကျောင်းသားများအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် ကျောင်း၌ သင်ယူမှုအခွင့်အလမ်းများ တူညီစွာ ရရှိနိုင်မှုတို့အတွက် အသုံးပြုနိုင်မည့် နည်းလမ်းများကို အဆိုပြုတင်ပြတတ်မည်။
- အားလုံးအကျုံးဝင်သင်ယူနိုင်သော စာသင်ခန်းတစ်ခုနှင့် ဆီလျော်ကိုက်ညီစေမည့် သင်ယူပုံ သင်ယူနည်းကို လက်တွေ့ကျင့်သုံးရာတွင် လိုအပ်မည့်နည်းလမ်းများကို ဆွေးနွေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်းပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၄) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း တစ်တန်းလုံးနှင့် အုပ်စုလိုက်ဆွေးနွေးခြင်း၊ သင်ပြမှုပုံစံငယ်ရေးဆွဲခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၃) ကို ဖတ်ပါ။ သင်ပြမှုပုံစံငယ်တစ်ခု စီစဉ်ရေးဆွဲရန် ဆရာက ခေါင်းစဉ်ရှာပေးမည် သို့မဟုတ် ကျောင်းသားများ အုပ်စုတွင်း၌ ၎င်းတို့ ကိုယ်တိုင် ရှာစေမည်ဆိုသည်ကို ဆရာက ဆုံးဖြတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးရေးရန်စက္ကူ (သို့မဟုတ်) ပိုစတာရေးရန် စက္ကူ၊ သင်ပုန်း၊ မာကာများ။

**လက်ကမ်းစာစောင်အမှတ် (၄)** - အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း၊ 'လူတိုင်းအကျုံးဝင်/အထူး/ငြိမ်းချမ်းရေး အနှစ်သာရဖော်ဆောင်မှု ပညာရေးအယူအဆများနှင့် ညီညွတ်သည့် သင်ပြမှုပုံစံငယ်တစ်ခုရေးဆွဲရန် စံသတ်မှတ်ချက်များ'၊ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၃.၃) ပါ အကြောင်းအရာများကို ကိုးကားနိုင်သည်။ မူလတန်းကျောင်းသားကိုင်စာအုပ် ဘာသာရပ်အမျိုးမျိုးနှင့် ဆရာလမ်းညွှန်အမျိုးမျိုးကိုလည်း ရည်ညွှန်းကိုးကားနိုင်သည်။

**ရပ်တန့်ပါ။ စဉ်းစားပါ။**

လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ နောက်ခံအကြောင်းအရာများကို အတန်းတွင် လက်တွေ့ ကျင့်သုံးနိုင်မည့် လိုတိုရှင်းနည်းလမ်းများနှင့်တကွ ပိုမိုပြည့်စုံစွာလေ့လာလိုလျှင် 'IBE – UNESCO' လူတိုင်း အကျုံးဝင် ပညာရေးကို အထောက်အပံ့ ဖြစ်စေမည့် ရင်းမြစ်ပေါင်းချုပ် 'Resource Pack for supporting Inclusive Education' ကို အင်တာနက် အွန်လိုင်းဝက်ဘ်ဆိုက်ဒ် http://www.Ibe.org/site/default/files/resources ibe –crp-inclusiveducation–2016–eng.pdf တွင် ကြည့်ရှုလေ့လာနိုင်သည်။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ ပြန်လှန်လေ့လာခြင်း (၁၅ မိနစ်)**

၁။ ဤသင်ခန်းစာကို မိတ်ဆက်ရန်အတွက် ပြီးခဲ့သောသင်ခန်းစာ (၂) ခုတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ပြန်လည်ရည်ညွှန်း ဆွေးနွေးပါ။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်များကို ပြန်ကြည့်စေရန် မှတ်စုများပြည့်စုံမှု ရှိ/မရှိ စစ်ဆေးရန်လည်းပြောပါ။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေပြီး အောက်ပါတို့ကို ဆောင်ရွက်စေရမည်။

(က) အထူးပညာရေးတွင် ပါဝင်သည့် အကြောင်းအရာတို့ကို ဝါကျတစ်ကြောင်းတည်းဖြင့် ရှင်းပြစေရမည်။

(ခ) လူတိုင်းအကျုံးဝင် ပညာရေးတွင် ပါဝင်သည့် အကြောင်းအရာတို့ကို ဝါကျတစ်ကြောင်းတည်းဖြင့် ရှင်းပြစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

နှုတ်တိုက် စစ်ဆေးအကဲဖြတ်နိုင်သည်။ တစ်ဦးချင်း စစ်ဆေးလိုလျှင် ကျောင်းသားများအား ရေးသားစေပြီး တစ်ဦးချင်းစီ၏ အဖြေများကို စစ်ဆေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေအများစုသည် ကျောင်းသားကိုင်စာအုပ်ထဲမှ အကြောင်းအရာများကို ထင်ဟပ်ဖွယ်ရှိသည်။ ၎င်းတို့တွင် ပါဝင်နိုင်သည်တို့မှာ -

(က) အထူးပညာရေးတွင် ပါဝင်သည်တို့မှာ အထူးပညာရေးလိုအပ်ချက်များရှိနေသော ကျောင်းသားများ အတွက် ကူညီပံ့ပိုးပေးမှုများဖြစ်ပြီး အထူးပညာရေးလိုအပ်ချက်များ ဆိုသည်မှာလည်း ပြည့်စုံသော (ကျန်းမာရေးနှင့်) ကျောင်းသားများ၌ မတွေ့ရတတ်သော လိုအပ်ချက်များကို ဆိုလိုသည်။ ထိုလိုအပ် ချက်များနှင့် အခက်အခဲများကို လူတိုင်းတွေ့ကြုံရခြင်း မဟုတ်ပါ။ လိုအပ်ချက်ရှိသည် ဆိုရာတွင်လည်း ထိုကျောင်းသားများကို မတော်သော၊ မွေးရာပါဉာဏ်ထိုင်းသော သို့မဟုတ် သင်ကြား၍ မရနိုင်လောက်အောင် သင်ယူနိုင်စွမ်းချို့တဲ့သောသူများဟု အဓိပ္ပာယ်မသက်ရောက်စေရပါ။ အထူးပညာရေးလိုအပ်ချက်များသည် ယာယီသဘောဆောင်တတ်သကဲ့သို့ အမြဲတမ်းလည်း တည်ရှိနေတတ်သည်။

(ခ) လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ သင်ခန်းစာပြင်ဆင်ရာတွင် ကျောင်းသားအားလုံး ပါဝင်နိုင်စေမှုကို ရှေးရှုဦးတည်ထားသော ပုံစံဖြစ်သည်။ ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ ကျောင်းသား အသီးသီး၏ ခြားနားသော အသုံးပြုဘာသာစကား၊ စိတ်ဝင်စားမှု၊ အရည်အချင်း၊ ပေါင်းသင်း ဆက်ဆံရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ နောက်ခံအခြေအနေအသီးသီးတို့ ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၃၀)

၁။ ဤသင်ခန်းစာတွင် မည်သည်တို့ကို ဆောင်ရွက်မည်ကို ကျောင်းသားများအား ပြောပါ။ ထို့နောက် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ ၉.၃.၃ မှ အချင်းချင်း အကဲဖြတ်စစ်ဆေးမှုအကြောင်းကို ဖတ်စေမည်။

၂။ ပထမဦးစွာ သင်ပြမှုပုံစံငယ်အတွက် ၎င်းတို့သုံးမည့် အချင်းချင်းစစ်ဆေးအကဲဖြတ်ရန် စံသတ်မှတ်ချက်များကို ရေးဆွဲစေမည်။ ထိုစံသတ်မှတ်ချက်များကို ရေးဆွဲပြီးလျှင် အတန်းသို့ တင်ပြရမည်။ လက်ကမ်းစာစောင်အမှတ် - (၄) မှ အကြံပြုချက်များကို ဆွေးနွေးစေပြီး သဘောတူညီခြင်း ရှိ/မရှိ ထပ်ထည့်ရန်နှင့် ပြင်ဆင်ရန် ရှိ/မရှိ ဆန်းစစ်စေမည်။ ပြုစုရရှိလာသော စာရင်းသည် ကျစ်လစ်ပြည့်စုံမှု ရှိသင့်ပြီး ဖောင်းပွခြင်းမရှိအောင် ဂရုပြုစေမည်။

၃။ လက်ကမ်းစာစောင် ပထမထောင်လိုက်ဇယားကွက် ('သင်ပြမှုပုံစံငယ်က ဖြည့်တင်းပေးသည့် အရာမှာ') ကို ဖြည့်ရာတွင် အခြားအထူးပညာရေးလိုအပ်ချက်များ (သင်ခန်းစာ ၉.၃.၂ တွင်ရရှိသည်) ကိုပါ ဖြည့်သွင်းစေရမည်။ အုပ်စုလုပ်ငန်းနှင့် အုပ်စုလိုက်ဟောပြောတင်ပြရန် သတ်မှတ်ပေးထားသည့် သင်ခန်းစာနှင့်အညီ ဖြစ်စေရမည်။

၄။ အသုံးပြုရန် ရွေးချယ်ထားသော မူလတန်းကျောင်းသားကိုင်စာအုပ်များနှင့် မူလတန်းပြ ဆရာလမ်းညွှန် စာအုပ်အချို့ကို ကျောင်းသားများထံ ဖြန့်ဝေပေးပါ။

၅။ ကျောင်းသားအုပ်စုတို့အား ထိုစာအုပ်များထဲမှ ကြိုက်နှစ်သက်ရာသင်ခန်းစာတစ်ခုကို ရွေးချယ်၍ အထူးပညာရေးလိုအပ်ချက်များ၊ လူတိုင်းအကျုံးဝင်ပညာရေး လိုအပ်ချက်များနှင့် ကိုက်ညီသည့် သင်ပြမှုပုံစံငယ်တစ်ခုကို စီစဉ်ရေးဆွဲစေမည်။

၆။ ကျောင်းသားများအား ဘာသာရပ်ဆိုင်ရာ ကျောင်းသားကိုင်စာအုပ်အမျိုးမျိုးကို လေ့လာကြည့်ရှု၍ ရွေးချယ်ရန် လုံလောက်သောအချိန်ပေးထားရမည်။ သို့ရာတွင် သင်ခန်းစာမပြီးမီ (၅) မိနစ်ခန့်အလိုတွင် ဆုံးဖြတ်ချက်ပေးရမည်ဟု ပြောပြထားပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

အုပ်စုများအား မည်သည့်သင်ခန်းစာကို အခြေခံ၍ လုပ်ငန်းလုပ်ရန် ဆုံးဖြတ်ထားကြောင်း ပြောပြစေရမည်။ အဘယ်ကြောင့် ဤသင်ခန်းစာကို ရွေးချယ်ရကြောင်းကိုလည်း ပြောပြစေရမည်။ ဤလုပ်ငန်းက ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ဃ) (၂) နှင့် (ဃ) (၃) တွင် ပါဝင်သော ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးနှင့် သုတေသနအခြေပြု အလေ့အကျင့်တို့ကို ရရှိစေရန် မည်သို့အထောက်အကူဖြစ်စေကြောင်းကို ဆရာက ထောက်ပြနိုင်သည်။

### ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (၄၅ မိနစ်)

၁။ ကျောင်းသားများအား (၄) ယောက် တစ်အုပ်စု သို့မဟုတ် (၅) ယောက် တစ်အုပ်စုအဖြစ် အုပ်စုဖွဲ့ရန် ပြောပါ။ ထို့နောက် အခြေခံပညာဘာသာရပ်များထဲရှိ ကြိုက်နှစ်သက်ရာ ဘာသာရပ်တစ်ခုမှ သင်ခန်းစာတစ်ခုအတွက် သင်ပြမှုပုံစံငယ်ရေးဆွဲစေရမည်။ ဤသင်ပြမှု ပုံစံငယ်သည် လူတိုင်း အကျုံးဝင် ပညာရေးနှင့် အထူးပညာရေးတို့နှင့် ဆီလျော်သော ပံ့ပိုးမှုများပေးနိုင်မည့် ပုံစံတစ်ခု ဖြစ်သင့်သည်။

၂။ ကျောင်းသားများ ရေးထားသော သင်ပြမှုပုံစံငယ်များကို တစ်တန်းလုံးသို့ ဆွေးနွေး တင်ပြရမည်ဖြစ်ပြီး ကြိုတင်သဘောတူသတ်မှတ်ထားသော စံသတ်မှတ်ချက်များကို သုံး၍ အချင်းချင်း စစ်ဆေးအကဲဖြတ် ရမည်ဖြစ်ကြောင်းကို သတိပေးထားပါ။

**ရပ်တန့်ပါ။ စဉ်းစားပါ။**

ယနေ့မတိုင်မီအထိ မိမိ၏ကျောင်းသားများ ရေးဆွဲပြီးစီးထားသော သင်ပြမှုပုံစံငယ် မည်မျှရှိမည်နည်း။ ပညာရေးကောလိပ် မော်ဂျူးအသီးသီးတွင် သူတို့အနေနှင့် သင်ခန်းစာပြင်ဆင်ခြင်း သင်ပြမှုပုံစံငယ်ရေးဆွဲခြင်း တို့ကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်နိုင်သည်။ အဆိုပါ သင်ပြမှုပုံစံငယ်များကို လိုအပ်သလို ပြင်ဆင်ညှိယူ၍ ဤလုပ်ငန်းအတွက် သုံးစွဲနိုင်သည်။ ဤလုပ်ငန်းအတွက် အခြေခံပညာရေးမှ ကျောင်းသင်ဘာသာရပ် သင်ပြမှုပုံစံငယ်တစ်ခုကိုဖြစ်စေ၊ စံနမူနာပြပေးထားသော ပညာရေးကောလိပ်မှ ပုံစံတစ်ခုကိုဖြစ်စေ ဥပမာ - သူတို့လက်တွေ့တန်းပြဆင်းရာ၌သုံးရန် ရေးဆွဲရမည်ဖြစ်သည်။ သင်ပြမှုပုံစံငယ်တစ်ခု ရေးဆွဲရာ၌ အရေးပါသည့် အခြေခံအချက်များကို သိရှိနားလည်ထားရမည်။

၃။ ကျောင်းသားများ လုပ်ငန်းဆောင်ရွက်ရာ နေရာတစ်ဝိုက်သို့ သွားရောက်လေ့လာပါ။ သင့်တော်သည့် အခါမျိုး၌ ရှင်းလင်းစေလိုသည်တို့ကို မေးမြန်းပါ။

၄။ သင်ခန်းစာ လေ့လာနေစဉ်အတွင်း အချို့အချို့သော နေရာများတွင် ခေတ္တရပ်နားစေပြီး ၎င်းတို့၏ လုပ်ဆောင်မှု တိုးတက်ခြင်း ရှိ/မရှိကို (၂) ကြိမ် သို့မဟုတ် (၃) ကြိမ်ခန့် စစ်ဆေးပါ။ လိုအပ်သော အကြံဉာဏ်များပေးပါ။ အဓိကကျသော အချက်များကို ပြန်လည်ပြောပြပါ။

၅။ လုပ်ငန်းပြီးစီးရန် သူတို့ရရှိသည့် အချိန်အကန့်အသတ်ကို ပြောပြပါ။ နောက်ထပ် စာသင်ချိန်တွင် ၎င်းတို့၏ သင်ပြမှုပုံစံငယ်များကို ဆွေးနွေးတင်ပြရမည်ဖြစ်ကြောင်း ပြောပြပါ။ သင်ခန်းစာပြင်ဆင်ခြင်းသည် အချိန်ကြာမြင့်တတ်ပြီး - သင်ကြားရသည့် အချိန်ထက် အတော်အတန်ပင် ပို၍ကြာတတ်ကြောင်း သတိပြုရန်ပြောပြပါ။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း ( ၅ မိနစ်)**

လက်ကမ်းစာစောင် အမှတ် - (၂) နှင့် လက်ကမ်းစာစောင် အမှတ် - (၃) တို့ကို လမ်းညွှန်ချက်များအဖြစ်သုံးပြီး ၎င်းတို့ရေးသားထားသော သင်ပြမှုပုံစံငယ်များကို အချင်းချင်း စစ်ဆေး အကဲဖြတ်စေရမည်။

- သူတို့ရွေးချယ်ထားသော ဘာသာရပ်အတွက် သူတို့ရေးသားထားသော သင်ပြမှုပုံစံငယ်၌ ပါဝင်သင့်သည့် အခြေခံအစိတ်အပိုင်းများ ဆီလျော်စွာ ပါဝင်ခြင်း ရှိပါသလား။
- သင်ခန်းစာကို မည်ကဲ့သို့ အစပျိုးထားသနည်း။
- ကျောင်းသားများသည် အောက်ပါအချက်တို့ကို သိရှိနိုင်ပါမည်လား။
  - သူတို့ သင်ယူရမည့်အရာ
  - မည်ကဲ့သို့ သင်ယူရမည်နှင့်
  - သင်ယူမှုရလဒ်များရရှိသွားမှုကို မည်ကဲ့သို့ သိရှိနိုင်ပုံ။
- သင်ခန်းစာက ကျောင်းသားဗဟိုပြုသင်ယူမှုအခွင့်အလမ်းအမျိုးမျိုးကို ပံ့ပိုးပေးနိုင်ပါသလား။
- မည်သည့်စစ်ဆေးအကဲဖြတ်နည်းများကို အသုံးပြုထားသနည်း။
- အရေးပါသော အချက်အနေနှင့် လူတိုင်းအကျုံးဝင်ပညာရေး သို့မဟုတ် အထူးပညာရေး လိုအပ်ချက်တို့အတွက် မည်သည့်ပံ့ပိုးမှုများ ပြုလုပ်ထားပေးသနည်း။

**တတိယစာသင်ချိန်**

### သင်ယူမှုလုပ်ငန်း ၄။ ဟောပြော/ဆွေးနွေးတင်ပြခြင်း (၄၅ မိနစ်)

၁။ ကျောင်းသားများအား အုပ်စုအလိုက် သူတို့ရေးဆွဲထားသော သင်ပြမှုပုံစံငယ်တို့ကို အတန်းသို့ မျှဝေစေမည်။ သူတို့အား အချိန်သတ်မှတ်ချက်တစ်ခုပေးထားရမည်။ ဥပမာ ပြင်ဆင်ချိန် (၅) မိနစ်နှင့် တုံ့ပြန် အကြံပြုချက် (အချင်းချင်းအကဲဖြတ်စစ်ဆေးမှုမှ) ရယူရန် (၃) မိနစ်အချိန်ပေးပါ။ စစ်ဆေးအကဲဖြတ်သူ ကျောင်းသားများအား ကိုယ်ချင်းစာနာတတ်စွာနှင့် အပြုသဘောဆောင်စွာ အကဲဖြတ်ကြရန် သတိပေးရမည်။ အတန်းအရွယ်အစားကြီးလျှင် အုပ်စုခွဲများအဖြစ်ထပ်ခွဲပြီး အုပ်စုခွဲအသီးသီးက ရေးသားထားသည့် သင်ပြမှုပုံစံကို တင်ပြစေမည်။ လိုအပ်လျှင် ထိုသို့ဟောပြော တင်ပြခြင်းများကို စတုတ္ထ စာသင်ချိန်အထိ ဆက်တိုက်ဆောင်ရွက်စေရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ထိုလုပ်ငန်းကို အချင်းချင်းစစ်ဆေးအကဲဖြတ်စေရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တင်ပြမှုများသည် သင်ယူမှုလုပ်ငန်း (၂) နှင့် လုပ်ငန်း (၃) တွင် ပါဝင်သည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရမည်။ လက်ကမ်းစာစောင် (၄) တွင် ပါဝင်သည့်ပုံစံမျိုး ဖြစ်သင့်ပြီး သင်ယူမှုလုပ်ငန်း (၂) ကို ဆောင်ရွက်ရာတွင် ကျောင်းသားများ ရေးဆွဲထားသည့်ပုံစံငယ်ကို လက်ကမ်းစာစောင် (၄) နှင့် တိုက်ဆိုင်၍ ပြုပြင် ညှိယူစေမည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ သင်ပြမှုပုံစံငယ် ရှင်းလင်းတင်ပြခြင်း လုပ်ငန်းကို အကျဉ်းချုံးသုံးသပ်ပေးခြင်းအားဖြင့် ဆရာက သင်ခန်းစာကို အဆုံးသတ်ပါ။ မည်သည့် သိသာထင်ရှားသော သင်ယူမှု နယ်ပယ်များတွင် အောင်မြင်မှုရရှိခဲ့သနည်း။ မည်သည့်နယ်ပယ်များတွင် တိုးတက်မှုရရှိရန် လိုအပ်နေသေးသနည်း။

၂။ နောက်စာသင်ချိန်တွင် ရှင်းလင်းတင်ပြခြင်းကို ဆက်လက်ဆောင်ရွက်ရန်နှင့် အကဲဖြတ်သုံးသပ်ရန်ဖြစ်ကြောင်း ဆရာက ကျောင်းသားတို့ကို သတိပေးပြောပြပါ။

## စတုတ္ထစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၅။ ရှင်းလင်းတင်ပြခြင်း (မိနစ် ၂၀)

၁။ ရှင်းလင်းတင်ပြခြင်းမပြုရသေးဘဲ ကျန်နေသေးသည့် အုပ်စုများအား ယခင်စာသင်ချိန်က နည်းတူ ဆက်လက်ဆောင်ရွက်စေမည်။

**ရပ်တန့်ပါ။ စဉ်းစားပါ။**

ဤစာသင်ချိန်တွင် အချိန်သတ်မှတ်ချက်ကို လိုအပ်သလို ပြုပြင်ညှိယူနိုင်သည်။ ဆရာက ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ ဆွေးနွေးရှင်းလင်း တင်ပြမှုအရေအတွက် မည်မျှကို ဆောင်ရွက်စေမည်နည်း။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း/မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းတို့အတွက် အချိန်မည်မျှ အသုံးပြုမည်နည်း စသည်တို့ကို ဆရာက စဉ်းစားရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

ယခုလုပ်ငန်းကို အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းနည်းဖြင့် စစ်ဆေးစေရမည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

ဆွေးနွေးတင်ပြမှုများသည် သင်ယူမှုလုပ်ငန်း (၂) နှင့် (၃) တွင် ဖော်ပြထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရမည်။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းသည် လက်ကမ်း စာစောင်အမှတ် (၄) မှ ပုံစံကိုမှီငြမ်းပြု၍ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး သင်ယူမှုလုပ်ငန်း (၂) ဆောင်ရွက်ရာတွင် ၎င်းတို့ပြုစုရေးဆွဲထားသော သင်ပြမှုပုံစံများကို ဖော်ပြသတ်မှတ်ထားသည့်အတိုင်း ပြုပြင်ညှိယူနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၆။ ပြန်လည်သုံးသပ်ခြင်း (မိနစ်၂၀)**

၁။ ကျောင်းသားများ၏ ဆွေးနွေးတင်ပြမှုအားလုံး ပြီးဆုံးသွားသည့်အခါ အသုံးပြုခဲ့သော အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်း၏ မည်သည့်အစိတ်အပိုင်းတို့ကို သုံးရာတွင် အဆင်ပြေပြေသုံးနိုင်ပြီး မည်သည်တို့ကိုသုံးရာတွင်မူ အဆင်ပြေမှုနည်းပါးကြောင်းကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် စိတ်ကူးအယူအဆများကို ကျောင်းသားများအား မေးမြန်း၍ ဆွေးနွေးစေမည်။

၂။ ပြန်လည်သုံးသပ်စေခြင်းလေ့ကျင့်ခန်းကို ဆောင်ရွက်စေခြင်းဖြင့် သင်ခန်းစာကို အဆုံးသတ်ပါ။ ကျောင်းသားတို့အား မိမိတို့ကိုယ်ကို ပြန်လည်သုံးသပ်စေပြီး မှတ်စုများ ရေးသားစေမည်။

(က) လူတိုင်းအကျုံးဝင်/အထူး/ငြိမ်းချမ်းရေးဆိုင်ရာ ပညာရေးနှင့်ပတ်သက်၍ မည်သည်တို့ကို လေ့လာ သင်ယူခဲ့သနည်း။

(ခ) လူတိုင်းအကျုံးဝင်/အထူး/ငြိမ်းချမ်းရေးဆိုင်ရာ ပညာရေး၏မည်သည့်ရှုထောင့်များတွင် ပိုမို လေ့လာသင်ယူရန် လိုအပ်နေသေးသနည်း။

(ဂ) ၎င်းတို့က စာသင်ခန်းများတွင် လူတိုင်းအကျုံးဝင်/အထူး/ငြိမ်းချမ်းရေးဆိုင်ရာ ပညာရေးစိတ်ကူးအယူအဆများကို ထည့်သွင်းအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် စိတ်ကူး အချို့ကို ရှာဖွေနိုင်ခြင်း ရှိ/မရှိ။

၃။ 'လူတိုင်းအကျုံးဝင်ပညာရေးအတွက် သင်ပြမှုပုံစံငယ် စစ်ဆေးအကဲဖြတ်ရန် မေးခွန်းများ' ကို အသုံးပြုလျက် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ပါစေ။ ကျောင်းသားများအား ၎င်းတို့ကောင်းစွာ ဆောင်ရွက်တတ်သည့် အရာများနှင့် ကြိုးစားရန်လိုနေသေးသော အရာများအား ၎င်းတို့ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ရှာဖွေစေမည်။ ထိုနည်းတူ ၎င်းတို့အခက်အခဲတွေ့နေသည်တို့ကို ရှာဖွေဖော်ထုတ် သတ်မှတ်စေပြီး ၎င်းတို့ကို ကျော်လွှားရာ၌ အထောက်အကူရရှိစေရန် ဆောင်ရွက်ရမည့် နည်းလမ်း (၂) သွယ်ကို စဉ်းစားစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် ပင်ကိုအားဖြင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ဆရာက ဆန္ဒရှိလျှင် အချို့အုပ်စုများအား သို့မဟုတ် တစ်တန်းလုံးအား တုံ့ပြန်အကြံပြုချက်များပေးစေရန် ကူညီလမ်းညွှန်ပေးနိုင်သည်။ သို့သော် ဤသို့လုပ်ဆောင်ရန် အရေးမကြီးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တုံ့ပြန်မှုများသည် လုံးဝပုဂ္ဂလဓိဋ္ဌာန်ကျနိုင်သည်။ တစ်ဦးနှင့်တစ်ဦး လုံးဝခြားနားနိုင်သည်။ တုံ့ပြန်မှုများ၌ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်းသည့် တန်ဖိုးအချို့

ပါဝင်စေသင့်သည့်အပြင် လူတိုင်း အကျုံးဝင် ပညာရေးအယူအဆများ ဖြစ်ထွန်းတိုးတက်လာစေခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် လက်တွေ့ အသုံးချနိုင်ခြင်းတို့လည်း ပါဝင်စေသင့်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤစာသင်ချိန် (၄) ချိန်စာရှိသော သင်ခန်းစာတွင် ကျွမ်းကျင်မှုအများအပြား ပါဝင်နေသည်။ ထိုကျွမ်းကျင်မှုများတွင် သုတေသနပြုခြင်း၊ သင်ခန်းစာပြင်ဆင်ခြင်း၊ လိုအပ်ချက်အလိုက် ဆောင်ရွက်ခြင်း၊ ဆွေးနွေးတင်ပြခြင်း၊ အုပ်စုလုပ်ငန်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ ပြန်လည်ထင်ဟပ် သုံးသပ်ဆင်ခြင်တတ်သော သင်ကြားနည်း စသည်တို့ ပါဝင်ကြသည်။

၂။ ဤကျွမ်းကျင်မှုများကို ကျောင်းသားများမြင်သာအောင် ဆရာက ရှင်းလင်းစွာ ထောက်ပြပါ။ ထို့ပြင် ထိုလုပ်ငန်းက ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်အမျိုးမျိုး ရရှိရေးအတွက် မည်သို့ဆောင်ရွက်ခွင့် ပြုပေးပုံကိုလည်း ထောက်ပြညွှန်ပြရမည်။

၃။ နောက်ဆုံးတွင် သင်ခန်းစာ၏ရလဒ်များကို ပြန်လည်သုံးသပ်စေပြီး မည်သည့်အတိုင်းအတာအထိ ရရှိခဲ့ပြီးဖြစ်ကြောင်းကို သုံးသပ်ပါ။ (အထူးပညာရေးလိုအပ်ချက်များနှင့် လူတိုင်းအကျုံးဝင်ပညာရေး လိုအပ်ချက်တို့အတွက် သင်ပြမှုပုံစံငယ်များမှ မည်မျှထိ အောင်မြင်စွာ ပံ့ပိုးပေးနိုင်သည်ဆိုသောအချက်အပေါ် အဓိကမူတည်သည်။)

### ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများအား စိတ်ကြိုက်ဘာသာရပ်နှင့် သင်ခန်းစာခေါင်းစဉ် ရွေးချယ်စေခြင်းထက် အုပ်စုတစ်ခုစီအတွက် ဘာသာရပ်တစ်ခုစီကို ဆရာက ရွေးချယ်သတ်မှတ်ပေးသင့်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ သင်ခန်းစာပြင်ဆင်မှုလုပ်ငန်းအတွက် ကျောင်းသားများအား ထောက်ကူပေးရန် ရင်းမြစ် အမျိုးမျိုးရှိကြသည်။

**သင်ယူမှုလုပ်ငန်း ၄ နှင့် ၅။** ။ အုပ်စုတစ်ခုစီ၏ လုပ်ဆောင်နိုင်စွမ်းနှင့် ညီညွတ်မှုစွမ်းအားအပေါ် မူတည်၍ အုပ်စုလိုက်တင်ပြသော ဆွေးနွေးတင်ပြမှု၏ အရည်အသွေးအမျိုးမျိုး ကွဲပြားပါမည်။ ကျောင်းသားဦးရေ မည်မျှက တင်ပြမည်နည်း။ အုပ်စုတိုင်းက တစ်တန်းလုံးကို တင်ပြရန် လိုအပ်ပါသလား။

သင်ယူစဉ်စစ်ဆေးအကဲဖြတ်ရာတွင် ဆရာက ထည့်သွင်းစဉ်းစားနိုင်သည့် အခြားစစ်ဆေး အကဲဖြတ်ရန် အချက်များမှာ စကားသံအရည်အသွေး၊ ပရိသတ်နှင့်အပြန်အလှန် ဆက်သွယ်၍ အမေးအဖြေပြုမှု၊ ရုပ်မြင်ထောက်ကူများ သုံးစွဲမှု၊ တင်ပြမှုအစပျိုးချိန်နှင့် အဆုံးသတ်ချိန်တွင် ရှင်းလင်းပြတ်သားမှု စသည်တို့ ဖြစ်ကြသည်။

**သင်ယူမှုလုပ်ငန်း ၆။** ။ ပြန်လည်သုံးသပ်မှုလုပ်ငန်းပုံစံ အမျိုးအစား အစုံအလင်ကို တွေ့ရှိနိုင်သည်။ ဥပမာ - ဆရာက ကျောင်းသားများကို ယနေ့သူတို့လေ့လာသင်ယူခဲ့ရသည် တို့ကို စဉ်းစားစေပြီး ငြိမ်းချမ်းရေးဆိုင်ရာပညာရေး၊ အထူးပညာရေးအယူအဆများနှင့် စပ်ဟပ်ကိုက်ညီ သော စာသင်ခန်းတစ်ခုပေါ်ပေါက်လာစေရန် အသုံးပြုခဲ့သည့်သင်ယူမှုနည်းလမ်းများကို ရှာဖွေ ဖော်ထုတ်သတ်မှတ်စေသင့်သည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ‘သတိပြုမိခြင်း’ ကျွမ်းကျင်မှုဆိုသည်မှာ အဘယ်နည်း။ ထိုကျွမ်းကျင်မှုသည် အဘယ်ကြောင့် အသုံးဝင်သနည်း။

***အဖြေ။*** *‘သတိပြုမိခြင်း’က ဖော်ပြသောအချက်တို့မှာ လေ့လာကြည့်ရှုတတ်ခြင်း၊ အာရုံကို လက်ခံယူတတ်ခြင်းနှင့် ဆင်ခြင်တတ်ခြင်းတို့ဖြစ်သည်။ ဆရာ၏သတိပြုမိခြင်းက မိမိ၏ ကျောင်းသားများတွင် ဖြစ်ပေါ်နေပုံရသော အပြောင်းအလဲများကို သိမြင်လာစေသည်။ မိမိ၏ ကျောင်းသားတစ်ဦး ကောင်းစွာသင်ယူ နိုင်သောအခါ၊ အကူအညီလိုအပ်သောအခါနှင့် အခြားသူတို့နှင့် ဆက်ဆံပုံပြောင်းလဲသောအခါ စသည့် အပြောင်းအလဲများကို သိမြင်တတ်ရန် လိုအပ်သည်။*

**မေးခွန်း ၂။** အထူးပညာရေးလိုအပ်ချက် (SEN) ရှိသူ ကျောင်းသားများကို သင်ကြားပေးရန် ယေဘုယျ အားဖြင့် မည်သို့ကြိုတင်ပြင်ဆင်ရမည်နည်း။

***အဖြေ။*** *အောက်ပါအဖြေများထဲမှ တစ်ခုခုဖြစ်နိုင်သည်။ သို့မဟုတ် ဆင်တူသော အဖြေရနိုင်သည်။*

*သင်ယူမှုနည်းလမ်းအမျိုးမျိုးကို စမ်းသပ်အသုံးပြုကြည့်ပြီး ကျောင်းသားများ၏ တုံ့ပြန်မှုကို လေ့လာခြင်းအားဖြင့် မည်သည်တို့က အထောက်အကူဖြစ်စေပြီး မည်သည်တို့က အထောက်အကူ မဖြစ်စေကြောင်း စူးစမ်းလေ့လာမည်။ ကျောင်းသားအားလုံးကို စုံလင်အောင် စောင့်ကြည့်လေ့လာ၍ သူတို့ပြောဆိုသမျှ အားလုံးကိုလည်း နားထောင်ပါ။ သို့သော် အထူးလိုအပ်ချက်ရှိသူများကို အထူး စိတ်ဝင်စားစွာ နားထောင်ပေးပါ။ (ထိုအခါ သူတို့လည်း စာသင်ကြားရာတွင် စိတ်ဝင်စားလာမည်။)*

*ကျောင်းသားတို့၏ အပြောအဆို၊ အပြုအမူ၊ အရေးအသား၊ ပုံရေးဆွဲမှုနှင့် ပေါင်းသင်း ဆက်ဆံရေးတို့ကိုလေ့လာပြီး ၎င်းတို့မှတစ်ဆင့် သူတို့၏ ကျွမ်းကျင်မှုနှင့် မကျွမ်းကျင်မှုတို့ကို ရှာဖွေဖော်ထုတ်နိုင်လာမည်။*

*ကျောင်းသားတို့၏ သင်ယူမှုတိုးတက်လာခြင်းနှင့် အသစ်တတ်မြောက်လာခြင်းတို့ကို ရည်ညွှန်းနိုင်သည့် တိုးတက်မှုအရိပ်လက္ခဏာများကို မျက်ခြည်မပြတ် အကဲခတ် လေ့လာပါ။ တိုးတက်မှု အရိပ်အယောင် မဆိုစလောက်ဖြစ်စေ၊ ကြီးမားသော အတိုင်းအတာဖြစ်စေ တွေ့ရှိလျှင် ချက်ချင်း ချီးကျူး အသိအမှတ်ပြုပေးပါ။*

*(၂၁) ရာစု စာသင်ခန်းများ၏ မတူကွဲပြားခြားနားမှုများကို အလေးထားကာ နှစ်သက်လက်ခံနိုင်အောင် ကြိုးစားပါ။*

**မေးခွန်း ၃။** အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်မှာအဘယ်နည်း။

***အဖြေ။*** *ကျောင်းသားများ ၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှုကို မည်သို့ဦးဆောင်ရမည်ကို သိရှိနားလည်နိုင်စေရန်၊ ပညာရည်စစ်ဆေးခြင်းအကြောင်း နားလည်လာစေရန် သို့မဟုတ် အမှတ်ပေးစည်းမျဉ်း/စံသတ်မှတ်ချက် များကို နားလည်လာစေရန် တို့အတွက် ဖြစ်ကြသည်။ အခြားကျောင်းသားများကို အထောက်အကူပြုသော အကြံပြုချက်များ ပေးနိုင်ရန်နှင့် စံသတ်မှတ်ချက်များကို ပြည့်မီစေရန်လည်း ရည်ရွယ်သည်။ သို့မှသာ ၎င်းတို့၏ သင်ကြားရေးလုပ်ငန်းတွင် ၎င်းတို့ သိရှိလာရသော အသိပညာကို ပြန်လည် အသုံးပြုတတ်လာမည်ဖြစ်သည်။*

# ၉.၄။ ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး

စာသင်ချိန် (၄) ချိန်စာရှိသော ဤသင်ခန်းစာတွင် ကျောင်းသားများသည် ယခင်အခန်းက သင်ယူခဲ့သော လူတိုင်းအကျုံးဝင်ပညာရေး အယူအဆအပေါ် အခြေပြုတည်ဆောက်ထားသည့် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးကို လေ့လာသင်ယူကြရမည်ဖြစ်သည်။ ကျောင်းသားအားလုံး အကျုံးဝင်သင်ယူနိုင်ပြီး ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေရေး အားပေးမှုသည် အရေးပါသည့်အတွက် ဤရည်မှန်းချက် ရရှိရန် ပံ့ပိုးပေးမှုတွင် ပညာရေးလုပ်ငန်း၌ ပါဝင်ပတ်သက်နေသူအားလုံး၏ အာရုံစူးစိုက်မှု များစွာလိုအပ်ပါသည်။ စာသင်ခန်းနှင့် စာသင်ခန်းတွင်း သင်ကြားမှုက စာသင်ခန်းပြင်ပတွင် အတုယူဖွယ် စံပြနမူနာ အပြုအမူတစ်ခုကို ပြသရာရောက်ကြောင်း ဆရာများက သိရှိရန်လည်း အရေးကြီးပါသည်။ ဤငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးသင်ခန်းစာက ဆရာများအား ကျောင်းသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေသော သင်ယူမှုပတ်ဝန်းကျင် တည်ဆောက်ရေးကို အားပေးသည့် သင်ခန်းစာပြင်ဆင်မှုနှင့် သင်ကြားနည်းတို့တွင် ထပ်မံထည့်သွင်းနိုင်သော ရှုထောင့်များ၊ စံသတ်မှတ်ချက်များနှင့် မိတ်ဆက်ပေးထားသည်။ ဤလုပ်ငန်းအောင်မြင်လျှင် လူတိုင်းအကျုံးဝင်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့အတွက် ခိုင်မာသော အုတ်မြစ်ချပေးနိုင်မည်ဖြစ်ပြီး ကျောင်းနှင့် စာသင်ခန်းများတွင်သာမက တစ်နိုင်ငံလုံး အတိုင်းအတာအထိပါ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

# ၉.၄.၁။
# ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး မိတ်ဆက်/နိဒါန်း

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး၏ အဓိပ္ပာယ်ကို မိမိတို့ကိုယ်ပိုင် စကားလုံးများသုံး၍ ဖွင့်ဆိုရှင်းလင်းပြတတ်မည်။
- သင်ယူမှုနည်းလမ်းများ၊ သင်ရိုးများနှင့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများတွင် ပါဝင်နေသည့် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး၏ ဥပမာများကို ဖော်ပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာ စေရေး အတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက် စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ သင်ခန်းစာ ပြင်ဆင်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၄.၁) ကို ဖတ်ပါ။ စာရိတ္တပညာ ဘာသာရပ်နှင့် ပြည်သူ့နီတိစာအုပ် - အခန်း (၅) (ငြိမ်းချမ်းရေးနှင့် ဝိရောဓိ/ပဋိပက္ခ) ကို ပြန်လှန်သုံးသပ် လေ့လာပါ။

**လိုအပ်သောရင်းမြစ်များ။** ရွေးချယ်ထားသော မူလတန်းကျောင်းသုံး စာအုပ်အချို့ (ဘာသာရပ်အချို့မှ) သင်ခန်းစာများ၊ ကားချပ်ကြီးအတွက် စက္ကူ၊ အပြီးသတ်စစ်တမ်း ကောက်ယူရန် စာရွက်ပိုင်းများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၀ မိနစ်)**

၁။ ကျောင်းသားများ သင်ယူခဲ့ပြီးသည့် စာရိတ္တပညာဘာသာရပ်နှင့် ပြည်သူ့နီတိမှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအကြောင်း အယူအဆများကို ပြန်လည်လေ့လာစေရမည်။

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပြီး အချိန် (၅) မိနစ်ခန့် ပေးပါ။ ထိုအကြောင်းအရာကို ဆွေးနွေးစေပြီး တုံ့ပြန်အကြံပြုချက်များ ရယူစေမည်။ သင်ပုန်းပေါ်တွင် အဓိကအချက်များကို ဆရာက ရေးပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသို့ ဉာဏ်ဖွင့်ဆွေးနွေးစေခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခခေါင်းစဉ်တွင် ပါဝင်သော အကြောင်းအရာ အမျိုးမျိုးကို ကျောင်းသားတို့က အလေးမူတန်ဖိုးထားခြင်း ရှိ/မရှိကို ဆရာက ခြုံငုံသဘောပေါက် နားလည်လာနိုင်မည်။ ထို့ကြောင့် သင်ခန်းစာ၏ ကျန်အပိုင်းကိုလည်း ၎င်းတို့ မည်သို့သဘောထားကြောင်း သိလာနိုင်သည်။ ကျောင်းသားများအနေနှင့် အခြေခံကျသောအချက် အချို့ကို ပြန်လှန်လေ့လာရန်လိုမည်။ သို့မဟုတ် ဘာသာရပ်အကြောင်းကို ပိုမို၍ အသေးစိတ် မွှေနှောက်စူးစမ်းလိုကလည်း စူးစမ်းရှာဖွေနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများပြောလာမည့် အကြောင်းအရာများထဲတွင် ပါဝင်နိုင်သောအရာများမှာ အထူးသဖြင့် လူမျိုးရေး ပဋိပက္ခ၊ မျိုးနွယ်စုပဋိပက္ခ၊ မတူကွဲပြားခြားနားခြင်းပြဿနာ၊ ကွဲပြားသော ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးစံများ၊ အကြမ်းဖက်မှုပုံစံအမျိုးမျိုး၊ လူသားတစ်ဦးအနေနှင့် လိုအပ်ချက်များ၊ ပုံသေကားကျ ခွဲခြားဆက်ဆံ ပြုမူလေ့ရှိသော ကျား/မ ရေးရာများ၊ ခွဲခြားဆက်ဆံခြင်းများ၊ နိုင်ငံရေးဆိုင်ရာ ဝင်ရောက်ခြယ်လှယ်မှုများ၊ ကြားဝင်မှုများ၊ အမျိုးသားရေး အမွေအနှစ် စသည်တို့ ပါဝင်လာနိုင်မည်။ အခြားသော အဖြေအမျိုးမျိုး တို့သည်လည်း စာရိတ္တ ဘာသာရပ်နှင့် ပြည်သူ့နီတိတွင် ဤအကြောင်းအရာများကို သင်ကြားပေးပုံအလိုက် ပေါ်ထွက်လာနိုင်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဆွေးနွေးခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားများအား အုပ်စုများဖွဲ့ပေးပြီး ကားချပ်ကြီးတစ်ခုတွင် ဂရပ်ဖစ်ပုံများ ရေးဆွဲသရုပ်ဖော်စေ၍ တင်ပြခြင်းလုပ်ငန်းကို ဆောင်ရွက်ပါစေ။ အုပ်စုများက ဆောင်ရွက်ရမည်မှာ ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှုပညာရေး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်ရန် ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးပြီးနောက် ကားချပ်ကြီးပေါ်တွင် သရုပ်ဖော်ဂရပ်ဖစ်ပုံများ ရေးဆွဲစေရမည်။

### ရပ်တန့်ပါ။ စဉ်းစားပါ။

ကျောင်းသားအုပ်စုများ ဆွေးနွေးရာအနီးသို့ ဆရာက သွားရောက်လေ့လာ အကဲဖြတ်သည့်အခါ သတိပြုရမည့် အချက်မှာ ၎င်းတို့သည် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်နိုင်မှုပညာရေးအကြောင်းကို မဆွေးနွေးဘဲ ငြိမ်းချမ်းရေးအကြောင်း တစ်ခုတည်းကိုသာ ပြောဆိုဆွေးနွေးနေတတ်ကြသည်။ နှစ်မျိုးစလုံးအတွက် ဆွေးနွေးရန် ၎င်းတို့ကို သေချာပြောပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ဆရာက ကျောင်းသားများ လုပ်ငန်းလုပ်ဆောင်ရာ အနီးဝန်းကျင်သို့ သွားရောက်ပြီး သင်ယူစဉ် စစ်ဆေးခြင်းနည်းဖြင့် စစ်ဆေးအကဲဖြတ်ပါ။ ဤလုပ်ငန်းသည်လည်း ပုဂ္ဂလဓိဋ္ဌာန်ကျသဖြင့် ကျောင်းသားအုပ်စုအားလုံးက ရလာသော အကြောင်းတရားများမှာ တစ်ညီတည်း မဖြစ်နိုင်ပါ။ ကျောင်းသားအုပ်စုတို့၏ စဉ်းစားမှုကို ထပ်ဆောင်းကျယ်ပြန့်စေလိုလျှင် ဆရာက ၎င်းတို့အသုံးပြုထားသော ဂရပ်ဖစ်ပုံများအကြောင်းကို မေးခွန်းများ မေးပေးခြင်းအားဖြင့် ဖြန့်ကြက်စဉ်းစားစေမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အနက်အဓိပ္ပာယ် ကောက်ယူမှုအမျိုးမျိုးကို ရရှိနိုင်သည်။ ကျောင်းသားကိုင်စာအုပ်ကို ကြိုတင်ဖတ်ထားသူများက စာအုပ်ထဲမှ အကြောင်းအရာများကို တိုက်ရိုက်အသုံးပြုမည် ဖြစ်သကဲ့သို့ ၎င်းတို့၌ ထပ်မံဖြည့်စွက်၍ အသိပညာရှိသူများထံမှလည်း ခြားနားသောအဖြေ ရရှိနိုင်မည်။ ၎င်းတို့ သင်ယူရသော အခြားဘာသာရပ်များ၊ ဥပမာ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ရှိ သင်ခန်းစာမှလည်း အဓိပ္ပာယ်ဖွင့်ဆိုချက် ရရှိနိုင်မည်။ အခြား ကိုယ်ပိုင် သုတေသနပြု တွေ့ရှိချက်များလည်း ပါဝင်နိုင်သည်။

## သင်ယူမှုလုပ်ငန်း ၃။ စာဖတ်ခြင်းနှင့် အနှစ်ချုပ်ရေးခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှု ပညာရေး၊ ကျောင်းများပုံ့ပိုးနှံ့တည်ရှိပုံ (တည်နေရာများ)၊ ပညာရေးစနစ်စီမံခန့်ခွဲမှု၊ ပညာရေးမူဝါဒ စသည်တို့ကို ကျောင်းသားများအား ဖတ်ရှုမှတ်သားစေသည်။ သူတို့ မရှင်းလင်းသည်များ ရှိလျှင်လည်း ဆရာ့ထံ မေးမြန်းစေမည်။

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေပြီးလျှင် သူတို့ဖတ်ထားသော အကြောင်းအရာများ၏ အနှစ်ချုပ်ကို ရေးသားစေမည်။

၃။ တုံ့ပြန်အကြံပြုချက်များရယူပြီး အဓိကအချက်များကို သင်ပုန်းပေါ်တွင် ဆရာက ရေးပြမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ရေးသားသော အနှစ်ချုပ် အချက်အလက်များက ဆရာအား သူတို့၏ နားလည်မှု အတိုင်းအတာကို ခြုံငုံအကဲဖြတ်စစ်ဆေးနိုင်စေလိမ့်မည်။ ဆရာ့အနေနှင့် သူတို့အား ထပ်မံဖြည့်စွက် ဆောင်ရွက်စေလိုလျှင် (သို့မဟုတ်) ရှင်းလင်းစေလိုလျှင် ထပ်ဆောင်းမေးခွန်းများ မေးခြင်းဖြင့် သူတို့၏ နားလည်မှုကို ထပ်မံအကဲဖြတ်စစ်ဆေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဓိကကျသော အနှစ်ချုပ်အချက်အလက်များသည် ကျောင်းသားကိုင်စာအုပ်မှ တိုက်ရိုက် ယူရေးထားသော အချက်များသာဖြစ်မည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၄။ ပြန်လှန်လေ့လာခြင်း (၅ မိနစ်)

ယခင်စာသင်ချိန်မှ လေ့လာခဲ့သော ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှု ပညာရေးတွင် ပါဝင်သည့် အရာတို့ထဲမှ အရေးပါသည့် အချက်အလက်အချို့ကို ပြန်လည် လေ့လာစေမည်။ ခေါင်းစဉ်ပါအကြောင်းအရာ အပြည့်အစုံကို ပြန်ပြောရန်မလိုပါ။ သင်ခန်းစာသစ် အစပျိုးရန် အချက်အလက်အနည်းငယ်ကို ရှင်းပြ ဆွေးနွေးပေးပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ပထမစာသင်ချိန် အစပိုင်းဖြစ်သည့်အတွက် ဤအဆင့်၌ ကျောင်းသားတို့၏ ဘာသာရပ်ဆိုင်ရာ နားလည်မှုကို သင်ယူစဉ် စစ်ဆေးမှုတစ်ခုအဖြစ် စစ်ဆေးခြင်းသာဖြစ်သည်။ ထို့ပြင် ကျောင်းသားတို့အနေနှင့် ရှေ့ဆက်၍ သင်ခန်းစာအသစ် မသင်ယူမီ ယခင်သင်ခန်းစာများမှ လုံလောက်သော အခြေခံရခဲ့ခြင်း ရှိ/မရှိ စစ်ဆေးခြင်းလည်း ဖြစ်သည်။ လိုအပ်လျှင် အခြေခံအချက်အချို့ကို ပြန်လှန်ပြောပြခြင်း၊ ရှင်းပြခြင်းတို့ လုပ်ဆောင်ရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ယခင်စာသင်ချိန်မှ ရရှိခဲ့သော အချက်အလက်များကိုပင် ပေးလာကြလိမ့်မည်။ ယခင် သင်ခန်းစာတွင် ဖော်ပြခဲ့သော တုံ့ပြန်မှုအခန်းကဏ္ဍကို ကြည့်ရှုပါ။

### သင်ယူမှုလုပ်ငန်း ၅။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ( မိနစ်၂၀)

၁။ အောက်ဖော်ပြပါပုံကို ကျောင်းသားများ စိတ်ဝင်စား အာရုံစိုက်လာအောင် ဆွဲဆောင်ပါ။

၂။ ၎င်းတို့အား အောက်ပါမေးခွန်းများကို မေးပါ။

(က) ဤရုပ်ပုံကားချပ်တွင် မြင်ရသည်တို့ကိုရှင်းပြပြီး ဤရုပ်ပုံကားချပ်က သင်ကြားရေး လုပ်ငန်းနှင့် မည်ကဲ့သို့ ဆက်စပ်နေပုံကိုရှင်းပြပါ။

(ခ) အဆိုပါ ရုပ်ပုံကားချပ်တွင် တွေ့ရှိရသော အခြေအနေသည် အားလုံး အကျုံးဝင်စေမှုကို အဘယ်ကြောင့် အားပေးခြင်းမပြုကြောင်း ရှင်းပြပါ။


(ဂ) ပုံပါအခြေအနေအရ ကျောင်းသားတစ်ဦးစီ၏ သင်ယူမှုအရည်အသွေးကို ညီမျှစွာ စစ်ဆေးခြင်း မပြုနိုင်သည်မှာ အဘယ်ကြောင့်နည်း။

(ဃ) ထိုသို့သော ဘက်လိုက် ဆက်ဆံတတ်သည့် သင်ကြားနည်းများနှင့် စစ်ဆေး အကဲဖြတ်ခြင်း နည်းများက တင်းမာမှုများနှင့် ပဋိပက္ခများကို မည်ကဲ့သို့ ပေါ်ပေါက်စေနိုင်သနည်း။

(င) စစ်ဆေးမှုကို ပိုမို၍ သာတူညီမျှဖြစ်စေရန်၊ တရားမျှတစေရန် မည်သည်တို့ကို ဆောင်ရွက်နိုင် မည်နည်း။

၃။ ကျောင်းသားများအား နှစ်ယောက်တွဲဖြစ်စေ၊ အုပ်စုငယ်များအဖြစ်ဖြစ်စေ အထက်ပါ မေးခွန်းများ အတွက် အဖြေရှာဆွေးနွေးစေရန် အချိန် (၁၀ မိနစ် ၁၅ မိနစ်) ခန့် ပေးထားပါ။

၄။ တုံ့ပြန်အကြံပြုချက်များကို ရယူစုဆောင်းပြီး အရေးကြီးသောအချက်များကို ဆရာက သင်ပုန်းပေါ်တွင် ရေးသားပြရမည်။




**ပုံ ၉.၁။ သင်ကြားရာတွင် ဘက်လိုက်ခြင်း**

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ဆွေးနွေးနေရာအနီးသို့ လှည့်ပတ်သွားလာရင်း နားထောင်ပါ။ မိမိကြားလာရသော အချက်အလက်ကောင်းများရှိပါက မှတ်သားပြီး တုံ့ပြန်အကြံပြုချက်များ ပေးရာတွင် ထည့်သွင်းညွှန်ကြားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားအားလုံးအတွက် အကျိုးဝင်စေမှုနှင့် တရားမျှတစွာ ဆောင်ရွက် ဆက်ဆံမှုတို့သည် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးတွင် အရေးပါသော အစိတ်အပိုင်းများအဖြစ် ဆက်စပ်မှုရှိနေကြောင်းကို ကျောင်းသားများက သိရှိနားလည်ထားသင့်သည်။

ပေးထားသော မေးခွန်းများအတွက် တုံ့ပြန်မှုအဖြေအမျိုးမျိုး ပေးကြမည်ဖြစ်သည်။ ထို့ကြောင့် ဆရာက အဖြေ တစ်မျိုးတည်းကိုသာ ရရှိမည်ဟု မရည်ရွယ်ပါနှင့်။ ရလာမည့် တုံ့ပြန်မှုများအတွက် အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) တုံ့ပြန်မှုများသည် အဓိကအားဖြင့် တစ်ဦးချင်းစီ၏ အယူအဆအလိုက် ပုဂ္ဂလဓိဋ္ဌာန်ကျမည်။ ထိုရုပ်ပုံကားချပ်က သင်ကြားမှုနှင့် ဆက်စပ်ပုံမှာ ဉာဏ်ရည်ဉာဏ်သွေးနှင့် သဘာဝချင်းများစွာ ခြားနားသော ကျောင်းသားအသီးသီးတို့အား ပညာရည် တိုင်းတာစစ်ဆေးရာတွင်နှင့် အောင်မြင်မှု စံသတ်မှတ်ချက်များ ပြုစုရာတွင် တူညီသော စစ်ဆေးခြင်းနည်း တစ်ခုတည်းကိုသာ ဆရာက ဆောင်ရွက်ပေးခြင်း ဆိုသည့်အချက်ဖြစ်သည်။

(ခ) ပညာရည်စစ်ဆေးမှု (စာမေးပွဲ) တွင် ဝင်ရောက်ဖြေဆိုကြရသော ကျောင်းသား တစ်ဦးချင်း၏ အားသာချက်နှင့် အားနည်းချက်အသီးသီးကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုဘဲ စစ်ဆေးခြင်းကြောင့် ဖြစ်သည်။ စာမေးပွဲ (သို့မဟုတ်) ပညာရည် တိုင်းတာစစ်ဆေးမှုတစ်ခုသည် အလွယ်တကူ ကျပန်းပုံစံဖြင့် ဖန်တီးလိုက်ခြင်းသာဖြစ်ပြီး အချို့သောကျောင်းသားများအတွက် အောင်မြင်နိုင်မှု အခွင့်အလမ်းအချို့မှာ အချို့ထက်ပို၍ အားကောင်းနေတတ်သည်။ ပညာရည် တိုင်းတာ စစ်ဆေးမှု တစ်ခု၏ တရားမျှတမှုဆိုသည်မှာ မည်သို့သော ဘက်လိုက်မှုမျိုးမှ မပါဝင်စေသော စစ်ဆေးမှုကို

ဆိုလိုသည်။ ပညာရည်စစ်ဆေးမှု (စာမေးပွဲ) တစ်ခုသည် အရည်အချင်းကိုယ်စီရှိသော ကျောင်းသားအားလုံးအတွက် သင့်တော်၍ ဆီလျော်မှုရှိသော စစ်ဆေးမှုဖြစ်သင့်ကာ လူမျိုး၊ ဘာသာ၊ ကျား/မ ရေးရာနှင့် သန်စွမ်းမှု ရှိခြင်း/မရှိခြင်း စသည့် ကွဲပြားခြားနားချက်တို့အရ ခွဲခြားမှု၊ ဘက်လိုက်မှု၊ တစ်ဖက်စောင်းနင်း ပြုမူမှုတို့ လုံးဝ ကင်းရှင်းစေရမည်ဖြစ်သည်။

(ဂ) ဤရုပ်ပုံကားချပ်၏ ဖော်ပြချက်အရ ပညာရည်တိုင်းတာစစ်ဆေးမှု (စာမေးပွဲ) သည် ကျောင်းသားများ၏ သင်ယူမှုတွင် တစ်ကိုယ်ရေ တိုးတက်မှုများကို ပြသခွင့်မပေးသကဲ့သို့ ယခင်က လေ့လာသင်ယူပြီးခဲ့သည်တို့အပေါ်၌လည်း အခြေပြုမှု မရှိပါ။ စစ်ဆေးမှုကို လျှပ်တစ်ပြက် ဆောင်ရွက်လိုက်ခြင်းဖြစ်ပြီး ကျောင်းသားများအား အံ့သြသွားစေသည်။ ထိုစစ်ဆေးမှုက သင်ယူထားပြီးသည့် အရာများကို စစ်ဆေးခြင်းမပြုဘဲ ကျောင်းသားတို့၏ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းနှင့် စွမ်းဆောင်နိုင်မှုကို ဦးစားပေး၍ ဘက်လိုက်မှုပြုထားသည်။ စာမေးပွဲတစ်ခု၏ တရားမျှတမှုဆိုသည်မှာ ကျောင်းသားများအား မည်သို့သော ဘက်လိုက်မှုမျိုးမှမဆို လုံးဝကင်းလွတ်စေရမည်ဖြစ်သည်။ ဆရာက စစ်ဆေးမှု ပြုလုပ်ရာတွင်လည်း ဘက်လိုက်မှု လုံးဝကင်းရှင်းစေရမည်။ (မည်သည့်ကျောင်းသား တစ်စုံတစ်ဦးမျှ မသိခြင်း၊ မကျွမ်းကျင်ခြင်းတို့ကြောင့်သာ မဟုတ်ခဲ့လျှင် နစ်နာခံစားမှု မရှိစေသင့်ပါ။ ဘက်လိုက်မှု တစ်စုံတစ်ခုကြောင့် နစ်နာသွားခဲ့ရသော ကျောင်းသားမျိုး တစ်ဦးတစ်လေမျှ မရှိသင့်ပါ။ မစစ်ဆေးမီ လုံလောက်သော လေ့လာသင်ယူမှု အခွင့်အလမ်းများ ပံ့ပိုးပေးထားပြီး ထိုအသိပညာနှင့် ကျွမ်းကျင်မှုတို့ကို ပြန်လည် အသုံးချတတ်စေရန် ရည်ရွယ်၍ စစ်ဆေးသော စစ်ဆေးခြင်းမျိုးသာ ဖြစ်စေရမည်။ ပညာရည်စစ်ဆေးမှုသည် ကျောင်းသားတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုကို စစ်ဆေးရန်သာ ရည်ရွယ်၍ တည်ဆောက်ဖန်တီးထားသည့် လုပ်ငန်းဖြစ်ရမည်။ ဘက်လိုက်မှုတစ်စုံတစ်ရာအပေါ် အခြေခံပြီး တည်ဆောက်ခြင်းမပြုရပါ။ စာမေးပွဲဖြေဆိုသူ မည်သည့်ကျောင်းသား တစ်စုံတစ်ဦးမျှ အသိပညာနှင့် ကျွမ်းကျင်မှု ချို့တဲ့ခြင်း မရှိပါဘဲလျက် ဘက်လိုက်မှုအခြေပြု စစ်ဆေးခြင်းကြောင့် ကျရှုံးရခြင်း၊ ရှုံးနိမ့်ရခြင်း၊ နစ်နာခံစားရခြင်းတို့ လုံးဝ မရှိသင့်၊ မဖြစ်သင့်ပါ။)

(ဃ) အချို့ကျောင်းသားများသည် ဆောင်ရွက်ရန်ပေးထားသည့်လုပ်ငန်းကို မဆောင်ရွက် တတ်သောကြောင့် ပူပင်သောကရောက်ကြမည်။ အချို့ကမူ မတရားသဖြင့် မမျှတစွာ ဆက်ဆံခံရမှုကြောင့် ဒေါသထွက်လာကြမည်။ အချို့အတွက်မူ ဤစစ်ဆေးမှုသည်

လွယ်ကူလွန်း၍ အရေးမထားအပ်ဟု ယူဆနိုင်သည်။ ထို့ကြောင့် လုံးဝတန်ဖိုးမဲ့သည်ဟု ခံစားမှတ်ယူသွားနိုင်သည်။ အချို့ ကျောင်းသားများကမူ လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် မသမာမှုကို ဆောင်ရွက်ကြလိမ့်မည်။ သို့ဖြစ်၍ သာမန်ရိုးသားစွာ ဖြေဆိုကြမည့် ကျောင်းသားများနှင့် မသမာမှုပြုသောကျောင်းသားများကြား တင်းမာမှုပြဿနာများ ပေါ်ပေါက်လာနိုင်ပြန်သည်။

(င) စစ်ဆေးမှုတိုင်းသည် သင်ကြား/သင်ယူပြီးသည်တို့အပေါ်၌သာ အခြေပြု၍ စစ်ဆေးသင့်ပြီး ရုတ်ချည်း စစ်ဆေးမှု မဖြစ်စေသင့်ပါ။ ဤပုံပြဥပမာသည် ထိုအချက်ကို ရည်ညွှန်း ပေါ်လွင်စေသည့် အကောင်းဆုံး ဥပမာတစ်ခု ဖြစ်သည်။ ကျောင်းသားများအနေနှင့် မေးခွန်း (င) ကို ဖြေရာတွင် သစ်ပင်တက်စေသော စစ်ဆေးခြင်းနည်းကို ပြုပြင်ရန် မကြိုးပမ်းသင့်ပါ။ အဓိကဆိုလိုရင်းမှာ အသုံးပြုမြဲစစ်ဆေးနည်းတစ်ခု၏ တရားမျှတမှုနှင့် ခိုင်လုံမှုတို့ကိုသာ ယေဘုယျအမြင်နှင့် စဉ်းစားသင့်သည်။

**သင်ယူမှုလုပ်ငန်း ၆။ ဆွေးနွေးခြင်း၊ မူလတန်းကျောင်းသားကိုင် စာအုပ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် ဉာဏ်ဖွင့်ဆွေးနွေးခြင်း (မိနစ် ၂၀)**

၁။ ကျောင်းသားများကို အုပ်စုဖွဲ့စေမည်။ ငြိမ်းချမ်းရေး အနှစ်သာရဖော်ဆောင်မှု ပညာရေးတွင် အရေးပါသော ကျွမ်းကျင်မှုအသီးသီးနှင့် သင်ယူမှုနည်းလမ်းအသီးသီးတို့ကို အောက်ပါ ဇယားသုံး၍ ဆွေးနွေးစေရမည်။

၂။ ရွေးချယ်ထားသော မူလတန်းကျောင်းသုံး ဘာသာရပ်သင်စာအုပ်အချို့ကို ကျောင်းသားများထံ ဝေပေးပါ။ ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှု ပညာရေးအယူအဆကို အထောက်အပံ့ ဖြစ်စေသည့် သင်ခန်းစာနမူနာများကို ရှာဖွေစေမည်။ ထို့နောက် ဇယား၏ ဝဲဘက်အကွက်တွင် ဖော်ပြထားသည့် ကျွမ်းကျင်မှုတို့ကို တိုးမြှင့်ပေးရန် မည်သည့် သင်ယူမှုနည်းလမ်းများကို သုံးနိုင်ကြောင်း အကြံပြုချက်များကို ပေးစေရမည်။

## ဇယား ၉.၁။ ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုများ

| ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှု ပညာရေး ဖွံ့ဖြိုးစေသင့်သည့် ကျွမ်းကျင်မှုများ[၁၅] | ကျွမ်းကျင်မှုများဖွံ့ဖြိုးလာစေရန်သုံးရမည့် သင်ယူမှုနည်းလမ်းများ။ |
|---|---|
| စိတ်ပါလက်ပါ တက်ကြွစွာ နားထောင်ခြင်း။ | |
| ပိုမိုကောင်းမွန်သော ဆရာ-ကျောင်းသား နှစ်ဦး နှစ်ဖက် အပြန်အလှန် ပြောဆိုဆက်ဆံခြင်း။ | သူတို့အတွေးကို ရှင်းပြရန် လိုအပ်သော 'စကားပြောရင်း သင်ယူခြင်း' လုပ်ငန်းမျိုးကို အသုံးပြုကာ သူတို့ကောင်းစွာ ပြောဆိုတတ်လာရန် ကူညီခြင်း။ |
| စိတ်လှုပ်ရှားမှုကို ကိုင်တွယ်ထိန်းသိမ်းတတ်ခြင်း။ | |
| အတွေးအမြင်အမျိုးမျိုးတို့ ကွာခြားတတ်ကြောင်းကို နားလည်ခြင်းနှင့် ဘက်လိုက်မှုကို ရှောင်ရှားခြင်း။ | |
| အခြားသူတို့၏ အခြေအနေနှင့် ခံစားမှုတို့ကို နားလည်ပေးခြင်း (ကိုယ်ချင်းစာနာမှုအလေ့အကျင့်) | |
| ပူးတွဲဆောင်ရွက်တတ်ခြင်း။ | အုပ်စုလုပ်ငန်းနှစ်ယောက်တစ်တွဲ လုပ်ငန်းတို့ ပါဝင်သည့် သင်ယူမှုလုပ်ငန်းများကို ပေးခြင်း။ |
| ထိုက်သင့်ဆီလျော်သော ယုံကြည်ချက်ခိုင်မာမှုရှိခြင်း။ | ဆွေးနွေးစရာအချက်အလက်တို့ကို အချေအတင် ဆွေးနွေးစေ၍ စကားရည်လုပွဲအသွင် ဆောင်ရွက်နိုင်အောင် အားပေးတိုက်တွန်းခြင်း။ တစ်ဦးက အဆိုဘက်မှ ကျန်တစ်ဦးက အချေဘက်မှ ဆွေးနွေးစေခြင်း။ |
| ပြဿနာကို ခွဲခြမ်းစိတ်ဖြာလေ့လာတတ်ခြင်းနှင့် ပြဿနာဖြေရှင်းနိုင်ခြင်း။ | |
| စေ့စပ်ဆွေးနွေးညှိနှိုင်းတတ်ခြင်း။ | |
| ကြားဝင်ဖျန်ဖြေတတ်ခြင်း။ | |
| ဝိရောဓိ/ပဋိပက္ခဖြေရှင်းတတ်ခြင်း။ | |

[၁၅] GTZ, 2008, p.30

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးစေခြင်းဖြင့် တုံ့ပြန်အကြံပြုချက်များရယူပါ။ ကျိုးကြောင်းဆီလျော်သော မည်သည့် အဖြေကိုမဆို လက်ခံနိုင်ဖွယ်ရှိသည်။ နောက်ထပ်သင်ခန်းစာ အသစ်တွင်လည်း ကျန်ဇယားကို အသုံးပြုရမည်။ ထိုအခါ၌ ဇယားထဲမှ အချက်အလက်များကို ထပ်မံထည့်သွင်း ဖြည့်စွက်စေရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလုပ်ငန်းက ကျောင်းသားများအနေနှင့် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး အယူအဆများကို ၎င်းတို့သင်ကြားမည့် သင်ခန်းစာများနှင့် နှိုင်းယှဉ်ဆက်စပ်ပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်သည့် ၎င်းတို့၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ သင်ခန်းစာ သို့မဟုတ် သင်ယူမှုလုပ်ငန်းများကို ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှုအတွက် သီးခြားရည်ရွယ် သင်ကြားပေးရန် လိုအပ်သည်မဟုတ်ပါ။ သို့ရာတွင် ငြိမ်းချမ်းရေးဆိုင်ရာအယူအဆများကိုမူ နားလည်မှု တိုးမြင့်ရရှိသွားစေသင့်သည်။

ဤအချက်သည် ခက်ခဲသောလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဆိုင်ရာ အယူအဆ သဘောတရားများကို ပိုမိုပီပြင်စွာ သိမြင်လာနိုင်စေမည့် မူလတန်း ကျောင်းသားကိုင်စာအုပ် ဘာသာရပ် အသီးသီးတို့မှ တွေ့ရှိနိုင်သော သင်ခန်းစာအချို့ကို ဥပမာအဖြစ် ရှာဖွေစေခြင်းက ပို၍ လက်တွေ့ကျသော နည်းလမ်းကောင်းတစ်ခု ဖြစ်နိုင်သည်။ ပေးထားသောဇယား၏ လက်ဝဲဘက်အကွက်တွင် ထည့်သွင်းနိုင်သည့် ကျွမ်းကျင်မှုအချို့ကို အဆိုပါသင်ခန်းစာများတွင် ထည့်သွင်းပေါင်းစပ်ပေးထားသည်ကို တွေ့ရမည်။ ကျောင်းသားတို့အား ထိုသို့သော သင်ခန်းစာမျိုး ဥပမာများ ရှာဖွေရယူရန် အာရုံစိုက်ဂရုပြု၍ ဆောင်ရွက်စေခြင်းက ပိုမိုလွယ်ကူစေမည်။ သင်ယူမှုလုပ်ငန်းများကို အကြံပြုစေရာတွင်လည်း ပို၍ လေ့လာသင်ယူနိုင်စွမ်းရှိသူ ကျောင်းသားများအတွက်သာ ထပ်ဆောင်းလုပ်ဆောင်စေသင့်သည်။ အိမ်စာလုပ်ငန်းအဖြစ် ပေးနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးအကြောင်း ကျောင်းသားတို့၏ နားလည်သဘောပေါက်မှုကို ဆန်းစစ်အနှစ်ချုပ်ပေးခြင်းဖြင့် ဤလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ပါ။ စစ်တမ်းကောက်ယူရေး စာရွက်ပိုင်းများပေါ်တွင် အောက်ပါဝါကျကို ကွက်လပ်ဖြည့်ပြီး ၎င်းတို့ကိုယ်ပိုင်စကားလုံးများ သုံး၍ ရေးသားစေရမည်။

'ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှုပညာရေးက ......... ကိုရည်ရွယ်ပြီး ......... ခြင်းအားဖြင့် ဆောင်ရွက်သည်။'

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၂။** ။ ဤလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးဦးတည်ပညာရေး၏ ငြိမ်းချမ်းရေးအနှစ်သာရကို အဓိပ္ပာယ်ကောက်ယူချက်အမျိုးမျိုးနှင့် ငြိမ်းချမ်းရေးအနှစ်သာရပေါ်လွင်နေသည့် လက္ခဏာအမျိုးမျိုးကို တွေ့ရှိရမည်။ ထိုအဓိပ္ပာယ်ကောက်ယူချက်များနှင့် ပေါ်လွင်နေသော လက္ခဏာများကို ကျောင်းသားများအား ဆရာက သုတေသနထပ်မံပြုလုပ်စေခြင်း၊ နှိုင်းယှဉ်လေ့လာစေခြင်းနှင့် ၎င်းတို့ကိုယ်ပိုင်ပညာရေး အတွေးအခေါ်ထဲတွင် ထိုအယူအဆတို့ကို မည်ကဲ့သို့ ပါဝင်လာအောင် ပေါင်းစပ်ထည့်သွင်းရမည်ကို စဉ်းစားစေခြင်းတို့ကို ဆောင်ရွက်စေခြင်းအားဖြင့် ၎င်းတို့၏ သင်ယူမှုနှင့် တွေးခေါ်နိုင်စွမ်းအားကို ထပ်မံစမ်းသပ်ကြည့်နိုင်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှုပညာရေးက ဆရာများအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိပုံကို ကျောင်းသားများအား ဆွေးနွေးစေမည်။ သင်ခန်းစာတစ်ခုစီ သင်ကြားနေစဉ်အတွင်း သာမန်ဆရာတစ်ဦး မည်သို့ပြောဆိုလုပ်ကိုင် တတ်သည်ကို သူတို့အား ဆရာက ပြန်မေးခြင်းဖြင့် မှတ်ဉာဏ်ကို နှိုးဆွပေးနိုင်သည်။ ဤကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့အနေနှင့် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး အယူအဆများသည် သင်ယူမှုနည်းလမ်းများ၊ သင်ခန်းစာပါ အကြောင်းအရာများနှင့် သင်ခန်းစာတစ်ခုစီအတွက်

စစ်ဆေးအကဲဖြတ်ခြင်းများ စသည်တို့တွင် မည်ကဲ့သို့ စိမ့်ဝင်ပေါင်းစပ် ပါဝင်နေကြောင်း သိရှိလာပြီး ဖော်ပြတတ်လာမည်ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ သင်ယူမှုလုပ်ငန်း (၂) တွင် လေ့လာစူးစမ်းခဲ့ပြီးသော သင်ကြားရေး အတွေးအခေါ် အမျိုးမျိုးကို ပြန်လှန်လေ့လာစေရမည်။

**သင်ယူမှုလုပ်ငန်း ၅။** ။ ကျောင်းသားများအား စစ်ဆေးမှုနှင့် ပတ်သက်သော အယူအဆအမျိုးမျိုးကို သိရှိ မှတ်သားရန် သတိပေးပါ။ စစ်ဆေးမှုတစ်ခု၏ ခိုင်လုံမှု၊ ယုံကြည်နိုင်မှုနှင့် သမာသမတ်ရှိမှု စသည့် အယူအဆတို့ကို မှတ်သားစေသင့်သည်။

**သင်ယူမှုလုပ်ငန်း ၆။** ။ ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှုပညာရေးနှင့် ဆက်စပ်သည့် ကျွမ်းကျင်မှုများကို တိုးမြှင့်ပေးနိုင်မည့် သင်ယူမှုနည်းလမ်းများကို အကြံပြုစေခြင်းအားဖြင့် ဆရာက ကျောင်းသားတို့၏ အရည်အချင်းကို စမ်းသပ်နိုင်သည်။

## ၉.၄.၂။
## စာသင်ခန်းတွင်း၌ ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးကို ဆောင်ရွက်ရန် အစီအစဉ် ရေးဆွဲခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စာသင်ခန်းတွင်း အသုံးပြုနေသော သင်ကြားမှုနည်းလမ်းများ၊ သင်ရိုးများနှင့် စစ်ဆေးအကဲဖြတ်မှုများတွင် တွေ့ရှိရသော ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှု ပညာရေးအယူအဆကို ဆန်းစစ်လေ့လာပြီး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်တတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း တစ်တန်းလုံးဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ သင်ခန်းစာ ပြင်ဆင်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၄.၂) ကိုဖတ်ပါ။ ပေးထားသော အကြံပြုချက်များအစား ဆရာက မိမိကိုယ်ပိုင်ဇာတ်ညွှန်းများရေးပြီး အဆင်သင့်ရှိလျှင် သို့မဟုတ် ရေးသား လိုလျှင် ရေးသားပြီး သုံးနိုင်သည်။

**လိုအပ်သောရင်းမြစ်များ။** မူလတန်း ကျောင်းသားကိုင်စာအုပ် လူမှုပေါင်းသင်းဆက်ဆံရေး ဘာသာရပ်မှ သင်ပြမှုပုံစံငယ်တစ်ခု (မည်သည့် အတန်းအတွက်ဖြစ်စေ သုံးနိုင်သည့် ငြိမ်းချမ်းရေးဆိုင်ရာ ကျွမ်းကျင်မှု ရှုထောင့်တစ်ခုခု ပါဝင်လျှင် လုံလောက်သည်။) ကားချပ်ကြီးစက္ကူ၊ ဇာတ်ညွှန်း ဇာတ်ကွက်များ။ (အောက်တွင် ပေးထားသည်။)

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ ပြန်လှန်လေ့လာခြင်း (၁၀ မိနစ်)**

၁။ ပြီးခဲ့သောသင်ခန်းစာကို သင်ယူခဲ့ရာတွင် သုံးခဲ့သော ဇယားကို ပြန်ညွှန်းပါ။ ကျောင်းသားတို့အား ထိုဇယား၌ ဖော်ပြထားသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို မှတ်မိခြင်း ရှိ/မရှိ မေးပါ။

၂။ အချိန် (၅) မိနစ်ခန့်ပေးပြီး အချက်အလက်များကို မှတ်မိစေရန် ၎င်းတို့ကို နှစ်ယောက်တစ်တွဲ ပြန်လှန် လေ့လာစေမည်။ ထို့နောက် တစ်တန်းလုံးဆွေးနွေးစေပြီး တုံ့ပြန်အကြံပြုချက်များ ယူစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ လုပ်ငန်းဆောင်ရွက်ရာဝန်းကျင်တွင် ဆရာက လှည့်လည်သွားလာရင်း သူတို့ဆွေးနွေးနေသည်တို့ကို နားထောင်မည်။ လုပ်ဆောင်မှု လမ်းကြောင်း မှန်/မမှန် စစ်ဆေးမည်။ မမှန်လျှင် တည့်မတ်ပေးမည်။ ရှင်းလင်းစွာနားလည်သွားအောင် ဥပမာများ ပေးရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဒုတိယစာသင်ချိန်တွင် လေ့လာခဲ့ကြသော သင်ခန်းစာ (၉.၄.၁) ထဲမှ ဇယားအတိုင်းဖြစ်မည်။

### သင်ယူမှုလုပ်ငန်း ၂။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် သရုပ်ဆောင်မှု တင်ဆက်ခြင်း (မိနစ် ၄၀)

၁။ အောက်တွင် စာရင်းပြုဖော်ပြထားသော ဇာတ်ညွှန်းဇာတ်ကွက်တိုလေးများကို ကျွမ်းကျင်စွာ သရုပ်ဆောင်နိုင်ရန် ဥပမာများကို ကိုးကားစေမည်။ ထိုဇာတ်ညွှန်းများကို မသုံးဘဲ ဆရာကိုယ်တိုင် ဖန်တီးရေးသားထားသော ကိုယ်ပိုင်ဇာတ်လမ်းဇာတ်ကွက်ကို ညွှန်း၍လည်း ဆောင်ရွက်စေနိုင်သည်။

၂။ ကျောင်းသားအုပ်စုအသီးသီးအား ဇာတ်ကွက်အသီးသီးကို တင်ဆက် သရုပ်ဆောင်စေသည်။ ဤအချိန်တွင်မူ ကျောင်းသားများသည် အုပ်စုဖွဲ့ခြင်း၊ ဇာတ်ညွှန်းပြုပြင်ခြင်း၊ ဇာတ်ဆောင်များအား နေရာချထားခြင်းနှင့် အစမ်းလေ့ကျင့် တင်ဆက်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၃။ ၎င်းတို့တင်ဆက်ကပြရမည်မှာ နောက်စာသင်ချိန်၌ ဖြစ်သည်။ အုပ်စုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျောင်းသားများ နောက်တစ်ချိန် ပြဇာတ်တင်ဆက်ရာ၌ လိုအပ်မှုများကို အဆင်သင့်ဖြစ်စေရန်နှင့် အချိန်ကိုက်အစပြုခြင်း၊ အပြီးသတ်ခြင်းတို့ရှိစေရန် ကြိုတင်လေ့ကျင့်ပါစေ။

ထိုလုပ်ငန်းကို နောက်စာသင်ချိန်တွင် အကဲဖြတ်စစ်ဆေးမည်ဖြစ်သည်။ ဤအဆင့်တွင် သူတို့ဆောင်ရွက်ရမည့်အရာများမှာ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ၎င်းတို့၏ သရုပ်ဆောင်တင်ဆက်မှုသည် ပေးထားသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ အကဲဖြတ်ရမည်။ ဇာတ်ညွှန်းပါ ဇာတ်လမ်းတို ပြဇာတ်များကို သရုပ်ဆောင်ရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက်များ၌ ပါဝင်သည်တို့မှာ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ထင်ရှားပေါ်လွင်အောင် သရုပ်ဖော်နိုင်ခြင်း ရှိ/မရှိ နှင့် ထိုကျွမ်းကျင်မှုများကို ရအောင်မဆောင်ရွက်နိုင်လျှင် ပြဿနာဖြစ်ဖွယ် အလားအလာတို့ ပေါ်ပေါက်လာနိုင်ကြောင်းကို ပေါ်လွင်အောင် သရုပ်ဆောင်နိုင်ခြင်း ရှိ/မရှိတို့ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုအသီးသီးမှ ပြဇာတ်တင်ဆက်မှုများသည် ၎င်းတို့ကိုယ်ပိုင်အဓိပ္ပာယ် ကောက်ယူချက်နှင့် ဇာတ်ညွှန်း ပြင်ဆင်မှုများအပေါ်၌ မူတည်၍ အမျိုးမျိုးခြားနားနိုင်သည်။ မည်သို့ပင်ဖြစ်စေ ထိုပြဇာတ်အားလုံးသည် ငြိမ်းချမ်းရေး အနှစ်သာရဖော်ဆောင်မှု ပညာရေးကို ဆောင်ရွက်နိုင်မည့် ကျွမ်းကျင်မှုများ၏ ကောင်းကျိုးများကို သရုပ်ပေါ်လွင်အောင် တင်ဆက်ကပြရန် ရည်ရွယ်ချက်ကို ထင်ရှားစွာ ထားရှိသင့်သည်။

### ဇာတ်ညွှန်းဇာတ်လမ်းတိုများအတွက် စိတ်ကူးများ

- ကျောင်းသား (၂) ဦးကြား ပဋိပက္ခ (ရန်ပွဲအသွင်) ဖြစ်ပေါ်ခြင်း - ဇာတ်ညွှန်းတစ်ခုတွင် ကျယ်လောင်စွာ အော်ဟစ်ပြောဆိုပြီး ရန်စောင်နေသော ထိုကျောင်းသား (၂) ဦး ပြောဆိုရမည့် စာကြောင်းများနှင့် စကားလုံးများကိုရေးပါ။ ဇာတ်ညွှန်း (က) တွင် ဆရာက ထိုကျောင်းသားများကို ခပ်ကြမ်းကြမ်း ကိုင်တွယ်၍ အတန်းပြင်ပသို့ မောင်းထုတ်လိုက်သည်။ ဇာတ်ညွှန်း (ခ) တွင်မူ ဆရာက ပဋိပက္ခ ဖြေရှင်းမှု၌ စံပြပုဂ္ဂိုလ်အဖြစ် ဖြေရှင်းပေးလိုက်သည်။
- ကျောင်းသားများ သင်ယူရမည့် သင်ခန်းစာတွင် ခွဲခြားဆက်ဆံမှု သဘောတရားအချို့ ပါဝင်နေသည်။ ဇာတ်ညွှန်း (က) တွင် သင်ခန်းစာ၌ ပုံသေကားချ အရိုးစွဲမှတ်ယူလေ့ရှိကြသော ကျား/မ ရေးရာ ခွဲခြား ဆက်ဆံမှုတို့ပါဝင်သည့် ပုံပြင်တစ်ပုဒ် ပါဝင်နေသည်ဆိုပါစို့။ သို့ရာတွင် ဆရာက ကျား/မ ရေးရာ အယူအဆအစွဲများကို ဆွေးနွေးခြင်းမပြုချေ။

ဇာတ်ညွှန်း (ခ) တွင် ဆရာက ပုံပြင်ကို သင်ပြသည့်အခါ ထိုအရိုးစွဲအယူအဆများ အကြောင်းကိုသင်ရန် အခွင့်အလမ်းတစ်ခုအဖြစ် ယူဆကာ သင်ပေးသည်။

- အတန်းတွင်း ဆွေးနွေးမှုများကို ကူညီလမ်းညွှန်ပေးခြင်း - ဇာတ်ညွှန်း (က) တွင် ဆရာက စာသင်ရာ၌ ကျောင်းသားများနှင့် အပြန်အလှန်အမေးအဖြေပြုကာ သင်ကြားသင့်လျက် မသင်ကြားဘဲ ဆရာ - ကျောင်းသား တစ်လမ်းသွား ဆက်ဆံရေး (ဆရာက ပြောကာ ကျောင်းသားက နာယူမှတ်သားရုံသာ ဆောင်ရွက်ရခြင်း) ကိုသာသုံး၍ သင်ကြားပေးသည်။ ဇာတ်ညွှန်း (ခ) တွင်မူ ဆရာက ကျောင်းသားများ အချေအတင် အပြန်အလှန် စကားစစ်ထိုးပွဲ ဆောင်ရွက်နေရာတွင် ဘေးမှဝိုင်းဝန်း၍ လမ်းညွှန် ကူညီပေးသည်။ တစ်ဖက်နှင့် တစ်ဖက် မတူညီသော အယူအဆများကို အပြန်အလှန်တင်ပြ၍ ငြင်းခုံ ရာတွင် ယဉ်ကျေးစွာငြင်းခုံစေသည်။ တစ်ဖက်၏အမြင်ကို အခြားတစ်ဖက်က လေးစားတန်ဖိုး ထားစေသည်။
- ကြည့်ရှုလေ့လာခြင်း - ဇာတ်ညွှန်း (က) တွင် အတန်းရှေ့၌ လက်တွေ့စမ်းသပ်မှု တစ်ခုကို လက်တွေ့ သရုပ်ပြရာနေရာသို့ ကျောင်းသားအားလုံး လာရောက်၍ ဝိုင်းဝန်းကြည့်ရှု လေ့လာနေကြရာတွင် ဆရာက ကြည့်ရှုသူများအတွက် စီစဉ်ပေးမှုမပြုပါ။ ကောင်းစွာ မမြင်ရသော ကျောင်းသားများလည်း ရှိနေကြသည်။ ဇာတ်ညွှန်း (ခ) တွင်မူ ဆရာက ၎င်း၏ စားပွဲဘေးတွင် ကျောင်းသားအားလုံးကို စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ဝန်းရံရပ်စေသည်။ ထို့နောက် အရပ်ရှည်သော ကျောင်းသားကို ပုသော ကျောင်းသား၏ နောက်သို့ပို့၍ ရပ်စေခြင်းဖြင့် ကျောင်းသားတိုင်း လွယ်ကူစွာမြင်နိုင်အောင် စီစဉ်ပေးသည်။ တစ်ဦးနှင့် တစ်ဦးတွန်းဖယ်၍ ကြည့်ရန်မလိုတော့ချေ သို့မဟုတ် အခြားအနှောင့်အယှက် တစ်စုံတစ်ရာ မပေါ်ပေါက်တော့ချေ။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် သရုပ်ဆောင်မှု တင်ဆက်ခြင်း နှင့် ဆွေးနွေးခြင်း (မိနစ် ၅၀)

၁။ အုပ်စုတစ်ခုစီအတွက် ရရှိထားသော ဇာတ်ညွှန်းသရုပ်ဆောင်မှုကို တင်ဆက်ရန် အချိန်ဇယားတစ်ခုကို ဆရာက ဆွဲပေးပါ။

၂။ ဇာတ်ညွှန်းတစ်ခုစီကို သရုပ်ဆောင်တင်ဆက်မှုများ ပြီးသွားသည့်အခါ ဆရာက ပရိသတ်အဖြစ် ကြည့်နေသူ ကျောင်းသားများအား ငြိမ်းချမ်းရေးဆိုင်ရာ ပညာရေးအယူအဆများမှ အရေးပါသည့် ကဏ္ဍများကိုယူ၍ ပြဇာတ်၏ တင်းမာမှုကို ဖြေလျှော့ပေးနိုင်သည့် သို့မဟုတ် ဇာတ်ရည်လည်သွားစေသည့် အခွင့်အလမ်း/နေရာများကို ရှာဖွေစေရမည်။ ဆွေးနွေးရမည့် အချက်များ ရှာဖွေတွေ့ရှိနိုင်စေရန် ဆရာက အောက်ပါမေးခွန်းများကို မေးရမည်။

(က) ဇာတ်ညွှန်းကို ပြဇာတ်အဖြစ် တင်ဆက်သွားရာတွင် ငြိမ်းချမ်းရေး အနှစ်သာရဆောင်သည့် ပညာရေး၏ ကျွမ်းကျင်မှုများကို တွေ့ရှိမိပါသလား။

(ခ) ဇာတ်ညွှန်းထဲတွင် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး အယူအဆများ အသုံးပြုမှုကို ယခုထက်ပို၍ ခိုင်မာတောင့်တင်းပီပြင်မှုရှိလာအောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်း။ (ဥပမာ - သင်ကြားမှုနည်းလမ်းအမျိုးမျိုးကို သုံးခြင်း သို့မဟုတ် သင်ယူမှုလုပ်ငန်းစဉ်အမျိုးမျိုး ပြောင်းလဲပေးခြင်း)

## စစ်ဆေးအကဲဖြတ်ခြင်း

ပြဇာတ်တင်ဆက်မှုများကို သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းပုံစံနှင့် အကဲဖြတ်ပေးနိုင်သည်။ အကဲဖြတ်ရာတွင် အခြေခံသတ်မှတ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးအကဲဖြတ်မည်။ တင်ဆက်ထားသော ပြဇာတ်တိုထဲတွင် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးအတွက် အနည်းဆုံးကျွမ်းကျင်မှုတစ်ခုနှင့် အထက်ကို သရုပ်ဖော်ပေးသင့်သည်။ သို့မဟုတ် ထိုကျွမ်းကျင်မှုကို မသုံးမိ၊ မသုံးတတ်သဖြင့် လွဲမှားခဲ့ရပုံကို သရုပ်ဖော် နိုင်ခြင်း ရှိ/မရှိ တို့ကို စစ်ဆေးမည်။ ဆွေးနွေးရန်သုံးသော မေးခွန်းများက အချင်းချင်း စစ်ဆေးအကဲဖြတ်ပေးစေနိုင်မှုအတွက် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်စေခဲ့သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပြဇာတ်တင်ဆက်မှုပုံစံမှာ သက်ဆိုင်ရာအုပ်စုက ရွေးချယ်ထားသော ဇာတ်ညွှန်းပုံစံနှင့် ပြဇာတ်ကသူ ကျောင်းသားတို့၏ အဓိပ္ပာယ်ကောက်ယူချက်အပေါ် မူတည်၍ အမျိုးမျိုးကွဲပြားကြမည်။ ပြဇာတ်တင်ဆက်ပုံ အလိုက် ဆွေးနွေးရန်မေးခွန်းများလည်း အမျိုးမျိုး ပေါ်ပေါက်လာနိုင်သည်။

## တတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၄။ သင်ခန်းစာပြင်ဆင်ခြင်း (၄၅ မိနစ်)

၁။ သင်ခန်းစာ ၉.၃ သင်ယူခဲ့စဉ်ကကဲ့သို့ပင် ကျောင်းသားများသည် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေးနှင့် စပ်လျဉ်းသည့် သင်ပြမှုပုံစံငယ်တစ်ခုကို ပြန်လည်သုံးသပ်ကြရမည် ဖြစ်သည်။

၂။ သင်ယူမှုနည်းလမ်းများ၊ သင်ရိုးမာတိကာများနှင့် စစ်ဆေးအကဲဖြတ်ခြင်းများတွင် ပါဝင်တင်ဆက်နေသော ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှု ပညာရေးအယူအဆများအား အသုံးပြုမှုကို မည်သို့ ပိုမိုခိုင်မာမြဲမြံတောင့်တင်းအောင် အားဖြည့်နိုင်မည်နည်းဟု ဆရာက ကျောင်းသားတို့ကို မေးမြန်းပါ။ ၎င်းတို့အသုံးပြုမည့် သင်ပြမှုပုံစံငယ်တွင်ပါဝင်သည့် အကြောင်းအရာ ခေါင်းစဉ်သည် ငြိမ်းချမ်းရေး အနှစ်သာရဖော်ဆောင်မှု ပညာရေးအယူအဆတွင် ပိုမိုရှင်းလင်းပီပြင်စွာ ဆက်စပ်နေရမည်။ ဆိုလိုသည်မှာ - ထိုသင်ခန်းစာသည် လူမှုအပေါင်းအသင်း ဆက်ဆံရေး ဘာသာရပ်မှ သင်ခန်းစာတစ်ခုဖြစ်သင့်ပြီး သင်္ချာဘာသာရပ်ကဲ့သို့သော ဘာသာရပ်ထဲမှ သင်ခန်းစာမျိုး မဖြစ်သင့်ပါ။ ဖတ်ရှုနားလည်နိုင်စွမ်းကို လေ့ကျင့်ပေးသည့် သင်ကြား/သင်ယူမှု လုပ်ငန်းတစ်ခုဖြစ်ကာ ဆီလျော်ရာပုံပြင်တစ်ပုဒ် ပါဝင်စေရမည်။ ထိုသင်ပြမှုပုံစံတွင် ငြိမ်းချမ်းရေး အနှစ်သာရဆိုင်ရာ အခြေခံအချက်အလက်အချို့လည်း ပါဝင်ရမည်။ သို့ရာတွင် ထိုအသုံးပြုမှုကို ပိုမိုပီပြင်တိုးတက်မှုရရှိလာစေမည့် နည်းလမ်းကောင်းအချို့ ရှိနိုင်သေးသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ပြမှုပုံစံငယ်ကို ပိုမိုခိုင်မာတောင့်တင်းအောင် ပြုလုပ်နိုင်မည့် အကြံပြုချက်များကို စစ်ဆေးအကဲဖြတ်ပါ။ ကျောင်းသားတို့ထံမှ စိတ်ကူးအကြံဉာဏ်များကို စုဆောင်းရယူ၍ဖြစ်စေ၊ အချင်းချင်းစစ်ဆေးအကဲဖြတ်မှုကို ဆောင်ရွက်စေခြင်းဖြင့်ဖြစ်စေ ဤလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၎င်းတို့ရွေးချယ်လိုက်သော သင်ခန်းစာသဘာဝနှင့် ထိုသင်ခန်းစာအတွင်း ပါဝင်နိုင်မည့် ငြိမ်းချမ်းရေးဆိုင်ရာ အယူအဆရှိနိုင်မှု ဖြစ်နိုင်ခြေအနည်းအများအလိုက် တုံ့ပြန်မှုများခြားနားမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ကျောင်းသားများအား ဤသင်ယူမှုလုပ်ငန်း၌ အစိတ်အပိုင်းတစ်ခုအဖြစ် သို့မဟုတ် ဤအခန်းပါ အကြောင်းအရာများကို ခြုံငုံသုံးသပ်မှုတစ်ခုအဖြစ်ဖြင့် ပြန်လည်သုံးသပ်မှု မှတ်တမ်းတစ်ခုကို ပြီးစီးအောင် ရေးသား စေရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ယခင်စာသင်ချိန်က သင်ယူမှုနည်းလမ်းများကို စူးစမ်းလေ့လာခဲ့ပြီးဖြစ်ပါက ထိုသင်ယူမှု နည်းလမ်းများကိုပါ ထပ်ဆောင်းရှာဖွေကာ ထည့်သွင်းစေသင့်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ အခြားဆောင်ရွက်နည်းတစ်ခုမှာ ဆရာက ကိုယ်ပိုင်ဇာတ်ညွှန်း ရေးသားခြင်း သို့မဟုတ် ကျောင်းသားအုပ်စုများအား သူတို့ကိုယ်ပိုင်ရေးသားသည့် ဇာတ်ညွှန်းများကို အသုံးပြုစေခြင်း ဖြစ်သည်။ ဇာတ်ညွှန်းပါ ဇာတ်ကွက်သစ်တစ်ခုစီတိုင်းကို ပုံစံ (၂) မျိုး (က) ပုံစံနှင့် (ခ) ပုံစံအဖြစ် တင်ဆက်စေရာတွင် တူညီသော အုပ်စုတစ်ခုတည်းကသာ တင်ဆက်စေရမည်။ သို့မဟုတ်လျှင်လည်း ဆရာကယှဉ်တွဲ ကပြတင်ဆက်ရန် အုပ်စုအတွဲများ စီစဉ်ပေးရမည်။ အုပ်စုတစ်ခုက ဇာတ်ညွှန်း (က) ကို သရုပ်ဆောင်လျှင် အခြား အုပ်စုတစ်ခုက ဇာတ်ညွှန်း (ခ) ကို သရုပ်ဆောင်ရမည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ဆွေးနွေးပွဲများသည် စိတ်ပါလက်ပါ ဆွေးနွေးကြမည်ဆိုလျှင် ရရှိနိုင်မည့် အချိန် အတိုင်းအတာထက်မက ကျော်လွန်၍အချိန်ကုန်သွားတတ်သည်။ တင်ဆက်မှုတစ်ခုပြီးတိုင်း ပရိသတ်တို့အား မှတ်စုထုတ်ချိန် (၂) မိနစ်၊ (၃) မိနစ်ခန့်ပေး၍ နောက်ပိုင်း၌ ဆွေးနွေးစေရမည်။

ထို့ပြင် အုပ်စုအားလုံးကို တစ်တန်းလုံးရှေ့တွင် တင်ဆက်မှုပြုစေရန်မှာ အဆင်ပြေရန် ခဲယဉ်းမည်။ သို့ဖြစ်၍ အတန်းကို (၂) ခြမ်းခွဲကာ တင်ဆက်မှု (၂) ခုကို အုပ်စု (၂) ခုမှ တစ်ပြိုင်တည်း တင်ဆက်စေမည်။ ဆရာက ဆုံးဖြတ်ရမည်မှာ သီးခြားစီ ဆောင်ရွက်မည်ဖြစ်သည့် အုပ်စုများ၏ အချင်းချင်း အကဲဖြတ်စစ်ဆေးမှုပြုရာတွင် ကူညီလမ်းညွှန်ပေးမည် သို့မဟုတ် အုပ်စုများကို အတန်းအဖြစ်သို့ မူလပုံစံ ပြန်လည်ဖွဲ့စည်းပြီးနောက် တွေ့ရှိဆွေးနွေးခဲ့သည်များမှ အနှစ်ချုပ် ဆွေးနွေးခြင်း ဆောင်ရွက်စေမည်ဆိုသည့် နည်းလမ်း (၂) ခုထဲမှ သင့်လျော်ရာကို ရွေးချယ်သုံးစွဲရန် ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ကျောင်းသားများကြိုက်နှစ်သက်ရာသင်ခန်းစာကို ရွေးချယ်ခွင့်ပေးခြင်းဖြင့် သူတို့အား ပိုမိုလွတ်လပ်စွာ သင်ယူခွင့်ပေးနိုင်သည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး အယူအဆ အကြား ခြားနားချက်မှာ အဘယ်နည်း။

***အဖြေ။*** *ငြိမ်းချမ်းရေးဆိုသည်မှာ ရေရှည်တည်တံ့မှုရှိပြီး အစိတ်အပိုင်းအသီးသီး ပါဝင်ပေါင်းစပ်ဖွဲ့စည်း ဖြစ်တည်နေသည့် လုပ်ငန်းစဉ်တစ်ခုဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ထိုလုပ်ငန်းစဉ်ထဲတွင် ပါဝင်ပေါင်းစပ် နေကြသည့်အရာများမှာ လူမှုဘဝ သာတူညီမျှမှု၊ ညီညွတ်မှုနှင့် ပဋိပက္ခ ကိုင်တွယ်ထိန်းသိမ်း ဖြေရှင်းနိုင်စွမ်းတို့ ဖြစ်ကြသည်။ ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှု ပညာရေးကမူ လူမှုဆက်ဆံရေးဝင်ဆံ့မှုဆိုင်ရာ ခံစားချက်တို့ကို သတိမူတတ်မှု၊ လူမှုဆက်ဆံရေး ဝင်ဆံ့မှုဆိုင်ရာ အသိပညာနှင့် လူမှုဆက်ဆံရေးဝင်ဆံ့မှုဆိုင်ရာ ကျွမ်းကျင်မှုတို့ကို သင်ယူခြင်းနှင့် ဆက်လက်လက်ဆင့်ကမ်း ကူးပြောင်းဖြန့်ဝေခြင်းတို့ ဆောင်ရွက်ရာတွင် တိုးတက်လာအောင် မြှင့်တင်ပေးခြင်းအားဖြင့် လူမှုဘဝ သာတူညီတူမျှ၊ ညီညွတ်မှုနှင့် ပဋိပက္ခကိုင်တွယ် ထိန်းသိမ်းဖြေနိုင်စွမ်းရှိမှုတို့ကို လေ့ကျင့်ဆောင်ရွက်တတ်လာစေသည်။*

**မေးခွန်း ၂။** ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှုပညာရေး အယူအဆအတွက် လိုအပ်သော ကျွမ်းကျင်မှုများအကြောင်း ဥပမာအချို့ ပေးပါ။

***အဖြေ။*** *အောက်ပါတို့အနက်မှ တစ်ခုခုဖြစ်နိုင်သည်။*

- *စိတ်ပါလက်ပါ တက်ကြွစွာ နားထောင်တတ်ခြင်း။*
- *ပိုမိုကောင်းမွန်သော ဆက်ဆံရေး (နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆက်ဆံရေး) ရရှိစေခြင်း။*
- *စိတ်လှုပ်ရှားမှုများကို ကိုင်တွယ်ဖြေရှင်းထိန်းသိမ်းနိုင်ခြင်း။*
- *အတွေးအယူအဆအမျိုးမျိုးရှိပုံကို နားလည်လာခြင်းနှင့် ဘက်လိုက်မှုကို ရှောင်ကြဉ်ခြင်း။*
- *သူတစ်ပါးတို့၏ အခြေအနေနှင့် ခံစားချက်များကို နားလည်ခြင်း။ (ကိုယ်ချင်းစာတတ်စေရန် လေ့ကျင့်ပေးခြင်း။)*
- *ပူးတွဲပါဝင်ဆောင်ရွက်ခြင်း။*
- *သင့်တော်သော ခံယူချက်တစ်ခုကို အခိုင်အမာလက်ကိုင်ပြုထားတတ်ခြင်း။*
- *ပြဿနာကိုခွဲခြမ်းစိတ်ဖြာ စိစစ်လေ့လာတတ်ခြင်းနှင့် ဖြေရှင်းတတ်ခြင်း။*
- *ညှိနှိုင်းခြင်း။*
- *ကြားဝင်ဖျန်ဖြေခြင်း။*
- *ပဋိပက္ခဖြေရှင်းခြင်း။ (ပဋိပက္ခကို အသွင်ပြောင်းစေခြင်းနှင့် ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း)*

# ၉.၅။ စာသင်ခန်းတွင်း နေ့စဉ်ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို ချမှတ်ပေးခြင်း

ကျောင်းသားများသည် ၎င်းတို့ကျောင်းသားအဖြစ် သင်ယူခဲ့ရသော မိမိကိုယ်တွေ့ အတွေ့အကြုံများမှတစ်ဆင့် စာသင်ခန်းများ ချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်မှု၏ အရေးပါပုံကို သိရှိနိုင်လိမ့်မည်။ ဥပမာအားဖြင့် သင်ခန်းစာတစ်ခု သို့မဟုတ် နေ့တစ်နေ့ကို တက်ကြွလန်းဆန်းစွာ ရှင်းလင်းပီပြင်စွာ စတင်သင်ယူခြင်း၊ အိမ်စာနှင့် ပတ်သက်၍ ဆရာက ကျောင်းသားများအား ပုံမှန်ဆောင်ရွက်စေလိုခြင်း၊ ဆရာရောက်ရှိလာသည့်အခါ ကြိုဆိုနှုတ်ဆက်ခြင်း၊ အတန်းထဲသို့ မိမိနောက်ကျမှ ရောက်ရှိလာသည့်အခါ မည်သို့ တောင်းပန်စကားဆိုရမည်ကို သိရှိခြင်း၊ သင်ခန်းစာဆိုင်ရာ လက်ကမ်းစာရွက်များကို ဆရာအား ကူညီ၍ ဝေပေးခြင်းစသည့် အထွေထွေလုပ်ငန်းအရပ်ရပ် ပါဝင်သည်။ ဤအခန်းတွင် စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးခြင်းသည် အတန်းစီမံခန့်ခွဲမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အရေးပါပုံကို လေ့လာရမည်။ ထို့ပြင် လုပ်ဖော်ကိုင်ဖက် ဆရာများနှင့် အတူ လက်တွဲဆောင်ရွက်ခြင်းက မည်သို့ အထောက်အကူ ဖြစ်နိုင်ကြောင်းနှင့် ထိုအချက်သည် မြန်မာနိုင်ငံမှဆရာများ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့်လည်း ကိုက်ညီကြောင်း သိရှိလာမည်။ ဤသို့လက်တွဲဆောင်ရွက်ခြင်းကို မည်သို့မည်ပုံအကောင်အထည်ဖော်နိုင်ကြောင်းနှင့် မိမိ လက်တွေ့သင်ကြားနေရသော စာသင်ခန်း ပတ်ဝန်းကျင်နှင့် ဆီလျော်အောင် ထိုသဘောတရား အမျိုးမျိုးကို ညှိယူပြင်ဆင်ပြောင်းလဲ သုံးစွဲနိုင်ကြောင်းကိုလည်း သိလာနိုင်မည် ဖြစ်သည်။ ဤသဘောတရား စိတ်ကူးစိတ်သန်းများကို အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (micro-teaching) တွင် အသုံးပြုနိုင်သည်။ လက်တွေ့လေ့ကျင့်ရမည့် အတန်းတွင်း နေ့စဉ်ပုံမှန် လုပ်ငန်းများအတွက် ညွှန်ကြားချက်များပေးရန် ဤစိတ်ကူးများကို သုံးပါ။

## ၉.၅.၁။
## စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ ချမှတ်ပေးခြင်း၏ အရေးပါပုံ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ ချမှတ်ပေးခြင်း၏ အရေးပါပုံအကြောင်းကို ရှင်းပြတတ်မည်။
- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ ချမှတ်ရေးဆွဲရာတွင် အခြားဆရာများ၊ ကျောင်းသားမိဘများ၊ ရပ်ရွာလူထုများနှင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ဥပမာများ၊ သာဓကများ ပေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုး သက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက် စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂)ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ကျောင်းသား အားလုံးအတူ အသံကျယ်ကျယ်ဖြင့် ဖတ်ခြင်း၊ ဉာဏ်ဖွင့် ဆွေးနွေးခြင်း၊ တွေး-တွဲ-မျှဝေခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၅.၁) ကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ 'ပတ်ဝန်းကျင်အခြေအနေအသီးသီး၌ လက်ခံနိုင်ဖွယ်ရှိသော အပြုအမူကောင်းများ' (သင်ယူမှုလုပ်ငန်း (၄) တွင် ကြည့်ပါ) ဇယားကို သင်ပုန်းပေါ်၌ ပြထားပါ သို့မဟုတ် ပုံနှိပ်စာရွက်အဖြစ် ကျောင်းသားများအား ဝေပေးထားပါ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

#### သင်ယူမှုလုပ်ငန်း ၁။ သင်ခန်းစာ မိတ်ဆက်ဆွေးနွေးခြင်း (၅ မိနစ်)

၁။ သင်ခန်းစာကို အစပျိုးမိတ်ဆက်သည့်အနေနှင့် ကျောင်းသားများအား ၎င်းတို့အတန်းထဲသို့ ဝင်လာသောအခါ မည်ကဲ့သို့ ဝင်လာသနည်း။ သင်ခန်းစာအစပြုရန် မည်သည်ကိုစ၍ ပြုလုပ်ရသနည်း။ သင်ခန်းစာတိုင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်း တူညီမှုရှိပါသလား။ သို့မဟုတ် ပညာရေးဘာသာရပ်များအတွက်သာ ဆောင်ရွက်ရခြင်း ဖြစ်ပါသလား။

ဤဆောင်ရွက်မှုများသည် လက်ခံနိုင်ဖွယ် ယဉ်ကျေးရည်မွန်သော အပြုအမူများ ဖြစ်ကြောင်းကို မည်ကဲ့သို့သိရှိသနည်း စသည်တို့ကို စဉ်းစားသုံးသပ် စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းက ကျောင်းသားများအနေနှင့် သူတို့လိုက်နာဆောင်ရွက်နေကြသော နေ့စဉ်ပုံမှန် လုပ်ငန်းများကို မည်မျှ သတိမူမှုရှိကြောင်း ကနဦးစစ်ဆေးအကဲဖြတ်မှုတစ်ခုအဖြစ် ပံ့ပိုးပေး နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

တုံ့ပြန်မှုများသည် ပညာရေးကောလိပ်တွင် ၎င်းတို့ပုံမှန်ဆောင်ရွက်နေကျ လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာ ဆောင်ရွက်မှုများပင်ဖြစ်လိမ့်မည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့ထဲတွင် ပါဝင်နိုင်သည်တို့မှာ သင်ခန်းစာအတွက် ပြင်ဆင်ခြင်း၊ နေရာယူခြင်း၊ မိမိတို့နေရာ၌ထိုင်ခြင်း၊ ဆရာ ရောက်ရှိလာသည့်အခါ မတ်တတ်ရပ်၍ ကြိုဆို နှုတ်ဆက်ခြင်းတို့ ယေဘုယျအားဖြင့်ပါဝင်ကာ ဤသို့ ပုံမှန်ဆောင်ရွက်ခြင်းသည် လက်ခံနိုင်ဖွယ် ယဉ်ကျေးသော အပြုအမူဖြစ်ကြောင်းကိုလည်း သိကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အား ဤကဲ့သို့လုပ်ဆောင်ရန် ညွှန်ကြားမှု ရရှိခဲ့ကြခြင်းကြောင့် ထိုလုပ်ထုံးလုပ်နည်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခု ဖြစ်လာခဲ့သည်။ သင်ခန်းစာတိုင်းကို ဤနည်းတူစွာပင် အစပျိုးတတ်ကြသည်။

## သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၅.၁) မှ အကြောင်းအရာကို အသံကျယ်ကျယ်ဖြင့် ဖတ်ပြပါ။ အချို့နေရာများတွင် ပုံမှန်ခေတ္တနား၍ ဖတ်ပါ။ ကျောင်းသားများ မေးလိုက မေးရန်နှင့် မှတ်ချက်ပြုလိုက ပြုရန် ခွင့်ပေးပါ။

၂။ ထို့နောက် ထိုအကြောင်းအရာပါ အချက်အလက်များကို ၎င်းတို့၏ယခုလက်ရှိအတွေ့အကြုံ (ပညာရေး ကောလိပ်ကျောင်းသားဘဝ) မှ အချက်အလက်များနှင့်လည်းကောင်း ယခင် မိမိတို့ အထက်တန်း ကျောင်းသားဘဝမှ အချက်အလက်များနှင့်လည်းကောင်း တူညီမှု၊ ခြားနားမှုတို့ကို ရှာဖွေနှိုင်းယှဉ် စေရမည်။

၃။ ကျောင်းသားအများစုထံမှ တုံ့ပြန်အကြံပြုချက်များနှင့် မေးခွန်းများကို မေးပါစေ။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည်လည်း ကျောင်းသားများအနေနှင့် ၎င်းတို့လိုက်နာမည့် နေ့စဉ်ပုံမှန် လုပ်ငန်းနှင့် ကျောင်း လုပ်ထုံးလုပ်နည်း စည်းစနစ်များကို ၎င်းတို့ပညာသင်ယူဆည်းပူးခဲ့ရာ တတ်မြောက်မှု အဆင့်အသီးသီး၌ မည်သည့်အတိုင်းအတာအထိ လေးစားတန်ဖိုးထားခဲ့ပုံကို စစ်ဆေး အကဲဖြတ်နိုင်သည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ ပညာဆည်းပူးခဲ့သော အခြေခံပညာအထက်တန်းကျောင်းများတွင် ရရှိခဲ့သည့် အတွေ့အကြုံများနှင့် ယခုပညာရေးကောလိပ် အတွေ့အကြုံတို့အပေါ်မူတည်၍ အမျိုးမျိုး ကွာခြားမည်။ နောက်ဆက်တွဲမေးခွန်းအချို့ မေးပေးခြင်းအားဖြင့်လည်း ကျောင်းသားတို့၏ စဉ်းစားဉာဏ် ရင့်သန်လာနိုင်စေသည်။ အချို့လုပ်ငန်းများတွင် အဘယ်ကြောင့် အဆင့်တူပြီး အချို့မှာမူ အဘယ်ကြောင့် ကွာခြားရသနည်းဟု မေးနိုင်သည့်အပြင် ကျောင်းအလိုက် ကွာခြားမှုရှိတတ်သော လုပ်ထုံးလုပ်နည်းများ အကြောင်းကိုလည်း မေးခွန်းထုတ်နိုင်သည်။

### သင်ယူမှုလုပ်ငန်း ၃။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ဆရာက စာသင်ခန်းတွင်း လိုက်နာရန် လုပ်ထုံးလုပ်နည်း စည်းကမ်းများကို ကျောင်းသားများအား သင်ပေးထားခြင်းမရှိလျှင် စာသင်ခန်း မည်ကဲ့သို့ စည်းကမ်းပျက်နိုင်သည်ကို စူးစမ်းလေ့လာနိုင်ရန် ဉာဏ်ဖွင့်ဆွေးနွေးခြင်းနည်းကို သုံးရန်စဉ်းစားစေမည်။ စဉ်းစားရမည့် အချက်မှာ 'အကယ်၍သာ ကျောင်းသားများသည် စာသင်ခန်းလုပ်ထုံးလုပ်နည်း စည်းစနစ်များနှင့် ပုံမှန်လုပ်ငန်းများကို သိရှိနားလည်မှုမရှိလျှင် မည်ကဲ့သို့ပြဿနာများ ဖြစ်နိုင်သနည်း' ဆိုသည့်အချက်ကို အလေးထားအာရုံစိုက်ကာ စဉ်းစားစေမည်။

၂။ ပထမဦးစွာ စာသင်ခန်းတွင်း လုပ်ဆောင်ရမည့် ပုံမှန်လုပ်ငန်းများကို စာရင်းပြုစုစေမည်။

၃။ ကျောင်းသားများက ထိုလုပ်ငန်းများကို လုပ်ဆောင်ရမည်ဟု မသိသောအခါဖြစ်ပေါ်လာမည့် နောက်ဆက်တွဲရလဒ်များကို စဉ်းစားရှာဖွေရန် အုပ်စုငယ်များဖွဲ့ပေးပါ။

၄။ တုံ့ပြန်အကြံပြုချက်များ ရယူပါ။ ထိုအကြံပြုချက်များထဲမှအချို့သည် ရယ်မောဖွယ်ကောင်းပြီး အချို့မှာမူ အဓိပ္ပာယ်မရှိသယောင် ခပ်ဆန်းဆန်းများဖြစ်နေမည်။ အားလုံးကို ခိုင်လုံမှုရှိသည်ဟု ယူဆပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤနေရာတွင် ရည်ရွယ်သည်မှာ ကျောင်းသားများသည် စိတ်ထဲ၌ စည်းမျဉ်းစည်းကမ်းနှင့် ပုံမှန်လုပ်ငန်းများသည် အခြားမည်သည့်နေရာမှ အလိုအလျောက်ပေါ်ပေါက်လာသည်မဟုတ်ဘဲ သင်ကြားပေးမှု၊ သင်ယူရမှုတို့မှသာ ပေါ်ပေါက်လာကြောင်းကို စွဲမြဲသိမှတ်နားလည်သွားစေရန်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများကို လိုက်နာခြင်းမရှိသည့်အခါ အတန်းသည် ဖရိုဖရဲ ဖြစ်နေမည်။ ဤပြုစုထားသော စာရင်းသည် မမှတ်မိနိုင်လောက်အောင် မများပြားပါ။ အကြံပြုချက်အနည်းငယ်သာ ဖြစ်နေသည်။

- ကျောင်းသားများသည် အတန်းထဲသို့ နောက်ကျမှ ဝင်ရောက်လာကြမည်။
- ၎င်းတို့၌ လိုအပ်သော ပစ္စည်းကိရိယာ (စာအုပ်၊ စာရေးကိရိယာ) တို့ပါလာမည် မဟုတ်ချေ။
- နေ့လည်စာ ထမင်းဘူးထည့်ရန် မေ့လာခဲ့မည်။
- ၎င်းတို့ပုံစံသည် လုပ်တတ်ကိုင်တတ်ပုံမပေါ်လျှင် အနိုင်ကျင့်ဗိုလ်ကျမှုခံရတတ်သည်။
- ကျောင်းစည်းကမ်းဖောက်ဖျက်မိသဖြင့် အပြစ်ပေးခြင်း၊ အရေးယူခြင်းခံရမည်။
- ဆရာက သင်ခန်းစာကို ဖြောင့်တန်းစွာမသင်နိုင်သဖြင့် သင်ယူမှုလည်း မပေါက်မြောက်နိုင်ချေ။
- ဘေးကင်းလုံခြုံမှုဆိုင်ရာ အစီအမံလုပ်ငန်းတို့ကို မသိသောကြောင့် ကျောင်းသားများအန္တရာယ်ဖြစ်နိုင် သည်။ သို့မဟုတ် မတော်တဆ ထိခိုက်ဒဏ်ရာရနိုင်သည်။
- စာသင်ခန်းသို့ရောက်အောင် မလာတတ်သဖြင့် ကျောင်းတွင်း မျက်စိလည်လမ်းပျောက်နေတတ်သည်။

- မိဘများနှင့် မည်သည့်နေရာတွင် တွေ့ဆုံရမည်ကိုမသိခဲ့လျှင် ကျောင်းသားမိဘများ အနေနှင့် စိတ်ပူပန်ရမည်။
- မိဘများနှင့်တွေ့ဆုံရန်နေရာ သို့မဟုတ် ဘတ်(စ်)ကားစီးရမည့်နေရာတို့ကို မသိခဲ့လျှင် ထိုကျောင်းသားသည် စိတ်ဒုက္ခရောက် ပူပန်ရတတ်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

သင်ပုန်းပေါ်တွင် ရေးပြထားသော ကျောင်းသားများ၏ နေ့စဉ်ပုံမှန်လုပ်ငန်းများထဲတွင် မူလတန်း ကျောင်းသားများအနေဖြင့် မည်သည်တို့ကို လေ့လာသင်ယူရန် သို့မဟုတ် လိုက်နာ ဆောင်ရွက်ရန် ခက်ခဲမည်ဟု ယူဆသနည်း။ မူလတန်းကျောင်းသားများအား မည်ကဲ့သို့ ကူညီပေးရမည်နည်း။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၄။ အုပ်စုလုပ်ငန်း (၃၅ မိနစ်)

၁။ ယခင်စာသင်ချိန်က ကြည့်ရှုလေ့လာခဲ့သော စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများ အကြောင်းကို အတိုချုပ် ပြန်လည်ဆွေးနွေးပါ။

၂။ နောက်ထပ်တစ်ဆင့်တွင် ကျောင်းသားတို့ နားလည်စေသင့်သည်မှာ စာသင်ခန်းတွင်း ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများသည် သင်ယူမှုမှတတ်မြောက်လာရသော အရာများဖြစ်သည့် အတွက် စာသင်ခန်းအဝန်းအဝိုင်းဘောင်အတွင်း၌ ၎င်းတို့ကို သင်ယူရမည် ဖြစ်ကြောင်း ပြောပြပါ။

၃။ စိတ်ကူးအယူအဆများစွာတို့သည် လူတစ်ဦးကျင်လည်ရာ ပတ်ဝန်းကျင်တစ်ခုအတွက် သိရှိပြီး အချက် ဖြစ်သော်လည်း အခြားပတ်ဝန်းကျင်သစ်တစ်ခုတွင်မူ ထိုအယူအဆသည် တစ်သမတ်တည်း တူညီမည်မဟုတ်ကြောင်း ထိုကျောင်းသားများမှတ်သားရန် ဆရာက ထောက်ပြပါ။ ဥပမာ - ကျောင်းသားများသည် ၎င်းတို့အိမ်တွင် မည်သို့ဝင်ရမည်ကို သိမည်ဖြစ်သော်လည်း ထိုသို့ သိကာမျှဖြင့် ကျောင်းမှအခန်းတစ်ခန်းသို့ ဝင်ရောက်ပုံတို့ သိနားလည်နိုင်မည်မဟုတ်ချေ။ ပတ်ဝန်းကျင်ကို လိုက်၍ ပြုမူပုံပြောင်းလဲသွားနိုင်မည် ဖြစ်သည်။

၄။ ကျောင်းသားများအား (၃) ယောက် တစ်အုပ်စုဖြစ်စေ၊ (၄) ယောက် တစ်အုပ်စုဖြစ်စေ အုပ်စုများ ဖွဲ့စည်းစေမည်။ ၎င်းတို့အား 'ပတ်ဝန်းကျင်အခြေအနေအသီးသီးတို့၌ လက်ခံနိုင်ဖွယ်ရှိသော အပြုအမူ ကောင်းများ' ဇယားကို အာရုံစိုက်လေ့လာစေမည်။

၅။ ဥပမာအနည်းငယ်တို့ကို ဆရာက ဆွေးနွေးမည်။ ထို့နောက် ကျောင်းသားအုပ်စုတို့အား ဆက်လက်ဆွေးနွေးရန်နှင့် အသေးစိတ်အချက်အလက်များနှင့် ဥပမာများကို ဇယား၌ ထပ်ဖြည့်ရန် ညွှန်ကြားပါ။

၆။ ကျောင်းသားအုပ်စုများ လုပ်ငန်းဆောင်ရွက်ရာအနီးတစ်ဝိုက်၌ လှည့်လည်သွားလာရင်း ဆရာက ပိုမိုရှင်းလင်းစေလိုသည်များကို မေးခွန်းမေးပါ။ ဇယားတွင် ဖြည့်သွင်းမှု ပြီးစီးသောအခါ တစ်တန်းလုံးနှင့် မျှဝေစေရမည်။

**ဇယား ၉.၂။ ပတ်ဝန်းကျင်အခြေအနေ အသီးသီးတို့၌ရှိရမည့် လက်ခံနိုင်ဖွယ် အပြုအမူများ**

| ပတ်ဝန်းကျင်အခြေအနေအသီးသီးတို့၌လက်ခံနိုင်ဖွယ်ရှိသော အပြုအမူကောင်းများ | | | | |
|---|---|---|---|---|
| | လုပ်ငန်း | အိမ် | မြို့တွင်း အချက်အချာနေရာ/ ဆိုင်တစ်ဆိုင် | ကျောင်း |
| ၁။ | အခန်းထဲသို့ ဝင်ရောက်ခြင်း | လမ်းလျှောက် ဝင်ရောက်လာခြင်း | လမ်းလျှောက် ဝင်ရောက် သွားပြီး မင်္ဂလာပါ နှုတ်ဆက်ခြင်း | |
| ၂။ | အခန်းထဲမှ ထွက်ခွာခြင်း | | တံခါးဝဆီသို့ သွားကာ *ကျေးဇူး တင်ပါတယ်*မင်္ဂလာနေ့ ဖြစ်ပါစေ *သွားပြီနော် ဟု ပြောဆိုပြီး ထွက်ခွာခြင်း | မတ်တတ်ရပ်၍ ဆရာကအတန်း မလွှတ်မချင်း ငြိမ်သက်စွာ စောင့်ဆိုင်းနေခြင်း |
| ၃။ | သူငယ်ချင်းနှင့် စကားပြောခြင်း | | | သင်ယူရမည့် ခေါင်းစဉ် အကြောင်း ကိုသာ ပြောရခြင်း၊ ဆရာကပြောခွင့် ပေးမှသာ ပြောရခြင်း |
| ၄။ | မောပန်း နွမ်းနယ်ခြင်း | မျက်လုံး မှိတ်ထားခြင်း ခေါင်းကိုမှီ၍ နားနေခြင်း | ထိုင်ခုံရှည်ပေါ်တွင် ထိုင်ခြင်း၊ မျက်လုံး မမှိတ်ရခြင်း | |
| ၅။ | ခေတ္တနားရန် လိုအပ်ခြင်း | | | |

## စစ်ဆေးအကဲဖြတ်ခြင်း

လုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ဆရာက ၎င်းတို့ဖြည့်သွင်းထားသည် ဇယားများကို စစ်ဆေးအကဲဖြတ် နိုင်သည်။ ကျောင်းသားများအား မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း နည်းသုံး၍လည်း အကဲဖြတ်စေနိုင်သည်။ တစ်တန်းလုံးပါဝင်သော တုံ့ပြန်အကြံပြုမှုကဏ္ဍတွင် ဆောင်ရွက်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေများ/တုံ့ပြန်မှုများသည် ပုဂ္ဂလမိဋ္ဌာန်ကျပြီး တစ်ဦးချင်းစီအယူအဆအပေါ် မူတည်မည်။ ဇယားထဲတွင် လတ်တလောဖြည့်ထားပြီးသည့်တို့ကိုပင် အချို့ကပြန်၍ ပြောင်းလဲလိုစိတ် ပေါ်ပေါက်တတ်သေးသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားအုပ်စုများအား အောက်ပါအကြောင်းအရာများအပေါ်၌ ပြန်လည်သုံးသပ်စေရမည်။

(က) စာသင်ခန်းတွင် ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များသည် အဘယ်ကြောင့် အရေးပါပုံ။

(ခ) ထိုပုံမှန်လုပ်ငန်းများ လုပ်ထုံးလုပ်နည်းများကို အဘယ်ကြောင့် သင်ကြားပေးရပုံ။

(ဂ) စာသင်ခန်းပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များက ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသည်မှာ အဘယ်ကြောင့်ဖြစ်ပုံနှင့် ၎င်းတို့အား အကျိုးကျေးဇူး ဖြစ်ထွန်းစေသော အတန်းစီမံခန့်ခွဲမှုဟု အဘယ်ကြောင့် ယူဆသင့်ပုံ။

(ဃ) စာသင်ခန်းတွင် ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းစည်းစနစ်များ ချမှတ်ဆောင်ရွက်ရာတွင် အတန်းပိုင်ဆရာက အခြားဆရာများ၊ ကျောင်းသားမိဘများနှင့်အတူပူးတွဲကာ မည်သို့ဆောင်ရွက်နိုင်ပုံနှင့် မည်သည့်အခါမျိုးတွင် ဆောင်ရွက်နိုင်ပုံ။

၂။ ကျောင်းသားအချို့ပြုစုထားသော သုံးသပ်ချက်တို့ကို တစ်တန်းလုံးနှင့် မျှဝေစေမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ အခြားအခြေခံပညာ အထက်တန်းကျောင်းများမှ ပုံမှန်လုပ်ငန်းများနှင့် ပညာရေးကောလိပ် ပုံမှန်လုပ်ငန်းတို့ကိုပါ ပါဝင်ထည့်သွင်းဆွေးနွေးစေခြင်းဖြင့် ဆွေးနွေးမှုကို ပိုမိုချဲ့ထွင်ပေးနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို ကျောင်းသားတို့အား ဖတ်စေရာတွင် နှစ်မျိုးနှစ်စား ရှိနိုင်သည်။ တစ်ဦးချင်းစီ စိတ်ထဲမှဖတ်စေခြင်း (သို့မဟုတ်) ကျောင်းသားများအား အသံကျယ်ကျယ်ထွက်၍ ပြိုင်တူဖတ်စေခြင်းတို့ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ စာသင်ခန်းတွင် ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း နည်းစနစ်များ ချမှတ်ရေးတွင် ကျောင်းသားမိဘများကို မည်သို့ပါဝင်ဆောင်ရွက်ခွင့်ပေးနိုင်မည့် အစီအစဉ်တစ်ခုကို ကျောင်းသားများအား ရေးဆွဲစေရမည်။ ထိုလုပ်ငန်းမျိုးကို ဆောင်ရွက်တတ်ခြင်းသည် မြန်မာနိုင်ငံမှ ဆရာများအတွက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် မည်သို့ ကိုက်ညီနေကြောင်းကိုလည်း ရှင်းပြစေမည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ ခြားနားသော သက်ရွယ်အုပ်စုမှ ကျောင်းသားများအတွက် စာသင်ခန်းတွင် ပုံမှန်လုပ်ငန်းများချမှတ်ပေးရန် သုံးသပ်သည့်အနေနှင့် ဇယားကိုလိုအပ်သလို ပြင်ဆင်ရေးဆွဲပါ။

## ၉.၅.၂။
## စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း နည်းစနစ်များကို စီစဉ်ရေးဆွဲခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို မိမိအတန်းအတွက် စီစဉ်ရေးဆွဲတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြား ဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်း ရှိကြောင်းပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ သင်ခန်းစာပြင်ဆင်ခြင်း၊ ပြန်လည် သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၅.၂) ကို ဆရာရော ကျောင်းသားများပါ ဖတ်ထားရန် လိုအပ်သည်။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ ရည်ညွှန်း ကိုးကားရန် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၅.၂) မှ အကြောင်းအရာ။

**သင်ယူမှုလုပ်ငန်းများ**

**ပထမစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၁။ ဆွေးနွေးခြင်း (၁၅ မိနစ်)**

၁။ ကျောင်းသားများအား ကျောင်း၏ပုံမှန်နေ့စဉ်လုပ်ငန်း (၂၉) ခုကို ရေးသားထားသည့် စာရင်းကို ကြည့်ရှု လေ့လာစေပြီး ကျောင်းသားကိုင်စာအုပ်ထဲမှ မည်သည့် စာသင်ခန်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများကို မိမိအနေနှင့် ကျောင်းသားများအား မည်သို့သင်ကြားပေးရန် ဆုံးဖြတ်မည်နည်း။ မေးခွန်းကို ဆွေးနွေးစေရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

ဤလုပ်ငန်းက ပုံမှန်လုပ်ငန်းများမှာ များပြားလှသဖြင့် တစ်ခုချင်းကို အသေးစိတ်လွယ်ကူရှင်းလင်းစွာ သင်ကြားပေးနိုင်ရန် မဖြစ်နိုင်ကြောင်းကို သိရှိစေနိုင်သည်။ လွယ်ကူရှင်းလင်းစွာ သင်ကြားပေးထားခြင်းမရှိလျှင် ကျောင်းသားများအတွက် သင်ယူရန် အခက်ဆုံးဖြစ်မည်ဟု

ထင်မှတ်ရသော သို့မဟုတ် အရေးအကြီးဆုံး ဖြစ်မည်ဟု ထင်မှတ်ရသော ပုံမှန်လုပ်ငန်းများ အကြောင်းကို ဆရာက အကျဉ်းချုံး စစ်ဆေးအကဲဖြတ်ပေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မည်သည့်စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများကို လွယ်ကူရှင်းလင်းစွာ နားလည်အောင် သင်ပေးသင့်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ ရရှိလာမည့် စိတ်ကူးထင်မြင်ချက်များမှာ လုံးဝပုဂ္ဂလဓိဋ္ဌာန်ကျမည်။ မည်သို့ပင်ဖြစ်စေ ကျောင်းသားတို့အား ၎င်းတို့ဆွေးနွေးမှုကို ကျိုးကြောင်း ဆီလျော်မှုရှိကြောင်း ဖော်ပြ စေရမည်။ အခြားသော ပုံမှန်လုပ်ငန်းများကို သီးသန့်သင်ကြားပေးခြင်း မရှိလျက်နှင့်ပင် ကျောင်းသားများ၏ သင်ယူတတ်မြောက်နိုင်ခြင်း ရှိ/မရှိ ထင်မြင်ချက်ကိုလည်း ပေးစေရမည်။

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလုပ်ငန်း (မိနစ် ၃၀)

၁။ ဤသင်ခန်းစာ၏ ကျန်နေသေးသော နောက်ထပ်အပိုင်းသစ်ကို သင်ယူလေ့လာရန် အတွက်နှင့် နောက်ထပ်သင်ခန်းစာအသစ်အတွက် လုပ်ငန်းဆောင်ရွက်ရန် (၆) ယောက် တစ်အုပ်စုစီ ကျောင်းသားများအုပ်စုဖွဲ့ပါစေ။ စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ် (၂၉) မျိုး ရေးသားထားသောစာရင်းကို ရှင်းလင်းစွာ သိရှိစေရန် သင်ထားပေးသင့်သည့် လုပ်ငန်း၏ ဥပမာများအဖြစ် မှတ်ယူကာ တစ်တန်းလုံး သံပြိုင်ညီညွတ်စွာဖြင့် ဖတ်စေရမည်။ ကျောင်းသားတို့အား နောက်ထပ် ထည့်ရန် စဉ်းစားထားသည့် စိတ်ကူးများ ရှိ/မရှိ မေးမြန်းပါ။

၂။ ထို့နောက် ကျောင်းသားအုပ်စုများကို အောက်ပါလုပ်ငန်းတို့အား ဆောင်ရွက်စေမည်။

(က) မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းကျောင်းများ၌ အသုံးပြုရန် ဆီလျော်သော စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ် အရေအတွက် အများဆုံး (၁၀) ခုထက် မပိုစေဘဲ ရွေးချယ်ပေးရန် (ဤလုပ်ငန်းတွင် ဥပမာများပေးရာတွင် (၂၉) ခု စာရင်းထဲမှ မဖြစ်စေရ။)

(ခ) ဤပုံမှန်လုပ်ငန်း (၁၀) ခုကို အဘယ်ကြောင့် ရွေးချယ်ထားကြောင်း ကျိုးကြောင်း ဖော်ပြချက်ကို ရေးသားမှတ်တမ်းပြုထားရန်။

(ဂ) ထို့နောက် ထိုလုပ်ငန်းတို့ကို စီစဉ်ရေးဆွဲပြီး ချရေးစေရန်။

(ဃ) အသက် (၇) နှစ်အရွယ် ကျောင်းသားများအား ၎င်းတို့က ထိုစာသင်ခန်းပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို မည်သို့သင်ကြားပေးနိုင်ပုံ စိတ်ကူးအယူအဆကို ဖော်ပြရန်။

၃။ ဆရာက ကျောင်းသားများ လုပ်ငန်းဆောင်ရွက်ရာ နေရာတစ်ဝိုက်တွင် လှည့်လည်ပြီး ကြည့်ရှုလေ့လာ ရမည်။ သင့်တော်လျှင် ၎င်းတို့လုပ်ဆောင်ရာ၌ ပိုမိုရှင်းလင်းသွားစေမည့် မေးခွန်းများကို မေးပေးပါ။

၄။ ဤလုပ်ငန်းစဉ်ဆောင်ရွက်မှုသည် နောက်ထပ်စာသင်ချိန်ရောက်သည့်အထိ ကြာသွားတတ်ပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းကို ယခုစာသင်ချိန်အတောအတွင်း အပြီးသတ် ဆောင်ရွက်ရန် မလိုအပ်သေးကြောင်း ကျောင်းသားများကို ပြောပြရမည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)**

၁။ သင်ယူမှုလုပ်ငန်းကို နောက်ထပ်စာသင်ချိန်တွင် ဆက်လက်ဆောင်ရွက်ရန် လိုသေးသော်လည်း စာသင်ချိန်အဆုံး မိနစ်အနည်းငယ်ခန့်အလိုတွင် ရရှိလာသော တုံ့ပြန်အကြံပြုချက်များကို ပြန်လှန်သုံးသပ်ခြင်းဖြင့် ကြေညက်အောင် လေ့လာစေမည်။

၂။ အထူးလက်ရွေးစင် ကျောင်းသားအနည်းငယ်အား ၎င်းတို့ပြုစုထားသော အစီအစဉ်ထဲမှ တစ်ခုအကြောင်းကို အကျဉ်းချုံးတင်ပြစေမည်။ ထိုသို့ဆောင်ရွက်စေခြင်းအားဖြင့် နောက်စာသင်ချိန်၌ သူတို့ဆောင်ရွက်ရမည်ဖြစ်သောလုပ်ငန်းကို မိမိကိုယ်ကိုစစ်ဆေး အကဲဖြတ်ခြင်းနည်းကို အသုံးပြု၍ အကဲဖြတ်တတ်သွားစေမည်ဖြစ်သည်။

## ဒုတိယစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (ဆက်လက်ဆောင်ရွက်ရန်) (၃၅ မိနစ်)**

၁။ ယခင်စာသင်ချိန်က စတင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို အုပ်စုများအား ဆက်လက် ဆောင်ရွက်စေမည်။ ထိုလုပ်ငန်းမှာ ရွေးချယ်ထားပြီးသော ကျောင်း၏ပုံမှန်လုပ်ငန်း (၁၀)

ခု (အများဆုံး) တို့ကို သင်ကြားပေးရန် သင်ကြားနည်း လုပ်ငန်းစဉ်တစ်ခု ရှာဖွေဖော်ထုတ်ပေးရန် ဖြစ်သည်။

၂။ ရွေးချယ်ထားသော စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းတစ်ခုစီအတွက် အကျိုးအကြောင်း ညီညွတ်မှုရှိကြောင်း ဖော်ပြချက်တစ်ခုစီရှိရမည်။ ထို့နောက် ထိုအရာတို့ကို သင်ကြားပေးရန် ဆီလျော်သော သင်ကြားမှုလုပ်ငန်းစဉ်တစ်ခုကို တင်ပြစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်းကို အောက်ပါနည်းများထဲမှ ကြိုက်နှစ်သက်ရာနည်းတစ်ခုခုကို သုံးစွဲ၍ အကဲဖြတ်ပေး နိုင်သည်။ နည်းလမ်းရွေးချယ်ရာတွင် ဆရာ့အကြိုက်နှင့် ကျောင်းသားများအကြိုက်ကို လိုက်၍ ရွေးချယ် တတ်ကြသည်။

- အုပ်စုလိုက်ဟောပြောဆွေးနွေးတင်ပြခြင်း။
- ပြခန်းလှည့်လည်လေ့လာခြင်း (စက္ကူချပ်ကြီးပေါ်၌ ရေးထားလျှင်)။
- တစ်တန်းလုံးပါဝင်ဆွေးနွေးခြင်း။
- ကျောင်းသားလုပ်ငန်းများကို စုဆောင်းကောက်ခံပြီး အမှတ်ပေးခြင်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားအုပ်စုများမှ ရွေးချယ်လိုက်သော ပုံမှန်လုပ်ငန်းအမျိုးအစားများနှင့် ၎င်းတို့ ယခင်က ရှိခဲ့ဖူးသော အတွေ့အကြုံများအပေါ်မူတည်၍ အဖြေမျိုးစုံရရှိနိုင်မည်။ ၎င်းတို့၏စိတ်ကူး အယူအဆများသည် ယခင်က အတွေ့အကြုံများအပေါ် အခြေခံမည် သို့မဟုတ် မကြာသေးမီက အတွေ့အကြုံအပေါ် အခြေခံမည်။ အကယ်၍ ၎င်းတို့၏ ညီငယ်/မောင်/ညီမငယ်များ လုပ်ကိုင်ဆောင်ရွက်နေကြပုံကို လေ့လာထားလျှင် သို့မဟုတ် လေ့ကျင့်ရေး မူလတန်း/ အလယ်တန်း/အထက်တန်း ကျောင်းများ၌ ကျောင်းသားတို့ လုပ်ကိုင်ဆောင်ရွက် နေကြပုံကို သိမြင်လေ့လာထားသည့် အပေါ်တွင်လည်း အခြေခံနိုင်သည်။ အခြားတွေးနိုင်သော နည်းလမ်း တစ်ခုမှာ ကြုံရာကျပန်းပေါ်ပေါက်လာသော စိတ်ကူးတစ်ခုမှ သင်ကြားနည်းတစ်ခုကို စိတ်ကူး တည်ဆောက်ခြင်းနည်းဖြစ်သည်။ အချို့ကျောင်းသားများက ဤနည်းကို သုံးတတ်ကြသည်။

ပုံစံကျခြင်း၊ မကျခြင်းတို့ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ၎င်းတို့ထင်ရာမြင်ရာ ဖြစ်နိုင်နိုးနိုး အဖြေများကို စိတ်ကူးပုံဖော်၍ ပေးတတ်ကြသည်။ ဤနောက်ဆုံးနည်းကို အားပေးသင့်သည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် သင်ကြားနေသည့် သင်ခန်းစာအကြောင်းအရာမှ လမ်းကြောင်းလွဲသွားနိုင်သော်လည်း လေးနက်စွာဆန်းစစ်စဉ်းစားခြင်း၊ ကျိုးကြောင်းကျစဉ်းစားခြင်း၊ ဖောက်ထွက်စဉ်းစားခြင်း စွမ်းရည်များကို လက်တွေ့အသုံးချရန်အတွက် စမ်းသပ်ခြင်းတို့ကို ပြုလုပ်ရမည့် အချိန်ဖြစ်သည်။ ဤအဆင့်သည် စိတ်ကူးဖြင့်ကြံစည်လုပ်ဆောင်ခြင်းဖြစ်ပြီး တကယ်လက်တွေ့ပြုလုပ်ခြင်းမဟုတ်သည့်အတွက် မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုးများ မရှိပေ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၅ မိနစ်)

၎င်းတို့အဆိုပြုထားသော သင်ကြားနည်းလုပ်ငန်းစဉ်များထဲမှ အချို့ကို ရွေးချယ်၍ တစ်တန်းလုံး ရှင်းလင်း ဆွေးနွေးစေရမည်။ ဤဆွေးနွေးမှု၏ ရည်ရွယ်ချက်မှာ ရရှိထားသော စိတ်ကူးများကို မျှဝေရန်နှင့် အတွေးအမြင် စိတ်ကူးစိတ်သန်းများ ကြွယ်ဝလာစေရန်တို့ဖြစ်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၂ နှင့် ၃။** ။ ကျောင်းသားများအား ၎င်းတို့ပြုစုထားသော စာရင်းကို ပြန်လည်ကြည့်ရှု လေ့လာစေမည်။ လူတိုင်းအကျုံးဝင်ပညာရေး၊ အထူးပညာရေးနှင့် ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှုပညာရေးဆိုင်ရာ အခက်အခဲပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်စေမည့် စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များဖြစ်အောင် ပြုပြင်ခြင်း၊ ဖြည့်စွက်ခြင်း၊ မွမ်းမံခြင်းတို့ကို ဆောင်ရွက်စေရမည်။

## ၉.၅.၃။
## စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို သင်ကြားပေးခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များကို ချမှတ်ရေးဆွဲရာတွင် အခြားဆရာများ ကျောင်းသားမိဘများနှင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်မည့် စိတ်ကူးအကြံဉာဏ်များ ပေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက် ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်းတစ်တန်းလုံးဆွေးနွေးခြင်း၊ သင်ခန်းစာပြင်ဆင်ခြင်း၊ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၅.၃) ကို ဆရာရော ကျောင်းသားများပါ ဖတ်ရှုကိုးကားသင့်သည်။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး၊ ပိုစတာရေးရန်စက္ကူ၊ ရွှေ့ပြောင်း၍ရသော စာရေးခုံနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ ယခင်စာသင်ချိန်က ကျောင်းသားများ ရွေးချယ်ထားသော စာသင်ခန်းတွင်း ပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များ ပါဝင်သည့်စာရင်း ၎င်းတို့၏မှတ်စုများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ သင်ခန်းစာမိတ်ဆက်စာဖတ်ခြင်းနှင့် ဆွေးနွေးခြင်း (၁၀ မိနစ်)**

၁။ သင်ခန်းစာကို မိတ်ဆက်ရန် ကျောင်းသားအနည်းငယ်တို့အား ယခင်သင်ခန်းစာ (၂) ခု သင်ယူခဲ့စဉ်က မှတ်သားထားခဲ့သော စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များအကြောင်း အကျဉ်းချုံး ဖော်ပြစေမည်။ ဤစည်းစနစ်များ သင်ကြားပေးမှု၏ အရေးပါပုံကို ပြောပြစေမည်။ ယနေ့တွင်မူ အုပ်စုများအတွင်း အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနိုင်ရန် အစီအစဉ် ရေးဆွဲခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် အဆိုပါ ယခင်သင်ခန်းစာများမှ လုပ်ငန်းကို လက်တွေ့လေ့ကျင့်ရမည်ဖြစ်ကြောင်း ဆရာကပြောပြပါ။

၂။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၅.၃) တွင်ပါဝင်သော အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းအကြောင်းကို ဖတ်ပြီးဆွေးနွေးပါ။ မေးခွန်းများကို ဖြေပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအနေနှင့် ၎င်းတို့ဆောင်ရွက်ရမည့် လုပ်ငန်းကို ကောင်းစွာ နားလည်သဘောပေါက်ရန် လိုအပ်သောကြောင့် ၎င်းတို့နားလည်မှုကို သေချာစွာစစ်ဆေးပါ။ ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော အကြောင်းအရာတို့ကို အခြေခံလျက် အယူအဆများကို နားလည်မှု ရှိ/မရှိ စစ်ဆေးသည့် မေးခွန်းများ မေးပေးပါ။ သူတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားကိုင်စာအုပ်တွင် အကြမ်းဖျင်းဖော်ပြထားသကဲ့သို့ ကျောင်းသားများသည် ၎င်းတို့ဆောင်ရွက်ရမည့်လုပ်ငန်း၏ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ရည်ရွယ်ချက်များကို ရှင်းပြနိုင်စွမ်းရှိသင့်သည်။ အချို့နားမလည်သည်များကို ဆရာ့ထံ မေးခွန်းမေးလိမ့်မည်။ အတန်းကို အုပ်စုများအဖြစ် ခွဲမထုတ်မီ ဆရာက ဤကဲ့သို့ မရှင်းလင်းသည်များကို အားလုံးအတွက် ရှင်းပြဖြေဆိုပေးရန် သတိပြုပါ။

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားရန် စီစဉ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားများအား (၆) ယောက်တစ်အုပ်စုစီ အုပ်စုဖွဲ့စေမည်။ ယမန်နေ့က ဖွဲ့ခဲ့သည့်အတိုင်းပင် အုပ်စုများကို တူညီစွာဖွဲ့ပါစေ။

၂။ အုပ်စုတစ်ခုစီအား စာသင်ခန်းတွင်းပုံမှန်လုပ်ငန်း (၁) ခု သို့မဟုတ် (၂) ခုကို ရွေးချယ်စေပြီး ထိုလုပ်ငန်းများကို ကျောင်းသားများအား သင်ကြားပေးရာတွင် ၎င်းတို့အသုံးပြုမည့် သင်ကြားမှု လုပ်ငန်းစဉ်တစ်ခုကို ပြင်ဆင်စေမည်။ သို့မဟုတ် အသေးစိတ်အစီအစဉ်တစ်ခု ရေးဆွဲစေမည်။ ထို့နောက် မည်သို့သင်ကြားပေးမည်ကို ဖော်ပြသော သင်ပြမှုပုံစံငယ် တစ်ခုကို ခပ်တိုတို ရေးသားစေရမည်။

၃။ အုပ်စုအတွင်း၌ ၎င်းတို့ရေးဆွဲထားသော သင်ခန်းစာသင်ကြားနည်းဖြင့် စမ်းသပ်သင်ကြားကြည့်နိုင်သည်။

၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းကို နောက်ထပ်စာသင်ချိန်တွင်လည်း ဆက်လက်လေ့ကျင့်ရဦးမည်ဖြစ်သောကြောင့် ဤစာသင်ချိန်အပြီးတွင် အနည်းဆုံးအားဖြင့် သင်ပြမှုပုံစံငယ် တစ်ခုပြင်ဆင်မှုကို ပြီးစီးအောင် ဆောင်ရွက်စေသင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများ အလုပ်လုပ်နေချိန်တွင် စောင့်ကြည့်လေ့လာရမည်။ ကျောင်းသားများ ရေးထားသော သင်ပြမှုပုံစံငယ်တို့ကို အချိန်ယူ၍ စစ်ဆေးသုံးသပ်ပေးပါ။ ၎င်းတို့ရေးထားသော သင်ခန်းစာပြင်ဆင်မှုသည် လက်တွေ့သင်ကြားရာတွင် ဖြစ်နိုင်မှု ရှိ/မရှိတို့ကို သုံးသပ်ဝေဖန်ခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပေးပါ။

ဆရာက ကျောင်းသားများအား နောက်တစ်မျိုး ဉာဏ်စမ်းသပ်နိုင်သေးသည်။ ကျောင်းသားတို့အား ၎င်းတို့ သုံးလိုက်သော သင်ကြားမှုလုပ်ငန်းစဉ်များ၏ အကျိုးရလဒ်အဖြစ် မျှော်မှန်းထားသော မည်သည့်တို့ အတိအကျ ဖြစ်လာနိုင်မည်ကို စဉ်းစားကြံဆပေးမည်။ ကြိုတင်မြော်မြင် သုံးသပ်တတ်စေရန် အားပေးခြင်းဖြင့် ၎င်းတို့၏ သင်ပြမှုပုံစံငယ်များအား ၎င်းတို့ကိုယ်တိုင် စစ်ဆေးအကဲဖြတ်စေမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများအနေနှင့် ယခုအချိန်တွင် သင်ပြမှုပုံစံငယ်ရေးသားခြင်းတွင် တတ်ကျွမ်းပိုင်နိုင်မှု ရှိနေသင့်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သင်ယူရသော ဘာသာရပ်အများစုတွင် ထိုလုပ်ငန်းကို အတိုင်းအတာ အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြပြီးသောကြောင့်ဖြစ်သည်။ ၎င်းတို့ ရေးဆွဲသော သင်ပြမှုပုံစံငယ်တွင် ရေးရိုးရေးစဉ် သင်ခန်းစာပြင်ဆင်ပုံအဆင့်ဆင့် ပါဝင်စေရမည်။ အနည်းဆုံးအားဖြင့် နိဒါန်း၊ ဆရာက နမူနာလုပ်ဆောင်ပြခြင်း၊ ကျောင်းသားများ ဆောင်ရွက်ရန်လုပ်ငန်း၊ သရုပ်ပြခြင်းနှင့် စစ်ဆေး အကဲဖြတ်ခြင်းတို့ ပါဝင်သင့်သည်။ သင်ပြမှုပုံစံငယ်တွင် လိုအပ်ချက်အလိုက်လုပ်ဆောင်ရန် လုပ်ငန်းများကို ဖော်ပြသည့် အစိတ်အပိုင်းများနှင့် အထူးလိုအပ်ချက်များအတွက် ပံ့ပိုးဆောင်ရွက်ခြင်းများကိုလည်း ထည့်သွင်း ရေးသားဖော်ပြထားသင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ - မိနစ်)

၁။ ကျောင်းသားအုပ်စုတစ်ခုအား အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်းကို လက်တွေ့သရုပ်ပြသင်ကြား စေရမည်။ သို့မှသာ တစ်တန်းလုံးမှ ကျောင်းသားများအားလုံးတို့အနေနှင့် ၎င်းတို့ဆောင်ရွက်ရမည့် အရာတို့ကို ရှင်းလင်းစွာ နားလည်သဘောပေါက်စေမည်။

၂။ ကျောင်းသားများထံမှ မေးခွန်းများကို ဖိတ်ခေါ်ပါ။ ဆရာက ဆွေးနွေးပေးပါ။

## ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (မိနစ် ၄၀)

၁။ စာသင်ခန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများကို သင်ကြားပေးရန် ရေးဆွဲ ထားသော သင်ပြမှုပုံစံငယ်များကို စမ်းသပ်သင်ကြားမှုလုပ်ငန်း ဆက်လက်ဆောင်ရွက်စေမည်။ စာသင်ခန်းတွင်း လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများကို များနိုင်သမျှ များများကို သင်ကြားရန် ရည်ရွယ်ပါစေ။ သို့ရာတွင် အရေအတွက်များရန်ထက် အရည်အသွေးရှိရန် ပို၍ ဦးစားပေးသင့်သည်။ ဆိုလိုသည်မှာ စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း အရေအတွက် အနည်းငယ်ကိုသာ သေချာကျနစွာ အသေးစိတ်သင်ကြားပေးခြင်းက ထိုလုပ်ငန်းအများအပြားကို အပေါ်ယံသဘော ဖြစ်ကတတ်ဆန်းသင်ကြားခြင်းထက် ပို၍ကောင်းမွန်ပါသည်။ ဆိုလိုသည်မှာ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း၊ ပြန်၍အချောသတ်မွမ်းမံခြင်းနှင့် တစ်ဖန်ပြန်၍ စမ်းသပ်သင်ကြားခြင်းတို့ကို လိုအပ်လျှင် လိုအပ်သလိုပြုသင့်ပါသည်။

၂။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုတွင် ကျောင်းသားတိုင်း တစ်ဦးမကျန် ပါဝင် စမ်းသပ်သင်ကြားခွင့် ရရှိစေရန် အလေးထားသင့်သည်။ ကျောင်းသားများအနီးသို့ ဆရာက သွားရောက်ကာ ကြည့်ရှုလေ့လာအကဲဖြတ်ပြီး ပိုမိုရှင်းလင်းနိုင်စေရန်အတွက် မေးခွန်းများ မေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ယခင်သင်ချိန်ကဲ့သို့ပင် ကျောင်းသားတို့လုပ်ငန်းကို စောင့်ကြည့်လေ့လာပြီး သင်ယူစဉ် စစ်ဆေးခြင်းအဖြစ် စစ်ဆေးအကဲဖြတ်ပါ။ အခါအားလျော်စွာ တုံ့ပြန်အကြံပြုချက်ကို ချက်ချင်းပေးပါ။ ဆရာ့အနေနှင့် သင်ခန်းစာအဆုံး၌ အကျဉ်းချုပ်တုံ့ပြန်အကြံပြုချက်ပေးရန် မှတ်စု ထုတ်လိုကလည်းထုတ်ပါ။ ကျောင်းသားတို့ ဆောင်ရွက်မှု တိုးတက်လာစေရန် လိုအပ်မည်ဖြစ်သော အချက်အလက်တို့ကို ဆရာက ထည့်သွင်းစဉ်းစားပေးခြင်းအားဖြင့် ထိရောက်မှုရှိစေမည့် အကျိုးဖြစ်ထွန်းစေမည့် လေ့လာစောင့်ကြည့်မှုကို ပြုပါ။

ကျောင်းသားအုပ်စုများကလည်း ကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှုအတွက် အောက်ပါမေးခွန်းမျိုးကို မေး၍ ၎င်းတို့ လုပ်ငန်းကို ၎င်းတို့ကိုယ်တိုင်ဆန်းစစ်စေရမည်။

- ရေးဆွဲထားသော သင်ပြမှုပုံစံငယ်သည် လက်တွေ့အသုံးဝင်မှုရှိပါသလား။ အဆင်ပြေမှု ရှိပါသလား။
- ထိုပုံစံငယ်ပါ လုပ်ငန်းအစီအစဉ် အဆင်ပြေခြင်း ရှိ/ မရှိကို မည်သို့သိနိုင်သနည်း။
- သင်ပြမှုပုံစံငယ်ကို ပိုမိုကောင်းမွန်လာအောင် မည်သည့်နည်းဖြင့်ထပ်မံ ပြင်ဆင်မည်နည်း။
- ကျောင်းသားများက မည်သည်တို့ကို သင်ယူနိုင်ခဲ့သနည်း။
- သင်ယူတတ်မြောက်သွားကြောင်း မည်ကဲ့သို့သိရှိသနည်း။
- နောက်ထပ်တစ်ကြိမ်အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားရာတွင် မည်သည်တို့ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်နည်း။

## ကျောင်းသားတို့၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ စိတ်ကူးအယူအဆများကို ဆွေးနွေးပါ။ တစ်တန်းလုံးနှင့် မျှဝေပါ။ ထို့နောက် အောက်ပါ အချက်အလက်များကို ပြန်လည်သုံးသပ်ပါ။

- အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းလုပ်ငန်းမှ ကျောင်းသားတို့ သင်ယူတတ်မြောက် သွားသည့် အကြောင်းအရာများ။

- စာသင်ခန်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ သင်ကြားပေးခြင်းတို့နှင့် ပတ်သက်၍ ၎င်းတို့သင်ယူတတ်မြောက်သွားသော အကြောင်းအရာများ။
- စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်း၊ စည်းစနစ်များထားရှိပေးခြင်းနှင့် သင်ကြားပေးခြင်းတို့သည် မြန်မာနိုင်ငံမှ ဆရာများ၏ ပိုမိုကျယ်ပြန့်လာသော ဆောင်ရွက်မှု အခန်းကဏ္ဍနှင့် မည်သို့ဆက်စပ်ကိုက်ညီနေပုံ။
- ကျောင်းသားတို့ အကြုံပြုလာသော တင်ပြလာသော စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်း စည်းစနစ်များနှင့် ပတ်သက်သည့် အကြံဉာဏ်၊ အယူအဆ၊ စိတ်ကူးတို့သည် လူတိုင်းအကျုံးဝင်ပညာရေး အယူအဆက မျှော်မှန်းပြီး ဖြစ်စေလိုသည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်နိုင်ရေးကို အားပေးပံ့ပိုးနိုင်ခြင်း ရှိ/မရှိ။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများအား ၎င်းကို ရေးဆွဲထားသော သင်ပြမှုပုံစံငယ်ကို ပြန်လည် လေ့လာရန်ပြောပါ။ ထိုပုံစံငယ်တွင် ကျား/မရေးရာ တန်းတူညီမျှမှုဆိုင်ရာ သဘောတရား ပါဝင်စေရန် ပြန်လည်ပြင်ဆင် ရေးသားစေသင့်သည်။

**သင်ယူမှုလုပ်ငန်း (၃)။** ။ အုပ်စုအဖွဲ့ဝင်များသည် အခြားအုပ်စုများသို့သွားရောက်၍ အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားနေမှုများကို လေ့လာနိုင်သည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** စာသင်ခန်းတွင်း၌ စည်းကမ်းစည်းမျဉ်းများနှင့် ပုံမှန်လုပ်ငန်းများကို အောင်မြင်စွာ သင်ကြားပေးနိုင်စေရန် မည်သည့်အဆင့် (၃) ဆင့်ပါ လုပ်ငန်းစဉ်/နည်းစနစ်ကို လိုက်နာကျင့်သုံးနိုင်သနည်း။

***အဖြေ။*** *အောက်ပါအဆင့် (၃) ဆင့်ပါသော လုပ်ငန်းစဉ်ကို အကြံပြုသင့်သည်။*

*၁။ စာသင်ခန်းတွင်း လုပ်ထုံးလုပ်နည်း စည်းစနစ်များကို ရှင်းလင်းစွာ နားလည်အောင် ပြောပြပါ။*

*၂။ ထိုလုပ်ထုံးလုပ်နည်းများကို ကျောင်းသားတို့ အသားကျလာပြီး ပုံမှန် လုပ်ဆောင်တတ်သွားသည်အထိ အစမ်းလေ့ကျင့်ပေးပါ။*

*၃။ မှန်ကန်စွာ ဆောင်ရွက်တတ်သွားသည့် လုပ်ငန်းများကို လုပ်ဆောင်ရန် တိုက်တွန်းအားပေးပြီး မမှန်သေးသော လုပ်ငန်းများအတွက် ပြန်လည် သင်ပေးပါ။*

**မေးခွန်း ၂။** စာသင်ခန်းတွင်း ကျင့်သုံးရမည့် မည်သည့်လုပ်ထုံးလုပ်နည်းများကို ကျောင်းသားများအား ရှင်းလင်းစွာ သင်ကြားပေးမည်နည်း။ အဘယ်ကြောင့်နည်း။

***အဖြေ။*** *ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသည့်စာရင်းပေါ်အခြေခံပြီး ကျောင်းသား များထံမှ ၎င်းတို့ ကိုယ်ပိုင်အဖြေအမျိုးမျိုးကို ရရှိနိုင်မည်။ တစ်ခုနှင့်တစ်ခု မတူညီနိုင်ပါ။*

**မေးခွန်း ၃။** အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းလုပ်ငန်း၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များမှာ အဘယ်နည်း။

***အဖြေ။*** *အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းလုပ်ငန်းက အလေးထားအာရုံစိုက်သော အချက်များ သင်ကြားမှု အလေ့အကျင့်တွင် ပါဝင်သည့် အရေးပါသောအခြေခံ အချက်အလက်များကို သိရှိနားလည်လာစေရန် ဖြစ်သည်။ ဤကဲ့သို့ဆောင်ရွက် စေခြင်းအားဖြင့် ကျောင်းသားများအနေနှင့် သင်ကြားရေး လုပ်ငန်းစဉ်၏ ခက်ခဲ ရှုပ်ထွေးမှုများကို လွယ်ကူရှင်းလင်းသွားအောင် စနစ်တကျစမ်းသပ်လေ့ကျင့် ဆောင်ရွက်တတ် သွားစေမည် ဖြစ်သည်။ လက်တွေ့သင်ကြားရမည့် စာသင်ခန်းပုံစံကို ထိန်းသိမ်းစီမံဖန်တီးထားသည့် သဏ္ဍာန်တူ စာသင်ခန်း/ သင်ယူမှုပတ်ဝန်းကျင်တစ်ခုအတွင်း သင်ကြားရေးဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့ကျင့်သင်ယူနိုင်စေရန်နှင့် ထိုကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်တို့ကို အလေးပေးအာရုံစိုက်ထားသည်။*

# ၉.၆။ သင်ယူမှုပတ်ဝန်းကျင် ဖန်တီးရာတွင် ပညာရေးအသုံးချနည်းပညာ၏ အခန်းကဏ္ဍ

ဤအခန်းငယ် (၉) ပါ အကြောင်းအရာများအနက် ယခင်အခန်းငယ်တွင် သင်ယူမှုပတ်ဝန်းကျင် တစ်ခု ဖန်တီးတည်ဆောက်ရာ၌ လုံခြုံစိတ်ချမှုရှိခြင်း၊ စိတ်အားထက်သန်မှုကို စေ့ဆော်ပေးနိုင်ခြင်း၊ လွယ်ကူချောမွေ့စွာ သင်ယူနိုင်မှုကို အားပေးခြင်းနှင့် ကျောင်းသားအားလုံးနှင့် အကျုံးဝင်လျက် အားလုံးစုံညီစွာ ပါဝင်ဆောင်ရွက် သင်ယူနိုင်ခြင်းတို့နှင့် ပြည့်စုံစေမည့် သဘောတရားများနှင့် တွေ့ရှိချက်များကို လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။ သင်ခန်းစာကို အဆင်ပြေချောမွေ့စွာ သင်ကြား နိုင်စေရန်နှင့် ကျောင်းသားများသင်ယူရာ၌ စိတ်ပါဝင်စားစွာ အာရုံစိုက်နိုင်စေရန် အတန်းတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ပုံကိုလည်း လေ့လာခဲ့ပြီးဖြစ်သည်။ ကျောင်းသားများ၏ သိလိုမှုကို နှိုးဆွစေ့ဆော်စိန်ခေါ်နိုင်မည့် စမ်းသပ်မှုတို့ပါဝင်ပြီး ကျောင်းသားများ အောင်မြင်ထိရောက်စွာ သင်ယူနိုင်စေမည့်အပြင် သူတို့၏ ဉာဏ်စွမ်းပွင့်လန်း တိုးတက်စေနိုင်မည့် စာသင်ခန်းကောင်းတစ်ခု တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ သင်ကြားမှုနှင့် အတန်းတွင်း လုပ်ငန်းဆောင်ရွက်မှု အထောက်အကူပြုပစ္စည်းများကို ရွေးချယ် ဖန်တီးသုံးစွဲရန်ကို အထူးဂရုပြု အာရုံစိုက်ဆောင်ရွက်ရမည်ဖြစ်သည်။ ကျောင်းသင်ဘာသာရပ် တိုင်းနှင့် သင်ယူမှုအဆင့်တိုင်းအတွက် သင်ကြားရေးဆိုင်ရာ အတွေးအခေါ်နှင့် စိတ်ကူး စိတ်သန်းများကို ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ကွန်ပျူတာ အင်တာနက်ပေါ်နှင့် ကျွမ်းကျင် ပညာရှင်တို့ထံတွင် အလျှံပယ်တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် စိတ်ကူးအတွေးအခေါ်တိုင်းသည် မိမိသင်ကြားသည့် စာသင်ခန်းအတွက် မသင့်တော်နိုင်သည့်နည်းတူ သင်ယူမှုအသေးစိတ် ဦးတည်ချက်များ ရရှိအောင် ဆောင်ရွက်ရာတွင်လည်း ထိုအရာအားလုံးက ထိရောက်မှု၊ ထက်မြက်မှု ပေးစွမ်းနိုင်သည်ဟု မဆိုနိုင်ပါ။ ထိရောက်စွာ သင်ကြားနိုင်သော ဆရာများသည် သင်ယူမှုဆိုင်ရာ လုပ်ငန်းများကို သူတို့သင်ကြားနေသည့် စာသင်ခန်းမှ ကျောင်းသားများ၏ လိုအပ်ချက်များနှင့်အညီ ညှိယူပြုပြင်ရာ၌ သူတို့ဉာဏ်စွမ်းဉာဏ်စကိုသုံးပြီး ထိုလုပ်ငန်းများ၏ အရည်အသွေးကို ဆန်းစစ်အကဲဖြတ်ရာတွင်လည်း ကျွမ်းကျင်ပိုင်နိုင်သူများ ဖြစ်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် သူတို့ရွေးချယ်လိုက်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏

သင်ယူမှုကို အထောက်အကူဖြစ်စေပြီး သင်ယူမှုအသေးစိတ်ဦးတည်ချက်များကိုလည်း ရောက်ရှိအောင် ပံ့ပိုးမှုပေးနိုင်စေမည့် အရာများဖြစ်ရပါမည်။ ဤအခန်း၌ သင်ကြားမှုပိုင်းတွင် ထိရောက်ကျွမ်းကျင်သည့် ဆရာတစ်ဦး ဖြစ်လာနိုင်စေမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ခြေလှမ်းအသီးသီးတို့ကို လေ့လာသင်ယူနိုင်သည်။ ထိုသို့ဖြစ်စေရန် ပညာရေးအသုံးချ နည်းပညာသုံးစွဲ၍ နည်းလမ်းကောင်းများကို ရှာဖွေနိုင်ပါသည်။

## ၉.၆.၁။ သာယာကောင်းမွန်သော စာသင်ခန်းအခြေအနေတစ်ခုကို ဖန်တီးရာတွင် ပညာရေး အသုံးချ နည်းပညာ၏ အခန်းကဏ္ဍ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လိုအပ်သလိုပြုပြင်နိုင်သည့် ပညာရေးနည်းပညာသုံးစွဲနိုင်ရေး SARM သင်ကြားမှုပုံစံကို သင်ကြားမှု သင်ယူမှုပစ္စည်းများ အဆင့်မြှင့်တင်ရာ၌ မည်သို့သုံးစွဲနိုင်ကြောင်း ရှင်းလင်းဖော်ပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည် ဆိုသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) ၂.၁။ သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။
(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်းတစ်တန်းလုံးဆွေးနွေးခြင်း၊ အကြောင်းအရာ ဆက်သွယ်မှုပြ ဂရပ်ဖစ် ပုံများ ရေးဆွဲခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၆.၁) ကို ဆရာရော ကျောင်းသားများပါ ဖတ်ရှုလေ့လာထားသင့်သည်။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးပြုလုပ်ရန် (သို့မဟုတ်) ပိုစတာရေးရန် စက္ကူ၊ ရွှေ့ပြောင်း၍ရသော စာရေးခုံနှင့်ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ ရည်ညွှန်း ကိုးကားရန် ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၉.၆.၁)။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ သင်ခန်းစာမိတ်ဆက်ဆွေးနွေးခြင်း (၁၅ မိနစ်)**

၁။ ဤသင်ခန်းစာကို မိတ်ဆက်ရန် ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၆.၁) မှ စစ်ဆေးအကဲဖြတ်ခြင်း မေးခွန်းများကို နှစ်ယောက်တစ်တွဲ တွဲ၍ ဆွေးနွေးစေရမည်။

(က) ဒီဂျစ်တယ်နည်းပညာအကြောင်း အနည်းငယ်သာသိရှိသူ မိမိမိတ်ဆွေအား မိမိအနေနှင့် စာသင်ခန်းအခြေအနေ နေချင်စဖွယ်သာယာမှုရှိအောင် ဒီဂျစ်တယ်နည်းများကို မည်သို့သုံးနိုင်ကြောင်း ရှင်းပြပါ။

(ခ) ဒီဂျစ်တယ်နည်းပညာအကြောင်း ကောင်းစွာသိရှိသူ မိမိမိတ်ဆွေအား မိမိအနေနှင့် စာသင်ခန်းအခြေအနေကို နေချင်စဖွယ်သာယာမှုရှိအောင် ဒီဂျစ်တယ် နည်းပညာများကို မည်သို့ သုံးနိုင်ကြောင်းရှင်းပြပါ။

၂။ ကျောင်းသားအတွဲတစ်တွဲ၊ နှစ်တွဲ စသည်တို့မှ တုံ့ပြန်အကြံပြုချက်များကို ရယူပါ။ အခြားစိတ်ပါဝင်စားစွာ ပါဝင်လိုသူများထံမှလည်း တုံ့ပြန်အကြံပြုချက်များကို ဆရာက ရယူနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ရရှိလာသော တုံ့ပြန်အကြံပြုချက်များကို ဖတ်ရှုလေ့လာခြင်းဖြင့် ကျောင်းသားများ၏ ပညာရေး အသုံးချ နည်းပညာအပေါ်တန်ဖိုးထားမှုနှင့် မည်သို့ကောင်းမွန်စွာ ရှင်းလင်းပြတတ်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။ ဇာတ်ညွှန်း (ညွှန်ကြားချက်) တွင် ပေးထားသော မိတ်ဆွေဆိုသည့် အဓိကကျသော အချက်ကို မည်သို့ ပေါ်လွင်စေသနည်းကိုလည်း စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလုပ်ငန်းသည် လုံးဝပုဂ္ဂလဓိဋ္ဌာန်ကျသော လုပ်ငန်းဖြစ်သည်။ ပေးထားသော အခြေအနေ (၂) ရပ်လုံး အတွက် ကျောင်းသားများက ပညာရေးတွင် လက်ရှိသုံးစွဲနေသည့်နည်းပညာကို ရည်ညွှန်း၍ အကြံပြုချက်များ ပေးလာကြမည်ဖြစ်သည်။ ထိုသို့အကြံပြုစေရာတွင် ဒုတိယအခြေအနေဖြစ်သည့် ဒီဂျစ်တယ်နည်းပညာကို ကောင်းစွာသိရှိသူမိတ်ဆွေအား ရှင်းပြမှုက ပထမအခြေအနေဖြစ်သည့် ဒီဂျစ်တယ်နည်းပညာ အခြေခံသိရှိမှုနည်းပါးသူ မိတ်ဆွေအား ရှင်းပြမှုထက် ပိုမိုအဆင့်မြင့် စေသင့်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဖြတ်ဆက်စာဖတ်ခြင်း (၃၅ မိနစ်)

၁။ သင်ခန်းစာ (၉.၆.၁) သည် စိတ်ကူးသစ်အမြင်သစ်များ အပြောက်အများပါဝင်ပြီး သဘောတရားရေးဆန်သော (သီအိုရီဆန်သော) သင်ခန်းစာဖြစ်သည်။ ကျောင်းသားများအား သင်ခန်းစာကို ကျေညက်စွာ သဘောပေါက်ပြီး သင်ခန်းစာပါအကြောင်းအရာများကို ပြန်လည် အသုံးချတတ်စေရန် ဆရာက ဖြတ်ဆက်စာဖတ်ခြင်းလုပ်ငန်းတစ်ခု ဆောင်ရွက်နိုင်ရန် ကူညီလမ်းညွှန်မှုပေးရမည်။

၂။ အတန်းကို အုပ်စု (၄) စုအဖြစ် ခွဲခြားပါ။ အုပ်စုအားလုံးကို SAMR ပုံစံအကြောင်း မိတ်ဆက်ပေးထားသော စာပိုဒ်များနှင့်တကွ သီးခြားစီတာဝန်ပေးထားသော အကြောင်းအရာပါသည့် အပိုင်းများကို ဖတ်စေရမည်။

- အုပ်စု (၁) - SAMR မိတ်ဆက်စာပိုဒ်များနှင့် SAMR ဇယားပါ 'အစားထိုးခြင်း' အပိုင်း။
- အုပ်စု (၂) - SAMR မိတ်ဆက်စာပိုဒ်များနှင့် SAMR ဇယားပါ 'တိုးပွားမြင့်မားစေခြင်း' အပိုင်း။
- အုပ်စု (၃) - SAMR မိတ်ဆက်စာပိုဒ်များနှင့် SAMR ဇယားပါ 'ပြုပြင်ပြောင်းလဲခြင်း' အပိုင်း။
- အုပ်စု (၄) - SAMR မိတ်ဆက်စာပိုဒ်များနှင့် SAMR ဇယားပါ 'အဓိပ္ပာယ်ပြန်လည်သတ်မှတ်ခြင်း' အပိုင်း။

၃။ (၁၀) မိနစ်၊ (၁၅) မိနစ် ခန့်ကြာပြီးနောက် အတန်းကို တစ်ဖန် အုပ်စု ခွဲခြားစေမည်။ ဤတစ်ကြိမ်တွင် ကျောင်းသား (၄) ယောက် တစ်အုပ်စုစီအဖြစ် အုပ်စုငယ်လေးများဖွဲ့စေမည်။ အုပ်စုသစ်တစ်ခုတွင် မူလအုပ်စုမှ အုပ်စုဝင်ကျောင်းသားတစ်ဦးနှင့် အခြားအုပ်စုများမှ ကျောင်းသား (၃) ဦး ပါဝင် စေသင့်သည်။

၄။ အုပ်စုသစ်များက အောက်ပါလုပ်ငန်း (၂) ခုကို ဆောင်ရွက်ရမည်။

- မိတ်ဆက်စာပိုဒ်များမှ ၎င်းတို့ သင်ယူထားသည်တို့ကို ပြန်လှန်လေ့လာဖတ်ရှုရန်နှင့် ၎င်းတို့ အားလုံးထံ၌ ပညာရေးအသုံးချ နည်းပညာနှင့် SAMR ပုံစံအကြောင်း ခိုင်မာသော နားလည် သဘောပေါက်မှု ရှိလာအောင် လေ့လာခြင်း၊ မှတ်သားခြင်း၊ သင်ယူခြင်း၊ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်း စသည်တို့ ဆောင်ရွက်ရမည်။

- ကျောင်းသားအချင်းချင်း အပြန်အလှန် တစ်ဦးကိုတစ်ဦးက မိမိဖတ်ထားသော အပိုင်းအကြောင်း အသေးစိတ် အကြောင်းအရာများကို သင်ကြားပေးရမည်။

၅။ အတန်းကို မူလပုံစံအတိုင်း ပြန်လည်ဖွဲ့ပေးပြီး တုံ့ပြန်အကြံပြုချက်များကို အကျဉ်းချုံး ဆွေးနွေးရမည်။ SAMR သင်ကြားမှုပုံစံအဆင့်တစ်ဆင့်စီ အကြောင်းကို ကျောင်းသားတစ်ဦးအား အကျဉ်းချုံး တင်ပြမှုပြုစေရမည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ အကြောင်းအရာဆက်သွယ်မှုကိုပြသော ဂရပ်ဖစ်ပုံများ ရေးဆွဲခြင်း (မိနစ် ၄၀)

၁။ SAMR သင်ကြားမှုပုံစံအဆင့် အသီးသီးတို့ကို ပြန်လှန်ကြည့်ရှုလေ့လာစေပြီး စာသင်ခန်း တစ်ခုတွင် ၎င်းတို့က မည်သည့် အဓိပ္ပာယ်ဆောင်ကြောင်းကိုလည်း လေ့လာပါစေ။

၂။ ကျောင်းသားများကို (၄) ယောက်တစ်အုပ်စု (သို့မဟုတ်) (၅) ယောက် တစ်အုပ်စုအဖြစ် အုပ်စုဖွဲ့ ပေးပါ။ ကျောင်းသားအုပ်စုများအား အကြောင်းအရာဆက်သွယ်မှုပြပုံတစ်ခု ဆွဲစေမည်။ ထိုပုံက သရုပ်ဖော်ရမည့်ခေါင်းစဉ်မှာ 'သာယာ ကောင်းမွန်သော စာသင်ခန်း ရာသီဥတု (အခြေအနေ) ကို တိုးတက်ဖြစ်ပေါ်စေရန် ဆရာတစ်ဦးအနေနှင့် ပညာရေးနည်းပညာကို အသုံးပြု၍ မည်သို့ ဆောင်ရွက်နိုင်ပုံ' ဖြစ်သည်။ ပထမဦးစွာ 'စာသင်ခန်း' ကို အဓိပ္ပာယ်ဖွင့်ဆိုစေရမည်။ ဆိုလိုသည်မှာ စာသင်ခန်း တည်နေရာ၊ အတန်း၊ ကျောင်းသားများ၏ မတူညီသော အရည်အချင်းအမျိုးမျိုး၊ အထူးလိုအပ်ချက်များ တည်ရှိနေမှု၊ ဦးတည်ထားသော ကျောင်းသင်ဘာသာရပ်များ၊ ကျောင်းမှပံ့ပိုးပေးသော အထောက်အကူပစ္စည်းများ စသည်တို့ပါဝင်စေသင့်သည်။ ၎င်းတို့ရေးဆွဲသော အကြောင်းအရာ ဆက်သွယ်မှုပြပုံများတွင် SAMR ပုံစံမှ စိတ်ကူးအယူအဆများကို ရည်ညွှန်းကိုးကားပြုရမည်။ ကျောင်းသားကိုင်စာအုပ်ကိုလည်း ရည်ညွှန်းနိုင်သည်။

၃။ အချိန် (၁၅) မိနစ်ခန့်ကြာပြီးနောက် အုပ်စုများဆောင်ရွက်နေမှုကို စေတ္တရပ်နားစေမည်။

ဂရစ်ဖစ် ပုံများကို အုပ်စုတစ်ခုနှင့်တစ်ခု အပြန်အလှန် ကြည့်ရှုလေ့လာစေပြီး တစ်ခုထံမှ တစ်ခု စိတ်ကူး အကြံဉာဏ်များ အပြန်အလှန်ရယူခြင်း၊ သင်ယူခြင်းပြုစေမည်။ တစ်တန်းလုံးကို ပြန်လည်စုဝေးစေပြီး ၎င်းတို့၌ အခက်အခဲရှိပါက မျှဝေစေရမည်။ ထို့နောက် အခက်အခဲများကို ကျော်လွှားနိုင်ရန် အခြားအုပ်စုများမှ ဝိုင်းဝန်းအကြံပြုချက်များ ပံ့ပိုးစေမည်။

၄။ ထို့နောက် အုပ်စုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်စေမည်။ ၎င်းတို့ အကြောင်းအရာ ဆက်သွယ်မှုပြပုံများ ရေးဆွဲရာအနီးသို့ ဆရာက သွားရောက် ကြည့်ရှုလေ့လာရမည်။ ပိုမိုရှင်းလင်းသွားစေမည့် မေးခွန်းများကို အခါအခွင့်သင့်လျှင် မေးပေးပါ။

၅။ လုပ်ငန်းပြီးစီးသွားသောအခါ ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်းလုပ်ငန်းကို ဆရာက ဦးဆောင်ပါ။

၆။ အကြောင်းအရာဆက်သွယ်မှုပြပုံများကို ပြန်လည်သုံးသပ်သည့်အခါ တွေ့ရှိချက်များထဲမှ သင်ခန်းစာအတွက် ကျောင်းသားများ မျက်နှာစုံညီ စုဝေးတွေ့ဆုံရာတွင် ထောက်ပြနိုင်မည့် စိတ်ဝင်စားဖွယ် အချက်များပါရှိခဲ့လျှင် ဆရာက မှတ်သားထားရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလ တစ်လျှောက်လုံးဆရာက သူတို့အနီးသို့ လှည့်ပတ်သွား လာ၍ စောင့်ကြည့်လေ့လာရင်း စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်မှုကို ပြုပါ။ ဤလုပ်ငန်းတွင် အချင်းချင်း စစ်ဆေးအကဲဖြတ်မှုပြုနိုင်သည့် အခွင့်အလမ်းတို့ ပါဝင်နေသည်။ ထို့ကြောင့် ကျောင်းသားအုပ်စုများအား မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်တတ်စေရန် အားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အကြောင်းအရာ ဆက်သွယ်မှုပြပုံအမျိုးမျိုး ထွက်ပေါ်လာမည်။ မည်သည့်ပုံကိုမဆို လက်ခံပါ။ ၎င်းတို့၌ ရေးဆွဲသောအုပ်စုမှ ထည့်သွင်းရန် ရည်ရွယ်ထားသည့်အတိုင်းပါဝင်သော အချက်အလက်တို့ ခြားနားနေမည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့ထဲ၌ ပါဝင်သင့်သည်တို့မှာ ထိုပုံများကို

အသုံးပြုမည့် အတန်းသတ်မှတ်ချက်နှင့် SAMR သင်ကြားမှုပုံစံ အဆင့်တစ်ခုစီတွင် အသုံးပြုနိုင်မည့် အလားအလာတို့ကို သရုပ်ပေါ်လွင်စွာ ပြသခြင်းတို့ ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများရေးဆွဲထားသော အကြောင်းအရာဆက်သွယ်မှုပြပုံများမှ အရေးပါသော သို့မဟုတ် စိတ်ဝင်စားဖွယ်ကောင်းသော အချက် (၂) ခု သို့မဟုတ် (၃) ခုတို့ကို ရှာဖွေ သတ်မှတ်ပေးပါ။ ဥပမာ အားဖြင့် - အုပ်စုတစ်ခုက ဗီဒီယိုနည်းပညာကိုပင် အထူး စိတ်ဝင်စားဖွယ်ကောင်းအောင် တီထွင်ဖန်တီးသောနည်းပညာဖြင့် အသုံးပြုရန် အကြံပြုခြင်း သို့မဟုတ် ဆရာကိုယ်တိုင် သတိမထားမိသော အသုံးဝင်သည့် ဝက်ဘ်ဆိုက်ဒ် တစ်ခုအကြောင်းကို အကြံပြုထားခြင်း စသည်တို့ဖြစ်သည်။

၂။ ကျောင်းသားတို့၏ စိတ်ကူးအယူအဆများကို ပိုမိုကျယ်ပြန့်လာစေရန်နှင့် ပိုမိုကောင်းမွန် တိုးတက်လာစေရန်အပြုသဘောဖြင့် ဝေဖန်ဆန်းစစ်ပါ။

၃။ နောက်ထပ် သင်ခန်းစာတစ်ခုအတွက် ကြိုတင်ပြင်ဆင်သည့်အနေနှင့် ကျောင်းသားတို့အား ကျောင်းသားကိုင် စာအုပ်မှ သင်ခန်းစာ (၉.၆.၂) ကို ဖတ်ထားစေမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ပေးထားသောဇာတ်ညွှန်းကို အနည်းငယ် ပြုပြင်ပြင်ဆင်ပေးခြင်းဖြင့် ပိုမိုသိသာ ထင်ရှားနိုင်စေမည်။ ဥပမာ - နည်းပညာများတွင် ထူးချွန်စွာတတ်မြောက်ထားသော ကျောင်းသားတစ်ဦးနှင့် ကွန်ပျူတာတစ်လုံးမျှပင် မပိုင်ဆိုင်ဘူးသေးသော သက်ကြီးပိုင်းအရွယ် ဆွေမျိုးတစ်ဦးတို့ကို ဇာတ်ညွှန်းတွင် ထည့်သွင်းနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ကျောင်းသားများအား ၎င်းတို့ရေးဆွဲထားသော အကြောင်းအရာ ဆက်သွယ်မှုပြပုံများတွင် ကျား/မ ရေးရာ တန်းတူညီမျှမှုသဘောတရားများ ပါဝင်စေရန် ထပ်မံ အချောသပ်ပြုပြင်စေနိုင်သည်။

# ၉.၆.၂။
# စာသင်ခန်းအဆင့်မြင့်မား တိုးတက်လာစေရန် ပညာရေးအသုံးချ နည်းပညာကိုသုံးစွဲခြင်း

## မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သင်ကြားမှုသင်ယူမှုပစ္စည်းများကို ပညာရေးအသုံးချနည်းပညာဖြင့် အဆင့်မြှင့်တင်ရာတွင် SAMR သင်ကြားမှုပုံစံကို လိုအပ်သလိုပြုပြင် သုံးစွဲတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြ သသည်။

(က) ၂.၁။ သင်ကြားသင်ယူမှုဆိုင်ရာနည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်စာဖတ်ခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ သင်ခန်းစာ ပြင်ဆင်ခြင်း၊ အင်တာနက်သုံး၍ သုတေသနပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၉.၆.၂) ကို ဆရာရော ကျောင်းသားများပါ ကိုးကားရန်အတွက် လေ့လာဖတ်ရှုထားသင့်သည်။

**လိုအပ်သောရင်းမြစ်များ။** ကွန်ပျူတာများ၊ အင်တာနက်ရရှိသုံးစွဲနိုင်မှု အစီအစဉ်များ၊ ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၆.၂) မှ SAMR သင်ကြားမှုပုံစံ။

## သင်ယူမှုလုပ်ငန်းများ


### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ သုတေသနပြုခြင်း (မိနစ် ၄၀)**

၁။ ဤခေါင်းစဉ် မလေ့လာမီ ယခင်က လေ့လာခဲ့သည်များကို သိရှိထားပြီးဖြစ်စေသင့်ကြောင်း ဆရာက ကျောင်းသားများကို သတိပေးပါ။ ယခင်သင်ခန်းစာက သင်ယူလေ့လာခဲ့သော အကြောင်းအရာများကို ပြန်လှန်ဆွေးသည့်အနေဖြင့် ကျောင်းသားအရေအတွက်များများကို ဆရာက ထိုအကြောင်းအရာများ နှင့်ပတ်သက်၍ ရှင်းလင်းပြောပြစေမည်။

၂။ ယနေ့ဆောင်ရွက်ရမည်တို့ကို ဆရာက ကျောင်းသားများအား ရှင်းပြပါ။ သာယာ ကောင်းမွန်သော စာသင်ခန်း အခြေအနေတစ်ခု ဖန်တီးရန်အတွက် အထောက်အကူ ဖြစ်စေမည့် အင်တာနက်မှ ဝက်ဘ်ဆိုဒ်များနှင့် အခြားနည်းပညာသုံး ပစ္စည်းကိရိယာများကို ရှာဖွေရန်နှင့် အကဲဖြတ်သုံးသပ်ရန် ယနေ့ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောပြပါ။ ထို့ကြောင့် ၎င်းတို့သည် ကွန်ပျူတာ အင်တာနက်ကို သုံး၍ သုတေသနပြုရမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရန် ယခင် သင်ခန်းစာတွင် ဆွေးနွေးခဲ့သော SAMR သင်ကြားသင်ယူမှုပုံစံကို အသုံးပြုရမည်။


၃။ ဖြစ်နိုင်ပါက ကွန်ပျူတာတစ်လုံးကို အသုံးပြုရန်ကျောင်းသား (၂) ဦး (သို့မဟုတ်) (၃) ဦးကိုသာ ခွဲဝေလျာထားသင့်သည်။ ၎င်းတို့အား (၉.၆.၂) မှ SAMR ဇယားကို အသုံးပြုပြီး ထိုဇယားက ဖော်ပြထားသည်။ ဝက်ဘ်ဆိုဒ်များကို စူးစမ်းလေ့လာနိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ယခု လတ်တလောသုံးနေသော ပညာရေးနည်းပညာ၏ အသုံးဝင်မှုအလားအလာများနှင့် မျက်မှောက်ခေတ် နည်းပညာအခြေအနေတို့ကို သဘောပေါက်နားလည်လာနိုင်စေမည်။ နည်းပညာနှင့် ပညာရေး ချိတ်ဆက်မှုသည် ရုံဖန်ရုံခါ အပြောင်းအလဲများ ရှိတတ်သည့်အတွက် အချို့ဝက်ဘ်ဆိုဒ်များမှာ အသုံးဝင်မှုနည်းပါးသွားနိုင်သည်။ ထိုအခါ အခြားဝက်ဘ်ဆိုဒ်များကို ရှာဖွေရမည်။ ပညာရေးနည်းပညာဆိုင်ရာ ဝက်ဘ်ဆိုဒ်အသစ်များကိုလည်း ရှာဖွေစေရမည်။ ကျောင်းသားများက ၎င်းတို့ လေ့လာခဲ့သော ဝက်ဘ်ဆိုဒ်များအနက် ဝက်ဘ်ဆိုဒ် ကောင်းများနှင့် စိတ်ဝင်စားဖွယ် ဝက်ဘ်ဆိုဒ်များကို ရှာဖွေမှတ်သားကာ မည်သည်တို့ ပါဝင်ကြောင်း မှတ်ချက်နှင့်တကွ စာရင်းပြုစုထားသင့်သည်။



## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ကျောင်းသား (၃) ဦး သို့မဟုတ် (၄) ဦးတို့အား ၎င်းတို့တွေ့ရှိခဲ့သော ဝက်ဘ်ဆိုဒ်များပေါ်မှ သတင်းအချက်အလက် အကြောင်းအရာများကို မျှဝေစေရမည်။ ထို့ပြင် ထိုဝက်ဘ်ဆိုဒ်များသည် စာသင်ခန်းအတွက် အသုံးဝင်မှု ရှိ/မရှိ ထင်မြင်ချက်များကိုလည်း မျှဝေစေမည်။

## ဒုတိယစာသင်ချိန်



## သင်ယူမှုလုပ်ငန်း ၂။ သင်ခန်းစာပြင်ဆင်ခြင်း (မိနစ် ၄၀)

၁။ ယခင်စာသင်ချိန်က ဖွဲ့စည်းခဲ့သော အုပ်စုများအတိုင်း ဆက်လက်ဖွဲ့စည်းစေမည်။ ၎င်းတို့ လက်ရှိ သုံးစွဲနေသော သင်ကြားမှုသင်ယူမှုဆိုင်ရာပစ္စည်းများကို ဒီဂျစ်တယ်နည်းပညာ အသုံးပြု၍ တိုးတက်အောင် ဆောင်ရွက်နိုင်စေရန် SAMR သင်ကြားမှုပုံစံကို အသုံးပြုရမည်။

၂။ အချို့သင်ယူမှုလုပ်ငန်းအသစ်များကို ရှာဖွေသတ်မှတ်ပေးရန်နှင့် သတ်မှတ်ရာတွင် တီထွင်ဖန်တီး တတ်မှုရှိရန် ဆရာက အားပေးတိုက်တွန်းပါ။ (ဥပမာ - သူတို့ဖန်တီးထုတ်လုပ် ရေးထားပြီးသော သင်ပြမှုပုံစံငယ်များ) ထိုပုံစံငယ်များကို ယူ၍ ယခုအခါ သူတို့ ဆောင်ရွက်ရမည်မှာ ၎င်းတို့တွင် နည်းပညာကို အစားထိုးခြင်း၊ ပို၍မြှင့်တင် သုံးစွဲခြင်း၊ ပြုပြင်ခြင်းနှင့် အဓိပ္ပာယ်ပြန်လည် သတ်မှတ်ခြင်း (SAMR ပုံစံ၏ အဆင့် အသီးသီး) စသည်တို့ ပါဝင်လာစေရန် ဆောင်ရွက်ပေးရမည်။

၃။ ဥပမာအားဖြင့် ကျောင်းသားများက ၎င်းတို့မသိသော ဝေါဟာရသစ်တစ်ခု၏ အဓိပ္ပာယ်ကို ပုံနှိပ်ထားသော အဘိဓာန်စာအုပ်တွင် ရှာဖွေစေမည့်အစား ဒီဂျစ်တယ်အဘိဓာန်ကိုသုံး၍ ရှာဖွေစေခြင်းဖြင့် အစားထိုးနိုင်သည်။ စကားလုံးသစ်များပါဝင်သော ဝက်ဘ်ဆိုဒ်များကို စာရင်းပြုစုစေမည်။ ရည်ရွယ်ချက်မှာ သင်ယူမှုရလဒ်များ ပိုမိုကောင်းမွန်လာစေရန် ဖြစ်သည့်အတွက် ကျောင်းသားများအနေနှင့် ပညာရေးနည်းပညာကို အဘယ်ကြောင့် သုံးသင့်ကြောင်းနှင့် မည်ကဲ့သို့ သုံးစွဲခြင်းဖြင့် သင်ယူမှုရလဒ်ကောင်းများ ရရှိလာနိုင်ကြောင်း တို့ကို အကြောင်းပြချက်ခိုင်လုံစွာနှင့် ဆွေးနွေးတင်ပြခြင်း၊ အဆိုပြုခြင်းတို့ကို ဆောင်ရွက် တတ်စေရမည်။

၄။ ကျောင်းသားတစ်ဦး အကြံအိုက်၍ စိတ်ကူးများမရနိုင်ပါက အခြားကျောင်းသားများ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစေမည်။ ၎င်းတို့ကိုယ်တိုင် ရရှိထားသော စိတ်ကူးများကိုလည်း မှတ်တမ်းတင် ရေးသားထားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းကို အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း၊ စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်းနည်းတို့ကို အသုံးပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ လုပ်ငန်းပြီးစီးသွားချိန်တွင် ကျောင်းသားများ၏ စိတ်ကူး အယူအဆများနှင့် မှတ်ချက်များကို မျှဝေနိုင်စေရန် အချိန်အလုံအလောက် ပေးရမည်။ ၎င်းတို့နည်းတူ အတတ်ပညာကျွမ်းကျင်မှုအတွက် လေ့လာနေသူများအား ၎င်းတို့၏ တွေ့ရှိချက်များကို မည်သို့ မျှဝေပေးနိုင်ကြောင်းကိုလည်း ဆွေးနွေးစေရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

၎င်းတို့ကြည့်ရှုလေ့လာခဲ့ရသော ဝက်ဘ်ဆိုဒ်များပေါ်မူတည်၍ တုံ့ပြန်မှုအမျိုးမျိုးရရှိလာမည်။ ဖြစ်နိုင်ခြေများမှာ ထောင်ချီရှိနိုင်သည်။ SAMR သင်ကြားမှုပုံစံတွင် ဖော်ပြထားသည်တို့မှာ လိုအပ်ချက်များကို ကိုယ်စားပြုနိုင်သည့် စံပြအဖြေတစ်ခုအဖြစ် ယူဆနိုင်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

၎င်းတို့ယခင်က ရေးဆွဲထားခဲ့သော သင်ပြမှုပုံစံငယ်တစ်ခုကို ကျောင်းသားတို့အား ပြန်လည်လေ့လာသုံးသပ်စေရမည်။ ထိုသင်ပြမှုပုံစံငယ်ကို ပညာရေးနည်းပညာအသုံးပြု၍ စနစ်တကျ အဆင့်မြှင့်တင်ထားသော ပုံစံတစ်ခုဖြစ်လာစေရန် ပြုပြင်ရေးဆွဲစေရမည်။

သာယာကောင်းမွန်သော စာသင်ခန်းရာသီဥတု (အခြေအနေ) တစ်ခု ပေါ်ပေါက်လာစေရန် မြှင့်တင်ပေးခြင်းနှင့် ပတ်သက်သည့် ယခင်က သင်ခန်းစာ (၃) ခုကို ပြန်လည်လေ့လာသုံးသပ်ပါ။ အောက်ပါတို့ကို ကျောင်းသားများအား ရှင်းလင်းပြစေမည်။

၁။ သင်ယူမှုလုပ်ငန်းများကို ပြောင်းလဲပေးရာ၌ အဘယ်ကြောင့် စနစ်တကျ ဆောင်ရွက်ရမည်နည်း။
၂။ စာသင်ခန်းအခြေအနေကို တိုးတက်မြင့်မားလာစေရန် ပညာရေးနည်းပညာကို မည်သို့ အသုံးပြုနိုင်သနည်း။
၃။ မူလတန်းကျောင်း စာသင်ခန်းတစ်ခုတွင် အသုံးပြုထားသည့် ခြားနားသော သင်ယူမှု လုပ်ငန်းများ၏ထိရောက်မှုကို ၎င်းတို့အနေနှင့် မည်သို့အကဲဖြတ် သုံးသပ်နိုင်မည်နည်း။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** စာသင်ခန်းအတွင်း နည်းပညာသုံးစွဲခြင်း၏ အကျိုးကျေးဇူးအချို့မှာ အဘယ်တို့နည်း။

**အဖြေ** *ထိုမေးခွန်းအတွက် ရရှိလာမည့်အဖြေပေါင်း အများအပြားရှိကြမည်။ ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသော အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ကြသည်။*

- *အမှန်တကယ်ဖြစ်ပျက်နေသော ပြင်ပလောကမှ ပြဿနာများကို သင်ယူရမည့် ပတ်ဝန်းကျင် နယ်နိမိတ်ဘောင်အဖြစ် အသုံးပြုထားခြင်း။*
- *သဘာဝဖြစ်စဉ်တစ်ခုကို ပုံတူပြုကာ သင်္ချာန်တူဖန်တီး၍ သင်ယူလေ့လာစေခြင်းနည်း (Simulation) နှင့် စိတ်ကူးပုံရိပ်ဖော်စေခြင်းနည်း (Visualisation) စသည့် အဆင့်မြင့် နက်နဲရှုပ်ထွေးသော သင်ယူလေ့လာနည်းတို့တွင် အစိတ်အပိုင်း အသီးသီးတို့ကို ငြမ်းစင်ထိုး ဆက်စပ်ပေးခြင်း။*
- *တုံ့ပြန်အကြံပြုတတ်စေရန်၊ ပြန်လည်သုံးသပ်တတ်စေရန်နှင့် ပြန်လှန်စိစစ်တတ်စေရန် ပြုပြင်ခြင်းတို့ ဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်ခြင်း။*
- *ဒေသခံနှင့် နိုင်ငံတကာ (ပြည်တွင်းပြည်ပ) ကျောင်းသားအသိုက်အဝန်းများအတွက် ဆက်သွယ်ရေး နည်းပညာအခြေခံအဆောက်အအုံများ ပံ့ပိုးပေးနိုင်ခြင်း။*
- *ဆရာ့အတွက် သင်ယူမှုအခွင့်အလမ်းများကို ထပ်ဆောင်းပံ့ပိုးပေးနိုင်ခြင်း။*
- *လူမှုအသိုက်အဝန်းဆိုင်ရာ သင်ယူမှုရှုထောင့်ကို ထိန်းချုပ်အသုံးချနိုင်စေခြင်း (ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သင်ယူနည်း အပါအဝင်)*
- *ကျောင်းသားတစ်ဦးစီ၏ ယခင်ရှိပြီး အသိပညာ၊ တတ်ကျွမ်းမှုအဆင့်နှင့် စိတ်ဝင်စားမှုတို့နှင့် အံဝင်ခွင်ကျကိုက်ညီစေမည့် အကြောင်းအရာများကို သင်ကြားနိုင်စေခြင်း။*

- *သင်ယူထားသော အကြောင်းအရာများကို မှတ်မိစေရန်နှင့် အနေအထား အသစ်တစ်ရပ်၌ ပြန်လည်အသုံးချနိုင်စေရန် အဆင့်မြင့်နက်ရှိုင်းသည့် သင်ယူမှုပေါ်ပေါက်လာစေရေးကို စေ့ဆော်မှု ပေးနိုင်ခြင်း။*
- *ကျောင်းသားများအား ထုတ်လုပ်ဖြန့်ဖြူးသူများနှင့် တီထွင်ဖန်တီးတတ်သူများ အဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးခြင်း။*
- *အကြောင်းအရာအသစ်တို့ကို ဆန်းသစ်သောနည်းတို့သုံး၍ သင်ယူရာတွင် နည်းပညာများကို အသုံးပြုလိုသည့် လူတို့၏ စိတ်ဝင်စားမှုကို ဆွဲဆောင် ရယူနိုင်ခြင်း။*

**မေးခွန်း ၂။** SAMR သင်ယူမှုပုံစံ၏ အဆင့် (၄) ဆင့်ကိုဖော်ပြပြီး ထိုပုံစံ၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။

***အဖြေ*** *(SAMR ပုံစံက ကိုယ်စားပြုသည်မှာ အစားထိုးသုံးစွဲခြင်း (Substitution)၊ တိုးမြှင့်သုံးစွဲခြင်း (Augmentation)၊ ပြုပြင်သုံးစွဲခြင်း (Modification) နှင့် အဓိပ္ပာယ်ပြန်လည်သတ်မှတ်ခြင်း (Redefinition) တို့ဖြစ်သည်။ ဤပုံစံ/စနစ်၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေနှင့် ၎င်းတို့၏ သင်ကြားရေးလုပ်ငန်းတွင် အသုံးပြုနိုင်မည့် ပညာရေးနည်းပညာဆိုင်ရာ အထောက်အကူပြုပစ္စည်း ကိရိယာများကို ရှာဖွေဖော်ထုတ်တတ်စေရန်ဖြစ်သည်။*

# ၉.၇။ ကျောင်းသားတို့၏ အပြုအမူကို ကိုင်တွယ်ထိန်းသိမ်းခြင်း

အစစအရာရာ ပြည့်စုံလုနီးပါး ဖြည့်ဆည်းပြင်ဆင်ထားသည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုတွင် မည်မျှပင်ပြည့်စုံပါစေ ကျောင်းသားတို့၏ အပြုအမူဆိုင်ရာ ပြဿနာကို မကြာခဏကြုံတွေ့ရတတ်ပါသည်။ သင်ယူမှုပတ်ဝန်းကျင်သည် လုံခြုံစိတ်ချမှုရှိပြီး ကျောင်းသားများ စိတ်ဝင်စားဖွယ်ဖြစ်စေအောင် ပြင်ဆင်ထားရမည်။ လူတိုင်းအကျုံးဝင် ဆောင်ရွက်နိုင်မှုရှိနေသည့်အပြင် စနစ်တကျချမှတ်ထားသော စာသင်ခန်းတွင်း စည်းမျဉ်းစည်းကမ်းများကြောင့် သင်ယူမှုလုပ်ငန်း တွင်ကျယ်အောင်မြင်မည်။ ကျောင်းသားများကလည်း စိတ်ပါလက်ပါ သင်ယူကြလျက် သင်ယူမှုလုပ်ငန်းစဉ်များကလည်း စုံလင်ဝေဆာနေမည့် ပညာရေးအသုံးချ ဒီဂျစ်တယ်နည်းပညာကိုသုံးထား၍ စာသင်ခန်းပတ်ဝန်းကျင်မှာလည်း အဆင့်မြင့်မြင့်နှင့် သပ်ရပ်ခန့်ညားမှု ရှိနေမည်။ ဤသို့ဘက်စုံထောင့်စုံနီးပါး ပြည့်စုံနေသည်ဆိုလျှင်သော်မှ အခြားအလွန်အရေးကြီးသည့် ရှုထောင့်မှာ ကျောင်းသားများကို ကိုင်တွယ်ထိန်းသိမ်းမှုဖြစ်သည်။ ဤသင်ခန်းစာတွင် ကိုင်တွယ်ထိန်းသိမ်းရန်ခက်ခဲသည့် ကျောင်းသားများ၏ အပြုအမူများအကြောင်းကို စူးစမ်းရှာဖွေလေ့လာသွားမည်ဖြစ်ပါသည်။ ကျောင်းသားများ၏ ပြဿနာအသွင်ဆောင်သော အပြုအမူများကို လေ့လာရာတွင် အဘယ်ကြောင့် ဖြစ်ရသနည်းဆိုသည့် အကြောင်းရင်းခံနှင့် မည်သည်တို့က တိုက်တွန်းမှုပေး၍ ဖြစ်ရသနည်းတို့ကို လေ့လာမည်။ ထို့ပြင် ထိုအခြေအနေမျိုး ပေါ်ပေါက်လာခဲ့လျှင် ဆရာက မည်သို့ကိုင်တွယ်ထိန်းသိမ်းမည်နည်းကို အဖြေရှာရမည်။ ကျောင်းသားအပြုအမူကို ကိုင်တွယ်ထိန်းသိမ်းရာ၌ ပါးနပ်လိမ္မာမှုရှိရမည်ဖြစ်ပြီး မိမိ၏ကိုင်တွယ်ထိန်းသိမ်းမှုသည် ခိုင်မာမှု၊ အကျိုးပြုမှုရှိရန် လိုအပ်ပါသည်။

# ၉.၇.၁။
# ကိုင်တွယ်ထိန်းသိမ်းရန်ခက်ခဲသော အပြုအမူများ

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကျောင်းသားတို့၏ ခြားနားသောအပြုအမူအမျိုးမျိုးတို့ကို သတ်မှတ်ဖော်ပြတတ်မည်။
- ကိုင်တွယ်ထိန်းသိမ်းရန်ခက်ခဲသော အပြုအမူကို ဖြစ်ပေါ်စေနိုင်သည့် အရာများကို ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၂.၁။ သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက် ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်စာဖတ်ခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ တွေး-တွဲ-မျှဝေခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၇.၁) ကို ဆရာရော ကျောင်းသားများပါ ဖတ်ထားသင့်သည်။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ ကိုးကားရန် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၇.၁)။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း၁။ တွေး-တွဲ-မျှဝေခြင်း (၁၅ မိနစ်)

၁။ သင်ခန်းစာကို မိတ်ဆက်ရန် ကျောင်းသားများအား နှစ်ယောက်တစ်တွဲ အလုပ်လုပ်စေပြီး တွေး-တွဲ-မျှဝေနည်းကို အသုံးပြုစေမည်။

၂။ ကျောင်းသားများအား စာသင်ခန်းတွင်း၌ သူတို့ကြည့်ရှုလေ့လာခဲ့ဖူးသော ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသော ကျောင်းသားတို့၏ အပြုအမူများကို ပြန်လည်ပြောပြစေမည်။ အများနှင့်မတူဘဲ ခွဲထွက်နေတတ်သော အပြုအမူရှိတတ်သည့် ကျောင်းသားများကိုလည်း မေ့လျော့မထားရန် ပြောပြရမည်။

၃။ တုံ့ပြန်အကြံပြုချက်များကို ရယူမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

တုံ့ပြန်အကြံပြုချက်ပေးသော စကားဝိုင်းတွင် ပြဿနာအပြုအမူများကို သိရှိနားလည်မှု အတိုင်းအတာကို သင်ယူစဉ်စစ်ဆေးခြင်းအဖြစ် စစ်ဆေးအကဲဖြတ်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

တုံ့ပြန်မှုများသည် ကျောင်းသားများအနေနှင့် မူလတန်းစာသင်ခန်းများအကြောင်း အချိန်မည်မျှကြာအောင် လေ့လာကြည့်ရှုခဲ့သည် ဆိုသည့်အပေါ်တွင် မူတည်၍အဖြေအမျိုးမျိုးခြားနားမည်။ ၎င်းတို့သည် မူလတန်းကျောင်းသားတို့၏ အပျက်သဘောဆောင်သော အပြုအမူအမျိုးမျိုးနှင့် တစ်ဦးတည်း ကွဲထွက်နေတတ်ခြင်း အပြုအမူအမျိုးမျိုးတို့ကို တွေ့မြင်ဖူးကြလိမ့်မည်ဖြစ်သည်။ မူလတန်းကျောင်းသင်ခန်းစာများကို လေ့လာကြည့်ရှုရန် အချိန်မလုံလောက်လျှင်လည်း ၎င်းတို့ငယ်စဉ်မူလတန်း ကျောင်းသားဘဝအကြောင်းကို ပြန်၍စဉ်းစားပါစေ။

## သင်ယူမှုလုပ်ငန်း ၂။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားများအား (၄) ယောက်တစ်စု သို့မဟုတ် (၅) ယောက်တစ်စုစီ ဖွဲ့စည်းစေပြီး သင်ခန်းစာ (၉.၇.၁) ကို ဖတ်ရှုစေရမည်။

၂။ ၎င်းတို့ ဘဝအတွေ့အကြုံများနှင့် စပ်ဟပ်နေသည့် ဥပမာများကို ရှာတွေ့လျှင် တွေ့သလောက် ထပ်မံ ထည့်သွင်းစေရမည်။ ဥပမာများအကြောင်းကို အသေးစိတ်ဖော်ပြသင့်သည်။ အချိန်အများအပြားယူ၍ စဉ်းစားခွင့်ပေးရမည်။

၃။ တုံ့ပြန်အကြံပြုချက်များပေးနိုင်ရန် ကျောင်းသားများကို နေရာအနှံ့အပြားမှ ရွေးချယ်မေးမြန်းပါ။

၄။ နောက်ဆက်တွဲမေးခွန်းများကို မေးပါ။ ဥပမာ - ထိုအပြုအမူမျိုး အဘယ်ကြောင့်ဖြစ်ပေါ်ရကြောင်းကို သတ်မှတ်ပေးရန်နှင့် ၎င်းတို့အပြုအမူမျိုးကို ပပျောက်သွားစေရန် သို့မဟုတ် တိုးတက်မှုရရှိလာစေရန် ဆောင်ရွက်ရမည့်အရာတို့ကို ဆရာက စဉ်းစားစေမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ကိုင်တွယ်ထိန်းသိမ်းရန်ခက်ခဲသော အပြုအမူနှင့်ပတ်သက်၍ ၎င်းတို့နားလည်ထားမှုကို အကျဉ်းချုံးပြောကြားရန် နှစ်ယောက်တစ်တွဲ လုပ်ငန်းကိုသုံးပါ။ တုံ့ပြန်မှုအနည်းငယ်ကို ယူပါ။ တိကျသောအဖြေဟူ၍ မရှိနိုင်ပါ။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ ဆွေးနွေးခြင်း (မိနစ် ၄၀)

၁။ ယခင်စာသင်ချိန်က စူးစမ်းလေ့လာခဲ့သော ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသောအပြုအမူ အမျိုးမျိုး အကြောင်းကို ပြန်လည်လေ့လာစေသည်။ သိသာမြင်သာသော အနှောင့်အယှက် ပြုသောအပြုအမူများကို လေ့လာသကဲ့သို့ သိမြင်ရန်မလွယ်ကူသော တစ်ဦးတည်း ခွဲထွက်ရလေ့ရှိသော အပြုအမူကိုလည်း မမေ့လျော့ဘဲ ဂရုပြုပါ။

၂။ အပြုအမူအမျိုးအစား အမျိုးမျိုးတို့ကို စာရင်းပြုစု၍ သင်ပုန်းပေါ်တွင် ရေးသားပါ။

၃။ ကျောင်းသားများအား (၄) ယောက်တစ်စု သို့မဟုတ် (၅) ယောက်တစ်စုအဖြစ် အုပ်စုဖွဲ့စေမည်။ ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသောအပြုအမူများကို ဖြစ်ပေါ်စေသည့် အချက်အလက်များကို စဉ်းစားစေရမည်။ အချက်အလက်များ မကြာခဏ ထပ်နေ တတ်သည်။

၄။ ကနဦး တုံ့ပြန်အကြံပြုချက်ကို ရယူပါ။

၅။ ကျောင်းသားများအား သူတို့ပေးထားသည့် ဥပမာများကို ပြန်လေ့လာစေရမည်။ အသက် (၆) နှစ် အရွယ် ကျောင်းသားများ၏ ပြဿနာအပြုအမူများ၊ အသက် (၁၁) နှစ်အရွယ် ကျောင်းသားများ၏ ပြဿနာအပြုအမူများနှင့် အသက် (၁၈) နှစ်အရွယ် ကျောင်းသားများ၏ ပြဿနာအပြုအမူများအကြား ခြားနားမှုရှိပါသလား။ မည်သည့်ခြားနားချက်များရှိနိုင် မည်နည်း။ အဘယ်ကြောင့်နည်း။

### စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း ဆောင်ရွက်နေစဉ် ဆွေးနွေးမှုနှင့် တုံ့ပြန်အကြံပြုမှု အဆင့်အသီးသီးတို့က သင်ယူစဉ်စစ်ဆေးရန် အခွင့်အလမ်းများကို ပံ့ပိုးပေးသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသော အပြုအမူ (ပြဿနာအပြုအမူ) တွင် ပါဝင်သည်တို့မှာ -

- **အသိုက်အဝန်းမှ ခွဲထွက်ပြီး တစ်ဦးတည်းနေတတ်သော အပြုအမူများ** - ဥပမာ - ရှက်တတ်ကြောက်တတ်ခြင်း၊ အငြိမ်မနေနိုင်ခြင်း၊ ငေးငိုင်ခြင်း၊ စိတ်ပူပန်လွယ်ခြင်း၊ ကျောင်းတက်ရမည်ကို ကြောက်ခြင်း၊ ကျောင်းပြေးခြင်း၊ အများနှင့်အတူ နေလေ့မရှိဘဲ တစ်ဦးတည်း ခွဲထွက်နေလေ့ရှိခြင်း သို့မဟုတ် လက်အငြိမ်မနေနိုင်ခြင်း။
- **အနှောက်အယှက်ဖြစ်စေသော အပြုအမူများ** - ဥပမာ - မိမိထိုင်ခုံ၌ အတည်တကျ မထိုင်ခြင်း၊ အတန်းထဲတွင် အော်ဟစ်ခြင်း၊ ဒေါသဖြစ်ပြီး ဝုန်းဒိုင်းကြဲခြင်း၊ ဆဲဆိုရေရွတ်ခြင်း၊ သံကုန် အော်ဟစ်ခြင်းနှင့် ဆရာ့စကားကို နားထောင်ရန် ငြင်းဆန်ခြင်း။
- **အကြမ်းဖက်မှုဆန်သော/သို့မဟုတ် အန္တရာယ်ဖြစ်စေတတ်သောအပြုအမူများ** - ဥပမာ - ခေါင်းနှင့် ဆောင့်ခြင်း၊ ခြေနှင့်ကန်ခြင်း၊ သတ်ပုတ်ရန်ဖြစ်ခြင်း၊ ထွက်ပြေးခြင်း၊ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများနှင့် အသေတပ်ဆင်ထားသည့် စာသင်ခန်းသုံးပစ္စည်းများကို ရိုက်ခွဲချိုးဖျက်ကာ ပျက်စီးအောင်လုပ်ဆောင်ခြင်း။
- **မသင့်တော်သော/မဖွယ်ရာသော လူမှုဆက်ဆံရေးအပြုအမူများ** - ဥပမာ - မဖွယ်ရာသော စကားများ၊ ရုန်းရင်းကြမ်းတမ်းသောစကားများကို ပြောဆိုခြင်း၊ ပစ္စည်းခိုးခြင်း၊ ချစ်ခင်ယုယမှုကိုပြသရာတွင် မဖွယ်မရာလွန်ကျူးစွာပြုမူခြင်း၊ မဖွယ်မရာ ထိတွေ့ကိုင်တွယ်ခြင်း။

ကိုင်တွယ်ထိန်းသိမ်းရန် ခက်ခဲသော အပြုအမူကို ဖြစ်ပေါ်နိုင်စေမည့် နှိုးဆွတွန်းအား (triggers) များတွင် ပါဝင်သည်တို့မှာ -

- **ဇီဝကမ္မပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာအချက်အလက်များ** - ဥပမာ - ဆေးပညာအယူအဆအရ မူမမှန်ဟု သတ်မှတ်ထားသော ဖြစ်စဉ်များနှင့် မသန်စွမ်းမှုများ။
- **စိတ်ပိုင်းဆိုင်ရာအချက်အလက်များ** - ဥပမာ - စိတ်လှုပ်ရှားမှုဆိုင်ရာ ချွတ်ယွင်းချက်များ၊ စိတ်ဒဏ်ရာ ရထားခြင်းနှင့် လူမှုပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုမရှိခြင်း။
- **အပြုအမူပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာအချက်အလက်များ** - ကျောင်းသား တစ်ဦး၏ ပြဿနာဆန်သော အပြုအမူကို အားဖြည့်တွန်းအားပေးခြင်းမှ ဖြစ်စေ လူမှုပေါင်းသင်းဆက်ဆံရေးကို ညှိယူရာမှဖြစ်စေ တွေ့မြင်နိုင်သည်။ ဥပမာအားဖြင့်

စာမလိုက်နိုင်သော သင်ယူတတ်မြောက်မှု အားနည်းသော ကျောင်းသားတစ်ဦးသည် အတန်းတွင်းသင်ယူမှုလုပ်ငန်းများ၌ ကောင်းစွာ မဆောင်ရွက်နိုင်သည့်အခါ ပြဿနာတစ်ခုကို ထပ်တလဲလဲလုပ်ခြင်းဖြင့် အတန်းပြင်ပသို့ ဆရာက နှင်ထုတ်မည့်ပြစ်ဒဏ်ကို မရရအောင်ဆောင်ရွက်သည်။ အကြောင်းမှာ သင်ယူမှုလုပ်ငန်း ဆောင်ရွက်ရခြင်းမှ လွတ်မြောက်အောင် ထွက်ပေါက်ရှာခြင်း ဖြစ်သည်။

- **ရပ်ရွာလူထုသမိုင်းကြောင်းနှင့်ဆိုင်သော အချက်အလက်များ** - ဤအချက်အလက်များ ထဲတွင် ကျောင်းသားမိဘ သို့မဟုတ် မိသားစုဝင်များသည် ကျောင်းနှင့်ပတ်သက်၍သော်လည်းကောင်း အစိုးရအဖွဲ့အစည်းများနှင့် ပတ်သက်၍သော်လည်းကောင်း ပြဿနာတစ်ရပ် သို့မဟုတ် အခက်အခဲ တစ်စုံတစ်ရာ တွေ့ရှိထားတတ်ခြင်း ပါဝင်သည်။ တစ်ခါတစ်ရံတွင် ထိုကျောင်းသား၏ မိသားစုဝင်များတွင် နာကြည်းမှု၊ နစ်နာခံစားရမှုတို့ပါဝင်သော ခါးသီးသည့် အတွေ့အကြုံများနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့်လည်း ဖြစ်နိုင်သည်။
- **ကျောင်းသားများ အုပ်စုဖွဲ့၍ အုပ်စုအားကိုးအနိုင်ကျင့်ခြင်း** - ဥပမာအားဖြင့် အားနည်းသော ကျောင်းသားများနှင့် ကြောက်တတ်ရက်တတ်သော ကျောင်းသားများအား ဝိုင်း၍ အနိုင်ကျင့်ခြင်း၊ နောက်ပြောင်ကျီစယ်ခြင်း၊ လူမျိုးကွဲပြားမှုပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်း၊ ကြဉ်ထားခြင်း သို့မဟုတ် ရိုင်းစိုင်းခက်ထန်စွာ ဝိုင်း၍ အနိုင်ကျင့်ပြုမူခြင်း။
- **ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ** - ဥပမာအတန်းထဲ၌ ဆူညံမှုအတိုင်းအတာ မြင့်မားခြင်း သို့မဟုတ် ကျောင်းသားထိုင်ခုံများ စီစဉ်ပုံအနေအထားစနစ်မကျခြင်း။
- **အတန်းတွင်း စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲပြဿနာများ** - အတန်းတွင်းနေ့စဉ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်စေရာ၌ လိုက်နာရသည့် စည်းကမ်းများသည် ရှေ့နောက် မညီညွတ်ခြင်း၊ တစ်သမတ်တည်း တိကျမှုမရှိခြင်း၊ အသုံးအဆောင်ပစ္စည်းပစ္စယ မလုံလောက်ခြင်း သို့မဟုတ် အတန်းအတွင်းရှိ ကျောင်းသားများထဲ၌ ယဉ်ကျေးမှုနောက်ခံ ခြားနားသူများရှိလျက် ထိုအချက်ကို သတိမမူမိဘဲ လက်လွတ်စပယ် သူတို့၏စိတ်ခံစားချက် ထိခိုက်စေမည့် အပြုအမူမျိုးကို ဆောင်ရွက်မိခြင်း။
- **ဆရာ့အပြုအမူ** - ဥပမာ - ပျင်းရိဖွယ်ကောင်းပြီး ကစဉ့်ကလျားဖြစ်နေသော သင်ခန်းစာများ ကြောင့်လည်း ပြဿနာဖြစ်နိုင်သည်။ ကျောင်းသားတို့၏ အပြုအမူလွဲမှားခြင်းကို အရေးယူ ဆောင်ရွက်ရာတွင် လိုသည်ထက်ပို၍ဆောင်ရွက်ခြင်း သို့မဟုတ် စည်းကမ်းပေးရာ၌ အပြစ်ဒဏ်ပေးခြင်းအပေါ် အားသန်ခြင်း၊ စည်းကမ်းထိန်းသိမ်းမှုတို့ကို အပြစ်ဒဏ်

ပေးခြင်းဖြင့်သာ ဆောင်ရွက်တတ်ပြီး လိမ္မာပါးနပ်သောအတန်းကိုင်ပညာ မတတ်ကျွမ်းခြင်း။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)**

ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေပြီး ပြဿနာအပြုအမူ အမျိုးအစား (၂) မျိုးအတွက် ဥပမာများ ပေးစေခြင်းဖြင့် သင်ခန်းစာကို ပြန်လည်လေ့လာစေမည်။ ထိုအပြုအမူမျိုး ဖြစ်ပေါ်လာစေရန် မည်သည်တို့က နိုးဆွတွန်းအားပေးနေကြောင်းကို စဉ်းစားဆင်ခြင်စေမည်။ ပုံသေကားချ အယူအဆမျိုး မပါဝင်စေရန် သတိပြုဆောင်ရွက်ပါ။

## ၉.၇.၂။ ကျောင်းသားတို့၏ အပြုအမူများကို ကိုင်တွယ်ထိန်းသိမ်းရာတွင် အပြုသဘောဆောင်သည့် နည်းလမ်းများသုံး၍ဆောင်ရွက်ခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- တပည့်ကျောင်းသားများအားလုံးနှင့် ဆရာများကြား ချစ်ခင်လေးစားမှုနှင့် ရင်းနှီးဖော်ရွေမှုရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်မည့် နည်းဗျူဟာများကို စိစစ်ရှာဖွေတတ်မည်။
- ကျောင်းသား၏ အပြုအမူကို ကိုင်တွယ်ထိန်းသိမ်းရာတွင် အသုံးပြုနိုင်မည့် နည်းဗျူဟာများကို ဖော်ပြတတ်မည်။
- ကျောင်းသားများ၏ သင်ယူတတ်မြောက်လိုမှုကို စေ့ဆော်ရာတွင် အထောက်အကူဖြစ်စေမည့် စာသင်ခန်းတွင်း လုပ်ထုံးလုပ်နည်းစနစ်များအကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့်လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) ၂.၁။ သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက် ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၃) ချိန်။

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ သင်ခန်းစာ ပြင်ဆင်ခြင်း၊ သရုပ်ဆောင် သင်ယူခြင်း၊ အားလုံးသံပြိုင်စာဖတ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်၊ သင်ခန်းစာ (၉.၇.၂) ကို ဆရာရော ကျောင်းသားများပါ ဖတ်ရှုထားသင့်သည်။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံနှင့်ထိုင်ခုံများ၊ သင်ပုန်း၊ မင်တံများ၊ ကျောင်းသားကိုင် စာအုပ်မှ အတန်းစီမံခန့်ခွဲမှုတွင် 'အများစုမှားတတ်သော အမှားများထဲမှ ကောက်နုတ်ချက်'ဇယား၊ ကိုးကားရည်ညွှန်းရန် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၇.၂)။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ သင်ခန်းစာကို မိတ်ဆက်ရန် ကျောင်းသားများအား အပြုသဘောဆောင်သော ကိုင်တွယ်ထိန်းသိမ်းမှုဆိုသည့် ဝေါဟာရအကြောင်း ၎င်းတို့နားလည်ထားမှုကို ဆွေးနွေးစေသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

အချို့တုံ့ပြန်အကြံပြုချက်များကို အားနည်းချက် စစ်ဆေးအကဲဖြတ်ခြင်းပြုရန် ရယူပါ။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက ပြည့်စုံသော အဓိပ္ပာယ်သတ်မှတ်ချက်မျိုး ပေးနိုင်မည်မဟုတ်ချေ။ သို့ဖြစ်ခဲ့လျှင် ၎င်းတို့အား စိတ်မပူရန်နှင့် ယခုနေခါအတွက် ပြဿနာမရှိနိုင်ကြောင်း နှစ်သိမ့်အားပေးပါ။ ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ မည်မျှအတိုင်းအတာအထိ သင်ယူရန် လိုအပ်သေးကြောင်းကို တွေ့ရှိနိုင်ရန် ဖြစ်သည်ဟု ပြောပြပါ။ ဤအဆင့်တွင် 'အပြုသဘောဆောင်သော ကိုင်တွယ်ထိန်းသိမ်းမှု' ၏ တိကျသော အဓိပ္ပာယ် ဖွင့်ဆိုချက်ပေးရန်လည်း မလိုအပ်သေးပါ။ အဘယ်ကြောင့်ဆိုသော် ဤသင်ခန်းစာကို လေ့လာသင်ယူရင်း ထိုအယူအဆ၏ အဓိပ္ပာယ်သည် တစ်စတစ်စ အလိုအလျောက် ၎င်းဘာသာ ပေါ်လွင်လာမည်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့် ဆွေးနွေးခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၉.၇.၂) မှ ကျောင်းသားတို့၏ အပြုအမူများကို ကိုင်တွယ်ထိန်းသိမ်းရာတွင် အပြုသဘောဆောင်သည့် နည်းလမ်းများ သုံး၍ ဆောင်ရွက်ခြင်းကို ဖတ်ရှုလေ့လာစေသည်။

၂။ ကျောင်းသားများအား (၄) ယောက် တစ်အုပ်စု၊ (၅) ယောက် တစ်အုပ်စု စသည်ဖြင့် အုပ်စုဖွဲ့စည်းစေမည်။ အုပ်စုများမှ အတွင်းရေးမှူးတစ်ဦးစီကို ရွေးချယ်စေမည်။ ၎င်း၏တာဝန်မှာ ဆွေးနွေးနေစဉ်အတွင်း မှတ်စုများရေးသားရန်ဖြစ်သည်။ အောက်ပါမေးခွန်းများကို ဆွေးနွေးရန် သင်ပုန်းပေါ်တွင် ရေးထားပါ။

- စာသင်ခန်းထဲတွင် မည်သည့်အပြုသဘောဆောင် အားပေးတိုက်တွန်းမှု နည်းလမ်းများကို လေ့လာတွေ့ရှိမိပါသနည်း။ (သင်ခန်းစာများကို လေ့လာစဉ်၊ မူလတန်းကျောင်းသား ဖြစ်နေစဉ်၊ ပညာရေးကောလိပ်အတန်းထဲတွင် သင်ယူစဉ်)
- အပြုသဘောဆောင်သော အားပေးတိုက်တွန်းမှုချဉ်းကပ်နည်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးတို့မှာ အဘယ်တို့ဖြစ်မည်ဟု ထင်မြင်ပါသနည်း။
- ဤချဉ်းကပ်နည်း (သီအိုရီ) ကို လက်တွေ့အလေ့အကျင့်ထဲသို့ ထည့်သွင်းရန် သင့်/ မသင့် မည်သို့ ယူဆသနည်း။
- ဤချဉ်းကပ်နည်းမှ မိမိမျှော်မှန်းထားသည့်ရလဒ်များမှာ အဘယ်တို့နည်း။ ဤချဉ်းကပ်နည်းနှင့် ပြဿနာအပြုအမူ ကိုင်တွယ်ထိန်းသိမ်းရာတွင် အပြုသဘောဆောင် ကိုင်တွယ်မှုကို မသုံးစွဲသည့် ချဉ်းကပ်နည်း နှစ်မျိုးတို့အကြား ခြားနားချက်ကို နှိုင်းယှဉ်သုံးသပ်၍ ဆွေးနွေးစေမည်။

၃။ ကျောင်းသားအမျိုးအမည်စုံ ကျား/မ အစုံအလင်တို့ထံမှ တုံ့ပြန်အကြံပြုချက်အချို့ကို ယူရမည်။ မေးခွန်းတစ်ခုစီအတွက် တုံ့ပြန်မှုအမျိုးမျိုးတို့ကို ရရှိနိုင်မည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ဆွေးနွေးပွဲများပြုလုပ်နေစဉ်အတွင်း ဆရာက လှည့်ပတ်သွားလာ စောင့်ကြည့်အကဲဖြတ်ရင်း ပါဝင်ဆွေးနွေးနိုင်သည်။ ကျောင်းသားများကို အဖြေပေးရာတွင် ပိုမိုအသေးစိတ်ပေးရန်နှင့် ၎င်းတို့၏ တင်ပြချက်များအတွက် ကျိုး/ကြောင်း ညီညွတ်မှုရှိကြောင်း ဖော်ပြရန်လည်းပြောပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အတွေ့အကြုံနှင့် ထင်မြင်ချက်များအပေါ် များစွာမူတည်ထားခြင်းကြောင့် တုံ့ပြန်မှုအမျိုးမျိုး ကွဲပြားမည်။ သင်ခန်းစာ၏ အဓိကပေးလိုသော စိတ်ကူးမှာ ကျောင်းသားများ၌ မည်မျှပင် အတွေ့အကြုံနည်းပြီး ထိုလုပ်ငန်း အယူအဆကို လက်တွေ့နှင့် ပေါင်းစပ်အကောင်အထည်ဖော်ရန် မည်မျှပင် စိတ်ကျဉ်းကျပ်သည်ဖြစ်စေ အပြုသဘောဆောင်သော အားပေးတိုက်တွန်းမှုနှင့် ချဉ်းကပ်ခြင်း အယူအဆကို ပိုမိုတိုးမြှင့်သုံးစွဲနိုင်စေရန် ဖြစ်သည်။ ဤလုပ်ငန်း၌ ကျောင်းသားတို့ အနေနှင့် အောင်မြင်စွာမဆောင်ရွက်နိုင်လျှင်လည်း ၎င်းတို့အား စိတ်မပူစေရန် အားပေးနှစ်သိမ့်ပါ။ အတွေ့အကြုံမရှိသေးသူတို့အတွက် ပုံမှန်ဖြစ်တတ်သောသဘာဝဖြစ်၍ နောက်ပိုင်းတွင် အလေ့အကျင့်များလာသောအခါ၌ ပိုမိုလွယ်ကူလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြရမည်။

### ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၃။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေရန် ပြောပါ။ 'အတန်းစီမံခန့်ခွဲမှုတွင် အများစုမှားတတ်သောအမှားများထဲမှ ကောက်နုတ်ချက်' ဇယားကို ဖြည့်သွင်းရန်နှင့် ဆွေးနွေးရန် ပြောပါ။

၂။ ၎င်းတို့ရရှိလာသော အချို့တွေ့ရှိချက်များနှင့် စိတ်ကူးများကို တစ်တန်းလုံးနှင့် မျှဝေစေမည်။

## သင်ယူမှုလုပ်ငန်း ၄။ သရုပ်ဆောင်သင်ယူခြင်းအတွက် ကြိုတင်ပြင်ဆင်မှု (မိနစ် ၃၀)

၁။ ကျောင်းသားများကို နှစ်ယောက်တစ်အုပ်စု သို့မဟုတ် (၆) ယောက် တစ်အုပ်စုစီ အုပ်စုဖွဲ့ပေးပါ။

၂။ ကျောင်းသားတို့အပြုအမူကို ကိုင်တွယ်ထိန်းသိမ်းရာတွင် အပြုသဘောဆောင်သော အားဖြည့် တိုက်တွန်းမှုသုံးခြင်းကို သရုပ်ပြရန်နှင့် လေ့ကျင့်လုပ်ဆောင်ရန်အတွက် သရုပ်ဆောင် သင်ယူခြင်းနည်းကို အသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြပါ။ သင်ခန်းစာ (၉.၂.၃)

တွင်လည်း ၎င်းတို့ သရုပ်ဆောင်နည်းကို လုပ်ဆောင်ခဲ့ဘူးကြသည်။ ဆိုလိုသည်မှာ ၎င်းတို့အနေနှင့် ဇာတ်ညွှန်းရေးခြင်း (ဥပမာ - ဆရာတစ်ဦးနှင့် ကျောင်းသားလေးဦးပုံစံ) သရုပ်ဆောင်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ လိုအပ်သည်တို့ကို ဖြည့်စွက်ပြင်ဆင်မွမ်းမံခြင်း၊ တစ်ဖန်ပြန်၍ သရုပ်ဆောင်လေ့ကျင့်ခြင်း (နောက်တစ်ကြိမ်တွင်မူ နောက်ထပ် ဇာတ်ဆောင်သစ်များနှင့် သရုပ်ဆောင်ရမည်) နှင့် အကဲဖြတ် သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

၃။ ဇာတ်ညွှန်းတွင်ပါဝင်သူ ဇာတ်ဆောင်ကျောင်းသားများက ခွဲထွက်နေလေ့ရှိသော ရှက်ကြောက်တတ်သည့် စရိုက်သဘာဝနှင့် ဆိုးသွမ်းဖျက်ဆီးတတ်သော နိုင်လိုမင်းထက် ဗိုလ်ကျတတ်သောစရိုက် သဘာဝအမျိုးမျိုးတို့ကို ပေါ်လွင်အောင် သရုပ်ဆောင်သင့်သည်။

၄။ သရုပ်ဆောင်ပြကွက်ဇာတ်လမ်းများကို နောက်စာသင်ချိန်တွင် တင်ဆက်ကပြစေပြီး ဆရာက စစ်ဆေး အကဲဖြတ်ပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤအဆင့်တွင် ကျောင်းသားများက ၎င်းတို့အုပ်စုအတွင်းမှာပင် စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ/မရှိကို မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနည်းသုံး၍ စစ်ဆေးအကဲဖြတ်စေမည်။ ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်ကျောင်းသား အသီးသီးတို့၏ ပြုမူမှုပုံစံအမျိုးမျိုးတို့ကို ပြပြင်တည့်မတ်ပေးရာ၌ အပြုသဘော ဆောင်သော အားဖြည့်တိုက်တွန်းအားပေးမှုကို မည်သို့ အသုံးပြုမည်ကို ပေါ်လွင်အောင် ကြိုးပမ်းသရုပ်ဆောင်ရမည်။ သရုပ်ပေါ်လွင်အောင် ဖော်ထုတ်နိုင်ရန် ကြိုးပမ်းရမည်။ (ကျောင်းသားကိုင်စာအုပ်တွင် ပြန်လည်ကြည့်ရှု သုံးသပ်နိုင်သည်)

ဆရာက ကျောင်းသားတို့၏လုပ်ငန်းတိုးတက်မှုနှင့် အုပ်စု၏ စိတ်ပါဝင်စားစွာဆောင်ရွက်နိုင်မှုစွမ်းအားတို့ကို သူတို့အနီးသို့ သွားရောက်လှည့်ပတ်ကာ စောင့်ကြည့်လေ့လာခြင်းအားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ လုပ်ငန်းစံသတ်မှတ်ချက်များနှင့် မည်သို့ကိုက်ညီပုံကို သိရှိလာအောင် မေးခွန်းများ မေးပေးရမည်။ ဥပမာ - မည်သည့် ဇာတ်ဆောင်က မည်သည့်အပြုအမူကို ပြုမူနေသနည်း။ ဆရာက ၎င်း၏အပြုအမူကို မည်သို့ကိုင်တွယ်ထိန်းသိမ်းမည်နည်းစသည့် မေးခွန်းမျိုးကို မေးရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သရုပ်ဆောင်သင်ယူမှုများတွင် သုံးသော ဇာတ်လမ်းဇာတ်ကွက်များသည် ကျောင်းသားများ၏ စိတ်ကူးပေါ်တွင်မူတည်၍ အမျိုးမျိုးပြောင်းလဲနိုင်သည်။ သတ်မှတ်ထားသောစံ အချက်အလက်များကို အံဝင်စေသည့် မည်သည့်တုံ့ပြန်မှုကိုမဆို လက်ခံနိုင်ရမည်။ ကျောင်းသားများက အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အကဲဖြတ်သုံးသပ်မှု စနစ်များနှင့် အချောသပ်မွမ်းမံခြင်း လုပ်ငန်းများကို လိုက်နာဆောင်ရွက်ရမည်။ ပြီးမှသာ နောက်တစ်ချိန်တွင် သရုပ်ဆောင်ပြကွက်များကို တင်ဆက်ပြသရမည်။

## တတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၅။ သရုပ်ဆောင်သင်ယူခြင်း (မိနစ် ၄၀)

၁။ ကျောင်းသားအုပ်စု အများအပြားအတွက် သူတို့၏ပြဇာတ်များကို သရုပ်ဆောင်တင်ဆက်ရန် အချိန်ဇယားတစ်ခု ဆရာက ပြင်ဆင်စီစဉ်ပေးပါ။

၂။ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော အပြုသဘောဆောင်သည့် အားဖြည့်တိုက်တွန်းမှုများ ရှိ/မရှိကို စစ်ဆေးနိုင်သည့် စစ်ဆေးမှုဇယားကို အသုံးပြု၍ ကျောင်းသားများသည် ၎င်းတို့အချင်းချင်း စစ်ဆေးအကဲဖြတ်နိုင်မှု ရှိ/မရှိ ကို ဆရာက ကြည့်ရှုလေ့လာရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ထိုလုပ်ငန်းကို အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ပြုစေနိုင်သည်။ လေ့လာရာတွင် မည်သည့် အပြုအမူများကို သရုပ်ပြတင်ဆက်ထားကြောင်း၊ ၎င်းတို့အား မည်ကဲ့သို့ ကိုင်တွယ်ထိန်းသိမ်းနိုင်ကြောင်းနှင့် အတန်းစီမံခန့်ခွဲမှုနည်းစနစ်များသည် လက်တွေ့ဘဝ၌ မည်သို့ထိရောက်မှု ရှိနိုင်ကြောင်းတို့ကို လေ့လာ၍စစ်ဆေးအကဲဖြတ် နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ တီထွင်ဖန်တီးနိုင်သော အသွင်းအင်အားစု (Creative Input) အလိုက် သရုပ်ဆောင်မှု ပြဇာတ်တိုတွင် ပါဝင်မည့်အကြောင်းအရာများလည်း အမျိုးမျိုးခြားနားမည်။ ဆရာက တုံ့ပြန်အကြံပြုပေးရာတွင် အပြုသဘောနှင့်ပေးရမည်။ လုပ်ငန်းလုပ်ဆောင်ရန် စံသတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိ အပေါ်မူတည်၍သာ စစ်ဆေးအကဲဖြတ်ပေးရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤသင်ယူမှုလုပ်ငန်းကို ဆောင်ရွက်ရခြင်းမှ အပြုသဘောဆောင်သော ထိန်းသိမ်းကိုင်တွယ်မှုကို သုံးစွဲထားသည့် စာသင်ခန်းတွင်း စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ သဘောတရားအကြောင်း မည်သည်တို့ကို သင်ယူခဲ့နိုင်ပါသနည်းဟူသော မေးခွန်းကို ကျောင်းသားများနှင့် ဆွေးနွေးပါ။

၂။ တပည့်ကျောင်းသားများအားလုံးနှင့် ဆရာများအကြား လေးစားချစ်ခင်မှုနှင့် ရင်းနှီးဖော်ရွေမှု ရှိသော အပြန်အလှန်ဆက်ဆံမှုနည်းဗျူဟာနှင့်ပတ်သက်၍ မည်သည့်အချက်တို့ကို ၎င်းတို့အနေနှင့် အရေးပါသည်ဟု ထင်မြင်ယူဆကြောင်း မေးမြန်းဆွေးနွေးပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

- သရုပ်ဆောင်သင်ယူမှုကို အသက်အရွယ်အုပ်စုအမျိုးမျိုးမှ ကျောင်းသားများအဖြစ် သရုပ်ဆောင် စေလျက် စမ်းသပ်သရုပ်ဆောင် တင်ဆက်ပါစေ။
- အပြုသဘောဆောင်သော ကိုင်တွယ်ထိန်းသိမ်းမှု နည်းဗျူဟာများသုံးခြင်းသည် ကျောင်းသားများအား စေ့ဆော်ရန်နှင့် ၎င်းတို့၏ သင်ယူတတ်မြောက်မှုကို ရရှိသွားစေရန် မည်ကဲ့သို့ အထောက်အကူပြုကြောင်းကို ရှင်းပြစေမည်။

## ၉.၇.၃။
## သင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးခြင်းအကြောင်းကို ပြန်လှန်လေ့လာခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကျောင်းသားများအနေနှင့် မိမိတို့ သင်ယူလေ့လာပြီးသည့် အခန်း (၉) ထဲမှ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၂.၁။ သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

**အချိန်။** မိနစ် (၅၀) ကြာသောစာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** ပညာရေးအထောက်အကူပြုကစားနည်းများ/သင်ယူမှု အတွက် ကစားနည်းများ။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၉.၇.၃) ကို ဖတ်ပါ။ ညွှန်ကြားချက်များကိုဖတ်ပြီး ကံကောင်းသောကိန်းဂဏန်းများ ကစားနည်း အတွက် ကြိုတင်ပြင်ဆင်ပါ။ (ပြင်ဆင်မှုအတွက် ညွှန်ကြားချက်ကို ဖော်ပြထားသည်။)

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး၊ ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ ပညာရေးအထောက်အကူပြုကစားနည်း/သင်ယူမှုအတွက် ကစားနည်း

၁။ သင်ယူမှုဆိုင်ရာ ကစားနည်းတစ်မျိုးကိုသုံးပြီး ဤအခန်းတွင် လေ့လာသင်ယူခဲ့သည့် သင်ယူမှု ပတ်ဝန်းကျင်ဖန်တီးရေး စိတ်ကူးများနှင့်အယူအဆများကို ပြန်လှန်လေ့လာမည် ဖြစ်ကြောင်း ကျောင်းသားများကို ပြောပြပါ။

၂။ ကံကောင်းသော ကိန်းဂဏန်းများ ကစားနည်းကို ကစားပါ။

၃။ ကစားနည်းကို မည်သို့ကစားရမည်ဖြစ်ကြောင်း သရုပ်ပြကစားပြပါ။ ထို့နောက် ကျောင်းသားများအား နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်လေးများဖွဲ့စည်းစေပြီး မေးခွန်းအသစ်တစ်စုံကို ပြင်ဆင်စေမည်။ ထိုမေးခွန်းအစုံကိုသုံးပြီး ကစားနည်းကို နောက်တစ်ကျော့ကစားစေမည်။ ကစားရာတွင် တစ်တန်းလုံးအနေဖြင့်ဖြစ်စေ အုပ်စုများအလိုက်ဖြစ်စေ ကစားနိုင်သည်။

## ကံကောင်းသော ကိန်းဂဏန်းများ

ဤကစားနည်းသည် မည်သည့်ဘာသာရပ်အတွက်မဆို သုံးနိုင်သောနည်းဖြစ်သည်။ အယူအဆများ အကြောင်းနှင့် အခေါ်အဝေါ် (ဝေါဟာရ) များကို ပြန်လှန်သင်ယူလေ့လာစေရာတွင် အကောင်းဆုံးနည်း ဖြစ်သည်။

## ကြိုတင်ပြင်ဆင်ခြင်း

အယူအဆ သို့မဟုတ် ဝေါဟာရအခေါ်အဝေါ် (၆) ခုမှ (၁၂) ခုထိကို စာရင်းပြုစုပြီး ဉာဏ်စမ်းပဟေဠိ မေးခွန်းများကို ပြင်ဆင်ပါ။

ဥပမာ -

- ကိန်းဂဏန်း ၁ - မူလတန်းကျောင်းစာသင်ခန်းတွင် ကျင့်သုံးရန်နေ့စဉ်ပုံမှန်လုပ်ငန်း (၃) ခုကို ဖော်ပြပါ။
- ကိန်းဂဏန်း ၂ - ကံကောင်းသောကိန်းဂဏန်း။
- ကိန်းဂဏန်း ၃ - လူတိုင်းအကျုံးဝင်ပညာရေးကို အဓိပ္ပာယ်သတ်မှတ်ပါ။
- ကိန်းဂဏန်း ၄ - ကံကောင်းသောကိန်းဂဏန်း။
- ကိန်းဂဏန်း ၅ - ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ဆောင်မှု ပညာရေး၏ အခြေခံ အချက် (၃)ခုကို ဖော်ပြပါ။
- ကိန်းဂဏန်း ၆ - ပြဿနာအသွင်ဆောင်အပြုအမူကို ဖြစ်ပေါ်စေသည့် တွန်းအားစုများ အမည်ကို ဖော်ပြပါ။
- ကိန်းဂဏန်း ၇ - အတိုကောက်စာလုံး SAMR သည် မည်သည်တို့ကို ကိုယ်စားပြုသနည်း။
- ကိန်းဂဏန်း ၈ - သင်ယူမှုကိုအထောက်အကူ ဖြစ်စေသည့် ကစားနည်းတစ်ခုမှာ အဘယ်နည်း။
- ကိန်းဂဏန်း ၉ - ကံကောင်းသောကိန်းဂဏန်း။

ကိန်းဂဏန်းတစ်ခုစီသည် မေးခွန်းတစ်ခု သို့မဟုတ် ကံကောင်းသော ကိန်းဂဏန်းတစ်ခုကို ကိုယ်စားပြုသည်။ ကိန်းဂဏန်းများကို သင်ပုန်းပေါ်တွင် လေးထောင့်ကွက်တစ်ခုအတွင်း ရေးသား၍ တင်ပြထားပါ။

ဥပမာ - သင်ပုန်းပေါ်၌ အောက်ပါပုံစံကဲ့သို့ တွေ့မြင်ရမည်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၄ | ၅ | ၆ |
| ၇ | ၈ | ၉ |

## ကစားနည်းအတွက် ညွှန်ကြားချက်များ

- ကျောင်းသားများကို အသင်းနှစ်သင်းအဖြစ် ခွဲခြားပါ။
- သူတို့အား သင်ပုန်းပေါ်တွင် ကိန်းဂဏန်းမည်မျှရှိသနည်း မေးပါ။
- လေးထောင့်စတုရန်းကွက် (၉) ခုတွင် မေးခွန်း (၆) ခုပါကြောင်း ပြောပြပါ။
- ကံကောင်းစေသောကိန်းဂဏန်း (၃) ခုပါကြောင်း ပြောပြပါ။
- အသင်းတစ်သင်းစီအား ကြိုက်နှစ်သက်ရာ ကိန်းဂဏန်းတစ်ခုစီကို ရွေးချယ်ရန် တစ်လှည့်စီ ခွင့်ပြုပေးရမည်။ ကိန်းဂဏန်းက ကိုယ်စားပြုသောမေးခွန်းကို ဖြေစေရမည်။
- သူတို့အဖြေမှန်သည့်အခါတိုင်း တစ်မှတ်ရရှိမည်ဖြစ်ကြောင်း ရှင်းပြပါ။
- အကယ်၍ သူတို့ရွေးလိုက်သောကိန်းဂဏန်းသည် ကံကောင်းသော ကိန်းဂဏန်းဖြစ်ပါက မေးခွန်းဖြေရန်မလိုဘဲ တစ်မှတ်ရမည်ဖြစ်ပြီး ဒုတိယအကြိမ် ဆက်ရွေးရမည်။
- ကိန်းဂဏန်းတစ်ခုစီက ကိုယ်စားပြုသော မေးခွန်းများအားလုံးကို ပြည့်စုံအောင် ဖြေပြီးချိန်တွင် ဆရာက သင်ပုန်းပေါ်မှာ ရေးထားသည်များကို ဖျက်ပစ်လိုက်ရမည်။
- အမှတ်အများဆုံးရရှိသော အသင်းက အနိုင်ရရှိမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကစားနည်းကို ပိုမို၍ သွက်လက်လှုပ်ရှားမှုရှိစေပြီး ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းများကို အသုံးပြုနိုင်စေရန် ကျောင်းသားတို့အား ၎င်းတို့ကိုယ်ပိုင် ကံကောင်းသောဂဏန်း ကစားနည်းကို စီစဉ်ရေးဆွဲစေမည်။ ထို့နောက် အုပ်စုတစ်ခုနှင့်တစ်ခုကြား ယှဉ်ပြိုင်ကစားစေရမည်။

မေးခွန်းများ၏ ခေါင်းစဉ်ကို အမျိုးမျိုးအပြောင်းအလဲပြုလုပ်ပေးနိုင်သည်။ ဥပမာအားဖြင့် ဆရာက အုပ်စုတစ်စုစီအား ဤဘာသာရပ်ထဲမှ အခန်းတစ်ခုစီကို သတ်မှတ်ပေးနိုင်သည်။ သို့မဟုတ် အခြေခံပညာရေး ဘာသာရပ်တစ်ခုကို သတ်မှတ်ပေးနိုင်သည်။

### ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** အပြုသဘောဆောင်သည့် အားပေးတိုက်တွန်းမှုဆိုသည်မှာ အဘယ်နည်း။

***အဖြေ။*** *အပြုသဘောဆောင်သော အားပေးတိုက်တွန်းမှုဆိုသည်မှာ ကျောင်းသားတို့၏ အပြုအမူနှင့် အတန်းစည်းကမ်းကို စနစ်တကျစီမံခန့်ခွဲရာ၌သုံးသော ချဉ်းကပ်မှု တစ်ခုဖြစ်ပြီး အပြစ်ဒဏ်ပေးခြင်းထက် အပြုအမူကောင်းများ ဖြစ်ပေါ်လာစေမှုကို ဦးတည်အလေးပေးဆောင်ရွက်သည့် နည်းလမ်းတစ်ခုဖြစ်သည်။*

**မေးခွန်း ၂။** အပြုသဘောဆောင်သည့် အားပေးတိုက်တွန်းမှုတွင် အသုံးပြုနိုင်မည့် အချို့နည်းဗျူဟာများကို စာရင်းပြုစုဖော်ပြပါ။

***အဖြေ။***

- *ချီးကျူးစကားနှင့် ချီးကျူးစကားမဟုတ်သော်လည်း အမူအရာဖြင့် ချီးကျူးအသိအမှတ်ပြုပေးခြင်း။ (ဥပမာ - ပြုံးပြခြင်း၊ ခေါင်းညိတ်ပြခြင်း၊ လက်မထောင်ပြခြင်း)*
- *လူမှုဆက်ဆံရေးနယ်ပယ်၌ အရေးတယူပြုအာရုံစိုက်ခြင်း။ (ဥပမာ - စကားစမြည်ပြောခြင်း၊ ဆရာနှင့် သီးသန့်တွေ့ဆုံချိန် သို့မဟုတ် ကျောင်းသား အချင်းချင်း ရင်းနှီးစွာတွေ့ဆုံကြခြင်း)*
- *ဒြပ်ရှိဆု၊ ကိုင်တွယ်၍ရပြီး လက်တွေ့အသုံးဝင်သော ဆုမျိုး။ ဥပမာ - စတစ်ကာများ၊ ခဲတံအသစ်များ (သို့မဟုတ်) ဆေးမင်ကြောင်ရုပ်စတစ်ကာများ။*

- *လှုပ်ရှားဆောင်ရွက်မှုများ သို့မဟုတ် အထူးအခွင့်အရေးများ - ဥပမာ - ကစားနည်းတစ်မျိုး ကစားခွင့် ရခြင်း၊ အတန်းထဲရှိ အထူးနေရာ၌ ထိုင်ခွင့်ရခြင်း၊ ပုံရေးဆွဲခွင့်ရခြင်း၊ အရောင်ခြယ် ကစားခွင့်ရခြင်း၊ ခေတ္တအတန်းနားချိန်၌ စောစောထွက်ခွာခွင့်ရခြင်း သို့မဟုတ် အားကစားရုံသို့ စောစီးစွာသွားခွင့်ရခြင်း၊ ကွန်ပျူတာသုံးစွဲရာ၌ အချိန်ပိုသုံးခွင့်ရခြင်း။*
- *ဒုတိယဆင့်အပြုသဘောဆောင် အားဖြည့်တိုက်တွန်းမှုများ (ဥပမာ - အမှန်ခြစ်များ၊ ပစ္စည်းလဲရန် လက်မှတ် (တိုကင်) သို့မဟုတ် ပိုက်ဆံ) ၎င်းတို့သည် ကျောင်းသားများအား ဖြုပ်ရှိဆုများ ရရှိစေရန် သို့မဟုတ် အထူးလုပ်ငန်းစဉ်တို့၌ ပါဝင်ဆင်နွှဲခွင့်ရစေရန်အတွက် အထောက်အပံ့ ပြုသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

ဤအခန်းတွင် ကျောင်းသားအားလုံး၏ သင်ယူမှုကို အထောက်အပံ့ဖြစ်စေမည့် သင်ယူမှုဝန်းကျင် တည်ဆောက်ပုံ အသေးစိတ်ကို လေ့လာခဲ့ခြင်းဖြစ်သည်။ စိတ်ကူးစိတ်သန်း အများအပြားတို့ကို ဆွေးနွေးပြီး ကျွမ်းကျင်မှုအမျိုးမျိုးကိုလည်း ဖွံ့ဖြိုးစေခဲ့ပါသည်။ အောက်ပါအချက်အလက်တို့သည် မှတ်သားထိုက်ပါသည်။

- အကျိုးဖြစ်ထွန်းစေသော သင်ယူမှုပတ်ဝန်းကျင် ထူထောင်တည်ဆောက်ပေးခြင်းက ကျောင်းသားတို့၏ သင်ယူနိုင်စွမ်းကို အဆင့်အမြင့်ဆုံးသို့ ရောက်စေနိုင်သည်။ ထိုပတ်ဝန်းကျင်တွင် ကျောင်းသားများ အားလုံး၏စိတ်၌ မိမိတို့ကို အလေးထားခံရသည်ဟု နှစ်သက်ခံယူတတ်သောနေရာဖြစ်ရမည်။ ၎င်းတို့ အတွက် လုံခြုံစိတ်ချမှု၊ စေ့ဆော်မှု၊ ထောက်ပံ့ကူညီမှု၊ လေးစားမှုတို့ကို ရရှိသော နေရာလည်း ဖြစ်ရမည်။ ထိုသို့သော သင်ယူမှုပတ်ဝန်းကျင် ထူထောင်ခြင်းလုပ်ငန်းသည် အရေးပါသည်။

- ထိုကဲ့သို့သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးရန် ဆရာအတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ဆရာ့အသိပညာတို့လိုအပ်သည်။ ဤကျွမ်းကျင်မှု ရရှိရေးနှင့် အသိပညာဖွံ့ဖြိုးရေးမှာ အချိန်ယူရမည့်အပြင် အားထုတ်ကြိုးပမ်းမှုလည်း လိုအပ်သည်။ ဆိုလိုသည်မှာ စဉ်ဆက်မပြတ်သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် အကောင်းဆုံးစိတ်ကူးစိတ်သန်း တို့ကို ညှိယူပြုပြင်ကျင့်သုံးခြင်းတို့ကို သာမကဘဲ သုတေသနမေးခွန်းဖြစ်သည့် 'ဤအချက်တို့အနက် ထိုအချက်ကို ပြောင်းလိုက်လျှင် ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို ပို၍တိုးတက်စေမည်လား' ဟု မေးခွန်းထုတ်ကာ သင်ယူမှုလုပ်ငန်း အစဉ်မပြတ် တိုးတက်ကောင်းမွန်ရေးကို ရှေးရှုရမည်။

- ကျောင်းသားများ၏ သင်ယူနိုင်စွမ်းကို မြင့်မားစွာ မျှော်မှန်းချက်ထားရမည်။ ကျောင်းသားများအား ဤမျှော်မှန်းချက်များအကြောင်းနှင့် မျှော်မှန်းချက်တွင်ပါဝင်သည့် အပြုအမူတို့အကြောင်းကို အကျိုးဖြစ်ထွန်းစေသောနည်းများသုံး၍ သင်ကြားပေးရမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များမှာ ဂရုတစိုက်ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်၊ အတန်းတွင်းလုပ်ငန်းတို့ကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့ဖြစ်သည်။

- အတန်းတွင်းလုပ်ငန်းအလေ့အထများနှင့် သင်ယူမှုဝန်းကျင်တို့ကို အပြောင်းအလဲများပြုလုပ်၍ အကောင်အထည်ဖော်ရာတွင် စနစ်တကျ ဆောင်ရွက်ရမည်။ သို့မဟုတ်ပါက ဤအပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုအကျိုးရလဒ်ကို ထင်ရှားစွာ သိနိုင်မည်မဟုတ်ချေ။ အပြောင်းအလဲတိုင်းက ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို တိုးတက် မြင့်မားစေသင့်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းတွင် ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်ဖန်တီးရေးကို အာရုံစူးစိုက် လေ့လာခဲ့ကြသည်။ ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်ကို မည်သို့ အဓိပ္ပာယ်ဖွင့်မည်နည်း။ မိမိသင်ကြားရမည့် စာသင်ခန်းတွင်း၌ ပိုကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင်ကိုရရှိအောင် မည်သို့ ဖန်တီးတည်ဆောက်ရမည်နည်း။

အချို့လူတို့က ကျောင်းသားများသည် ပတ်ဝန်းကျင်မရွေး သင်ယူနိုင်စွမ်းရှိကြသည်ဟု ပြောတတ်ကြသည်။ မည်သည့် သင်ယူမှုပတ်ဝန်းကျင်များ၌မဆို ကျောင်းသားများက သင်ယူတတ်မြောက်နိုင်ပါသည်ဟု ယူဆကြသည်။ ဤအချက်တွင် မိမိမည်ကဲ့သို့ထင်မြင်ပါသနည်း။ ကောင်းမွန်သော သင်ယူမှုပတ်ဝန်းကျင် ဖြစ်ရုံမျှနှင့် ကျောင်းသားတို့ သင်ယူတတ်မြောက်မှုကို အာမခံချက်မပေးနိုင်ဆိုသော အယူအဆမှာ မှန်ပါသည်။ သို့ဖြစ်၍ ကောင်းမွန်သောသင်ယူမှု ဖြစ်ပေါ်သည့် ထွန်းကားသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရန် အခြား မည်သည့်အချက်တို့ကလည်း အရေးပါနေသနည်း။

ကျွန်ုပ်တို့ စူးစမ်းလေ့လာခဲ့သော သင်ယူမှုပတ်ဝန်းကျင်မှ အရေးပါသော အခြေခံအချက်များအနက် တစ်ခုမှာ ဘေးကင်းလုံခြုံ၍ စိတ်ချရမှုရှိခြင်းဖြစ်သည်။ ယခုမျက်မှောက် ကမ္ဘာ့ရာသီဥတု (အခြေအနေ) ထဲတွင် ဤအချက်မှာ အဘယ်ကြောင့် အထူးတလည်အရေးပါနေရသနည်း။ မိမိ၏ မိဘများ (သို့မဟုတ်) ဘိုးဘွားများအား သူတို့ကျောင်းနေခဲ့စဉ်ကာလများက တွေ့ကြုံခဲ့ရသော ဘေးကင်းလုံခြုံစိတ်ချရမှု အကြောင်းကို မေးမြန်းကြည့်နိုင်သည်။ သူတို့ခေတ်က ကျောင်း (သို့မဟုတ်) အိမ်ပတ်ဝန်းကျင်၌ ဘေးကင်းလုံခြုံစိတ်ချရမှု ရှိ/မရှိ ကို လေ့လာသိရှိနိုင်သည်။ လုံခြုံစိတ်ချရမှုရှိသော အယူအဆ မည်သို့ပြောင်းလဲလာပုံကို သူတို့အနေနှင့် မည်သို့ ထင်မြင်ပါသနည်း။ မိမိထင်မြင်ချက်အရ လုံခြုံစိတ်ချရမှုရှိစေရေး အစီအမံတို့ကို တိုးမြှင့်ဆောင်ရွက်ထားခြင်း၏ ကောင်းကျိုးနှင့်ဆိုးကျိုးတို့ကို လေ့လာထားသင့်သည်။ မိမိတို့အတန်းတွင်း လုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်ကို ကျောင်းသားများနှင့်အတူ ကြိုးပမ်းအားထုတ်၍ ဖန်တီးရာတွင် မည်သည့်စိန်ခေါ်မှုမျိုးကို တွေ့ရှိနိုင်သနည်း။ ဤအဟန့်အတားများကို ကျော်လွှားနိုင်ရန် မည်သည်တို့က မိမိအား ထောက်ကူပေးနိုင်မည်နည်း။

ကျွန်ုပ်တို့ ဆရာများအနေနှင့် ရရှိစေရန် ရည်ရွယ်ထားသော စာသင်ခန်း၏ အခြားရှုထောင့်တစ်ခုမှာ ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရေးဖြစ်သည်။ ခင်းကျင်းပြသမှုအမျိုးမျိုးနှင့် အရောင်အသွေးအမျိုးမျိုးတို့၏ အသုံးဝင်မှုတို့ကိုလည်း လေ့လာခဲ့ကြသည့်အပြင် အသုံးဝင်သောရင်းမြစ်အမျိုးမျိုးတို့ကိုလည်း တွေ့ရှိခဲ့ကြသည်။ ဤနေရာတွင် စဉ်းစားရမည်မှာ ထိုကဲ့သို့သော သင်ယူမှုပတ်ဝန်းကျင် တည်ဆောက်ရန်အတွက် အချိန်များစွာယူရပြီး ရင်းမြစ်များကို အချိန်များကိုလည်း ပုံမှန်အပြောင်းအလဲပြုပေးရန် လိုအပ်ကြောင်းဖြစ်သည်။ ရင်းမြစ်များကို မိမိ သင်ကြားမည့် ခေါင်းစဉ်နှင့် ဆီလျော်အောင် မကြာခဏပြောင်းလဲပေးရမည်။ စာသင်ခန်းကို မပြတ်ဆွဲဆောင်မှု ရှိနေရအောင် ဖန်တီးနိုင်ခြင်းသည် အကျိုးထူးဖြစ်ထွန်းစေနိုင်သည်။ ထိုလုပ်ငန်းကို ကျောင်းသားများ၊ ကျောင်းအထောက်အကူပြုဝန်ထမ်းများ (သို့မဟုတ်) ကျောင်းသားမိဘများနှင့်ပင် တာဝန်လွှဲပြောင်း ပေးနိုင်ကြောင်းကို စဉ်းစားသင့်သည်။ အချို့မိဘများသည် သူတို့သားသမီးများ၏ ကျောင်းထဲမှဘဝတွင် ပါဝင်ကူညီဆောင်ရွက် လိုသည့်စိတ် ရှိကြသည်။

မိမိအလုပ်လုပ်နေသော မူလတန်းကျောင်းတွင် ငြိမ်းချမ်းရေးအနှစ်သာရဖော်ဆောင်မှု ပညာရေးဆိုင်ရာ အယူအဆများကို ကျင့်သုံးနေသည်ဆိုပါစို့။ ဤသို့ကျင့်သုံး အသုံးပြုခြင်း၏ ကောင်းကျိုးနှင့် စိန်ခေါ်မှု အခက်အခဲများအကြောင်းကို ဗီဒီယိုဇာတ်လမ်းတိုတစ်ခု ဖန်တီးရမည်ဆိုလျှင် မိမိက မည်သည်တို့ကို ပြောပြနိုင်မည်နည်း။ ငြိမ်းချမ်းရေးအနှစ်သာရဖော် ဆောင်မှု ပညာရေးအယူအဆ၏ ရည်ရွယ်ချက်များနှင့် ထိုအယူအဆ၏ အစိတ်အပိုင်းတစ်ခုအနေနှင့် ကျောင်းသားများအား ဆရာတို့က မည်သည့်ကျွမ်းကျင်မှုမျိုးကို သင်ကြားပေးရမည်နည်း။ အချို့ ကျောင်းသင်ဘာသာရပ်များထဲတွင် အချို့ကျွမ်းကျင်မှုများကို မည်သို့ပိုမိုဆီလျော်စွာ ထည့်သွင်း သင်ကြားပေးနိုင်ပုံကို စဉ်းစားပါ။

မိမိမူလတန်းကျောင်းသားဘဝ ကျောင်းနေခဲ့စဉ်က လိုက်နာခဲ့သော စာသင်ခန်းတွင်း လုပ်ထုံးလုပ်နည်း စည်းကမ်းများအကြောင်းကို ပြန်လည်စဉ်းစားပါ။ ၎င်းတို့အနက် မည်သည်တို့ကို မိမိသင်ကြားရသော စာသင်ခန်း စည်းမျဉ်းစည်းကမ်းထဲ၌ ထည့်သွင်းပြီး မည်သည်တို့ကို ချန်လုပ်ထားမည်နည်း။ ဤနေရာ၌ အဓိကကျသည်မှာ ဆရာတစ်ဦးအနေနှင့် စာသင်ခန်းပုံမှန် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများကို မည်သို့ ဖန်တီးချမှတ်ရန်နှင့် မည်သို့အကောင်အထည် ဖော်ဆောင်ရွက်ရန်တို့ကို သေချာစွာသိရှိ နားလည်ထားရမည်။ ကျောင်းသားများ အတန်းစည်းကမ်းလိုက်နာရေးတွင် ဆရာကိုယ်တိုင်တိုက်ရိုက် ပါဝင်ဆောင်ရွက်သင့်ပါ သလား။

စည်းမျဉ်းစည်းကမ်းများကို မည်သို့သိရှိစေမည်နည်း။ လုပ်ထုံးလုပ်နည်းများကို တစ်သမတ်တည်း ရှိစေရန်နှင့် လိုက်နာဆောင်ရွက်တတ်စေရန် ဆရာက မည်သို့လေ့ကျင့် သင်ကြားပေးမည်နည်း။ လူတိုင်း အကျုံးဝင်ပညာရေးကို စဉ်းစားလျှင် လိုအပ်ချက်အသီးသီးရှိနေကြသော ကျောင်းသားအသီးသီးတို့သည် စာသင်ခန်းစည်းမျဉ်းနှင့် ပုံမှန်လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ကြလိမ့်မည်။ ထိုအခါမျိုးတွင် လှုံ့ဆော်မှုပေးခြင်း အခန်းကဏ္ဍက အရေးပါလာသည်။ ခင်းကျင်းပြသမှုများနှင့် ပညာပေးကစားနည်းတို့မှတစ်ဆင့် စည်းမျဉ်းများနှင့် ပုံမှန်လုပ်ငန်းများကို ကျောင်းသားများ သင်ယူသိရှိ နားလည်သွားစေသင့်သည်။ တစ်ချိန်တည်းမှာပင် အခြားဘာသာရပ်များ သင်ကြားရာတွင် ဆောင်ရွက်သကဲ့သို့ပင် စာသင်ခန်း စည်းမျဉ်းစည်းကမ်းများနှင့် ပုံမှန်လုပ်ငန်းတို့ကို စနစ်တကျ စဉ်းစားပြီး ကောင်းစွာရေးဆွဲထားရမည်။ သို့မဟုတ်ပါက ကျောင်းသားများအနေနှင့် သူတို့ဘာကြောင့် စည်းကမ်းလိုက်နာ ဆောင်ရွက်ရကြောင်းကို နားလည်နိုင်မည်မဟုတ်ချေ။

မိမိသည် ပညာရေးဘာသာရပ်များကို သင်ကြားနေသူ ကထိကတစ်ဦးဖြစ်သည်ဟု စိတ်ကူးကြည့်ပါ။ သင်ကြား သင်ယူမှုလုပ်ငန်းသည် အချို့ကို ပညာရေးနည်းပညာ အသုံးပြု၍ တိုးတက်ကောင်းမွန် လာစေလိုသည် ဆိုပါစို့။ စာသင်ခန်းရာသီဥတု (အခြေအနေ) သာယာကောင်းမွန်စေနိုင်မည့် တိုးတက်မှုများ ပေါ်ပေါက်လာအောင် မည်သည့်စနစ်များ၊ နည်းပညာများနှင့် ရင်းမြစ်ပစ္စည်းများကို သုံးစွဲနိုင်သနည်း။ ပညာရေး အထောက်အကူပြု နည်းပညာ၌ အလွန်အကျိုးထူးသော အလားအလာနှင့် စွမ်းအားများရှိသကဲ့သို့ နည်းပညာပိုင်းဆိုင်ရာ တစ်စုံတစ်ခု ချို့ယွင်းခဲ့လျှင် လည်း ထင်မှတ်မထားသောအခက်အခဲပြဿနာများ ကြုံတွေ့ရနိုင်သည်။ တစ်စုံတစ်ခု ချို့ယွင်းသွားလျှင်လည်း စိတ်မပျက်ဘဲ တည်ငြိမ်ရင့်ကျက်စွာ ရင်ဆိုင်ပါ။ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးနိုင်သည့် အစီအစဉ်တစ်ခုကို အမြဲအရန်သင့်ထားရှိပါ။

ယခုအခါ ဆရာ့စာသင်ခန်းတွင် အစစအရာရာ ပြည့်စုံလုနီးပါး ကောင်းမွန်သောအခြေအနေနှင့် သင်ယူမှုပတ်ဝန်းကျင်ကို ရရှိပြီဆိုပါစို့။ သို့ရာတွင် အချို့နေရာများ၌ ပြဿနာရှာတတ်သော ကျောင်းသားအနည်းငယ် ရှိနေနိုင်သည်။ ထိုကဲ့သို့ ကိုင်တွယ်ထိန်းသိမ်းရန်ခက်ခဲသည့် စည်းကမ်းဖောက်ဖျက်တတ်သည့် ကျောင်းသားများအား အကျိုးရှိစွာ မည်သို့ကိုင်တွယ်ထိန်း ကျောင်းပေးရမည်။ အထူးပညာရေး ယူဆချက်များနှင့် ကျောင်းသားများ၏အပြုအမူကို ကိုင်တွယ် ထိန်းသိမ်းခြင်းလုပ်ငန်းတို့အကြား ချိတ်ဆက်မှုရှိပါသလား။ ဆရာတိုင်းသည် ကျောင်းသားများ လိမ္မာရေးခြားရှိစေရန် ဆုံးမပဲ့ပြင်နေရခြင်းထက် စာသင်ကြားပေးရခြင်းကိုသာ လိုလား

တတ်ကြသည်။

ကျောင်းသားများအား စည်းကမ်းရှိစေရန် ကိုင်တွယ်ထိန်းသိမ်းရခြင်းမှာ မလွယ်ကူပါ။ သို့ရာတွင် အချို့ဆရာများအတွက်မူ အတန်းတွင်းကျောင်းသားပြဿနာများ မရှိကြပါ။ ထိုဆရာတို့သည် အတန်းကိုင်ကျွမ်းကျင်မှုကို ရရှိအောင် နှစ်ပေါင်းများစွာ တည်ဆောက်ခဲ့ကြရသည်။ ဤသို့ တည်ဆောက်ခဲ့ရာတွင် ကျောင်းသားများ၏ အပြုအမူကောင်းရရန် ပုံသွင်းပြုပြင်ခြင်း၊ မူဝါဒများကို လိုက်နာကျင့်သုံးခြင်း၊ အပြုသဘောဆောင်သော ပြုပြင်မှုများကို ဆောင်ရွက်ခြင်း၊ အတန်းတွင်း တွေ့ရတတ်မြဲဖြစ်သော ပြဿနာအမျိုးမျိုးကို ဖွဲ့၊ လုံ့လဖြင့် သည်းခံဖြေရှင်းခြင်း၊ ကျောင်းသားများ စိတ်အားထက်သန်စွာ သင်ယူနိုင်စေမည့် သင်ခန်းစာများကို ပြင်ဆင်ရေးသားခြင်းတို့အားဖြင့် ကျောင်းသားတို့၏ လေးစားရိုသေမှုကို ရရှိခဲ့ကြသည်။ မိမိအနေနှင့်လည်း အစဦးပိုင်တွင် ကျောင်းသားများအပေါ် သြဇာညောင်းစေမည့် ထိုကဲ့သို့သော တတ်သိကျွမ်းကျင် ဆရာတစ်ဦး ဖြစ်လာဦးမည်မဟုတ်ချေ။ သို့ရာတွင် စာသင်ခန်းစည်းကမ်းများနှင့် ပုံမှန်လုပ်ငန်းများကို လိုက်နာဆောင်ရွက်စေရာတွင် တစ်သမတ်တည်း စည်းကမ်းများထားရှိခြင်း၊ ရှင်းလင်းပီပြင်သော စည်းမျဉ်းဘောင်များထားရှိခြင်းနှင့် ကျောင်းသားများအား စာသင်ခန်းတွင် ပျော်ရွှင်အကျိုးရှိစွာ သင်ယူနိုင်မည့် သင်ယူမှုနည်းလမ်း အမျိုးမျိုးတို့ကိုသုံး၍ ဆွဲဆောင်သင်ပြနိုင်ခြင်းရှိလာလျှင် အတန်းထိန်းမှုနယ်ပယ်၌ ကျွမ်းကျင်မှုများ တည်ဆောက်နိုင်လာပြီး စာသင်ခန်းကို ပိုမိုလွယ်ကူစွာ စီမံခန့်ခွဲနိုင်လာမည်ဖြစ်သည်။

## ဆက်လက်ဖတ်မှတ်စရာများ

Allen, D., & Eve, A. (1968). *Microteaching. Theory into Practice*, 7(5), 181-185.

Arsal, Z. (2014). Microteaching and pre-service techers' sense of self-efficacy in teaching. *European Journal of Teacher Education,* 37(4), 453–464.

Barbeta, P.,Norona, K.,& Bicard, D.(2005). *Classroom Behavior Management: A Dozen Common Mistakes and What to do Instead.* Preventing School Failure, 49(3), 11-19.

Bell, N.(2007). *Microteaching: What is it that is going on here?* Linguistics and Education, 18(1),24-40.

Black, P.,Harrison, C.,Lee, C., Marshall, B., & kWiliam, D(2003). *Assessment for learning: Putting it into Practice*. Maidenhead UK: Open University Press.

Claxton, G.(1999). *Wise Up: The Challenge of Lifelong Learning*. London: Bloomsbury.

Donnelly, R.., & Fitzmaurice, M.(2011). *Towards productive reflective practice in microteaching*. Innovations in Education and Teaching International, 48(3), 335-346

Dweek, C.(2000) . *Self Theories: Their Role in Motivation, Personality and Development.* Lillington, NC: Psychology Press, Taylor & Francis.

Educational Studies, Teacher Guide for Teacher Educators, Year 1, Semester 2, Draft 3, June 2019.

Finesilver , Cl, & Rodd, M. (2016).11 Working mathematically with students with special educational Intelligence Learning Environment Model. *Journal of Organisational Transformation & Social Change*, 12(3), 257-286.

Gough, J (1999). *Playing mathematical games: When is a game not a game?* Austrailian Primary Mathematics Classroom., 4(2) .

Griffiths, J.(2016) Bridging the school placement gap with peer micro-teaching lesson study. *International Journal for Lesson and Learning Studies*, 5(3). 227-228

GTZ., (2008). *Learning to live together: Design monitoring and evaluation of education for life skills, citizenshiop, peace and human rights.* Eshborn, Germany: Deutsche Gesellschaft fur Technische Zusammenarbeit (GTZ) GmbH.

Hamilton,E.,Resenberg, J., & Akcaoglu, M.(2016). *The Substitution Augmentation*

Khalil,M., & Elkhider, I.(2016). Applying learning theories and instructional design models for effective instruction. *Advances in Physiology Education*, 40(2), 147-156.

Modification Redefinition (SAMR) Model: A Critical Review and Suggestions for Its Use. TechTrends: *Linking Research and Practice to Improve Learning, 60(5), 433-441.*

McClelland, D. (1998). Identifying Competencies with Behavioral-Event Interviews. *Psychological Science*, 9(5),331-339.

Means, B.,Murphy, R., & Shear, L. (2017). *SRI Series on Building Efficacy in Learning Technologies*. Vol.1 Understand, Implement & Evaluate. London: Pearson.

Merghler, A., & Tangen, D. (2010). Using microteaching to enhance teacher efficacy in pre service teachers. *Teaching Education*, 21(2), 199-210.

Merrill, M., Drake, L., Lacy, M., & Pratt, J. (1996). Reclaiming instructional design. *Educational Technology*,36(5), 5-7.

Pickett,L., & Fraser, B. (2010). Creating and Assessing Positive Classroom Learning Environments. *Childhood Education*, 86(5), 321-326.

Puentedura, R. (2014). *Building transformation: An introduction to the SAMR model.* Retrieved from http://www.hippasus.com/rrpweblog/archives/2014/08/22/BuildingTransformation_AnIntroductionToSAMR.pdf

Reiser,R.A.,& Dempsey, J.V. (2012). *Trends and issues in instructional design and technology*. Boston:Pearson.

Senge,P.M.,Kleiner,A.,Roberts, C.,Ross,R.,Roth, G., & Smith, B. (1999). *Study Notes Organizations.* New York: Doubleday.

Sparks, S.(2013). Social-Emotional Needs Entwined with Students' Learning Security; Research and schoolroom practice show a supportive environment can promote achievement-and stress can be a hinderance. *Education Week*, 32(16),16.

Turnbull,A.P. (1995). *Exceptional lives: Special education in today's schools.* Tappan, NJ: Merrill/Prentice Hall.

UNESCO, & Ministry of Education Myanmar. (n.d). *Enacting a Culture of Peace: A teacher guide to experiential learning in Myanmar.*

Wong, H., & Wong, R. (2018). *The First Days of School: How to be an Effective Teacher.* (5th edition). Harry K. Wong Publications.

# အခန်း ၁၀

# ဆရာအတတ်ပညာ ကျွမ်းကျင်မှု

ဤအခန်းတွင် ဆရာအတတ်ပညာကျွမ်းကျင်သော ဆရာတစ်ဦးဖြစ်လာစေရန် လိုအပ်သည်များကို ပို၍အသေးစိတ် လေ့လာရမည်။ ဆရာအတတ်ပညာ ကျွမ်းကျင်သူဆရာတစ်ဦးသည် ပြန်လည်တွေးတောသုံးသပ်ခြင်း အလေ့အကျင့်ကို ယုံကြည်ချက်အပြည့်အဝကျင့်သုံးတတ်ပြီး မြန်မာလူမျိုးဆရာတစ်ဦးအား မြန်မာလူထုက ဖြစ်စေလိုသည့်မျှော်မှန်းချက်များနှင့် ညီညွတ်အောင် ဖြည့်ဆည်းနိုင်သူဖြစ်ရမည်။ ထို့ပြင် ဘဝတစ်သက်တာ ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးကိုလည်း တာဝန်ခံယူတတ်သူဖြစ်ရမည်။ ပြန်လည်တွေးခေါ်သုံးသပ်တတ်ခြင်း အလေ့အကျင့်နှင့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု၌ သုတေသနလုပ်ငန်းကို သုံးခြင်းစသည့် ခေါင်းစဉ်အများစုကို 'ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ' မော်ဂျူး၌ ထည့်သွင်းရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။ ယခု မိမိတို့ သင်ယူလေ့လာရသော စာသင်ခန်းဝန်းကျင်သောင်အတွင်းရှိဖြစ်စေ မိမိတို့အလုပ်ခွင်သို့ ရောက်ရှိသည့်အခါ အနာဂတ်သင်ကြားရေး ပတ်ဝန်းကျင်၌ အသုံးပြုရန်ဖြစ်စေ လိုအပ်မည်ဖြစ်သော ကျွမ်းကျင်မှုမျိုးစုံ ဖွံ့ဖြိုးရေးအတွက် ပညာရေးဘာသာရပ်က ဦးတည်ထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆရာသည် ကျောင်းသားများအတွက် အတုယူစရာစံနမူနာပြပုဂ္ဂိုလ်ဆိုသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို မြန်မာမှုနယ်ပယ်ရှုထောင့်မှ ရှင်းပြတတ်မည်။
- စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် မြန်မာလူထုက ဆရာများထံမှ မျှော်လင့်ထားသည့် အမူအကျင့် အလေ့အထများနှင့် ဆရာများ၏ တာဝန်ဝတ္တရားများအကြောင်းကို ဆွေးနွေးတတ်မည်။
- စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် မြန်မာလူထုက ဆရာများထံမှ မျှော်မှန်းထားသည့် အမူအကျင့် အလေ့အထများနှင့် ဆရာများ၏ တာဝန်ဝတ္တရားများအကြောင်းကို ဆွေးနွေးတတ်လာမည့်အပြင် ထိုမျှော်မှန်းထားသည်တို့ကို ပြည့်စုံစေရန် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ရမည် ဖြစ်ကြောင်းကိုလည်း ဆွေးနွေးတတ်မည်။
- ပြန်လည်တွေးတောသုံးသပ်တတ်သူ ဆရာတစ်ဦးအနေနှင့် မိမိ၏ သင်ကြားမှုလုပ်ငန်း အလေ့အကျင့်ကို မည်သို့တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေး တတ်မည်။
- ဆရာအတတ်ပညာဖွံ့ဖြိုးမှုလုပ်ငန်းတွင် သုတေသနဆောင်ရွက်ချက်များကို မည်သို့ ဆက်စပ်အသုံးချနိုင်ကြောင်း လက်တွေ့ကျသော စိတ်ကူးအယူအဆများ ပေါ်ပေါက် လာမည်။
- သုတေသန ဆောင်ရွက်ချက်များနှင့် ဆက်စပ်အသုံးချခြင်းဖြင့် ဆရာ၏ ပြန်လည်တွေးတော စဉ်းစားသုံးသပ်တတ်ခြင်း အလေ့အထအတွက် ပံ့ပိုးမှုဖြစ်စေပြီး မိမိ၏သင်ကြားမှု အလေ့အကျင့် ပိုမိုတိုးတက် ကောင်းမွန်စေကြောင်း ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်၏ အရေးပါသောကဏ္ဍအကြောင်းကို ရှင်းပြတတ်မည်။
- သင်ကြားရေးလုပ်ငန်းသည် တတ်ကျွမ်းမှုလိုအပ်သောလုပ်ငန်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ကို အသုံးပြုလျက် ပြန်လည်သုံးသပ်တတ်မည်။

- ပညာရေးကောလိပ်တက်ရောက်နေဆဲ ကျောင်းသားများ၊ အလုပ်ဝင်စ ဆရာအသစ်များနှင့် ဝါရင့်ဆရာများအကြား အမျိုးအစားတစ်ခုနှင့်တစ်ခု ခြားနားပြီး ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး လိုအပ်ချက်ချင်း မတူညီကြောင်း ရှင်းပြတတ်မည်။
- ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်နည်းဗေဒဆိုင်ရာ အသိပညာတို့အကြား ကွဲပြားခြားနားမှုကို ရှင်းပြတတ်မည်။
- မြန်မာ့ပညာရေး အညွှန်းဘောင်များကို ဖတ်ရှုလေ့လာကိုးကားပြီး ယင်းတို့က စဉ်ဆက်မပြတ် ဆရာ အတတ်ပညာ လိုအပ်ချက်များကို မည်သို့ ကူညီဖြည့်ဆည်း ပေးကြောင်း ရှင်းပြတတ်မည်။
- ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေးအတွက် ပညာရေးကွန်ရက်များ အသုံးပြုခြင်း၏ ကောင်းကျိုး/ဆိုးကျိုးများကို ဆွေးနွေးတတ်မည်။
- ကျောင်းသားများအတွက် ဆရာအတတ်ပညာ သင်ယူလေ့လာရာ၌ ကွန်ရက်ဖွဲ့စည်း ဆောင်ရွက်ရေး အစီအစဉ်တစ်ခု ရေးဆွဲတတ်မည်။
- ကျောင်းသားများအနေနှင့် ကွန်ရက်အတွင်း ပါဝင်လေ့လာဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ တာဝန်များကို မည်သို့ ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ကို ကိရိယာတစ်ခုသဖွယ် အသုံးပြု၍ ပညာရည်ပြည့်ဝရေးအတွက် စဉ်ဆက်မပြတ် ပညာဆည်းပူးလေ့လာမှုပြုတတ်မည်။
- ပညာရေးဘွဲ့သင်တန်း တက်ရောက်ဆဲကာလအတွင်းမှာပင် ကျောင်းသားများအနေနှင့် ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို ခိုင်မာတောင့်တင်းစေမည့် အစီအစဉ်များ သတ်မှတ်ဆောင်ရွက် နိုင်ရေးအတွက် လိုအပ်သော နည်းဗျူဟာများကို ပြုစုတတ်မည်။
- ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ်ကိုသုံး၍ မိမိ၏ သင်ကြားရေးအလေ့အကျင့်ကို မိမိကိုယ်တိုင် စနစ်တကျပြန်လည်သုံးသပ်တတ်စေမည့် အစီအစဉ်များကို ရေးဆွဲတတ်မည်။
- ကျောင်းသားများအနေနှင့် မိမိတို့၏ ကိုယ်ပိုင်သင်ကြားရေး အတွေးအခေါ်တို့ကို ရှင်းလင်းစွာ ဖော်ထုတ်တင်ပြတတ်မည်။
- မိမိ၏ ကိုယ်ပိုင်သင်ကြားမှု အလေ့အကျင့်များကို စဉ်ဆက်မပြတ် ဆက်လက်တိုးတက် ကောင်းမွန်နိုင်စေမည့် ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်ကို တည်ဆောက် ကျင့်သုံးတတ်မည်။

# ၁၀.၁။ ဆရာအတတ်ပညာပိုင်းဆိုင်ရာ လုပ်ငန်းကျင့်ဝတ်နှင့် ဆရာ့ကျင့်ဝတ်

ဤအခန်းငယ်တွင် ဆရာတစ်ဦးအနေနှင့် ရှိရမည့် ဆရာအတတ်ပညာရပ်ပိုင်းဆိုင်ရာ ကျင့်ဝတ်များနှင့် အတန်းပြင်ပ လက်တွေ့ဘဝတွင် မြန်မာဆရာတစ်ဦး၌ ရှိရမည့် တာဝန်ဝတ္တရားများအကြောင်း လေ့လာဆန်းစစ်ရမည် ဖြစ်သည်။ ရပ်ရွာလူထုက ဆရာအတတ်ပညာသင်ယူ တတ်ကျွမ်းပြီးသူ ဆရာတစ်ဦးထံတွင် တွေ့ရှိနိုင်မည်ဟု မျှော်မှန်းထားသောကျင့်ဝတ်တို့နှင့် မြန်မာမှုနယ်ပယ်တွင် ဆရာတစ်ဦးထံမှ မျှော်မှန်းထားသည့် တာဝန်ဝတ္တရားဆောင်ရွက်မှုတို့အကြောင်းကို လေ့လာရမည်။ သင်ကြားခြင်းအတတ်ပညာရပ်တွင် ၎င်းကျင့်ဝတ် (၂) မျိုးတို့၏ အရေးပါပုံကို စူးစမ်းလေ့လာပြီး ထိုအချက်တို့က ဆရာတစ်ဦး၏ ကျောင်းတွင်းကျောင်းပြင် အခန်းကဏ္ဍအပေါ် မည်သို့ သက်ရောက်လွှမ်းမိုးနေကြောင်းကို သိရှိအောင်လေ့လာရမည်။ ထိုကျင့်ဝတ်တို့ကို လက်တွေ့ဘဝ၌ ကျင့်သုံးရာတွင် တွေ့ရတတ်သော ပြဿနာအကြောင်းကိုလည်း ဆွေးနွေးမည်ဖြစ်ပါသည်။

ဤခေါင်းစဉ်အကြောင်းအရာကို နားလည်နိုင်စေရန် သီအိုရီအချို့ကို ဖတ်ရှုမှတ်သားပြီး မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် နှိုင်းယှဉ်ပါ။ တူညီချက်၊ ခြားနားချက်တို့ကို ရှာဖွေလေ့လာပါ။ ဤစိတ်ကူးစိတ်သန်း အယူအဆများကို ကျောင်းသားမိဘများထံ အကြောင်းကြားစာတစ်စောင် ရေးသားရာ၌ အသုံးချပါ။ ထို့နောက် မိဘကရေးသားလိုက်သော ကျောင်းသား၏အခြေအနေ ဖော်ပြချက်ကို မည်သို့တုံ့ပြန်လျှင် အကောင်းဆုံးဖြစ်မည်ကို စဉ်းစားပါ။

## ၁၀.၁.၁။
## မြန်မာလူမျိုး ဆရာတစ်ဦးအတွက် ဆရာအတတ် ပညာရပ်ပိုင်းဆိုင်ရာ ကျင့်ဝတ်များ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဆရာသည် ကျောင်းသားများအတွက် အတုယူစရာစံနမူနာပြပုဂ္ဂိုလ်ဆိုသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း မြန်မာမှုနယ်ပယ် ရှုထောင့်မှရှင်းပြတတ်မည်။
- စာသင်ခန်းပြင်ပလက်တွေ့ဘဝတွင် မြန်မာလူထုက ဆရာများထံမှ မျှော်မှန်းထားသည့် အမူအကျင့် အလေ့အထများနှင့် ဆရာများ၏ တာဝန်ဝတ္တရားများအကြောင်းကို ဆွေးနွေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၃.၁။ မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။
(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။
(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။
(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။
(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသောစာသင်ချိန် ၁ချိန်

**သင်ယူမှုနည်းလမ်းများ။** အားလုံးသံပြိုင်ဖတ်ခြင်း၊ အုပ်စုလုပ်ငန်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ မိဘထံ အကြောင်းကြားစာရေးရန် ပြင်ဆင်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၁.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့်ထိုင်ခုံများ၊ သင်ပုန်း-မာကာများ၊ ရည်ညွှန်း ကိုးကားရန် ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၁၀.၁.၁)။

## သင်ယူမှုလုပ်ငန်း

### သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ မြန်မာ့လူမှုအသိုင်းအဝန်းကဆရာများကို မည်သို့အပြုအမူရှိရမည်၊ မည်သို့တာဝန်များ ယူရမည် စသည့် မျှော်မှန်းထားချက်များ မည်သို့ရှိသနည်း ဟု ကျောင်းသားများကိုမေးပါ။

၂။ ကျောင်းသားများထံမှ အချို့စိတ်ကူးများကို ရယူပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

မည်သည့်တုံ့ပြန်မှုကိုမှ အတည်ပြုရန် သို့မဟုတ် ငြင်းပယ်ရန်မလိုပါ။ အကြောင်းမှာ မေးထားသော မေးခွန်းက ကျောင်းသားတစ်ဦးစီး၏ ကိုယ်ပိုင်အမြင်/ရှုထောင့်ကို ဖော်ပြရန် မေးထားသောကြောင့် ဖြစ်သည်။ ကျောင်းသားများအနေနှင့် ၎င်းတို့အနာဂတ်ကို မည်သို့ကြိုတင်ခန့်မှန်းနိုင်သနည်း ဆိုသည့်အချက် အကျဉ်းချုပ်ကို စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

တုံ့ပြန်မှုများသည် အမျိုးမျိုးခြားနားမည်။ ၎င်းတို့တွင် သင်ခန်းစာပြင်ဆင်ခြင်း၊ ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် အသိပညာပြောင်းရွှေ့မှု အယူအဆများ၊ လူ့အဖွဲ့အစည်း၌ ဆရာတို့၏ အနေအထားနှင့် တတ်မြောက်မှု အဆင့်အသီးသီးတို့တွင် ကလေးများ ကောင်းကျိုးချမ်းသာအတွက် ဆရာက တာဝန်ခံတာဝန်ယူပေးထားမှုများ စသည်တို့ပါဝင်သင့်သည်။

## သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့်ဆွေးနွေးခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၁၀.၁.၁) ကို ဆရာက တစ်ပိုဒ်ချင်း အသံကျယ်ကျယ်ဖြင့် ဖတ်ပြပါ (သို့မဟုတ်) ကျောင်းသားများကို ဖတ်စေပါ။ ကျောင်းသားများ အမှန်တကယ်နားလည်ခြင်း ရှိ/မရှိ သိနိုင်စေရန် မေးခွန်းမေးလိုက မေးပါစေ။ ဝေဖန်မှတ်ချက် ပြုလိုသည်များရှိကလည်း ဖိတ်ခေါ်ပါ။ ကျောင်းသားအချို့ကို ရွေးထုတ်၍ စာပိုဒ်ပါအကြောင်းအရာများထဲမှ အဓိကကျသောအချက်များကို အကျဉ်းချုံးပြောပြစေမည်။

၂။ (၃) ဦးတစ်အုပ်စု သို့မဟုတ် (၄) ဦးတစ်အုပ်စုအဖြစ် ကျောင်းသားများကို အုပ်စုများဖွဲ့ပေးပါ။ မြန်မာ့အစဉ်အလာအရ လက်ခံထားသော ဆရာ့ဝတ္တရား (၅) ပါးကို ဆွေးနွေးစေမည်။ ယခုခေတ်ကာလအချိန်ထိ ထိုဝတ္တရားများမှာ မှန်ကန်လျက်ပင် တည်ရှိသေးသလား။ တစ်စုံတစ်ရာ ပြောင်းလဲခြင်း ရှိပါသလား ဆွေးနွေးစေရမည်။

၃။ တုံ့ပြန်အကြံပြုချက်များကို အတန်းအနှံ့အပြားမှ ကျောင်းသားအသီးသီးထံမှယူပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအနေနှင့် ကျောင်းသားဗဟိုပြုသင်ကြားနည်း အတွေးအခေါ်တို့ကို ပိုင်နိုင်စွာ နားလည်မှုရှိ/ မရှိကို သင်ယူစဉ်စစ်ဆေးခြင်းနည်းအဖြစ် ဤဆွေးနွေးမှုကို အသုံးပြုစစ်ဆေးနိုင်သည်။ အစဉ်အလာအားဖြင့် လက်ခံခဲ့သော ဆရာ့တာဝန်ဝတ္တရား (၅) ပါးသည် ကျောင်းသားဗဟိုပြု သင်ကြားနည်း ချဉ်းကပ်နည်းနှင့် လုံးဝဆက်စပ်မှု မရှိကြောင်းကို ကျောင်းသားတို့ သဘော ပေါက်သိရှိလာသင့်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အမြေများ

ကျောင်းသားများအား ပွဲပြင်ဆုံးမပေးခြင်း၊ စည်းကမ်းပေးခြင်းသည် ယနေ့ခေတ်တိုင်အောင် မှန်ကန်သောအချက်ဖြစ်ပါသည်။ သို့သော် စည်းကမ်းပေးခြင်း သဘောသဘာဝမှာမူ ပြောင်းလဲသွားပါသည်။ ဥပမာအားဖြင့် ယနေ့ခေတ် စာသင်ခန်းများတွင် ဆရာက မျှော်မှန်းသည်မှာ ကျောင်းသားများ၏ ဝေဖန်ဆန်းစစ်တတ်မှုများကို ရရှိလာရန်ဖြစ်သည်။ ၎င်းတို့အနေနှင့် အကြောင်းအရာတစ်ခုကို စဉ်းစားခြင်းမရှိဘဲ လက်ခံမှုမပြုရန်နှင့် စောဒကတက်ရန်၊ ဝေဖန်စောင့်ကြည့်တတ်ရန် အားပေးသင့်ပါသည်။ သို့သော် စော်ကားပုတ်ခတ်တတ်သော သဘောနှင့် မထီမဲ့မြင်ဆန်သော သဘောမျိုး မသက်ရောက်သင့်ပါ။ ဆရာ့ကို မေးခွန်းမေးရာ၌ဖြစ်စေ၊ အချင်းချင်းမေးရာ၌ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး လေးစားမှု၊ ယဉ်ကျေးမှုရှိရမည်။ ခြားနားသော ထင်မြင်ချက်၊ ဝေဖန်သုံးသပ်ချက်တို့ကို ယဉ်ကျေးစွာတင်ပြဆွေးနွေးပြီး အချင်းချင်းအပြန်အလှန်၊ အချေအတင် အပြသဘော ဆွေးနွေးရမည်။ အတန်းတွင်း၌ စည်းကမ်းပျက်၍ဖြစ်စေ၊ သင်ယူမှု၌ ဂရုစိုက်နည်း၍ဖြစ်စေ၊ ပြစ်ဒဏ်ပေးရာတွင် ရိုက်နှက်ဆုံးမခြင်း၊ လက်ရောက်ဆုံးမခြင်း စသည်တို့သည် ယခုခေတ်၌ လက်ခံနိုင်ဖွယ် မရှိတော့သည့်အပြင် ဥပဒေနှင့်လည်း မညီညွတ်ပါ။ စည်းကမ်းပျက်သော ကျောင်းသားများအား နှုတ်ဖြင့်သာအကျိုးအကြောင်းပြောပြ၍ ဆုံးမသွန်သင်ရမည်ဖြစ်သည်။ (သို့မဟုတ်) သူတို့ကိုပေးထားသည့် အခွင့်အရေးများကို ပယ်ဖျက်ခြင်းအားဖြင့်လည်း သူတို့အပြစ်အတွက် သူတို့သိရှိနားလည်လာစေရမည်။ ရိုက်နှက်ဆုံးမခြင်းအစား အခွင့်အရေးများ နုတ်ပယ်ခြင်းဖြင့် စည်းကမ်းထိန်းသိမ်း အရေးယူရမည်။

အခြားပြောင်းလဲမှုတစ်ခုမှာ 'သိပ္ပမချန်' ဟု ခေါ်သော ဆရာသိရှိသမျှ အားလုံးကို ကျောင်းသားတို့အား မချွင်းမချန် သင်ပေးရမည်ဆိုသည့် ဆရာ့ဝတ္တရားဖြစ်သည်။ ယနေ့ခေတ် စာသင်ခန်းများတွင် ကျောင်းသားတို့အား သူတို့ကိုယ်တိုင် စူးစမ်းလေ့လာသင်ယူမှုပြုတတ်ရန်၊ လေးနက်စွာဝေဖန်စဉ်းစားတတ်ရန်နှင့် တီထွင်ဖန်တီးတတ်စေရန် စသည်တို့ကို သင်ပေးခြင်းဖြင့်သူတို့၏ ပြဿနာဖြေရှင်းရာ၌ ကျွမ်းကျင်မှုနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာရာ၌ ကျွမ်းကျင်မှုတို့ကို ပိုမိုတိုးတက်သွားစေသည်။ ဤကဲ့သို့ သင်ပေးရမည်မှာ ဘာသာရပ်တိုင်းအတွက် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားတို့အား ၎င်းတို့ငယ်စဉ် အခြေခံပညာကျောင်းသားဘဝက ၎င်းတို့အား သင်ကြားပေးခဲ့သည့် ဆရာများအကြောင်းကို ပြန်လည်စဉ်းစားရန်ပြောပါ။

၂။ နှစ်ယောက်တစ်တွဲ တွဲစေလျက် ၎င်းတို့အနေနှင့် စံပြပုဂ္ဂိုလ်အဖြစ် အားကျအတုယူခဲ့ရသော ဆရာ (၁) ဦး သို့မဟုတ် (၂) ဦးတို့အကြောင်းကို ရှာဖွေသတ်မှတ်ဖော်ထုတ်စေမည်။

၃။ ထိုသို့ကျောင်းသားများက လေးစားအားကျရသော စံပြပုဂ္ဂိုလ်ဆရာများသည် မည်သည့်အရာတို့ကို ဆောင်ရွက်ပေးခဲ့သူဆရာများ ဖြစ်ကြသနည်း။ ထိုဆရာ/ဆရာများတို့၏ ဆောင်ရွက်ချက်များနှင့် အပြုအမူတို့ကို ဖော်ပြစေသည်။

၄။ ကျောင်းသားများထံမှ တုံ့ပြန်အကြံပြုချက် အချို့ကို ရယူပါ။ အစဉ်အလာအယူအဆအရ လက်ခံထားသော ဆရာ့ဝတ္တရား (၅) ပါးသည် အချို့နေရာများတွင် မည်သို့ ပြောင်းလဲသွားပုံနှင့် ၎င်းတို့ တုံ့ပြန်အကြံပြုချက်များနှင့် ထိုအချက်များ ချိတ်ဆက်မှု ပေါ်လွင်အောင် ပြောဆိုရှင်းလင်းပြပါ။

## ၁၀.၁.၂။
## မြန်မာနိုင်ငံမှ ဆရာတစ်ဦးအနေဖြင့် ကျင့်ဝတ်များနှင့်အညီ နေထိုင်ပြုမူဆောင်ရွက်ခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် မြန်မာလူထုက ဆရာများထံမှ မျှော်မှန်းထားသည့် အမူအကျင့် အလေ့အထများနှင့် ဆရာများ၏ တာဝန်ဝတ္တရားများအကြောင်းကို ဆွေးနွေးတတ်လာမည့်အပြင် ထိုမျှော်မှန်းထားသည်တို့ကို ပြည့်စုံစေရန် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း ဆွေးနွေး တတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) ၃.၁။ မြန်မာနိုင်ငံရှိဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ်(၅၀) စီကြာသော စာသင်ချိန် (၂) ချိန်။

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ သရုပ်ဆောင်သင်ယူခြင်း၊ အခြေအနေ ဖော်ပြချက်ပါ အခက်အခဲကို ဖြေရှင်း/တုံ့ပြန်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၁.၂) မှ ဖော်ပြထားသော အခြေအနေ (၂) ရပ်ကို လေ့လာဖတ်ရှုပါ။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

#### သင်ယူမှုလုပ်ငန်း ၁။ ဆွေးနွေးခြင်း (မိနစ် ၅၀)

၁။ ယခင်သင်ခန်းစာက သင်ယူထားသော မြန်မာနိုင်ငံမှ ဆရာများ၏ ကျင့်ဝတ်နှင့်အညီ ပြုမူကျင့်ကြံမှုတို့ကို မှတ်မိသမျှပြောပြရန် ကျောင်းသားအနည်းငယ်တို့ကို မေးမြန်းပါ။

၂။ ပေးထားသော ဇာတ်ညွှန်းဇာတ်ကွက် ဖော်ပြချက် (၂) ခုအတွက် အတန်းကို အုပ်စု (၂) ခု အဖြစ်ခွဲပါ။ အုပ်စုတစ်ခုစီအား ဇာတ်ညွှန်းတစ်ခုစီကို ဖတ်စေရမည်။ ဇာတ်ညွှန်း (က) နှင့် (ခ) ဟု သတ်မှတ်ပါ။

၃။ ကျောင်းသားများအား (၃) ယောက်တစ်အုပ်စု၊ (၄) ယောက်တစ်အုပ်စုအဖြစ် အုပ်စုဖွဲ့ပါစေ။ ၎င်းတို့အား သက်ဆိုင်ရာဇာတ်ညွှန်းအဆုံးတွင် မေးထားသည့် မေးခွန်းကိုဖြေစေမည်။

၄။ ကျရာဇာတ်ညွှန်းချင်း တူညီသော အုပ်စုငယ် (၂) ခုတို့ကို ပေါင်းစပ်ပေးပါ။ (က+က၊ ခ+ခ) ၎င်းတို့အား ၎င်းတို့ ရရှိထားသော အတွေးအခေါ်များနှင့် ဖြေရှင်းနည်းများကို နှိုင်းယှဉ်စေ၍ လိုအပ်လျှင် ၎င်းတို့ အတွေးအမြင်များကို ထပ်မံပြုပြင်မွမ်းမံစေရမည်။

၅။ ပေါင်းစပ်ထားသော ဇာတ်ညွှန်းတူအုပ်စုများအား အခြားဇာတ်ညွှန်းကို လေ့လာစေမည်။ အုပ်စု (က) မှ အုပ်စုဝင်များက ဇာတ်ညွှန်း (ခ) ကို လေ့လာပြီး အုပ်စု (ခ) မှ အုပ်စုဝင်များက ဇာတ်လမ်း (က) ကို လေ့လာစေသည်။ အဆိုပြုထားသော ဖြေရှင်းနည်းများကို အုပ်စုနှစ်ခုအကြား ဆွေးနွေးစေရမည်။

၆။ အုပ်စုများကို တစ်ဖန်ပြန်လည် ပြောင်းလဲဖွဲ့စည်းမည်။ အုပ်စု (က) မှ အုပ်စုငယ်တစ်ခုနှင့် အုပ်စု (ခ) မှ အုပ်စုငယ်တစ်ခုတို့ အတူပူးတွဲဆောင်ရွက်စေမည်။ (၃ ယောက်စု သို့မဟုတ် ၄ ယောက်စု)

၇။ ဤကဲ့သို့ အုပ်စုဖွဲ့ပုံ ပြောင်းလဲပေးခြင်းဖြင့် ဇာတ်ညွှန်း (၂) ခု စလုံးအတွက် အဆိုပြုထားသော ဖြေရှင်းနည်းများကို နှိုင်းယှဉ်ဆွေးနွေးနိုင်မည်။

၈။ အုပ်စုအသီးသီးတို့မှ တုံ့ပြန်အကြံပြုချက်များကို ရယူပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုဝင်များ ပြောဆိုသည်တို့ကိုနားထောင်ခြင်း၊ ၎င်းတို့၏ စိတ်ကူးများကိုရှင်းပြစေခြင်း ကျိုး/ကြောင်း ညီညွတ်မှုအတွက် ပြောပြစေခြင်းတို့ကို ဆရာက ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသားအုပ်စုများ၏ သင့်တော်သော အဖြေရှာဆုံးဖြတ်တတ်မှုကို သူတို့အလုပ်လုပ်နေစဉ် အတွင်းမှာပင် အမှတ်မထင် စစ်ဆေးအကဲဖြတ်နိုင်သည်။ အုပ်စုများအချင်းချင်း ပေါင်းစည်းသောအခါတွင်လည်း အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းကို သုံးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

တိကျသော အဖြေဟူ၍ မရှိနိုင်ပါ။ ကျောင်းသားများအနေနှင့် ဤလုပ်ငန်းအတွက် တိကျသော အဖြေတစ်ခု ရှိရမည်ဆိုသော မျှော်မှန်းချက်ထား၍ ဆောင်ရွက်ရန်မလိုပါ။ ထိုလုပ်ငန်းသည် လုံးဝပုဂ္ဂလဓိဋ္ဌာန်ကျပြီး ကျောင်းသားအားလုံး စိတ်လွတ်လပ်စွာ အဖြေရှာဆွေးနွေးနိုင်သည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ သရုပ်ဆောင်သင်ယူခြင်း (မိနစ် ၄၀)

၁။ ယခင်စာသင်ချိန်က သင်ပြီးသည်တို့ကို ပြန်လည်လေ့လာသည့်အနေနှင့် နှစ်ယောက်တစ်တွဲစီတွဲ၍ သင်ခန်းစာအကျဉ်းချုပ်ကို ပြောပြစေမည်။ ဇာတ်ညွှန်း (၂) ခု အကြောင်းနှင့် အကြံပြုထားသော အချက်များကို ပြန်ဆွေးနွေးပါ။

၂။ တုံ့ပြန်အကြံပြုချက် အကျဉ်းချုံးရယူပါ။

၃။ ကျောင်းသားများအား (၃) ယောက်တစ်အုပ်စု သို့မဟုတ် (၄) ယောက်တစ်အုပ်စုအဖြစ် အုပ်စုငယ်များ ဖွဲ့ပေးပါ။ ဆရာက ဆန္ဒရှိလျှင် ယခင်စာသင်ချိန်က အုပ်စုဝင်များမဟုတ်ဘဲ အုပ်စုဝင်များကို အပြောင်းအလဲ လုပ်နိုင်သည်။ အုပ်စုတစ်ခုစီက ရရှိထားသော ဇာတ်ညွှန်းအတိုင်း သရုပ်ဆောင်စေပြီး တုံ့ပြန်မှုပေးစေရမည်။ အုပ်စုတစ်ခုစီကို ဆရာက ဇာတ်ညွှန်းတစ်ခုစီ သတ်မှတ် တာဝန်ပေးနိုင်သည်။ သို့မဟုတ် သူတို့အားရွေးချယ်ခွင့်ပြုမည်။

၄။ အုပ်စုများက သူတို့၏ သရုပ်ဆောင်သင်ယူမှုကို အချောသပ်မွမ်းမံပြီး တင်ဆက်ရာတွင် အဓိပ္ပာယ်ပြည့်ဝစွာနှင့် လေးနက်စွာဆောင်ရွက်စေရမည်။

၅။ အုပ်စုအနည်းငယ်တို့အား သရုပ်ဆောင်မှုတင်ဆက်စေပြီး ၎င်းတို့၏ ဖြေရှင်းနည်းများကို ဆွေးနွေးစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

သရုပ်ဆောင်ကွက်များကို အကဲဖြတ်ရာတွင် အစမ်းလေ့ကျင့် သရုပ်ဆောင်မှုအဆင့်နှင့် သရုပ်ဆောင်တင်ဆက်မှု အဆင့် (၂) ခုစလုံးအတွက် လုပ်ဆောင်စဉ် စစ်ဆေးခြင်းအဖြစ် စစ်ဆေးအကဲဖြတ်နိုင်သည်။ ၎င်းတို့က ပြဿနာကို တင်ပြရာနှင့် အဖြေရှာရာတွင် ပေါ်လွင်အောင် သရုပ်ပြနိုင်ခြင်း ရှိ/ မရှိကို စစ်ဆေးအကဲဖြတ်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သရုပ်ဆောင်ဇာတ်ကွက်များမှာ အုပ်စုဝင်များ၏ လိမ္မာပါးနပ်စွာ ဇာတ်အိမ်ဖွဲ့တတ်မှုအလိုက် ကွာခြားမည်။ မည်သို့ပင်ဖြစ်စေကာမူ ဇာတ်ညွှန်းတစ်ခုစီက လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်မှုသာ အဓိကကျပါသည်။

### ဇာတ်ညွှန်းဖော်ပြချက် (၁)

မိမိသည် မိမိမသိသော အရပ်ဒေသတစ်ခု၌ စတင်တာဝန်ထမ်းဆောင်နေသော အလုပ်ဝင်စ ဆရာအသစ် တစ်ဦးဖြစ်သည်ဆိုပါစို့။ ဤကျောင်းမှ အခြားဆရာများအားလုံးသည် အတွေ့အကြုံရင့်ကျက်သူ ဆရာများ ဖြစ်ကြပြီး မိမိအပေါ်၌လည်း ညှာတာထောက်ထား တတ်သူများ ဖြစ်ကြသည်။ သို့သော် သူတို့သုံးနေသော သင်ကြားနည်းမှာ မိမိသုံးနေသော သင်ကြားနည်းနှင့် ခြားနားသည်။ ကျောင်းသားဗဟိုပြု သင်ကြားနည်းများကို မသုံးဘဲ ပို့ချခြင်းနည်း (lecturing) တစ်မျိုးတည်းကိုသာ သုံးကြသည်။

ကျောင်းသားဗဟိုပြု သင်ကြားနည်းများသည် မြန်မာ့အစဉ်အလာနှင့် ဆန့်ကျင်သည့်အပြင် ဤနည်းများ သုံးလျှင် ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို တိုးတက်စေခြင်းမရှိသဖြင့် မသုံးသင့်ကြောင်းကို ထိုဆရာများက မိမိအားအမြဲမပြတ် အကြံပြုပြောပြကြသည်။
ဤအခြေအနေမျိုးပေါ်ပေါက်လာခဲ့လျှင် မိမိ၏လုပ်ဖော်ကိုင်ဖက်များကို စိတ်ပြိုငြင်ခြင်း မရှိစေဘဲ မိမိ၏ ကျောင်းသားဗဟိုပြု သင်ကြားနည်းများအပေါ် ယုံကြည်မှုကိုလည်း ဆက်လက်စွဲကိုင်လိုသည် ဆိုပါစို့။ မြန်မာလူထုက မြန်မာဆရာများအပေါ် မျှော်မှန်းချက်များနှင့် သူတို့က ဆောင်ရွက်စေလိုသော မြန်မာ ဆရာများ၏ တာဝန်ဝတ္တရားများနှင့် ညီညွတ်စေမည့် အရာများကို ထည့်သွင်းစဉ်းစားလျက် ထိုဆရာများ၏ အကြံပြုချက်များကို မည်သို့ပါးနပ်စွာ တုံ့ပြန်မည်နည်း။

### ဇာတ်ညွှန်းဖော်ပြချက် (၂)

မိမိတပည့်ကျောင်းသားများထဲမှ စကားအလွန်နည်းသော ကျောင်းသားကလေးငယ်တစ်ဦး၏ မိဘများက ကျောင်းသို့လာရောက်ပြီး မိမိနှင့်တွေ့ဆုံဆွေးနွေးသည် ဆိုပါစို့။ ထိုကလေးသည် ကျောင်းမသွားလိုသဖြင့် မကြာခဏ စိတ်သောကရောက်ခြင်း၊ ဗိုက်နာခြင်းတို့ကို ခံစားရသည့်အပြင် မနက်ပိုင်းကျောင်းသွားရမည့် အချိန်ရောက်တိုင်း မျက်ရည်ဝဲလေ့ရှိကြောင်းကို မိဘများက လာရောက်ပြောပြကြသည်။ ဆရာတစ်ဦးအနေနှင့် မြန်မာဆရာများ၏ တာဝန်ဝတ္တရားများနှင့်ကိုက်ညီပြီး မြန်မာလူထုက ဆရာများထံမှ မျှော်မှန်းချက်များနှင့်လည်း ကိုက်ညီစေမည့် အကြံပြုလမ်းညွှန်ချက်များကို မည်သို့ပေးမည်နည်း။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ ကျောင်းသားများအား မိသားစုများ၊ ကျောင်းသားမိဘများ၊ ရပ်ရွာလူထုများနှင့် ဆက်ဆံရေးဆိုင်ရာ ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို အလေးပေးအာရုံစိုက်လေ့လာစေမည်။ ဤဇာတ်ညွှန်းများ၏ သင်ယူမှုလုပ်ငန်းများသည် ဆရာ့လုပ်ငန်းတွင် ပေါ်ပေါက်လာတတ်သည့် အလားအလာများရှိပြီး ၎င်းအခြေအနေမျိုးကို မည်ကဲ့သို့ အကျိုးရှိစွာ ကိုင်တွယ်ဖြေရှင်းမည်တို့ကို ထည့်သွင်းစဉ်းစားတတ်စေရန် အားပေးသည်။

၂။ အောက်ပါမေးခွန်းအတွက် အဖြေရရန် (၂) ယောက်တစ်တွဲ ဆွေးနွေးစေရမည်။ မေးခွန်း - လူ့အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ရသည့်အခါ ဆရာတို့သည် ဆရာ့ကျင့်ဝတ်နှင့် ညီညွတ်စွာ ပြုမူနေထိုင်ဆောင်ရွက်တတ်ရန် အရေးကြီးသည်ဟု အဘယ်ကြောင့် ထင်မြင်ပါသနည်း။

၃။ တုံ့ပြန်အကြံပြုချက် အကျဉ်းရယူပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများ၏ လုပ်ဆောင်နိုင်စွမ်းကို စမ်းသပ်သည့်အနေဖြင့် အုပ်စုတစ်ခုကို ၎င်းတို့၏ ကိုယ်ပိုင်ဇာတ်ညွှန်းဇာတ်ကွက်များ ရေးသားစေပြီး အခြားအုပ်စုမှ ကျောင်းသားများက ထိုအခက်အခဲကို ဖြေရှင်းရန် နည်းလမ်းများကို အဆိုပြုစေမည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ အုပ်စုများ၏ လှုပ်ရှားဆောင်ရွက်မှုတို့ကို အနီးကပ်စောင့်ကြည့်လေ့လာပြီး ၎င်းတို့ဆောင်ရွက်မှုများ ထိရောက်မှု ရှိ၊ မရှိ သေချာအောင် စစ်ဆေးအကဲဖြတ်ပါ။ ဇာတ်ဆောင်များကို လူမှန်နေရာမှန် ချထားခြင်းမရှိလျှင် (သို့မဟုတ်) သရုပ်ဆောင်မှုတင်ဆက်ရာ၌ အချိန်ကိုက်မတင်ဆက်နိုင်လျှင် ဆရာက လိုအပ်သလို ဝင်ရောက်စီမံခန့်ခွဲပေးရမည်။

### ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** မြန်မာနိုင်ငံတွင် အစဉ်အလာအားဖြင့် သတ်မှတ်ထားသော ဆရာ့တာဝန်ဝတ္တရား (၅) ပါးကို ဖော်ပြပါ။

**အဖြေ။**
*၁။ ကျောင်းသားများအား စည်းစနစ်ကျအောင် သင်ကြားပေးခြင်း။*
*၂။ မိမိတတ်စွမ်းနိုင်သမျှ အကောင်းဆုံး သင်ကြားရှင်းလင်းပြခြင်း။*
*၃။ မိမိသိရှိသမျှ မချွင်းမချန် အကုန်သင်ကြားပေးခြင်း။*
*၄။ ကျောင်းသားများအား အလေးထားဂရုစိုက်ပြီး လိုအပ်သည့်အခါတိုင်း ၎င်းတို့ဘက်မှ ရပ်တည် ကာကွယ် ပေးခြင်း။*
*၅။ ဆရာ့အသက်မွေးလုပ်ငန်းကို မွန်မြတ်သည်ဟု တန်ဖိုးထားတတ်စေရန် သင်ကြားပေးခြင်း။*

**မေးခွန်း ၂။** ဤဆရာတာဝန်ဝတ္တရားများကို ခေတ်မီပညာရေး အလေ့အကျင့်များနှင့် ဆီလျော်စပ်ဟပ်မှု ရှိစေရန် မည်သို့ပြုပြင်ညှိယူနိုင်မည်နည်း။

***အဖြေ။*** *ကျောင်းသားတို့၌ ကိုယ်ပိုင်အဖြေအမျိုးမျိုးရှိကြမည်။ ၎င်းတို့ရည်ညွှန်းသင့်သည်မှာ ကျောင်းသား ဗဟိုပြုသင်ယူနည်းကို ဆရာဗဟိုပြုသင်ယူနည်းထက် ပိုမိုဦးစားပေး ဖော်ပြရန်ဖြစ်သည်။ အစဉ်အလာအရ လက်ခံလာခဲ့သော ဆရာ့တာဝန် ဝတ္တရားများသည် ဆရာဗဟိုပြုသင်ယူမှုကို ဦးတည်ထားသည်။ ယခုခေတ် မျက်မှောက်ပညာရေးဆိုင်ရာ အလေ့အကျင့်နှင့် အလေ့အထများကမူ ကျောင်းသားဗဟိုပြုသင်ယူမှုကို အားပေးသည်။*

# ၁၀.၂။ ဆရာသည် ပြန်လည်တွေးတော သုံးသပ်တတ်သူဖြစ်ရန်လိုအပ်ခြင်း

ဤအခန်းငယ်တွင် ကျောင်းသားများသည် ၎င်းတို့သင်ယူခဲ့ပြီးသော ပြန်လည်သုံးသပ်တတ်မှု အလေ့အကျင့်နှင့် အရေးပါသော ကျွမ်းကျင်မှုဘာသာရပ်ထဲမှ ပြန်လည်သုံးသပ်မှုပြုတတ်သော ဆရာဆိုသည့် အယူအဆကို ထပ်မံချဲ့ထွင် စဉ်းစားရမည်ဖြစ်သည်။ ၎င်းတို့အနေနှင့် ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် သုတေသနပြုခြင်း၏ အခန်းကဏ္ဍနှင့် ပြန်လည်သုံးသပ်တတ်သော ဆရာဖြစ်လာစေရေး လုပ်ငန်းတို့ကို လေ့လာသင်ယူကြရမည်ဖြစ်သည်။ ပြန်လည်သုံးသပ် ဝေဖန်စိစစ်တတ်ခြင်းကို အဆင့်မြင့် သိမှုဖြစ်စဉ် (Metacognition) ဟု ခေါ်သည်။ သုတေသနမှ ပံ့ပိုးပေးသော သင်ခန်းစာ တစ်စိတ်တစ်ဒေသ သင်ပြမှုကို စီစဉ်ရေးဆွဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့ ဆောင်ရွက်ပြီးနောက် ဤကဲ့သို့ အဆင့်မြင့် တွေးခေါ်ခြင်းကို ထပ်မံဆောင်ရွက်ရမည်ဖြစ်သည်။

## ၁၀.၂.၁။ ပြန်လည်သုံးသပ်မှုသည် အလေ့အထများကို တိုးတက်ကောင်းမွန်စေခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပြန်လည်တွေးတော သုံးသပ်တတ်သူ ဆရာတစ်ဦးအနေနှင့် မိမိ၏ သင်ကြားမှုလုပ်ငန်း အလေ့အကျင့်ကို မည်ကဲ့သို့တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး - တွဲ - မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်က သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၂.၁) ကို ဖတ်ပါ။ ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ မော်ဂျူးမှ မှတ်စုများယူလာရန် ကျောင်းသားများကို မှာကြားပါ။

**လိုအပ်သော ရင်းမြစ်များ။** ကားချပ်ကြီးဆွဲရန် စက္ကူ၊ ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ဆွေးနွေးခြင်း (၂၅ မိနစ် )

၁။ သင်ခန်းစာကို မိတ်ဆက်ပေးရန် ဆရာက ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေပြီး 'ပြန်လည်သုံးသပ်ခြင်း' ဆိုသော ဝေါဟာရ၏ အဓိပ္ပာယ်နှင့် ပြန်လည်သုံးသပ်မှု ပြုတတ်သောဆရာ ဆိုသည့်အဓိပ္ပာယ်ကို ၎င်းတို့အနေနှင့် မည်သို့နားလည်သဘောပေါက် ကြောင်း ဆွေးနွေးစေမည်။

၂။ ကျောင်းသားအသီးသီးတို့အား ၎င်းတို့စိတ်ကူးများကိုပေးရန် ဖိတ်ခေါ်မည်။ အဓိကကျသော အချက်များကို သင်ပုန်းပေါ်၌ ရေးပြရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

တုံ့ပြန်အကြံပြုချက်များမှ အကျဉ်းချုံးစစ်ဆေးအကဲဖြတ်နိုင်မည်။ သင်ပုန်းပေါ်တွင် တိုက်ဆိုင် စစ်ဆေးကြည့်ရန် စစ်ဆေးရမည့်စာရင်းတစ်ခု (Check List) တစ်ခု ရေးပေးထားပါ။ ဤနည်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့၏ ပြန်လည်သုံးသပ်တတ်မှုအကြောင်း နားလည်မှုကို ပိုမို ရှင်းလင်းပီပြင်စေမည့် အခွင့်အလမ်းတစ်ခု ရရှိလာမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

တုံ့ပြန်မှုများသည် အနည်းဆုံးအားဖြင့် ပြန်လည်သုံးသပ်တတ်သော ဆရာဆိုသည့် အယူအဆနှင့် ပတ်သက်၍ ၎င်းတို့၏အခြေခံနားလည်မှုကို ထင်ဟပ်နိုင်စေရမည်။ ပြန်လည်သုံးသပ်မှုပြုတတ်သော ဆရာဆိုသည်မှာ ဆရာတစ်ဦးသည် သင်ခန်းစာတစ်ခုသင်ပြီးတိုင်း အချိန်ယူစဉ်းစားမှုပြုတတ်သူကို ဆိုလိုသည်။ ထိုသို့အချိန်ယူ စဉ်းစားရာတွင်ပါဝင်သည့် အချက်များမှာ မိမိ၏ မည်သည့်လုပ်ဆောင်မှု၊ သင်ကြားမှုတို့က ထိရောက်အောင်မြင်ပြီး မိမိ၏ အခြားမည်သည့်လုပ်ဆောင်မှု/သင်ကြားမှုတို့က ထိရောက်အောင်မြင်မှု မရှိကြောင်းနှင့် ထိုသို့မထိရောက်သော အကျိုးမဖြစ်ထွန်းသော သင်ကြားမှု/

လုပ်ဆောင်မှုတို့ကို မည်သို့ ပြုပြင်ပြီး နောက်ထပ် စာသင်ချိန်များတွင် မည်သည့်အရာတို့အတွက် ကောင်းမွန်တိုးတက်လာအောင် ဆောင်ရွက်ရမည်နည်းစသည့် အချက်များပါဝင်ရမည်။[၁၆] ပိုမိုအသေးစိတ်အချက်အလက်များပါဝင်သည့် တုံ့ပြန်မှုများကိုလည်း ရရှိနိုင်သည်။ ထိုတုံ့ပြန်မှု များထဲတွင် သုံးသပ်ရမည့် အချက်အလက်အမြောက်အမြားကို ဖော်ပြထားနိုင်သည့် ၎င်းအချက်များ မှာ သင်ခန်းစာအတွက် ရည်မှန်းထားသော သင်ယူမှုရလဒ်များ၊ အတန်းဖွဲ့စည်း တည်ဆောက်ပုံ၊ ဆရာ၏ ညွှန်ကြားချက်များနှင့် ရှင်းလင်းချက်များပေးပုံ၊ မေးခွန်းများအသုံးပြုပုံ၊ ကျောင်းသားများ ဆောင်ရွက်ရန်ပေးသော သင်ယူမှုလုပ်ငန်းများ၊ ကျောင်းသားများ၏ တုံ့ပြန်မှုအနေအထား၊ စိန်ခေါ်ဆေးအကဲဖြတ်နိုင်မည့် အခွင့်အလမ်းများနှင့် တုံ့ပြန်အကြံပြုချက်များ စသည်တို့ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၂.၁) မှ 'အဆင့်မြင့် သိမှုဖြစ်စဉ်' (Meta Cognition) အကြောင်းကို ကျောင်းသားများအား ဖတ်စေမည်။ ကျောင်းသားများအနေနှင့် ဤအကြောင်းအရာကို နားလည်ရန်ခက်ခဲသည့် အယူအဆဟု မကြာခဏ ထင်မြင်တတ်ကြသည်။ ထို့ကြောင့် အချိန်ပေး၍ စဉ်းစားစေရမည်။ သူတို့အချင်းချင်း ဆွေးနွေးစေရမည်။ ဥပမာများ ပေးစေရမည်။

၂။ အောက်ပါနောက်ဆက်တွဲမေးခွန်းများအတွက် အဖြေရရန် နှစ်ယောက်တစ်တွဲ စဉ်းစားစေရမည်။

(က) ယနေ့ည မိမိလုပ်ဆောင်မည့်အလုပ်ကို စဉ်းစားဆုံးဖြတ်ရာတွင် မိမိအသုံးပြုမည့် စဉ်းစားတွေးခေါ်ပုံ နည်းစဉ်အကြောင်း မိမိသိရှိသမျှကို သူငယ်ချင်းအားပြောပြပါ။

(ခ) သင်ခန်းစာတစ်ခုမှ မိမိသင်ယူတတ်မြောက်မှုကို ပြန်လည်သုံးသပ်စဉ်းစားရာတွင် မိမိအသုံးပြုမည့် စဉ်းစားတွေးခေါ်ပုံ နည်းစဉ်အကြောင်း မိမိသိရှိသမျှကို သူငယ်ချင်းအားပြောပြပါ။

(ဂ) အဆင့်မြင့် သိမှုဖြစ်စဉ်၏ အဓိပ္ပာယ်ကို ရှင်းပြရန်ခက်ခဲသည်ဟု အဘယ်ကြောင့် ထင်မြင်ရသနည်း။

၃။ ကျောင်းသား အသီးသီးတို့ထံမှ တုံ့ပြန်အကြံပြုချက်များ ရယူပါ။

---

[၁၆] Definition adapted from Cambridge English, Teaching Knowledge Test (TKT) Glossary, 2015

## စစ်ဆေးအကဲဖြတ်ခြင်း

ဆွေးနွေးခြင်းနှင့် တုံ့ပြန်အကြံပြုချက်ရယူခြင်းတို့မှ ကျောင်းသားတို့၏ ချိုင့်သဘောပေါက်နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်လိမ့်မည်။ ဆရာက ကျောင်းသားတို့အား အသေးစိတ်အချက်အလက် ပေါင်းများစွာတို့ပါဝင်သော အခြေအနေတို့ကို ထည့်သွင်းစဉ်းစားစေလိုလျှင် နောက်ထပ်အပိုဆောင်း မေးခွန်းများ မေးရန်လိုအပ်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်းများအနက် ပထမမေးခွန်း (၂) ခုမှာ ပုဂ္ဂလဓိဋ္ဌာန်ကျသောကြောင့် တုံ့ပြန်မှုများသည် ၎င်းတို့ကိုယ်တွေ့ အတွေ့အကြုံများပေါ် မူတည်၍ အမျိုးမျိုးခြားနားမည်။ အဆင့်မြင့်သိမှုဖြစ်စဉ်ကို ရှင်းပြရန်မှာမူ ၎င်းတို့အတွက် အလွန်ခက်ခဲနိုင်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ လူသားများသည် ကျွန်ုပ်တို့မည်သို့မည်ပုံ တွေးခေါ် စဉ်းစားသည်ကို သဘာဝအားဖြင့်၊ သာမန်အားဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်ပင် မသိနိုင်ကြပါ။ မိမိတို့၏ တွေးခေါ်စဉ်းစားသည့် ဖြစ်စဉ်အဆင့်ဆင့်ကို သာမန်အားဖြင့် မသိကြသည့်အတွက် အခြားသူတို့အား ၎င်းတို့မည်သို့ စဉ်းစားတွေးခေါ်သနည်းဆိုသည့်အချက်ကို စဉ်းစားစေလျှင် ၎င်းတို့အတွက်လည်း ခက်ခဲမည်မှာ သေချာပါသည်။ သို့ဖြစ်ရာ အခြားသူတို့ မည်သို့တွေးခေါ်စဉ်းစားသနည်းဆိုသည့် သူတစ်ပါးတို့ စဉ်းစားတွေးခေါ်ပုံတွေးခေါ်နည်းကို မိမိတို့က စိတ်ကူးမှန်းဆရသည့်အခါ ပို၍ပင်ခက်ခဲလှပါသည်။ အတိုချုပ်အားဖြင့်ဆိုရသော် အဆင့်မြင့်သိမှုဖြစ်စဉ်တွင် ကျွန်ုပ်တို့သိရှိပြီးသော အရာများအကြောင်း ကောင်းစွာနားလည်ခြင်း၊ သင်ယူမှုနည်းလမ်းများကို စီစဉ်ပြင်ဆင်ခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့ ပါဝင်ကြောင်း သိရှိလျှင် လုံလောက်သည်ဟု ယူဆနိုင်သည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ တွေး-တွဲ-မျှဝေခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများအား ဤပညာရေးဘာသာရပ်များ/မော်ဂျူးနှင့် ပြန်လည်သုံးသပ်တတ်ခြင်းနှင့် အရေးပါသော ကျွမ်းကျင်မှုများ ဘာသာရပ်ထဲမှ ၎င်းတို့မှတ်သားထားသော မှတ်စုများကို ပြန်လည်လေ့လာစေမည်။ ပြန်လည်စဉ်းစားသုံးသပ်တတ်ခြင်းနှင့် ပတ်သက်၍ မှတ်သားထားသော မှတ်စုများကို ရှာဖွေပြီးဖတ်စေမည်။

၂။ ပြန်လည်စဉ်းစားသုံးသပ်တတ်ခြင်းမှ ရရှိလာနိုင်သော ကောင်းကျိုးဆောင် သက်ရောက်မှု (၃) ခုကို စာရင်းပြုစုဖော်ပြစေမည်။ ဆိုလိုသည်မှာ ၎င်းတို့သင်ပြမှု အလေ့အကျင့်တွင် တိုးတက်မှုရရှိရန် လိုအပ်နေသေးသည်ဟု ရှာဖွေတွေ့ရှိထားသည့် သင်ယူမှုနယ်ပယ်များ သို့မဟုတ် ထပ်မံဖြည့်စွက် လေ့လာရန် လိုနေသေးသည်ဟု တွေ့ရှိလာရသော သင်ယူမှုနယ်ပယ်များနှင့် ၎င်းတို့ ရှာဖွေ ဖော်ထုတ် တွေ့ရှိရန် အခက်အခဲဖြစ်နေသော ပြန်လည်သုံးသပ်တတ်မှုဆိုင်ရာ ရှုထောင့် (၂) ရပ်တို့ကို တွေး-တွဲ-မျှဝေနည်းသုံး၍ စဉ်းစားစေမည်။

၃။ (၄) ယောက်တစ်အုပ်စု၊ (၅) ယောက်တစ်အုပ်စု ဖွဲ့ထားသော အုပ်စုငယ်များအဖြစ် ကနဦးဆွေးနွေးပြီးသည့်အခါ ၎င်းတို့အတွေ့အကြုံများကို အတန်းသို့မျှဝေစေရမည်။ ၎င်းတို့ ဆောင်ရွက်ရန် ခက်ခဲနေသော အကြောင်းအရာပြဿနာတို့ကို ဖြေရှင်းကျော်လွှားနိုင်မည့် အကြံပြုချက်များ ရရှိလာစေရန် ဝိုင်းဝန်းစဉ်းစားစေရမည်။

၄။ ရရှိလာသောဖြေရှင်းမှုနည်းလမ်းများကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။

၅။ ကျောင်းသားများအား မှတ်စုအချို့ရေးသားပြုစုစေပြီး ၎င်းတို့အတွက် ၎င်းတို့ကိုယ်တိုင် အကြံပြုကူညီမှု ပေးနိုင်သော အချက်အလက်များကို ရေးသားထားစေမည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများအား သင်ကြားမှု သင်ယူမှုတို့အပေါ် မည်ကဲ့သို့ ပြန်လည်စဉ်းစားသုံးသပ်မှုပြုမည်နည်း မေးခွန်းနှင့်ပတ်သက်၍ အရိပ်အမြွက်ပြသော အကြံဉာဏ်/နည်းလမ်းများကို ပြသသည့် ပိုစတာတစ်ခု ရေးသားစေမည်။

၂။ ဤလုပ်ငန်းက ကျောင်းသားတို့အား ပြန်လည်သုံးသပ်တတ်သော သင်ကြားမှုအကြောင်း ၎င်းတို့ သင်ယူထားသည့် အကြောင်းအရာများအကျဉ်းချုပ်ကို ပေါ်လွင်ထင်ရှားအောင် ပြသနိုင်စေမည့် အခွင့်အလမ်းတစ်ရပ်ပေးထားခြင်းဖြစ်သည်။

၃။ ပြခန်းလှည့်လည်ကြည့်ရှု လေ့လာခြင်းလုပ်ငန်း ဆောင်ရွက်၍ သင်ခန်းစာကို အပြီးသတ်ပါ။

## ၁၀.၂.၂။ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေးလုပ်ငန်းတွင် သုတေသန ဆောင်ရွက်ချက်များကို အသုံးပြုခြင်း

ဤသင်ခန်းစာတွင် သင်ခန်းစာတစ်ခု၏ အစိတ်အပိုင်းတစ်ခုကို သင်ကြားရန် သင်ပြမှုပုံစံငယ်တစ်ခု ရေးဆွဲရမည်။ ကျောင်းသားများအား အုပ်စုလိုက်လုပ်ငန်းအဖြစ် ပေးရမည်။ ၎င်းတို့က သုတေသနပြုထားသော စာအုပ်စာတမ်းတို့ကို လေ့လာဖတ်ရှုပြီး သင်နည်းဗေဒဆိုင်ရာချဉ်းကပ်မှုများကို ရှာဖွေရမည်။ ထို့နောက် ရရှိလာသောသင်ခန်းစာတစ်ခု၏ အစိတ်အပိုင်းတစ်ခုကို အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားရမည်။ ထို့နောက်မှ သုတေသနအပေါ် အခြေပြုထားသည့်အတွက် ၎င်းတို့ဆောင်ရွက်မှု၊ သင်ပြမှုတို့ကို ၎င်းတို့ကိုယ်တိုင် အကဲဖြတ်သုံးသပ်ပြီး သက်ရောက်မှုတို့ကို ပြန်လည်စဉ်းစားသုံးသပ်မှုပြုစေရမည်။

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆရာအတတ်ပညာ ဖွံ့ဖြိုးမှုလုပ်ငန်းတွင် သုတေသနဆောင်ရွက်ချက်များကို မည်သို့ဆက်စပ် အသုံးချနိုင်ကြောင်း လက်တွေ့ကျသော စိတ်ကူးအယူအဆများ ပေါ်ပေါက်လာမည်။
- သုတေသနဆောင်ရွက်ချက်များနှင့် ဆက်စပ်အသုံးချခြင်းဖြင့် ဆရာ၏ပြန်လည်တွေးတော စဉ်းစားသုံးသပ်တတ်ခြင်း အလေ့အထအတွက် ပံ့ပိုးမှုဖြစ်စေပြီး မိမိ၏သင်ကြားမှု အလေ့အကျင့်တို့ကို ပိုမိုတိုးတက်ကောင်းမွန်စေကြောင်း ဆွေးနွေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျော ညီထွေစွာ မည်သို့သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) ၂.၁။ သင်ကြားသင်ယူမှုနည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက် ဖြစ်လာစေရေးအတွက် အခြား ဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင် များနှင့်အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်း ပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်း လေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၃) ချိန်။

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်းတစ်တန်းလုံး ဆွေးနွေးခြင်း၊ ပြန်လည် သုံးသပ်ခြင်း၊ သုတေသနပြုခြင်း၊ သင်ခန်းစာပြင်ဆင်ခြင်း၊ အုပ်စုငယ်ဖြင့်စမ်းသပ် သင်ကြားခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားများရော ဆရာပါ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၂.၂) ကို ဖတ်ရန်နှင့် အခန်းငယ် (၉.၅) မှ အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားခြင်းအကြောင်းတို့ကို ပြန်လည်ဖတ်ရှုရပါမည်။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ။ သင်ခန်းစာ (၁၀.၂.၂) မှ 'ထိရောက်သော သင်ယူမှုနည်းလမ်းများ - သင်ယူနိုင်ဖို့ စကားဝိုင်းဖွဲ့စို့' အကြောင်းအရာ၊ မူလတန်း ကျောင်းသင်ဘာသာရပ် အသီးသီးမှ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ စာဖတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (၁) (မိနစ် -၂၀)**

၁။ သင်ခန်းစာကို မိတ်ဆက်ပေးရန်အတွက် ကျောင်းသားအနည်းငယ်တို့အား ယခင်သင်ခန်းစာက လေ့လာခဲ့သော ပြန်လည်သုံးသပ်တတ်သည့် ဆရာအကြောင်းကို ပြန်လည်လေ့လာစေမည် ပြန်နွေးစေမည်။

၂။ ထို့နောက် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၂.၂) မှ 'ဆရာအတတ်ပညာဖွံ့ဖြိုးမှုအတွက် သုတေသန၏ အခန်းကဏ္ဍ' ကို ကျောင်းသားများအား ဖတ်စေမည်။

၃။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပြီး ဖတ်ထားသော အကြောင်းအရာ၏ အနှစ်ချုပ်ကို ရေးသားစေမည်။ ၎င်းတို့ရေးသားသော အနှစ်ချုပ်က အောက်ပါအချက်များကို အဓိက ဦးတည်ရမည်။

- ဆရာအတတ်ပညာဖွံ့ဖြိုးမှုအတွက် သုတေသနလုပ်ငန်းကို မည်ကဲ့သို့အသုံးပြုပုံ။
- ဆရာအတတ်ပညာဖွံ့ဖြိုးမှုအတွက် သုတေသနဆောင်ရွက်မှုကို သုံးခြင်းမှ ရရှိလာနိုင်ဖွယ် အကျိုးကျေးဇူးများ။
- စာအုပ်တွင် ဖော်ပြထားသော အကျိုးကျေးဇူး/သက်ရောက်မှုတို့ကို ၎င်းတို့ မှတ်မိခြင်း ရှိ/မရှိ ဖော်ပြချက်။

၄။ ထို့နောက် ဆရာက ၎င်းတို့အား စာသင်ချိန် (၃) ချိန်အတွင်း သုတေသနပေါ် အခြေပြု ထားသည့် သင်ခန်းစာအစိတ်အပိုင်းတစ်ခုကို အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုပြုနိုင်ရန် ပြင်ဆင် ဆောင်ရွက် ရမည် ဖြစ်ကြောင်း ပြောပြပါ။ တစ်ဖန်၎င်းတို့အနေနှင့် သင်ခန်းစာ (၁၀.၂.၂) တွင် စာရင်းပြု ဖော်ပြထားသည့် အကျိုးကျေးဇူးများထံမှ အချို့ကို မှတ်မိခြင်း ရှိ/မရှိ ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအချို့၏ အနှစ်ချုပ်ဆွေးနွေးရရှိမှုများထဲမှ တုံ့ပြန်အကြံပြုချက်များကို ရွေးချယ်ရယူပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၂.၂) တွင် ကျောင်းသားများထံမှ ရရှိနိုင်ဖွယ် တုံ့ပြန်မှုများထဲမှ ကောက်နုတ်ရွေးချယ်မှုအချို့ကို ပေးထားသည်။ ကျောင်းသားများအနေနှင့် ထိုအခြေခံအချက်များကိုပင် မူတည်၍ တုံ့ပြန်မှုပေးလာကြမည်ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း ၂။ စာဖတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (၂) (မိနစ် ၂၀)

၁။ ကျောင်းသားများအား 'ထိရောက်သော သင်ကြားမှုနည်းဗျူဟာ - သင်ယူနိုင်ဖို့ စကားဝိုင်းဖွဲ့စို့' ခေါင်းစဉ်ပါ အကြောင်းအရာ (၁၀.၂.၂) ကို ဖတ်ရှုရန် ပြောပါ။

၂။ သူတို့ဖတ်ထားသည်များကို အကျဉ်းချုပ်ရေးသားရန် နှစ်ယောက်တစ်တွဲ ဆောင်ရွက်စေမည်။ ၎င်းတို့ထံမှ ရလာသော တုံ့ပြန်အကြံပြုချက်များကို ဆရာကရယူပြီး အဓိကကျသည့်အချက်များကို သင်ပုန်းပေါ်ရေးပြပါ။ ဤသို့ဆောင်ရွက်ပြီး 'သင်ယူနိုင်ဖို့ စကားဝိုင်းဖွဲ့စို့' အကြောင်းအရာကို ၎င်းတို့နားလည်မှု ကျစ်လစ်ခိုင်မာသွားအောင် ပြန်လည်ရှင်းလင်းပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ပုန်းပေါ်၌ အဓိကကျသော အချက်များရေးပြထားခြင်းဖြင့် ဆရာအနေနှင့် ကျောင်းသားတို့၏ ခြုံငုံနားလည် သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်သည့်အပြင် ကျောင်းသားတို့ကိုလည်း ၎င်းတို့ကိုယ်ပိုင် သိရှိလာမှုများကို မိမိကိုယ်ကို စစ်ဆေးခြင်းအဖြစ် စစ်ဆေးနိုင်စေသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာက နှုတ်တိုက်ဆောင်ရွက်ရသော လုပ်ငန်းများကို ထိရောက်သော သင်ယူမှုကိရိယာအဖြစ် အသုံးပြုနိုင်စေမည့် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ် သတ်မှတ်ပေးနိုင်သည်။ ထိုနှုတ်ပြောလုပ်ငန်းများက ကျောင်းသားတို့၏ နားလည်မှုကို ဖွံ့ဖြိုး စေသည့်အပြင် လူမှုပေါင်းသင်းဆက်ဆံရေး လုပ်ငန်းများမှတစ်ဆင့် သင်ယူနိုင်စေရန်လည်း အားပေးသည်။ မှတ်မိနိုင်စွမ်းကို မြှင့်တင်ပေးသည်။ အခြားနိုင်ငံခြားဘာသာစကားတစ်ခုကို အသုံးပြု၍ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် အခွင့်အလမ်း တစ်ခုကိုလည်း ပံ့ပိုးပေးနိုင်သည့် အလားအလာရှိသည်။ 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နှင့် သက်ဆိုင်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများနှင့် ဆရာများအတွက် စိတ်ဝင်စားဖွယ်နှင့် ပါဝင်ဆောင်ရွက်လိုစိတ် တက်ကြွ လာနိုင်ဖွယ် ခေါင်းစဉ်များနှင့် အကြောင်းအရာများဖြစ်သင့်သည်။

### ရပ်တန့်ပါ။ စဉ်းစားပါ။

'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာနှင့် ပတ်သက်၍ ကျောင်းသားများအနေနှင့် နားလည်ရန် ရှုပ်ထွေးခက်ခဲမှုများရှိနိုင်သည်။ ထိုရှုပ်ထွေးမှုကို ဆရာကရှင်းပြနိုင်ပါသည်။ ဤသင်ရိုးထဲမှ လေ့လာသင်ယူနေသော သင်ခန်းစာအများအပြားတွင် ဆွေးနွေးမှုပြုရသော သင်ယူမှုလုပ်ငန်းစဉ်များ အမြဲပါဝင်နေကြောင်းကို ထောက်ပြပါ။ ထိုလုပ်ငန်းစဉ်များက ရှုပ်ထွေးခက်ခဲသော သီအိုရီများနှင့် အယူအဆများကို စူးစမ်း လေ့လာရသော အသေးစိတ်လေ့လာမှုဆိုင်ရာ စကားဝိုင်းများပင်ဖြစ်ကြောင်းနှင့် ဤကဲ့သို့ ဆွေးနွေးရာ၌ ပါဝင်ဆွေးနွေးပြောဆိုကာ စကားဝိုင်းဖွဲ့ခြင်းအားဖြင့် ရရှိလာသောနားလည်မှုသည် စာအုပ်ထဲမှ သင်ခန်းစာများကို သာမန်ဖတ်ရှုသွားရုံမျှရရှိလာမည့် နားလည်မှုထက် ပိုမိုထိရောက် တွင်ကျယ်မှုရှိကြောင်း ပြောပြရမည်။

### သင်ယူမှုလုပ်ငန်း ၃။ သင်ပြမှုပုံစံငယ်ရေးဆွဲရန်ကြိုတင်ပြင်ဆင်ခြင်း (၁၀ မိနစ်)

၁။ မူလတန်းကျောင်းသားကိုင်စာအုပ်များနှင့် ဆရာ့လမ်းညွှန်များကို ကျောင်းသားများထံ ဖြန့်ဝေပေးပါ။ သို့မဟုတ် ကျောင်းသားတို့အနေနှင့် ၎င်းတို့ ကြိုက်နှစ်သက်ရာအတန်းနှင့် ကြိုက်နှစ်သက်ရာ ဘာသာရပ်မှ သင်ခန်းစာတစ်ခုကို ရွေးချယ်နိုင်စေရန် လိုအပ်သော မူလတန်းကျောင်းသားကိုင် စာအုပ်များ ရရှိအောင်စီစဉ်ပေးပါ။

၂။ 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာကို အသုံးပြု၍သင်ကြားရန် သင်ခန်းစာတစ်ခုနှင့် ၎င်း သင်ခန်းစာထဲမှ အစိတ်အပိုင်းတစ်ခုကို ကျောင်းသားတို့အား ရွေးချယ်စေရမည်။

၃။ ဤအဆင့်သည် သင့်တော်သော သင်ခန်းစာအစိတ်အပိုင်းတစ်ခုကို ရွေးချယ်ရန် ဆုံးဖြတ်ရမည့် အဆင့်သာဖြစ်သည်။ သင်ခန်းစာပြင်ဆင်မှု စတင်ရန်မလိုအပ်သေးပါ။

၄။ ကျောင်းသားအချို့ ရွေးချယ်ထားသော သင်ခန်းစာအစိတ်အပိုင်းတို့နှင့် ဘာသာရပ်တို့ အတွက် တုံ့ပြန်အကြံပြုချက်များ ရယူပါ။

၅။ ဤအဆင့်တွင် ဘာသာရပ်တူအတန်းတူမှ သင်ခန်းစာများကို ရွေးချယ်ထားသူများအား အုပ်စုများဖွဲ့ပြီး ဆွေးနွေးစေနိုင်သည်။

၆။ လာမည့်စာသင်ချိန်တွင် ကျောင်းသားများအနေနှင့် တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုပြုနိုင်ရန် သင်ခန်းစာအစိတ်အပိုင်းတစ်ခုခုကို သင်ပြမှုပုံစံငယ် ရေးဆွဲရမည်ဖြစ်ကြောင်း ဆရာကပြောပြပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ဆရာက အတန်းကိုလှည့်ပတ်၍ စောင့်ကြည့်လေ့လာရမည်။ ကျောင်းသားများက ရွေးချယ်ထားသော သင်ခန်းစာအစိတ်အပိုင်းများ၌ 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာကို မည်သို့ သုံးစွဲရန် မျှော်မှန်းထားပုံကိုလည်း ဖော်ပြစေရမည်။ ပေါင်းစပ်သင်ကြားနိုင်မှု ရှိ/မရှိကို အကဲဖြတ်ပါ။ ၎င်းတို့အား ထိုသင်ခန်းစာ အစိတ်အပိုင်းကိုသင်ရန် အဘယ်ကြောင့် ရွေးချယ်ရသနည်းကို ရှင်းပြစေရမည်။ ထို့နောက် သင်ယူနိုင်ဖို့ စကားဝိုင်းဖွဲ့စို့ နည်းဗျူဟာကို မည်သို့သုံးစွဲရန် မှန်းဆရည်ရွယ်ထားပုံကိုလည်း ဖော်ပြစေရမည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ရွေးချယ်ထားသော သင်ခန်းစာအစိတ်အပိုင်းများက 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာကို သုံးနိုင်စေမည့် အခွင့်အလမ်းပံ့ပိုးပေးနိုင်ရန်သာ အဓိကကျပါသည်။ ရွေးချယ်မှုများမှာ ကျောင်းသားတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အတိုင်းပင်ဖြစ်သည်။

**ဒုတိယစာသင်ချိန်**

### သင်ယူမှုလုပ်ငန်း ၄။ သင်ပြမှုပုံစံငယ်ရေးဆွဲခြင်း (မိနစ် ၅၀)

၁။ အုပ်စုတစ်စုလျှင် ကျောင်းသား (၄) ယောက် သို့မဟုတ် (၅) ယောက်ဖြင့် ဖွဲ့စည်းပေးပါ။ အထူးသဖြင့် ရွေးချယ်ထားသော သင်ပြရမည့်အတန်းနှင့် သင်ပြရမည့်ဘာသာရပ်တူညီသူများကိုစုစည်း၍ ဆောင်ရွက်စေသင့်သည်။ ၎င်းတို့က (၅) မိနစ်ကြာသော သင်ကြားချိန်အတွက် သင်ပြမှုပုံစံငယ်ကို ရေးဆွဲစီစဉ်ရမည်။

၂။ ဤလုပ်ငန်းတွင် တစ်ယောက်ထံမှ တစ်ယောက်ထံသို့ စိတ်ကူးများထွက်လာအောင် အပြန်အလှန် ဆွေးနွေးခြင်း၊ စဉ်းစားကြံဆခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် မွမ်းမံအချောသပ်ခြင်း တို့ပါဝင်မည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ဆရာက ကျောင်းသားများအနီး လှည့်လည်ကြည့်ရှုရင်း ၎င်းတို့ရေးသားထားသော သင်ပြမှု ပုံစံငယ်များ၏ ထိရောက်မှုကို စောင့်ကြည့်လေ့လာနေရမည်။ ရေးသားမှုမကောင်းသေးလျှင် အကြံပြုချက်ပေးရမည်။ မေးခွန်းများမေး၍ လိုအပ်သည်တို့ကို ထည့်သွင်းစေရမည်။ ကျောင်းသားများအား ၎င်းတို့ရေးဆွဲသော သင်ပြမှုပုံစံငယ်ကို စနစ်တကျပုံစံပေါ်လွင်အောင် ရှုမြင်သုံးသပ်ကြည့်တတ်စေရန် အားပေးရမည်။ စံပြအဖြစ် သတ်မှတ်ထားသော သင်ပြမှု ပုံစံငယ်တစ်ခု၏ တည်ဆောက်ပုံအနေအထားနှင့် ညီညွတ်စေရန် သတိပေးရမည်။ စံပြသတ်မှတ်ထားသော သင်ပြမှုပုံစံငယ်တစ်ခုတွင် ပါဝင်သင့်သည်တို့မှာ ဆရာ့ဆောင်ရွက်ချက်များ၊ ကျောင်းသားတို့ ဆောင်ရွက်ချက်များ၊ မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ထိုရလဒ်များ ရရှိသွားကြောင်း မည်ကဲ့သို့သိရှိလာရပုံတို့ ဖြစ်ကြသည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ရွေးချယ်ထားသော သင်ခန်းစာနှင့် ထိုသင်ခန်းစာ၏ အစိတ်အပိုင်းအပေါ် မူတည်၍ တုံ့ပြန်မှုအမျိုးမျိုး ရရှိလာနိုင်မည်။ ကျောင်းသားများက စံပြသင်ပြမှုပုံစံငယ်တစ်ခု၏ တည်ဆောက်ဖွဲ့စည်းပုံအတိုင်း လိုက်နာ ဆောင်ရွက်ရေးသားရမည်။

## တတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၅။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (မိနစ် ၄၀)

၁။ ကျောင်းသား (၄) ယောက်တစ်စု သို့မဟုတ် (၅) ယောက်တစ်စုအဖြစ် အုပ်စုများပြန်လည် ဖွဲ့စည်း ပေးပါ။ ယခင်စာသင်ချိန်က ဖွဲ့ထားသော အုပ်စုများမဟုတ်ဘဲ ခြားနားစွာ ဖွဲ့စည်းပေးပါ။

၂။ ယခုအသစ်ဖွဲ့လိုက်သော ကျောင်းသားအုပ်စုများအတွင်း အချင်းချင်းအုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားမှုကို ဆောင်ရွက်စေရမည်။ ၎င်းတို့ပြင်ဆင်ထားသော သင်ပြမှု ပုံစံငယ်များအတိုင်း အပြန်အလှန် သင်ပြစေရမည်။ သင်ကြားခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ အချောကိုင် မွမ်းမံဖြည့်စွက် ပြင်ဆင်ခြင်း၊ တစ်ဖန်ပြန်၍ သင်ကြားခြင်းတို့ကို လိုအပ်သလိုဆောင်ရွက်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း နည်းတို့ကို အသုံးပြု၍ ၎င်းတို့လုပ်ငန်းများကို အကဲဖြတ်နိုင်သည်။ အောက်ပါစံသတ်မှတ်ချက်များကို သုံးနိုင်သည်။

- ဤသင်ပြမှုပုံစံငယ်ကို သုံး၍ သင်ကြားခြင်းသည် အဆင်ပြေမှုရှိပါသလား အသုံးဝင်ပါ သလား။
- ဤသင်ပြမှုပုံစံ အသုံးဝင်မှု/ အသုံးတည့်မှု ရှိ/မရှိ ကို မိမိ မည်ကဲ့သို့ သိရှိလာသနည်း။
- ဤပုံစံကို တစ်နည်းနည်းဖြင့် ကောင်းမွန်လာအောင် ပြုပြင်နိုင်ပါမည်လား။
- ကျောင်းသားများ မည်သည့်အရာကို သင်ယူ တတ်မြောက်သွားသနည်း။
- မိမိ (ဆရာ) က သူတို့တတ်မြောက်သွားကြောင်း မည်သို့သိရှိနိုင်သနည်း။
- နောက်တစ်ကြိမ်သင်ပြရာတွင် ပိုမိုကောင်းမွန်အောင် မည်သို့ ခြားနားစွာ ဆောင်ရွက်နိုင် သနည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ရွေးချယ်ထားသော သင်ခန်းစာမှ အစိတ်အပိုင်းတစ်ခုကို အုပ်စုထဲမှ ကျောင်းသားတိုင်း တစ်ဦးမကျန် လက်တွေ့စမ်းသပ်သင်ယူခွင့်ရရှိနိုင်စေရန် သေချာစွာ စီစဉ်ဆောင်ရွက်ပါ။ ကျောင်းသားတိုင်းသည် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။ မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ရာတွင်နှင့် အချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင် ပေးရမည့် တုံ့ပြန် အကြံပြုချက်များသည် အကျိုးဖြစ်ထွန်းစေမှုနှင့် အပြုသဘောဆောင်ရွက်မှုကို ဦးတည်ထားရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း ပြီးဆုံးသောအခါ 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာများကို အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ပါ။

၂။ သုတေသနပြုခြင်းနှင့် ဆက်စပ်ဆောင်ရွက်ခြင်းက ပြန်လည်သုံးသပ်မှု အလေ့အကျင့်နှင့် သင်ကြားမှုအလေ့အကျင့်တို့ကို တိုးတက်ဖွံ့ဖြိုးလာအောင် မည်သို့အကျိုးပြုဆောင်ရွက်နိုင်ကြောင်း တစ်တန်းလုံးနှင့် ဆွေးနွေးခြင်းအားဖြင့် သင်ခန်းစာကိုအဆုံးသတ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကျောင်းသားတို့အား 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာကို သုံးနိုင်သော အခြားဘာသာရပ်တစ်ခုမှ အခြားသင်ခန်းစာအစိတ်အပိုင်းတစ်ခုကို သင်ကြားရန်အတွက် သင်ပြမှုပုံစံငယ်နောက်ထပ်တစ်ခုကို စီစဉ်ရေးဆွဲစေမည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** မိမိလုပ်ငန်းကို ပြန်လည်သုံးသပ်တတ်သော ဆရာတစ်ဦးဖြစ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးအချို့မှာ အဘယ်တို့နည်း။

***အဖြေ။*** *ပြန်လည်သုံးသပ်တတ်သော ဆရာတစ်ဦးသည် အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်။*

- *၎င်းတို့ကျောင်းသားများ အကောင်းဆုံးသင်ယူတတ်မြောက်သွားနိုင်မည့် နည်းလမ်းများကို နားလည်ခြင်း။*
- *စာသင်ခန်းတွင်း ပေါ်ပေါက်လာတတ်သော ပြဿနာအသွင်ဆောင် အခြေအနေ အမျိုးမျိုးအတွက် ဖြေရှင်းကိုင်တွယ်နည်းများကို စိတ်ကူးကြံဆတတ်ခြင်း။*
- *နောက်ထပ်သင်ခန်းစာကို မည်သို့ပိုမိုထိရောက်စွာ သင်ကြားနိုင်ရန် စီစဉ်တတ်ခြင်း။*
- *၎င်းတို့အကြောင်းကို ၎င်းတို့ကိုယ်တိုင် နက်ရှိုင်းစွာနားလည်မှုရှိခြင်း - ၎င်းအချက်များထဲတွင် ဆရာများ လုပ်ဆောင်ရမည့် အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများ၊ တန်ဖိုးများနှင့် အလေ့အကျင့်များစသည်တို့ ပါဝင်ပြီး မိမိကိုယ်ကို မိမိ ဆန်းစစ်ဝေဖန်သုံးသပ်ခြင်း။*
- *သင်ကြားမှုအလေ့အကျင့်များကို စဉ်ဆက်မပြတ်နှင့် ပို၍ ပို၍ တိုးတက်စေရန် ရှေးရှုကြိုးပမ်းတတ်ခြင်း။*

**မေးခွန်း ၂။** 'သင်ယူနိုင်ဖို့ စကားဝိုင်းဖွဲ့စို့' ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *သင်ယူနိုင်ရန် စကားဝိုင်းဖွဲ့ခြင်းသည် ပညာရေးသုံးကိရိယာ (နည်းနိသဿယ) တစ်ခုဖြစ်ပြီး ထိုနည်းက ကျောင်းသားများအား နှုတ်တိုက်ဖြေဆိုရသည့် သင်ယူမှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် နိုင်စေရန် ပံ့ပိုးပေးနိုင်သည်။ ထိုလုပ်ငန်းများက ကျောင်းသားတို့အား သေချာစွာလေးနက်စွာ စိစစ်ဝေဖန်စဉ်းစားတတ်ခြင်း၊ ပြဿနာဖြေရှင်းတတ်ခြင်း၊ အချင်းချင်း အပြန်အလှန်ဆက်သွယ်ပြောဆိုတတ်ခြင်း၊ ညှိနှိုင်းစေ့စပ်ပေးတတ်ခြင်းစသည့် ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေနိုင်သည့်အပြင် မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ခြင်းနှင့် အချင်းချင်း စစ်ဆေး အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်တတ်စေရန်လည်း အားပေးသည်။*

**မေးခွန်း ၃။** 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းဗျူဟာကို သုံးထားသော သင်ယူမှုလုပ်ငန်းတစ်ခုကို ဆောင်ရွက်နိုင်ရန်ပြင်ဆင်ရာတွင် ဆရာက မည်သည့်တို့ကို ဆောင်ရွက်ထားရန် လိုအပ်မည်နည်း။

**အဖြေ။**

- *သင်ခန်းစာများအတွက် ရှင်းလင်းပြတ်သားသော သင်ပြမှုပုံစံငယ်နှင့် ဖွဲ့စည်းပုံကို ရေးသားပြင်ဆင်ပါ။*
- *ကျောင်းသားများ စကားများများပြောရန် လိုအပ်ချက်များပါဝင်သည့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များကို သုံးပါ။*
- *ဆရာများအနေနှင့် 'ကြီးကြပ်ကွပ်ကဲသူ' အခန်းကဏ္ဍမှ 'ကူညီလမ်းညွှန်သူ' အခန်းကဏ္ဍသို့ ပြောင်းလဲ သွားရသည့် အပြောင်းအလဲကို လက်ခံပေးပါ။*
- *'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' နည်းကို မည်သည့်အခါမျိုးတွင် မည်ကဲ့သို့ သုံးရမည်ကို သိရှိနားလည်ပါ။*
- *ကျောင်းသားများနှင့် အပြည့်အဝ စိတ်ပါလက်ပါ ပူးတွဲပါဝင်ဆောင်ရွက်ပါ။*
- *ကျောင်းသားများအားလမ်းညွှန်မှုပေးပါ။ ဆရာနှင့် ကျောင်းသားများအတူတကွ ပူးပေါင်းသင်ယူနိုင်စေမည့် စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများကို ချမှတ်စီစဉ်ပေးပါ။*

# ၁၀.၃။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် အပေါ် ပြန်လည် သုံးသပ်ခြင်း

ကျောင်းသားများအနေနှင့် ဆရာများတတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်ကို ၎င်းတို့ သင်ယူရသော ဘာသာရပ်အသီးသီးတွင် ကျယ်ပြန့်စွာသုံးခဲ့ကြပြီး ယခုလည်းသုံးနေဆဲဖြစ်သည်။ ဥပမာအားဖြင့် ပြန်လည် သုံးသပ်တတ်ခြင်း အလေ့အကျင့်နှင့် အရေးပါသောကျွမ်းကျင်မှုများ ပို့ချချက်တွင် TCSF ကို ပြန်လည်သုံးသပ်မှု ပြုနိုင်သော အညွှန်းဘောင်အဖြစ်ဖြင့် တစ်လျှောက်လုံး အသုံးပြုခဲ့ကြပြီး TCSF ကို ပြန်လည်သုံးသပ်မှု မှတ်တမ်းများလည်း ရေးသားခဲ့ကြသည်။ ဤအခန်းတွင်မူ ကျောင်းသားများသည် TCSF အကြောင်း ပိုမိုစူးစမ်း လေ့လာရမည် ဖြစ်ပြီး ဤအညွှန်းဘောင်ကို ၎င်းတို့၏ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ တိုးတက်မှုဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အထောက်အကူပြုသော ပစ္စည်းကိရိယာတစ်ခုအဖြစ် မည်ကဲ့သို့ အသုံးပြုနိုင်ပုံနှင့် အဘယ်ကြောင့် အသုံးပြုရပုံတို့ကို ဆက်လက်လေ့လာရမည်။

## ၁၀.၃.၁။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်၏ အရေးပါသောကဏ္ဍကို ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်း လေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) ကြာသော စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ နှစ်ယောက်တစ်တွဲလုပ်ငန်း၊ တစ်ဦးချင်း လုပ်ငန်း၊ အတန်းလိုက် ဆွေးနွေးခြင်း တစ်တန်းလုံးသံပြိုင်ဖတ်ခြင်း၊ သတင်းစာအတွက် ဆောင်းပါးရေးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၃.၁) ကို ဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးအတွက် စက္ကူ၊ ရွှေ့ပြောင်း၍ရသော စာရေးခုံနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ သင်ခန်းစာ (၁၀.၃.၁) (ကျောင်းသားကိုင်စာအုပ်)။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (၁၅ မိနစ်)

၁။ သင်ခန်းစာကို မိတ်ဆက်ပေးရန် ကျောင်းသား (၁၀) ဦးခန့်အား မြန်မာနိုင်ငံ ဆရာများ အတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) အကြောင်း ၎င်းတို့သိရှိသည့် အချက်တစ်ခုစီကို မေးမြန်းပါ။

၂။ ၎င်းတို့ထံမှရရှိသော အဖြေများကို သင်ပုန်းပေါ် ရေးပြပါ။

၃။ ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၁၀.၃.၁) မှ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်အကြောင်းကို ကျောင်းသားအချို့တို့အား သံပြိုင်ညီညာ ဖတ်ပါစေ။

၄။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ မေးခွန်းများကိုဖြစ်စေ၊ မှတ်ချက်ပေးမှုများကိုဖြစ်စေ ဖိတ်ခေါ်ပါ။

၅။ သင်ခန်းစာ (၁၀.၃.၁) မှ မေးခွန်းများကိုဖြေရန် ကျောင်းသားများကို ဆွေးနွေးစေရမည်။

- မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) က ပေါက်မြောက်ရန် ရည်ရွယ်ထားသည်မှာအဘယ်နည်း ရှင်းလင်းပြပါ။
- TCSF သာ ရေးဆွဲပြဋ္ဌာန်းထားခြင်း မရှိခဲ့လျှင် ကျောင်းသားများအတွက် မည်သို့နစ်နာနိုင်သနည်း။

၆။ တုံ့ပြန်အကြံပြုချက်များကို ရယူပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများဆွေးနွေးနေမှုကို နားထောင်ခြင်းနှင့် ၎င်းတို့ထံမှ တုံ့ပြန်အကြံပြုချက်များ ရယူခြင်းတို့ဖြင့် သင်ယူစဉ်စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်ကို မြန်မာနိုင်ငံမှ ကျောင်းသားများ/ ကလေးငယ်များကို သင်ကြားပေးမည့် ဆရာများထံ၌ ထိုက်သင့်မှန်ကန်သော တန်ဖိုးထားမှုများ၊ ကျွမ်းကျင်မှုများနှင့် အသိပညာများ ပြည့်စုံလာစေရန် လိုအပ်သည့်လမ်းညွှန်မှုများ ပံ့ပိုးပေးခြင်းဖြင့် မြန်မာနိုင်ငံ ပညာရေးစနစ်၏ အရည်အသွေးကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ဖန်တီး သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

TCSF သာ မရှိခဲ့လျှင် သို့မဟုတ် TCSF ၏ လမ်းညွှန်ပေးမှုများကို မသိရှိခဲ့လျှင် ထိရောက်စွာ သင်ကြားပေးတတ်သောဆရာဆိုသည့် အဓိပ္ပာယ်သတ်မှတ်ချက်လည်း ပေါ်ပေါက်မလာနိုင်ချေ။ သို့ဖြစ်ခဲ့လျှင် ကျောင်းသားများအနေနှင့် မည်သည့်လမ်းကို လျှောက်လှမ်းဦးတည်၍ ဆောင်ရွက်ရမည်ကိုမသိဘဲ လမ်းစပျောက်သကဲ့သို့ဖြစ်မည်။ သို့မဟုတ် ၎င်းတို့လုပ်ငန်းအတွက် ဆက်လက်ရှေးရှုဆောင်ရွက်ရန်၊ တိုးတက်မှုရှိရန်တို့အတွက် အခြေပြုစရာအကြောင်းခြင်းရာတို့လည်း ရှိလာနိုင်မည်မဟုတ်ပါ။

## သင်ယူမှုလုပ်ငန်း ၂။ နှစ်ယောက်တစ်တွဲလုပ်ငန်း (မိနစ် ၃၀)

၁။ ကျောင်းသားများအား ဤသို့စိတ်ကူးစဉ်းစားကြည့်စေမည်။ ၎င်းတို့အနေနှင့် ဒေသန္တရထုတ်သတင်းစာတစ်စောင်တွင် မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) အကြောင်း စာလုံးရေ (၂၅၀) ခန့်ဖြင့် ဆောင်းပါးအတိုတစ်ပုဒ်ရေးသားရမည်ဆိုပါစို့။ ထိုဆောင်းပါးကို ၎င်းတို့အား ရေးသားစေရမည်။

၂။ အတန်းတွင်းလှည့်လည်၍ ကျောင်းသားများအား အလုပ်လုပ်နေသည်ကို ကြည့်ရှုလေ့လာပါ။ လိုအပ်လျှင် ပိုမိုရှင်းလင်းသွားစေနိုင်မည့် မေးခွန်းများမေးပါ။ အကြောင်းအရာပြည့်စုံသော ဆောင်းပါးကောင်းများကို ရှာဖွေဖော်ထုတ်ပါ။

၃။ ထိုသို့ ပြည့်စုံကောင်းမွန်သော ဆောင်းပါးရေးသားနိုင်သူ ကျောင်းသားများအား ၎င်းတို့ရေးသားထားသည့် ဆောင်းပါးများကို တစ်တန်းလုံးသို့ အသံထွက်၍ ဖတ်ပြစေမည်။ ဤစံနမူနာပြ ဆောင်းပါးများကို အခြေပြု၍ ကျန်ကျောင်းသားများအားလုံးကလည်း ၎င်းတို့ရေးသားထားသည့် ဆောင်းပါးများကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်မှု ပြုနိုင်သည်။

၄။ စံပြဆောင်းပါးနမူနာများကို ရေးသားသူကျောင်းသားများက အတန်းသို့ဖတ်ပြနေစဉ် အရေးပါသောအချက်များကို ဆရာက သင်ပုန်းပေါ်မှာရေးပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဆောင်းပါးရှင်များက ဆောင်းပါးကောင်းများကို ဖတ်ပြနေစဉ် ကျန်ကျောင်းသားများအား မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းပြုရန် အားပေးပါ။ ကျောင်းသားများ ဆွေးနွေးနေစဉ် ၎င်းတို့ထံသွားရောက်လေ့လာ နားထောင်ခြင်းဖြင့်လည်း စစ်ဆေးအကဲဖြတ်ပါ။

ပိုမိုပြည့်စုံစွာ စစ်ဆေးအကဲဖြတ်လိုပါက ကျောင်းသားများရေးထားသည့် ဆောင်းပါးများကို စုဆောင်းကောက်ခံပြီး စစ်ဆေးအမှတ်ပေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားတို့ရေးထားသော ဆောင်းပါးတိုများတွင် TCSF ၏ အကျိုးကျေးဇူးများကို အကျဉ်းချုပ် ရေးသားချက် ပါဝင်သင့်သည်။ TCSF တည်ရှိပေါ်ပေါက်လာရခြင်း၏ အကြောင်းရင်း၊ ဖြစ်နိုင်လျှင် TCSF တည်ဆောက်ရေးသားရမှုနှင့်ပတ်သက်သော အကြောင်းအရာအချို့နှင့် ကျောင်းသားများ အနေနှင့် ထိုစံသတ်မှတ်ချက်များ ပြည့်မီရေးအတွက် ရှေးရှုကြိုးပမ်းဆောင်ရွက်ရာတွင် ရရှိလာသော ကိုယ်တွေ့အတွေ့အကြုံများစသည်တို့ ပါဝင်စေသင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲစေ၍ မြန်မာ့ပညာရေးစနစ်အကြောင်း အနည်းအကျဉ်းသာ သိရှိထားသူတစ်ဦးအား မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံ သတ်မှတ်ချက် အညွှန်းဘောင်၏ အရေးပါသော အခန်းကဏ္ဍအကြောင်းကို ရှင်းလင်း ပြောပြရာတွင် မည်သည်တို့ကိုရှင်းပြရမည်နည်းဟု မေးမြန်းပါ။

၂။ တုံ့ပြန်အကြံပြုချက်အချို့ကို ရယူပါ။ အထူးသဖြင့် ပြည့်စုံကောင်းမွန်သော ဆောင်းပါးရှင်များ ထံမှ တုံ့ပြန်အကြံပြုချက်များကို ရယူပါ။

## ၁၀.၃.၂။
## ဆရာအတတ်ပညာဖွံ့ဖြိုးရေးအတွက် လမ်းညွှန်အဖြစ် မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ကို အသုံးပြုခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သင်ကြားရေးလုပ်ငန်းသည် တတ်ကျွမ်းမှုလိုအပ်သော လုပ်ငန်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာများ တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) ကို အသုံးပြုလျက် ပြန်လည်သုံးသပ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ခ) ၃.၁။ ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုလုပ်ငန်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်/တစ်တန်းလုံးဆွေးနွေးခြင်း၊ အကြောင်းအရာဆက်သွယ်မှုပြ ပုံများရေးဆွဲခြင်း[၁၇] (concept maps)။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၃.၂) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီးအတွက် စက္ကူ၊ ရွှေ့ပြောင်းနိုင်သောစာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ။

**သင်ယူမှုလုပ်ငန်းများ**

**ပထမစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၁။ အကြောင်းအရာ ဆက်သွယ်မှုပြ ပုံများရေးဆွဲခြင်း (၄၅ မိနစ်)**

၁။ ကျောင်းသားများအား သင်တန်းများ၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ခန်းစာပါ အကြောင်းအရာများ သင်ယူခဲ့သည့်ကာလတစ်လျှောက် ၎င်းတို့အချင်းချင်း တစ်ခုနှင့်တစ်ခု ဆက်စပ်မှုများကို သိရှိလာစေရေး အထောက်အကူဖြစ်စေမည့် မြန်မာဆရာများ အရည်အသွေးစံသတ်မှတ်ချက် အညွှန်းဘောင်အကြောင်းကို သုံးဖူးခြင်း ရှိ/မရှိ သို့မဟုတ် ကြားဖူးခြင်း ရှိ/မရှိ မေးမြန်းပါ။

---

[၁၇] အကြောင်းအရာဆက်သွယ်မှုပြ ပုံတစ်ခုသည် ခေါင်းစဉ်တစ်ခုအတွင်း ပါဝင်နေသော အကြောင်းအရာ အယူအဆများ တစ်ခုနှင့် တစ်ခုကြား ဆက်သွယ်ပုံကိုပြသသည်။ ခေါင်းစဉ်ကြီးကို များသောအားဖြင့် အလယ်တွင်ရေးလေ့ရှိသည်။ ဥပမာ-'ဘေးကင်း လုံခြုံမှု ရှိသော သင်ယူမှုပတ်ဝန်းကျင်' ကို အလယ်တွင်ရေးမည်။ ထိုခေါင်းစဉ်မှတစ်ဆင့် ခွဲဖြာသွားသော မျဉ်းကြောင်းများက ခေါင်းစဉ်ပါ ခြားနားသော ယူဆချက်အမျိုးမျိုးသို့ ဆက်သွယ်ပေးသည်။ ဥပမာ - 'လေးစားမှု'၊ 'စည်းမျဉ်းများ' စသည်တို့နှင့် ဆက်သွယ်ပေးသည်။ အဓိကယူဆချက်များမှ ခွဲဖြာထွက်လာသော ထပ်ပွားယူဆချက်များကို အဓိကယူဆချက်များနှင့် ချိတ်ဆက်ပေးနိုင်သည်။ ဥပမာ - လေးစားမှုဆိုသော ပင်မယူဆချက်မှ ခွဲဖြာလာသော ဆင့်ပွား ယူဆချက်များတွင် 'အားလုံးကို တူညီမျှတစွာဆက်ဆံခြင်း'၊ 'လူတိုင်းက ယဉ်ကျေးစွာပြုမူခြင်း' စသည်တို့ကို မျဉ်းကြောင်းများဖြင့် ဆက်သွယ်ဖော်ပြမည်။ နောက်ဆုံးဆင့်ပွားယူဆချက်များထဲမှ နောက်ဆုံး တစ်ခုဖြစ်သည့် 'ကျောင်းသားတစ်ဦးက ၎င်းအယူအဆများကို အတန်းသို့ မျှဝေနေချိန်တွင် အခြားသူများက စကားမပြောဘဲ နားထောင်ခြင်း' အထိ မျဉ်းကြောင်းများဖြင့် ဆက်သွယ်ပေးရမည်။ အကြောင်းအရာ ဆက်သွယ်မှုပြ ဂရပ်ဖစ်ပုံများသည် ကျောင်းသားများအတွက် သူတို့၏ကိုယ်ပိုင်နားလည်သဘောပေါက်မှုကို ရှာဖွေရန်နှင့် ပြန်လည်သုံးသပ်ရန် အထောက်အကူပြုသည်။ ထိုဂရပ်ဖစ်ပုံများကို စစ်ဆေး အကဲဖြတ်ရေးကိရိယာတစ်ခု အဖြစ်လည်းသုံးနိုင်သည်။ ကျောင်းသားများ သိရှိမှုနှင့် သူတို့၏ယူဆချက် အမှားများကို ဖော်ထုတ် တွေ့ရှိရန်အတွက်လည်း သုံးနိုင်သည်။ mind map နှင့် concept map တို့၏ အသုံးဝင်ပုံ၊ ရေးဆွဲပုံခြင်းမှာ ဆင်တူသော်လည်း mind map (စိတ်ကူးပြပုံ) များကို ဗဟိုချက် တစ်ခုမှ ခွဲဖြာရေးဆွဲလေ့ရှိသော်လည်း concept map (ယူဆချက်ပြပုံ) များကိုမူ အတန်းလိုက် အလျားလိုက် မျဉ်းများဖြင့် ရေးဆွဲရသည်။

၂။ ကျောင်းသားများကို (၄) ယောက် တစ်အုပ်စုဖြစ်စေ၊ (၆) ယောက် တစ်အုပ်စုဖြစ်စေ အုပ်စုများအဖြစ် ဖွဲ့စည်းစေမည်။ 'မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တည်ဆောက်ဖွဲ့စည်းပုံ' ခေါင်းစဉ်အတွက် အကြောင်းအရာဆက်သွယ်ပြပုံများကို အုပ်စုအလိုက် ဆွဲသားပြုစုစေရမည်။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၃.၂) ပါ အကြောင်းအရာများကို ပါဝင်အောင် ထည့်သွင်းရမည်။ TCSF မိတ္တူတစ်စောင်ကိုလည်း သတင်းအချက်အလက် ရင်းမြစ်အဖြစ် သုံးရမည်။ ဖြစ်နိုင်လျှင် ၎င်းတို့၏ကိုယ်တွေ့အတွေ့အကြုံများကိုလည်း ထပ်ထည့်စေရမည်။

၃။ ထို့နောက် သူတို့နှင့်အထူးသင့်လျော်မည့် အကြောင်းအရာများကို အရောင်တစ်ခုခုဖြင့် ထင်ရှားစွာခြယ်သပြီး အယူအဆပြမြေပုံ သို့မဟုတ် စိတ်ကူးပြမြေပုံပေါ်တွင် ဖော်ပြစေရမည်။ ဥပမာအားဖြင့် ဆရာပညာပိုင်း၊ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေခြင်း စသည်တို့ကို အရောင်ခြယ်ခြင်းဖြင့် ထင်ရှားအောင်ပြသရမည်။

၄။ ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး တစ်အုပ်စုနှင့်တစ်အုပ်စု အပြန်အလှန် လုပ်ငန်းများကို ကြည့်ရှုလေ့လာစေပြီး မရှင်းလင်းသည်များရှိလျှင်လည်း ရှင်းလင်းပြောပြစေရမည်။ ဤနည်းအားဖြင့် ကျောင်းသားများအချင်းချင်း တစ်ဦးထံမှတစ်ဦး အပြန်အလှန် သင်ယူလေ့လာနိုင်ကြသည်။ သူတို့ဖန်တီးထားသော အကြောင်းအရာဆက်သွယ်မှုပြပုံများကို လိုအပ်သောနေရာများတွင် ပြုပြင်မွမ်းမံစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် အဓိကအားဖြင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအဖြစ် သုံးနိုင်သည်။ ကျောင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆောင်ရွက်ထားမှုကို ကြည့်ရှုလေ့လာပြီး မရှင်းသည်များရှိပါက ရှင်းလင်းအောင် မေးမြန်းရမည်။ ဤနည်းအားဖြင့် ကျောင်းသားများအား TCSF နှင့် ပတ်သက်သော အသိပညာနှင့် နားလည်မှုများကို အကျဉ်းချုံးဖော်ပြတတ်စေရန် ဤလုပ်ငန်းက အားပေးသည်။ ၎င်းတို့အတွက် တိုးတက်လာသည့် သင်ယူမှုနယ်ပယ်များကိုလည်း TCSF က အလေးပေး ဖော်ပြနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများရေးဆွဲလာသော အကြောင်းအရာ ဆက်သွယ်မှုပြပုံအားလုံးက TCSF တွင် ပါဝင်သည့် အကြောင်းအရာ၊ TCSF ဖွဲ့စည်းတည်ဆောက်ပုံနှင့် ၎င်းတို့အနေနှင့် ထိုစံသတ်မှတ်ချက်များနှင့်ပြည့်စုံစေရန် မည်ကဲ့သို့ကြိုးပမ်းဆောင်ရွက်ကြပုံ စသည်တို့ကို သရုပ်ပေါ်လွင်အောင် ဖော်ပြထားသင့်သည်။ ထို့ပြင် တတ်ကျွမ်းမှုဆိုသည်မှာ အချိန်ကာလ အတန်ကြာမှ ရရှိလာတတ်သောကြောင့် ၎င်းတို့တက်ရောက်နေသော သင်တန်းကာလအတွင်း အချို့ တတ်ကျွမ်းမှုများကို အပြည့်အဝရရှိသွားနိုင်ရန် မျှော်မှန်းမထားသင့်ကြောင်း ပြောပြရမည်။ သို့ရာတွင် ပထမနှစ်သင်တန်းကာလအတွက် လိုအပ်သောအချို့ တတ်ကျွမ်းမှုများကို အခြားသော တတ်ကျွမ်းမှုများထက်ပို၍ အလေးပေးဦးတည်ကာ သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ဖြစ်ကြောင်းကို သိရှိစေရမည်။ လာမည့် သင်တန်းနှစ်များ၊ ဥပမာ - ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တို့တွင်လည်း မည်သည့် တတ်ကျွမ်းမှုများရရှိသွားစေရန် မျှော်မှန်းထားသည်များကို အထူးအလေးပေး ဖော်ပြနိုင်သည်။ ယခုလေ့လာတတ်မြောက်ပြီးထားသော တတ်ကျွမ်းမှုများနှင့် လာမည့်စာသင်နှစ် များတွင် တတ်မြောက်သွားစေရန် မျှော်မှန်းထားသည့် တတ်ကျွမ်းမှုများကို အကြောင်းအရာ ဆက်သွယ်မှုပြပုံများပေါ်တွင် အရောင်တစ်မျိုး ထင်ရှားစွာခြယ်၍ပြစေမည်။ TCSF ပါ စံသတ်မှတ်ချက်များနှင့် ပြည့်မီစေရန် ၎င်းတို့ ဆောင်ရွက်နေကြပုံများကိုလည်း ထင်ရှားစွာ အလေးပေးဖော်ပြနိုင်ရမည်။ ၎င်းတို့ ဆောင်ရွက်ချက်များတွင် သင်ကြားမှု အလေ့အကျင့်များ၊ ရပ်ရွာလူထုနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အုပ်စုလုပ်ငန်းများနှင့် တစ်ဦးချင်းစီ လေ့လာ သင်ယူမှု စသည်တို့ပါဝင်မည်။

### ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၂။ ဟောပြော/ ဆွေးနွေးတင်ပြခြင်း (မိနစ် ၂၀)

၁။ စိတ်ဝင်စားဖွယ်ကောင်းသည့် အကြောင်းအရာဆက်သွယ်မှုပြပုံ (concept map) ဆွဲသားနိုင်သည်ဟု ဆရာက ယူဆသော အုပ်စုအချို့တို့အား သို့မဟုတ် အခြားပုံများထက် ပိုမိုထူးခြားသည်ဟု ယူဆသော အုပ်စုတို့မှ ရရှိလာသောပုံများကို တစ်တန်းလုံးသိရှိအောင် ပြသစေရမည်။ ဆွေးနွေး တင်ပြစေရမည်။

၂။ အခြားကျောင်းသားများထံမှ မေးခွန်းများနှင့် မှတ်ချက်ပြုမှုများကို ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် ကျောင်းသားအုပ်စုများအတွက် ၎င်းတို့ရေးဆွဲထားသော အကြောင်းအရာ ဆက်သွယ်မှုပြပုံများကို မိမိကိုယ်ကို စစ်ဆေးခြင်းအဖြစ် အခြားပုံများနှင့် နှိုင်းယှဉ်လေ့လာ စစ်ဆေးနိုင်စေမည့် အခွင့်အလမ်း တစ်ခုပင် ဖြစ်သည်။ ထို့အပြင် အချင်းချင်း စစ်ဆေးအကဲဖြတ်မှု လည်း ပြုနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်းများနှင့်မှတ်ချက်များသည် အမျိုးမျိုးကွာခြားကြမည်။

## သင်ယူမှုလုပ်ငန်း ၃။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၂၀)

၁။ ကျောင်းသားများအား ၎င်းတို့လုပ်ငန်းဖြစ်သည့် မည်သည့်သင်ကြားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်တွင် ပြည့်စုံမှုမရှိသေး၍ စိတ်လုံခြုံမှုနည်းနေသော နယ်ပယ်တစ်ခုကို ရွေးချယ်စေမည်။

၂။ ထိုနယ်ပယ်အကြောင်းကို ဆွေးနွေးရန် ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲစေရမည်။ ၎င်းတို့ ရွေးချယ်ထားသော၊ ၎င်းတို့ အားနည်းနေသည့် ကျွမ်းကျင်မှုနယ်ပယ်ကို တိုးတက်ကောင်းမွန်လာစေရန် TCSF က မည်သို့ လမ်းညွှန်မှုပေးခြင်းဖြင့် ကူညီပံ့ပိုး ပေးနိုင်ကြောင်း ဆွေးနွေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ကိုယ်ပိုင်သင်ကြားရေးကျွမ်းကျင်မှုနှင့် ပတ်သက်၍ ယူဆခံစားချက်များ အကြောင်း ဆရာက သိရှိနိုင်စေရန် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်သည်။ ဤနေရာတွင် ၎င်းတို့အနေနှင့် တတ်ကျွမ်းမှုနယ်ပယ် အားလုံးတွင် အားနည်းချို့ယွင်းချက်များ လိုအပ်ချက်များ

ရှိကြသည်ဟု ခံစားယူဆကြမည်ဖြစ်သည်။ သူတို့အား ဆရာကရှင်းပြရမည်မှာ တစ်ကြိမ်တည်းနှင့် အစစအရာရာကို ပြည့်စုံအောင်သင်ယူနိုင်ရန် မဖြစ်နိုင်သည့် အတွက် ပထမဦးစွာ အားအနည်းဆုံးဟုယူဆသည့် တိုးတက်ကောင်းမွန်စေလိုသည့် တတ်ကျွမ်းမှုနယ်ပယ် တစ်ခုကိုသာ ရွေးချယ်သင့်ကြောင်းပြောပြရမည်။

ဆရာက သူတို့လုပ်ငန်းဆောင်ရွက်ရာအနီးသို့ လှည့်ပတ်ကြည့်ရှုရင်း စစ်ဆေးအကဲဖြတ်ပေးရမည်။ ၎င်းတို့ တိုးတက်စေလိုသည့် သင်ကြားမှုနယ်ပယ်တွင် TCSF ကို မည်သို့အကျိုးရှိစွာ အသုံးချနိုင်ကြောင်း ပြောပြ၍ ကူညီလမ်းညွှန်ထောက်ကူပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားတို့ဖော်ပြလာမည့် တိုးတက်စေရန် ဆောင်ရွက်လိုသော သင်ကြားမှုနယ်ပယ်များသည် တစ်ဦးချင်းစီလိုအပ်ချက်အလိုက် အမျိုးမျိုးခြားနားမည်။ ၎င်းတို့ရွေးချယ်ထားသော သင်ကြားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်ကို ဆရာများ တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်၏ မည်သည့်နယ်ပယ်၌ ရှိကြောင်း ရှာဖွေတတ်စေသင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများဆွေးနွေးရန် အောက်ပါဖာတ်ညွှန်းကို ပေးထားပါ။

- အခြားနိုင်ငံတစ်ခုမှ မိမိကဲ့သို့ အလားတူကျောင်းသားတစ်ဦးနှင့် တွေ့ဆုံကြသည်ဟု ယူဆ စဉ်းစားပါ။ ထိုကျောင်းသားက မိမိပြောသောဘာသာစကားကို ပြောတတ်သည်ဆိုပါစို့။ ထို့ကြောင့် မိမိနှင့်ထိုကျောင်းသားသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လွယ်ကူစွာ ပြောဆိုဆွေးနွေးနိုင်သည်။ မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) က မိမိအား ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးစေရာတွင် မည်ကဲ့သို့ကူညီပေးကြောင်း ရှင်းလင်းပြလိုလျှင် မည်သည်တို့ကို ပြောပြမည်နည်း။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပါဝင်သော ပညာရပ်နယ်ပယ် (၄) ခုတို့မှာ အဘယ်နည်း။

**အဖြေ။** *ပညာရပ်နယ်ပယ် (က) - ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု။*
*ပညာရပ်နယ်ပယ် (ခ) - ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ။*
*ပညာရပ်နယ်ပယ်(ဂ) - ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ။*
*ပညာရပ်နယ်ပယ်(ဃ) - ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်မှု။*

**မေးခွန်း ၂။** အဆိုပါနယ်ပယ်တစ်ရပ်စီတွင် ဆရာတို့အနေနှင့် မည်သည့်တတ်ကျွမ်းမှုများကို ပြည့်စုံစေရန် လိုအပ်မည်ဖြစ်ကြောင်းကိုဖော်ပြပါ။

**အဖြေ။** *ပညာရပ်နယ်ပယ်တစ်ခုစီမှ လိုအပ်မည့်တတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၃.၂) တွင် ဖော်ပြထားသည်။*

# ၁၀.၄။ ဆရာများကို အဘယ်ကြောင့် ပညာပေးရန် လိုအပ်သနည်း။

စာသင်ချိန် (၄) ချိန်ပါဝင်သော ဤအခန်းငယ်ကို လေ့လာရာတွင် ဆရာတစ်ဦးစီ၏ အောင်မြင်မှုနှင့် ပညာရေးစနစ်ကြီးတစ်ခုလုံး အောင်မြင်မှုအတွက် စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေး လုပ်ငန်းများသည် အရေးကြီးကြောင်း လေ့လာရမည်။ လုပ်ငန်းခွင်အကြိုဆရာများနှင့် လုပ်ငန်းခွင်တွင်းမှ ဆရာများအမျိုးအစား (၂) ခုစလုံးသည် ထိုအချက်အရေးပါပုံကို နက်ရှိုင်းစွာ တန်ဖိုးထားတတ်စေရန် အရေးကြီးပါသည်။

## ၁၀.၄.၁။ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက်နေရန် လိုအပ်ခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေးကောလိပ် တက်ရောက်နေဆဲကျောင်းသားများ၊ အလုပ်ဝင်စဆရာအသစ်များနှင့် ဝါရင့်ဆရာများအကြား အမျိုးအစားတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားပြီး ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး လိုအပ်ချက်ချင်းလည်း မတူညီကြောင်း ရှင်းပြတတ်မည်။
- ဘာသာရပ်ဆိုင်ရာအသိပညာနှင့် သင်နည်းဗေဒဆိုင်ရာ အသိပညာတို့အကြား ကွဲပြားခြားနားမှုကို ရှင်းပြတတ်မည်။
- မြန်မာ့ပညာရေး အညွှန်းဘောင်များကို ဖတ်ရှုလေ့လာကိုးကားပြီး ယင်းတို့က စဉ်ဆက်မပြတ် ဆရာအတတ်ပညာလိုအပ်ချက်များကို မည်သို့ကူညီဖြည့်ဆည်း ပေးနိုင်ကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွအလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်။

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်သင်ယူမှုအတွေ့အကြုံများကို ပြန်လည်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၄.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး၊ သင်ပုန်း၊ မင်တံများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် ဆွေးနွေးခြင်း (မိနစ် ၅၀)

၁။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၄.၁) မှ အကြောင်းအရာနှင့် မေးခွန်းများကို ကျောင်းသားများအား ဖတ်ရှုစေရမည်။

၂။ ကျောင်းသားတစ်ဦးချင်းစီအား အဖြေများကို စဉ်းစားစေပြီး မှတ်စုရေးသားစေရမည်။

၃။ ထိုနောက် ကျောင်းသားများကို (၄) ယောက်တစ်စု သို့မဟုတ် (၅) ယောက်တစ်စုစီ အုပ်စုဖွဲ့ပေးပါ။ အုပ်စုတစ်ခုစီမှ အတွင်းရေးမှူးတစ်ဦးစီ ရွေးချယ်ခန့်ထားစေမည်။ ၎င်း၏တာဝန်မှာ နောက်ထပ်စာသင်ချိန်တွင် တစ်တန်းလုံးပါဝင်၍ တုံ့ပြန် အကြံပြုချက်ပေးရာ၌ ဆွေးနွေးမှုမှရလာသော မှတ်စုများကို ချရေးထားရန်ဖြစ်သည်။

**ရပ်တန့်ပါ။ စဉ်းစားပါ။**

ဤလုပ်ငန်းကို ဆောင်ရွက်ရာတွင် သင်ခန်းစာသင်ကြားရန် လျာထားသည့် စာသင်ချိန် (၂) ချိန်စလုံးမှ အချိန်အတော်များများကို သုံးရန်လိုအပ်မည် ဖြစ်သည်။ ဤသင်ခန်းစာကို သင်ယူလေ့လာစေရာတွင် ကျောင်းသာများက (၅) မိနစ်ခန့် အလုပ်လုပ်ပြီးနောက် လုပ်ငန်းပြီးစီးသည်ဟုဆိုကာ ပြီးစလွယ် လက်စမသတ်စေရန် ဆရာက ဂရုပြု၍ ကူညီလမ်းညွှန်ပေးရမည်။ အနိမ့်ဆုံးအားဖြင့် ကျောင်းသားတစ်ဦးချင်းစီက ဖြစ်စေ၊ အုပ်စုတစ်ခုစီကဖြစ်စေ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားစေသင့်သည်။

- သင်တန်းမှပို့ချပေးသော ဘာသာရပ်အားလုံး။
- ဘာသာရပ်တစ်ခုနှင့်တစ်ခုအကြား ချိတ်ဆက်မှုများ။
- မည်သည်တို့ကို အချို့ဘာသာရပ်များထဲ၌ အခြားဘာသာရပ်များထက် ပိုမို၍ လေ့လာသိရှိ နားလည်ခဲ့ပုံ။

- မည်သည့်နေရာများတွင် သဘောတရားရေးဆိုင်ရာ နားလည်မှုများကို ပိုမိုရရှိခဲ့ပြီး အခြားမည်သည့် နေရာများတွင် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ရရှိခဲ့ပုံ။
- ၎င်းတို့အား နမူနာ လုပ်ဆောင်ပြထားသည့် သို့မဟုတ် နမူနာဖော်ပြထားသေးသည့် သင်ကြားနည်းများနှင့် ၎င်းတို့ပါဝင်ဆောင်ရွက်ခဲ့သော သင်ကြားနည်းများ။
- အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခဲ့သော အတွေ့အကြုံများနှင့် အခြားသင်ကြားရေး ဆိုင်ရာ အတွေ့အကြုံများ။
- ကျောင်းသားများအနေနှင့် သင်ကြားမှုလုပ်ငန်း ရှုထောင့်အသီးသီးတို့ကို နားလည် သဘောပေါက်မှု
  - ၎င်းတို့ထဲတွင် သင်ခန်းစာပြင်ဆင်ခြင်း၊ ရင်းမြစ်များစီစဉ်ခြင်း၊ အတန်းတွင်း စီမံခန့်ခွဲခြင်း၊ ကျောင်းသားတို့အပြုအမူကို ထိန်းသိမ်းကိုင်တွယ်ခြင်း၊ ကျောင်းသားတို့၏ တိုးတက်မှုကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပညာရည် တိုင်းတာခြင်း၊ လုပ်ဖော်ကိုင်ဖက်ဆရာများ ကျောင်းသားမိဘများနှင့် ဆက်သွယ်ပြောဆို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ် ဆရာ အတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေခြင်း စသည်တို့ကို နားလည် သဘောပေါက်မှုများ ပါဝင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်တတ်ရန်နှင့် အချင်းချင်း စစ်ဆေး အကဲဖြတ်တတ်ရန် လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည်။ ကျောင်းသားတို့က ၎င်းတို့ကို တိုးတက်မှုများ အပေါ်ထားရှိသည့် အတွေးအမြင်/ ခံယူချက်နှင့် မည်သည့်ပညာရပ်နယ်ပယ်၌ တိုးတက်ရန် လိုအပ်နေကြောင်း ခံယူမှုတို့ကို ဆရာက ဆန်းစစ် အကဲဖြတ်နိုင်စေမည့် လုပ်ငန်းလည်းဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားတစ်ဦးစီ၏ အတွေ့အကြုံနှင့် ထင်မြင်ချက်အလိုက် တုံ့ပြန်မှုများသည် ပုဂ္ဂလဓိဋ္ဌာန်ကျမည်။ အမျိုးမျိုးကွဲပြားမည်။

### ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၂။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် ဆွေးနွေးခြင်းတို့မှ တုံ့ပြန်အကြံပြုချက်များ ရယူခြင်း (မိနစ် ၄၀)

၁။ ယခင်စာသင်ချိန်က ဖွဲ့စည်းပေးခဲ့သော ကျောင်းသားအုပ်စုများကို တစ်ဖန်ပြင်ဆင်ဖွဲ့စည်းပေးပါ။ ၎င်းတို့ဆွေးနွေးခဲ့သည်များကို ပြန်လည်အစကောက် လေ့လာနိုင်ရန် မိနစ်အနည်းငယ်ခန့် အချိန်ပေးပါ။

၂။ တစ်တန်းလုံးပါဝင်သော တုံ့ပြန်အကြံပြုမှုပေးခြင်းလုပ်ငန်းကို ဆရာက ကူညီလမ်းညွှန်ပေးရမည်။ ကျောင်းသားအုပ်စုတစ်ခုစီမှ ရွေးချယ်ထားသော အတွင်းရေးမှူးတစ်ဦးစီကို ၎င်းတို့အုပ်စုမှ တစ်ညီတစ်ညွတ်တည်း အတည်ပြုထားသော မေးခွန်းတစ်ခုစီအတွက် အတွေးအမြင်များ၊ ထင်မြင်ယူဆချက်များနှင့် အတွေ့အကြုံများကို အကျဉ်းချုံးရေးသားစေရမည်။

၃။ မေးခွန်းတစ်ခုစီအတွက် တုံ့ပြန်အကြံပြုချက်များရယူရာတွင် အတွင်းရေးမှူးနှစ်ဦး (သို့မဟုတ်) သုံးဦးတို့ထံမှ ရယူပါ။ ဤသို့ဆောင်ရွက်ခြင်းဖြင့် တုံ့ပြန်မှုများသည် ပိုမိုမျှခြေ ညီမျှမှုရှိမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ ဤလုပ်ငန်းသည် အဆင့်မြင့်သိမှုဖြစ်စဉ် လုပ်ငန်းတစ်ခုအနေနှင့်ရော 'သင်ယူနိုင်ဖို့စကားဝိုင်းဖွဲ့စို့' ချဉ်းကပ်နည်းတစ်ခုအဖြစ်ပါ ဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ဆရာက ကျောင်းသားများကို ထောက်ပြပါ။

၂။ ဤကဲ့သို့သော သင်ယူမှုလုပ်ငန်းတစ်ခု၏ အကျိုးကျေးဇူးများကို စူးစမ်းလေ့လာရန် ကျောင်းသားများကို ဖိတ်ခေါ်ပါ။ ၎င်းတို့အား ဤလုပ်ငန်း၏ ရည်ရွယ်ချက်များ ပေါက်မြောက်ခြင်း ရှိ/မရှိကို ရှာဖွေ လေ့လာစေမည်။ ၎င်းတို့အနေနှင့် အားသာချက်များရှိသည့် ပညာရပ်နယ်ပယ်များနှင့် အားနည်းချက်ရှိနေ၍ တိုးတက်အောင်ဆောင်ရွက်ရန် လိုနေသေးသော ပညာရပ်နယ်ပယ်များကို ရှာဖွေဖော်ထုတ်တတ်လာပြီဟု ခံယူသိမှတ်ခြင်း ရှိ/မရှိ။ ယခုသင်တန်းတွင် ပို့ချပေးလိုက်သော အရာများအနက် ၎င်းတို့ ယခုအချိန်ထိ သင်ယူတတ်မြောက်ရရှိထားသည့် အရာတို့၏ အတိုင်းအတာ (အကျယ်အဝန်း) နှင့် နက်ရှိုင်းမှု (အသေးစိတ်လေ့လာမှု) တို့ကို ရှာဖွေဖော်ထုတ်နိုင်စွမ်း ရှိ/မရှိ တို့ကို ဆွေးနွေးစေရမည်။ ၎င်းတို့ သင်ယူလေ့လာပြီးသည့် ပို့ချမှုသင်ခန်းစာများကို ပြန်လှန်လေ့လာစေနိုင်ပြီး ၎င်းတို့ သင်ယူရန်နှင့် လက်တွေ့ကျင့်သုံးရန် လိုအပ်သည့်သင်ကြားရေးမျက်နှာစာ၊ ရှုထောင့် အသီးသီးတို့ကို ပြန်လည်မှတ်မိ နားလည်နိုင်စေခြင်း ရှိ/မရှိ တို့ကိုလည်း စူးစမ်း လေ့လာစေရမည်။

၃။ ထိုကဲ့သို့သော သင်ကြား/သင်ယူမှုလုပ်ငန်းစဉ်မျိုးတစ်ခုတွင် ဆရာ၏အခန်းကဏ္ဍကို ၎င်းတို့အနေဖြင့် ရှာဖွေသတ်မှတ် ဖော်ထုတ်နိုင်စွမ်းရှိကြပါသလား။ ကျောင်းသားတို့အနေဖြင့် ဆရာကို ၎င်းတို့အတွက် အသိပညာတို့ကို ဖြန့်ချိပေးသူ အဖြစ်ထက် ကျောင်းသားဗဟိုပြု သင်ယူမှုကိုအောင်မြင်စေရန် လာရောက်၍ ကူညီလမ်းညွှန်မှုပေးသူအဖြစ်သာခံယူကာ သိမှတ်သဘောထားသင့်သည်။

## ၁၀.၄.၂။
## ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်နည်းဗေဒဆိုင်ရာ အသိပညာတို့ကို ဖွံ့ဖြိုးစေခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပညာရေးကောလိပ် တက်ရောက်နေဆဲ ကျောင်းသားများ၊ အလုပ်ဝင်စ ဆရာအသစ်များနှင့် ဝါရင့် ဆရာများကြား အမျိုးအစားတစ်ခုနှင့် တစ်ခုခြားနားပြီး ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး လိုအပ်ချက်ချင်း မတူညီကြောင်း ရှင်းပြတတ်မည်။
- ဘာသာရပ်ဆိုင်ရာအသိပညာနှင့် သင်နည်းဗေဒဆိုင်ရာအသိပညာတို့အကြား ကွဲပြား ခြားနားမှုကို ရှင်းပြတတ်မည်။
- မြန်မာ့ပညာရေး အညွှန်းဘောင်များကို ဖတ်ရှုလေ့လာကိုးကားပြီး ယင်းတို့က စဉ်ဆက် မပြတ် ဆရာအတတ်ပညာရေး လိုအပ်ချက်များကို မည်သို့ကူညီဖြည့်ဆည်းပေးနိုင် ကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိ ကြောင်းပြသည်။

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက် ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** တွေး-တွဲ-မျှဝေခြင်း၊ တစ်တန်းလုံးစာဖတ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ယခင်သင်ယူပြီး အတွေ့အကြုံများကို ပြန်လည် သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၄.၂) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ကားချပ်ကြီး၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

**သင်ယူမှုလုပ်ငန်း ၁။ စာဖတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (မိနစ် ၅၀)**

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၄.၂) ကို ဖတ်စေရမည်။

၂။ ကျောင်းသားတို့အား နှစ်ယောက်တစ်တွဲ တွဲစေပြီး ဆွေးနွေးမှုကို အကျဉ်းချုံးဖော်ပြနိုင်စေရန် အချိန် (၅) မိနစ်ခန့်ပေးပါ။

၃။ ကျောင်းသားအနည်းငယ်တို့ထံမှ တုံ့ပြန်အကြံပြုချက်အချို့ကို ရယူပါ။ သင်ခန်းစာအနှစ်ချုပ်အတွက် လုံလောက်သော အကြောင်းအရာများပြည့်စုံလာသည်အထိ ဆရာက သင်ပုန်းပေါ်တွင် မှတ်စုရေး ပေးမည်။

၄။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များအလိုက်ဖြစ်စေ ကျောင်းသားများအား သင်နည်းဗေဒဆိုင်ရာအသိပညာ (PCK) တွင်ပါဝင်နေသည့်အဓိကအကြောင်းချင်းရာများကို စာရင်းတစ်ခု ပြုစုပေးရန်နှင့် ဘာသာရပ်ဆိုင်ရာအသိပညာ (SMK) တွင် ပါဝင်နေသည့် အဓိကအကြောင်းချင်းရာများကို စာရင်း တစ်ခုပြုစုပေးရန် ဆရာက ညွှန်ကြားရမည်။

၅။ အချိန် (၁၅) မိနစ်မှ မိနစ် (၂၀) ထိကြာပြီးနောက် ကျောင်းသားများထံမှ တုံ့ပြန်အကြံပြုချက်ရယူပါ။ သင်ပုန်းပေါ်တွင် ထောင်လိုက်ကွက် (၂) ခုခွဲခြား၍ (PCK) အတွက် တစ်ကွက်၊ (SMK) အတွက် တစ်ကွက် ထားပါ။ (PCK) တွင်ပါဝင်သော အဓိက အကြောင်းချင်းရာများနှင့် (SMK) တွင် ပါဝင်သော အဓိက အကြောင်းချင်းရာများကို သက်ဆိုင်ရာအကွက်များ၌ ရေးသွင်း၍ တိကျစွာ စာရင်းပြုစုပါ။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ထိုဇယားကွက်က (PCK) (Pedagogic Content Knowledge) (သင်နည်းဗေဒဆိုင်ရာ အသိပညာ) နှင့် (SMK) (Subject Matter Knowledge) (ဘာသာရပ်ဆိုင်ရာ အသိပညာ) တို့အဓိပ္ပာယ်ကို ရှင်းလင်းစွာသတ်မှတ်ပေးနိုင်မည့် အပြင် ထိုအသိပညာအမျိုးအစား နှစ်ခုအကြား ခြားနားချက်ကိုလည်း ပေါ်လွင်အောင် ဖော်ပြ နိုင်မည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

(PCK) တွင် ပါဝင်ဖွဲ့စည်းနေသော အဓိကအကြောင်းချင်းရာများနှင့် (SMK) တွင် ပါဝင်ဖွဲ့စည်းနေသော အဓိက အကြောင်းခြင်းရာများကို စာရင်းပြုစုစေခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်မှုကို သင်ယူစဉ်စစ်ဆေးခြင်းအဖြစ်ကို ဆရာက စစ်ဆေး အကဲဖြတ်ပေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အောက်ပါ ဇယားက ဆရာမျှော်မှန်းထားနိုင်သည့် တုံ့ပြန်မှုများကို ဖော်ပြသည်။ တုံ့ပြန်မှုများသည် စကားလုံး ဖွဲ့စည်းစီကုံးမှု အမျိုးမျိုးကွဲပြားမည့်အပြင် ထပ်ဆောင်းစိတ်ကူးစိတ်သန်းများလည်း ရှိကောင်းရှိနိုင်သည်။

| သင်နည်းဗေဒဆိုင်ရာအသိပညာ | ဘာသာရပ်ဆိုင်ရာအသိပညာ |
|---|---|
| သင်ကြားမှုဆိုင်ရာ ချဉ်းကပ်နည်း အသွယ်သွယ် အဝဝတို့ကို ဝေဆာစွာ အသုံးပြုထားခြင်း | ဆရာသင်ကြားရမည့် ဘာသာရပ်နှင့် သင်ကြားပေးရမည့် အတန်း/ အဆင့်နှင့် ဆီလျော်ကိုက်ညီမှုရှိသော ကျောင်းသင်ဘာသာရပ်ဆိုင်ရာ အချက်အလက်တို့ကို သိရှိ တတ်ကျွမ်းသော အရည်အချင်း/များ ဘာသာရပ်ဆိုင်ရာ |
| ကျွမ်းကျင်မှုများကို သင်ကြားပေးနိုင်သည့် စွမ်းရည် (ဥပမာ - စာဖတ်ကျွမ်းကျင်မှု၊ စာရေးကျွမ်းကျင်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှု၊ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုစသည်တို့) | အချက်အလက်များကို သိရှိသည့် အသိပညာ |
| သင်ယူမှုလုပ်ငန်း အသီးသီးတို့ကို သိရှိသည့်အသိပညာ | ယူဆချက်များကို သိရှိသည့် အသိပညာ |
| နမူနာအဖြစ် လုပ်ဆောင်ပြရာတွင် လုပ်ငန်းကို ရှင်းလင်းစွာ နားလည်အောင် သရုပ်ပြရာတွင် နည်းလမ်းအသွယ်သွယ်သုံး၍ လုပ်ဆောင်တတ်သောစွမ်းရည် | သဘောတရား၊ သီအိုရီများကို သိရှိသည့် အသိပညာ |
| ဥပမာ - သဏ္ဍာန်တူ ဥပမာလုပ်ငန်းများပေးခြင်း၊ ပုံများဖြင့်သရုပ်ဖော်ခြင်း၊ ဥပမာများပေးခြင်း၊ ရှင်းလင်းပြသခြင်း၊ ဝတ္ထုစစ်များအသုံးပြုခြင်း၊ မိမိလိုရာသို့ လမ်းကြောင်းပြီး ကျောင်းသားထံမှ စိတ်ကူး ထွက်လာအောင် မေးခွန်းမေးပေးခြင်း | |
| စစ်ဆေးအကဲဖြတ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့ အကြောင်းကို နားလည်သဘောပေါက်ခြင်း | နိယာမများ (အခြေခံဥပဒေများ) ကို သိရှိသည့် အသိပညာ |
| သင်ရိုးညွှန်းတမ်းကို သိရှိခြင်း | |
| သင့်တော်သော သင်ယူမှုဆိုင်ရာ ရင်းမြစ်များ၏ အသုံးကျမှုနှင့် ရရှိသုံးစွဲနိုင်မှုကို သိရှိသော အသိပညာ | |
| သင်ခန်းစာကို ကျောင်းသားတို့ နိုင်နင်းစွာ သင်ယူနိုင်စေမည့် အခြေအနေအလိုက် တစ်ဆင့်ချင်းစီ ရှေ့နောက် စီစဉ်တကျ သင်ယူနိုင်စေရန် မည်သို့ ဆောင်ရွက်ရမည်ကို နားလည်သဘောပေါက်ခြင်း | |

| | |
|---|---|
| သင်ခန်းစာပြင်ဆင်ရန်နှင့် သင်ခန်းစာ၏ ရှေ့နောက် အလွယ်/အခက် အနေအထားကို စနစ်တကျ စီစဉ်ရန် ဆောင်ရွက်တတ်သော စွမ်းရည် | |
| ကျောင်းသားတို့၏ အယူအဆမှားများကို သိရှိမှတ်သား နိုင်စွမ်းနှင့် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိခြင်း | |
| သင်ခန်းစာသင်ကြားနေစဉ် ပေါ်ပေါက်လာတတ်သော ပြဿနာများကို ကြိုတင်သိမြင် တွေးဆတတ်ခြင်း၊ စီမံကွပ်ကဲပြင်ဆင်တတ်ခြင်းနှင့် တုံ့ပြန်ဖြေရှင်း တတ်ခြင်း စွမ်းရည် | |
| ဆရာ့ တစ်နေ့တာ ကျောင်းလုပ်ငန်းတွင် ကြုံတွေ့ လာနိုင်သည့် အခက်အခဲ အဟန့်အတား စသည်တို့ကို အလေးထားကိုင်တွယ် ဆောင်ရွက်တတ်ခြင်း (တာဝန်ခံတတ်ခြင်း) | |

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၂။ - ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် ဆွေးနွေးခြင်း (မိနစ် ၄၀)

၁။ ယခင်စာသင်ချိန်က လေ့လာခဲ့သည်တို့ကို ပြန်လှန်အစကောက်၍ နွေးပေးမည်။ ကျောင်းသားများအား (PCK) နှင့် (SMK) တို့တွင် ဖွဲ့စည်းပါဝင်နေသည့် အဓိက အကြောင်းခြင်းရာ အချို့တို့ကို ပြန်ပြောစေမည်။ ကျောင်းသားများမေးလာမည့် မေးခွန်းများကို ဖြေဆိုပေးပြီး ၎င်းတို့အား (SMK) နှင့် (PCK) တို့ အကြား ခြားနားမှုကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြရမည်။

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီဖြစ်စေ၊ အုပ်စုငယ်များအလိုက်ဖြစ်စေ ဖွဲ့စည်းစေပြီး ဆွေးနွေးရမည့် မေးခွန်းများကို မေးပါ။

- အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍ သင်ကြားရေးတွင် ဘာသာရပ်ဆိုင်ရာ သုတေသီများနှင့် ဘာသာရပ်ဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင်များ (Subject Matter Experts) (SME) က သင်ကြားပေးခြင်းကို အများသိရှိပြီးဖြစ်ကြသည်။ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အနေနှင့် သင်နည်းဗေဒဆိုင်ရာ

ကျွမ်းကျင်မှုမရှိဘဲ သင်ကြားပေးရခြင်းကြောင့် ၎င်းတို့ သင်ကြားမှုသည် မည်သို့ရှိမည်ဟု ထင်မြင်ပါသနည်း။ မိမိကိုယ်တွေ့အတွေ့အကြုံအရ ထိုသို့သော သင်ကြားမှုမျိုး ဥပမာပေးရန် ရှိပါသလား။

- အဆင့်မြင့်အတန်းများမှ ကျောင်းသားများကို သင်ကြားပေးရန် ဘာသာရပ်ဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင်တို့ကို အသုံးပြုလျှင် အဆင်ပြေချောမောနိုင်သော်လည်း အတန်းငယ်များမှ ကလေးငယ်များကို ၎င်းတို့သင်ကြားပေးလျှင် သင်ကြားရေး အောင်မြင်နိုင်ဖွယ် မရှိချေ။ ဤသို့ ဖြစ်ရခြင်းမှာ အဘယ်ကြောင့်ဟု ထင်မြင်သနည်း။
- လုပ်ငန်းခွင်တွင်းမှ ဆရာများ၏ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေးအတွက် (SMK) နှင့် (PCK) အသိပညာ (၂) မျိုးအနက် မည်သည့်အသိပညာက ပို၍အရေးပါမည်ဟု ထင်မြင်သနည်း။ မိမိထင်မြင်ချက်ကို ရှင်းလင်းပြပါ။

၃။ နှစ်ယောက်တစ်တွဲ ကျောင်းသားများနှင့် ကျောင်းသားအုပ်စုများကို ပေါင်းစည်းပေးခြင်းဖြင့် (၄) ယောက် တစ်အုပ်စု သို့မဟုတ် (၆) ယောက်တစ်အုပ်စုများအဖြစ်သို့ ပြန်လည် အုပ်စုဖွဲ့ပေးပါ။ ၎င်းတို့ တွေးခေါ်ရရှိလာသော စိတ်ကူးအယူအဆများကို နှိုင်းယှဉ်၍ မျှဝေစေရမည်။ ဤလုပ်ငန်းက ၎င်းတို့အား သင်ခန်းစာခေါင်းစဉ်ပါ အကြောင်းအရာကို ပိုမိုကျစ်လစ်ခိုင်မာစွာ နားလည်သွားစေမည့်အပြင် ကျောင်းသားဦးရေ အများစုက တစ်တန်းလုံးအတွက် တုံ့ပြန်အကြံပြုချက်များ ရရှိလာစေရန် ပါဝင်အားဖြည့် ဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။

၄။ ကျောင်းသားအရေအတွက် စုံလင်နိုင်သမျှ စုံလင်စွာ ကျောင်းသားတို့ထံမှ တုံ့ပြန် အကြံပြုချက်များကို ရယူပါ။ ဆရာက အမည်တပ်ရွေးထုတ်၍ ဆောင်ရွက်စေရမည်။ မေးခွန်းများအတွက် ပုဂ္ဂလဓိဋ္ဌာန်ကျသော အဖြေများရနိုင်သောကြောင့် မေးခွန်းတစ်ခုစီ တိုင်းအတွက် အဖြေကိုမေးရာတွင် ကျောင်းသားတစ်ဦးတည်းထံမှမဟုတ်ဘဲ ကျောင်းသား (၂) ဦး သို့မဟုတ် (၃) ဦးတို့ထံမှ အကြံပြုချက်များကို ရယူပါ။ မေးခွန်းတစ်ခုစီအတွက် အဖြေနှင့် တုံ့ပြန်အကြံပြုချက်ကို အနည်းဆုံး ကျောင်းသား (၂) ဦး ထံမှရယူပါ။ ၎င်းတို့အား မေးခွန်း၌ တိကျသောအဖြေတစ်မျိုးတည်း မရှိနိုင်ကြောင်းနှင့် အရေးကြီးသည်မှာ ရလာသောအဖြေများကို မျှဝေရန်နှင့် စိတ်ကူးအမျိုးမျိုးတို့ကို နှိုင်းယှဉ်လေ့လာရန်သာ ဖြစ်ကြောင်း သတိပေးပြောဆိုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ဆွေးနွေးနေမှုကို ဆရာက စောင့်ကြည့်လေ့လာပါ။ အုပ်စုလိုက် သို့မဟုတ် နှစ်ယောက် တစ်အုပ်စုတို့အား ၎င်းတို့အတွေးအခေါ် အကျဉ်းချုပ်ကို ပြောပြရန် ဆရာက အခါအားလျော်စွာ မေးပေးရမည်။ ဤအဆင့်တွင် ၎င်းတို့အဖြေများကို တစ်တန်းလုံးသို့ မျှဝေပေးရန် မလိုအပ်သေးပါ။ ဆရာမေးရခြင်း၏ ရည်ရွယ်ချက်မှာ တစ်တန်းလုံးသို့ တုံ့ပြန်အကြံပြုချက်များ မမျှဝေမီ ၎င်းတို့၏ နားလည်သဘောပေါက်မှုကို သင်ယူနေစဉ် စစ်ဆေးမှုအဖြစ် စစ်ဆေးအကဲဖြတ်ရန်ဖြစ်သည်။ လိုအပ်သည့်နေရာများတွင် ကူညီလမ်းညွှန်ပါ။ မေးခွန်းများနှင့် ဆီလျော်သော ဇာတ်ညွှန်းများကို အကြံပြု၍ဖြစ်စေ၊ မေးခွန်းများနှင့်ဆီလျော်သော နောက်ဆက်တွဲရလဒ်များကို ပြောပြ၍ဖြစ်စေ ကျောင်းသားတို့ နားလည်လာအောင် ကူညီပံ့ပိုးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေအမျိုးမျိုးတို့ကို ပေးကြလိမ့်မည်။ သို့သော် ထိုအဖြေများတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်စေသင့်သည်။

- ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်တစ်ဦးသည် သင်နည်းဗေဒကျွမ်းကျင်မှုမရှိဘဲ သင်ကြားပေးရသည့် အခါ ရရှိလာနိုင်ဖွယ်ရလဒ်များသည် အောက်ပါတို့ဖြစ်နိုင်မည်။
  - သင်ခန်းစာသည် ဆရာဗဟိုပြုနည်းကို သုံးထားသဖြင့် ဆရာထံမှအသိပညာကို ကျောင်းသားထံသို့ တစ်လမ်းသွားစနစ်ဖြင့် ဖြန့်ဝေလက်ဆင့်ကမ်းပေးလိုက်သော အသိပညာ ပြောင်းရွှေ့မှုသာ ဖြစ်ပေါ်နိုင်သည်။
  - အကယ်၍ ထိုပညာရှင်၏ သင်ကြားမှုတွင် ကျောင်းသားဗဟိုပြုလုပ်ငန်းများ ပါဝင်ခဲ့လျှင်လည်း လုပ်ငန်းပေးစာရွက် (work sheet) အသုံးပြုမှုမျှသာ ဖြစ်သည်။ ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်အနေနှင့် သင်ခန်းစာကို မည်သို့စနစ်တကျ အဆင့်ဆင့်ရှေ့နောက် စီစဉ်ရမည်ကို သိမည်မဟုတ်၍ လုပ်ငန်းတစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းရာတွင် ကျောင်းသားများ သင်ယူလိုစိတ် ရှိလာစေရန် သက်ဝင်လှုပ်ရှား လာစေမည့် လှုံ့ဆော်တိုက်တွန်းပေးနိုင်မည့် အခွင့်အလမ်းများ ကိုလည်း ဖန်တီးနိုင်မည် မဟုတ်ပါ။ သင်ခန်းစာသည် အဆင့်တစ်ဆင့်မှ နောက်တစ်ဆင့် သို့ စိတ်ဝင်စားဖွယ် မရှိဘဲ ဆက်တိုက်ရွေးရှ ရွေ့လျားသွားမည်။

- သင်ခန်းစာသည် သင့်တော်သောနှုန်းတစ်ခုဖြင့် ရှေ့ဆက်ရွေ့လျားသွားမည်ဖြစ်သော်လည်း ကျောင်းသားများ၏ ခြားနားသောသင်ယူမှုပုံစံနှင့် အထူးလိုအပ်ချက်စသည်တို့ရှိခဲ့လျှင်လည်း ဆရာက သတိမူမိမည် မဟုတ်ပါ။ ၎င်းအချက်တို့ကို ထည့်သွင်းစဉ်းစားရန်လည်း မသိနိုင်ပါ။
- အပြန်အလှန်အားဖြင့်ဆိုရလျှင် ဘာသာရပ်အထူးကျွမ်းကျင်သော ပညာရှင်သည် တတ်ကျွမ်းမှု အဆင့်အသီးသီးအတွက် သင်ယူမှုလုပ်ငန်းအသီးသီးတို့ကို သင်ကြားသွားရာတွင် လုပ်ငန်း၏ လွယ်ခြင်း၊ ခက်ခြင်း အဆင့်ဆင့်တို့ကို အစဉ်လိုက်တဖြည်းဖြည်းချင်း စီစဉ်ဆောင်ရွက်တတ်ခြင်း မရှိဘဲ ထိုလုပ်ငန်းအသီးသီးတို့ကို အဆင်သင့်သလို ၎င်း၏ထင်မြင်ချက်ပေါ်မူတည်၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ သင်ယူမှုလုပ်ငန်းစဉ် (၁) က ကျောင်းသား အများစုအတွက် လွယ်လွန်းနေပြီး သင်ယူမှုလုပ်ငန်းစဉ် (၂) မှာမူ ခက်လွန်းနေမည်။ အဆင့် တစ်ဆင့်ချင်းသို့တိုး၍ လွယ်ရာမှ ခက်ရာသို့၊ သိရာမှ မသိရာသို့၊ စီကာစဉ်ကာ အဆင့်ဆင့်ကူးပြောင်း ချိတ်ဆက်ပေးခြင်း ရှိမည်မဟုတ်ချေ။
- ကျွမ်းကျင်ပညာရှင်က ကျောင်းသားတို့၏ မှားနေသောအယူအဆများကို ပြင်ဆင်ပေးနိုင်စွမ်း မရှိနိုင်ပါ။ ထိုပညာရှင်သည် အဖြေမှန်ကိုသိရှိသော်လည်း အဘယ်ကြောင့်မှန်သည်ကို ရှင်းမပြတတ်ချေ။ ထိုနည်းတူ ကျောင်းသားတို့ အဘယ်ကြောင့်မှားသည်ဆိုသည့် အကြောင်းရင်းကိုလည်း ရှာတတ်မည် မဟုတ်ချေ။
- စစ်ဆေးအကဲဖြတ်ခြင်းများကိုလည်း (SME) က ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။ (သင်ယူစဉ် စစ်ဆေးခြင်းနှင့် သင်ယူပြီးစစ်ဆေးခြင်း)
- အတန်းစီမံခန့်ခွဲမှုတွင်လည်း လစ်ဟင်းမှုရှိနိုင်သည်။ ကျွမ်းကျင်ပညာရှင်က ကျောင်းသားများ စိတ်ဝင်စားစွာ နားထောင်သင်ယူစေရန် မည်သို့ ညွှန်ကြားချက်ပေးရမည်။ မည်သို့လေသံ၊ မည်သို့ဟန်ပန်နှင့် ထိန်းသိမ်းရမည်ကို သိမည်မဟုတ်ပါ။ မည်သို့ ထိရောက်စွာညွှန်ကြားမှု ပေးရမည်ကိုလည်း မသိနိုင်ပါ။
- စည်းကမ်းထိန်းသိမ်းမှုလည်း လိုအပ်နေမည်ဖြစ်သည်။ ပြဿနာအသွင်ဆောင် အပြုအမူများကို မည်သို့ကိုင်တွယ်ထိန်းသိမ်းရမည်ကို ဘာသာရပ်ကျွမ်းကျင်ပညာရှင် အနေနှင့် မသိရှိနိုင်ပါ။

• ငယ်ရွယ်သောကလေးများအား သင်ကြားရာတွင် ၎င်းတို့သည် တက်ကြွဖျတ်လတ်စွာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကို နှစ်သက်ကြသည်။ အတန်းငယ်မှ ကလေးငယ်များသည်

တက်ကြွလှုပ်ရှားမှု ပါဝင်သောသင်ခန်းစာများကို သင်ပေးမှသာ စိတ်ဝင်စားတတ်ကြသည်။ ကလေးများနှင့် အချိန်ကြာရှည်စွာ အာရုံစိုက်နားထောင်ရသော ပို့ချချက်သင်ခန်းစာတို့မှာ သဘာဝချင်း မကိုက်ညီပါ။ သူတို့သည် အာရုံစိုက်မှုကို ကြာရှည်ထိန်းသိမ်းနိုင်စွမ်း မရှိကြသေးချေ။ သင်ခန်းစာကို ကြာရှည်စွာနားထောင်ရလျှင် လျင်မြန်စွာ ပျင်းရိငြီးငွေ့လာတတ်ကြပြီး စည်းကမ်းပျက်လာမည့်အလားအလာများ တိုးပွားလာမည်။ ထို့ပြင် ကလေးများ၌ ရေတိုအာရုံစိုက်နိုင်စွမ်းသာ ရှိကြသည့်အတွက် အချိန်ကြာမြင့်စွာ သင်ကြား၍ မရနိုင်ပါ။ သူတို့အား တက်ကြွလှုပ်ရှားမှုမပါဝင်ပဲ သင်ပေးလျှင် စည်းကမ်းမပျက်သည့်တိုင်အောင် ထိုသင်ခန်းစာတို့ကို ရရှိတတ်မြောက်နိုင်မည် မဟုတ်ပါ။ အသက်အရွယ်ပိုကြီးသောကလေးများနှင့် အရွယ်ရောက်ပြီးလူငယ်များ၌မူ ရေရှည်မှတ်နိုင်စွမ်းအားရှိကြသည်။ အချိန်ကြာရှည်စွာ အာရုံစိုက်စွမ်းရည်အပြင် လေ့လာရာ၌ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများ ပိုမိုရရှိလာကြသည်။ ထို့ကြောင့် ကြာရှည်စွာအာရုံစိုက်နိုင်လာသော သင်ယူမှုပုံစံမှတစ်ဆင့် သင်ခန်းစာ အကြောင်းအရာများ ပို၍များများ သင်ယူနိုင်လာကြသည်။ မှတ်စုထုတ်ခြင်း၊ ပြန်လည်သုံးသပ်တတ်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်လာသည်။

- (SMK) နှင့် (PCK) အသိပညာနှစ်မျိုးစလုံးသည် အရေးပါကြသည်။ ဤနေရာတွင် ကျောင်းသားတို့ တင်ပြလာသော ထင်မြင်ချက်များကို လက်ခံပေးပါ။ ၎င်းတို့အား ၎င်းတို့၏ ထင်မြင်ချက်ကိုဖော်ပြရန်နှင့် ခိုင်လုံမှုနှင့်ကျိုးကြောင်းညီညွတ်မှုရှိစေရန် မြန်မာနိုင်ငံမှ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်ကို ရည်ညွှန်းကိုးကားပြသင့်ကြောင်း အားပေးပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ မြန်မာ (TCSF) က သင်ကြားမှုဆိုင်ရာ ရှုထောင့်အသီးသီးနှင့် သက်ဆိုင်နေကြောင်းနှင့် (SMK) နှင့် (PCK) နှစ်မျိုးစလုံးသည်လည်း ဆရာတစ်ဦးအတွက် အရေးပါကြောင်း ဖော်ပြထားချက်ကို ကျောင်းသားတို့ သိရှိလာအောင် ထောက်ပြမှတ်သားစေမည်။

၂။ ယခုလေ့ကျင့် သင်ကြားထားပြီးသည့်အဆင့်တွင် ကျောင်းသားများအနေနှင့် သင်ကြားရေးကျွမ်းကျင်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာအောင် မည်သို့လုပ်ဆောင်ရန် ရည်ရွယ်ထားပုံကို နှစ်ယောက်တစ်တွဲစီတွဲ၍ အတိုချုံးဆွေးနွေးစေရမည်။ (SMK) နှင့်

(PMK) နှစ်မျိုးအနက် မည်သည့်အသိပညာကို ပိုမိုတိုးတက်ကောင်းမွန်အောင် အလေးထား ကြိုးပမ်းဆောင်ရွက်လိုသနည်းဟု ဆွေးနွေးစေမည်။ အခြားမည်သည့် အခြေခံအသေးစိတ် အချက်အလက်တို့ကို ဦးတည်အလေးပေးဆောင်ရွက်ရန် လိုအပ်သနည်းကိုလည်း စဉ်းစားစေရမည်။

### ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ (PCK) နှင့် (SMK) တို့အကြောင်း ပိုမိုပြည့်စုံစွာ သိရှိနိုင်စေရန် ပထမစာသင်နှစ်ဝက်က လေ့လာခဲ့သော အခန်းငယ် (၂.၁) ကိုရည်ညွှန်းကိုးကား ကြည့်ရှုပါ။

သင်ယူမှုလုပ်ငန်း ၂။ ။ လိုအပ်ပါက SME အခြေပြု သင်ခန်းစာတစ်ခုသင်ကြားပုံ ဗီဒီယိုကား တစ်ခုကိုပြသပါ။ သို့မဟုတ် SME ပုံစံသင်ခန်းစာ သင်ကြားပုံကို သရုပ်ပြသင်ကြားပါ။ ဥပမာအဖြစ် Ferris Buelloo’s Day off (1986) ရုပ်ရှင်ကားကို အွန်လိုင်းဝက်ဘ်ဆိုက်ဒ်တွင် တွေ့ရှိနိုင်သည်။

https://www.youtube.com/watch?v=yUjhSbjxuXa(inEnglish)

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** သင်နည်းဗေဒဆိုင်ရာအသိပညာ (PCK) နှင့် ဘာသာရပ်ဆိုင်ရာအသိပညာ (SMK) တို့ အကြား ခြားနားချက်မှာအဘယ်နည်း။

**အဖြေ။** *သင်နည်းဗေဒဆိုင်ရာအသိပညာ (PCK) ဆိုသည်မှာ ဆရာတို့အတွက် အထူးသီးသန့် တတ်သိရန်လိုအပ်သော အသိပညာတစ်မျိုးဖြစ်သည်။ ထိုအသိပညာသည် ဆရာတို့ သိရှိထားသော ဘာသာရပ်ဆိုင်ရာ အသိပညာ (SMK) နှင့် ၎င်းတို့၏သင်ကြားမှုဆိုင်ရာ နားလည်သဘောပေါက်မှုတို့ကို ဆက်စပ်ချိတ်ဆက် ပေးနိုင်သည့်ပုံစံနှင့် ဆက်စပ်ချိတ်ဆက်ပုံ၊ ချိတ်ဆက်နည်းပေါ် အခြေခံထားကာ ပေါ်ပေါက်လာရသည်။ ဘာသာရပ်ဆိုင်ရာအသိပညာ (SMK) ဆိုသည်မှာ သက်ဆိုင်ရာဘာသာရပ် တစ်ခုအကြောင်း ရေးသားဖော်ပြထားသည့် ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်တို့၏ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ အယူအဆများ သို့မဟုတ် အချက်အလက်များဖြစ်သည်။*

**မေးခွန်း ၂။** သင်နည်းဗေဒဆိုင်ရာအသိပညာ (PCK) တွင် ဖွဲ့စည်းပါဝင်နေသော အခြေခံကျသည့် အချက်အလက်အချို့ကို စာရင်းပြုစုဖော်ပြပါ။

**အဖြေ။** *အောက်ပါအချက်အလက်တစ်ခုခု သို့မဟုတ် အခြားအချက်အလက်များကို လက်ခံပေးပါ။ သင်ကြားမှု ဆိုင်ရာ ချဉ်းကပ်နည်းအသွယ်သွယ်အဝဝတို့ကို ဝေဆာစွာအသုံးပြုခြင်း၊ ကျွမ်းကျင်မှုများကို သင်ကြားပေး နိုင်သော စွမ်းရည်ရှိခြင်း (ဥပမာ - စာဖတ်ကျွမ်းကျင်မှု၊ အရေးအသားကျွမ်းကျင်မှု၊ လူမှုပေါင်းသင်း ဆက်ဆံရေး ကျွမ်းကျင်မှုများ၊ ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ)၊ သင်ယူမှုလုပ်ငန်း အသီးသီးတို့ကို သိရှိသည့် အသိပညာ၊ နမူနာ လုပ်ဆောင်ပြရာတွင်နှင့် သရုပ်ပြရာတွင် နည်းလမ်းအသွယ်သွယ်သုံး၍*

*လုပ်ဆောင်တတ်သောစွမ်းရည် (ဥပမာ - သင်္ဂြာန်တူလုပ်ငန်းများပေးခြင်း၊ သရုပ်ဖော်ပုံများသုံးခြင်း၊ ဥပမာများ ပေးခြင်း၊ ရှင်းလင်းပြသခြင်း၊ ဝတ္ထုစစ်များသုံးခြင်း၊ ကျောင်းသားထံမှ စိတ်ကူးများ ထွက်လာအောင် မေးခွန်းမေးခြင်း စသည်)။ စစ်ဆေးအကဲဖြတ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့အကြောင်းကို နားလည်သဘောပေါက်ခြင်း၊ သင်ရိုးညွှန်းတမ်းကိုသိရှိခြင်း၊ သင့်တော်သော သင်ယူမှုဆိုင်ရာရင်းမြစ်များ၏ အသုံးချနိုင်မှု ရရှိသုံးစွဲနိုင်မှုကို သိရှိသော အသိပညာရှိခြင်း၊ သင်ခန်းစာကို ကျောင်းသားတို့ နိုင်နင်းစွာ သင်ယူနိုင်စေရန် အခြေအနေအလိုက် တစ်ဆင့်ချင်းစီ ရှေ့နောက်စီစဉ် သင်ယူတတ်အောင် မည်သို့ ဆောင်ရွက်ရမည်ကို နားလည်သဘောပေါက်ခြင်း၊ သင်ခန်းစာပြင်ဆင်ရန်နှင့် သင်ခန်းစာကို ရှေ့နောက်၊ လွယ်ခက် စနစ်တကျ စီစဉ်ရန် ဆောင်ရွက်တတ်သော စွမ်းရည်ရှိခြင်း၊ ကျောင်းသားတို့၏ အယူအဆ အမှားများကို သိရှိမှတ်သားနိုင်စွမ်းနှင့် ကိုင်တွယ် ဖြေရှင်းနိုင်စွမ်းရှိခြင်း၊ သင်ခန်းစာ သင်ကြားနေစဉ် ပေါ်ပေါက်လာတတ်သော ပြဿနာများကို ကြိုတင်သိမြင် တွေးဆတတ်ခြင်း၊ စီမံကွပ်ကဲပြင်ဆင်တတ်ခြင်းနှင့် တုံ့ပြန်ဖြေရှင်းတတ်ခြင်း စွမ်းရည်ရှိခြင်း၊ ဆရာတစ်နေ့တာ ကျောင်းလုပ်ငန်းတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲ၊ အဟန့်အတား စသည်တို့ကို အလေးထား ကိုင်တွယ်ဆောင်ရွက်တတ်ခြင်းနှင့် တာဝန်ခံတတ်ခြင်း။)*

# ၁၀.၅။ ဆရာအတတ်ပညာ ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး

ဆရာအတတ်ပညာကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း အသင်းအဖွဲ့ ကွန်ရက်တစ်ခု ဖွဲ့စည်းခြင်းနှင့် သင်ကြားမှုသင်ယူမှု ဝန်းကျင်ဖွဲ့စည်းခြင်း စသည်တို့ဖြစ်သည်။ ထိုအစီအစဉ် တစ်ခုချင်းစီ၌ ၎င်းတို့၏ သက်ဆိုင်ရာ (ကိုယ်ပိုင်) ရည်ရွယ်ချက်နှင့် အသေးစိတ် ဦးတည်ချက်အသီးသီးတို့ ရှိကြသည်။ ဤအခန်း၌ ပညာရေးကွန်ရက်များ ဖွဲ့စည်းနိုင်ရေးကို အလေးပေးဦးတည်လျက် ပညာရပ်ဆိုင်ရာသင်ယူမှုအသိုက်အဝန်းများ ထူထောင်ခြင်းအကြောင်းကို လေ့လာရမည်ဖြစ်သည်။ အတန်းဖော် ကျောင်းသားများနှင့် အတူတွဲ၍ ပညာရေးကွန်ရက်တစ်ခု ဖွဲ့စည်းရန်အတွက် အသေးစိတ်အစီအစဉ်ကို ရေးဆွဲရမည်ဖြစ်သည်။ ထို့နောက် ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအစီအစဉ်၌ အသုံးပြုမည့် ဆွေးနွေးရန် အဓိကကျသည့် အကြောင်းအရာများကို ရွေးချယ်စုစည်းရာတွင် အားလုံးကသဘောတူညီနိုင်မည့် ရွေးချယ်ရေးနည်းလမ်းတစ်ခု ရှာဖွေ ရမည်ဖြစ်သည်။

## ၁၀.၅.၁။ သင်ယူမှုအသိုက်အဝန်းများ ထူထောင်ဖွဲ့စည်းခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် ပညာရေးကွန်ရက်များ အသုံးပြုခြင်း၏ ကောင်းကျိုး/ဆိုးကျိုးများကို ဆွေးနွေးတတ်မည်။
- ကျောင်းသားများအတွက် ဆရာအတတ်ပညာ သင်ယူလေ့လာရာ၌ ကွန်ရက်ဖွဲ့စည်း ဆောင်ရွက်ရေးအစီအစဉ်တစ်ခု ရေးဆွဲတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက်အခြားဆရာများ၊မိဘများ၊ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) ၃.၁။ ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ကွန်ရက် ဖွဲ့စည်းရန် အစီအစဉ်ရေးဆွဲခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၅.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်းနိုင်သော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ (TCSF) မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် မိတ္တူစာရွက်များ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလုပ်ငန်း (မိနစ် ၅၀)

၁။ သင်ခန်းစာကို မိတ်ဆက်အစပျိုးရန်အတွက် ကျောင်းသားများအား ဤသို့မေးပါ။ အကယ်၍ ၎င်းတို့ကို ကောလိပ်ကျောင်းအုပ်ကြီးက ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးအတွက် ပညာရေး ကွန်ရက်တစ်ခု ဖွဲ့စည်းတည်ထောင်စေသည် ဆိုပါစို့။ ရန်ပုံငွေအနည်းငယ်လည်း ရနိုင်သည်ဆိုပါစို့။ ထိုကဲ့သို့ ကွန်ရက်တစ်ခုဖွဲ့စည်းရန် ၎င်းတို့အနေနှင့် မည်သည့်တို့ကို တောင်းဆိုဆန္ဒပြုလိုသနည်း ဟုမေးမြန်းပါ။

၂။ ကျောင်းသားများကို (၄) ယောက်တစ်စု သို့မဟုတ် (၅) ယောက်တစ်စုစီ အုပ်စုဖွဲ့ပါစေ။ ထို့နောက် အုပ်စုတွင်းရှိ ကျောင်းသားအချင်းချင်း ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာခေါင်းစဉ် (၁၀.၅.၁) မှ အကြောင်းအရာတို့ကို ဆွေးနွေးပါစေ။ ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကိုသုံး၍ ကျောင်းသားများအတွက် ပညာရေးကွန်ရက် ဖွဲ့စည်းနိုင်ရေးကို ဆွေးနွေးတင်ပြပါစေ။

၃။ ကျောင်းသားတို့၏ တုံ့ပြန်အကြံပြုချက်များကို ရယူပါ။ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးရေး ကွန်ရက်ဖွဲ့စည်းရေးအတွက် အဓိကကျသော အချက်အလက်များကို ရှာဖွေစေရာတွင် စာရင်းတိကျစွာ ပြုစုနိုင်စေရန် ရည်ရွယ်ပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

တုံ့ပြန်အကြံပြုချက်များကို ရယူပါ။ ထိုလုပ်ငန်းနှင့် စောင့်ကြည့်လေ့လာသော လုပ်ငန်းတို့မှတစ်ဆင့် ဆရာအတတ်ပညာကျွမ်းကျင်မှုဖွံ့ဖြိုးရေး ကွန်ရက်ဖွဲ့ခြင်းအယူအဆနှင့် ကိုယ်တိုင်လေ့လာ သင်ယူခြင်းအတွက် ဖတ်ရှုလေ့လာခြင်းအကြောင်း ကျောင်းသားတို့၏ နားလည်မှုကို သင်ယူစဉ် စစ်ဆေးခြင်းအဖြစ် ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

တုံ့ပြန်မှု အမျိုးမျိုးရှိမည်။ ကျောင်းသားများ၌ အတွေးအခေါ်နှင့် စိတ်ကူးစိတ်သန်း ကြွယ်ဝနိုင်သည်။ ၎င်းတို့ တင်ပြလာချက်များတွင် နေရာထိုင်ခင်း၊ ဆွေးနွေးပွဲကျင်းပရန် အချိန်၊ ဟောပြောပို့ချသူ ပညာရှင်ဧည့်သည်များအား ဖိတ်ကြားခြင်း၊ သင်ကြားရေးဆိုင်ရာရင်းမြစ်များ၊ ရရှိသုံးစွဲနိုင်သော နည်းပညာများနှင့် ကျယ်ပြန့်စွာ ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းများတို့ ပါဝင်စေသင့်သည်။

### ဒုတိယစာသင်ချိန်

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလုပ်ငန်း (ဆက်လက်ဆောင်ရွက်မှု) (မိနစ် ၄၀)

၁။ ယခင်စာသင်ချိန်က စာရင်းပြုစုထားသော ဆရာအတတ်ပညာဖွံ့ဖြိုးရေး ကွန်ရက်ဖွဲ့စည်းရန် အရေးပါသည့် အခြေခံအချက်အလက်များကို ပြန်လည်သုံးသပ်လေ့လာပါ။

၂။ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ(၁၀.၅.၁)တွင်ဖော်ပြထားသည့် 'ဆရာအတတ်ပညာ ဖွံ့ဖြိုးရေး ကွန်ရက်ဖွဲ့စည်းရန် လုပ်ငန်းအစီအစဉ်' ပါသော ဇယားကိုအသုံးပြုလျက် ထိုကွန်ရက်မျိုးတစ်ခု ဖွဲ့စည်းရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းလုပ်ငန်းကို ကျောင်းသားတို့အား စတင်လုပ်ဆောင်စေရမည်။ ဤသင်ခန်းစာတွင် ၎င်းတို့အနေနှင့် အချက်အလက် (၁)၊ (၅) နှင့် (၆) တို့ကိုသာ လေ့လာဆွေးနွေးစေရမည် ဖြစ်သည်။

၃။ ၎င်းတို့ စဉ်းစားရရှိလာသောစိတ်ကူးများကို တစ်တန်းလုံးနှင့် ဝိုင်းဝန်းဆွေးနွေးပါစေ။ ကျောင်းသားများအနေနှင့် စိတ်ကူးစိတ်သန်းအသစ်များ စဉ်းစားကြံဆလာတတ်စေရန်နှင့် လိုအပ်သောအကြံပြုချက်များ ပေးလာနိုင်စေရန်အတွက် စဉ်းစားဆွေးနွေးချိန် အလုံအလောက် ပေးပါ။

၄။ အချက်အလက် (၁)၊ (၅) နှင့် (၆) တို့ကို ဆွေးနွေးပြီးသည့်အခါ ၎င်းတို့ရေးဆွဲထားသော အစီအစဉ်ကို မွမ်းမံပြုပြင်ခြင်း၊ အချောသပ်ခြင်းပြုစေမည်။ ကျန်အချက်များကိုမူ နောက်ထပ် စာသင်ချိန်ကျမှသာလျှင် ဆွေးနွေးစေမည်။

၅။ တုံ့ပြန်အကြံပြုချက်များကို ရယူပြီး အရေးပါသောအချက်များကို သင်ပုန်းပေါ်၌ ရေးပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အချက်အလက်တစ်ခုစီအတွက် တုံ့ပြန်အကြံပြုချက် အမျိုးမျိုးရရှိနိုင်ရန် အုပ်စုအသီးသီးတို့ထံမှ အပြည့်အစုံ ရယူပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုတစ်ခုမှအဖြေနှင့် အခြားတစ်ခုမှ အဖြေတို့သည် ကွဲလွဲမှုကြီးမားလာနိုင်သည်။ အဖြေများသည် လုံးဝခမ္မမိဋ္ဌာန်ကျမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

မြန်မာနိုင်ငံ ပညာရေးကောလိပ်များတွင် ဖွဲ့စည်းမည့် ဆရာအတတ်ပညာဖွံ့ဖြိုးမှုကွန်ရက်သည် မြန်မာနိုင်ငံမှ ဆရာများ တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ပါ မျှော်မှန်းသတ်မှတ်ချက်များ ပြည့်မီစေရေးကို ဦးတည်ရည်ရွယ်ချက် ထားသင့်သည်။ ကွန်ရက်အဖွဲ့ဝင်များကိုလည်း (TCSF) တွင် သတ်မှတ်ပေးထားသည့် ပညာရပ်နယ်ပယ်အားလုံး တိုးတက်စေရေးအတွက် အခွင့်အလမ်းများကို ဖွင့်ပေးထားရမည်။

### အိမ်စာလုပ်ငန်း

ကျောင်းသားများအား 'ဆရာအတတ်ပညာဖွံ့ဖြိုးရေး ကွန်ရက်ဖွဲ့စည်းရန် လုပ်ငန်းအစီအစဉ်' တွင် ပါဝင်သည့်အချက် အမှတ် (၁)၊ (၅) နှင့် (၆) တို့ကို TCSF နှင့် ချိတ်ဆက် ဆက်သွယ်မှု ပြုပေးရန် အိမ်စာလုပ်ငန်းအဖြစ် ပေးနိုင်သည်။

ကျောင်းသားများအနေနှင့် ဆရာအတတ်ပညာဖွံ့ဖြိုးမှုကွန်ရက်များတွင် ပါဝင်ဆောင်ရွက်ဆွေးနွေးခြင်းဖြင့် အတတ်ပညာဖွံ့ဖြိုးစေမည့် အချက်အလက်များ ရရှိနိုင်စေရန် ပညာရေးကောလိပ် စီမံခန့်ခွဲရေးဆိုင်ရာ အကြီးအကဲများထံမှ ပံ့ပိုးမှုရယူခြင်းသည် မည်သည့်နည်းအားဖြင့် အထောက်အကူ ဖြစ်စေသနည်း။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကျောင်းသားတို့ ရေးဆွဲထားသော ကွန်ရက်ဖွဲ့စည်းရေး အစီအစဉ်များတွင် ကျောင်းသားအားလုံး အကျုံးဝင် ပါဝင်နိုင်စေမှု သဘောတရားများ ထည့်သွင်းရန် မှာကြားပါ။

## ၁၀.၅.၂။ ကျောင်းသားများအတွက် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးကွန်ရက်ဖွဲ့စည်းရန် စီစဉ် ဆောင်ရွက်ခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကျောင်းသားများအနေနှင့် ကွန်ရက်အတွင်း ပါဝင်လေ့လာ ဆွေးနွေးခြင်းဖြင့် ၎င်းတို့၏ တာဝန်များကို မည်သို့ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) ကို ကိရိယာတစ်ခုသဖွယ် အသုံးပြု၍ ပညာရည်ပြည့်ဝရေးအတွက် စဉ်ဆက်မပြတ် ပညာဆည်းပူးလေ့လာမှု ပြုတတ်မည်။
- ပညာရေးဘွဲ့သင်တန်းတက်ရောက်ဆဲ ကာလအတွင်းမှာပင် ကျောင်းသားများအနေနှင့် ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို ခိုင်မာတောင့်တင်းစေမည့် အစီအစဉ်များ သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောနည်းဗျူဟာများကို ပြုစုတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေးအတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်းပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ကွန်ရက်ဖွဲ့ရန် အစီအစဉ်များ ရေးဆွဲခြင်း၊ ရှင်းလင်းပြခြင်း၊ ပို့ချခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၁၀.၅.၂) ကို ဖတ်ထားပါ။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ၊ 'ကိုးမြှောင့်စိန်တုံးပုံသဏ္ဍာန်' အဆင့်ခွဲခြားသတ်မှတ်ပုံ သတ်မှတ်နည်းကို သင်ပုန်းပေါ်၌ရေးပြထားခြင်း၊ (TCSF) မိတ္တူ စာရွက်များ၊ စစ်တမ်းကောက်ယူရန် စာရွက်ပိုင်းငယ်များ (ဒုတိယ စာသင်ချိန်သုံးရန်)။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ သင်ခန်းစာကို မိတ်ဆက်ပေးခြင်း (၁၅ မိနစ်)

၁။ ဤသင်ခန်းစာကို မိတ်ဆက်ပေးရန် ကျောင်းသားများအား သင်ခန်းစာ (၁၀.၅.၂) ကို ရည်ညွှန်း ဖတ်ရှုစေမည်။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲစေပြီး ဆရာ အတတ်ပညာဖွံ့ဖြိုးရေး ကွန်ရက်၌ ဆွေးနွေးသင့်သည့် အဓိကအချက်အလက်များကို ရွေးချယ်ရာတွင် အရေးပါမှု အဆင့်အတန်း ခွဲခြားသတ်မှတ်နည်း (ranking method) ကို အဘယ်ကြောင့် အသုံးပြုသင့်ကြောင်းကို ဆွေးနွေးစေရမည်။

၂။ ကျောင်းသားများအား (၄) ယောက်တစ်အုပ်စု သို့မဟုတ် (၅) ယောက်တစ်အုပ်စုအဖြစ် အုပ်စုများ ဖွဲ့စည်းပေးပါ။ ထိုကျောင်းသား အုပ်စုများအား ကွန်ရက်အဖွဲ့အစည်းထဲ၌ အမှန်တကယ်ပါဝင် ဆွေးနွေးနေသည့် အလားသဏ္ဍာန်တူသရုပ်ဆောင်စေရမည်။ ထိုသို့ ဆွေးနွေးရာတွင် ပါဝင်ဆွေးနွေးသူ အသီးသီးတို့တွင် ခြားနားသောဦးစားပေးမှုနှင့် ခြားနားသောစိတ်ဝင်စားမှု အသီးသီးတို့ ရှိနေကြသည် ဆိုပါစို့။ ဆွေးနွေးမည့်ခေါင်းစဉ်များ၏ အရေးပါမှုကို အဆင့်ခွဲခြား သတ်မှတ်ပေးနိုင်မည့်နည်းတစ်ခုကိုသာ မသုံးခဲ့လျှင် ၎င်းတို့ ဆွေးနွေးပွဲမည်သို့ ဖြစ်ပျက်နိုင်သနည်း။

၃။ ဤဆွေးနွေးပွဲ၏ရလဒ် မည်သို့ဖြစ်မည်ကို ကျောင်းသားတို့အား မေးမြန်းပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားတို့ ဆွေးနွေးမှု၊ သရုပ်ဆောင်မှုတို့ကို နားထောင်ကြည့်ရှုလေ့လာခြင်းအားဖြင့် ၎င်းတို့အနေနှင့် အရေးပါမှုအဆင့် ခွဲခြားသတ်မှတ်ပြီး ဦးစားပေးအစီအစဉ် ခေါင်းစဉ်များအား ရွေးချယ်မှု၏အရေးပါပုံကို သဘောပေါက်လာမှု ရှိ/မရှိ ဆရာက စစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကွန်ရက်ဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အဓိကအကြောင်းအရာ အချက်အလက်များကို ဦးစားပေး အစီအစဉ်တစ်ခုသတ်မှတ်ကာ ရွေးချယ်တတ်ရန် အရေးကြီးပါသည်။ အရေးပါမှု အဆင့်အတန်း သတ်မှတ်ခြင်းမရှိဘဲ ခေါင်းစဉ်များကို ကြုံရာကျပန်းရွေးချယ်မိပါက မည်သည့်ပညာရပ်နယ်ပယ်မှ ဖွံ့ဖြိုးမှုအခွင့်အလမ်းများကို အလေးပေးဆွေးနွေးရမည်ဟု ဆုံးဖြတ်ရာတွင် ကျိုးကြောင်းဆီလျော်မှုမရှိနိုင်ချေ။ အရေးပါမှုအဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်း နည်းကိုသုံး၍ ဦးစားပေးအစီအစဉ် ချမှတ်ရွေးချယ်မှု မရှိခဲ့လျှင် ဆွေးနွေးပွဲတစ်ခုလုံး အငြင်းပွား နေရမည့်အလားအလာရှိပြီး ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်လည်း အထမမြောက်နိုင်ပါ။ ပါဝင် ဆွေးနွေးမည့်သူအားလုံးက မိမိလိုအပ်ချက် အသီးသီးတို့ကိုသာ ဆွေးနွေးပေးရန် တောင်းဆိုနေလျှင် ဘုံသဘောတူညီမှုကို မည်သည့်အခါမျှ မရနိုင်ချေ။ ထို့ပြင် ပါဝင် တက်ရောက်သူတို့၏ စိတ်၌ ၎င်းတို့ဦးစားပေး အစီအစဉ်များကို ဆွေးနွေးပွဲက အရေးတယူလေးစားမှု မရှိဟု ခံယူသွားနိုင်မည်။ ထိုအခါမျိုးတွင် စည်းဝေး ဆွေးနွေးရာ၌ ထိုသူတို့က စိတ်ပါ ဝင်စားမှုမရှိတော့ဘဲ ဆွေးနွေးပွဲရလဒ်ကလည်း ၎င်းတို့အတွက် တန်ဖိုးမရှိသကဲ့သို့ ဖြစ်သွား နိုင်သည်။

ခေါင်းစဉ်များ၏ အရေးပါမှုအဆင့်အတန်းကို ခွဲခြားသတ်မှတ်ခြင်းနည်းက ပါဝင်ဆွေးနွေးလိုသူတို့၏ ဆန္ဒသဘောထားကို ထည့်သွင်းစဉ်းစားပေးနိုင်သည်။ သို့ဖြစ်ပါ၍ ခေါင်းစဉ်များကို စနစ်တကျ ရွေးချယ်နိုင်ရန် အရေးပါမှု အဆင့်သတ်မှတ်ခြင်း၊ အဆင့်ခွဲခြင်းနည်းကိုသုံးသင့်ပါသည်။

## သင်ယူမှုလုပ်ငန်း ၂ ။ ကိုးမြှောင့်စိန်တုံး ပုံသဏ္ဌာန် အဆင့်ခွဲခြားသတ်မှတ်နည်း (၂၅ မိနစ်)

၁။ 'ကိုးမြှောင့်စိန်တုံး ပုံသဏ္ဌာန်' အဆင့်ခွဲခြားသတ်မှတ်ခြင်းနည်းအကြောင်းကို တစ်တန်းလုံးသိရှိ နားလည်အောင် ဆရာက ရှင်းပြရမည်။ အခြားဥပမာပေးလိုသူ ကျောင်းသားများရှိပါကလည်း ဖိတ်ခေါ်ပါ။

၂။ ကျောင်းသားအုပ်စုများကို (၄) ယောက်တစ်အုပ်စု၊ (၅) ယောက်တစ်အုပ်စု စသည်ဖြင့်

စုဖွဲ့ပေးပါ။ ထို့နောက် 'ကိုးမြှောင့်စိန်တုံးပုံသဏ္ဌာန် အဆင့်ခွဲခြားသတ်မှတ်ခြင်းနည်း' (Diamond nine ranking Method) ကိုသုံး၍ ကွန်ရက်ဆွေးနွေးပွဲများတွင် အလေးပေးဆွေးနွေးမည်။ ခေါင်းစဉ်များ၏ ဦးစားပေး အစီအစဉ်ကို ရှာဖွေသတ်မှတ်ပေးရန် ပြောပါ။ (TCSF) ကို ရည်ညွှန်းကိုးကားစေမည်။

၃။ ကျောင်းသားအုပ်စုများအား ၎င်းတို့ ရှာဖွေသတ်မှတ်ပေးလိုက်သည့် ထိပ်တန်းဦးစားပေး (very high priority) အဆင့်ရှိ ခေါင်းစဉ်များနှင့် အထူးဦးစားပေး (high priority) အဆင့်ရှိ ခေါင်းစဉ်များကို အတန်းသို့မျှဝေစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလုပ်ငန်းကို စောင့်ကြည့်လေ့လာရင်း ကျောင်းသားများအနေနှင့် ကိုးမြှောင့်စိန်တုံးပုံသဏ္ဌာန် ဦးစားပေး အစီအစဉ်ချမှတ်ပေးခြင်းနည်းကို နားလည်မှု ရှိ/မရှိ ဆရာက စစ်ဆေး အကဲဖြတ်ပေးနိုင်သည်။ ဦးစားပေး အစီအစဉ်များ သတ်မှတ်ရာတွင် အုပ်စုတစ်ခုနှင့်တစ်ခု ဆက်သွယ်ဆောင်ရွက်ပုံနှင့် စေ့စပ်ညှိနှိုင်းပုံကိုလည်း စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အုပ်စုတစ်ခုချင်းစီ၏ ဦးစားပေးမှု ခြားနားချက်အလိုက် တုံ့ပြန်မှုအမျိုးမျိုးရလာနိုင်မည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

တစ်တန်းလုံးမျက်နှာစုံညီ ဆွေးနွေးညှိနှိုင်းပြီးနောက် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးကွန်ရက်များ ဖွဲ့စည်းနိုင်ရေးအစီအစဉ်များကို ထပ်မံအချောသပ်ရေးဆွဲနိုင်စေရန်သုံးသည့် အဓိကအချက် (၃) ခု သို့မဟုတ် (၄) ခုကို အများသဘောတူညှိနှိုင်းခြင်းဖြင့် အတည်ပြုထားမည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း (၄၅) မိနစ်

၁။ ယခင်စာသင်ချိန်တွင် ဆရာက အတည်ပြုသတ်မှတ်ရွေးချယ်ပေးခဲ့သော အများ သဘောတူထားသည့် ဆွေးနွေးရန်အဓိကအချက် (၃) ခု သို့မဟုတ် (၄) ခု အကြောင်း ပြန်လည်ဆွေးနွေးပါ။

၂။ ထိုအချက်များထဲမှ တစ်ခုစီကို အုပ်စုတစ်စုစီအတွက်လျာထားပြီး ဆွေးနွေးစေရန် ကျောင်းသားများအား တာဝန်ပေးမည်။ (ယခင်စာသင်ချိန်က ဖွဲ့ခဲ့သော အုပ်စုများအတိုင်း ဆက်လက် ဆောင်ရွက် စေမည်။) ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၅.၁) တွင် ပြထားသည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေး ကွန်ရက်ဖွဲ့စည်းရန် လုပ်ငန်းအစီအစဉ် ဇယားထဲမှ အပိုင်းအသီးသီးတွင် မေးထားသော မေးခွန်းများကိုဖြေ၍ ဇယားကွက်ကို ဖြည့်သွင်းစေရမည်။ ယခု စာသင်ချိန်တွင် ကျောင်းသားများသည် ၎င်းတို့ရေးဆွဲထားသော အစီအစဉ်များကို အချောသပ် ထပ်မံမွမ်းမံပြီး အတည်ပြုပေးရမည်ဖြစ်သည်။

၃။ အုပ်စုအားလုံး လုပ်ငန်းပြီးစီးသွားသည့်အခါ ရွေးချယ်ထားသောခေါင်းစဉ်တူညီနေသည့် အုပ်စုအသီးသီးတို့ကို တစ်ဖန်ထပ်မံပေါင်းစည်းစေပြီး ၎င်းတို့အားလုံးတစ်ညီတစ်ညွတ် တည်း ခြွင်းချက်မရှိ သဘောတူညီမှုရအောင် စေ့စပ်ညှိနှိုင်းဆွေးနွေးစေကာ ဆွေးနွေးရမည့် ခေါင်းစဉ်ကို နောက်ဆုံးအကြိမ် အချောသပ်အဆင့်အဖြစ် တစ်ခုတည်းရလာသည်အထိ ဆွေးနွေးစေမည်။

၄။ ဆွေးနွေးရန်ခေါင်းစဉ် တစ်ခုချင်းစီအတွက် တုံ့ပြန်အကြံပြုချက်များ ရယူပါ။ အကယ်၍ အချိန် မလုံလောက်ပါက အုပ်စုများက ရေးဆွဲထားသော အစီအစဉ်များကို စုဆောင်းကောက်ယူပြီး စစ်ဆေး အမှတ်ပေးနိုင်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားတို့၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးကွန်ရက်ဖွဲ့စည်းရန် အစီအစဉ် ရေးဆွဲနိုင်မှု စွမ်းရည်ကို ၎င်းတို့ပေးသော တုံ့ပြန်အကြံပြုချက်များမှ သို့မဟုတ် ရေးထားသောလုပ်ငန်းများကို စစ်ဆေးခြင်းမှ အကဲဖြတ်သိရှိနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ ကိုယ်ပိုင်စိတ်ကူးများနှင့် ဦးစားပေးမှုအလိုက်ဖြစ်နိုင်သော တုံ့ပြန်မှု အမျိုးအစားများ အလွန်များပြားနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ကျောင်းသားများအား အောက်ပါမေးခွန်းအတွက် မေးခွန်းနှင့် အဖြေကို စစ်တမ်းကောက်ယူရန် စာရွက်ပိုင်း တစ်ခုပေါ်တွင် တစ်ပါတည်းတွဲရေးစေ၍ ဆရာထံ တင်ပြစေမည်။ စစ်တမ်းကောက်ယူမှု စာရွက်ပိုင်းတစ်ခုပေါ်တွင် ရေးသားစေရမည်။ မိမိ၏ ညီငယ်/ညီမငယ် တစ်ဦးဦးက မိမိအား ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး သင်ယူလေ့လာနိုင်စေမည့် သင်ယူမှုကွန်ရက်ဆိုသည်မှာ အဘယ်နည်းဟု မေးလာခဲ့လျှင် မည်သို့ဖြေဆိုရှင်းလင်းပြမည်နည်း။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

ကွန်ရက်ဖွဲ့စည်းရေး အစီအစဉ်များဆွဲရာတွင် သက်ရှယ်အုပ်စုခြားနားသော ကျောင်းသားများ အတွက် တူညီသောခေါင်းစဉ်များကို ဆွေးနွေးစေရာတွင် လိုအပ်မည့် စိတ်ကူးများအယူအဆ များကိုပါ ထည့်သွင်းရေးဆွဲပေးရန် ကျောင်းသားတို့ကို မှာကြားမည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ဆရာအတတ်ပညာကျွမ်းကျင်မှုဖွံ့ဖြိုးရေး အခွင့်အလမ်းအမျိုးအစား (၃) ခုကို ဖော်ပြပါ။

***အဖြေ။*** *သင်တန်းများ*

- *ကျောင်းတွင်းအထူးအစီအစဉ်များ*
- *ကွန်ရက်များ*

**မေးခွန်း ၂။** ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးကွန်ရက်ဖွဲ့ရာ၌ဖြစ်စေ၊ ကွန်ရက်၌ ပါဝင်တက်ရောက် ဆွေးနွေးရာ၌ ဖြစ်စေ ထည့်သွင်းစဉ်းစားသင့်သော အဓိကအချက် (၆) ခုမှာ အဘယ်တို့နည်း။

***အဖြေ။*** *ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက် (၆) ခုတို့ကို အောက်တွင် စာရင်းပြုစုပေးထားသည်။ အသေးစိတ်အချက်အလက်များကိုမူ ကျောင်းသားကိုင် စာအုပ်မှ ဆရာအတတ်ပညာဖွံ့ဖြိုးရေးကွန်ရက်များ ဖွဲ့စည်းရန် လုပ်ငန်း အစီအစဉ်ဇယားတွင် တွေ့ရှိနိုင်သည်။*

- *ကွန်ရက်ဖွဲ့ရခြင်း ရည်ရွယ်ချက်။*
- *စည်းဝေးတွေ့ဆုံပွဲ (ဆွေးနွေးပွဲ) တစ်ခုစီ၌ ဆွေးနွေးမည့် အဓိကအချက်အချာ အကြောင်းအရာများ။*
- *ကွန်ရက်စည်းဝေး/ဆွေးနွေးပွဲများ၌ အသုံးပြုဆွေးနွေးမည့် အကြောင်း အရာများနှင့် စာအုပ်စာတမ်းများ။*
- *ကွန်ရက်စည်းဝေး/ဆွေးနွေးပွဲတစ်ခုနှင့် နောက်တစ်ခုကြားကာလတွင် ဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်။*
- *ကွန်ရက်စည်းဝေး/ဆွေးနွေးပွဲများ၌ ကျင့်သုံးရမည့် ကျင့်ဝတ်များ။*
- *ပံ့ပိုးမှုရယူခြင်း။*

# ၁၀.၆။ ဆရာများ၏ ဆရာအတတ်ပညာ ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး အတွက် သုတေသနလုပ်ငန်း၏ အရေးပါပုံ

အခန်းငယ် (၁၀.၂) တွင် ဆရာအတတ်ပညာကျွမ်းကျင်မှုဖွံ့ဖြိုးရေး ဆောင်ရွက်ရာ၌ သုတေသန အသုံးပြုမှုကို လေ့လာသင်ယူခဲ့ကြသည်။ သုတေသနပြုနည်းတစ်မျိုးမှာ မိမိတို့၏ ကိုယ်ပိုင်သင်ကြားမှု အလေ့အကျင့်တို့အပေါ် မိမိတို့ကိုယ်တိုင် စူးစမ်းလေ့လာ သုတေသနပြုခြင်း ဖြစ်သည်။ ဤကဲ့သို့ မိမိလုပ်ငန်းကို မိမိစနစ်တကျ ပြန်လည်ဆန်းစစ် လေ့လာစူးစမ်းမှုပြုခြင်းကို ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်ပြုစုခြင်း (Action-research) ဟုခေါ်သည်။ ကျောင်းသားတို့အား ထိုကဲ့သို့သော သုတေသနမျိုးတစ်ခုကို ဆောင်ရွက်စေပါမည်။ 'ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့် နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ' မော်ဂျူးတွင် ကျောင်းသားများရရှိခဲ့သော အသိပညာနှင့် ကျွမ်းကျင်မှုများကို ဤအခန်းမှရရှိလာမည်ဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့်ပေါင်းစပ်ကာ ထပ်မံအားဖြည့် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ အချို့သော သီအိုရီများနှင့် သုတေသနတွေ့ရှိချက်များကို ဖတ်ရှုလေ့လာခြင်းဖြင့် ကျောင်းသားများ သည် ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ပြုစုခြင်းအကြောင်းကို သိရှိနားလည် နိုင်လာမည်။ ထိုအခါ ၎င်းတို့၏ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ပြုစုရာတွင် ဤစိတ်ကူးစိတ်သန်းများကို ထည့်သွင်းအသုံးပြုလာနိုင်မည်။ ဤအခန်း၏ နောက်ဆုံးသင်ခန်းစာတွင် ကျောင်းသားတို့အနေနှင့် ဤအခန်းသင်ယူ တတ်မြောက်ပြီးသည်တို့ကို ပြန်လှန်လေ့လာ ဆန်းစစ်နိုင်စေမည့် ကစားနည်းတစ်ခုကို ထည့်သွင်းထားသည်။

## ၁၀.၆.၁။
## မိမိကိုယ်ပိုင် သင်ကြားရေးအလေ့အကျင့်ကို သုတေသနပြုခြင်း - ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် ပြုစုခြင်း (Action-research)

ဤသင်ခန်းစာတွင် ကျောင်းသားများသည် မိမိတို့ကိုယ်တိုင်ဆောင်ရွက်သည့် ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် စီမံချက်တစ်ခုကို စီစဉ်ရေးဆွဲရမည်။ မိမိအနေနှင့် ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ပြုစုခြင်းအကြောင်းကို ယခုတိုင် ကောင်းစွာ နားလည်ခြင်းမရှိသေးဟု ထင်မြင်လျှင် ပထမစာသင်နှစ်ဝက် (ပထမနှစ်သင်တန်း) တွင် သင်ယူခဲ့ရသော 'ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ' သင်ခန်းစာကို ပြန်လှန်ကြည့်ရှုလေ့လာကိုးကားနိုင်သည်။ ထို သင်ခန်းစာတွင် ကိုယ်တိုင် လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်အကြောင်းကို စတင်မိတ်ဆက်ပေးထား သည်။

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်ကိုသုံး၍ မိမိ၏သင်ကြားရေး အလေ့အကျင့်ကို မိမိကိုယ်တိုင် စနစ်တကျပြန်လည်သုံးသပ်တတ်စေမည့် အစီအစဉ်များကို ရေးဆွဲတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ခ) ၄.၁။ ကျောင်းသားများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) ၂.၁။ အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) ၃.၁။ လက်တွေ့သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း ပြသည်။

**အချိန်။** မိနစ် (၅၀) စီကြာသော စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကိုယ်တိုင် လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်ရေးသားရန် အစီအစဉ်ရေးဆွဲခြင်း၊ ရှင်းလင်းပြခြင်း၊ ပို့ချချက်ပေးခြင်း၊ ဆွေးနွေး/ရှင်းလင်းတင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၁၀.၆.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ။** ရွှေ့ပြောင်း၍ ရသော စာရေးခုံများနှင့် ထိုင်ခုံများ၊ သင်ပုန်း၊ မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### ပထမစာသင်ချိန်နှင့် ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၁။ စီမံချက် ရေးဆွဲခြင်း ( မိနစ် ၅၀ + မိနစ် ၄၀)

၁။ ဤသင်ခန်းစာကို အစပျိုးရန် ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၁၀.၆.၁) ကို ရည်ညွှန်းကိုးကားပါ။ တစ်တန်းလုံးမှ ကျောင်းသားများအား ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်အကြောင်းကို ဉာဏ်ဖွင့်ဆွေးနွေးစေရမည်။ ကိုယ်တိုင် လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်၏ အရေးကြီးသော စိတ်ကူးအယူအဆအချို့

တို့ကို ဆရာက အကျဉ်းချုံးဖော်ပြရမည်။ သို့မဟုတ် အချို့ကျောင်းသားများအား အကျဉ်းချုံး ဖော်ပြစေမည်။ ထို့နောက် ကျောင်းသားများအား ယနေ့ သူတို့ဆောင်ရွက်ရမည့် ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်အတွက် အစီအစဉ်တစ်ခုကို ရေးဆွဲရမည်ဖြစ်ကြောင်း ပြောပြပါ။

၂။ ကျောင်းသားများအား (၄) ယောက်တစ်အုပ်စု သို့မဟုတ် (၅) ယောက်တစ်အုပ်စုစီ အုပ်စုဖွဲ့စေရမည်။ ကျောင်းသားကိုင်စာအုပ်ထဲရှိ သင်ခန်းစာ (၁၀.၆.၁) မှ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်အကြောင်းကို အုပ်စုတွင်း၌ အချင်းချင်းဆွေးနွေးစေရမည်။ ၎င်းတို့ရရှိလာသော စိတ်ကူးအကြံဉာဏ်များကို အုပ်စုအတွင်း ဆွေးနွေးကြမည်ဖြစ်သည်။ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် ရေးသားရန် အစီအစဉ်ရေးဆွဲခြင်းကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆောင်ရွက်စေမည်။

၃။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၁၀.၆.၁) တွင်ပါရှိသော 'ကိုယ်တိုင် လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ရေးသားရန် အစီအစဉ်ရေးဆွဲခြင်း' ကို သရုပ်ဖော်သည့်ဇယားကို အသုံးပြုပြီး ကျောင်းသားတို့အား ထိုအစီအစဉ်ကို ရေးဆွဲစေရမည်။

၄။ စာသင်ခန်းအနှံ့အပြားသို့ သွားရောက်ကာ ကျောင်းသားများလုပ်ငန်းဆောင်ရွက်ပုံကို လေ့လာကြည့်ရှု အကဲဖြတ်ပေးမည်။ ရှင်းလင်းစွာ သဘောပေါက်စေမည့်မေးခွန်းများကို လည်း မေးပေးရမည်။ ဆရာက စိတ်ကူးစိတ်သန်းများ နမူနာကောင်းများကို အုပ်စုတစ်စုအတွင်း ဆွေးနွေးနေသည်ကို တွေ့မြင်ကြားသိခဲ့လျှင် ၎င်းအုပ်စုမှ စိတ်ကူးစိတ်သန်းကောင်းများကို တစ်တန်းလုံးသို့ မျှဝေစေခြင်းဖြင့် ကျောင်းသားများအား တစ်ဦးထံမှ တစ်ဦးအပြန်အလှန်သင်ယူ လေ့လာစေသည်။ ကျောင်းသားများ ထံမှ သိလိုသော မေးခွန်းများရှိက ဖိတ်ခေါ်ပြီး တစ်တန်းလုံးနှင့် ဆွေးနွေးစေရမည်။

၅။ အုပ်စုအသီးသီးမှ ရရှိလာသော ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်ပြုစုရန် စိတ်ကူး အကြံဉာဏ် အယူအဆများကို တစ်တန်းလုံးမှ ကျောင်းသားများအားလုံး ပါဝင်စေလျက် ဆွေးနွေးပါ။ ကျောင်းသားများအား စိတ်ကူးအသစ်များ၊ အကြံပြုချက် အသစ်များ တွေးတောကြံဆနိုင်စေရန် လုံလောက်သော အချိန်ပေးရမည်။

၆။ ကျောင်းသားများအား ၎င်းတို့ရေးဆွဲထားသည့် အစီအစဉ်များကို အနုစိတ်မွမ်းမံ ပြင်ဆင်စေရမည်။

၇။ အချို့ကျောင်းသားများထံမှ တုံ့ပြန်အကြံပြုချက်များကို ရယူပါ။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၁၀ မိနစ်)

### ဒုတိယစာသင်ချိန်အဆုံး

၁။ ၎င်းတို့ရေးထားသော ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ရေးဆွဲမည့် အစီအစဉ်က ၎င်းတို့၏ သင်ကြားမှုကို မည်သို့တိုးတက်စေကြောင်းကို ကျောင်းသားများကို ပြောပြစေရမည်။

၂။ ကျောင်းသားများက ထိုအချက်ကို နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆွေးနွေးရမည် ဖြစ်သည်။ သို့မဟုတ် ဆရာက ဦးဆောင်ကာ တစ်တန်းလုံး ဆွေးနွေးစေပြီးနောက် တုံ့ပြန်အကြံပြုချက် ယူရမည်။

၃။ နောက်ထပ်စာသင်ချိန် (၂) ချိန်တွင် ကျောင်းသားများအနေနှင့် ၎င်းတို့ကိုယ်ပိုင်သင်ကြားရေး အတွေးအခေါ်အကြောင်းကို ဟောပြော/ဆွေးနွေးတင်ပြရမည်ဖြစ်ကြောင်း ဆရာက သတိပေးပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

တစ်ဦးချင်းလုပ်ငန်း အဖြစ်သော်လည်းကောင်း၊ အုပ်စုလုပ်ငန်း အဖြစ်သော်လည်းကောင်း ဆောင်ရွက်စေနိုင်မည့် ရွေးချယ်စရာလုပ်ငန်းများ ရှိပြီးဖြစ်သည်။

မှတ်သားသင့်သည်မှာ ကျောင်းသားကိုင်စာအုပ်တွင် ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် ရေးသားနိုင်စေမည့် ခေါင်းစဉ်များကို ပေးထားပြီးဖြစ်သည်။ ဆရာက အခြား ရွေးချယ်စရာ ခေါင်းစဉ်နမူနာများ ရှိပါကလည်း ထိုခေါင်းစဉ်များကို ရွေးချယ်သုံးစွဲနိုင်သည်။ ဥပမာ - ကျောင်းသားများ နှံ့စပ်သေချာစွာ လေ့လာသိရှိနိုင်ရန်လိုသော မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်ထဲမှ ခေါင်းစဉ်တစ်ခုခုကိုလည်း အသုံးပြုနိုင်သည်။

ထပ်ဆောင်းဆောင်ရွက်ရန်အဖြစ် ကျောင်းသားများအား ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်တွင် ကျား/ မရေးရာ တန်းတူညီမျှမှု သဘောတရားများပါဝင်အောင် ပေါင်းစပ်ထည့်သွင်းစေမည်။

## ၁၀.၆.၂။ မိမိကိုယ်ပိုင်သင်ကြားရေးအတွေးအခေါ်ကို ပုံစံချတည်ဆောက်ခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကျောင်းသားများအနေနှင့် မိမိတို့၏ ကိုယ်ပိုင်သင်ကြားရေး အတွေးအခေါ်တို့ကို ရှင်းလင်းစွာ ဖော်ထုတ်တင်ပြတတ်မည်။
- မိမိ၏ ကိုယ်ပိုင်သင်ကြားမှု အလေ့အကျင့်များကို စဉ်ဆက်မပြတ် ဆက်လက်တိုးတက်ကောင်းမွန်စေနိုင်မည့် ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်ကို တည်ဆောက်ကျင့်သုံးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) ၁.၁။ ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) ၅.၁။ အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) ၁.၁။ ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

(ဃ) ၁.၁။ မိမိ၏လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစားသုံးသပ်သည်။

**အချိန်**။ မိနစ် (၅၀) စီကြာသောစာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ။** စာပေသုတေသနပြုခြင်း၊ ဟောပြော/ဆွေးနွေးတင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁၀.၆.၂) ကိုဖတ်စေပါ။

**လိုအပ်သောရင်းမြစ်များ။** အင်တာနက်သုံးစွဲမှု၊ ကျောင်းသားကိုင်စာအုပ်များ၊ ကားချပ်ကြီး၊ သင်ပုန်း၊ မာကာ၊ ပိုစတာဆွဲရန် လိုအပ်သောပစ္စည်းများ။

**သင်ယူမှုလုပ်ငန်းများ**

**ပထမစာသင်ချိန်**

**သင်ယူမှုလုပ်ငန်း ၁။ စကားစစ်ထိုးခြင်း (စကားအချေအတင်ပြောဆိုခြင်း/ စကားရည်လုခြင်း) (မိနစ် ၂၀)**

၁။ သင်ခန်းစာကို မိတ်ဆက်ပေးပါ။ ဤသင်ခန်းစာသည် ကျောင်းသားများ သင်ခန်းစာ (၇.၁.၂) ကို လေ့လာသင်ယူခဲ့သည့် အချိန်မှစ၍ သိရှိလာခဲ့သည့် ကိုယ်ပိုင်သင်ကြားရေး အတွေးအခေါ်များကို ယခု စာသင်ချိန်တွင် ဟောပြောဆွေးနွေးတင်ပြကြရမည်ဖြစ်သည်။

၂။ ဟောပြောတင်ပြခြင်း အစီအစဉ်ကို ဆရာက တိုက်ရိုက်စတင်လိုလျှင်လည်း စတင်နိုင်သည်။ သို့မဟုတ်လျှင်လည်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော မေးခွန်းများကို ပြန်လှန် ဖြေဆိုဆွေးနွေး စေနိုင်သည်။ ဆရာက သင်ပေးလိုက်သမျှကို ကျောင်းသားတို့ သင်ယူကြပါ သလား။ သင်ယူမှု၊ သင်ကြားမှုနှင့်ပတ်သက်၍ အခန်းများစွာကို လေ့လာပြီးစီးနေသည့် ယခုအချိန်တွင် ကျောင်းသားများအား ၎င်းတို့၏ အတွေးအခေါ်အသိအမြင်များကို မျှဝေစေရမည်။ စကားစစ်ထိုးပွဲအသွင် ဆောင်ရွက်တတ်စေရန် အားပေးပါ။

၃။ အချို့ဆရာများက ညည်းတွားလေ့ရှိသည့် အချက်တစ်ခုရှိသည်။ သူတို့သည် သင်ကြားရေးလုပ်ငန်းထက် ကျောင်းသားများ ကောင်းမွန်စွာသင်ယူနိုင်စေမည့် သင်ယူမှု ပတ်ဝန်းကျင်တစ်ခုကိုသာ အားသွန်ခွန်စိုက် ဖန်တီးတည်ဆောက်ပေးနေရသည်။ သူတို့၏ အခန်းကဏ္ဍမှာလည်း သင်ယူမှုကို ကူညီလမ်းညွှန်သူအဖြစ်သာ ရပ်တည်နေရသည်။

သင်ကြားရခြင်းထက် သင်ယူမှုကို ကူညီလမ်းညွှန်ပေးရခြင်းကသာ ပိုများပါသည်။ ထိုဖော်ပြချက်ကို ကျောင်းသားများ၏ ကိုယ်ပိုင်သင်ကြားရေး အတွေးအခေါ်ကို တင်ပြရာတွင် အသုံးဝင်သော အချက်အလက်တစ်ခုအဖြစ် ပြောင်းလဲသုံးစွဲနိုင်သည်။

### သင်ယူမှုလုပ်ငန်း ၂။ ဟောပြော/ ဆွေးနွေး တင်ပြခြင်း (မိနစ် ၃၀)

၁။ စာသင်ချိန် (၂) ချိန်အတွင်း ကျောင်းသားတိုင်းအား ၎င်းတို့ရေးသားပြုစုထားသော ကိုယ်ပိုင် သင်ကြားရေး အတွေးအခေါ်များကို ဟောပြောတင်ပြခွင့်ပေးရန်မှာ ဖြစ်နိုင်ဖွယ်မရှိပါ။ အားလုံး တစ်ယောက်မကျန် တင်ပြစေခြင်းဖြင့်လည်း ထူးခြားစွာ အကျိုးမဖြစ်ထွန်းစေနိုင်ပါ။

၂။ တက်ကြွစွာ ပါဝင်လှုပ်ရှားလေ့ရှိသူ ကျောင်းသားအချို့တို့ကို ဆရာက ရွေးချယ်ဖိတ်ခေါ်ပြီး ၎င်းတို့၏ သင်ကြားရေး အတွေးအခေါ်များကို တင်ပြစေမည်။ ဆရာအနေနှင့် ရရှိသော အချိန်တွင်း ကြီးကြပ် ဆောင်ရွက်ပေးနိုင်သည့် တင်ပြနိုင်သူအရေအတွက်မှာ (၁၀) ဦးထက် မပိုနိုင်ပါ။ ပထမစာသင်ချိန်တွင် ကျောင်းသား (၅) ဦးနှင့် နောက်စာသင်ချိန်တွင် (၅) ဦးတို့အား ဆွေးနွေး တင်ပြမှုပြုစေမည်။

၃။ အတန်းမှ ကျန်ကျောင်းသားများအား ထိုဟောပြော/ဆွေးနွေးတင်ပြထားသည့် အချက်အလက်များထဲမှ အဓိကကျသော အချက်များကို အလေးပေးအာရုံစိုက်စေပြီးနောက် ၎င်းတို့၏ သင်ကြားရေးလက်တွေ့ ဆောင်ရွက်မှုများတွင် ထိုသင်ကြားရေးအတွေးအခေါ် သဘောတရားများက မည်သို့ အကျိုးပြု နိုင်ကြောင်း ဆွေးနွေးစေမည်။

၄။ နားထောင်သူ ကျောင်းသားပရိသတ်များထံမှ တုံ့ပြန်အကြံပြုချက်များကိုပေးရန် ဆရာက ရွေးချယ်၍ ဖိတ်ခေါ်ရမည်။ ဟောပြောတင်ပြခြင်း ပြီးဆုံးချိန်တွင် နားထောင်သူ ပရိသတ်များအား ထိုဟောပြောမှုများထဲမှ မည်သည့်တို့သည် စိတ်ဝင်စားဖွယ်ကောင်း ကြောင်းနှင့် မည်သည့်တို့က မိမိတို့ စဉ်းစားကြံဆမှုများနှင့် မည်သို့တူညီနေပြီး မည်သည့်တို့ကမူ မိမိတို့အတွေးအမြင်များနှင့် မည်သို့ခြားနားကြောင်းတို့ကို နှိုင်းယှဉ် လေ့လာစေမည်။ ၎င်းတို့ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများတွင် မည်သည့်တို့ကို ပါဝင်အောင် ထည့်သွင်းပေါင်းစပ်နိုင်ကြောင်း စဉ်းစားစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ထိုလုပ်ငန်းများကို အချင်းချင်းစစ်ဆေးအကဲဖြတ်မှုသုံး၍ အကဲဖြတ်စေမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဟောပြောတင်ပြမှုပါ အကြောင်းအရာများသည် ကျောင်းသားအသီးသီးအလိုက်တို့၏ သင်ကြားရေး အတွေးအခေါ် အသီးသီးတို့အလိုက် အမျိုးမျိုးခြားနားမည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျောင်းသားများပေးလာမည့် တုံ့ပြန်အကြံပြုချက်များသည် အပြုသဘောဆောင်ပြီး အကျိုးရှိသောအချက်များ ဖြစ်စေသင့်သည်။

## ဒုတိယစာသင်ချိန်

### သင်ယူမှုလုပ်ငန်း ၃။ ဟောပြော/ ဆွေးနွေးတင်ပြခြင်း (ဆက်လက်လုပ်ဆောင်မှု) (မိနစ် ၃၀)

ဆရာက ကျောင်းသားများ ဟောပြော/ဆွေးနွေးတင်ပြမှုများကို ဦးဆောင်ကြီးကြပ်မှုပေးရာတွင် အထက်ဖော်ပြပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပေးနိုင်သည်။

### သင်ယူမှုလုပ်ငန်း ၄။ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း (၁၅ မိနစ်)

ပြခန်းလှည့်လည်ကြည့်ရှုမှုအတွက် ကျောင်းသားများရေးဆွဲထားသော ပိုစတာများကို စာသင်ခန်းနံရံ ပတ်လည်တွင် ပြသထားစေရမည်။ ကျောင်းသားများအား အချိန် (၁၅) မိနစ်ခန့် ပေးကာ ပိုစတာအရေအတွက်များများကို ကြည့်ရှုလေ့လာစေရမည်။ ၎င်းတို့၏သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများတွင် ပေါင်းစပ်သုံးစွဲနိုင်မည့် သင်ကြားရေးအတွေးအခေါ်တို့ကို စိတ်၌ မှတ်သားစေရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

ကျောင်းသားများအား မိမိတွဲဖက်ကျောင်းသားနှင့် သင်ကြားရေးအတွေးအခေါ်များကို ဆွေးနွေးစေရမည်။ မည်သည့်သင်ကြားရေးအတွေးအခေါ်များကို ၎င်းတို့ကိုယ်ပိုင်သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများတွင် လိုအပ်သလိုပြုပြင်သုံးစွဲနိုင်မည်ဖြစ်ကြောင်း တစ်ဦးကိုတစ်ဦး အပြန်အလှန်မျှဝေစေမည်။

### ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်အတွက် စီစဉ်ပြင်ဆင်ရာတွင် မိမိကိုယ်ကို မိမိမေးရန် လိုအပ်သော မေးခွန်း (၅) ခုတို့ကိုဖော်ပြပါ။

*အဖြေ။*

*၁။ ဤနေရာ၌ ဖြစ်ပေါ်နေသည့် ပြဿနာမှာ အဘယ်နည်း။*

*၂။ မိမိမြင်ဖူးဖတ်ဖူးသည့် သို့မဟုတ် တစ်စုံတစ်ဦးက မိမိအား အကြံပြုထားဖူးသည့် ပြောင်းလဲရေးစိတ်ကူးအကြံဉာဏ်များသည် မိမိ လိုအပ်သည့် ဖြေရှင်းနည်းတစ်ခုကို ပေးနိုင်ပါမည်လား။*

*၃။ ထိုအပြောင်းအလဲများကို မိမိမည်သို့ အကောင်အထည်ဖော်မည်နည်း။*

*၄။ အပြောင်းအလဲများအား သိသာခြားနားမှု တစ်စုံတစ်ခုဖြစ်ပေါ်လာခဲ့လျှင် မိမိက မည်သို့တွေ့မြင်နိုင် မည်နည်း။*

*၅။ နောက်ထပ်မိမိဆောင်ရွက်ရန်မှာ အဘယ်နည်း။*

**မေးခွန်း ၂။** ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ရေးသားပြုစုရခြင်း၏ အဓိကအကြောင်းရင်းများကို ဖော်ပြပါ။

***အဖြေ။*** *ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ်ရေးသားခြင်းက အတတ်ပညာရှင်တို့အား ၎င်းတို့၏ ကိုယ်ပိုင်လက်တွေ့ ဆောင်ရွက်မှုများကို စူးစမ်းလေ့လာနိုင်စေရန် ခွင့်ပြုပေးထားသည်။ ထိုလုပ်ငန်းသည် စနစ်တကျ စူးစမ်းလေ့လာသော နည်းစဉ်/လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ၎င်း၏ မူလ ရည်ရွယ်ချက်မှာ ဆရာအတတ်ပညာရှင်များအနေနှင့် ၎င်းတို့၏ ကျွမ်းကျင်မှု များကို ပိုမိုတိုးတက်လာစေရန်နှင့် ပိုမိုပြည့်စုံလာစေရန် ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဖြစ်သည်။ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် ရေးသားနည်းဗျူဟာက ကျောင်းသားများအား ၎င်းတို့၏ ဆရာအတတ်ပညာဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုတွင် မည်သည်တို့ကို ဆောင်ရွက်နေကြောင်း၊ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည့် ပညာရပ် နယ်ပယ်များကို ရှာဖွေနိုင်ကြောင်းနှင့် မိမိ ဆောင်ရွက်လုပ်ကိုင်မှုများက အမှန်တကယ် အကျိုးဖြစ်ထွန်းမှု ရှိ/မရှိကို စဉ်ဆက်မပြတ်စစ်ဆေးနိုင်ကြောင်း တို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းတို့ကို ဆောင်ရွက်နိုင် စေသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

ဤအခန်းတွင် ဆရာအတတ်ပညာဘာသာရပ် ကျွမ်းကျင်သော ဆရာတစ်ဦး ဖြစ်လာစေမည့် အကြောင်းအရာများကို လေ့လာခဲ့ကြရသည့်အပြင် မြန်မာနိုင်ငံရှိ ဆရာများထံမှ မျှော်မှန်းထားသည့် အပြုအမူ စသည်များနှင့် ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မည်သို့ ပါဝင်ဆောင်ရွက်ရမည် စသည့်ခေါင်းစဉ်များကို လေ့လာသင်ယူခဲ့ရသည်။ အယူအဆ စိတ်ကူးစိတ်သန်း အများအပြားကိုလည်း ဆွေးနွေးခဲ့ပြီး ကျွမ်းကျင်မှုများကိုလည်း ဖွံ့ဖြိုးအောင် တည်ဆောက်နိုင်ခဲ့သည်။ အောက်ပါအချက်များကို မှတ်သားထိုက်ပါသည်။

- မြန်မာနိုင်ငံတွင် ဆရာများသည် အတန်းတွင်းကျောင်းတွင်းရှိ သင်ကြားရေးလုပ်ငန်းစဉ်များ၌သာ တာဝန်ယူရမည်မဟုတ်ဘဲ ထိုထက်မက ပိုသော တာဝန်ဝတ္တရားများကိုလည်း ဆောင်ရွက်ကြရခြင်း၊ သူတို့သည် လူ့အဖွဲ့အစည်း၌ အတုယူစရာစံနမူနာပြပုဂ္ဂိုလ်များ အဖြစ် ကိုယ်ကျင့်သိက္ခာမြင့်မားစွာ အချိန်ပြည့်ကျင့်ကြံနေထိုင်ကြရသူများ ဖြစ်ကြသည်။

- အကောင်းဆုံး စံပြဆရာဆိုသည်မှာ ပြန်လည်တွေးခေါ် သုံးသပ်တတ်သူဖြစ်ပြီး မိမိတို့သင်ကြားရေး အလေ့အကျင့်ကို တိုးတက်စေရန် မိမိသင်နည်းကိုမိမိ အစဉ်မပြတ် အကဲခတ်လေ့လာ သုံးသပ်တတ်ရန်လိုပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်မှာ အလိုအလျောက်ဖြစ်မလာပါ။ စနစ်တကျ စီစဉ်ဆောင်ရွက်ရမည်။

- မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တွင် ဆရာတစ်ဦးထံမှ ရရှိရန်မျှော်မှန်းထားသည့် အပြုအမူများနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျင့်ဝတ်သိက္ခာတို့ကို ဖော်ပြထားသည်။ ထို့ကြောင့် ထိုအညွှန်းဘောင်သည် ဆရာ အတတ်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး တိုင်းတာသတ်မှတ်ရာတွင် အသုံးပြုရန် အထက်မြက်ဆုံး လက်နက်ကိရိယာဖြစ်သည်။

- ဆရာအတတ်ပညာရပ် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ဆရာများ ပါဝင်ဆောင်ရွက် ရသောအခါ ၎င်းတို့သည်လည်း ကျောင်းသားတစ်ဖန် ဖြစ်သွားကြရပြန်သည်။ ထို့ကြောင့် ကျောင်းသား ဗဟိုပြုနည်းဗျူဟာများကို သူတို့အတွက် ပြန်လည် အသုံးချခြင်းနှင့် ကြုံရပြန်သည်။ သင်ယူမှုရပ်ဝန်းထဲတွင် ပညာရှင်ပီသစွာ သင်ယူလေ့လာရသည့်အခါ မိမိတို့အချင်းချင်းအကြား အတွေးအမြင်များနှင့် အခက်အခဲများကို မျှဝေပေးနိုင်ခြင်း၊ ဖလှယ်ယူနိုင်ခြင်းတို့က များစွာထိရောက်သော နည်းလမ်းများ ဖြစ်ပါသည်။

- ကျောင်းသားတို့၏ ဆရာအတတ်ပညာကျွမ်းကျင်မှု ဖွံ့ဖြိုးစေရေးတာဝန်သည် သူတို့ကိုယ်တိုင်၏ တာဝန်သာဖြစ်ပြီး ယခုအချိန်သင်ယူဆဲ ပညာရေးကောလိပ်ကျောင်းသားဘဝမှာပင် စတင်လုပ်ဆောင်ရမည် ဖြစ်သည်။ ပညာရေးကောလိပ်တက်ရောက်နေဆဲ ကာလအတွင်းမှာပင် စတင်ဆောင်ရွက်ရမည်။ သူတို့၏ အသိပညာနှင့်ကျွမ်းကျင်မှုများကို ခိုင်မာတောင့်တင်းစေမည့် ဆရာအတတ်ပညာ ဆည်းပူးလေ့လာခြင်းလုပ်ငန်းကို အချိန်မဆွဲဘဲ မဆိုင်းမတွ ချက်ချင်းစတင်အကောင်အထည်ဖော်သင့်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

မိမိအားသင်တန်းဆင်းပြီးစ အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်ခံရသည့် ဆရာအသစ်တစ်ဦးက သူ့အနေနှင့် ဆရာကောင်းတစ်ဦးဖြစ်ကြောင်း သူကိုယ်တိုင် သိရှိသည့်အပြင် ထူးချွန်ကြောင်း အသိအမှတ်ပြု ထားခြင်းလည်း ခံရခြင်းတို့ကြောင့် သူ၏သင်ကြားနည်း အလေ့အကျင့်များကို ပြန်လည်ဆန်းစစ်သုံးသပ်ရန် မလိုအပ်ကြောင်း ပြောလာပါက မည်သို့တုံ့ပြန်ပြောဆိုမည်နည်း။ မိမိ၏ သက်ဆိုင်ရာသင်ကြားနည်း ရှုထောင့်အသီးသီးတို့တွင် မိမိကိုယ်တိုင် ဂရုပြု၍ ပြန်လည်သုံးသပ်ခြင်းဖြင့် ဆရာအတတ်ပညာကျွမ်းကျင်မှုများ တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပုံကို စဉ်းစားကြံဆပါ။ မိမိကိုယ်ကိုမိမိ ပြန်လည်သုံးသပ်ဝေဖန်တတ်သော ဆရာတစ်ဦး ဖြစ်လာစေရန် လိုအပ်ချက်များကို ပြန်လည်လေ့လာပါ။ အောက်တွင် ဖော်ပြထားသော သင်ခန်းစာ တစ်ခုသင်ကြားရာတွင် အခြေခံကျသည့် အချက်အလက်များ၊ ရှုထောင့်များကို ထည့်သွင်းစဉ်းစားပါ။ မိမိသင်ကြားမှုနှင့် ပတ်သက်၍ စိတ်ကျေနပ်မှုရရှိပြီး ပျော်ရွှင်ခဲ့ရသောအရာများနှင့် စိတ်ကျေနပ်မှု မရှိခဲ့သဖြင့် နောက်တစ်ကြိမ်သင်ကြားရာတွင် ခြားနားစွာ သင်ကြားလိုသည့် အရာများတို့ကို စဉ်းစားကြည့်ပါ။

- သင်ခန်းစာကို မိတ်ဆက်ပြီး အစပျိုးရာတွင် ကျောင်းသားများကိုပါ (မေးမြန်းဖြေဆိုစေခြင်း စသည်ဖြင့်) ပါဝင်လာအောင် ဆောင်ရွက်နိုင်ခဲ့ပါသလား။
- လိုအပ်သော ရင်းမြစ်အားလုံးကို ကြိုတင်ပြင်ဆင်ထားရှိခဲ့ပါသလား။
- သင်ကြားပို့ချပေးရန် ဆရာကပြောပြချိန် မည်မျှထိ အသုံးပြုထားခဲ့သနည်း။
- ကျောင်းသားများ သင်ကြားသင်ယူမှု လုပ်ငန်းဆောင်ရွက်ချိန် မည်မျှထိ ပေးထားခဲ့သနည်း။
- ကျောင်းသားများက သူတို့ဆောင်ရွက်ရမည့်လုပ်ငန်းကို နားလည်သဘောပေါက်မှု ရှိခဲ့ပါသလား။
- ဆောင်ရွက်ရမည်တို့ကို သူတို့နားလည်ကြောင်း ဆရာက မည်ကဲ့သို့ သိရှိနိုင်သနည်း။
- ထိုသင်ယူမှုလုပ်ငန်းကို အဘယ်ကြောင့်ဆောင်ရွက်ရကြောင်းကို ကျောင်းသားတို့ နားလည်သဘောပေါက်မှု ရှိခဲ့ပါသလား။
- သူတို့ ဤကဲ့သို့ သဘောပေါက်ကြောင်း ဆရာက မည်သို့သိသနည်း။
- သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များမှ ကျောင်းသားတို့ သင်ယူတတ်မြောက်သွားသော အရာမှာ အဘယ်နည်း။

- ကျောင်းသားတို့အနေနှင့် အကြောင်းအရာတစ်စုံတစ်ခု သင်ယူတတ်မြောက်သွားခဲ့သည်ကို ဆရာက မည်သို့သိရှိသနည်း။
- သင်ခန်းစာကို ဆရာက မည်ကဲ့သို့ နိဂုံးချုပ်ပေးခဲ့သနည်း။
- ဤသင်ခန်းစာသည် ယခင်ကသင်ခဲ့ပြီးသော သင်ခန်းစာနှင့် မည်သို့ ချိတ်ဆက်မှုရှိခဲ့သနည်း။
- ဤသင်ခန်းစာမှ သင်ယူထားသည်တို့ကို မည်ကဲ့သို့ ဆရာက ပြန်လည်သုံးသပ်မည်နည်း။ မည်သည့် အခါတွင် သုံးသပ်မည်နည်း။

ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် အလေ့အကျင့်ပြုလုပ်သော သင်ယူမှုဆိုင်ရာ အသိုက်အဝန်းများအဖြစ် ကွန်ရက်များကို အသုံးပြုခြင်း၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများမှာ အဘယ်တို့နည်း။ ယခုအချိန်တွင် မိမိတို့သည် အချို့သော ဆရာအတတ်ပညာဖွံ့ဖြိုးရေး အခွင့်အလမ်းတို့တွင် ပါဝင်တက်ရောက် ဆောင်ရွက်ခွင့်ရရှိခဲ့ကောင်း ရရှိလာခဲ့ကြပြီဖြစ်မည်။ ၎င်းအခွင့်အလမ်းများသည် မည်မျှအသုံးဝင်မှုရှိပါသနည်း။ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် မည်ကဲ့သို့ ဆောင်ရွက်နိုင်သနည်း။ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး အခွင့်အလမ်းများသည် အသွင်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာနိုင်သည်။ ဝါရင့်ကျွမ်းကျင်သော ဆရာများက ဟောပြောတင်ပြခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဦးဆောင်ကျင်းပပေးခြင်း၊ အတွေ့အကြုံနည်းပါးသေးသော ဆရာများကလည်း ၎င်းတို့အနေနှင့် သင်ကြားမှုကျွမ်းကျင်လာစေရန် ဆောင်ရွက် လိုသည်များကို ရှင်းလင်းတင်ပြခြင်း၊ ထင်ရှားကျော်ကြားသော ပညာရှင်များက ပညာရေး ကောလိပ်/ တက္ကသိုလ်/ကျောင်းများသို့ လာရောက်၍ ဟောပြောပို့ချ တင်ပြခြင်း သို့မဟုတ် ၎င်းတို့ ကျွမ်းကျင်နှံ့စပ်ရာ ပညာရပ် နယ်ပယ်နှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများကို လာရောက်ဦးဆောင် ကျင်းပပေးခြင်း၊ ဘာသာရပ်ဆိုင်ရာ သင်ကြားမှု ထက်မြက်ရေး အဖွဲ့များ၊ အတူတကွ တွေ့ဆုံဆွေးနွေးပွဲများကျင်းပပြီး သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်း အသီးသီးတို့၏ တိုးတက်လာမှုကိုတင်ပြခြင်း သို့မဟုတ် ရင်းမြစ်ဘဏ်၌ ဖြည့်စွက် ထပ်ဆောင်း ထည့်သွင်းခြင်းတို့ ပါဝင်သည်။

ယခုအချိန်အခါတွင် မိမိတို့၌ မြန်မာနိုင်ငံဆရာများ၏ တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်က ချမှတ်ပေးထားသော စံသတ်မှတ်ချက် အဆင့်အတန်းတို့နှင့် ညီညွတ်စွာ သိသာထင်ရှားသည့် တိုးတက်မှုအချို့လည်း ရရှိလာပြီဖြစ်သည်။ ပညာရေးကောလိပ် (၄) နှစ် သင်တန်းကာလ တစ်လျှောက် သင်ယူလေ့လာနေစဉ် ဤစံသတ်မှတ်ချက်များကို ရရှိသွားစေရမည်ဖြစ်ကြောင်းကို

လည်း မှတ်သားထားရမည်။ မိမိတို့သည် ဤကဲ့သို့ စံသတ်မှတ်ချက်များနှင့် ပြည့်စုံသည့် တတ်ကျွမ်းမှု အားလုံးကို စာသင်ချိန်တစ်ချိန်မျှ၊ သင်တန်းစာသင်နှစ် တစ်နှစ်မျှခန့်နှင့် အပြည့်အဝ ရရှိသွားနိုင်မည် မဟုတ်ပါ။ သို့ရာတွင် ၎င်းစံသတ်ချက်များသည် ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် ခိုင်မြဲသော စံပြုကိရိယာ မှတ်ကျောက်တစ်ခုအဖြစ် တည်ရှိနေမည် သာဖြစ်သည်။ ပညာရေးကောလိပ်သင်ခန်းစာတိုင်းတွင် မိမိတို့ အလေးထားဂရုပြုရမည်မှာ မည်သည့်တတ်ကျွမ်းမှုတို့ကို ရရှိသွားစေသနည်းနှင့် မည်ကဲ့သို့ကြိုတင်ပြင်ဆင်မှုများ ပံ့ပိုးပေးလိုက် နိုင်သနည်းတို့ကို ဦးတည်စဉ်းစားသင့်သည်။

မြန်မာနိုင်ငံတွင် မြန်မာ့အသိုက်အဝန်းမှ ဆရာတို့အပေါ်ထားရှိသော မျှော်မှန်းချက်များနှင့် ဆရာ့ တာဝန်ဝတ္တရားများအကြောင်းပါဝင်သည့် ပညာရေးဘာသာရပ်ကို ကျောင်းသားများအား သင်ကြားပေးရန်အတွက် ရုပ်ရှင်ကားငယ်တစ်ခုထုတ်လုပ်ရန် မိမိ၌တာဝန်ရှိလာသည် ဆိုပါစို့။ မည်သည်တို့ကို ပြောပြရမည်နည်း။

ပညာရေးကောလိပ်တွင် တက်ရောက်သင်ယူနေစဉ် ကျောင်းသားတို့၌ အတွေ့အကြုံဝါရင့်ပြီး အသိပညာမြင့်မားသော ဆရာကောင်းများစွာနှင့် တွေ့ဆုံခွင့်ရရှိနိုင်သည်။ ၎င်းတို့ထံမှ ပညာများ ဆည်းပူးခွင့် ရရှိသည်။ သို့ရာတွင် ထိုဆရာများသည်လည်း မိမိတို့ကျောင်းသားများကဲ့သို့ပင် မိမိတို့သင်ယူမှုကို ချောမွေ့လွယ်ကူစေရန် ကူညီလမ်းညွှန်ပေးသူများသာ ဖြစ်ကြသည်။ အစစ အရာရာတွင် သူတို့အပေါ်၌ချည်းသာ မှီခိုအားကိုးခြင်း မပြုသင့်ပါ။ ကိုယ်တိုင် လေ့လာသင်ယူ ရပါမည်။ ကျောင်းသားတို့အနေနှင့် မိမိတို့ အသိပညာနှင့် ကျွမ်းကျင်မှုများကို ပိုမိုခိုင်မာတောင့်တင်း စေရန် ကိုယ်တိုင်တာဝန်ယူရမည်။ သင်ခန်းစာ သင်ယူနေစဉ်၌ဖြစ်စေ၊ လက်တွေ့ သင်ကြားမှု လေ့ကျင့်စဉ်၌ဖြစ်စေ၊ ကျောင်းပြင်ပပတ်ဝန်းကျင်၌ ဝင်ဆံ့လှုပ်ရှားပါဝင်စဉ်၌ဖြစ်စေ၊ မိမိတို့ အသိ ပညာနှင့် ကျွမ်းကျင်မှုများကို အခိုင်အမာ တည်ဆောက်ကြရမည့် တာဝန်သည် မိမိတို့၌သာရှိပါသည်။ ယခုပညာသင်ယူနေစဉ် ကာလမှာပင် ထိုတာဝန်ကို မြဲမြံခိုင်မာစွာနှင့် ကျေပွန်စွာ ဆောင်ရွက်နိုင် စေရန် မည်သည်တို့ကို ဆောင်ရွက်ရမည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

Harwell, S. H. (2003). *Teacher professional development: It's not an event, it's a process.* Waco, TX: CORD.

Stenhouse, L. (1981). What Counts as Research? *British Journal of Educational Studies, 29*(2), 103–114.

Whitehead, J. (1989). Creating a living educational theory from questions of the kind 'How do I improve my practice?' *Cambridge Journal of Education, 19*(1), 41–52.

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် (Action research) | မိမိ၏ နေ့စဉ်ဆောင်ရွက်မှုတို့ကို နေ့စဉ်မပြတ် စစ်ဆေးစူးစမ်းလေ့လာပြီး သုံးသပ်မှုပေးရသော သုတေသနပြုနည်း တစ်ခုဖြစ်သည်။ မိမိထားရှိသောတန်ဖိုးများနှင့် မိမိ၏လက်တွေ့လုပ်ဆောင်မှုတို့ကို နှိုင်းယှဉ်တိုက်ဆိုင်သုံးသပ်ပြီး မိမိတန်ဖိုးထားသည့်အတိုင်း ဖြစ်လာခြင်း ရှိ/မရှိ သိရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် ရေးသားပြုစုခြင်း နည်းပညာဆိုသည်မှာ မိမိ၏ ဆရာအတတ်ပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် မိမိဆောင်ရွက်နေမှုများကို မိမိကိုယ်တိုင် ပြန်လည် သုံးသပ်ပြီး ထိရောက်မှု ရှိ/မရှိ အကျိုးဖြစ်ထွန်းမှု ရှိ/မရှိကို အကဲဖြတ်သုံးသပ်ပေးခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် တိုးတက်ကောင်းမွန်လာအောင် ပြုပြင်ဆောင်ရွက်နိုင်သည့် ပညာရပ် နယ်ပယ်များကို ရှာဖွေခြင်းနှင့် မိမိ ဆောင်ရွက်မှုတို့သည် အကျိုးဖြစ်ထွန်းမှု ရှိ/မရှိကို မျက်ခြည်မပြတ် အစဉ်တစိုက် စစ်ဆေးကြည့်ခြင်းတို့ကို ပြုနေရမည်။ |
| အကြောင်းအရာ ဆက်သွယ်မှုပြ သရုပ်ဖော်ဂရပ်ဖစ်ပုံ (Concept map) | သင်ယူရမည့် ခေါင်းစဉ်တစ်ခုထဲတွင် ပါဝင်နေသော အကြောင်းအရာအယူအဆအမျိုးမျိုးတို့ တစ်ခုနှင့်တစ်ခု ဆက်သွယ်မှုနှင့် အပြန်အလှန် ဆက်စပ်နီးနွယ် နေမှုတို့ကို ပေါ်လွင်အောင်ပြသသည့် သရုပ်ဖော်ပုံ (Diagram) တစ်မျိုးဖြစ်သည်။ ခေါင်းစဉ်ကြီးကို ပုံမှန်အားဖြင့် စာမျက်နှာ၏ အလယ်၌ ရေးရမည်။ ဥပမာ - 'ဘေးကင်း၍ စိတ်ချလုံခြုံမှုရှိသော သင်ယူမှုပတ်ဝန်းကျင်' ကို စာမျက်နှာ၏ ဗဟိုနေရာ၌ ရေးသားပြီး ထိုခေါင်းစဉ်နှင့် ဆက်နွယ်သော အကြောင်းအရာ/ အယူအဆအသီးသီးတို့ကို ဗဟိုနေရာမှ ခွဲထွက်ကာ ဆွဲထားသော မျဉ်းကြောင်းအသီးသီးတို့နှင့် ဆက်သွယ်ပေးရမည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ကိုးမြှောင့်စိန်တုံးပုံသဏ္ဍာန် အရေးပါမှု အဆင့် အတန်း သတ်မှတ်ခြင်းနည်း (Diamond nine technique) | အကြောင်းအရာ/ခေါင်းစဉ်တစ်ခု၏ အရေးပါမှု အဆင့် အတန်းကို ခွဲခြားသတ်မှတ်ပေးရာတွင် အသုံးပြုသော နည်းတစ်ခုဖြစ်သည်။ (နှစ်ယောက်တစ်တွဲမှဖြစ်စေ၊ အုပ်စုမှဖြစ်စေ) အကြောင်းအရာ၊ ခေါင်းစဉ် အများအပြားတို့ထဲမှ ဆွေးနွေးရန်ခေါင်းစဉ်ကို ရွေးချယ်ရာတွင် ဦးစားပေး အစီအစဉ်အလိုက် အဆင့်ခွဲခြား သတ်မှတ်စေသော နည်းဖြစ်သည်။ |
| ကြီးပွားတိုးတက်လိုသော စိတ်နေစိတ်ထား/ စိတ်ဓာတ်။[၁၈] (Growth mindset) | မိမိဘဝ/မိမိလုပ်ငန်း၌ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် ပြဿနာများကို ဖြေရှင်းနိုင်ရန် များများရုန်းကန် အားထုတ် ကြိုးပမ်း မှုပြုရလေလေ မိမိထံ၌ ကြံ့ကြံ့ခံနိုင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်းရည် ပိုမိုတိုးတက် မြင့်မားလာလေလေ ဖြစ်သည်ဟု လက်ခံယုံကြည် ထားသော ခိုင်မာသည့်ယုံကြည်ချက်။ |
| အဆင့်မြင့်သိမှုဖြစ်စဉ် (Metacognition) | မိမိဆောင်ရွက်ပြီးထားသည့် လုပ်ငန်းတစ်စုံတစ်ခုပေါ် အကောင်း/ အဆိုး၊ အကျိုး/အပြစ်တို့ကို ပြန်လည်သုံးသပ်ပြီးနောက် ထိုသုံး သပ်ချက်၏ အားသာချက် (အားနည်းချက်တို့ကို ရှာဖွေကြံဆ ဆန်းစစ်ကာ ထပ်မံ ပြန်လည် သုံးသပ်ခြင်းဖြစ်သည်။ ဤဖြစ်စဉ်ကို အသုံးပြုခြင်းအားဖြင့် ကျောင်းသားများအနေနှင့် ၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှု လုပ်ငန်းအကြောင်း အကဲဖြတ် သုံးသပ်မှု ပေးနိုင် သည့်အပြင် ၎င်းတို့အသုံးပြုသော နည်းစဉ်၏ အားသာချက်/ အားနည်းချက်တို့ကို ပြန်လည်စဉ်းစား စိစစ်သုံးသပ်နိုင်သည်။ |
| ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးကွန်ရက်များ (Networks for professional development) | ပညာရေးလောကမှ ဆရာများ စုပေါင်းတွေ့ဆုံ ဆွေးနွေး၍ တစ်ဦး နှင့်တစ်ဦး အပြန်အလှန် အထောက်အပံ့ပြုပေးနိုင်စေရန် ခြားနား သော ကျောင်းသား အသီးသီး၊ ကောလိပ်အသီးသီး၊ ဌာနအသီးသီး နှင့် သင်တန်းနှစ်အသီးသီး စသည်တို့မှ ဆရာ/ ကျောင်းသား အုပ်စုများ စုဝေးဆွေးနွေးကာ အပြန်အလှန် အတွေးအမြင်ဖလှယ် ကြခြင်း။ |

[၁၈] Dweck , 2000

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဆရာအတတ်ပညာရပ်တတ်မြောက်ကျွမ်းကျင်စေခြင်း (Professionalisation) | တက်ကြွသွက်လက်စွာ ဆောင်ရွက်လေ့ရှိသော၊ သက်ဝင် လှုပ်ရှားနေသော စဉ်ဆက်မပြတ် ပညာရည်ပြည့်ဝရေးအတွက် လေ့လာသင်ယူမှုဖြစ်စဉ်ကို ဆိုလိုသည်။ အတတ်ပညာရပ်တစ်ခု ကျွမ်းကျင်မှုရလာအောင် လေ့ကျင့်သင်တန်းပေးခြင်းကို လက်ခံရရှိထားသော ကျောင်းသားတို့သည် သူတို့သင်တန်း ကာလပြီးဆုံးလျှင်ပြီးဆုံးချင်း နေ့ချင်းညချင်း ကျွမ်းကျင်ထက်မြက်သော ဆရာများ/ ပညာရှင်များ/ လက်တွေ့ တတ်ကျွမ်းသူများအဖြစ်ကို ရရှိမည်မဟုတ်ပါ။ ကျွမ်းကျင်မှုကို လျှပ်တစ်ပြက် မရရှိနိုင်ပါ။ နှံ့စပ်ကျွမ်းကျင်မှုနှင့် ပိုင်နိုင်တတ်ကျွမ်းမှုတို့ကို နှစ်ရှည်လများ ကြာမြင့်ပြီးမှ အတွေ့အကြုံများ တစ်စတစ်စ ရရှိလာကာ ဆရာအတတ်ပညာဖွံ့ဖြိုးမှု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆည်းပူးလေ့လာဆောင်ရွက် နေရင်းမှသာ ရရှိလာနိုင်ပါသည်။ ထိုကဲ့သို့ အလျဉ်းမပြတ် ဆည်းပူးလေ့လာခြင်း၊ အတွေ့အကြုံ ရယူခြင်းတို့မှတစ်ဆင့်အတတ်ပညာရပ်ပိုင်းဆိုင်ရာ နယ်ပယ်အချို့တို့တွင် ကျွမ်းကျင်မှုအဆင့်တစ်ဆင့် ရရှိလာမည် ဖြစ်သည်။ |
| ပြန်လည်သုံးသပ်တတ်သော ဆရာ (ဆင်ခြင်တုံတရားပြည့်ဝသောဆရာ) (Reflective teacher) | သင်ကြားမှုလုပ်ငန်းတွင် ပါဝင်နေသည့် ရှုထောင့် အသီးသီး ဖြစ်ကြသည့် သက်ဆိုင်ရာ သင်ခန်းစာအတွက် မျှော်မှန်းထားသောသင်ယူမှုရလဒ်များ၊ စာသင်ခန်း ဖွဲ့စည်းခင်းကျင်းပုံ၊ သင်ကြားရာ၌ညွှန်ကြားမှုနှင့် ရှင်းလင်းပြမှုတို့ကို ထိရောက်စွာ ပေးတတ်ခြင်း၊ မေးခွန်းများကို စနစ်တကျ အသုံးပြုတတ်ခြင်းနှင့် ကျောင်းသားများတုံ့ပြန်မှု ကောင်းမွန်စေရန် ဆောင်ရွက်တတ်ခြင်း၊ သူတို့ လွယ်ကူချောမောစွာ ဆောင်ရွက်နိုင်စေမည့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များကို ရှာဖွေဖန်တီးပေးတတ်ခြင်း စသည် တို့ကို အမြဲမပြတ်ထည့်သွင်းစဉ်းစား၍ သင်ကြားမှု၏ ထိရောက်မှုကို အစဉ်မပြတ်ပြန်လည် သုံးသပ်တတ်သော ဆရာ။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
| --- | --- |
| ပြန်လည်သုံးသပ်ဆင်ခြင်တတ်မှု (Reflectiveness) | မိမိဆောင်ရွက်နေသော လုပ်ငန်းတစ်ခု/သင်ယူမှုတစ်ခုကို ဆက်တိုက် အမှုမဲ့အမှတ်မဲ့ ကြာရှည်စွာ ဆက်လက်မဆောင် ရွက်သေးဘဲ နောက်ဆုတ် မတ်တတ်ရပ်ကာ (ခေတ္တနားကာ) ပြန်လည်သုံးသပ်တတ်သည့် ဗျူဟာမြောက်သောအမြင် သို့မဟုတ် အကောင်း/အဆိုး၊ အကျိုး/အပြစ်တို့ကို သုံးသပ်တတ်သော အမြင်၊ ပြန်လည်သုံးသပ်မှုကို တိကျမှန်ကန်စွာနှင့် အောင်မြင်စွာဆောင်ရွက်နိုင်စေရန် သတိမူတတ်ခြင်းကျွမ်းကျင်မှု၊ မိမိကိုယ်ကို သတိမူတတ်ခြင်း ကျွမ်းကျင်မှုတို့နှင့် ပေါင်းစပ်ကာ ဆောင်ရွက်တတ်သော ကျွမ်းကျင်မှု သို့မဟုတ် အလေ့အထ။ |
| ကြံ့ကြံ့ခံနိုင်စွမ်းရည် (Resilience) | မကြုံဘူးသေးသော၊ အစိမ်းသက်သက်သာဖြစ်သော၊ အတွေ့အကြုံ အကြောင်းအရာတစ်စုံတစ်ခုနှင့် ရင်ဆိုင်တွေ့ကြုံလာရချိန်တွင် ထိုစိမ်းနေသောမတွေ့ဘူး၊ မကြုံဘူးသောအရာကို အတိုင်းအတာတစ်ခုအထိ သည်းခံနိုင်စွမ်း ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းကို ဆိုလိုသည်။ မိမိတို့အတွက် တွေ့ကြုံနေကျ ဆောင်ရွက်နေကျလုပ်ငန်းများသည် နေသားတကျရှိပြီး ဖြစ်သည့်အတွက် မိမိတို့ စိတ်၏ ယုံကြည်စိတ်ချနားလည်မှုနှင့် ကိုင်တွယ်သုံးစွဲဆောင်ရွက်နိုင်မှုရပ်ဝန်းတွင် လွယ်ကူစွာလက်ခံထားပြီးဖြစ်သည်။ သို့ရာတွင် ဤသို့လက်ရှိ လက်ခံထားခြင်း မရှိသေးသည့် အသစ်အဆန်းဖြစ်သော အကြောင်းအရာတစ်မျိုးနှင့် တွေ့ကြုံရသည့်အခါ လက်ခံပေးလိုစိတ်မရှိဘဲ တုံ့ဆိုင်းနေတတ် လေ့ရှိကြသည်။ ထိုအခါမျိုးတွင် ရင့်ကျက်သောစိတ်မွေး၍ အကြောင်းအရာအသစ်ကို လက်ခံနိုင်အောင် သည်းခံစိတ်ထားကာ ကျင့်သားရအောင် ကြိုးပမ်းရမည့်အစား ဆင်ခြင်မှုကင်းမဲ့စွာ ထိုအကြောင်းအရာ အသစ်အဆန်းတို့ကို လက်သင့်မခံဘဲ ဖယ်ရှားခြင်း၊ ပိတ်ဆို့ခြင်းတို့ကို ပြုတတ်သော သဘာဝ လူတို့၌ ရှိတတ်ကြပါသည်။ မိမိတို့တွေ့ကြုံမြဲ လုပ်ဆောင်မြဲလုပ်ငန်းနှင့် အယူအဆ စသည်တို့ကိုသာ မြဲမြံစွာဆုပ်ကိုင်ထားလျက် အပြင်းအထန် အကာအကွယ်ယူတတ်ကြသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| | သို့မှသာ စိတ်ဓာတ်လုံခြုံစိတ်ချမှုရှိပြီး နေမြဲတိုင်း၊ နေလိုသော သဘောရှိကြသည်။ ဤကဲ့သို့ သမားရိုးကျ အစဲွအလမ်း၊ အလေ့အထ၊ အမူအကျင့်၊ လုပ်ရိုးလုပ်စဉ်စသည်တို့ကို မလွတ်တမ်း ဆုပ်ကိုင်၍ နေမြဲတိုင်း နေလိုသော ဆန္ဒရှိနေသမျှ ကာလ ပတ်လုံး ကျွန်ုပ်တို့ လူသားများအတွက် တိုးတက်မှုနှင့် ကျွမ်းကျင် ပိုင်နိုင်မှု တို့လည်း ဖြစ်ပေါ်/တိုးပွားလာနိုင်မည်မဟုတ်ပါ။[၁၉] |
| ရင်းမြစ်စုံလင်ကြွယ်ဝမှု (Resourcefulness) | သင်ယူမှုလုပ်ငန်းများ ချောမွေ့လွယ်ကူ ထိရောက်စေမှု အတွက် လူတို့ဖန်တီးပြုလုပ် သုံးစွဲသော သင်ယူမှုအထောက်အကူပြု ပစ္စည်းကိရိယာများ။ |
| သရုပ်ဆောင်သင်ယူခြင်း (Role play) | ပေးထားသောဇာတ်ညွှန်း၊ ဇာတ်ကွက် (ပြဇာတ်တို) တစ်ခုတွင် ပါဝင်သည့် ဇာတ်ဆောင်တို့၏ အပြုအမူ၊ စိတ်နေစိတ်ထားနှင့် စရိုက်သဘာဝတို့ကို ၎င်းတို့ နေရာ၌ ပါဝင်သရုပ်ဆောင်၍ သဘာဝကျကျ တူညီနိုင်သမျှ တူညီအောင် ပြောဆို၊ လုပ်ဆောင် လှုပ်ရှား ဆောင်ရွက်ခြင်း။ |
| ဘေးကင်း၍ လုံခြုံစိတ်ချရမှု ရှိသော သင်ယူမှု ပတ်ဝန်းကျင် (Safe and secure learning environment) | ကျောင်းသားများအား ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စိတ်လှုပ်ရှား ခံစားမှုပိုင်းနှင့် ဉာဏ်စွမ်းဉာဏ်စ သုံး၍သင်ယူမှုစသည့် အပိုင်းအားလုံးတို့၌ ဘေးကင်းရန်ကွာ စိတ်ချလက်ချနှင့် ယုံကြည်စွာ စိတ်အေးချမ်း သာစွာနေထိုင်၊ ဝင်ဆံ့၊ လှုပ်ရှား၊ သင်ယူနိုင်စေမည့် ကောင်းမွန် သော သင်ယူမှုပတ်ဝန်းကျင် (ကျောင်း/စာသင်ခန်း စသည့် နေရာ များ) ထိုပတ်ဝန်းကျင်၌ ၎င်းတို့၏ ဆောင်ရွက်မှုများကို တန်ဖိုးထားခံ ရခြင်း၊ မည်သူကမျှ မိမိတို့အား ကဲ့ရဲ့ပြောင်လှောင်ခြင်း၊ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ မရှိသဖြင့် စိတ်ချမ်းသာမှု ရရှိနိုင်သည်။ မေးခွန်းများကို ဖြေရာ၌ဖြစ်စေ တစ်မူထူးခြားသော အကြောင်းအရာ သစ်တစ်ခုကို တင်ပြရာ၌ဖြစ်စေ မှားယွင်းသွားခဲ့ပါကလည်း မည်သူ့ ကိုမျှ ရှက်ရန် ကြောက်ရန် မလိုအပ်သောနေရာ ဖြစ်စေရမည်။ အမှားတစ်ခုဖြစ်သွားလျှင် မည်သည့် ကျောင်းသားတစ်ဦးတစ် |

[၁၉] Claxton, 1999

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
| --- | --- |
| | ယောက်ကမျှ ထိမှားယွင်းမှုကို အရှက်ခွဲခြင်း၊ ကဲ့ရဲ့သရော်ခြင်း မရှိစေသော နေရာတစ်ခု ဖြစ်ရ မည်။ ထိုသင်ယူမှုပတ်ဝန်းကျင်တွင် ကျောင်းသားများအနေနှင့် လေးစားခံရခြင်း၊ အရေးတယူပြု ဆက်ဆံခံရခြင်းနှင့် ရိုင်းပင်းကူညီမှုရရှိခြင်းတို့နှင့် ပြည့်စုံသော နေရာဖြစ်ရမည်။ |
| ထူးခြားမှု အသွင်ဆောင်သော ပတ်ဝန်းကျင် အခြေအနေဖော်ပြချက် (Situational descriptions) | ဆရာတစ်ဦးအဖြစ် အလုပ်လုပ်ရသည့်အခါ တွေ့ကြုံ လာနိုင်မည့် ထူးခြားမှုအသွင်ဆောင်သော ပတ်ဝန်းကျင် အခြေအနေတစ်ရပ် အကြောင်း ရေးသားဖော်ပြချက်။ |
| စိတ်အားထက်သန်စွာနှင့် လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေမည့် သင်ယူမှုပတ်ဝန်းကျင် (Stimulating and supportive learning environment) | ကျောင်းသားများ သင်ယူမှုလေ့လာရာတွင် စိတ်ဝင်စားမှု မြင့်မား လာစေရန်နှင့် လူတို့ဉာဏ်စွမ်းရည်များကို စွမ်းအားရှိသမျှ ထုတ်သုံးချင်စိတ် ပေါ်ပေါက်လာစေရန် လှုံ့ဆော်မှု ပြုပေးနိုင်သော နေရာ (စာသင်ခန်း)၊ တစ်ပြိုင်နက်တည်းမှာပင် ထိုသို့စိတ်အား ထက်သန်စွာ သင်ယူနိုင်စေမည့် ပတ်ဝန်းကျင်တွင် အခက်အခဲများ စိန်ခေါ်မှုများလည်း တွေ့ရတတ်သည်။ ထိုအခါမျိုး၌ အခက်အခဲ ပြဿနာများကို ဖြေရှင်းရန်၊ ကိုင်တွယ်ရန် ကျွမ်းကျင်မှုများ လိုအပ် လာပြန်သည်။ ထိုကျွမ်းကျင်မှုမျိုးကို လေ့လာသင်ယူရာတွင် လွယ်ကူချောမွေ့စေရေးအတွက် အထောက်အပံ့ အကူအညီ ရနိုင်သောနေရာ ဖြစ်သင့်သည်။ |
| သင်ယူနိုင်ဖို့ စကားဝိုင်းဖွဲ့စို့ (Talk for learning) | ကျောင်းသားများအား သင်ယူမှုဆိုင်ရာ ရည်ရွယ်ချက်များ ပေါက် မြောက်ရေးအတွက် စကားဝိုင်းဖွဲ့ရန် မိမိအမြင်ကို ဖော်ထုတ်ရန်၊ ဆွေးနွေးရန်၊ ညှိနှိုင်းရန်၊ ငြင်းခုံရန်၊ အချေအတင် အဆိုပြုရန် စသည်ဖြင့် ရည်ရွယ်ချက်ပြည့်ဝသော အကျိုးဖြစ်ထွန်းသော စကား များကို ပြောဆိုနိုင်ကြစေရန် အသုံးပြုသော သင်ယူမှု နည်းဗျူဟာ ဖြစ်သည့် ဤနည်းဗျူဟာသည် ကျောင်းသားတို့ သင်ယူမှုအတွက် ထိရောက်အောင်မြင်သော နည်းတစ်ခုအဖြစ် မှတ်ယူထားကြသည်။ |

# ကျမ်းကိုးစာရင်း

Alberta Education. (2007). *6 Positive Reinforcement.* Retrieved from Supporting Positive Behavior in Alberta Schools website: http://www.learnalberta.ca/content/inspb1/html/6_positivereinforcement.html

Allen, D., & Eve, A. (1968). Microteaching. *Theory into Practice, 7*(5), 181–185.

Arsal, Z. (2014). Microteaching and pre-service teachers' sense of self-efficacy in teaching. *European Journal of Teacher Education, 37*(4), 453–464.

Bahan, K. S. (n.d.). *The Power of Namokar Mantra.* Retrieved from Jainworld website: https://jainworld.com/education/jain-education-material/short-stories/the-power-of-namokar-mantra/

Barbetta, P., Norona, K., & Bicard, D. (2005). Classroom Behavior Management: A Dozen Common Mistakes and What to Do Instead. *Preventing School Failure, 49*(3), 11–19.

Battelle for Kids. (2019). *Partnership for 21st century learning.* Retrieved from Battelle for Kids website: http://www.battelleforkids.org/networks/p21/frameworks-resources

Bell, N. (2007). Microteaching: What is it that is going on here? *Linguistics and Education, 18*(1), 24–40.

Black, P., & William, D. (1999). *Assessment for learning: Beyond the black box.* Cambridge: University of Cambridge.

Black, P., Harrison, C., Lee, C., Marshall, B., & Wiliam, D. (2003). *Assessment for Learning: Putting it into Practice.* Maidenhead UK: Open University Press.

Boaler, J. (2016). *Mathematical Mindsets.* San Francisco: Jossey-Bass.

Bruner, J. (1990). *Acts of Meaning.* Cambridge, MA: Harvard University Press.

Cambridge English. (2015). *Teaching Knowledge Test (TKT) Glossary.* Retrieved from https://www.cambridgeenglish.org/Images/22184-tkt-glossary-document.pdf

Carr, W., & Kemmis, S. (1986). *Becoming Critical: Education, Knowledge and Action Research.* London: Routledge Farmer.

Center for Teaching. (n.d.). *Teaching Philosophy Rubric.* Retrieved from https://teach.its.uiowa.edu/sites/teach.its.uiowa.edu/files/docs/docs/Teaching_Philosophy_Rubric_ed.pdf

Chapter 9: What Are the Philosophical Foundations of American Education? (n.d.). Retrieved from http://carolbilling.weebly.com/chapter-9-what-are-the-philosophical-foundations-of-american-education.html.

Chapter 9: What Are the Philosophical Foundations of American Education? (n.d.). Retrieved from http://carolbilling.weebly.com/chapter-9-what-are-the-philosophical-foundations-of-american-education.html

Cherry, K. (2019). *Developmental Psychology.* Retrieved from Dot Dash website: https://www.verywellmind.com/developmental-psychology-4157180

Clarke, D., & Clarke, B. (2005). *Effective professional development for teachers of mathematics: key principles from research and a program embodying these principles',* 15th ICMI Study: The Education and Professional Development of Teachers of Mathematics. Brazil: Águas de Lindóia.

Claxton, G. (1999). *Wise Up: The Challenge of Lifelong Learning.* London: Bloomsbury.

Cohen, L. (2005, June 14). Philosophical perspectives in education. Retrieved from https://oregonstate.edu/instruct/ed416/PP1.html

Csikszentmihályi, M., Abuhamdeh, S., & Nakamura, J. (n.d.). Flow. In A. Elliot, C. Dweck, & D. Yeager (Eds.), *Handbook of Competence and Motivation.* New York: The Guilford Press.

David, E. D. (2006). *Integrating Instructional Technologies into Pedagogical Practices.* Retrieved from https://iied.hccs.edu/facultyportal/tlp/seminars/tl1071SupportiveResources/comparison_edu_philo.pdf

David, L (2017, February 4). *Learning Theories*. Retrieved from https://www.learning-theories.com/humanism.html

DeCarvalho, R. (1991). The humanistic paradigm in education. The Humanistic Psychologist, 19(1), 88-104.

Donnelly, R., & Fitzmaurice, M. (2011). Towards productive reflective practice in microteaching. *Innovations in Education and Teaching International, 48*(3), 335–

346.

Dweck, C. (2000). *Self Theories: Their Role in Motivation, Personality and Development.* Lillington, NC: Psychology Press, Taylor & Francis.

Elliot, J. (1991). *Action Research for Educational Change.* Buckingham: Open University Press.

Encyclopaedia Britannica Online. (n.d.). In *Encyclopaedia Britannica Online*.

Finesilver, C., & Rodd, M. (2016). 11 Working mathematically with students with special educational needs. *Learning to Teach Mathematics in the Secondary School: A Companion to School Experience, 208.*

Gardner, H. (2006). *Changing people's minds: The art and science of changing our own and other people's minds.* Boston: Harvard Business School Press.

Gill, L., Ramsey, P., & Leberman, S. (2005). From Chaos to Safe Transformation: The Emotional Intelligence Learning Environment Model. *Journal of Organisational Transformation & Social Change, 12*(3), 257–286.

Gough, J. (1999). Playing mathematical games: When is a game not a game? *Australian Primary Mathematics Classroom., 4*(2).

Griffiths, J. (2016). Bridging the school placement gap with peer micro-teaching lesson study. *International Journal for Lesson and Learning Studies, 5*(3), 227–238.

GTZ. (2008). *Learning to live together: Design, monitoring and evaluation of education*

*for life skills, citizenship, peace and human rights.* Eshborn, Germany: Deutsche Gesellschaft für Technische Zusammenarbeit (GTZ) GmbH.

Hamilton, E., Rosenberg, J., & Akcaoglu, M. (2016). The Substitution Augmentation Modification Redefinition (SAMR) Model: A Critical Review and Suggestions for Its Use. TechTrends: *Linking Research and Practice to Improve Learning, 60*(5), 433–441.

Harwell, S. H. (2003). *Teacher professional development: It's not an event, it's a process.* Waco, TX: CORD. Retrieved from http://oregonstate.edu/instruct/ed416/PP3.html

IBE-UNESCO. (2016). *Reaching Out to All Learners: a Resource Pack for Supporting Inclusive Education.* Retrieved from http://www.ibe.unesco.org/sites/default/files/resources/ibe-crp-inclusiveeducation-2016_eng.pdf

John Amos Comenius Quotes. (n.d.). Retrieved from AZ quotes website: https://www.azquotes.com/author/24824-John_Amos_Comenius

Joubert, M., & Sutherland, R. (2008). *A Perspective on the Literature: CPD for Teachers of Mathematics.* Sheffield: NCETM.

Khalil, M., & Elkhider, I. (2016). Applying learning theories and instructional design models for effective instruction. *Advances in Physiology Education, 40*(2), 147–156.

Lacan, J. (1986). *The Four Fundamental Concepts of Psycho-Analysis.* Penguin.

Learning: Theory and Research. (n.d.). Retrieved from https://gsi.berkeley.edu/gsi-guide-contents/learning-theory-research/

Lee, C. (2006). *Language for Learning: Assessment for Learning in Practice.* Maidenhead: Open University Press.

Liston, D.P. and Zeichner, K.M. (1991) *Teacher Education and Social conditions of Schooling*, New York, Routledge, Chapman and Hall, Inc.

Lynch, M. (2017). 5 things that educators SHOULD KNOW ABOUT THE PHILOSOPHY OF EDUCATION. Retrieved from The Edvocate website: https://www.theedadvocate.org/5-things-that-educators-should-know-about-the-philosophy-of-education/

McClelland, D. (1998). Identifying Competencies with Behavioral-Event Interviews. *Psychological Science, 9*(5), 331–339.

McLeod, S. A. (2019, July 17). *Constructivism as a theory for teaching and learning.* Simply Psychology. Retrieved from: https://www.simplypsychology.org/constructivism.html

McNiff, J. (1988). *Action Research: Principles and Practice* (1st ed.). Basingstoke: Macmillan.

Means, B., Murphy, R., & Shear, L. (2017). *SRI Series on Building Efficacy in Learning Technologies. Vol. 1 Understand, Implement & Evaluate.* London: Pearson.

Mercer, N. (2000). *Words and Minds: How we use language to think together.* London: Routledge.

Merghler, A., & Tangen, D. (2010). Using microteaching to enhance teacher efficacy in pre-service teachers. *Teaching Education, 21*(2), 199–210.

Merrill, M., Drake, L., Lacy, M., & Pratt, J. (1996). Reclaiming instructional design. *Educational Technology, 36*(5), 5–7.

Ministère De L'éducation. (2001). *Teacher Training: Orientations, Professional Competencies.* Quebec: Government du Quebec.

Ministry of Education Myanmar. (2016). *National Education Strategic Plan 2016-2021.* Retrieved from http://www.moe-st.gov.mm/wp-content/uploads/2018/01/NESP_20Summary_20-_20English_20-_20Final_20-_20Feb_2023.pdf

Ministry of Education. (2018). Heartbeat of the Nation. *Myanmar Times.*

Myanmar Ministry of Education. (n.d.). *The Teacher Competency Standards Framework: Beginning Teachers.*

National Centre for Excellence in the Teaching of Mathematics. (2009). *Final Report: Researching Effective CPD in Mathematics Education (RECME).* Sheffield: NCETM.

Oliver, K. M. (2000). Methods for developing constructivism learning on the web. *Educational Technology, 40* (6)

Oral Language Interventions. (2019). Retrieved from Education Endowment Foundation website: https://educationendowmentfoundation.org.uk/toolkit/toolkit-a-z/oral-language-interventions/

Pickett, L., & Fraser, B. (2010). Creating and Assessing Positive Classroom Learning Environments. *Childhood Education, 86*(5), 321–326.

Portnoy, L. (2018). *How SAMR and Tech Can Help Teachers Truly Transform Assessment*. Retrieved from https://www.edsurge.com/news/2018-02-01-how-samr-and-tech-can-help-teachers-truly-transform-assessment

Puentedura, R. (2014). Building transformation: An introduction to the SAMR model. Retrieved from http://www.hippasus.com/rrpweblog/archives/2014/08/22/BuildingTransformation_AnIntroductionToSAMR.pdf

Pygmalion. (2019). Retrieved from Greek Mythology website: https://www.greekmythology.com/Myths/Mortals/Pygmalion/pygmalion.html

Reiser, R. A., & Dempsey, J. V. (2012). *Trends and issues in instructional design and technology.* Boston: Pearson.

Senge, P. (1990). *The fifth discipline: The art and practice of the learning organization.* NY: Doubleday Currency.

Senge, P. M., Kleiner, A., Roberts, C., Ross, R., Roth, G., & Smith, B. (1999). *Study Notes for the Dance of Change: The Challenges to Sustaining Momentum in Learning Organizations.* New York: Doubleday.

Sfard, A. (2010). *Thinking as Communicating.* Cambridge, MA: Cambridge University Press.

Social Development Theory. (2016, September 8). Retrieved from https://www.learning-theories.com/vygotskys-social-learning-theory.html.

Sparks, S. (2013). Social-Emotional Needs Entwined with Students' Learning, Security; Research and schoolroom practice show a supportive environment can promote achievement—and stress can be a hinderance. *Education Week, 32*(16), 16.

Stenhouse, L. (1981). What Counts as Research? *British Journal of Educational Studies, 29*(2), 103–114.

TESS-India. (n.d.). Action research. Retrieved from Open University website: https://www.open.edu/openlearncreate/pluginfile.php/159527/mod_resource/content/3/TEGN_AR.pdf

TESS-India. (n.d.). Key resources. Retrieved from Open University website: http://www.tess-india.edu.in/sites/default/files/imported/56846/KR_ALL_PDF.pdf

TESS-India. (n.d.). *Networks: effective professional development for educational change.* Retrieved from http://www.open.edu/openlearncreate/pluginfile.php/159528/mod_resource/content/4/TEGN_Networks.pdf

TESS-India. (n.d.). TESS-India: All India - English Resources. Retrieved from Open University website: http://www.open.edu/openlearnworks/mod/oucontent/view.php?id=56846&section=3

TESS-India. (n.d.). *Using number games: developing number sense.* Retrieved from Open University website: http://www.tess-india.edu.in/sites/default/files/imported/57300/EM01_AIE_Final.pdf

The Foundations of Education Web. (n.d.). Retrieved from https://www.siue.edu/~ptheodo/foundations/index.html

The National Science Foundation. (2000). *Foundations – Inquiry: Thoughts, Views, and Strategies for the K–5 Classroom.*

The National Science Foundation. (2000). *Foundations – Inquiry: Thoughts, Views, and Strategies for the K–5 Classroom.*

Theodore, P (n.d). *The Foundations of Education Web.* Retrieved from https://www.siue.edu/~ptheodo/foundations/index.html

Thomsen, S. (2015). *What are the sustainable development goals?* Retrieved from World Economic Forum website: https://www.weforum.org/agenda/2015/09/what-are-the-sustainable-development-goals/

T-Tel. (2015). *Creative Approaches: Professional Development Guide for Tutors.* Retrieved from http://www.t-tel.org/hub/tutor-professional-development

T-TEL. (2016). Talk for Learning, Professional Development Guide for Tutors.

Turnbull, A. P. (1995). *Exceptional lives: Special education in today's schools.* Tappan, NJ: Merrill/Prentice Hall.

UN. (n.d.). About the sustainable development goals. Retrieved from UN website: https://www.un.org/sustainabledevelopment/sustainable-development-goals/

UNESCO, & Ministry of Education Myanmar. (n.d.). *Enacting a Culture of Peace: A*

*teacher guide to experiential learning in Myanmar.*

UNICEF Myanmar. (n.d.). *Point B Design and Training: A Guide to Becoming a Twenty-First Century Teacher.*

Victoria State Government Education & Training. (2018). Manage student behavior. Retrieved from https://www.education.vic.gov.au/school/teachers/studentmanagement/Pages/studentbehaviour.aspx

Vygotsky, L. S. (1978). *Mind in society: The development of higher psychological processes.* Cambridge, MA: Harvard University Press.

What is Essentialism? (n.d.). Retrieved from https://www.theedadvocate.org/edupedia/content/what-is-essentialism/.

What is sustainable development? (n.d.). Retrieved from Sustainable Development Commission website: http://www.sd-commission.org.uk/pages/what-is-sustainable-development.html

White, B. ., & Frederiksen, J. R. (1998). Inquiry, modelling and metacognition: Making science accessible to all students. *Cognition and Instruction, 16*(1), 3–118.

Whitehead, J. (1989). Creating a living educational theory from questions of the kind 'How do I improve my practice?' *Cambridge Journal of Education, 19*(1), 41–52.

WHO. (2018). World Health Organization Fact Sheet: Adolescent Mental Health.

Wong, H., & Wong, R. (2018). *The First Days of School: How to be an Effective Teacher.* (5th editio). Harry K. Wong Publications.

# နောက်ဆက်တွဲများ

## လက်ကမ်းစာစောင် (၁)
## ဘေးကင်း၍ လုံခြုံစိတ်ချရမှုရှိသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးတည်ဆောက်ခြင်း

သင်ခန်းစာ (၉.၁.၂) တွင် ဤစာရင်းကို မိမိတို့ကိုယ်တိုင်တွေး၍ ရရှိလာသော စိတ်ကူးများနှင့် တိုက်ဆိုင်၍ ယှဉ်ကြည့်ရမည်။ (ပထမစာသင်ချိန်) - ဒုတိယစာသင်ချိန်တွင် ဤလက်ကမ်းစာစောင်တွင် ပါဝင်နေသော ကွက်လပ်နေရာများကို ဖြည့်သွင်းရေးသားပေးရမည်။ လက်ကမ်းစာစောင်အဆုံး၌ အပိုပေးထားသော ကွက်လပ် နေရာများတွင် မိမိတို့ကိုယ်ပိုင် စိတ်ကူးများကို ထည့်သွင်းနိုင်သည်။

| | ဘေးကင်း၍ လုံခြုံစိတ်ချမှုရှိသော သင်ယူမှု ပတ်ဝန်းကျင် တည်ဆောက်ပုံ။ | အတန်းထဲတွင် ဤအချက်ကို မည်ကဲ့သို့ အကောင်အထည် ဖော်နိုင်ကြောင်း သင်သိပါသလား။ အကယ်၍ သိလျှင် 'သိပါသည်' အကွက်၌ ဥပမာပေးပါ။ | | |
|---|---|---|---|---|
| | | သိပါသည် + ဥပမာ | မသိပါ | မသေချာပါ |
| ၁။ | သန့်ရှင်းသပ်ရပ်၍ စီစဉ်တကျရှိသော စာသင်ခန်းအဖြစ် ဖန်တီးပါ။ | | | |
| ၂။ | ချီးကျူးစကားနှင့် အပြုသဘောဆောင်သော စကား အသုံးအနှုန်း (အားပေးမှု) ကို သုံးပါ။ | | | |
| ၃။ | ကျောင်းသားများအား လိုက်နာစေလိုသော စည်းကမ်းချက်များကို ရေးသား ထားပါ။ (ဥပမာ-သရော်လှောင်ပြောင်ခြင်း မပြုရ၊ အနိုင်ကျင့်ခြင်း မပြုရ စသည်များ) | | | |
| ၄။ | တည်ငြိမ်စွာ ဆောင်ရွက်ပါ။ မည်သည့် အရာကိုဆောင်ရွက်သည်ဖြစ်စေ အစဉ်အမြဲ ဆင်ခြင်ထိန်းသိမ်းမှု ရှိပါစေ။ | | | |

| | ဘေးကင်း၍ လုံခြုံစိတ်ချမှုရှိသော သင်ယူမှု ပတ်ဝန်းကျင် တည်ဆောက်ပုံ။ | အတန်းထဲတွင် ဤအချက်ကို မည်ကဲ့သို့ အကောင်အထည် ဖော်နိုင်ကြောင်း သင်သိပါသလား။ အကယ်၍ သိလျှင် 'သိပါသည်' အကွက်၌ ဥပမာပေးပါ။ | | |
|---|---|---|---|---|
| ၅။ | အဖြေမှားသွားခြင်း သို့မဟုတ် အမှား ပြောမိခြင်းသည် သင်ယူမှုဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ကြောင်း အလေးထား ဖော်ပြပါ။ | | | |
| ၆။ | အမှားများကို သင်ယူမှုအတွက် အခွင့်အရေးများ အဖြစ် အသုံးချရမည်။ | | | |
| ၇။ | အယူအဆအမျိုးမျိုးတို့ကို ကြိုဆိုပါ။ ဖိတ်ခေါ်ပါ။ | | | |
| ၈။ | အပြုံးမပျက်စိတ်ရှည်သည်းခံပါ။ | | | |
| ၉။ | စာသင်ခန်းဝန်းကျင်အနှံ့ လှည့်ပတ် ကြည့်ရှု ကြီးကြပ်ပါ။ | | | |
| ၁၀။ | မိမိသင်ရသော ကျောင်းသားတစ်ဦးချင်းစီကို သိရှိ၍ ဆရာတပည့်ကြား ရင်းနှီးစွာ ပြောဆို ဆက်ဆံပါ။ | | | |
| ၁၁။ | ဆရာက ကျောင်းသားများနှင့် ဆက်ဆံ ပြောဆိုသည့်အခါတိုင်း ကြင်နာမှု အပြည့်အဝဖြင့် ပြောဆိုဆက်ဆံပါ။ | | | |
| ၁၂။ | ကျောင်းသားတို့အား တစ်ဦးချင်း အလေးထားလျက် ကောင်းမွန်စွာ ပြောဆိုဆက်ဆံခြင်း အားဖြင့် အတုယူဖွယ် စံပြအမူအကျင့်ကို ပြသပါ။ | | | |
| ၁၃။ | ကျောင်းသားများ ရွေးချယ်နိုင်သည့် သင်ယူမှု လုပ်ငန်းများကို သုံးပါ။ | | | |
| ၁၄။ | မေးခွန်းများမေးခြင်းဖြင့် သင်ယူမှု၌ ကျောင်းသားများ စိတ်ဝင်စားလာအောင် ဆောင်ရွက်ပါ။ | | | |

# လက်ကမ်းစာစောင် (၂)
# ဒုတိယတန်း သင်္ချာဘာသာရပ်သင်ပြမှု ပုံစံငယ်မူကြမ်း

| | | | |
|---|---|---|---|
| **အကြောင်းအရာ -** | တိုင်းတာခြင်းနှင့် ခန့်မှန်းခြင်း | အတန်း/အဆင့်<br>ဒုတိယတန်း | အချိန်<br>(၃၅) မိနစ် |

**သင်ခန်းစာခေါင်းစဉ် -** စံတိုင်းတာမှု မဟုတ်သော စနစ်တစ်ခုသုံး၍ သေးငယ်သော ပစ္စည်းတို့၏ အလျားကို တွက်ချက် ခန့်မှန်း တိုင်းတာခြင်း

| **သင်ယူမှုရလဒ်များ** | **သင်ထောက်ကူ ပစ္စည်းများ** | **ကြိုတင်ပြင်ဆင်ခြင်း** |
|---|---|---|
| စာသင်ခန်းတွင်းရှိ သေးငယ်သော အရာဝတ္ထု တို့၏ အလျားကို စံမဟုတ်သော တိုင်းတာ နည်း စနစ်သုံး၍ ခန့်မှန်းတွက်ချက်ခြင်း (လက်ချောင်း လေးများ သုံး၍ တိုင်းထွာခြင်း) | | အလျားတိုသော ပစ္စည်း အမျိုးမျိုးကို စုဆောင်း ယူခြင်း (ဥပမာ-မြေဖြူ ချောင်း၊ လေ့ကျင့်ခန်း စာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံ၊ သင်ပုန်းဖျက်၊ မြေဖြူဘူး စသည်များ) |

**သင်ခန်းစတင်ခြင်း/အဖွင့်**

- တိုင်းတာရာတွင်သုံးသော စကားလုံးများကို တပည့်များနှင့်အတူ ပြန်လှန်လေ့လာခြင်း ဥပမာ-လုနီးပါ၊ နီးနီး၊ ခန့်၊ ပတ်ဝန်းကျင် စသည်များ။
- တပည့်များအား စုဆောင်းထားသော ပစ္စည်းများကို အမျိုးအမည် သတ်မှတ်စေခြင်း ဤသို့ပြောရန် 'ဒို့ ဒီပစ္စည်းတွေကို ခန့်မှန်းရုံခန့်မှန်းကြည့်ပြီးတော့မှ လက်နဲ့ တိုင်းထွာ ကြည့်မယ်'

---

**သင်ခန်းစာအသစ်ကိုမိတ်ဆက်ပေးခြင်း**

- အရာဝတ္ထုတစ်ခု၏ အလျားကို ဦးစွာ စိတ်ဖြင့် တွက်ချက်ခန့်မှန်းကြည့်ပြီးနောက်မှ တိုင်းတာကြည့်မည်။

ဥပမာ- ဒီစာအုပ်ရဲ့အလျားက လက်တစ်သစ်လောက် ရှိတယ်လို့မှန်းလို့ရတယ်။ ဒါပေမဲ့ လက်နဲ့ ကိုင်ကြည့် လိုက်တာ လက် (၂) သစ်ဖြစ်နေတယ်။

- စကားအနည်းဆုံး တပည့်များအား အရင်ဆုံးခန့်မှန်းစေပြီး သူ/သူမ၏ ထိုင်ခုံရှည်ကို လက်ဖြင့်တိုင်းတာပါ။

အဖြေ - လက်နှင့် (၈) ထွာခန့်ရှိသည်ဟု ခန့်မှန်းရသော်လည်း တိုင်းကြည့်သောအခါ ၆ ထွာသာ ရှိသည်။

**လမ်းညွှန်မှုဖြင့်လေ့ကျင့်စေခြင်း**

- မိမိဆန္ဒအလျောက် တက်ကြွစွာ ပါဝင်လိုသူ (၄) ဦးကို ရှာပါ။ (ယောက်ျားလေး ၂ ယောက်နှင့် မိန်းကလေး ၂ ယောက်)။
- တစ်ဦးစီက တိုင်းတာရမည့် အရာဝတ္ထု (၄) ခုကို သတ်မှတ်ပေးမည်။ ဥပမာ- ဆရာ့စားပွဲ၊ ဆရာ့ထိုင်ခုံ၊ သင်ပုန်းဖျက်၊ ကျောက်သင်ပုန်းကြီးနှင့် ပေတံ စသည့် အရာဝတ္ထုများ။
- တပည့်တစ်ဦးစီအား အရာဝတ္ထုတစ်ခု၏ အလျားကို ပထမ မှန်းဆစေမည်။ ထို့နောက် တိုင်းတာ စေရမည်။

**လွတ်လပ်စွာ လေ့ကျင့်စေခြင်း၊ ဆရာ့အကူအညီမပါဘဲ လေ့ကျင့်စေခြင်း**

- အုပ်စုတစ်ခုစီအား အရာဝတ္ထုများ၏ အလျားကို ခန့်မှန်းစေပြီးနောက် တိုင်းတာကြည့်စေရမည်။ သူတို့သည် ကြိုးစား၍ လုပ်ဆောင်ရင်း ခန့်မှန်းမှုများ တိုးတက်လာမည်။

---

**သင်ခန်းစာပြီးဆုံးခြင်း/ပိတ်ခြင်း**

- တပည့်ယောက်ျားလေး (၂) ဦးအား ကိန်းဂဏန်းတစ်ခုကို အစီရင်ခံရာတွင် သို့မဟုတ် မှတ်တမ်းတင်ရာတွင် သုံးသည့် စကားလုံး (၂) ခုပြောစေသည်။ ဥပမာ - လုနီးပါး - နီးနီး တပည့်မိန်းကလေး (၂) ဦးအား အရာဝတ္ထုတို့၏ ခန့်မှန်းအလျားကို ဖော်ပြရာတွင် သုံးသော စကားလုံး (၂) ခုကို ပြောစေသည်။

---

# လက်ကမ်းစာစောင် (၃)
# လူတိုင်းအကျုံးဝင်ပညာရေးအတွက် သင်ပြမှုပုံစံငယ် အကဲဖြတ်သုံးသပ်မှုမေးခွန်းများ

| စီစဉ်ရေးသားရမည့် စံသတ်မှတ်ချက်များ | ဟုတ် | မဟုတ် | သက်သေသာဓက |
|---|---|---|---|
| သင်ကြားသင်ယူမှုဆိုင်ရာ ပစ္စည်းအမျိုးမျိုး (စာအုပ် စာတမ်း စသည်) နှင့် ရင်းမြစ်အမျိုးမျိုးတို့ကို ကျောင်းသားအားလုံး ရရှိသုံးစွဲနိုင်ခြင်း၊ လက်လှမ်းမီနိုင်ခြင်း။ | | | |
| ကျောင်းသားအားလုံးအနေနှင့် သင်ခန်းစာ၏ တည်ဆောက်ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းသိရှိခြင်း။ | | | |
| ဝေါဟာရ (စကားလုံးသစ်) နှင့် ညွှန်ကြားချက်များကို ကျောင်းသားများ နားလည်မှုရှိ/မရှိ ဆရာက စစ်ဆေးခြင်း။ | | | |
| ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးအဆင့်ဆင့် ကွဲပြားကြသော ကျောင်းသားများ၊ သူ့အတိုင်းအတာအလိုက် ဆောင်ရွက်နိုင်သော သင်ယူမှုလုပ်ငန်းများ ဖြစ်စေခြင်း၊ မေးခွန်းများကိုလည်း သူ့အဆင့်နှင့်သူ ဖြေဆိုနိုင်အောင်အမျိုးမျိုး ထုတ်ပေးထားခြင်း ၎င်းတို့အသီးသီး၏ သင်ယူနိုင်မှု စွမ်းအားအသီးသီးကို ပေါ်လွင်စေမည့် လုပ်ငန်းများပေးခြင်း။ | | | |
| စာရွက်နှင့် ခဲတံ အမြဲသုံးသည့် သင်ယူမှုနည်းများကို အခြားနည်းတစ်ခုခု သုံး၍ အပြောင်းအလဲ လုပ်ပေးခြင်း။ | | | |
| ကျောင်းသားများထံမှ တုံ့ပြန်မှုရရှိရန် အချိန်လုံလောက်စွာ ခွင့်ပြုပေးခြင်း။ (စဉ်းစားချိန်၊ စုပေါင်းဆောင်ရွက်ချိန်၊ တွဲဖက်ဆောင်ရွက်ချိန် စသည်များ) ထို့အပြင် တစ်ဦးနှင့်တစ်ဦး ပူးပေါင်း ရိုင်းပင်းမှုစနစ်ကို သင်ကြားသင်ယူမှု လုပ်ငန်းများတွင် ပေါင်းစပ် ထည့်သွင်းပေးခြင်းဖြင့် အကူအညီလိုအပ်ချိန်တွင် အချင်းချင်း အပြန်အလှန် ကူညီပေးနိုင်စေမည်။ | | | |
| စည်းကမ်းကျန သေဝပ်မှုကို သတိပြုမိခြင်း၊ ချီးကျူး စကားဆိုခြင်း၊ ဆုချခြင်း။ | | | |
| ကျောင်းသားများ အလွယ်တကူရရှိသုံးစွဲနိုင်စေမည့် သတင်းနှင့် ပြန်ကြားရေးနည်းပညာ (ICT) ကို ထိရောက်စွာ အသုံးချတတ်ခြင်း။ | | | |

# လက်ကမ်းစာစောင် (၄)
# အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း

**လူတိုင်းအကျုံးဝင်/အထူး/ငြိမ်းချမ်းရေး အနှစ်သာရ ဖော်ဆောင်မှုပညာရေးတို့အတွက် ရေးဆွဲထားသော သင်ပြမှုပုံစံငယ်တစ်ခု၏ ကောင်းမွန်မှုအရည်အသွေးကို တိုင်းတာရန် စံသတ်မှတ်ချက်များ**

| ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း - လူတိုင်း အကျုံးဝင်ပညာရေး အထူးပညာရေးနှင့် ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ထုတ်မှုပညာရေးတို့အတွက် သင်ခန်းစာအစီအစဉ်ကောင်း တစ်ရပ်ဖြစ်/မဖြစ် အကဲဖြတ်ရန် စံသတ်မှတ်ချက်များ | | |
|---|---|---|
| ဤသင်ခန်းစာ အစီအစဉ်က ပံ့ပိုးကူညီပေးသည့် အရာများမှာ | ပံ့ပိုးကူညီပေးသည့် နည်းလမ်း | ဤသင်ခန်းစာနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်မှာ |
| မျက်စိမှုန်သူ ကျောင်းသားများအား ကူညီပေးခြင်း | ကျောင်းသားတို့၌ အမြင်အကြား အာရုံဆိုင်ရာ ချို့တဲ့မှုရှိလျှင် ထိုင်ခုံ နေရာချထားရာ၌ ဦးစားပေး စီစဉ်ခြင်း | အထူးပညာရေး |
| လူအချင်းချင်း အပြန်အလှန် ဆက်ဆံရေးစွမ်းရည် ပေါင်းသင်း ဆက်ဆံရေး | ကျောင်းသားတို့အား သူတို့ အတွေးကို သူတို့ အပေါင်းအသင်း များတို့၌ ရှင်းပြစေခြင်း တွေး၊ တွဲ၊ မျှဝေ နည်းကို ကျင့်သုံးခြင်း | ငြိမ်းချမ်းရေးအနှစ်သာရ ဖော်ထုတ်မှု ပညာရေး |
| မတူညီသော ကျောင်းသားအမျိုးမျိုးကို ပါဝင်စေခြင်း | စာဖြေနိုင်သူ လက်ထောင်ခိုင်း သောနည်းကို မကျင့်သုံးဘဲ ကျောင်းသားအားလုံး ညီမျှစွာ စဉ်းစားခွင့် ပါဝင်ခွင့်ပေးခြင်း | လူတိုင်းအကျုံးဝင်ပညာရေး |
| ပါရမီထူးချွန်သော ကျောင်းသားများအား ဆက်စပ်မေးခြင်း | | လူတိုင်းအကျုံးဝင်ပညာရေး |
| | | |
| | | |
| ဤသင်ခန်းစာအစီအစဉ်တွင် မည်သည့်အချက်ကို ကောင်းမွန်စွာ ဆောင်ရွက်ထားသနည်း။ | | |
| ပို၍ တိုးတက်စေမည့် စိတ်ကူးများ | | |

# လက်ကမ်းစာစောင် (၅) သင်ယူမှုအတွက်ကစားနည်းများ

## 'သင်ပုန်းကျောခိုင်းခြင်း'[၂၀]

သင်ခန်းစာ (၉.၆.၃) တွင် 'ကံကောင်းသည့်ကိန်းဂဏန်း' ကစားနည်းကို ပြန်လှန် လေ့ကျင့်ခြင်းအတွက် အသုံးပြုခဲ့သည်။ ဤသင်ခန်းစာတွင် အခြားကစားနည်းတစ်ခု ပါဝင်သည်။ ပြန်လှန် လေ့ကျင့် လေ့လာရန် အတွက် သင့်တော်သော ကစားနည်းတစ်မျိုး ဖြစ်သည့် ကစားနည်းအမည်မှာ 'သင်ပုန်းကျောခိုင်းခြင်း' ကစားနည်း ဟုခေါ်သည်။ ဤကစားနည်းကို ကြိုတင်ပြင်ဆင်ရန်အတွက် သင်ခန်းစာ (၉.၆.၃) တွင် ပါဝင်သည့် သင်ယူမှုအတွက် ကစားနည်းများဆိုသည့် သင်ခန်းစာကို ပြန်လည်ဖတ်ရှုလေ့လာပါ။

## 'သင်ပုန်းကျောခိုင်းခြင်း' ကစားနည်းကို မည်သို့ဆောင်ရွက်စေမည်နည်း။

ပါဝင်ကစားမည့် ကျောင်းသားများကို အုပ်စု (၂) စုခွဲပါ။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦး ရွေးချယ်စေ၍ ထိုကျောင်းသားအား အတန်းရှေ့၌ ထိုင်စေရမည်။ ထိုသူက သင်ပုန်းကြီးကို ကျောခိုင်းထားရမည်။

သင်ပုန်းကို ကျောခိုင်းထိုင်နေသူ ကျောင်းသားမှလွဲ၍ အခြားသူများအားလုံး မြင်သာသောနေရာ ကျောက်သင်ပုန်းပေါ်၌ ဆရာက စကားလုံးတစ်ခုကို ရေးပါ။ အသင်း (၂) သင်းက စကားလုံး၏ အဓိပ္ပာယ်ကို သတ်မှတ်ရမည်။ အဓိပ္ပာယ်ဖော်ရမည်။ မည်သည့်အရာဖြစ်နိုင်သည်ဟု ဥပမာများပေးရမည်။ ဤသို့ပြောရာတွင် စကားလုံးကို မူရင်းအတိုင်း တိုက်ရိုက်ပြောပြခြင်း မပြုရပါ။ အသင်းဝင် ကျောင်းသားများက မိမိတို့အသင်းမှ ကိုယ်စားလှယ်အား ထိုစကားလုံးနှင့် ဆက်စပ်သည့် အကြောင်းအရာတို့ကို သွယ်ဝိုက်၍ အဓိပ္ပာယ်ဖော်နိုင်အောင် ကူညီရမည်။ သူတို့က ကိုယ်စားလှယ်အား စကားလုံးအဓိပ္ပာယ်ဖော်နိုင်စေရန် နည်းအမျိုးမျိုးဖြင့် ဖော်ပြချက်များကို အော်ပြောစေရမည်။ သင်ပုန်းကို ကျောခိုင်းထိုင်နေသူက စကားလုံးကို မှန်ကန်စွာ ခန့်မှန်းနိုင်လျှင် ထိုအသင်းမှ အမှတ်တစ်မှတ်ရမည်ဖြစ်သည်။ ဥပမာ - ဆရာက သင်ပုန်းပေါ်တွင် 'အင်္ဂတေ'

[၂၀] Source: T-TEL: Creative Approaches, Professional Development Guide for Tutors

ဆိုသည့် စကားလုံးကိုရေးပါ။ အသင်း (၂) သင်းမှ သူတို့ ကိုယ်စားလှယ်များအား အောက်ပါအတိုင်း ပြောကြားရမည်။

'အဲဒါကို အိမ်ဆောက်တဲ့နေရာမှာ သုံးတယ်'

'အဲဒါကိုသဲနဲ့လုပ်ထားတာ'

'အဲဒါကချက်ချင်းခြောက်လွယ်တယ်'

'အဲဒါကမွဲပြာပြာအရောင်ရှိတယ်'

'မင်းအဲဒါကို အလွယ်လေးနဲ့ ပုံသွင်းလို့ရတယ်'

'အဲဒါသင်ကြားနည်းတစ်ခုပေါ့'

မှတ်ချက် - ဤကစားနည်းသည် ထိရောက်မှုလည်းရှိ ပျော်ရွှင်ဖွယ်လည်းကောင်းသော ကစားနည်း တစ်ခုဖြစ်သည်။ သို့ရာတွင် အတန်းကို နိုင်နင်းစွာ ထိန်းသိမ်းနိုင်မှု ရှိရန်လိုပါသည်။ ဆရာက ညွှန်ကြားချက်ပေးရာတွင် လွယ်ကူရှင်းလင်းစွာပေးပြီး ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေး တတ်ရန်လည်း လိုပါသည်။ ထိုကစားနည်းကို ယှဉ်ပြိုင်ပွဲအဖြစ်လည်း ဖန်တီးပေးနိုင်သည်။ အတန်းကို (၂) သင်း (သို့မဟုတ်) (၂) သင်းထက်များအောင် အသင်းများ ခွဲခြားဖွဲ့စည်းပေးပြီး အသင်းလိုက် ယှဉ်ပြိုင်စေရမည်။ အချိန်သတ်မှတ်ချက် အတိအကျထားရမည်။

စကားလုံး တစ်လုံးချင်းကိုသာ သုံးရမည်မဆိုလိုပါ။ စကားလုံးအတွဲလိုက်ကို သုံး၍လည်းရပါသည်။ ရည်မှန်းချက်မြင့်မားသော ကျောင်းသားများအတွက် ဝါကျတစ်ကြောင်းလုံး သုံး၍ ကစားနိုင်သည်။

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန